www.burmeseclassic.com




# ခင်နှင်းယု

# ပင်တိုင်စံမမျိုင်း

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ခင်မောင် (မွေးစာပေ)
ထွန်းလှ (လောကနီတိစာပေ)

စာမူခွင့်ပြုချက်အမှတ် ● ၅၀၀၂၁၀၀၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ● ၅၀၀၉၇၆၀၇၀၈
မျက်နှာဖုံးပန်းချီ ● ပန်းချီတင်လှဝင်းထင်
ထုတ်ဝေသူ ● ဒေါ်သင်းသင်းမွန် (ယာယီ-၁၀၆
သင်းစာပေ
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
၁၂ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ● ဒေါ်ခင်ခင်ဝင်း (မြ - ၀၂၆၇၀)
ကလျာပုံနှိပ်တိုက်
အမှတ် (၁၅၂)၊ ကျွန်းချွေမြိုင်လ
သုဝဏ္ဏ၊ ရန်ကုန်။
ကွန်ပျူတာစာစီ ● ဗိုလ်တိုး
အကြိမ် ● ပထမအကြိမ် (၁၉၇၃ - ခု)
ဒုတိယအကြိမ် (၁၉၉၃ - ခု)
တတိယအကြိမ်
ထုတ်ဝေသည့်လ ● ၂၀၀၉၊ ဖေဖော်ဝါရီလ။
အုပ်ရေ ● ၁၀၀၀
တန်ဖိုး ● ၂၀၀၀ ကျပ်

□□□

ပညာသင်ချိန်မှစ၍ မိဘသဖွယ်
စောင့်ရှောက်ခဲ့ပါသော
"ဘကြီးဟန်" အား
ဤစာအုပ်ဖြင့် ရှိသေစွာကန်တော့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

"ပင်တိုင်စံမဖျိုင်း" ဝတ္ထုကို ကျွန်မသည် အခန်း(၁၂)ခန်းဖွဲ့ကာ အောက်ပါခေါင်းစဉ်ငယ်များတပ်၍ ရေးသားခဲ့ပါသည်။

(၁) မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင်လေ

(၂) သူဌေးမကြီး

(၃) သခင်လှဦး

(၄) ဒေါ်မေဓာဝီ

(၅) လပြည့်နွေကဆုန်

(၆) ဟေမာန် ပန်းချီပြပွဲ

(၇) နေမထွက်သောနေ့

(၈) တဈွေမင်းဆက်၏နောက်ဆုံးမင်းသား

(၉) အခါတစ်ပါး

(၁၀) ဒီဇန်းနှင့် လက်ချမ်း

(၁၁) လမ်းအိုကလေး

(၁၂) ကောင်းချီးယခု သည်ချိန်ခါ

ဇာတ်ကောင်များ များလှ၍ ဖတ်ရသူတို့ ရှင်းလင်းစေရန် ဆွေစဉ်မျိုးဆက် ဇယားများကိုလည်း ဖော်ပြလိုက်ပါသည်။

ဤဝတ္ထုကို ရေးသားရာ၌ မရှင်းလင်းသောအကြောင်းအရာများကို ဆွေးနွေးသောအခါ ပြေလည်အောင်ဆွေးနွေးပြောဆို ညွှန်ပြသောသူများအား ကျေးဇူးတင်ပါ၏။

အထူးသဖြင့်...

သာသနာ့ရိပ်သာရှိ ဆရာတော်များအားလည်းကောင်း

အငြိမ်းစား မြန်မာစာပါမောက္ခဦးအေးမောင်အားလည်းကောင်း

ကျွန်မအား ဆေးကုသရာတွင် ဒီဇန်းနှင့် လက်ချမ်းတို့ကဲ့သို့ ဇာကယ့်ဝတ္ထုတိုများကို ပြောကြား၍ စိတ်ဓာတ်ပြောင်းပြီးမှ ဆေးကုသဘတ်သော ဆရာဝန်ကြီးဦးမင်းစိန်အားလည်းကောင်း၊ စိတ်ရောဂါကုဆေးရုံမှ ဆရာဝန်ဦးအုန်းမောင်တို့အား အထူးကျေးဇူးတင်ပါ၏။

ဇာတ်ကောင်များကို အကွက်ချရာ၌ မပြေလည်သည်ရှိသော် ခွင့်လွှတ်စေလိုပါသည်။


ချမ်းမြေ့ရွှင်လန်းပါစေ

စာရေးသူ


www.burmeseclassic.com

www.burmeseclassic.com

## ဆွေစဉ်မျိုးဆက်ဇယား
## ဆက်မိသားစု




## ဆွေစဉ်မျိုးဆက်ဇယား
## ဦးရွှေလင်းမိသားစု




www.burmeseclassic.com

www.burmeseclassic.com

## ဆွေစဉ်မျိုးဆက်ဇယား

ကိုထွန်းလှ+မမြသန်း(ဒေါ်မေတာ်ဝီ) (ဆက်မိသားစုမှဦးဆက်၏နှမဝမ်းကွဲ)

|

သမီး

|

မညွန့်ရီ + သာအေး

|

သားများ

ကိုရင်ပုညကိုရင်သံဝရ

မေဂျာစမိုက်+ဒေါ်ခရစ္စတီနာ (သူနာပြုဆရာမကြီး)

|

သမီး

|

ရှင်မင်းထွေး

**ဥပဇ္ဈာယ်ဆရာတော်များ** ဥပဓဓဒသမားများ

(၁) ဝတ်လုံတော်ရ ဦးမင်းဟန်၊ ဇနီးဒေါ်မြဆွေ

(၂) ဝတ်လုံတော်ရ ဦးမေအောင်

(၃) ဝတ်လုံတော်ရ ဦးချန်စူး

**ဆရာဝန်များ**

(၁) ဆရာဝန်ကြီး ဦးမင်းချိန်

(၂) ဆရာဝန် ဦးအုန်းမောင်

(၃) ဆရာဝန် မင်းရွှေဇံ

(၄) ဆရာဝန် ဦးဝင်းမွန်

**ဓာတ်ရုံများ**

(၁) ဆရာတော် ဦးဝဏ္ဏ

(၂) ဦးရွှေသင်း

(၃) စက်ရှင်တရားသူကြီး ဦးဘမော်

www.burmeseclassic.com

www.burmeseclassic.com

(၄) သခင်လှဦး
(၅) ဗိုလ်မှူးစောလှဖြူ
(၆) တင်မောင်မြင့်
(၇) မော်လီချန်
(၈) လယ်သမားသာအေး
(၉) ဦးကျိုးမြိုင်ဇနီး ဒေါ်အေးမြ
(၁၀) ကိုနန္ဒ
(၁၁) ဒီဇန်းနှင့်လက်ချမ်း
(၁၂) မောင်ထွန်းဖေ
(၁၃) ဒေါ်ဘက်တီ (သူနာပြုဆရာမ)
(၁၄) သခင်မကြီး ဒေါ်သိန်းရင်

BURMESE CLASSIC .com

## အခန်း ( ၁ )

## မင်္ဂလာရယ်တဲ့မှ မဏ္ဍိုင်ဓလေ

"မောင်ရင်က ဆရာဝန်ကြီး မင်းရွှေဖံနဲ့ ဘာတော်ပါသလဲ"

ဆင်ဝင်အောက်တွင် သူ့အား အဆင်သင့်ကြိုဆိုနေသော လူကြီးတစ်ယောက်က မေးလိုက်၏။

"ကျွန်တော့်နာမည်က ဒေါက်တာ မင်းရွှေဖံပါခင်ဗျာ"

မင်းရွှေဖံသည် သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။ ထိုလူကြီးသည် ရိုညွတ်သော အမူအရာသို့ ပြောင်းလိုက်၏။

"ကျုပ်နာမည်ကတော့ ဦးကျိုးမြိုင်တဲ့၊ ဟောဒါက ကျုပ်ဇနီး မအေးမြရယ်၊ ကျုပ်တို့ ဒီအိမ်ကြီးကို စောင့်ပါတယ်၊ လွန်ခဲ့တဲ့အပတ်ကတည်းက ဒေါက်တာအုန်းမောင်က ပြောထားလို့ ဒါပေမယ့် ဆရာဝန်ကြီးမင်းရွှေဖံဆိုတော့ အတော်အိုပြီး ဆရာဝန်ကြီးဦးမင်းချိန်တို့လောက် ရှိပြီ အောက်မေ့နေတာ၊ မောင်ရင်က ငယ်ငယ်ရှိသေးတာကို၊ ကျုပ်စိတ်ထင် ဒေါက်တာအုန်းမောင်ထက်တောင် ငယ်မယ်ထင်တယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"ဟောဒီမှာ သော့ပါ၊ ကျုပ်တို့ အိမ်ပေါ်ကိုလိုက်ပြဖို့ လိုပါသေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ခဲ့ပါ ခင်ဗျာ၊ ကျွန်တော်က တစ်ယောက်တည်းသမား ပါ၊ ကျွန်တော့်မှာ ကားမောင်းတဲ့ သက်ဖေဆိုတဲ့ တပည့်တစ်ယောက် နဲ့ သူ့ဇနီးပဲ ပါပါတယ်၊ မောင်သက်ဖေမိန်းမက ထမင်းချက်ပါတယ်"

"ဒီတော့ သူတို့လင်မယားနှစ်ယောက်နေဖို့ နောက်ဖေးတန်း လျားကို ရှင်းပေးရဦးမလား။ အိမ်ကြီးထဲမှာတော့ အခန်းစုံကို ဟိုအပတ် ကကတည်းက ရှင်းထားပါတယ်။"

မင်းရွှေဖံသည် ခေတ္တ စဉ်းစားလိုက်၏။

"မလိုဘူး ထင်ပါတယ်ခင်ဗျာ၊ ကျွန်တော်နဲ့အတူ သူတို့ကို အိမ်ထဲမှာပဲနေစေချင်ပါတယ်၊ သူတို့ပစ္စည်းတွေနဲ့ ရောက်လာလိမ့်မယ်။ ဦးကျိုးမြိုင်ပဲ သော့ဖွင့်ပြီး လိုက်ပြပါ၊ အိမ်ကစိမ်းနေသေးတယ်၊ ဒေါက် တာအုန်းမောင်က ကြိုက်တယ်ဆိုတာနဲ့ ကျွန်တော်ကကြိုတင်ပြီး လာ မကြည့်တာပါ။ ကျွန်တော် စိတ်ကြိုက်ထက်တောင် အိမ်ကြီးက ကျယ် ဝန်းနေသေးတယ်၊ အပြင်က မြင်ရတာနဲ့တောင် ကျွန်တော်အိမ်ကြီးကို သဘောကျနေပါတယ် ခင်ဗျာ"

ဦးကျိုးမြိုင်သည် ရှေ့မှတံခါးဖွင့်၍ အောက်ထပ်ကို အရင်ပြ၏။ အောက်ထပ်တွင် ဧည့်ခန်း၊ ထမင်းစားခန်းနှင့် အိပ်ခန်းနှစ်ခု။ အုတ်တိုက် ခံထားသော်လည်း ကြမ်းများကို ရာထိုးပျဉ်များခင်းထား၏။ အပေါ်ထပ် တွင် ပျဉ်ထောင်ကာ၍အုတ်ကြွပ်မိုးထား၏။ သို့သော် ကျွန်းသားများဖြင့် ထာဝရ မွမ်းမံပြင်ဆင်ထားပုံရ၏။ ဆွေးမြေ့ဟောင်းနွမ်းနေသောနေရာ ဟူ၍ တကွက်မှမရှိပေ။ အပေါ်ထပ်တွင် ရှေ့မျက်နှာ ဆင်ဝင်ခန်းမ အကျယ်ကြီးနှင့်သုံးဖက်ပတ်လည် အိပ်ခန်းလေးခန်းများဘေးတွင် ဝရန်တာများ ခပ်ကျယ်ကျယ် ထုတ်ထား၏။ ရုတ်တရက်ကြည့်လျှင်



အိမ်ပုံစံမှာ ရှေးသူဌေးအိမ်များဆန်ဆန် ရှိုးလှ၏။ သို့သော် သီးသန့် ရေချိုးခန်း၊ ရေဆွဲအိမ်သာများနှင့်အထဲတွင် အခန်းဖွဲ့ပုံမှာ ခေတ်မီ သပ်ရပ်သန့်ရှင်းလှသည်။

"ပထမနေသွားတဲ့လူတွေက အိမ်သာအတော်များတယ်ထင် တယ်။"

သူသည် ရှေ့ဘက် ဆင်ဝင်ခန်းမကြီး၏ မှန်ပြတင်းကိုဖွင့် ရင်း မေးလိုက်သည်။

"ဪ... အိမ်ငှားတွေမဟုတ်ပါဘူး၊ ကျုပ်တို့လူဌေးကြီး ကိုယ်တိုင်နေတယ်၊ တစ်ယောက်တည်းပါ"

"ဒါလောက် အိမ်ကျယ်ကြီးထဲမှာ သူတစ်ယောက် [illegible]နေ တယ်"

မင်းရွှေဖံသည် တအံ့တဩမေးလိုက်သည်။

"ဒီလိုပါ မောင်ရင်၊ သူတို့ ဘိုးဘွား မိဘတွေလက်ထက် ကတော့ အိမ်နဲ့လူနဲ့ တစ်လုံးပေါ့၊ ခုတော့ သူ့အပါးမှာ သူ့ကိုပြုစုဖို့ သူနာပြုဆရာမလေးတစ်ယောက် ထားတယ်၊ ထမင်းချက်တဲ့ သူငယ် မနဲ့ အိမ်မှာသန့်ရှင်းဖို့ သူငယ်မလေးကတော့ အောက်ထပ်မှာနေပါတယ်၊ ကားမောင်းတဲ့ ကုလားလင်မယားမိသားစုကတော့ ကျုပ်တို့နဲ့အတူနေပါ တယ်။ ဟိုဒင်းပါ၊ ဒီအိမ်ကို အကြောင်းတစ်ခုခုကြောင့် သူမနေတာပါ၊ ငှားစားဖို့ မရည်ရွယ်ပါဘူး"

"ဟုတ်ကဲ့"

"မောင်ရင်ဆီကရတဲ့ လခကလဲ ဒီအိမ်ကြီးကို မွမ်းမံပြုပြင် ဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကျိုးမြိုင်ပြောပုံက သူ၏အိမ်ရှင်သည် ဤအိမ်ကြီးကိုငှားစား ရသည့် အဖြစ်ထိ စီးပွားရေးယိမ်းယိုင်ခြင်း မရှိကြောင်းကို တစ်စွန်းတစ်စ ဖော်ပြလျက်ရှိ၏။

"ဟုတ်မှာပေါ့ဗျာ၊ ခုနေခါအိမ်ဈေးတွေကလဲကောင်း ခုလိုရှေ့က မြက်ခင်းကျယ်ကြီးတွေနဲ့ လမ်းမပေါ်မှာခြံကျယ်ကြီးနဲ့ အိမ်ကြီးတွေဆို သံရုံးငှားစားဦးတော့ တစ်လနှစ်ထောင်တော့ အေးအေးလေးပဲ"

သူသည် ပြတင်းမှမြင်ရသော မြက်ခင်းစိမ်း ပြန့်ပြန့်ကြီးကို မျှော်ကြည့်ရင်း ပြောလိုက်၏။

"မှန်ပါတယ် ခင်ဗျာ၊ ဆရာကို ကျုပ်တစ်ခုပဲ တောင်းပန်ရမယ်၊ မြက်ခင်းကတော့ ကျယ်ကျယ်ပြန့်ပြန့်မို့ ကြိုက်မှာပဲ၊ ဒီမြက်ခင်းခေါင်းရင်းဘက်က ဟိုဘက်ခြံနား ကပ်နေတဲ့နေရာမှာ နှစ်ယောက်ထိုင်ခုံတန်းဖြူလေး တွေ့လား"

ဦးကျိုးမြိုင်သည် သစ်သားခုံတန်းလျားကို လက်ညှိုးညွှန်ပြ၏။

"ဟုတ်ကဲ့... တွေ့ပါတယ်"

"အဲဒီခုံကလေးကိုတော့ ဘယ်နေရာမှ ရွှေ့ပြောင်းထားဖို့ စိတ်မကူးပါနဲ့၊ ခုံတန်းလျားနောက်က ထောက်ဇရစ်ပင်နဲ့ ဆိတ်ဖလူးပင်ကိုလဲ ခုတ်ပစ်ဖို့ ကျုပ်ကို မခိုင်းပါနဲ့နော်...။ သူဌေးမကြီးက သေသေချာချာမှာတယ်၊ အဲဒီနှစ်ခုကလွဲရင် မောင်ရင်ကြိုက်သလို ခြံဝန်းကို ပြုပြင်ပေးလိုက်ပါတဲ့။ ကျုပ်က မာလီပေါ့၊ တခြားလူငှားရင် ပစ်ပစ်များမှာစိုးလို့ လူအေးအေးရှာပေးဖို့ သူဌေးမကြီးကလဲ ဒေါက်တာအုန်းမောင်ကို ပြောတာဖြစ်ပါလိမ့်မယ် ခင်ဗျာ"



"အို... ကျွန်တော့်အဖို့ ဒီခုံတန်းလျားကိစ္စကော သစ်ပင်ကိစ္စကော စိတ်အနှောင့်အယှက်ဖြစ်စရာ မရှိပါဘူး။ ဒီအိမ်ခြံဝန်းကို ဦးကျိုးမြိုင်ပဲ ဆက်လက်စောင့်ရှောက်ပေးပါ။ ကျွန်တော်လိုအပ်တာရှိလဲ ဦးကျိုးမြိုင်ကိုပြောပြမယ်၊ ဦးကျိုးမြိုင်တို့ သူဌေးမကြီးစိတ်တိုင်းကျ မဖြစ်နိုင်တာတွေလဲ ကျွန်တော့်ကို ကြိုတင်သာပြောပါ။ ကျွန်တော်လိုက်လျောနိုင်ပါတယ်။ ကျွန်တော်ကဆေးရုံကြီးမှာ တာဝန်ကျဆရာဝန်အနေနဲ့အိပ်ရပါတယ်။ ကျွန်တော်ကိုယ်တိုင်က ခုလိုလွတ်လွတ်လပ်လပ် အေးအေးသန့်သန့် နေချင်လို့ပါ။ တစ်ဦးသဘောတစ်ဦး လိုက်လျောရမှာပေါ့"

"ကျေးဇူးပါပဲ မောင်ရင်၊ ဟော အောက်ထပ်မှာ ကားသံကြားရပြီ"

ဦးကျိုးမြိုင်သည် အောက်ထပ်သို့ ဆင်းသွား၏။ ဦးကျိုးမြိုင်နှင့် မောင်သက်ဖေတို့မှာ အောက်ထပ်တွင် အလုပ်စနေကြ၏။ ဤအိမ်ရှင် သူဌေးမကြီး အကြောင်းကိုတော့ ဦးကျိုးမြိုင်စကားထဲမှာ တစ်စွန်းတစ်စ သူသရုပ်ဖော်ကြည့်မိ၏။ ယခုခေတ်တွင် ခေါ်လေ့ခေါ်ထမရှိသော အသုံးအနှုန်းဖြစ်သည့် သူဌေးမဟူသော စကားလုံးအတွက်မူ ဆရာဝန်မင်းရွှေဖံအဖို့ အထူးအဆန်း ဖြစ်နေလေသည်။

တစ်နေ့နေ့တွင်တော့၊ အိမ်ရှင်သူဌေးမကြီးဒေါ်ခင်မေဆက်ကို ဆရာဝန် ကိုအုန်းမောင်နှင့်အတူ သွားရောက်တွေ့ဆုံကြမည် ဖြစ်သည်။

သူ၏ဖခင်လာလျှင် ဤအိမ်ကြီးကို ဘာကိစ္စငှားရမ်းနေထိုင်ရသလဲဟု သူ့ကိုများ အပြစ်တင်လေမည်လား။ သူ့ဖခင်မှာ ရှေးရိုး ကြေးရတတ်များကဲ့သို့ ဝတ်လုံဘွဲ့ကိုလန်ဒန်၌ယူခဲ့သူ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း၊ အသက်ခြောက်ဆယ်ကတည်းက အမှုလိုက်ခြင်းကို ရပ်နားလိုက်၏။ ကျောက်ဖြူအိမ်ကြီးတွင် သွားရောက်နေထိုင်သည်မှာ ကြာမြင့်ခဲ့ပြီ။ အခုလို အိုမင်းချိန်တွင် သားအဖနှစ်ယောက် နီးနီးကပ်ကပ် နေလိုသည်ဟုဆို၏။ လောလောဆယ်တော့ သူကိုယ်တိုင်က ကျောက်ဖြူတွင် လိုက်မနေနိုင်သေး၍ ရန်ကုန်တွင်အိမ်တစ်လုံး ငှားရမ်းနေထိုင်ရန် စီစဉ်လိုက်ခြင်း ဖြစ်သည်။ သူသည်လည်း သူ့ဖခင်ကဲ့သို့ အိုမင်းချိန်ရောက်လျှင် ကျောက်ဖြူအိမ်ကြီးမှာပင် သွားရောက်နေထိုင်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။ ယခုထိတော့ ကျောက်ဖြူမြို့ရှိရာသို့ တစ်ခါမှပင် ခြေဦးလှည့်ခွင့် မကြုံသေးပေ။

ပေဖေနှင့်ပင်အတူ ဤအိမ်ကြီးတွင် နေလိုက်ဦးမည်။ သူ့လို တစ်ဦးတည်းသောသားအဖို့ ငွေရေးကြေးရေး ပူစရာမရှိပေ။

သူသည် နယ်အနှံ့ လှည့်လည်သွားရောက်ကာ အမှုထမ်းခဲ့ပြီးဖြစ်သည်။ သူ့ခေတ်သည် ကိုယ်ပိုင်ဆေးတိုက်များ ဖွင့်ခွင့်ကြုံခဲ့သော ခေတ်ဖြစ်သော်လည်း ငွေရှာခဲ့သော လူစားမဟုတ်။

အစိုးရလခမှအပ၊ ဆေးတိုက်တွင် ထိုင်စဉ်အံစွဲထဲ၌ ငွေသုံးဆယ်ကျော်ရလျှင် နောက်လာသောလူနာများအား ငွေတောင်းခံခြင်း မပြုသည့်အတွက် မင်းရွှေဖံသည် ဆေးလိုက်သည်ဟု နာမည်ကျော်ခဲ့သော ဆရာဝန်တစ်ယောက် ဖြစ်ပေသည်။

သူသည် ရန်ကုန်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရသော်လည်း ဆေးရုံဝင်းကြီးအနီးရှိ သူ့အဖို့ပေးသော အိမ်တွင် မနေပေ။ ဤလို သီးခြားအိမ်ကြီးတွင်ပင် အေးချမ်းစွာ နေလိုပေသည်။



သူ့ဖခင် လာလျှင်တော့ သူ့အပေါ် ဘယ်လိုထင်မြင်ချက်ပေးမည် မသိပေ။ သူကတော့ ငြိမ်သက်သော ပတ်ဝန်းကျင်၊ ကျယ်သော ခြံဝန်းနှင့်နေရသည်ကိုပဲ စိတ်ချမ်းသာလှပေပြီ။

နောက်နေ့ တနင်္ဂနွေညနေပိုင်း သူ့ဘွေးမကြီးနှင့် တွေ့ဆုံရန် ဒေါက်တာအုန်းမောင်နှင့် ချိန်း၍ထားသည်။ သို့သော် နံနက်ပိုင်းတွင်ပင် မမျှော်လင့်သော ကိစ္စတစ်ခုကို ဒေါက်တာမင်းရွှေဖံ တွေ့ကြုံ၏။

တနင်္ဂနွေနေ့နံနက်တိုင်း သူ လမ်းလျှောက်နေကျ ဖြစ်၏။ နံနက်စောစော လမ်းလျှောက်ရာမှအပြန် သူ၏ အိမ်တော်ပါသော်ဒေ သည် ဆင်ဝင်အောက်မှ ဆီးကြို၍ သူ့ကိုပြော၏။

"ဆရာ ဧည့်သည်တစ်ယောက် ရောက်နေတယ်၊ ဟိုဘက် ခြံကတဲ့။ အရေးကြီးလို့ပါတဲ့"

"ဟေ" သူသည် ဧည့်ခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွား၏။ ဧည့်ခန်းထဲတွင် သူ၏အဒေါ်အရွယ် အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။ ဧည့်သည် သည်တည်ငြိမ်ပုံမရ စိတ်ချောက်ချားနေပုံရ၏။ အိမ်ခန်းထဲတွင် နေရောင်နှင့် လတ်ဆတ်သောလေကိုထိတွေ့ခွင့်မရသော အိမ်တွင်းပုန်းကုလားမများလို ထိုအမျိုးသမီး၏ အသားအရေမှာ ဖြူဆွတ်ဖြော့တော့လှ၏။ သို့သော် နေမကောင်းနေသူ၏ ပုံပန်းမျိုးတော့ မဟုတ်ပေ။

"ဟို မောင်ရင် မောင်ရင်က ဒေါက်တာဆို"

အမျိုးသမီးကြီးသည် သူ့ဧည့်ခန်းဝ ရောက်ရောချင်း ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ရာမှ ရုတ်တရက်ထကာ အရေးတကြီး မအောင့်အင်းနိုင်သလို မေးခွန်း မေးလိုက်၏။

"ဟုတ်ပါတယ် ခင်ဗျာ"

"အန်တီ . . . အန်တီကို ကူညီပါ၊ ခုပဲ ဆေးအိတ်ယူပြီး လိုက် ခဲ့ပါတော့၊ အဖျားသာ ခုထက် ပိုကြီးလာရင် ဒုက္ခပါပဲ၊ အန်တီနဲ့ အတူတူလိုက်ခဲ့ပါနော်။ ခုလိုဒုက္ခပေးရတာလဲ ဝမ်းနည်းပါတယ်"

စိုးရိမ်ပူပန်စိတ်ဖြင့် ဘာကိုမှ ဂရုမပြုနိုင်သလို ထိုအမျိုးသမီး ကြီးသည် ဧည့်ခန်းမှ ထွက်နှင့်တော့သည်။ သူသည် သက်ဖေအား ဆေးအိတ်ယူခိုင်းကာ အမျိုးသမီးကြီးနောက်သို့ လိုက်သွား၏။

"ကားကို ဘက်တီဆီ လွှတ်လိုက်ရလို့ပါ၊ အန်တီတို့ ဖြတ်လမ်းကသွားမယ်၊ ဟိုဘက်တိုက်ကိုပါ"

ပါးစပ်က တတွတ်တွတ်ပြောကာ ခြံဝင်းနှစ်ခု ဆုံရာမလွယ် ပေါက်မှ သူသည် မင်းရွှေဖံအား လမ်းပြခေါ်ဆောင်သွား၏။ မင်းရွှေဖံ သည် နောက်မှလိုက်ရင်း သူ့စိတ်ကို သူအပြစ်တင်မိ၏။ မော်တော်ကား ထုတ်ကာ သက်ဖေနှင့်အတူလာလျှင် အမျိုးသမီးရော၊ သူပါလမ်း လျှောက်ခြင်းအတွက်မောပန်းမည်မဟုတ်ပါပေ။ ခုတော့ အိမ်နှစ်အိမ် မှာခြံဝင်းချင်းစပ်နေသည်ဆိုသော်လည်း မြေပေါ်ပေါ်နှင့် ခြံကျယ်ကြီးများ အလယ်တွင် ဆောက်ထားသောကြောင့် တစ်အိမ်နှင့်တစ်အိမ် အလှမ်း ဝေးလှသည်။ အိမ်ထဲရောက်အောင် အတော်လျှောက်ကြရပေသည်။ သူ့စိတ်ထဲမှာသာဖြူဖတ်ဖြူရော်ဖြစ်နေသောအမျိုးသမီးကြီး၏ အသား



အရည်ကြောင့် လမ်းမြန်မြန်လျှောက်နိုင်ပါမလားဟု သံသယ ဖြစ်နေ သော်လည်း လမ်းလျှောက်ပုံမှာ ဖျတ်လတ်လွန်းလှသည်။ ခြံအလယ်ရှိ နှစ်ထပ်တိုက်ထဲရောက်လျှင် အောက်ထပ် အခန်းကျယ်ကြီးရှိရာသို့ ဧည့်ခန်းကိုဖြတ်ကာ သူ့အား အမျိုးသမီးကြီးသည် ခေါ်သွား၏။ အိပ်ခန်း အလယ်တွင် နှစ်ယောက်အိပ် ခုတင်ပေါ်၌ လူနာတစ်ယောက်ကို တွေ့ ရ၏။

"ဒေါက်တာဝင်းမွန် ရောက်လာပြီကိုကို" အမျိုးသမီးကြီးသည် လူနာအား ပြောလိုက်ပြီး သူ့အနားသို့ တစ်ဖန်ကပ်လာကာ လေသံနှင့် ပြောပြ၏။

"ကိုကိုရယ် မျက်စိမဖွင့်နိုင်ဘူး။ စကားမပြောဘဲ လုပ်စရာ ရှိတာသာ လုပ်ပါ" ဟုပြောပြန်သည်။

ဒေါက်တာမင်းရွှေဖံသည် လူနာအား စမ်းသပ်၍ သက်ဖေထံမှ ဆေးအိတ်ယူကာ စကားတစ်လုံးမှပင် မပြောဘဲ လုပ်စရာရှိသည်များကို လုပ်၏။ ဆေးထိုးဖို့လိုအပ်သော ရေနွေး၊ လက်သုတ်ပဝါ၊ လက်ဆေး ဇလုံကအစ ဘာမှ လိုလေသေး မရှိအောင် အမျိုးသမီးကြီးသည် ကျွမ်း ကျင်စွာ လုပ်ပေး၏။

မင်းရွှေဖံသည် လူနာအား ဆေးတစ်လုံးကိုထိုးရင်း သောက် ဖို့ဆေးကိုလည်း အမျိုးသမီးကြီးလက်ထဲထည့်လိုက်၏။ အမျိုးသမီးကြီး သည် သူကိုယ်တိုင် လူနာအား ဆေးတိုက်ကာ ပြန်သိပ်ထား၏။ ပြင်းလှ သော အဖျားရှိန်ကြောင့် လူနာသည် မျက်လုံးမဖွင့်နိုင်ပေ။

အနားတွင် မိန်းမငယ်တစ်ယောက် ထားရစ်ကာ သူ့အားတစ် ဖက်ခန်းသို့ အမျိုးသမီးကြီးသည် ခေါ်သွား၍ ထိုင်ရန်ဆိုဖာတစ်ခုအား ညွှန်ပြ၏။ သူမကိုယ်တိုင်လည်း ခုမှ အသက်ရှူရ ချောင်သွားသလို

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချလိုက်ကာ သူနှင့်ကပ်လျက် ဆိုဖာအလွတ်တွင် ထိုင်လိုက်သည်။

"ခွင့်လွှတ်ပါ ဒေါက်တာရယ်၊ ခုလိုကူညီတာလဲ ကျေးဇူးတင်ပါတယ်၊ ဒေါက်တာရဲ့နာမည်က ဘယ်သူလဲဟင်၊ ခုနဒေါက်တာဝင်းမွန်လို့ ခေါ်လိုက်ရတာက ကိုကိုရယ် တခြားဆရာဝန်ဆိုရင် ဆေးထိုးမခံမှာစိုးလို့၊ ပြီးတော့ စကားမပြောပါနဲ့လို့ တောင်းပန်ရတာက ဒေါက်တာ့အသံကြားရင် ဒေါက်တာဝင်းမွန်ရဲ့ အသံမဟုတ်မှန်း သူသိသွားမှာစိုးလို့"

မင်းရွှေဖုံသည်လည်း ရုတ်တရက်တွေ့ရသော အခြေအနေအရပ်ရပ်များကို နားမလည်သောကြောင့် စိတ်ရှုပ်သွားသော်လည်း သူသည်လည်းယခုမှပင် အမောပြေသက်ပြင်းချလိုက်၏။

"ကျွန်တော့်နာမည် မင်းရွှေဖုံပါ၊ လွန်ခဲ့တဲ့အပတ်ကမှဟိုအိမ်ကြီးကို ပြောင်းလာတာပါ၊ ကျွန်တော် အကြံဉာဏ်ပေးပါရစေ၊ ညနေမစောင်းခင် ကျွန်တော်လာကြည့်ပါမယ်၊ အခြေအနေ ကျေနပ်လောက်ရင်တော့ အိမ်မှာပဲ ကျွန်တော်ဆက်ကုပါ့မယ်၊ လိုအပ်ရင်တော့ ဆေးရုံကြီးတင်ပါ၊ အခုထက် အပူရှိန်ကြီးလာရင် စိုးရိမ်ရပါတယ်၊ သူ့အသက်ကလဲကြီးပြီ၊ အဆုပ်ကို အအေးမိသွားတာပါ"

"အမယ်လေး ကျေးဇူးတင်ပါတယ်၊ လာသာကြည့်ပြီးလိုအပ်တာသာပြောပါ ဒေါက်တာရယ်၊ မောင်နှမပြောလို့ ဆရာဝန်တစ်ယောက် ဟိုဘက်အိမ်ပြောင်းလာတာလို့ အန်တီသိထားရတာပါ၊ အားလုံး အန်တီ ဖန်တီးပေးပါ့မယ်၊ အဖျားကြီးလာရင် သူရူးသွားမှာလား၊ ဖြစ်ခဲ့ရင်တော့ လေ ဒေါက်တာဝင်းမွန်က ခရီးထွက်သွားတယ်၊ ဆေးရုံတော့ မတင်



ပါရစေနဲ့၊ ဘက်တီကလွဲလို့ သူ့ကို ဘယ်သူနာပြုဆရာမမှ ပြုစုခံမှာ မဟုတ်ဘူး"

"ရူးမှာထက် ကျွန်တော် စိုးရိမ်တာက အသက်ရှူကြပ်လာရင် အောက်စီဂျင်ပေးဖို့လဲ လိုလာမယ်၊ အမောင်းလာရင် အသက်အန္တရာယ် စိုးရိမ်ရလို့ပါ"

"အို ညနေကျမှ အခြေအနေအရ စီစဉ်ကြသေးတာပေါ့"

"ဟုတ်ကဲ့၊ ဒါပေမယ့် သူ့အနားမှာ (မယ်ရှယ်နတ်စ်) သူနာပြုဆရာမတစ်ယောက်"

"နွားနို့ ....နွားနို့"

မင်းရွှေဖုံ စကားမှ အဆုံးဆင် နွားနို့ ဟူသောအသံမှာ လူနာအခန်းဘက်ဆီမှ ကြားရ၏။

"ကိုကို့ အသံ၊ သူ ကယောင်ကတမ်းတွေအော်နေပြီ"

"နွားနို့ သောက်ချင်လို့လား ခင်ဗျာ"

"မဟုတ်ပါဘူး၊ ဟိုဒင်းပါ၊ ဟော ကားဆိုက်သံကြားပြီ"

မင်းရွှေဖုံမှာ တစ်ယောက်တည်း အရူးသဖွယ် ပျာယာခတ်နေသော အမျိုးသမီးကြီး၏ လှုပ်ရှားမှုအတွက် သူအတော် စိတ်မချမ်းမသာဖြစ်မိ၏။ လူတစ်ယောက်သည် ဧည့်ခန်းဝမှ ပေါ်လာ၏။

"အန်တီလေး ဆရာမဘက်တီ ခြေထောက်က ဒီနေ့ကျောက်ပတ်တီးဖြေရမယ်၊ သူ ညနေကျမှလာနိုင်မယ်၊ လာရင်တောင် ဆရာဝန် ကပြောတယ်တဲ့၊ လက်တွန်းလှည်းနဲ့ပဲသွား ရမယ်တဲ့၊ လမ်းမလျှောက် ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး ...အေး၊ လက်တွန်းလှည်း အသင့်ပြင်ထား၊ ကဲ ဟောဒီ ဒေါက်တာမင်းရွှေဖုံကို ကားနဲ့ ဟိုဘက်အိမ်ပြန်ပို့လိုက်ပါ၊ ဆေးအိတ်လဲ ယူပြီးတင်"

ကားပေါ်သို့ ဒရိုင်ဘာနှင့် သက်ဖေ ဆေးအိတ်တင်နေစဉ်တွင် သူ့အပါးသို့ အမျိုးသမီးကြီးကပ်လာ၏။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ခြေကြွအဖြစ် ငွေတစ်ရာ ကန်တော့ပါတယ်၊ လက်ခံပါ" ဟု ပြောပြောဆိုဆိုပင် သူ့လက်ထဲသို့ ငွေတစ်ရာတန်တစ်ရွက်ထည့်ပေး၏။

"သည်းခံပါအန်တီ၊ အိမ်နီးချင်းတွေအနေနဲ့ ကျွန်တော့်မှာ ကူညီရမယ့်ဝတ္တရား ရှိပါတယ်၊ နောင်လဲ ဘာမဆိုအကူအညီလိုရင် တောင်းပါ၊ ညနေမှ တစ်ခေါက်လာပါဦးမယ်"

သူသည် ငွေတစ်ရာကို လက်မခံဘဲ ကားပေါ်သို့ တက်၍ လက်ပြနှုတ်ဆက်ကာ ပြန်လာခဲ့၏။

အိမ်အဝတွင် ဦးကျိုးမြိုင်ကိုတွေ့ရသည်။ ဦးကျိုးမြိုင်သည် ကားမောင်းသူကို ဦးစားပေးနှုတ်ဆက်၏။

"ဘယ့်နဲ့လဲ ဖိုးနန္ဒရေ၊ ခင်ဗျားတို့ပင်တိုင်စံကြီး ဒီဘက်မြေပေါ်ကို ထူးထူးခြားခြား ကြွလာတယ်၊ လာလိုက်ပုံကိုတော့ ကျွန်တော် မတွေ့လိုက်ရဘူး၊ အပြန် ဆရာနဲ့အတူခြံစပ်ဖြတ်အကူးမှပဲ မြင်လိုက်တော့တယ်၊ ခင်ဗျားတို့ဆရာကြီး ဦးရွှေဦး သိပ်ဖြစ်နေလို့လား၊ ပင်တိုင်စံကိုယ်တိုင် ကသုတ်ကရက်လာလိုက်တာ၊ သူဒီလို ခြေလှမ်းမြန်မြန်လှမ်းတာ ဒီတစ်ခါပဲ ကျွန်တော်မြင်ဖူးသေးတယ်"

ဦးကျိုးမြိုင်သည် ကိုနန္ဒဆိုသူ ကားမောင်းသမားအား လှမ်း



ပြောလိုက်၏။ ကားမောင်းသူသည် ဦးကျိုးမြိုင်နှင့် အစကပင် ရင်းနှီးနေပုံရ၏။

"ထုံးစံအတိုင်းပေါ့ဗျာ၊ ဖောက်လာချိန်မှာ အဖျားက သိပ်ကြီးတော့ အန်တီလေးလဲ ပျာယာခတ်သွားတာပေါ့၊ ဆုံပြီးဖြစ်ချင်တော့ ဒေါက်တာဝင်းမွန်ကလဲ ခရီးထွက်နေ၊ သူရဲ့သူနာပြုဆရာမကလဲ ဒီနေ့မှ ကျောက်ပတ်တီးဖြေရတော့ အန်တီ လေးတစ်ယောက်တည်း သိပ်ပင်ပန်းသွားတယ်။ ပင်ပန်းတာ ကိစ္စမရှိဘူး၊ အန်တီလေး ရူးသွားမှာ ကျွန်တော်သိပ်စိုးရိမ်တာပဲ"

ကိုနန္ဒသည် တကယ်စိုးရိမ်စိတ်နှင့် ပြောပြနေကြောင်းသူ့မျက်နှာက ဖော်ပြနေ၏။ ဘာအကြောင်းကိုမှ မသိသေးသော်လည်း မင်းရွှေဖုံသည် တစ်ခုဝင်မေးလိုက်၏။

"စိတ်မရှိပါနဲ့ကိုနန္ဒရယ်၊ ခင်ဗျားတို့ အန်တီလေးကို ကျွန်တော် အားနာလို့ ဘာမှမမေးခဲ့ဘူး၊ ကျွန်တော်တို့ ညှော်ခန်းမကြီးမှာထိုင်နေတုန်း လူနာက အော်တယ်ဗျ၊ နွားနို့ နွားနို့တဲ့၊ အဲဒါ သူသောက်ချင်လို့များလားလို့ ကျွန်တော်မေးကြည့်တော့ သူ့ကိုကိုကယောင်ကတမ်း အော်တာပါပဲ၊ ဘာဖြစ်တာလဲဟင်၊ ရောဂါအခြေအနေနဲ့ ပတ်သက်ပြီးတော့လဲ အန်တီဟာ ဘာမှ ပွင့်ပွင့်လင်းလင်း ကျွန်တော့်ကို ဖွင့်ပြောချင်ပုံမပေါ်တော့ ကျွန်တော်လဲ မမေးဘူး၊ နွားနို့က ဘာအော်တာလဲ"

ကိုနန္ဒသည် သက်ပြင်းကို လေးတွဲ့စွာချလိုက်၏။

"အကြောင်းစုံကိုတော့ ဟောဒီဦးကျိုးမြိုင်ကိုသာ မေးကြည့်ပါ၊ ကျွန်တော် ပြောပြရရင် ဆိုးမှာမဟုတ်တော့ဘူး၊ အန်တီလေး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ပင်ပန်းနေမှာစိုးလို့ ပြန်ပါရစေ၊ နွားနို့က သောက်ဖို့မဟုတ်ဘူးခင်ဗျ၊ အဝတ်လျှော်ဖို့နဲ့ သူ့လက်တွေဆေးဖို့ ကဲ...နွှင်းပြုပါဦး''

ကိုနန္ဒသည် ယဉ်ကျေးစွာ နှုတ်ဆက်၍ ကားမောင်းကာထွက်သွားတော့သည်။ မင်းရွှေဖုံသည် ဧည့်ခန်းဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်လိုက်၏။

''ဟင်း . . . ရန်ကုန်ဆေးရုံကြီးရှိသမျှ လူနာအကုန်ကိုတစ်ယောက်တည်း ဒိုင်ခံကုတောင် ဒါလောက်မမောဘူး။ ဦးကျိုးမြိုင်ရေ ခုတော့လေ ကျွန်တော့်မှာ နာရီဝက်လောက်အတွင်းမှာ အသံတိတ်ဆရာဝန် ဖြစ်သွားတယ်၊ တစ်သက် ဒီလိုလူနာမျိုးလဲ မတွေ့ဖူးပါဘူး''

ဦးကျိုးမြိုင်သည် သူ့ရှေ့တွင်ထိုင်နေရာမှ ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

''ဘယ်လိုဖြစ်လာလို့လဲ'' ဦးကျိုးမြိုင်က ရယ်ရင်းက မေးလိုက်၏။

''ဦးကျိုးမြိုင်ကလဲ ရယ်လိုက်တာ၊ လူနာကို ဆေးကုနေတုန်းဘာစကားမှ မမေးရ မပြောရဘူးဗျာ၊ အသံမထွက်ပါနဲ့တဲ့''

''သူနေမကောင်းတာကို ဝမ်းသာလို့ရယ်တာ မဟုတ်ပါဘူး။ ဒီဆရာကြီး ရောဂါဖောက်လာရင် သူ့နှမဟာသိပ်ပင်ပန်းတာပဲ''

''ညနေ အဖျားကျသွားရင်တော့ အရေးမကြီးပါဘူး ကျွန်တော့်ဆန္ဒကတော့ ဆေးရုံကြီး-တင်ချင်တယ်၊ သူတို့လူ့ဗွေတွေပဲ ပရိုက်ဗိတ်အခန်းတင်ပေါ့''(ထိုစဉ်က ရန်ကုန်ဆေးရုံကြီးတွင် ပိုက်ဆံခန်းခေါ် Private room ရှိသေးသည်။)



''ဝေးသေး မောင်ရင်ရေ အသေသာခံမယ်၊ အဲဒီဆေးရုံကြီးလဲ ဆက်မှာမဟုတ်ဘူး။ သူ့နှမကတော့ တင်ချင်ရှာမှာပါပဲ၊ မောင်ရင်က ရုပ်ပြည်မှာ ဘဝမကူးဘဲ ဝဋ်ခံနေရတာတဲ့။ အေးလေ၊ ငရဲကြီးနေတယ်ဆိုကြပါစို့ အဲ...အဲ မောင်နှမနှစ်ယောက်အကြောင်း သိမှမသိသေးပဲကိုး တဖြည်းဖြည်းတော့ အများကြီး အများကြီးသိလာမှာပါ။ နွားနို့ကိစ္စကတော့ ရောဂါဖောက်လာရင် သူ့အဝတ်အသုံးအဆောင်တွေကို နွားနို့နဲ့လျှော်တော့တာပဲ၊ ပြီးမှရေကောင်းနဲ့ တစ်ခါလျှော်တယ်၊ သူ့ပက်သက်လန်လဲပြီး ခုလို မထူနိုင်အောင်ဖြစ်နေချိန်မှာလဲ အဲဒီ ဆရာမဘက်တီနဲ့ သူ့နှမ ဒေါ်မေကြည်သင်းက လွဲလို့ ဘယ်သူမှ မပြုစုရဘူး။ ဟိုတစ်နေ့က ကိုနန္ဒပြောပြမှ ဆရာမ ဘက်တီ ခြေထောက်အရိုးအက်သွားတာ ကျုပ်လဲသိရတာ၊ ပထမများစမှာ ဘက်တီက သူ့ကိုတွဲပြီး အောက်ထပ်ခန်းကို အဆင်း လှေကားထစ်မှာ ခြေခွင်လဲကျသွားလို့''

''ဖြစ်ရတယ်ဗျာ၊ ခုဒီလူနာကြီးကို ပြုစုရမယ့် ဆရာမကသက်တွန်းလှည်းပေါ် ထိုင်ပြီး ပြုစုရမယ်ပေါ့လေ''

''ဟုတ်တယ်။ ကိုနန္ဒ အပြောတော့ ဆရာမဘက်တီ လဲကျအသွား သူ့အိမ်က ကလေးမလေးက ဆရာကြီးကို ဝင်ကိုင်တာမှာ ရွံလှ ချည်ရဲ့ဆိုပြီး သူ့ကိုယ်သူ တစ်နေ့ရေသုံးခါချိုး။ အဝတ်တွေနွားနို့နဲ့ အလျှော်ကောင်းလိုက်တာ အအေးပတ်ပြီး အဖျားဝင်တာတဲ့၊ အသက်ကလဲ ခုနစ်ဆယ်ကျော်ပြီ''

သက်ဖေက ဝင်ထောက်၏။

''ကဲ...ကဲ...တော်ပါပြီ၊ သက်ဖေရေ ငါရေချိုးတော့မယ်၊ ပြီးရင် ထမင်းတစ်ခါတည်း စားတော့မယ်၊ ဒေါက်တာ အုန်းမောင်လာမှပဲ နှိုးပေတော့ ခဏ အိပ်ဦးမယ်၊ တစ်ခါမှ ဒီလို စိတ်မမောဖူးဘူး။

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက်လုံးဖြူဖြူချောချောတွေနော်၊ သူတို့က မင်းမျိုးတွေလား . . .''

''ဟား . . . ဟား . . . ဟား . . . ဟား''

''ဦးကျော်မြိုင်ကလဲ ရယ်ပြန်ပြီနော်''

''ရယ်ပစ်ရတယ် မောင်ရင်ရေ၊ နို့မို့ရင် သူတို့ရဲ့ ဇာတ်နတ်ဆိုး ကျုပ်တို့ခြံဘက် ဆက်ကူးလာမှာစိုးလို့၊ မင်းမျိုးဆိုတော်သေးတာပေါ့၊ ခုတော့ ဘာမဟာဆီ မဟာသွေး တစ်စက်မှ မပါဘဲ ဆရာကြီးစိတ်ထဲ မဟာသာကီစိတ် ဝင်နေတယ်၊ ဒါကြောင့် ထစ်ခနဲဆို နွားနို့နဲ့ ဆေးနေတာပေါ့''

''ဒါလောက် ဆေးနိုင်အောင် နွားနို့ အလုံအလောက်ဘယ်က ရလဲ''

''ဟာ . . . ဆရာကလဲ၊ ရေရောရတာပေါ့''

''အမယ်လေး . . . ဒုက္ခကြီးလိုက်တာဗျာ''

''သူတို့အကြောင်းတွေ နောင်တော့ သိလာပါလိမ့်မယ်၊ စိတ်မောမခံနဲ့၊ စားစရာရှိစား၊ နားစရာရှိ နားပေတော့''

ဦးကျော်မြိုင်သည် ဟောဟောဒိုင်းဒိုင်းပြောကာ ထသွားတော့သည်။

သူသည် ရေချိုး ထမင်းစားပြီး အိပ်ရာပေါ် ခေတ္တလှဲနေ၏။ အိပ်ခန်း၏ ပြတင်းပေါက်ကျော်ကာ သူ့မျက်လုံးသည်တစ်ဖက်ခြံကြီးဆီသို့ ရောက်သွား၏။ နှစ်ထပ်တိုက်ကြီးသည် စွင့်စွင့်မြင့်မြင့်ကြီး သစ်ပင်များ အလယ်တွင် ထင်ထင်ရှားရှားပေါ်လွင်နေ၏။ ထိုတိုက်ကြီးအတွင်း နံနက်က မြင်ခဲ့ရသော မောင်နှမနှစ်ယောက်ရုပ်မှာ ယခုအခါ သူ့မျက်လုံးထဲ



ပေါ်လာ၏။ လူနာသည် မျက်တွင်းဟောက်ပက်နှင့် မျက်နှာသွယ်သွယ် ဖြစ်၏။ မောင်နှမနှစ်ယောက်လုံး ဖြူဖြူဖျော့ဖျော့ အသားအရည်များရှိကြ၏။ နှာတံပေါ်ပုံမှာ ရိုးရိုးမဟုတ်ဘဲ နှာရိုးအလယ်တွင် အနည်းငယ်မြင့် မောက်နေကြခြင်းမှာ မောင်နှမနှစ်ယောက်လုံး တူလှ၏။ သူသည် စိတ်ဝေဒနာကိုကုသော ဆရာဝန်မဟုတ်၊ ဒေါက်တာ အုန်းမောင်ကသာ စိတ်ဝေဒနာကု ဆရာဝန်ဖြစ်သည်။ လှပသော ခြံကြီး၏ အလယ်တွင် ညှို့မှုထည်ဝါသော တိုက်ကြီး၏အတွင်းခန်းထဲတွင် စိတ်ဝေဒနာသည် လူနာကြီးက တစ်ယောက်၊ သူ့အားပြုစုရသူ နှမကတစ်ယောက် ပေါင်းမှ နှစ်ယောက်။ အဘိုးကြီး ခံစားရသော ဝေဒနာကလည်း ယခုမှ ရုတ်တရက် ခံစားရသော ဝေဒနာလည်း ဟုတ်မည်မထင်ပါချေ။

သူသည် အမှတ်မထင် ယောင်ယောင်ကသင်ခဲ့ရသော သိုးဘောင်း ကဗျာလေးတစ်ပုဒ်ကို သတိရနေမိ၏။ ကျယ်ဝန်း များပြားရှုပ်ထွေး လှသော လူ့လောက၏ စားဝတ်နေရေးပါ မကဂုဏ်၊ အာဏာ၊ ငွေ နောက်ကို လိုက်ရလွန်း၍ သဘာဝ အလှကိုပင် မကြည့်တတ်သူ တစ်ယောက်အကြောင်း ဖြစ်သည်။

ဂုဏ်၊ အာဏာ၊ ငွေ ဟူသည်မှာ ရုပ်ဝတ္ထု ပစ္စည်းများဖြစ်ကြ၏။ နံနက်ကတွေ့ခဲ့သော အဘိုးကြီးမောင်နှမတွင် ထိုရုပ်ဝတ္ထုများ အလျှံပယ် ပြည့်စုံနေပုံရသည်။ သူ့လက်ထဲကိုပင် တစ်နာရီပြည့်အောင် မကုသရဘဲ ငွေတစ်ရာကို ရက်ရက်ရောရော အလွယ်တကူ[illegible]နိုင် အောင် ချမ်းသာပုံရသည်။ သို့သော် ပန်းပွင့်လေးများ နိုးကြား[illegible]ကြပုံ၊ ငှက်ငယ်လေးများ တေးသီကြဟန်၊ သစ်ရွက်များ၏ လက်ခုပ်သံနှင့်

www.burmeseclassic.com



လေနတ်သားဏ်ေ ပုလွေသံတို့ကို သူတို့သည် အာရုံခံစားနိုင်အောင်စိတ်ဓာတ်များ ချမ်းငြိမ်းကြရုံ မပေါ်ပေ။

ဘုရား . . .ဘုရား . . .သူ၏ အိုမင်းသော အချိန်သည် အေးမြ ပါစေ၊ သာယာပါစေ၊ ချမ်းငြိမ်းပါစေ၊ သဘာဝမိခင်၏ လှပသော ရင်ခွင်အငွေ့ကို သိရှိခံစားနိုင်သော အာရုံများအချိန်မတိုင်မီ မပျက်ပြယ် ပါရစေနှင့်၊ မင်းရွှေဇံသည် သူ့ကိုယ်သူ ဆုတောင်းမိ၏။

"ဟော့လူ . . .ဟော့လူ . . .ထတော့လေ" ဒေါက်တာ အုန်းမောင် အသံကြားမှ သူသည် စဉ်းစားရင်း အိပ်ပျော်သွားသည်ကို သတိပြုမိ သည်။

"ဦးကျိုးမြိုင်အပြောတော့ ခင်ဗျား မနက်ကပင်တိုင်စံမောင်နှမ ရဲ့ခြံထဲရောက်သွားပြီဆို"

ဒေါက်တာ အုန်းမောင်သည် ကောက်ခါငင်ကာ မေးလိုက်၏။ သူသည် အိပ်ရာပေါ်မှပင် ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"တကယ်တော့ ကျွန်တော် ဒီအိမ် ငှားနေဖို့ မကောင်းဘူး။ စိတ္တဇဝေဒနာသည်ကုဖို့ ခင်ဗျား နေဖို့ ကောင်းတယ် ကိုအုန်းမောင်"

"မဟုတ်ပါဘူးဗျာ၊ ဝင်းမွန်ကြီး တစ်ယောက်လုံး ရှိပါတယ်၊ ဝင်းမွန်တောင်မှ သူတို့အမျိုးထဲကဖြစ်လာတဲ့ ဆရာဝန်မို့လို့ အကုခံတာ၊ ဝင်းမွန်သာ စာရေးတတ်တဲ့ ဆရာဝန်ဆို ဝတ္ထုတွေ အများကြီးရမှာ၊ အဲဒီအိမ်ကြီးထဲမှာလေ ဝတ္ထုတွေ တစ်ပုံကြီးပဲ ဦးကျိုးမြိုင်ဆီက ခင်ဗျား ဒီအိမ်ကြီးအကြောင်း တဖြည်းဖြည်း သိလာရပါလိမ့်မယ်"

ဒေါက်တာ အုန်းမောင်သည် ဆေးတံကြီးကိုခဲကာ ကြိမ်ကုလားထိုင်ပေါ်မှ ပြောလိုက်၏။



"ခုမှပဲ ကျွန်တော် အခုငှားတဲ့အိမ် ငှားစက ခင်ဗျားပြောတဲ့ ကျွန်တော် ငှားပေးတဲ့အိမ်က ကျက်သရေရှိပါတယ် ဆိုတဲ့စကား ကျွန်တော်ပြန်တွေးမိတယ်၊ မင်္ဂလာကျက်သရေဆိုတာ သစ်သားရယ်၊ အုတ်ရယ်ဆိုတဲ့ ဝတ္ထုပစ္စည်းတွေအပေါ်မှာ တည်မယ်မထင်ပါဘူးဗျာ၊ နေတဲ့သူအိမ်ထောင်ဦးစီးသူရဲ့ စိတ်ဓာတ်အခြေခံ၊ အကျင့်စာရိတ္တတွေ အပေါ်မှာ တည်မယ်ထင်ပါရဲ့နော်၊ ကျွန်တော်လေ ခင်ဗျားကို ကျေးဇူး တင်မိတယ်၊ ဒီအိမ်ကြီး ဘယ်လိုအိုတယ်ဆိုပေမယ့် နေရတာ စိတ်ချမ်း မြေ့ပြီး ကျက်သရေရှိသလိုပဲ"

သူသည် ခပ်ဖြည်းဖြည်း စိတ်ဝင်စားစွာပြောလိုက်၏။

"အေးလေ.. ခုလဲ ဒီအိမ်ရှင်မကို ခင်ဗျား တွေ့ရတော့မယ်၊ ဒီတော့လဲ မင်္ဂလာကျက်သရေ အကြောင်း ခင်ဗျားပိုပြီး သိမှာပေါ့"

"ဦးကျိုးမြိုင်ကတော့ ဒီအိမ်ရှင်မကို သူဌေးမဆိုပဲ"

"ဟုတ်တယ်လေ...၊ သူက သူဌေးမကြီးလို့ ရိုရိုသေသေ အမြဲခေါ်တယ်၊ ဒါပေမယ့် ဒေါ်ခင်မေဆက်ဟာ ဦးကျိုးမြိုင်ထက် အများကြီး ငယ်ပုံရတယ်"

"ကျွန်တော် အကဲခတ်မိသလောက်ဆို အဲဒီ ဦးကျိုးမြိုင်ဆိုတဲ့ လူကြီးကလဲ သာမန်ကြေးစား မာလီတစ်ယောက် ပြောပုံဆိုပုံမျိုး မဟုတ် ဘူးနော်"

"လူယုံတော်ကြီး သဘောမျိုးပဲ၊ ခွေစရိုက်မျိုးရိုး ကင်းဟန်မတူ ဘူး။ သူပဲ ဒေါ်ခင်မေဆက်တို့ မိသားစုကို စောင့်ရှောက်နေပုံရတယ်၊ ခုတော့ ဒီအိမ်ကြီးကို စောင့်ရှောက်ဖို့ ဦးကျိုးမြိုင် နေရစ်ခဲ့ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မေဆက်ရဲ့ အိမ်သစ်ကိုလဲ သူတာဝန်ယူနေရတာပါပဲ ကဲ သွားကြ ဦးစို့၊ သူဌေးမကြီးနဲ့ တွေ့ရတော့မှာ''

သူသည် အဝတ်အစားလဲကာ ဒေါ်ခင်မေဆက်နှင့် တွေ့ရန် ဒေါက်တာအုန်းမောင်နှင့်အတူ ထွက်လာကြသည်။ ဦးကျီးမြိုင်ကိုတော့ ဒေါ်ခင်မေဆက် အိမ်ကာပြန်မှ တစ်ဖက်ခြံသို့ ကူးခဲ့မည့်အကြောင်း သူမှာရစ်ခဲ့သည်။

* * *

## အခန်း ( ၂ )

## သူဌေးမကြီး

သူဌေးမကြီး၏ခြံမှာ ယခုမာလာဆောင်နှင့် မျက်စောင်းထိုး လောက်ဖြစ်၏။ ပြည်လမ်းမကြီးပေါ်တွင် မဟုတ်သော်လည်း မြေနီလမ်း လေးမှ နှစ်ခြံသာကျော်လိုက်ရသည် ခြံဝန်းထဲသို့ ရောက်သွား၏။ ကားပြေးသံများကို မကြားရ လမ်းမကြီးနှင့်လည်း မနီးမဝေးကမာရွတ် လှည်းတန်းဈေးနှင့်လည်းမဝေးလှပေ။ ကိုယ်ပိုင်ကားမရှိတောင် မီးပို ချောင်အတွက် ဈေးသွားဈေးလာ အဆင်ပြေသော နေရာလေးဖြစ်၏။ မြေကြီးကလည်း ခြေနိုင်လက်နိုင် တစ်ဧကလောက်ပင် ရှိမည်။ တစ်ထပ် တိုက်ဆိုသော်လည်း ကျယ်ကျယ်ပြန့်ပြန့် နေသာထိုင်သာ သိပ်သိပ် သည်းသည်းဖြစ်၏။ သူငှားရမ်း နေထိုင်သော အိမ်ကြီးလိုကျယ်ကျယ် မြင့်မြင့်ကြီး မဟုတ်လှပေ။ သူတို့၏ကား အိမ်ရှေ့တွင် ရပ်လိုက်လျှင် ကုလား တစ်ယောက်လာ၍ ကားတံခါးကို ဖွင့်ပေးသည်။

''မမကြီးကိုလာတွေ့တာလား ဆရာဝန်ကြီးရောနေကောင်းရဲ့ လား ကျွန်တော်သံတံခါးဖွင့်ပေးဖို့ သွားပြောလိုက်ဦးမယ်၊ ခဏစောင့်ပါ'' ဒေါက်တာအုန်းမောင်၏ မျက်နှာကို ပြုံး၍ကြည့်ကာ ကုလားက ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



"အေးအေး"

ဒေါက်တာ မင်းရွှေဖုံသည် ကုလားကိုကြည့်ရင်း အံ့အားသင့်သွား၏။

"ဗျို့ကိုအုန်းမောင်၊ ကုလားကလဲ မျက်နှာတွေ့ရလို့သာ ကုလားဆိုရတယ် မြန်မာသံပီသလိုက်တာနော်"

"ပီဆိုဗျာ၊ ဒီကုလားက ဒီအိမ်မှာ မာလီလဲလုပ်တယ်၊ ဒရဝ် လဲလုပ်တယ်၊ သူက သားဇီဖန်းဆိုပါတော့၊ သူ့အဖေဇီဖန်းက ဦးကျိုးမြိုင် နဲ့အတူ သရက်ချောင်းမှာ ဒေါ်ခင်မေဆက်အဖေရဲ့ လယ်မြေတွေကို စားမဦးချ လုပ်လာခဲ့တာလို့ ဦးကျိုးမြိုင်က ပြောပြဖူးတယ်"

"ဒီအိမ်ကြီးကလဲ လူတစ်ယောက်မှာ နောက်ခံအကြောင်းတစ် ခုစီနဲ့ပါလား၊ ခင်ဗျား ဒေါ်ခင်မေဆက်ရဲ့ လက်စွဲဆရာဝန်လုပ်လာတာ ကြာပြီလား"

"ငါးနှစ်လောက်ပဲရှိဦးမယ်၊ အန်ကယ်ဦးမင်းချိန် ဆက်ပေးလို့ အစက သူတို့မိသားစုကိုစောင့်ရှောက် ကုသပေးနေတာ ဦးမင်းချိန် ကို . . . ခု"

"ဪ . . . ဆရာဝန်ကြီးတို့ပါလား"

ကြည်လင်ပြတ်သားသော မိန်းကလေး တစ်ယောက်၏ အသံ ပေါ်လာ၍ သူဟို့စကားစ ပြတ်သွား၏။ မိန်းကလေးသည် သံဆွဲတံခါး ကိုဖွင့်ပေးလိုက်သည်။

"အကြာကြီးများ စောင့်နေရလား၊ အားနာလိုက်တာ၊ အထွေ မီးဖိုချောင်ဝင်နေလို့ပါ၊ ညေ့ခန်းထဲမှာ ထိုင်ပါဦးနော်၊ အန်တီမေကို အထွေးသွားပြောလိုက်ပါဦးမယ်"

မိန်းကလေးညွှန်ပြသော ညေ့ခန်းတွင်းသို့ ဝင်ထိုင်လိုက်ကြ၏



"မင်းရွှေဖုံ၊ အဲဒီမိန်းကလေးက ဒေါ်ခင်မေဆက်ရဲ့ စက္ကထရီ ဆိုပါတော့ဗျာ၊ အမှန်တော့သူနာပြုဆရာမလေး၊ သူ့နာမည်က ခင်မင်းထွေးတဲ့၊ ခုတော့ အဘွားကြီးနဲ့အတူပဲ နေတော့တယ်၊ ချော တယ်ဗျနော်"

မင်းရွှေဖုံသည် ခေါင်းညိတ်ပြလိုက်ရင်း သူ့မျက်လုံးများကမူ သူ့ရှေ့တည့်တည့်နံရံတွင် ချိတ်ဆွဲထားသော အမျိုးသမီးနှစ်ယောက်၏ ဓာတ်ပုံဆီသို့ရောက်သွား၏။ အမျိုးသမီးနှစ်ယောက်သည် စစ်မဖြစ်မီ ခေတ်မတိုင်မီက မြန်မာအမျိုးသမီးတို့ဝတ်ဆင်နေကျပုံစံ ဘီးဆံထုံးနှင့်ဖြစ်၏။ နှစ် ယောက်စလုံးပြုံးနေသော မျက်နှာမှာ ဤအခန်း၏ ကျက်သရေလို ဖြစ်နေ၏။ ညိုမှောင်နေသောမျက်ဝန်းနက်ပုံမှာ ဆင်တူနေကြ၍ ညီအစ်မ ဖြစ်ဟန်တူသည်။

"နေကောင်းပါရဲ့လား . . . ဒေါက်တာအုန်းမောင်ရဲ့"

အေးမြသော အသံတစ်သံ ပေါ်လာကာ အမျိုးသမီးကြီးတစ် ယောက် ညေ့ခန်းတွင်းသို့ဝင်လာ၍ သူသည် ဒေါက်တာအုန်းမောင်နှင့် အတူ မတ်တတ်ရပ်နှုတ်ဆက်လိုက်ကြ၏။

"ထိုင်ပါ ထိုင်ပါ"

"အန်တီမေနေကောင်းရဲ့လား၊ သူက ကျွန်တော့်သူငယ်ချင်း ဒေါက်တာ မင်းရွှေဖုံပါ၊ မင်းရွှေဖုံ ဒီက အန်တီက ဒေါ်ခင်မေဆက်ပါ၊ ကျွန်တော် ခွင့်ရက်ရှည်ယူပြီး ခရီးထွက်ရှိန်မှာ အန်တီမေ ကျန်းမာရေးကို သူတာဝန်ယူပါလိမ့်မယ်၊ အန်တီမေယို့ အိမ်ကြီးကိုလဲ သူနေရတာ ပျော်ပါတယ်တဲ့"

"ဪ ကျေးဇူးတင်ပါတယ် ဒေါက်တာ မင်းရွှေဖုံ၊ မီးလှုပ် ရှားစရာတွေနဲ့ အလုပ်ကိစ္စလေးတွေများနေလို့ အိပ်ရာပေါ်လဲနေရတာ နှစ်ပတ်နီးနီးပဲ၊ ခုတော့ အန်တီ နေကောင်းပါပါတယ်၊ ဒါကြောင့် အိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုငှားတဲ့ကိစ္စကအစ လူကဲခတ်ဖို့ရော ဝတ်လုံဦးမင်းဟာန်နဲ့ ဦးကျိုးမြိုင်တို့ကို တာဝန်လွှဲလိုက်တာ၊ ဒေါက်တာ အုန်းမောင် သူငယ်ချင်းဆိုတော့ အန်တီမေက လူကို စိတ်ချလက်ချပါပဲ''

မင်းရွှေဖဲ မျက်နှာကို စေ့စေ့ကြည့်၍ပြောစဉ်တွင် နေမကောင်းသူ၏ ရုပ်သွင်မပေါ် မျက်လုံးများမှာ တဖိတ်ဖိတ်တောက်ပနေ၏။

''ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်လဲ ဒီအိမ်ကြီးကို ရောက်ကတည်းက ပျော်ပါတယ်။ ကျွန်တော်က တစ်ယောက်တည်းသမားဆိုတော့ အိမ်ကြီးက ကျယ်လွန်းတောင်နေပါတယ်။ စိတ်ချပါ အန်တီမေတို့ ကြိုက်သလို အိမ်ကြီးကိုလည်း ကျွန်တော် စောင့်ရှောက်နေပါ့မယ်''

ရှင်မင်းထွေးဆိုသူ အမျိုးသမီးသည် အစိမ်းနုရောင် ဖန်ပန်းကန်တွင် ရေခဲနှင့် သစ်သီးစုံအဖျော်များ ထည့်၍ယူလာ၏။ ညွှန်းအလယ် စားပွဲတွင်ချကာ သူတို့နှစ်ဦးအား တစ်ခွက်စီလက်ကမ်း၍ ပေးလိုက်၏။

''အိမ်ကြီးမှာ ယူစရာ ငင်စရာ ပစ္စည်းတွေရှိရင် ဟောဒီ မိန်းကလေး ရှင်မင်းထွေးကို လွှတ်လိုက်မယ်နော် ခွင့်ပြုပါ။ အိမ်ရှင်ဟာ အန်တီမေဆိုပေမယ့် ဒေါက်တာမင်းရွှေဖဲကို ငှားထားချိန်မှာ ဝင်ခွင့်ထွက်ခွင့် တောင်းထားရသေးတာပေါ့''

''ကိစ္စမရှိပါဘူးဗျာ၊ အန်တီတို့က အိမ်ရှင်ပဲ''

''အန်တီမေကလေ ရောဂါကြောင့် စကားမပြောရဘူး ဆိုလေလေ၊ စကားသိပ်ပြောချင်တာ။ စကားပြောရင်လည်း မေးကြောကြီးတွေလေးလာပြီး လေမဆက်တော့ဘူး။ ဒေါက်တာအုန်းမောင်သာ မေးကြည့်တော့၊ ဟိုအိမ်ကြီးက အသိုင်းအဝိုင်းနဲ့ နေကြဖို့ကောင်းတယ်။



အန်တီမေက တစ်ယောက်တည်းရယ်။ တစ်ခါတစ်ခါ အိမ်ခန်းထဲဝင်လာတဲ့သူတောင် ရှင်မင်းထွေးကလွဲလို့ ဘယ်သူ့ကိုမှ စကားမပြောချင်ဘူး၊ အသိုင်းအဝိုင်းအိမ်ရဲ့ အကျယ်အဝန်း ပရိဘောဂလိုက်ပြီး သိမ်းရဆည်းရ ထားရ သိုရဖို့ အခြေအရုံဆိုတာ အင်မတန်လိုတာ၊ ဒါတွေကို မှီပြီးဖြစ်ရတဲ့ စိတ်ပူပန်မှု၊ ဆင်းရဲမှုဟာလည်း လူကို ဝေဒနာတိုးစေတာပဲ၊ ခုတော့ အန်တီအားလုံးကို လျော့ချလိုက်တယ်လေ။ ရောဂါလည်းသက်သာ၊ ခြေနိုင်လက်နိုင် ရှင်မင်းထွေးနဲ့ နှစ်ယောက်တည်း ဒီအိမ်ကလေးမှာပဲ နေတာပါ။ အစစအရာရာ ကိစ္စကြီးငယ်ရှိရင် ဦးကျိုးမြိုင်ကတဆင့် ဝတ်လုံဦးမင်းဟာန်နဲ့ ဆက်သွယ်ပါ။ အန်တီမေတို့ ခေါ်မျိုးလုံး လူငယ်ပိုင်းက ဝတ်လုံဦးမင်းဟာန်ကို ဘကြီးဟာန်လို့ပဲခေါ်တယ်။ ဝတ်လုံတော်ရ ဦးမင်းဟာန်ဟာ ဖေဖေတို့ မေမေတို့ မသေခင်ကတည်းက အန်တီတို့မိသားစုကို တာဝန်ယူစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင်ကြီးပါပဲ၊ ကဲ...သစ်သီးစုံ သုံးဆောင်ပါဦး''

ဒေါ်ခင်မေဆက်က စကားပြောနေစဉ် ရှင်မင်းထွေသည် အပါးတွင်ထိုင်ကာ ကြည်လင်ရှိုးသားသည့် မျက်နှာနှင့် ညှိုသည့်များမျက်နှာကို ကြည့်လိုက်၊ သူ့အန်တီမေမျက်နှာကို ကြည့်လိုက်နှင့် သရက်ဖြူနုနုလေးလို ဖြူဖြူထွေးထွေး ချစ်စရာလေးပင်ဖြစ်၏။ သူတို့သည် နို့နှင့်ရော၍ ဖျော်ထားသော သစ်သီးစုံကို ငွေရောင်ဇွန်းများဖြင့် ခပ်၍သောက်ရင်း ဒေါ်ခင်မေဆက်၏စကားများကို ဆက်၍ နားထောင်နေကြ၏။

''လျှမ်းလျှမ်းတောက်ခဲ့တဲ့ တစ်ချိန်ကို ထိန်းထားတဲ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်း၊ အခြေအနေတွေ တစ်သီကြီးရှိနေလို့ဖြစ်တဲ့ ဟိုအိမ်ကြီးမှာ ဆက်လက်နေဖို့ အန်တီကြိုးစားမယ် စိတ်ကူးတယ်။ နေဖြစ်အောင်နေရင်တော့ ရပါတယ်လေ။ ဒါပေမယ့် ဒါဟာအဓိပ္ပာယ်မပါဘဲ။ စဉ်းစားကြည့်ရင် ကြွားဝါခြင်းများ ဖြစ်နေမလားလို့ အန်တီစဉ်းစားမိတယ်။ ဒါကြောင့် သက်သောင့်သက်သာ ကိုယ်နဲ့အဆင်ပြေနိုင်မယ့် အခြေအနေကို ဖန်တီးယူလိုက်တာပါပဲ၊ ပထမတော့လည်း သံရုံးကအိမ်ခွဲစားတွေအပ်ပြီး နှစ်ရှည်စာချုပ်နဲ့ငှားရင် တစ်လနှစ်ထောင် ကောင်းကောင်းရနိုင်ပါတယ်''

ဒေါ်ခင်မေဆက်ပြောသည်မှာ မှန်၏။ ထိုတစ်ချိန်က သံရုံးအများအပြားနှင့်ဆက်သွယ်ကာ အိမ်များကို နှစ်ရှည်စာချုပ်နှင့်ငှားချင်ဝင်ငွေကောင်းရုံမက အိမ်ကိုလည်း နိုင်ငံခြားသားများအကြိုက် ပုံစံပြင်ဆင်ပြီး ဖြစ်သွားလေသည်။

''အန်တီမေလေ ပထမတော့ အဲဒီလိုပဲလုပ်မယ်စိတ်ကူးမိတယ်။ ကြိုးစားကြည့်သေးတယ်။ နောက်တော့စဉ်းစားမိတယ်လေ။ 'ဆက်' မိသားစုရဲ့မြေကို နိုင်ငံခြားသား ထိုးအပ်သလိုများ ဖြစ်နေမလားလို့ ကိုယ့်စိတ်ကို မသန့်ရှင်းတာနဲ့ ဒီအိမ်ကြီး ဖရိုဖရဲမဖြစ်အောင် ပြင်ဆင် လို့ရမယ့် ဝင်ငွေရရုံပဲ ကိုယ့်အမျိုးသားထဲက လူကိုငှားလိုက်တာပါ။ လူတွေကလည်း သစ္စာမဲ့ကြလေတော့ တချို့ဟာ ကိုယ့်ဂုဏ်နဲ့ မလိုက်အောင်ပဲ ကိုယ့်သိက္ခာကိုယ်မထိန်းကြဘူး ဒေါက်တာရေ။ အိမ်ကို အပိုင်စီးကြတာတွေ၊ ပြောင်းကာနီး ရွှေ့ကာနီးကျရင် အကျပ်ကိုင်ကြ တာလေ။ နိုင်ငံခြားသားနဲ့ ကင်းအောင်နေပြီး ကိုယ့်အမျိုးသား



ကိုယ်အားကိုး ပြန်တော့လည်း လူသူတော်ကောင်းနဲ့ မတွေ့မှာစိုးရသေး။ ပြီးတော့ ဒီအိမ်ကြီးကိုမှီပြီး တခြားလောကတွေလည်း အန်တီမှာ ဖြစ်ဖြစ်နေမိတယ်။ အင်္ဂလိပ်လိုတော့ Hauntted ခေါ်မလား။ ဒါကြောင့်ပါလေ၊ အခုတော့ ဒေါက်တာအုန်းမောင် မိတ်ဆွေဆိုတော့ အန်တီမေစိတ်အေးပါတယ်၊ လိုအပ်တဲ့ ပြင်ဆင်စရာလေးတွေရှိရင် ဦးကိုးမြိုင်ကို အကြောင်းကြားပါ။ ခုကော လောလောဆယ် ဘာလိုသေးလဲ''

''မလိုပါဘူးခင်ဗျာ''

''ကဲ . . . ဒီလိုဆို အန်တီမေကို ခွင့်ပြုပါ၊ ရှင်မင်းတွေနဲ့ စကားပြောနေရစ်ပေတော့''

''ဟုတ်ကဲ့ အန်တီမေ၊ သက်သောင့်သက်သာ နားနေဖို့ ကောင်းပါပြီ''

ဒေါက်တာအုန်းမောင်က ဝင်ထောက်လိုက်၏။ ဒေါ်ခင်မေဆက်သည် ဧည့်ခန်းမှ ဖြည်းညင်းစွာထသွား၏။

''အန်တီမေက အခုတလော စကားသွက်သွက်ပြောလာနိုင်ပြီ၊ သူကျန်းမာတုန်းကဆို မိတ်ဆွေအိမ်ကို သွားလာပြီးနေတတ်ပါတယ်။ တစ်ခါတလေ သူ့ဆွေမျိုးတွေ၊ မိတ်ဆွေတွေကို ဖိတ်ခေါ်ကျွေးမွေးတတ်တယ်။ အနည်းဆုံး မုန့်ဟင်းခါးဖြစ်ဖြစ်ချက်ပြီး နှစ်ပတ်တစ်ခါလောက် သူ့သူငယ်ချင်းတွေ၊ သူ့မိသားစုရဲ့ မိတ်ဆွေဟောင်းတွေကို ကျွေးမွေးနေတတ်ပါတယ်၊ အခုရောဂါဖြေးကတည်းက သူတစ်ယောက်တည်းနေတော့တယ်၊ ဒေါက်တာအုန်းမောင်လည်း အန်တို့ရောက်လာတော့ အန်တီမေစိတ်ကို အကဲခတ်မိမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းထွေကလည်း ဒေါ်ခင်မေဆက် အမူအရာဟန်ပန် နည်း နည်း စကားပြောနိုင်သူတည်း။

"ဟုတ်ပါတယ် မင်းရွှေဖုံ၊ ကျွန်တော်နဲ့တွေ့ပြီး သူ့ရောဂါ အခြေအနေ သိပ်ကောင်းလာတာပဲ"

ဒေါက်တာအုန်းမောင်သည် မင်းရွှေဖုံတက် လှည့်၍ပြောလိုက် ၏။

"အထွေးလည်း ဆရာ့ကိုဆက်ဆံသလို မင်းရွှေဖုံအပေါ်မှာ ဆက်ဆံနိုင်ပါတယ်။ ဆရာ့ထက်ငယ်ပေမယ့် ညီအစ်ကိုလိုပါပဲ"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်။ အထွေးမှာတော့ ဝေဒနာသည် တစ်ယောက်လို အနေထက် ကြာကြာနေလာလေလေ၊ အန်တီမေကို ဆွေမျိုးလို ခင်မင်တွယ်တာလာလေလေပါပဲ။ ဒါကြောင့် သူနာပြုဆရာမ တစ်ယောက်မဟုတ်တော့ဘဲ စက္ကူထရီတေရီလို ဘာဖြစ်ဖြစ်ဆောင်ရွက် ပေးနေတာပါ"

ရှင်မင်းထွေးသည် သူ့အခြေအနေအား မင်းရွှေဖုံကို ရှင်းပြ နေ၏။

"ဩော် . . . သူ့မှာတစ်ယောက်တည်းကိုး။ သီးသန့်တစ် ယောက်တည်းနေလွန်းတော့လည်း ရောဂါတစ်ခုလို ဖြစ်လာတာပါပဲ"

"မဟုတ်ပါဘူးရှင်၊ မဟုတ်ပါဘူး။ အန်တီမေ ခဏခဏပြော ပြဖူးပါတယ်။ 'ဆက်' မိသားစုဟာ အများနဲ့သိုင်းသိုင်းဝိုင်းဝိုင်း အလွန် နေတတ်တာတဲ့။ မာမီကလည်း ပြောပြပါတယ်။ အန်တီမေ့အဖေ ဦးဆက် မြောင်းမြမှာနေခဲ့တဲ့ တစ်ချိန်ကိုမီတဲ့သူတွေ မေးကြည့်ရင်



'ဆက်' မိသားစု နေပုံဟာ အရပ်နဲ့အင်မတန် ဝင်ဆန့်တဲ့မိသားစုတဲ့။ သီးခြားကင်းကွာ ပြီးနေတတ်တဲ့သူတွေ မဟုတ်ဘူးတဲ့"

"ဩော် . . . ရှင်မင်းထွေးက မြောင်းမြသူလား"

မင်းရွှေဖုံက မေးလိုက်၏။

"ဆိုပါတော့။ ဒါပေမယ့် အထွေးမြောင်းမြကို ငယ်ငယ်ကပဲ ရောက်ဖူးလို့ မမှတ်မိဘူး။ အထွေးရဲ့မာမီက သူနာပြုဆရာမကြီး ဒေါ်ခရစ္စတီနာပါ။ သူ့အိမ်အစစ်က မြောင်းမြကတောင်သူကုန်းမှာ အထွေးက ရန်ကုန်မှာပဲကျောင်းနေ၊ စာမေးပွဲတွေဖြေပြီး သူနာပြုဆရာမ စာမေးပွဲအောင်တော့လည်း ရန်ကုန်မှာပဲ အလုပ်လုပ်ဖြစ်တယ်။ မာမီက မြောင်းမြမှာ အနေများတယ်၊ အထွေးကတော့ အဒေါ်တွေနဲ့မြောင်းမြ မှာ အနေများပါတယ်။ မာမီလာတဲ့အခါ တစ်လတစ်ခါလောက် အလုံ အိမ်ကိုပြန်ပါတယ်"

"ကဲ . . . အထွေးရေ မှောင်လာပြီ ကိုယ်တို့ပြန်ဦးမယ်။ မှတ်ဖက်ကို ဘာမှဦးမလဲ"

"မမှာတော့ပါဘူး။ ကဆုန်လပြည့်နီးရင်တော့ အထွေးအိမ်ကြီး ကိုလာရဦးမယ်၊ ဆရာမင်းရွှေဖုံကို ခွင့်တောင်းထားရဦးမယ်"

"အခါမရွေးလာလယ်နိုင်ပါတယ်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြု ပါဦး။ အန်တီမေကိုလည်း နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ"

သူတို့နှစ်ယောက်သည် ရှင်မင်းထွေးကို နှုတ်ဆက်၍ပြန်လာခဲ့ ကြ၏။ ကားပေါ်တွင်မှ မင်းရွှေဖုံသည် စဉ်းစားရင်းလိုက်ပါလာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတနင်္ဂနွေဟာ ကျွန်တော့်အတွက် ထူးခြားတဲ့ တနင်္ဂနွေပဲ"

ကားမောင်းသူ ဒေါက်တာအုန်းမောင်ဘေးတွင်ထိုင်ရင်း မင်းရွှေဖံက ပြောလိုက်၏။

"မနက်ပိုင်းကတော့ ဟိုရောဂါသည် မောင်နှမနှစ်ယောက်ကို တွေ့တယ်၊ ဆရာဝန်ဆိုတာကတော့ ဣန္ဒြေရှိတို့ အနိဋ္ဌာရုံတို့ မရှိပါဘူးဗျာ။ မနက်အစောကြီး မျက်လုံးပွင့်ပွင့်ချင်း ဗျာပနနဲ့ တွေ့ချင်တွေ့ရတာ၊ မနက်ကတော့ စိတ်မချောက်ချားပါဘူးဆိုပေမယ့် ကျွန်တော် စိတ်တော်တော်လှုပ်ရှားသွားတယ်၊ ဟော ခုညနေ အမျိုးသမီးနှစ်ယောက်နဲ့ တွေ့ရတော့လည်း စိတ်ထဲမှာ ကြည်နူးစရာပဲနော်၊ စိတ်လည်း စိတ်ဝင်စားစရာကောင်းတယ်"

'ဟဲ...ဟဲ' မင်းရွှေဖံ စကားနားထောင်ရင်း ဒေါက်တာအုန်းမောင် ခပ်သောသောရယ်လိုက်၏။

"ခင်ဗျား ရယ်ပုံက အဓိပ္ပာယ်များလိုက်တာ"

"များဆိုဗျာ ကျွန်တော့်ရင်ထဲ ဆိုလိုချက်တွေများလို့ပါ"

"ဒါနဲ့နော်၊ ညှိခန်းနံရံမှာလေ ချိတ်ထားတဲ့ ဓါတ်ပုံထဲက တစ်ယောက်က ဒေါ်ခင်မေဆက် အပျိုတုန်းကပုံထင်တယ်၊ ရှေ့ဘက်နံရံက ပန်းချီကားချပ်ထဲက ပန်းနှစ်ပွင့်ကတော့ ဒေါက်တောက်ကြီး အဆက်အစပ်လဲမရှိဘူး"

"သူတို့ ညီအစ်မငယ်ငယ်တုန်းက ရိုက်ထားတဲ့ပုံလေ၊ တစ်ယောက်က သူ့အစ်မကြီး ပန်းချီကားချပ်တော့ ကျွန်တော်လည်း အနုပညာ မျက်စိမရှိတော့ မသိဘူး"



"အေးလေ ခံမြိုက်တိုလေးတွေ ကိုယ်စီနဲ့ ခုခေတ်တက္ကသိုလ်ကျောင်းသူတွေ မျက်လုံးမှာတော့ ညီအစ်မနှစ်ယောက်ချောတာကလွဲရင် ပြင်ဆင်ဝတ်စားထားတာကို ရယ်စရာလို ထင်မှာပဲ၊ မျက်နှာတွေကလည်း မြန်မာ ချောချောတယ်၊ သိမ်မွေ့တယ်၊ သူတို့မျက်နှာဟန်ကိုက ရှေးမြန်မာ ဆန်တယ်ဗျာ၊ ရှင်မင်းတွေးလှပုံနဲ့တောင် မတူဘူး"

"ကိုယ့်လူ ရှင်မင်းတွေးအလှမှာလဲ စိတ်ဝင်စားသွားပြီနဲ့တူတယ်"

"တစ်ခုတော့ ကျွန်တော်စဉ်းစားနေတယ်၊ သူ့အနားမှာ အမျိုးသဲကမထားဘဲ ရှင်မင်းတွေးကို လခစားစက္ကူထရီတေရီအနေနဲ့ ထားပုံရယ် မြန်မာအိမ်တစ်ခုမှာ ညှိသည်နဲ့စကားပြောရင် အိမ်ရှင်က ဘယ်တော့မှ အရင်မထဘူး။ ခုတော့ ဒေါ်ခင်မေဆက်က ခွင့်တော့တောင်းပါရဲ့ ဒါပေမယ့် အရင်ထသွားပုံလေးတွေကတော့ အနောက်တိုင်းယဉ်ကျေးမှု နည်းနည်းဆန်တယ်နော်"

"ဒါကတော့ ရောနေတာပေါ့လေ။ ထိပ်တင်မမလေးတို့ ဘာတို့ဆိုတဲ့ မိသားစုမှာတောင် မဟုရားလေး ကက်သရင်းတို့ ဉက္ကာမယ် မိုဇလင်းတို့ ရှိသေးတာပဲ"

"သူ့ အစ်မကရော"

"သူ့အစ်မက ခင်မျိုးဆက်တဲ့ စမ်းမြဖြစ်ခင် ရန်ကုန်တက္ကသိုလ်လောကမှာ ကျောင်းသူတွေထဲက တစ်ယောက်တစ်ယောက်ဟာ အလှသို့မဟုတ် အဆို၊ ဒါမှမဟုတ် ဆိုရှယ် ဆိုပါတော့ဗျာ။ နာမည်ကြီးကြတာတွေရှိခဲ့တယ်တဲ့။ ဒေါ်ခင်မေဆက်တို့ ညီအစ်မကတော့ သူတို့တစ်ခေတ်တက္ကသိုလ်မှာ အလှဘုရင်မတွေပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်ဗျာ၊ ဒေါ်ခင်မေဆက်တောင် ခင်ဗျားတို့က သူဌေးမကြီး၊ သူဌေးမကြီး ပြော,ပြောနေတော့ ကျွန်တော့်စိတ်ကူးမျက်စိထဲမှာ သူ့အိုရွတ်တွ သူဌေးမကြီးလို့ အောက်မေ့နေတာ။ သေသေချာချာမြင်ရတော့ (၄၀)ကျော်၊ (၅၀)ထဲရောက်ပြီဆိုတာတောင် သူ့အလှ မကျန်သေးဘူးနော်"

"သူ့အစ်မ ခင်မျိုးဆက်ကပိုပြီး ကိုယ်လုံးကိုယ်ပေါက်လှတယ်တဲ့။ အန်ကယ်ဦးမင်းချိန် ကျွန်တော့်ကို ပြောပြတယ်"

"ဒေါ်ခင်မျိုးဆက်ကရော အခုဘယ်မှာလဲ"

"နိုင်ငံခြားမှာလို့ပြောတယ်၊ ဘယ်လိုပဲလှလှပေါ့ဗျာ မိန်းမတွေဟာ ဖန်းလိုပါပဲ။ သူတို့ကျက်သရေကို ကြည့်ပြီးကြည်နူးခံစားနိုင်တဲ့သူရှိရင် ကောင်းတာပေါ့။ ခုတော့ ဒေါ်ခင်မေဆက်ဟာ ဒီလိုပဲ အပျိုကြီးဘဝနဲ့နေတော့မယ် ထင်ပါရဲ့ ဟဲ. . .ဟဲ။ ကျွန်တော်. . .ဟဲဟဲ ကိုဆက်ချင်တယ်ဗျာ။ ရှင်မင်းတွေးရဲ့အလှဟာလဲ ရေမြေလိုက်သွားပြီး ဒေါ်ခင်မေဆက်ကြီးလို ဖြစ်သွားရင်ဖြင့် နမြောစရာကြီး"

"ဒါခင်ဗျား ကျွန်တော့်ကို ချိန်ချလိုက်တဲ့ စကားလုံးပါဗျာ။ တည့်တည့်ပြောရင် ရိုပ်မိပါတယ်"

"ဟဲဟဲ ဟိုဒင်းလေဗျာ၊ မမျှပေသည်၊ လှလေလျက်လည်း။ တောကြီးလုံခင်၊ အသွင်အမရော၊ တော်ထိုက်စွာမျှ ကြည်ဖြူသက်ပေးကြင်သူ ဧကတော့၊ ဝဋ်ကြွေးငယ်ဖန် ကျန်လေသည်"ဆိုတဲ့ ဂန္ထလောကခေတ် ကဗျာတစ်ပုဒ်လိုပေါ့"



"အေးဗျာ ဒေါ်ခင်မေဆက်လို မိန်းမတစ်ယောက်မှာ အချစ်မရှိခဲ့ဘူးဆိုရင်တော့ ကျွန်တော်မယုံနိုင်ဘူး။ ဟော. . .ဟော"

ဒေါက်တာအုန်းမောင်က ကားကိုအိမ်ဝင်းထဲ ချိုးဝင်စဉ် ခင်းရွှေဖုံသည် အလန့်တကြား အော်လိုက်၏။

"ဘာဖြစ်ကြတာပါလိမ့်"

အိမ်ကြီး၏ ပတ်ဝန်းကျင်တွင် လုံခြုံမှုအတွက် ထွန်းထားသော လျှပ်စစ်မီးများ ထိန်ထိန်လင်းနေ၏။ ဆင်ဝင်အောက်တွင်မူ ရဲအရာရှိနှစ်ယောက်၊ ရဲဘက်မှကားတစ်စီး။ သက်ဖေတို့ လင်မယား ဦးကျိုးမြိုင်ပါ ရှုပ်ယှက်ခတ်နေ၏။ ရဲသားနှစ်ယောက် လက်ထဲတွင်မူ အသက်နှစ်ဆယ်လောက်အရွယ် လူငယ်လေးတစ်ယောက်မှာ နင်းကန်အော်ဟစ်နေ၏။

"ခင်ဗျားတို့ ကျုပ်ကိုသတ်နိုင်တယ်၊ ဖမ်းချင်လဲဖမ်းကြ၊ ခင်ဗျားတို့ မသတ်ခင် ဒီသူဌေးမဆိုတဲ့ ခင်မေဆက်ကို ကျုပ်လက်နဲ့သတ်ရမှ (လူငယ်လေးသည် ရင့်သီးစွာ ဆဲလိုက်၏။) သူများပစ္စည်းတွေ မတရားယူထားတဲ့ သရဲမ၊ တစ္ဆေမကြီး၊ သွေးစုတ်မကြီး။ ခစ် ခစ် ခစ်"

အော်ရင်း ဟစ်ရင်းမှ လူငယ်လေးသည် အမြှုပ်တစီစီ ပါးစပ်မှထွက်လာကာ မေ့လဲကျသွားတော့သည်၊ ဆရာဝန်နှစ်ယောက်ကတော့ ဘေးမှမြင်ကွင်းကို ခဏလျစ်လျူရှုထားကာ အရင်ဆုံးလူငယ်လေးကို သာ ပြေးကြည့်ကြ၏။ ညှော်ခန်းတွင်းသို့ မ,ချီသွားရင်း ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com



သတိရအောင် လုပ်ကြ၏။ သို့သော် ချက်ချင်းသတိမရပေ။ ဒေါက်တာအုန်းမောင်သည် သူလိုချင်သော ဆေးတစ်လုံးကို မင်းရွှေဖုံထံမှ တောင်းယူကာ သူငယ်လေးအား ထိုးပေးလိုက်၏။

"ကဲ...ရဲအရာရှိ၊ နောင်ကြီးကို ကျွန်တော် တောင်းပန်ပါတယ်၊ ခုကိစ္စ ဘာဖြစ်တာလဲလို့ ကျွန်တော် မသိဘူး ခင်ဗျ"

ဒေါက်တာ အုန်းမောင်က ပြောလိုက်၏။

"ကျွန်တော်တို့လဲ မသိဘူး" ရဲအရာရှိက ပြောလိုက်ပြန်သည်။

"ကာယကံရှင် ကျေနပ်တယ်ဆိုရင် ဒီသူငယ်လေးကို ကျွန်တော် ဆေးရုံခေါ်သွားဖို့ ရဲအရာရှိများ ခွင့်ပြုပါ၊ ပြီးတော့ ဥပဒေအရ ကိစ္စတွေဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပါ။ သူငယ်လေးက နော်မယ် မဟုတ်ဘူး။ (ဒေါက်တာအုန်းမောင်သည် အင်္ဂလိပ်လိုညှပ်၍ ပြောလိုက်၏။) ဦးနှောက် ကျပ်ပြည့်ပုံမရဘူး။ စိတ္တဇဆေးရုံခေါ်သွားပြီး လိုအပ်ရင် ဓာတ်နဲ့နှိပ်ပြီးမှ ရဲဘက်ကို အပ်ပါရစေ"

"ဟုတ်ပါတယ်၊ ကာယကံရှင်ဆိုရင် ကျွန်တော်ပါပဲ။ ကျွန်တော် အားလုံးသိပါတယ်။ ကျွန်တော်ကျေနပ်ရင် ပြီးတယ်မို့လား။ ဒီကိစ္စ ကျွန်တော်အားလုံးသိပါတယ်။ သူငယ်လေးက စိတ်မမှန်ဘူး ခင်ဗျာ၊ ကယောင်ချောက်ချားဖြစ်နေတာ ကြာပါပြီ"

ဦးကျိုးမြိုင်သည် ဝင်ပြောလိုက်၏။

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့လဲ တယ်လီဖုန်းဆက်ခေါ်တာနဲ့ အပြေးအလွှားလာရတာ။ ဒီရောက်တော့ ဓားတစ်ချောင်းနဲ့ ဒီလူ့လက်ထဲ ရုန်းကန်နေတဲ့ သူငယ်လေးကို မြင်ရတာပါပဲ။ ဓားကို သက်သေခံပစ္စည်းအဖြစ် သိမ်းယူပါရစေ"



"ယူသွားနိုင်ပါတယ်။ ကဲ..သက်ဖေ၊ ငါ့ကားပေါ် ဒီသူငယ်လေးကို တင်လိုက်၊ မင်းပါလိုက်ခဲ့"

"ကျွန်တော်လဲ လိုက်ခဲ့မယ်လေ"

မင်းရွှေဖုံက ပြောလိုက်သည်။

"မလိုပါဘူးဗျာ၊ ခင်ဗျားနားဦး။ ဦးကျိုးမြိုင်နဲ့ ကျွန်တော်ပါရင် တော်ပြီ"

ရဲအရာရှိများပါ ကူညီ၍ သူငယ်လေးအား ကားပေါ်တင်ကာ ဒေါက်တာအုန်းမောင်သည် ကားကိုမောင်း၍ ထွက်သွားတော့သည်။ ရဲအရာရှိများသည်လည်း မင်းရွှေဖုံကို ယဉ်ကျေးစွာ နှုတ်ဆက်၍ ထွက်သွားကြ၏။

"မစိန်ခင် ဘယ်လိုဖြစ်ကြတာလဲ"

သက်ဖေ၏မိန်းမ ထမင်းချက် မစိန်ခင်ကို မင်းရွှေဖုံသည် မေးလိုက်၏။

"ဆရာကြီးပြန်လာရင် ထမင်းကျွေးဖို့ ကျွန်မစားပွဲခင်းနေတုန်း အိမ်နောက်ဘက်က ကိုသက်ဖေအသံ ကြားတာနဲ့ ကျွန်မပြေးထွက်သွားတာ အပေါ်တက်တဲ့ နောက်ဖေးလှေကားရင်းမှာ ကိုသက်ဖေနဲ့ ဒီသူငယ် လုံးထွေးနေတာ တွေ့တာပဲ။ ဦးကျိုးမြိုင်က အပြင်ခဏသွားနေတယ်။ နောက်မှရောက်လာတယ်၊ ကျွန်မကတော့ ဂိတ်ကို တယ်လီဖုန်းဆက်လိုက်တယ်။ ဦးကျိုးမြိုင်က ဆရာကြီးသွားတဲ့အိမ်ကို မဆက်ရဘူးတဲ့။ သူငယ်လေးက ဝက်ရူးပြန်တာလားမသိ။ စိတ်တော့မနှံ့ဘူးလို့ ပြောတာ ဟုတ်မှာပဲ၊ ပါးစပ်ကလဲ သူ့ဖွေးမကြီးဆိုတာကို ကျွန်ဆဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ။ ဦးကျီးမြိုင်က ပြောတယ်၊ ဂါတ်ကို ဖုန်းဆက်တာ ဆက်ပေစေတော့တဲ့''

''သူဌေးမကြီးရဲ့ အိမ်ကိုတော့ မဆက်ရဘူးတဲ့။ ဒီကိစ္စ သိလည်း မသိစေနဲ့တဲ့''

''ဟင်း . . . ကဲ . . . ကဲ ထမင်းပွဲပြင်ထား၊ ကျွန်တော်ပြန်လာရင် စားမယ်၊ ကျွန်တော့်ကားကို ကျွန်တော်ကိုယ်တိုင်ပဲ မောင်းပြီး ဟိုဘက်အိမ်က လူနာကို သွားကြည့်လိုက်ဦးမယ်''

သူတစ်ဖက်အိမ်ရောက်လျှင် ဒေါ်မေကြည်သင်းက ဆီး၍ကြို၏။

''ကိုကိုရယ် နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်နေတယ်၊ ဒေါက်တာ ဝင်ကြည့်ပါ''

သူသည် လူနာရှိရာသို့ ဝင်ကြည့်၏။ အဘိုးကြီးသည် နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။ သူ့အပါးတွင်မူ လက်တွန်းလှည်းပေါ်တွင် ထိုင်နေသော သူနာပြုဆရာမဘက်တီဖြစ်ဟန်တူသည်။ သူတို့သည် ဖြည်းညင်းစွာ လူနာခန်းမှ ထွက်လာကြ၏။ ဆရာမဘက်တီသည်လည်း နောက်က ကလေးမလေး၏ အကူအညီဖြင့် ဧည့်ခန်းတွင်းသို့ ရောက်လာသည်။

ဘက်တီသည် ခပ်ဝဝ မျက်နှာပြည့်ပြည့်နှင့် အစဉ်ပြုံးနေပုံရ၏။ သူ့အား လက်တွန်းလှည်းပေါ်မှပင် စကားပြောခွင့်ပြုဖို့ တောင်းပန်နေ၏။

''ကိစ္စမရှိပါဘူး ဆရာမကြီးပြောပါ''

''မနက်က သင်းသင်းပြောပြလို့ လူနာ့အခြေအနေ အားလုံးသိပြီးရောပေါ့ဆရာ။ ဘက်တီတောင်းပန်ချင်တာက ဒေါက်တာဝင်းမှန်



ပြန်မလာမချင်း ဆရာပဲ လိုအပ်တာကို သူ့ခုလိုအပ်နေဆဲမှာ လာကြည့်ပြီး ညွှန်ကြားပါ၊ ဆေးထိုးဖို့တော့ ဘက်တီ တာဝန်ယူနိုင်ပါတယ်''

''ကောင်းပါတယ်လေ၊ ကျွန်တော် ကူညီနိုင်ပါတယ်။ မနက်က အခြေအနေအရတော့ ဆေးရုံမှာဆို လူနာအတွက် ပိုအဆင်ပြေမလားလို့၊ ခုတော့ ကျွန်တော် ထင်တာထက် အခြေအနေကောင်းလာတယ်''

''ဆေးရုံကြီးတင်ဖို့တော့ မဖြစ်နိုင်လွန်းလို့ပါ။ နောက်ပေးအိုးသိမ်းပေးတဲ့ အာယာတွေ၊ လူနာခန်းသန့်အောင်လုပ်တဲ့ ကုလားတွေ၊ လူနာတွေအတွက် အစားအစာ လိုက်ဝေတဲ့ ဘိုင်တွေမြင်တာနဲ့ကို အစာမစားဘဲ ရောဂါတိုးမယ်။ အထူးသဖြင့် သူ ခဏခဏ လက်ဆေးချင်တဲ့ နွားနို့ပြဿနာက ပိုကြီးလာမှာပါ''

''ဒီနွားနို့နဲ့ လက်ဆေးတဲ့ကိစ္စက ဘယ်တုန်းကလောက်က ဖြစ်လာတာလဲ''

''နှလုံးမသတီတဲ့ရောဂါကတော့ ဖြစ်နေတာကြာပါပြီ၊ နွားနို့ လက်စဆေးတာကတော့ ဟိုပန်းချီပြပွဲမှာ လဲကျသွားကတည်းကိုက၊ နော် . . . မေကြည်သင်း ဟုတ်တယ်နော်''

ဒေါ်ဘက်တီသည် ဒေါ်မေကြည်သင်းဘက်လှည့်ကာ မေးစဉ်တွင် မေကြည်သင်းက မျက်လုံးဟန်ပန်နှင့် တားမြစ်လိုက်ပုံ အရိပ်အခြည်ကို ဒေါက်တာမင်းရွှေဖံ မြင်လိုက်၏။ ဒေါ်ဘက်တီသည် စကားစကို ဖြတ်လိုက်၏။ သူသည် အမျိုးသမီးနှစ်ဦး၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ကာ ရှေ့သို့စကားမဆက်တော့ဘဲ ပြန်ရန် နှုတ်ဆက်လိုက်တော့၏။

''နေပါဦး ဆရာကြီးရယ်၊ ကော်ဖီသောက်သွားပါဦး''

www.burmeseclassic.com

www.burmeseclassic.com



သူ့အမူအရာအတွက် ဒေါ်မကြည်သင်းသည် အားတုံ့အားနာဖြစ်နေဟန်ပေါ်သည်။ သို့သော် သူ့အား ကားအထိလိုက်၍ ပို့လိုက်သည်။

ပန်းချီပြပွဲမှာ ဘာကြောင့်များ လဲကျသွားပါလိမ့်၊ သူသည် စဉ်းစားရင်း ကားကိုညင်သာစွာမောင်း၍ အိမ်ကိုပြန်လာခဲ့သည်။

ပြဿနာများ များလှသော ထိုတနင်္ဂနွေညကိုမူ သူတိုတိုနှင့် စာရင်းဖြတ်ကာ အိပ်ရာဝင်လိုက်တော့သည်။

* * *

## အခန်း ( ၃ )

## သခင်လှဦး

တနင်္လာနေ့သည် လူနာသစ်များကို လိုက်လံကြည့်ရှုရ၏။ (၁၃၊ ၁၄)အခန်းမှာ တာဝန်ယူရသော အခန်းဖြစ်သည်။

လူနာသစ်တစ်ယောက်ကို ခုတင်အမှတ်(၅)တွင် သူတွေ့ရသည်။ လူနာ၏ ရောဂါအဖြစ်အပျက်နှင့် အခြေအနေအရပ်ရပ်ကို ခုတင်ခြေရင်းတွင် ချိတ်ထားသော ပုံစံဖယားအတွင်းမှ သူအားလုံး သိရှိပြီးဖြစ်လေသည်။ သူသည် ဆရာဝန်ကောင်းတို့၏ အရည်အချင်းများထဲမှ လိုအပ်သော အရည်အချင်းတစ်ခုကို သူပြုနေကျအတိုင်း ပြုလိုက်၏။

အားရပါးရ ပြုံးလိုက်ရင်း...

"သခင်လှဦး နေကောင်းပါရဲ့လား ခင်ဗျာ"ဟု နှုတ်ဆက်လိုက်သည်။ တချို့ဆရာဝန်ကြီးများသည် ရောဂါကုသပုံ အထူးတော်ပါ၏။ မျက်နှာထား တင်းလွန်းသောကြောင့် လူနာများရော၊ လူနာရှင်များပါ ဆရာဝန်ကြီးနှင့် စကားပြောရမှာကို အလွန်ကြောက်ရွံ့၏။ ခင်မင်စ ရာမှ ရယ်မောပြုံးရွှင်သော ဆရာဝန်၏မျက်နှာသည် ဆေးကုသခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုဘဲ ရောဂါတစ်ဝက်လောက်ကို သက်သာစေပါသည်။ လူနာသည်
မျက်လုံးကို အားယူ၍ဖွင့်ကာ ခေါင်းညိတ်ပြလိုက်သော်လည်း ခွန်အာ
က အလွန်နည်းနေပုံရ၏။ ရောဂါဒဏ်ကြောင့် အသက် (၃၄)ဟူ၍ရေ
ထားသော်လည်း လူအိုကြီးတစ်ယောက်လို ပုံပျက်နေ၏။

အိပ်ရာပေါ်တွင် နားနေ၍ ရက်ရှည်ကုသရမည့် ရောဂါဖြ
သည်။ လူနာ၏နှလုံးမှာ အလွန်အားနည်း၍ နေလေသည်။ အသာ
ဝါ၍ဖျော့တော့နေရုံမက မျက်နှာက ပြည့်ပြည့်ဖောင်းဖောင်းကြီးနှင့် မူလ
အသားအရည်မဟုတ်ဘဲ ဖောသွပ်သွပ်ဖြစ်နေပုံရသည်။

တစ်လခန့် သူ၏လူနာအဖြစ် ကုသခံယူပြီးနောက် သခင်
လှဦးရောဂါအခြေအနေမှာ အတော်သက်သာ၍ ကောင်းမွန်လာသည်
သူ့အား စိတ်သက်သောင့်သက်သာနှင့် အားလပ်ချိန်များတွင် စကာ
ထိုင်၍ ပြောနိုင်လာသည်။

သူသည် နေ့လယ်တစ်ချိန်တွင် သူ၏တာဝန်အလှည့်မဟုတ်
သော်လည်း နံနက်ခင်းက တခြားလူနာတစ်ယောက်၏ အခြေအနေ
စိတ်မချ၍ နေ့ခင်းတစ်ခေါက် လာကြည့်ခြင်းဖြစ်၏။ သူလာကြည့်သော
လူနာ၏အခြေအနေမှာ သက်သာသည့်အဖြစ်သို့ မရောက်သေးသော်
လည်း အခြေအနေတန့်ရပ်နေသည်ဟု ဆိုရပေမည်။ ပိုမိုဆိုးရွားလာ
ခြင်းမဖြစ်သည်ကိုပဲ ကံတရားကို ကျေးဇူးတင်မိ၏။ သူ့လူနာကို ကြည့်
ပြီး သခင်လှဦးထံသို့ လှည့်ဝင်ခဲ့၏။ သခင်လှဦးသည် မျက်နှာကြည်
ကြည်လင်လင်နှင့် ခုတင်ပေါ်ထိုင်လျက် တွေ့ရ၏။ ရောဂါကျသွား၍
ယခင်လို ဖောသွပ်သွပ်မဟုတ်ဘဲ မူလမျက်နှာပေါ်၍လာသည်။



"ထိုင်ပါဦး၊ ဒေါက်တာ မင်းရွှေ"

"ဒီနေ့လေ သခင်လှဦးမျက်နှာ သိပ်လန်းဆန်းတာပဲ၊ ဖောတာတွေကျသွားတော့ သခင်လှဦးက လူချောပဲခင်ဗျ"

"ဟဲ..ဟဲ ဒေါက်တာဘာစားမလဲ၊ စိတ်ပါပဲလေ၊ ခါတိုင်းနေ့လယ်နားဖို့၊ အိပ်နေလဲ အိပ်ရာက နံ့ချည့်မှာ ငြိမ်ငြိမ်သက်သက်နေပါလျက်နဲ့ မောဟိုက်ဟိုက် နုံးချည့်ချည့်ကြီး၊ ကိုယ့်ဘာသာကိုယ်တော့သိတယ်လေ၊ ခုတစ်လောတော့ ရင်ထဲမှာကို ပေါ့ပေါ့ပါးပါးအသက်ရှူလို့လဲ သိပ်ကောင်းတာပဲ"

သခင်လှဦးသည် ခုတင်ဘေးတွင် ထိုင်လိုက်သော သူ့အားပြောပြနေ၏။

"အေးဗျာ၊ နှလုံးရောဂါသမားဆိုတာ ကိုယ်တိုင်က ကိုယ့်ရောဂါကို စိတ်ရှည်ရှည် သည်းခံရတာပဲ၊ နောက်ပိုင်းလဲ သတိထားပေါ့လေ၊ ကျွန်တော် အကြံပေးချင်တာကတော့ ခင်ဗျား ဆေးရုံကဆင်းရင် တစ်နေရာရာမှာ စိတ်လွတ်လက်လွတ် ခေါင်းအေးအေး ရှင်းရှင်းထားပြီး အနားယူတာကောင်းတယ်၊ ကျွန်တော် အမြဲတစေ လုပ်ချင်နေတာ တစ်ခုရှိတယ်ဗျာ၊ နာလန်ထ လူနာတွေအတွက် အနားယူစခန်းတစ်ခု၊ လူတွေက ယူဆချက်က တစ်မျိုးပဲ၊ အနားယူတာဟာ သူဌေးတွေအလုပ်၊ ဇိမ်ခံတာပဲနဲ့ တစ်မျိုးလက်ခံနေကြတယ်။ သုခဆိုတာ ဆင်းရဲတဲ့သူမှ တွေ့ရမယ်၊ ချမ်းသာတဲ့သူ မတွေ့ရဘူးလို့မရှိဘဲ၊ သဘာဝဆိုတာ ခန္ဓာကိုယ်ရှိသမျှ ဝေဒနာဆိုတာလဲ အနည်းနဲ့အများရှိမှာပဲ၊ စိတ်ဆိုတာ ရှိသမျှလဲ ပူပန်စိုးရိမ်စရာ၊ တွေးစရာတောရာရှိမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သခင်လှဦးသည် ပြုံး၍ခေါင်းညိတ်ပြ၏။

"အတူးသဖြင့် ခင်ဗျားတို့လို နိုင်ငံရေးသမားတွေဟာ အပြင် ပတ်ဝန်းကျင် အခြေအနေနဲ့ ကိုယ့်ရင်ထဲက ခံယူချက်နဲ့ ခွင်မကျသဖြ စိတ်မောမောပြီး ကြာတော့ နှလုံးရောဂါဖြစ်လာတာပဲ။ နှလုံးအခန်းတွေ ပျက်လို့ဖြစ်တဲ့ နှလုံးရောဂါမျိုး သွေးပို့သွေးကြောတွေကျဉ်းလို့ အဆ ပိတ်လို့ဖြစ်တဲ့ နှလုံးရောဂါတွေ မဟုတ်ဘူး။ ဒါပေမယ့် လွယ်လွယ် လေးနဲ့အကုရခက်တယ်လေ"

"ဟုတ်ပါလေ့ဗျာ"

"တချို့မိန်းမတွေလဲ ဆင်းရဲတဲ့ အိမ်ရှင်မှာလဲ သူ့အလျော် သူပဲ၊ ချမ်းသာတဲ့ အိမ်ရှင်မှာလဲ ဝမ်းစာအတွက် မပူရပေမယ့်လ ပြဿနာ၊ သားသမီးအပူ၊ ယောက်္ျားမနဲ့မသင့်မတင့်ကိစ္စတွေ စုပေါင် ပြီး ရောဂါရယ်လို့ မဟုတ်ဘူး၊ တဖြည်းဖြည်း ယိုင်လာတာပဲ၊ ကျွန်တော် လူနာတွေကတော့ တချို့အမျိုးသမီးတွေကို ဘာဆေးမှမကုဘဲ သူ လင်တွေကို တစ်ပက်ခေါ်ပြောပြီး အိမ်ဆိုတဲ့ အနှောင်အဖွဲ့ကြီးက ခဏ ကင်းလွတ်ထားပြီး နားခိုင်းလိုက်တာပဲ"

"မှန်ပါတယ်၊ မှန်ပါတယ်"

"ချမ်းသာတဲ့ လူကတော့ ဘာအရေးလဲ တခြားတစ်မြို့တ ရွာသွားလဲ ပရိုက်ပိတ်ပိုက်ဆံခန်းမှာ တစ်လလောက်နားလိုက်ရ အတော့ကို သက်သာတာ၊ အများအခန်းမှာ တခြားလူနာနဲ့အတူ နေတဲ့ နာလန်ထတွေကျတော့ အနားယူရမယ့်သူက ဘယ်လောက် ဆေးရုံကအပြုအစုကောင်းတယ်ထားဦး၊ ညဖက်ကိုယ်က အိပ်ချင်နေ အချိန် ဘေးကလူနာက ထအော်တာကြည့်မလား၊ သည်းနေတဲ့လူ



သေသွားတဲ့ လူနာတွေကြည့်မလား။ အဲဒီလို အနိဋ္ဌာရုံ ပတ်ဝန်းကျင် မြင်ပြီး မရှိတဲ့ရောဂါတွေတောင် ဝင်လာတတ်တယ်၊ ကျွန်တော်သာ တတ်နိုင်ရင်လေ နာလန်ထ လူနာစခန်းဆိုပြီး အာရောဂျလို ရွာလေးတစ် ရွာတောင်ထားချင်တယ်ဗျာ၊ အလကားတော့ မဟုတ်ဘူး။ ဝင်ငွေ အပေါ်တည်ပြီး နှုန်းသတ်မှတ်ထားပေါ့။ အိမ်လေးတွေကလဲ ခပ်ဝေး ဝေးဆိုတော့ ကိုယ်ကြိုက်တဲ့ပုံစံနဲ့ ကိုယ်နားပေါ့လေ"

"အခမဲ့ဆိုရင် ပိုမကောင်းဘူးလား"

"ပရိသတ်က အခမဲ့ဆိုရင် ဘာမှလေးစားတာ မဟုတ်ဘူး ခင်ဗျ။ ပြီးတော့လဲ အစစ အစိုးရက လုံးဝတာဝန်ယူနိုင်တဲ့အချိန်မဟုတ် သေးခင်မှာ လူမှုဝန်ထမ်းဌာနအနေနဲ့ တစ်ပြားမှမတတ်နိုင်တဲ့ လူနာ အပေါ်မှာတော့ ကူညီနိုင်သလောက်ကူညီ၊ ကျန်တာကတော့ အခကြေး ငွေနဲ့ကိုယူပြီး အနားယူစခန်းတွေမှာ နေခွင့်ပြုသင့်တယ်။ ရောဂါ အလျောက်ပေါ့၊ တချို့ရောဂါက တောင်ကုန်းမြင့် တောင်ပေါ်စခန်းတွေနဲ့ သင့်တယ်၊ တချို့က ပင်လယ်ကမ်းခြေနဲ့သင့်တယ်၊ သင့်သလိုပေါ့ဗျာ။ ဝင်ငွေအပေါ် မူတည်လုပ်တော့ တာရေးကြီးရော၊ မှန်ပြားသလက်သည် ရော နားနိုင်တာပေါ့"

သခင်လှဦးက ဟက်ဟက်ပက်ပက် ရယ်၏။ ဘာကိုသဘော ကျသည်မသိ။

"ခင်ဗျားတို့လို နိုင်ငံရေးသမားမဟုတ်တော့ ကျွန်တော့် စကားလုံးက ရယ်စရာဖြစ်နေလို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော်လဲ ရောဂါသိပ်သဲနေတုန်းက ဒီလိုပဲတွေးမိတယ်၊ ခုလဲတွေးမိတယ်၊ တကယ် နားလိုမှ နားစရာဆို တာ တယ်ရှားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"လူတန်းစား ဆိုဘာကိုတော့ ခွဲခြမ်းစိတ်ဖြာပြီး ကျွန်တော် မပြောချင်ဘူး။ ဒါပေမယ့် အလွှာအသီးသီးမှာ ကျွန်တော် သနားတဲ့ လူတန်းစားတစ်ရပ် ရှိတယ်ဗျာ"

ဒေါက်တာ မင်းရွှေဖံက ပြောလိုက်၏။

"ဘယ်သူတွေလဲ"

"စာရေးကြီးတွေလေဗျာ၊ ကျွန်တော်ငယ်ငယ်က ဖေဖေ ခဏ ခဏ ကြိမ်းတယ်၊ မင်းဟာ စာရေးကြီးပုံစံ ဘာမှမတီထွင်တတ်ဘဲနဲ့ အကြိမ်းခံရတယ်၊ ကျွန်တော် ဆရာဝန်ဖြစ်လာတော့ လူနာတွေထဲမှာ စာရေးကြီးတွေ ပါပါလာတတ်တယ်၊ ကျွန်တော်ဖြင့် သူတို့ဘဝလေ့လာ ရင်းက တယ်စိတ်ညစ်တယ်၊ အောက်တန်းစာရေးက အထက်တန်းဖြစ် အလွန်ဆုံး ရုံးအုပ်ပေါ့၊ သက်တမ်းစေ့တော့ ပင်စင်ယူ၊ မလောက်မင ပင်စင်လစာလေးနဲ့ အသက်လဲရှည်ရှည် မနေရဘူး။ ဘယ်ဌာနဖြစ်ဖြစ် သူတို့မရှိရင် အလုပ်ခွင် ယန္တရားက မလည်နိုင်ဘူး၊ ရုံးမှာအထက်ရာ အော်သရွေ့ ဖိုင်လေးတွေ ပိုက်ပိုက်ပြီး ခါးလေးတွေ ကုန်းကုန်းကုန်း ကုန်းနဲ့ ပြေးလိုက်ကြရတာ သေသည်အထိ ဆိုပါတော့။ ကျွန်တော် ကုတဲ့ စာရေးကြီးမိသားစု တစ်အိမ်ထောင်မှာဖြင့် ရောဂါပျောက်ပြီး နာလန်ထအချိန်မှာ နားဖို့လိုရင် ကျွန်တော်လေ ကြားထဲက သိပ် အသက်ရှုကျပ်တာပဲ။ ဘာဖြစ်လို့လဲဆိုရင် နေရတဲ့အိမ်က နားဖို့ ကောင်းဖို့နေနေသာသာ မထွက်သေးတဲ့အသက်တောင် ထွက်ပစ်လိုက် ချင်တယ်။ ခုတော့ တခြားရုံးတွေမပြောနဲ့ နယ်မှာကျွန်တော် အအေက်(စ်)အဖြစ် နေရတဲ့အခါ ဆေးရုံက ရုံးစာရေးကြီးများတွေ့ရင် အပြစ်ရှိတောင် သူတို့ကို ကျွန်တော် မဆူချင်ဘူး။ မအော်ချင်ဘူး။



သေပြောတဲ့ တီထွင်တတ်တာ မတီထွင်တတ်တာတွေ ဘေးချိတ်ပြီး သူတို့ကို တတ်နိုင်သလောက် စာနာပြီး ကူညီရတယ်၊ ရုံးစာရေး တစ်ယောက်က ပြောပြဖူးတယ်။ နေမကောင်းနေတုန်းဆို အိမ်ခလောက် အိမ်ဆည်းလည်း မကာလို့ ဘာဖြစ်ဖြစ် ကိုယ့်ရင်သွေး အော်သံတောင် ကိုယ်မကြားချင်ဘူးတဲ့"

"ဟုတ်မှာဗျ၊ ကျွန်တော်လဲ ဆေးရုံကဆင်းရင် နားဖို့စိတ်ကူး ချက်ပါပဲ။ အမေနဲ့လဲ တိုင်ပင်ဦးမယ်၊ စာရေးကြီး မပြောပါနဲ့ဗျာ၊ ကျွန်တော်တောင် ဘယ်မှာ ဘယ်နားယူရမလဲဆိုတာ စဉ်းစားရဦးမယ်၊ ပြင်ဆင်ရဦးမယ်၊ ကိုယ့်ဘက်က ကိုယ်လျှောက်လဲရရင် လုပ်ဟာလုပ်ဟာ နဲ့ ရှိသမျှစည်းစိမ် စွန့်လွှတ်ပြီး တကယ်စွန့်စား လုပ်ခဲ့ရတာလဲ ဒီနိုင်ငံ ရေးသမားပဲ၊ အာဏာရချိန် အခွင့်ရေးယူတတ်တဲ့ နိုင်ငံရေးသမား တချို့ ကြောင့် နာမည်ပျက်ရတာလဲ ဒီနိုင်ငံရေးသမားပဲ၊ အခုတချို့သူတွေမှာ ခေတ်အဆက်ဆက် ကျွန်တော် ဘယ်လိုပါခဲ့ပါတယ်ဆိုတာရယ်လို့ တမဖွဲ့တတ်၊ မထုတ်ဖော်တတ်လို့ သေတဲ့အထိ တော်တစ်လုည်း ပြတ် တစ်လုည်းနဲ့ သေရတာပဲ၊ ဒီနိုင်ငံရေးသမားပဲ၊ ဒါပေမယ့် ဝမ်းနည်းစရာ မရှိပါဘူး။ အခုခင်ဗျား ပြောသလိုပါပဲ၊ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ် ဦးတည်ဆောင်ရွက်ခဲ့တာနဲ့ မှန်းခြေမပေါက်လေတော့ ခင်ဗျားပြောတဲ့ ဝေဒနာ ကျွန်တော်ခံစားနေရတာပဲ၊ အခုတိုင်းပြည် လွတ်လပ်ရေးရတာ ဆယ်နှစ်နီးပါးရှိနေပေမယ့် ကျွန်တော့်မှာတော့ နားစရာ အိမ်တစ်လုံး တောင်အခြေချဖို့မရှိဘူး။ အမေ့ကိုလဲ လူမှန်းသိတတ်ကတည်းက ပစ်ထား ပြီး ငါတို့တိုင်းပြည်ကြီး ချမ်းသာဝပြောရင် အမေလဲ ပါတာမှာပဲဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခံယူချက်နဲ့ လုပ်လိုက်တာ ခု နှလုံးရောဂါရလို့ ဆေးရုံပေါ်ရောက်နေတော့ ဈေးပန်းခေါင်းပေါ်ရွက်စားနေရတဲ့ အမေကပဲ ကျွန်တော့်ကို လာပြုစုနေရတယ်။ အဲဒီတော့လဲ အမေ့အိမ်မှာ ရောဂါသည်အနေနဲ့ ပြန်ပြီး မနားချင်ဘူး''

''ကျွန်တော် အခြေအနေအရပ်ရပ်ကို နားလည်ပါတယ်။ သခင်လှဦး အနားယူဖို့တော့ ဖေဖေနဲ့ ကျွန်တော် စီစဉ်ပေးမယ်၊ ဖေဖေရယ် ကျောက်ဖြူအိမ်ကြီးမှာ တစ်ယောက်တည်း၊ ကျွန်တော်ကလဲ သူနဲ့အတူ မနေနိုင်၊ မေမေကလဲ ဆုံးသွားတာကြာပြီ၊ ဖေဖေဟာ (၆၀)ကျော် (၇၀)တွင်း ဆိုပေမယ့် သူ့စိတ်ကို သက်သောင့်သက်သာဖြစ်အောင်နေတတ်တယ်။ ခင်ဗျားနဲ့အတူနေဖို့ သဘောကျပါလိမ့်မယ်။ ဖေဖေနဲ့ ကျွန်တော်...ဟော...ဟော''

ဒေါက်တာ မင်းရွှေဖေသည် စကားကို မဆက်နိုင်ဘဲ အခန်းအဝသို့ လက်ညှိုးထိုးကာ ပြလိုက်သဖြင့် သခင်လှဦးသည် လှမ်း၍ကြည့်လိုက်၏။ သခင်လှဦး မျက်နှာသည် ဝင်းထိန်သွား၏။

''ဟာ ခင်မေဆက်တို့ပါလား။ လာ...လာထိုင်'' မင်းရွှေဖေသည် အံ့သြသွား၏။ ဟိုနေရာသွားလည်း ခင်မေဆက်၊ ဒီနေရာသွားလည်း ခင်မေဆက်၊ သူ၏အိမ်ရှင် ဒေါ်ခင်မေဆက်သည် ဘယ်လိုမိန်းမစားမျိုးပါလဲ။ သခင်လှဦး လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်ကို ဦးညွှတ်၍ ပြုံးကာ ဒေါ်ခင်မေဆက်သည် သူတို့အနား ရောက်လာ၏။ ရှင်မင်းထွေးသည် ထိုစဉ်က အထက်တန်းစားများသာ ဓာတ်စာအဖြစ် သုံးနိုင်



သော သြစတေးလျမှ ပန်းသီး (၅)လုံး၊ နီညိုရောင် စပျစ်သီးအစိတ်သားခန့်ကို နုနုစိတ်စိတ်လေး ထိုးထားသော ကြိမ်ခြင်းလေးနှင့်ထည့်၍ကိုင်ဆောင်ကာ၊ ဒေါ်ခင်မေဆက်နှင့်အတူ လိုက်လာသည်။

''ရော့...သခင်လှဦး စိတ်ကြည်အောင်လို့ မေကိုယ်တိုင်ရိုက်တဲ့ နှင်းဆီအဖြူနဲ့အဝါ'' ဒေါ်ခင်မေဆက်သည် သူ့လက်ထဲမှ နှင်းဆီပန်းများကို သခင်လှဦး လက်ထဲသို့ ထည့်လိုက်၏။ သူတို့အနားတဝန်းကျင်တွင် နှင်းဆီရနံ့သည် သင်းပျံ့၍နေသည်။

''လက်စသတ်တော့ သခင်လှဦးက ဒေါက်တာမင်းရွှေဖေရဲ့ လူနာကိုး''

ဒေါ်ခင်မေဆက်သည် မင်းရွှေဖေအား ပြုံး၍နှုတ်ဆက်လိုက်၏။

''ကျေးဇူးတင်လိုက်တာ ခင်မေဆက်၊ ဒေါက်တာကလဲ ခင်မေဆက်ရဲ့ မိတ်ဆွေပဲလား''

''အိုး...မေတို့အိမ်ကြီးကို ဒေါက်တာ ငှားနေတာပဲ''

''သြော်...စကားမစပ်မိကြဘူး ခင်မေဆက်''

''ကဲ...စကားပြောရစ်ကြပါဦး။ ညကျမှ ကျွန်တော့် လူနာကို တစ်ခေါက်လောက် လာကြည့်ဦးမယ်၊ စိတ်တော့မချရသေးဘူး။ ပြန်ခွင့်ပြုပါဦး အန်တီမေ''

ရှင်မင်းထွေးဘက်သို့လှည့်ကာ ''ဆရာပြန်ဦးမယ် ရှင်မင်းထွေး''

ဒေါက်တာ မင်းရွှေဖေသည် အားလုံးအား နှုတ်ဆက်၍ ပြန်သွားခဲ့၏။

သူ့ခေါင်းထဲတွင် ဒေါ်ခင်မေဆက်သည် လွှမ်းမိုးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က ဒေါ်ခင်မေဆက်အား သတ်ရန်လာသော သူငယ်လေးကိုစွကလည်း ဘယ်လိုပြီးပြတ်သွားသည်မသိ။ ဦးကျိုးမြိုင်က ပွင့်ပွင့်လင်းလင်း ပြောကြားချင်ပုံမရ၍ သူသည်မမေးတော့။ ဒေါက်တာအုန်းမောင်ခရီးရှည် ထွက်သွားပြီဖြစ်၍ နှစ်ယောက် မဆုံမိကြသေးပေ။ ရှုပ်မင်းတွေးထံမှ ဖြစ်စေ၊ သခင်လှဦးထံမှဖြစ်စေ၊ တစ်နေ့နေ့တော့ သူ့နှလုံးသားအားလှုပ်မိုးနေသော ဤအမျိုးသမီးကြီး၏ အကြောင်းမှာ ရှင်းလင်းသွားတန်ကောင်းပါရဲ့။

နောက်တစ်ပတ်အတွင်းတွင် သူ၏စိုးရိမ်ရသော လူနာမောင်ထွန်းဖေမှာစိတ်ချလောက်သော အခြေအနေရှိပြီဖြစ်၍ "မတင်ခန်း" ဟုခိုသော စိတ်မချရသည့် လူနာများထားသည့်အခန်းမှ အပြင်ထုတ်က၊(၁၃၊ ၁၄) အခန်းသို့ပြောင်းရွှေ့ထားလိုက်ရသည်။ လူနာသည် ငယ်ရွယ်၍ ရောဂါကျသွားသည့်အခါတွင် အားအတက်မြန်၍ လာလေသည်။ အစာကို အဆီများသော ဝက်သားလို အစာမှလွဲ၍ တခြားအစာများကို စားသောက်နိုင်သည်။

နောက်ထပ် ဒေါ်ခင်မေဆက် လူနာလာမေးသည်ကို မတွေ့ရသော်လည်း တစ်ပတ်တစ်ခါ သခင်လှဦးထံသို့ သင့်လျော်သော ကွဲကောသီး ပန်းသီးစသော သစ်သီးခြောက်စာများကို အပို့လွှတ်သည်ဟု သိရသည်။ နှစ်ပတ်မြောက်သောနေ့တွင်မူ သူရောက်လာချိန်တွင် သခင်လှဦးအား ခုတင်ပေါ်တွင် မတွေ့ရဘဲ ရွှေ့ပြောင်းထားသော သူ၏လူနာမောင်ထွန်းဖေ၏ အပါးတွင် ကွဲကောသီးနွှာပြီးသားများကို ကိုင်ကျွေးနေသည်ကို တွေ့ရ၏။

"ဟောဗျ မိတ်ဆွေ ဖြစ်နေကြပြီကိုး"

ဒေါက်တာ မင်းရွှေဖံက ပြောလိုက်၏။



"ဖြစ်ဆို သူတို့ကလဲ ခင်မေဆက် အမျိုးတွေလေ" သခင်လှဦးက ပြန်၍ဖြေ၏။

"အို...သူနဲ့အမျိုးတော်တယ်လို့ မပြောပါနဲ့။ ကိုယ့်ဝင်းတံခါးပိတ်ပြီး သောခတ်နေတဲ့သူနဲ့ ကျွန်မတို့လဲ အမျိုးတော်စရာ မလိုပါဘူး"

လူနာ၏ မိန်းမသည် မျက်နှာထား တင်းတင်းနှင့် နှုတ်ခမ်းစူတာ ခပ်ဆောင့်ဆောင့် ပြောလိုက်၏။

"ညွန့်ညွန့် ဆက်ကျွေးလိုက်ပေတော့၊ ငါဒေါက်တာ မင်းရွှေဖံကို ဒီနေ့သွေးစစ်တဲ့ စာရွက်ပြန်ရလာလို့ ပြရဦးမယ်"

သခင်လှဦးသည် ဆူဆူအောင့်အောင့် စကားပြောလိုက်သော လူနာ၏ မိန်းမလက်သို့ ကွဲကောသီးပန်းကန် အပ်ခဲ့ကာ သူ့ခုတင်သို့ ပြန်လျှောက်သွား၏။ ဒေါက်တာမင်းရွှေဖံကသာ စကားပြောကျန်ရစ်၏။

"ညွန့်ညွန့်ယောကျ်ားနဲ့ ကွဲကောသီးနဲ့ သိပ်တည့်တာပဲ။ နေ့လယ်ပိုင်းဆိုရင်လဲ ရှောက်သီးတို့ သံပရာသီးတို့ကို အရည်ညှစ်ပြီး လူးကို့စ်နဲ့ တိုက်သိလား။ လိုအပ်တာရှိရင် ဆရာ့ကိုပြော၊ ကွဲကောသီးကတော့ သခင်လှဦးဆီက ကောင်းကောင်းရနိုင်ပါတယ်၊ ဒေါ်ခင်မေဆက်က အမြဲလိုလို ရှိနေတာ"

ညွန့်ညွန့်၏ မျက်နှာထားမှာ သိသိသာသာ ပျက်သွား၍ မောင်ထွန်းဖေ၏ မျက်နှာမှာမူ ကွဲကောသီးကိုစားရင်း အံ့ဩနေပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်လှဦးသည် သူ့ခုတင်ရှိရာသို့ ပြန်သွားပြီး မနက်က သူနာပြု ဆရာမလေးပေးသွားသည့် သွေးစစ်စာရွက် အဖြေကိုပြလိုက်သည်။

"သွေးနီဥရဲ့ ရာခိုင်နှုန်းကလဲ မူလကလူကောင်းတစ်ယောက် ရှိသင့်တဲ့ ရာနှုန်းအပြည့်နီးနီး တိုးလာပြီး သွေးချိန်လဲ တစ်ရာကျော် လာတော့ ဝမ်းသာစရာပဲ။ ခါတိုင်းဆို ၁၀၀ ကို တစ်ခါမှမပြည့်ဘူး။ သွေးတိုးရှိသူက ဖြစ်လာရင် မြန်မြန်သေတတ်တယ်။ ခင်ဗျားတို့က သွေးအားနည်း။ သွေးချိန်ကလဲ လျော့တော့ စိုးရိမ်စရာ ရှိပေမယ့် မြန်မြန်မသေဘူး"

"တလှုပ်လှုပ်နဲ့ သေရမှာလား"

"အို . . . သခင်လှဦးကလဲ ခင်ဗျားမသေတော့ဘူး။ စိတ်ချ မသေတော့ဘူး။ ကျွန်တော့်ဆရာဝန်ကြီး ဦးအေးကိုလဲ ခင်ဗျားရောဂါ ကို တင်ပြပြီး ဆွေးနွေးကြတယ်။ တစ်လလောက်တော့ နေလက်စနဲ့ ဆက်နေပါဗျာ။ ဆရာဝန်ကြီးက ပြောတယ်။ နိုင်ငံခြားကို သွားကုတဲ့ လူတွေရောဂါသက်သာ မြန်တာက အကြောင်းတစ်ခုရှိတယ်တဲ့။ ဟို ရောက်သွားတဲ့ လူနာတွေဟာ ကိုယ့်အိမ်ပြန်ချင်ဇောနဲ့ ဆေးရုံရဲ့စည်း ကမ်းကိုရော ဆရာဝန်စကားကိုရော အတိအကျ လိုက်နာတယ်တဲ့။ ဒီမှာတော့ ဆရာဝန်ရဲ့စကားကို နားမထောင် ထင်သလိုနေတတ်တဲ့ အကျင့်ရှိတယ်တဲ့"

သခင်လှဦးသည် အားရပါးရ ရယ်လိုက်၏။

"အေးဗျာ၊ ခင်ဗျားတို့စကားကို နားထောင်ပါ့မယ်"

ဒေါက်တာမင်းရွှေဖံသည် မောင်ထွန်းဖေရှိရာ ခုတင်သို့ လက်ညှိုးထိုးပြ၏။



"မောင်ထွန်းဖေ ရောဂါဆို ကျွန်တော်ဟာ အပြင်လူနာအဖြစ် ကုနေတာ ငွန်းအစ်က စလာတာပဲ။ ငွန်းအစ်ကသေနိုင်တဲ့ရောဂါ မဟုတ် ဘူး။ ဝက်သားအစားများတာနဲ့ ဆေးရုံတင်ရတဲ့ဘဝ ရောက်ရတာ၊ ကောင်းလို့ မသေတာ။ ရောဂါက မသေပေမယ့် အစားမတတ်၊ အနေမတတ်တာနဲ့ သေရတာတွေ တယ်ခက်တယ်။ ဒါနဲ့နေဦး ကျွန်တော်ကလဲ စပ်စုတတ်တယ်။ အဲဒီညွှန့်ညွှန့်က ဆင်မလိုက်က ဝက်သားသည်တွေက ဝက်သားလက်လီယူပြီး မုန့်လက်ဆောင်းကုန်း တို့လို ရပ်ကွက်တွေဆီမှာ ခေါင်းရွက်ရောင်းသည် လုပ်နေတယ်။ သူ့ ယောကျ်ားမောင်ထွန်းဖေက အလုပ်မရှိဘူး။ ဒါတွေဒေါ်ခင်မေဆက် သိလို့ထင်တယ်။ သိရင် သူ့ဓာတ်စာလေးဘာလေး ပို့ပေးမယ်လို့ ကျွန်တော်ထင်တယ်"

မင်းရွှေဖံသည် အသံနှိမ့်၍ တိုးတိုးလေး ပြောလိုက်သည်။ မောင်ထွန်းဖေခုတင်နှင့် သခင်လှဦးခုတင်မှာ အခန်းဝနှင့် ထိပ်ဆုံးခုတင် ဖြစ်၍ သူတို့စကားများကို မောင်ထွန်းဖေခုတင်မှ မကြားနိုင်ပေ။ သခင် လှဦးသည် သက်ပြင်းလေးချရင်း ခပ်တိုးတိုးပင် ပြောပြ၏။

"ခင်မေဆက်ဟာ ကျွန်တော့်ထက် (၁၀)နှစ်လောက်ငယ် မယ်။ ဒီမှာတော့ သူ့ဂုဏ်သရေလိုက်ပြီး ဒေါ်တတ်ခေါ်နေကြတာ။ ကျွန်တော်တို့ မြောင်းမြမှာတော့ ဂျပန်သတ်လို့သေသွားတဲ့ သခင် သောင်းစိန်တို့ကအစ သူတို့ညီအစ်မကို ကောင်မလေးတွေပဲခေါ်တယ်။ သူတို့အဖေကြီး ဦးဆက်နဲ့လဲ ကျွန်တော်တို့ရင်းနှီးပါတယ်။ နောက်မှ သူတို့အကြောင်း ပြောပြကြတာပေါ့။ ဟိုဒင်းလေ၊ ကျွန်တော်တစ်ခု ပြောချင်တာကတော့ မင်းရွှေဖံလဲ ကြားဖူးမှာပေါ့၊ ဟိုပုံတစ်ပုံ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

မင်းရွှေဖံသည် သခင်လှဦးရှေ့ရှိ ခုံလေးတောင့်ပေါ်တွင် ထိုင်လိုက်၏။

"ရဟန်းတစ်ပါးဟာ ကုသိုလ်ကံသိက္ခာရှိစွာနဲ့ လမ်းလျှောက်ပြီး ဆွမ်းခံကြွတာကို ဘုရင်ကြီးက လေသာပြတင်းကလှမ်းမြင်တယ်။ ရဟန်းတို့ ကုသိုလ်နဲ့ ပြည့်စုံပါပေတယ်ဆိုပြီး သဒ္ဓါစိတ်က အလွန်ထက်သန်လာပြီး သူ့ပွဲတော်တည်မယ့်ဆဲဆဲ ဆွမ်းဦးကိုယူပြီး ပညာရှိအမတ်ကို လောင်းခိုင်းတယ်။ ဒီကိုယ်တော် ဘယ်ထိကြွသွားသလဲဆိုတာလဲ လိုက်ကြည့်ခိုင်းတယ်လေ။ ပညာရှိအမတ်လဲ ဆွမ်းလောင်းလိုက်ပြီး ရဟန်းရဲ့နောက် ခပ်လှမ်းလှမ်းကနေလိုက်တယ်လေ။ ရဟန်းဟာ သူ့လမ်းအတိုင်း ကြွသွားပြီး မြို့ပြင်က ဇရပ်တစ်ဆောင်အပေါ်ကို တက်သွားပြီး ဇရပ်ပေါ်မှာထိုင်နေတဲ့ မိန်းမတစ်ဦးကို သူယူလာတဲ့ သပိတ်ကိုလှမ်းပေးလိုက်တယ်၊ အပေါ်ရုံသင်္ကန်းကိုလဲ ချွတ်လိုက်တယ်။ ပညာရှိအမတ်က တွေးတယ်၊ ဒီအတိုင်းသာ ပြန်လျှောက်ထားရင် ဘုရင်မင်းမြတ်ရဲ့ သဒ္ဓါစိတ်လဲပျက်မယ်၊ ရဟန်းအပေါ်လဲ အကြည်ညိုပျက်မယ်၊ ဒီမိန်းမက ဘယ်သူမှန်းလဲငါမသိ၊ သည်တော့ သုံးဦးသုံးဖလှယ် အကျိုးမပျက်ရအောင် ငါကြည့်လုပ်မယ်ဆိုပြီး ပြန်သွားတယ်၊ နန်းတော်ရောက်တော့ ရှင်ဘုရင်ကြီးကို လျှောက်ထားလိုက်တယ်။ "အရှင်မင်းမြတ် ကျွန်တော်မျိုး ရဟန်းမြတ်နဲ့ မနီးမဝေးက နောက်ယောင်ခံပြီး လိုက်သွားပါတယ်ဘုရား။ မြို့ပြင်လဲ ရောက်ရော ရဟန်းမြတ်ဟာ ကျွန်တော်မျိုး မျက်စိအောက်က ရဟန်းအသွင် ပျောက်သွားပါတယ်ဘုရား"လို့ လျှောက်ထားလိုက်တယ်၊ အို အင်မတန် တန်ခိုးကြီးတဲ့ ရဟန်းမြတ်ပဲ၊ ဒီလိုကိုယ်ယောင်ဖျောက်နိုင်တာဟာ ရဟန္တာမြတ်များသာ



ရှမ်းနိုင်တယ်"လို့ ဘုရင်ကြီးဟာ ပိုပြီးဒါနအပေါ် ပီတိပွားသတဲ့။ အဲဒီလိုပေါ့ဗျာ၊ သုံးဦးသုံးဖလှယ် အကျိုးရှိဖို့အရေးကြီးပါတယ်။ ပုံပမာအခိုင်းအနှိုင်းလွဲချင်တော့လွဲမယ်၊ ကျွန်တော့်ကို သဒ္ဓါစိတ်နဲ့ပေးလိုက်တဲ့ ကျွဲကောသီး မောင်ထွန်းဖေလဲ စားရ ရောဂါလဲသက်သာ၊ ဒီအဖြေရဖို့ အရေးကြီးပါတယ်ဗျာ။ ခင်မေဆက်ထားရှိတဲ့ သဒ္ဓါစိတ်စေတနာက ကျွန်တော့်အပေါ်ထားရှိတဲ့ စိတ်မျိုးမောင်ထွန်းဖေတို့အပေါ် ထားနိုင်ပါလိမ့်မယ်လို့ခင်ဗျား ပြောနိုင်မလား။ သူတို့ ဆွေရေးမျိုးရေးကိစ္စအသေးစိတ်လဲ ကျွန်တော် ဘယ်သိနိုင်ပါ့မလဲ"

"အေးဗျာ ကျွန်တော်နားလည်ပြီ၊ ကျွန်တော်နားလည်ပြီ သခင်လှဦး ဒါကြောင့် နိုင်ငံရေးသမား လူတော်တစ်ယောက်အဖြစ် မြောင်းမြဒီစတြိတ်မှာ နာမည်ကျော်ခဲ့တာပဲ၊ ခင်ဗျားနဲ့တွေ့ရတာ ကျွန်တော် ကျေးဇူးအများကြီးရှိပါတယ်။ ကဲ. . .သွားဦးမယ်"

သူသည် အိမ်သို့ ပြန်လာခဲ့၏။ နောက်အပတ်ထဲမှာ မောင်ထွန်းဖေသည် ဆေးရုံမှဆင်းခွင့်ရ၏။ အပြင်လူနာအဖြစ် မင်းရွှေဖံသည် ဆေးတိုက်တွင်တော့ သူ့အားဆက်လက် ဆေးကုသပေးလျက်ရှိသည်။ သခင်လှဦး တစ်ယောက်သာ ဆက်လက်၍ ဆေးရုံကြီးတွင် ကျန်ရစ်နေပေသည်။

မောင်ထွန်းဖေတို့ လင်မယားနှစ်ယောက်ကိစ္စကိုမူ သူတို့နှစ်ယောက် စကားမစပ်မိတော့ပေ၊ ရှင်မင်းတွေးကိုလည်း သူကိုယ်တိုင် မတွေ့ဖြစ်သေး။ သခင်လှဦးထံသို့ သစ်သီးခြောက်စာများကို ပို့သူမှာ ဒေါ်ခင်မေဆက်၏ ကားမောင်းသမား ဒီဗန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုမှာ ပူပြင်းခြောက်သွေ့လာသည်။ ကဆုန်လ
ပထမပတ်ဖြစ်၏။

နွေဦးမယ်သည် ဝင်ရောက်လာစတွင်မူ မြခါးစီးကြိုးတွင်
သန္တာပွင့်များ စီခြယ်ထား၍ ယိမ်းနွဲ့တိမ်းပါးနှင့် သူလာဟန်သည် သိမ်
မွေ့ပါပေ၏။ လေညင်းသွေးတိုင်း နုသစ်လှသော မြ၏အစိမ်း သန္တာ
အနီအသွေးများမှ ခါးရမ်းကြိုးမှ ဖွာလွင့်ပျံ့ကြ၍ သစ်ကိုင်းများအပေါ်
တွင် ထင်ရစ်၏။ နွေနတ်သမီး၏ မြစိမ်းရောင် ပဝါနုသည် မြေလွှာ
ကို ထိတွေ့ဖိုးမိုးနေသော နေမင်းရာဇာ၏ တိုက်ရိုက်အပူရှိန်ကို ခံသာ
အောင် အလယ်ကတားဆီးထားသည်။

နွေနတ်မင်းသည် တဖြည်းဖြည်း အိုလာလေလေ မြခါးရမ်း
ကြိုးမှ ကျောက်စိမ်းပွင့်ခက်များ လွင့်စဉ်ပျောက်ပျက်ကုန်ကြသည်
နေပူရှိန်ကို ကာကွယ်ထားသော မြပဝါသည်လည်း စုတ်ပြတ် ရိနွမ်း
လာသည်။ အလှလျော့ပါးလာသော နွေနတ်မယ် ပတ်ဝန်းကျင်တွင်
သစ်ကိုင်းခြောက်အိုအိုကြီးများသာ ခ,စားလျက် ကျန်ရစ်တော့သည်
နေမင်းရာဇာ၏ အပူဒဏ်သည် ယခုတော့ မြေကိုတိုက်ရိုက်ထိတွေ့
၍လာပေပြီ။ မြေလွှာသားသည် ပူအိုက်လွန်း၍ ကွဲအက်၍သာလာ
သည်။ မြေလွှာ၏ သားမြေးများဖြစ်သော သစ်ပင်များသည် သူတို့၏
ဖြူဆွတ်လှသော ခြေဖဝါးနုနုလေးများကို ရေဖြင့်သွန်းလောင်း ဆေး
ကြောလိုလှ၍ မြေလွှာပေါ်တွင် သွန်ကျလာမည့် မိုးရေစက်များကို မျှော်
လင့်ရပြန်သည်။



"အစကတော့ သူလှပေသားပဲ" ဟူ၍ နွေဦးတေးကို ဆိုခဲ့သော သီချင်းသည် မောင်ဥသြက ပြော၏။ သူ၏အသံသည်ပင် မောတိုက်တုန်ယင်၍ လာခဲ့ပြီ။ မကြာမီပင် နွေဦးမယ်နှင့်အတူ သူတို့သည် သတ္တလောကမှ ပြောင်းရွှေ့သွားရပေတော့မည်။

"အချိန်တန်တော့လဲ သွားရမှာပါပဲလေ" ဟု ပြောင်းရွှေ့ရန် ပြင်ရင်း ဆင်ရင်းမှုသစ်ကိုင်းအိုများက တီးတိုးရေရွတ်ကြ၏။ ကျုပ်တို့ရောက်စက နွေဦးကိုအလှဆင်ခဲ့ပါသေးတယ်ဟု တချို့သစ်ကိုင်းအိုများကို သူတို့လုပ်ခဲ့သော အလုပ်အပေါ်တွင် ပြန်လည်သုံးသပ်ဟန်ကို ပညာရှိဆန်ဆန် ပြောပြကြသည်။

ရေအိုးလေးများ ကိုယ်စီရွက်လာသော လူ၏သမီးအစစ်ရင်နှစ်များကိုမြင်ရသော သစ်ပင်များကမူ မိုးဦး၏ရှေ့တော်ပြေး ကညာပျိုများသဖွယ် ဆီးကြိုကြသည်။ ဗုဒ္ဓဟော ရွှေညောင်ပင်သော်မှ မြသစ်ရွက်အရောင်မှိန်သောအခါ ရေကိုတောင့်တရပါ၏။ ညောင်ရေသွန်းချိန် နီးလာပေပြီ။

မင်းရွှေဖုံ၏ အိမ်ရှေ့မြက်ခင်းမှာမူ ဦးကျိုးမြိုင် လက်စွမ်းကြောင့် မြရောင် မြက်တို့ဖြင့် မြေသားကို ဖုံးလွှမ်းထားနိုင်၏။ မင်းရွှေဖုံသည် တနင်္ဂနွေပေါင်း မြောက်မြားစွာကို ဤအိမ်ကြီးမှာ ကုန်လွန်လာခဲ့သည်။ ယနေ့ တနင်္ဂနွေမှာမူ ရောက်စ သူမမေ့နိုင်ခဲ့သော တနင်္ဂနွေနေ့လို သူ့အဖို့ ထူးခြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ဧည့်ခန်းတွင် ရှင်မင်းထွေးနှင့် ဆုံကြရခြင်းကြောင့် ဖြစ်၏။

“လာမယ်ဆိုရင် အထွေး ကြိုတင်ပြီး ဖုန်းဆက်ထားရောပေါ့ ကံကောင်းလို့ပဲ လူချင်းဆုံရတယ်၊ တနင်္ဂနွေနေ့တိုင်း အားတယ်ဆိုပေမယ့် ကိုယ့်လူနာ ကိုယ်စိတ်မချရင် ကျွန်တော်က မြို့ထဲသွားတတ်တယ်” ရှင်မင်းထွေးကို ဧည့်ခံရင်း သူကပြောပြ၏။

“သြော်...ကြိုတင် အကြောင်းမကြားမိတာ ခွင့်လွှတ်ပါနော် ဒေါက်တာ၊ အထွေးကို ခွင့်ပြုရုံပါပဲ၊ အပေါ်ခန်းမထဲမှာ ပစ္စည်းတွေ ယူစရာရှိလို့ အထွေးလာတာပါ၊ ပစ္စည်းတွေ ချပေးဖို့နဲ့သယ်ဖို့ ဦးကျိုးမြိုင်ရယ်၊ ဒီဗန်းရယ်ရှိရင် ပြီးတာပါပဲ”

အထွေးသည် ပြုံးပြုံးရွှင်ရွှင်ပင် ပေါ့ပါးသွက်လက်စွာ ပြောပြ၏။

“အထွေး သဘောအတိုင်းပေါ့၊ ရောက်တဲ့အခါ အေးအေး ဆေးဆေးနေပါ အထွေးရယ်၊ ကျွန်တော်လဲ အထွေးလာလည်တော့ ပျော်တယ်လေ၊ အထွေးတို့အိမ်ကိုလဲ ဒီအိမ်ကြီး ပြောင်းစ တနင်္ဂနွေနေ့ကလွဲလို့ ကျွန်တော် မရောက်တော့ဘူးနော်၊ ကျွန်တော့်မှာတော့ တစ်ယောက်တည်း”

သူသည် သူ့စကား အဓိပ္ပာယ်ကို သူတစ်ယောက်တည်း သာသိ၍ ရုတ်တရက်ပြောရင်း ကြောင်သွား၏။

“အထွေးလဲ လာလည်ချင်ပါတယ်၊ ခုတလောမှာ ဆက်တိုက် လိုလိုပဲ တခြားလူနာတစ်ယောက်ကြောင့် မအားဘူး။ ဒီနေ့လဲ မလာရင် ကိုမဖြစ်လို့ လာရတာ၊ အန်တီမေက ကဆုန်လပြည့်တိုင်း ဆွမ်းကျွေး



တယ်၊ သူ့မေမေ ဆုံးတဲ့နေ့လေ၊ ခု...ကဆုန်လပြည့် သံဃာအပါး (၁၁)ပါး အိမ်မှာ ဆွမ်းကျွေးမယ်၊ သူစိမ်းလူတွေလဲ မဖိတ်ဘူး။

“ဆွေမျိုးတွေလဲ မဖိတ်ပါဘူး။ အဲဒါ စီစဉ်ရအောင် ဆရာမကြီး ဒေါ်မေတာစီဆီ သူနေရစ်ခဲ့တယ်၊ အထွေး ဒီကပြန်မှ မရမ်းကုန်းက ဒီလရှင်ဖရုပ်ကို ဝင်ကြိုမယ်၊ အန်တီမေက မှာလိုက်တယ်၊ သူစိမ်းဧည့်သည် မဖိတ်ဘူးဆိုပေမယ့် ဝတ်လုံဦးမင်းဟန်ရယ်၊ ဒေါက်တာမင်းရွှေရယ်ကို ဖိတ်မယ်တဲ့။ အထွေး တစ်ခါတည်း ဖိတ်ခဲ့ပါတဲ့၊ ကဆုန်လပြည့်နေ့နော်၊ ဆရာအားတယ် မဟုတ်လား”

“အားပါတယ်၊ အရေးတကြီး လူနာမရှိရင် အချိန်မီလာမယ်”

“ဆရာ ဘာလို့ ဆေးရုံဝင်းထဲမှာ ဆရာ့အတွက် ပေးတဲ့ အိမ်မှာမနေလဲ”

“လူနာအရေးကြီးရင် ကျွန်တော် ဆေးရုံမှာကို အိပ်စောင့်တယ်။ ကျန်တဲ့အချိန်မှာတော့ ခုလို ခပ်ဝေးဝေး တစ်ယောက်တည်း လွတ်လွတ်လက်လွတ် နေချင်တယ်”

“အန်တီမေနဲ့ တူလိုက်တာ၊ သူလေ သီးသန့်အေးအေး လူတစ်ယောက်တည်းနေတတ်တယ်။ သူ့အထာကို မသိသေးတဲ့ လူတချို့ကတော့ သူ့အမူအကျင့်ကို အပြစ်တင်တတ်တယ်၊ အေးလေ သူ့အကြောင်းကိုလဲ သူ့အဖေနီးနီး သူ့စိတ်ကို နားလည်တဲ့ ဝတ်လုံဦးမင်းဟန်နဲ့ ဒေါ်မေတာစီပဲ သိကြပါတယ်။ အထွေးတောင်မှ ခုမှ ဖြည်းဖြည်း နားလည်တယ်”

မောင်သက်ဖေမှာ အထွေးအတွက် ပေါင်မုန့်ကြက်ဥကြော် နှင့်ကော်ဖီ ယူလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . စားဦး အထွေး။ တစ်နေ့နေ့တော့ အန်တီမေကို ဖိတ်ပြီး အထွေးနဲ့အတူ ထမင်းကျွေးဦးမယ်"

ကော်ဖီပန်းကန်ကို အထွေးလက်သို့ လှမ်းပေးကာ ဖေ့ပါး သွက်လက်စွာ သူပြောပြနေ၏။

"ထမင်းကျွေးချင်ရင် ကြိုတင်ပြီး အန်တီမေကို ခွင့်တောင်း ပေါ့။ ဟစ်ယောက်တည်းတော့ နေပါတယ်။ ဒါပေမယ့် သူ့မှာ ကိစ္စ ကိစ္စများသား"

"ဘယ်လိုလဲ၊ ဘာအလုပ်တွေလဲဟင်၊ ကျွန်တော့်ကို စပ်စု တယ်မထင်ပါနဲ့၊ အန်တီမေကလေ လေးဘက်ကနေကြည့်ရင် ပုံမှန် လေးနှမြင်ရတဲ့ မိန်းမမျိုးထင်ပါရဲ့နော်၊ ကျွန်တော့် အန်တီအပေါ် သိပ်လည်း စိတ်ဝင်စားတယ်။ ဘယ်လိုနားလည်ရမှန်းလဲ မသိဘူး"

မင်းရွှေဇံသည် ပွင့်ပွင့်လင်းလင်း ပြောတတ်သူပီပီ ပြော လိုက်၏။ ရှင်မင်းထွေးသည် ခေါင်းလေးညိတ်ကာ ညိတ်ကာ နားထောင် သည်။

"ဟုတ်ပါတယ် ဆရာရယ်၊ အထွေးတောင် အထင်လွဲသွား တာတစ်ခုရှိတယ်။ ခုန အထွေးပြောတဲ့ လူနာ သရက်သီးသည် သမီး လေးကိစ္စဖြစ်လာမှ အထွေး သူ့ကို စိတ်ထဲက တောင်းပန်မိတယ် တစ်နေ့နေ့တော့ ပါးစပ်ကဖွင့်ပြီးကို တောင်းပန်ရဦးမယ်"

"ဘာဖြစ်လို့လဲ"

"အထွေးတို့ခြံနဲ့ ကပ်ရက်မှာ သရက်ခြံ တစ်ခြံရှိတယ်။ အဲ အဒေါ်ကြီးက သရက်ဖြူတို့၊ သလပ်ဖက်တို့၊ မန္တလေးရင်ကွဲတို့ တခြားသရက်မျိုးကောင်းတွေ စိုက်ပြီးသီးသန့် သိမ်ကြီးဈေးသစ် တန်းမှာ သွားရောင်းတယ်။ သူ့သမီးက စံရိပ်ငြိမ်က အဒေါ်ကြ



စ်ယောက်ဆီမှာ အလုပ်လုပ်တယ်၊ ကျောင်းအဆောင်မရတဲ့ ကျောင်း သူတွေ နည်းပြဆရာမလေးတွေ စုငှားတဲ့အိမ်မှာ အတူပေါ့။ ဘယ်လို ဖြစ်လဲမသိဘူး။ တစ်နေ့က ဝမ်းလျှောတာမှ ဟိုဝမ်းအတိုင်းပဲ၊ အထွေး တို့ကို သူ့အမေကြီး လာပြောတော့ လွန်နေပြီ၊ ညတွင်းချင်းပဲ အန်တီ ကိုယ်တိုင် စီစဉ်ပြီး ကန်တော်လေးက ကူးစက်တတ်တဲ့ ဆေးရုံပို့ တယ်။ အမေကြီးကလဲ ဘာမှမလုပ်တတ်၊ ဆေးရုံက ဆရာမတွေ လဲ အစွမ်းကုန် ကူညီပါတယ်။ သည်းတဲ့လူမမာကို ညလုံးပေါက်ပြု စု စပယ်ရှယ်နပ်စ်က လိုတယ်မဟုတ်လား၊ တစ်ခါတစ်ခါတော့လဲ ဆရာရော၊ အထွေးရော ဒီဆေးရုံသံသရာမှာ ကျင်လည်ရတဲ့ သူတွေ ဆိုတော့ ဆေးရုံသံသရာအကြောင်း နားလည်ပြီးသားပါ။ ကောင်းတဲ့ သူတွေ အများကြီးရှိသလိုပဲ၊ တချို့ကျတော့လဲ အဲဒီကူးစက်တတ်တဲ့ ဆေးရုံဆိုရင် "အင်ဂေ့" engage လူနာလက်ခံထားပြီး ဖြစ်တယ်ဆို က အကြောင်းပြပြီး ယဉ်ယဉ်လေးနဲ့ မလိုက်တဲ ငြင်းလိုက်ကြတယ်။ ဒီညက အန်တီမေက ပြောတယ်။ အန်တီက ငုတ်တုတ်ထိုင်ကြည့် ကလွဲလို့ ဘာမှမလုပ်တတ်ဘူး။ အထွေး သူ့ကိုပြုစုပါဆိုလို့ အထွေး ရက်လုံးလုံး ညလုံးပေါက် ကြည့်ပေးရတယ်။ ကောင်မလေးက သွားတောင်ဆုတ်နေပြီ။ အဲဒီဆေးရုံက ဆရာဝန်ကြီးတွေလဲ မနည်း ကြိုးစားပြီး သေမင်းလက်က ကောင်မလေးကို လုယူရတာပဲ"

အထွေးသည် ကော်ဖီပန်းကန်ကို ချလိုက်ကာ ဆက်၍ပြော သည်။

"ပထမတော့ အထွေး ထင်ထားတယ်၊ ပိုက်ဆံရှိတဲ့သူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ သူတို့ ဝေဒနာခံရရင် အဖြစ်သည်းလိုက်တာ။ ချက်ချင်းသေမယ့် ရောဂါမဟုတ်တဲ့ ငါတို့လို နုပ်စ်ကို စိတ်ကြိုက်လခမပေးပြီး ငှားထားတယ် ပေါ့။ ခုတော့လေ အတွေးက နုပ်စ်ရှယ်လို့ မဟုတ်ပါဘူး။ သူ့ရဲ့စက္ကူထဲ တေရီပါပဲ။ အန်တီမေကိုလဲ အဲဒီလိုမိန်းမမျိုးတွေထဲ ထည့်တွက်ထား မိတယ်။ အဲဒီသရက်သီးသည် မိန်းကလေး ရောဂါဖြစ်လာမှ အန်တီမေ ဟာ တစ်ယောက်တည်းနေချင်တဲ့ သူ့ဆန္ဒက သပ်သပ်ပဲ၊ တစ်ဦးတည်း ပိုင်လိုတဲ့ စိတ်မရှိတာကို နားလည်လာတယ်''

ရှင်မင်းထွေး စကားဆုံးလျှင် သူသည် တစ်စုံတစ်ခုက မေးလည်းမေးလိုက်၏။ မေးရမှာ အားတုံ့အားနာလည်း ဖြစ်နေမိသည် သို့သော် သူသည် သူသိလိုသည်ကို စကားခံကာ မေးလိုက်သည်

''အထွေး နားလည်ရင် ဆရာ့ကို ရှင်းပြပါလား။ ဒီပြဿနာ အရင်းခံကို အထွေးသိချင်လဲ သိမယ်၊ မသိလဲ မပြောပါနဲ့လေ၊ ဒါပေမဲ့ ဒီအကျိုးအကြောင်းကိုတော့ အထွေး ဒေါ်ခင်မေဆောက်ကို ပြန်မပြော နော်''

''ဘာလဲဆရာ၊ အထွေးသိရင် ပြောပြပါ့မယ်''

''အထွေးတို့လေ ဟိုတလောက ဆေးရုံကြီးလာပြီး သခ လှဦးရဲ့ ရောဂါကိုလာကြည့်တယ် မဟုတ်လား''

''ဟုတ်တယ်''

''ပန်းသီးနဲ့ စပျစ်သီးလဲ ပေးခဲ့တယ်၊ နောက်လဲ သစ် ခတ်စာကို တစ်ပတ်တစ်ခါ ပို့နိုင်းတယ်။ အဲဒီခတ်စာထဲက ကျွဲ သီးတွေကို သခင်လှဦးက တခြားလူနာတစ်ယောက်ကို ကျွေးတ အဲဒါ ဘယ်သူလဲ သိလား''



''ဟင့်အင်း''

''လူနာ နာမည်က မောင်ထွန်းဖေတဲ့၊ သူ့မိန်းမက မညွန့်ရီ သူတို့ဟာ ဒေါ်ခင်မေဆောက်ရဲ့ အမျိုးတွေဆို သခင်လှဦးက ကောင်း ကောင်းသိတယ်''

''အော် အထွေးလည်း သိပါတယ်၊ ဒေါ်မေတာ်ကြီးရဲ့သမီး ပဲ အခု အန်တီမေနေရစ်ခဲ့တဲ့ မရမ်းကုန်း သိလရှင်ဇရပ်က ဒေါ်မေတာ် ရဲ့သမီး''

''ဟင် သိချင်ပါတယ်ဆိုမှ ခတ်လမ်းက ရှည်လာလိုက်တာ အထွေးရယ်။ ကျွန်တော်ကလဲ အခြေအနေ နားမလည်တော့ သူ့အမျိုး လူနာတစ်ယောက် ဆင်းရဲဒုက္ခ ရောက်နေတာ ခတ်စာလေးတောင် ဝယ်မစားနိုင်ဘူး၊ အန်တီမေသိရင် ပို့ပေးမှာပဲလို့ အကြောင်းကြား လိုက်ရအောင် သခင်လှဦးဆိုတော့ သူကပုံတစ်ပုံလဲ ပြောပြတယ်၊ ပြီးတော့သူကပြောတယ် ကျွန်တော့်အပေါ်ထားတဲ့ သဒ္ဒါစိတ်မျိုး မောင်ထွန်းဖေအပေါ် ခင်မေဆောက်က ထားနိုင်ဦးမှကိုးတဲ့''

မင်းရွှေဖံသည် သခင်လှဦးပြောသမျှ အကုန်ပြောပြလိုက်၏။ ရှင်မင်းထွေးသည် လေးလေးနှင့် မှန်မှန်စဉ်းစား၍ တဖြည်းဖြည်းဖြေ၏။

''ဟုတ်တယ်၊ သခင်လှဦးပြောတာမှန်တယ်။ အလျှော့ကျောင်းတော့ အထောင်းလွတ်၊ တပည့်လိမ္မာတော့လဲ ဆရာအလွန် လွတ်တာပေါ့။ သုံးဦးသုံးဖလှယ် အကျိုးရှိဖို့ အရေးကြီးပါတယ်လေ။ ကိုထွန်းဖေတို့ဟာ ဒီသစ်သီးစားလို့ အာဟာရဖြစ်သွားဖို့က အရေးပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အန်တီမေ သိဖို့မသိဖို့ မလိုပါဘူး။ ဘာကြောင့် ဒါလောက်ပြတ်တောက်နေသလဲတော့ အထွေးအသေးစိတ် မသိဘူး။ ဆရာတစ်ခု သိထားစေချင်တာကတော့ အဲဒီမညွန့်ရီရဲ့အမေ ဒေါ်မေစာဝီကို အန်တီမေဟာ လစဉ်ထောက်ပံ့နေတယ်''

''ဟင်''

''သီလရှင် ဆရာကြီးက အသက် (၆၇)နှစ်ရှိပြီ၊ အထွေး အန်တီမေ့ကို လစဉ်လုပ်ပေးနေကြ အလုပ်ထဲမှာ ငွေပို့ပုံစံတစ်ခုနဲ့ (မန်နီအော်ဒါ) အမြဲရေးပြီး ငွေပို့ရတဲ့အလုပ် လုပ်ရလို့ အထွေးသိတာ။ ဒေါ်မေစာဝီက သရက်ချောင်းကျေးရွာ ဘုန်းကြီးကျောင်းမှာ သီလရှင်ဝတ်နေတယ်။ အဲဒါ လစဉ်ငွေမှန်မှန်ပို့ရတယ်၊ လွန်ခဲ့တဲ့နှစ်က ဆရာကြီးကလဲ မကျန်းမာဘူး။ ပြီးတော့လဲ ဒေါ်မေစာဝီရဲ့ ကံကလဲနည်းပါတယ်။ အိုပြီးသီလရှင်ဘဝ ရောက်နေတာတောင် လွတ်လွတ်ကျွတ်ကျွတ်မနေရ၊ မညွန့်ရီရဲ့သားနှစ်ယောက်ကိုလဲ သူနဲ့အတူ ကိုရင်ဝတ်ပြီး သာသနာ့ဘောင်မှာ ထားရတယ်။ ကလေးတွေ ဇာလဲတတ်၊ ကုသိုလ်လဲရပေါ့။ သရက်ချောင်းက ဆရာတော်ဘုရားကလည်း အန်တီမေတို့ အဖေ ဦးဆက်ရဲ့ ကိုးကွယ်တဲ့ဆရာတော်ကြီးဆိုတော့ ကိုရင်လေးနှစ်ယောက်ကို လက်ခံထားပါတယ်။ ဆရာကြီး ဒေါ်မေစာဝီကို ဦးကျိုးမြိုင်ကိုယ်တိုင်သွားခေါ်ပြီး မရမ်းကုန်းမှာ ဇရပ်လေးတစ်ဆောင် ဆောက်ပေးပြီး အန်တီမေက ထောက်ပံ့နေတယ်လေ''

မင်းရွှေဖုံသည် ခေါင်းလေးညိတ်ကာ နားထောင်ရင်း သူ့အတွေးမျက်စိထဲဝယ် ဒေါ်ခင်မေဆက်၏ စိတ်ထားပုံစံ အစိတ်အပိုင်းသည် တစ်ဝက်တစ်ပျက်တော့ ရုပ်လုံးပေါ်လာခဲ့၏။



''သခင်လှဦးပြောသလိုပါပဲ၊ သူ့သူ့ စိတ်ရှိတဲ့ သူ့အပေါ်မှာ အသက်ကြီးတယ်၊ ငယ်တယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ်ရယ်လို့ ခွဲခြားပုံမပေါ်ဘူး။ သူ့ခြံတံခါးဟာ အမြဲပွင့်နေပါတယ်။ သူ့သဘောစိတ်မရှိရင်တော့ သူ့ခြံတံခါးကို သော့ခတ်ထားမှာပါပဲ၊ ဒါဟာလဲ သူ့အကျင့် သူ့ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်မို့ အထွေးတို့ ဝေဖန်စရာမလိုပါဘူး''

ရှင်မင်းထွေးသည်လည်း စကားပြော ကျွမ်းကျင်သူပါပေတည်း။ ဒေါ်ခင်မေဆက်အပေါ် မသိမသာ ကာကွယ်ရင်း ချေပပြောဆိုသွား၏။

''ဟော အထွေး၊ ရောက်နေတာကြာပြီလား''

ဦးကျိုးမြိုင်သည် ညှိခန်းတွင်းသို့ ဝင်လာ၏။

''ဒီအခန်းသော့ကို ကျွန်တော် သိမ်းထားနေကျ၊ ဒီနေ့အပြင်ကိစ္စရှိလို့ သွားနေတာနဲ့ အေးမြပေးခဲ့ပါတယ်။ သူက အသိမ်းလွန်နေလို့၊ ကဲ . . . လာအထွေး''

''ဆရာ၊ အထွေးတို့ အပေါ်ထပ်ကပစ္စည်းတွေ ထားတဲ့အခန်းကို သွားမလို့ ခွင့်ပြုပါ။ ပိုကောင်းတာက ဆရာပါ တစ်ခါတည်းလိုက်ခဲ့ပါ၊ လာပါ''

ဤအခန်းထဲ ဘာတွေရှိသလဲဟူသော သိချင်စိတ်ကြောင့် အထွေးတို့နောက်မှ လိုက်၍သွား၏။ လှေကားရင်းတွင် ကားမောင်းသူ ဒီဗန်းသည် တောင်းတစ်လုံးနှင့် အဆင်သင့်စောင့်နေ၏။ သူတို့အားလုံး အိမ်ပေါ်ထပ်သို့တက်ကာ အိမ်ကြီး၏နောက်ဖက်ဆုံးအခန်းသို့ သွားကြသည်။ အခန်းကြီးသည် ပေ (၂၅၊ ၁၆)ပေခန့် ကျယ်ဝန်း၍ ပုံးကန်ဆိုင်လေးတစ်ခု ခင်းထားသည်နှင့် တူနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"လူ ၁၀၀ လောက်ကျွေးမွေးဖို့များတော့ အန်တီမေ့အိမ်မှာ လေ ဘာမှလာဖို့မလိုဘူး။ ပန်းကန်ခွက်ယောက်က အပြည့်အစုံရှိတယ်"

ရှင်မင်းထွေးသည် ပန်းကန်စင်များဖြင့် သပ်ရပ်သန့်ရှင်းစွာ ထားသော ပန်းကန်အရွယ်အမျိုးမျိုး အစားစားများကို လက်ညှိုးညွှန်ပြလိုက်၏။ သူ့လက်ထဲမှ စာရင်းကို ဦးကျိုးမြိုင်အား ပေးလိုက်၏။ ဦးကျိုးမြိုင်က စာရင်းအတိုင်း ပန်းကန်များကိုရွေးချယ်ကာ ဒီပန်းကတောင်းထဲသို့ စီ၍ထည့်၏။ ဆက်မိသားစု၏ ပြတိုက်တစ်ခန်း လိုပင် အခန်းထဲရှိပစ္စည်းများသည် အတိတ်က ဆက်မိသားစု၏ နေပုံထိုင်ပုံဆက်ဆံရေးကို တစ်စိတ်တစ်ပိုင်း ဖော်ပြနေဟန်ရှိ၏။

"ဆရာ ဒီဘက်လာပါဦး၊ ဒီမှာကြည့်စမ်း"

အထွေးခေါ်ရာသို့ မင်းရွှေဖုံ လိုက်သွားကာ အထွေးပြသည်ကို ကြည့်လိုက်၏။ လူ့တစ်ဖက်လောက်နီးနီး ကျောက်ကာခေါ်လေ မလား။ ကြွမ်ကိုပင် စစ်စေးသုတ်ထားလေသလား။ သူမသိသည့် သုံးဆင့်ထမင်းချိုင့်ကြီးတစ်ချိုင့်။

"အဲဒီထမင်းချိုင့်ကြီးက တရုတ်ထမင်းချိုင့်၊ တရုတ်ကလာတာ။ ဒီဟာတွေကတော့ ရိုးရိုးမြန်မာဖြစ် ကျောက်ကာထမင်းချိုင့်တွေ၊ ဒီချိုင့်မျိုးတွေကတော့ ရှေးမြန်မာဆန်ဆန်အိမ်တွေမှာ ရှိပါတယ်" အထ ရှစ်လက်မခန့် ကျယ်သောကျောက်ကာထမင်းချိုင့် အသေးလေးများကိုပြပြန်သည်။

"အပူအထည့်ခံတယ် ဆရာရယ်၊ ဟို ဆွမ်းအုပ်တွေကတော့ တောရွာဘုန်းကြီးကျောင်းမှာ ဆရာမြင်ဖူးပါတယ်၊ ဆွမ်းအုပ်တစ်အုပ် ကလဲ သယ်ရမယ့် လူ့ဗလကို အတော်ကြီးရမယ်"



အထွေးက ရယ်ကာပြောလိုက်၏။

"အို. . .သရက်ချောင်းမှာ ဝါဆိုဦးဆို တို့ရွာသူတွေ ကိုယ့်ဆွမ်းတောင်းကိုယ်ရွက်ပြီး ဘုန်းကြီးကျောင်းသွား သီလယူတာ။ တို့ရွာမှာ ကိုယ့်ထမင်းလုတ်ကိုယ်ရေတွက်ပြီး စားကြတာမှ မဟုတ်ဘဲ။ ဘုန်းကြီးလှူပြီးရင် ထမင်းယူမလာနိုင်တဲ့ ဉပုသ်သည်ရော၊ သူတောင်းစားရော ဆင်းရဲချမ်းသာမရွေး ဝေငှစားတာ"

ဦးကျိုးမြိုင်က သူ၏သရက်ချောင်းကျေးရွာ တစ်ခေတ်ကို ပြောပြလိုက်၏။

"ကျုပ်တို့ရွာသူတွေက အထွေးတို့မြို့သူတွေလို ခါးချည့်လေးတွေမှ မဟုတ်ဘဲ"

"ဒေါ်အေးမြကြီး မြင်ရတာနဲ့ သိပါတယ်ဗျာ" ဟု မင်းရွှေဖုံက အရွှန်းဖောက်၍ ပြောလိုက်၏။

"ဆရာ. . . ဒီမှာကြည့်"

အထွေးသည် မြန်မာယွန်းထည်ခွက် အနက်လေးများထဲမှ တစ်ခုကို ယူပြ၏။

"ရိုးရိုးနီးရေခွက်မဟုတ်ဘူး ဆရာ၊ အခု ဂျပန်ကလာတဲ့ ကျောက်ကာဗန်းအမျိုးအစားလိုပါပဲ။ အပူအအေးထည့်ရတယ်။ သစ်သီးစုံခွက်လိုပဲ၊ သစ်သီးအဖျော်တွေကိုလေ အဲဒါနဲ့ထည့်ကျွေးတယ်တဲ့၊ အန်တီမေက ပြောပြတယ်၊ အမှန်တော့ ဂျပန်က ပုံထုတ်ရာမှာခေတ်မီပြီး ခြယ်ထားတဲ့ပန်းချီက ပိုပြီးစားသာတာ။ မြန်မာကလဲ ထွင်နိုင်တိုင်းသူတို့နဲ့ယှဉ်နိုင်မှာပေါ့။ တစ်ခါတလေ သူ့ဖေဖေဟာ ရာဘာကုန်သည် နိုင်ငံခြားသားကိုယ်စားလှယ်တွေကို ထမင်းကျွေးရင် ဒီယွန်းထည်ကို

www.burmeseclassic.com



မြန်မာဖြစ်ဆိုပြီး အမွန်အမြတ်အနေနဲ့ ထည့်ကျွေးတယ်တဲ့။ ဖလ်ပန်းကန်တွေ၊ ကြွေပန်းကန်တွေ မသုံးဘူးတဲ့''

''အန်တီမေ့ အဖေဦးဆက်က ကုန်သည်ရော လုပ်သလား''
မင်းရွှေဇံက မေးလိုက်၏။

''အထွေး မသိဘူး''

''ဟုတ်တယ် ဟုတ်တယ်၊ မေတို့အမေရဲ့ မြေနုကျွန်းကြီးကလယ်တွေရောင်းပြီးတော့ တစ်လှည့်စီးပွားရေး ယိုင်အသွားမှာ သူကထားဝယ်သွားပြီး ရာဘာခြံလုပ်သေးတယ်လေ၊ အဲဒီတော့ နိုင်ငံခြားသား အဝယ်တော်တွေနဲ့ ဆက်သွယ်ရတာ'' ဦးကျိုးမြိုင်က ဝင်၍ပြောပြ၏။

''အထွေးကတော့ အဲဒီတစ်ခေတ်ကို မီလဲမမီဘူး၊ အန်တီမေနဲ့လဲ စကားမစပ်မိဘူး။ အထွေးပြချင်တာက ဒါပါ''

အထွေးသည် ကျောက်ကာခွက်လေးတစ်ခု၏ ကျောဘက်ကိုလှန်ပြလိုက်၏။ ပုံကြောင်ဦးထွက် ယွန်းပန်းများတွင် ရေးထားလျှက်ရှိသော ခေးချိုးနှင့်လှပသပ်ရပ်စွာ ရေးထားသည့် ရွှေရောင်''တံစဉ်''အမှတ်အသားဖြစ်၏။

''အဲဒါ ကျောက်ကာမြို့ကိုလေ ပစ္စည်းမှာလိုက်ကတည်းကသူ့အဖေက ပစ္စည်းတိုင်းရဲ့ ကျောဘက်မှာ အဲဒီတံဆိပ်ခေးရေးထားခိုင်းတယ်တဲ့။ နိုင်ငံခြားသားကိုယ်စားလှယ်တွေကို အမှတ်တရလက်ဆောင်ပေးတော့မယ်ဆိုလဲ အဲဒီတံဆိပ်ကိုတော့ သေသေချာချာ ရွှေမင်နဲ့ရေးထားတယ်တဲ့၊ အဲဒီ ''ရွှေတံစဉ်''အမှတ်အသားက ဆက်မိသားစုရဲ့ အစဉ်အဆက် အမှတ်အသားပဲ''



မင်းရွှေဇံသည် အမှတ်အသားတွေနှင့် ကြီးကျယ်ခမ်းနားလှသော စိတ်ကူးရှိသည့် ဒေါ်ခင်မေဆက်၏ အဖေကြီးကို မျက်စိထဲမှန်းကြည့်မိ၏။

''တစ်နေ့နေ့ ကြုံကြိုက်ရင် မင်္ဂလာညစာခံပွဲတစ်ခုခု၊ ပွဲကြီးလမ်းကြီးသွားရင် အန်တီမေ ပြင်ဆင်သွားတာ ပြချင်တယ်၊ ဆရာနဲ့ ကြုံကြိုက်ပါစေလို့ ဆုတောင်းတယ်''

''ဘာဖြစ်လို့လဲဟင်''

''အန်တီမေရယ်လေ၊ ခုတော့ သူ့မိတ်ဆွေထဲမှာ အင်မတန်ရင်းနှီးမှ မင်္ဂလာပွဲတွေ သွားပါတယ်။ ကျန်းမာတုန်းကတော့ သူညစာခံပွဲတွေသွားရင် အဝတ်အစား ထုတ်ပေးတာကအစ အထွေးက အဆင်သင့်လုပ်ပေးတယ်။ တောက်တောက်ပပ စိန်ရွှေတွေ သိပ်မဝတ်လှပါဘူး၊ အဲဒီ အဲဒီ ဆက်မိသားစု အမှတ်အသား ရင်ထိုးကိုတော့ သူ့ပဝါပေါ်မှာ အမြဲထိုးတယ်၊ ပုံကတော့ ဒီကျောက်ကာပေါ်မှာ ရေးထားတဲ့ပုံအတိုင်းပဲ၊ တံစဉ်လက်ကိုင်က ရွှေတံစဉ်ရဲ့ အသွားမှာတော့ စိန်သွားလေးတွေ တပ်ထားတာ လက်ရာကလဲနုတော့ စိန်လုံးတွေသေးပေမယ့် သိပ်လှတာပဲ၊ တဖိတ်ဖိတ်တောက်နေတာပဲ''

ဦးကျိုးမြိုင်သည် ပန်းကန်များကုန်း၍ ထည့်ရာမှ ခါးဆန့်လိုက်၏။ အထွေး၏စကားကို သူဆက်ပြော၏။

''ဟုတ်တယ်လေ၊ ဒီရင်ထိုးနှစ်ခုက ဆင်တူလုပ်ထားတယ်၊ တစ်ခုက ခင်မျိုးဆက်ကိုပေးတယ်၊ တစ်ခုက ခင်မေဆက်ကို ပေးထားတာ။ သူ့စိတ်ကူးက ကျွန်းကြီးကလယ်တွေနဲ့ သရက်ချောင်းလယ်တွေမှာ သူ့ဘိုးဘေးများဦးချစိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ သူ့ဘဝအစရဲ့ အထိမ်းအမှတ်တဲ့''

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ခင်မျိုးဆက်က ဘယ်ရောက်သွားလဲ" မင်းရွှေဇံက မသိသလို ဖြတ်မေးလိုက်၏။ ဦးကျိုးမြိုင်သည် စကားဆက်ကိုမဖြေ တော့ဘဲ ပန်းကန်များဘက်ကို စိတ်ရောက်သွားပြန်၏။

"နိုင်ငံခြားမှာတဲ့ ဘယ်တိုင်းပြည်မှာလို့ အတိအကျ အန်တီမေ သိပုံမပေါ်ဘူး။ အထွေးလဲ ဒေါ်ခင်မျိုးဆက်အကြောင်းကို သိချင်တယ်။ ဒါပေမယ့် သူ့မအကြောင်း တစ်ပိုင်းတစ်စ စကားစပ်ရင်း ပြောတဲ့နေ့ ဆိုအန်တီမေလေ သူ့ထုံးစံအတိုင်း လက်ကလေးတွေမြှော့ ခြေထောက် တွေ အေးစက်သွားပြီး အိပ်တဲ့အထိ ဆေးသောက်အိပ်ရပြန်ရော။ မမနဲ့ မသေခင်တော့ တွေ့သွားချင်ပါသေးတယ်"တဲ့။ သူ အဲဒီလို ညည်းရင် အထွေးပါ ရောင့်ချင်တယ်"

"အိုကွယ် . . .မိန်းကလေးကလဲ ရူးလိုက်တာ၊ သူနာပြု ဆရာမကလဲ လူနာထက် စိတ်နိုင်ရမှာပေါ့"

"ဟုတ်ပါတယ်လေ၊ အထွေးကိုက ဒီအကြောင်းရောက်ရင် အန်တီမေ ခံစားရသလိုပဲ၊ ဝမ်းနည်းပန်းနည်းပဲ၊ တစ်ခါတလေလဲ အယ်လ်ဗန်အဟောင်းတွေမှာ ထည့်ထားတဲ့ သူတို့ညီအစ်မ တက္ကသိုလ် မှာ ကျောင်းနေခဲ့တဲ့ပုံတွေ၊ သူတို့သရက်ချောင်းရွာက ပုံတွေ၊ မြောင်းမြ အိမ်ကပုံတွေကို အလွမ်းပြေ ကြည့်နေတတ်တယ်"

"ကဲ . . .အထွေး ပန်းကန်တွေတော့ ထည့်ပြီးပြီ၊ ကားက သေးတော့ အနည်းဆုံး နှစ်ခေါက်သယ်ရမယ်၊ သစ်သီးစုံတိုက်ဖို့ ကျောက်ကာခွက်ငယ်တွေပဲ ထည့်ရမယ်"

ဦးကျိုးမြိုင် ပြောလိုက်သောကြောင့် သူတို့စကားစ ပြတ် သွား၏။

"သယ်ရပေစေလေ၊ နောက်ဆုံးခေါက်မှ အထွေးလိုက်



ပ်တော့၊ ခုမနက် မိုးအုံ့ပါတယ်၊ နေမပူပါဘူး။ ခြံထဲမှာ လျှောက်ကြည့် သွားပါဦး။ ကောင်းကင်နေပုံက ကဆုန်လမပြည့်ခင် မိုးရွာချင်ရွာမှာ၊ ဖြစ်နိုင်ရင်တော့ အထွေးကို မနက်စာ ဒီအိမ်မှာ-တောင် ကျွေးလိုက်ချင် သေးတယ်"

မင်းရွှေဇံသည် အထွေးနှင့် စကားပြောချိန်ကို အများကြီး ချင်သောကြောင့် အချိန်ဆွဲလိုက်၏။

"ထမင်းတော့ စားနိုင်မှာမဟုတ်ဘူး။ ဒီကအပြန် အန်တီမေ့ ကို ဝင်ကြိုရမယ်၊ အန်တီမေ တစောင့်စောင့်နဲ့ ဖြစ်နေမယ်၊ အထွေး နောက်ဆုံးခေါက် ကားအလာမှာ ပြန်တော့မယ်။ ခြံထဲတော့ ကြည့်ဖို့ မလိုပါဘူး။ ဦးကျိုးမြိုင်ကြီး တစ်ယောက်လုံးက အန်တီမေ စိတ်ကြိုက် အသိဆုံးမို့ လက်ရာမပျက် ခြံကိုပြုစုထားမှာပါ။ ကဲ. . .ပြီးရင် ကြီးတော် ဒေါ်အေးမြကြီးနဲ့ သွားတွေ့ဦးမယ်"

ရှင်မင်းထွေးသည် ပစ္စည်းများသယ်ယူချထားပြီးမှ ပန်းကန် ထားရာ အခန်းကြီးကို သေချာစွာသော့ပိတ်ခဲ့၍ အောက်ထပ်သို့ဆင်း လာသည်။ မင်းရွှေဇံပါ အထွေးနှင့်အတူ ဦးကျိုးမြိုင်အိမ်ဘက်သို့ လျှောက်လာခဲ့၏။ အိမ်လေးဆီသို့ မရောက်ခင် တစ်ဖက်ခြံသို့သွားသော မလွှယ် တံခါးပေါက်အနီးမှ ဖြတ်လျှောက်သွားကြ၏။

"ဆရာ ရှင်းနိုင်းထားတာလား။ ဦးကျိုးမြိုင်ရှင်းထားတာလား"

အထွေးသည် ဆက်၍လျှောက်မသွားဘဲ မလွှယ်ပေါက်ကို လက်ညှိုးထိုးပြ၍ ခေတ္တရပ်ကာ မင်းရွှေဇံအား မေးလိုက်သည်။

"ခြံရှင်းရင်း ဦးကျိုးမြိုင်က ရှင်းထားတာပါ။ ဟိုတလေးကပဲ အဘိုးကြီး မနည်းဖြစ်လို့ ဒီမလွှယ်ပေါက်ကနေပြီး ကျွန်တော်သွားရ သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ အန်တီမေသောရှိရင် ဒီမလွယ်ပေါက်ကို လုံးဝ ပိတ်ထားမှာ"

"ဘာဖြစ်လို့လဲ၊ ဟိုဘက်ခြံက အန်တီကလေ အဲဒီမလွယ်ပေါက်ကပဲ ကျွန်တော့်ဆီ အပြေးအလွှားလာတာ"

"ဘုရားရေ့…ကျားသားမိုးကြိုးပဲ အေးလေ၊ သေရေးရှင်ရေးကျတော့လဲ လူဟာ ဟန်မလုပ်နိုင်ဘူး ထင်ပါရဲ့။ အဘွေးသိရသလောက်ကတော့ ဒီမလွယ်ပေါက်ကို စတင်ပြီး အလုံပိတ်တာက ဟိုဘက်ခြံက လူတွေ။ အင်း…ဒီမလွယ်ပေါက်က လူ့အသက်တစ်ချောင်းကို ကယ်လိုက်တာပဲ တစ်စတစ်စတော့ သူတို့စိတ်ထားတွေ ပြောင်းလာကောင်းပါရဲ့"

ရှင်မင်းထွေးသည် လူကြီးလေးသဖွယ် ခပ်ညည်းညည်းပြောရင်း ရှေ့မှဆက်လျှောက်သွား၏။ ဒေါ်အေးမြတို့ အိမ်လေးဆီ မရောက်ခင် အုတ်ရေတွင်းတစ်ခုနားသို့ ရောက်လာ၏။ အုတ်ရေတွင်းသည် အင်္ဂတေများနှင့် သပ်သပ်ရပ်ရပ် လုပ်ထားရုံမက ဘေးတွင် ရေသုံးသူတို့၏ အညစ်အကြေးများ ကန့်ထဲမဝင်အောင် ရေတွင်းကို ပတ်လည်ဝိုင်း၍ အင်္ဂတေကျဲထားသည်။ မသန့်သောရေများ သွားဖို့ကိုလည်း အင်္ဂတေမြောင်း ဖော်ထားသည်။

"ဆရာ ဒီအနားကို ခဏခဏရောက်လား။ အရင်က ရေအခက်အခဲရှိရင်၊ ဒီတွင်းရေကို ရေစုပ်စက်နဲ့တင်ပြီး ဒီအိမ်ကြီးကို ရေပေးရတယ် ပြောတယ်"

"မရောက်မိပါဘူး အဘွေးရယ်၊ အပြင် လမ်းလျှောက်ထွက်ပြီး ပြန်လာ၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာနဲ့မရောက်မိဘူး။ ဟုတ်ပါ



ရဲ့ ခုမှတွေးမိတယ်၊ ကျွန်တော်လေ ဒီခြံကြီးကို နံ့နံ့စပ်စပ် တစ်ခါမှ ကြည့်မိဘူး။ ဒီခြံကြီး တစ်ပတ်လောက်လျှောက်ရင်ကို ကျန်းမာရေးနဲ့ ညီနိုင်တယ်"

"အဘွေးတို့ လူငယ်ပိုင်းကတော့ အဆက်အဆံရှိပါတယ်။ အန်တီမေနေတုန်းက လူကြီးတွေလစ်ရင် ဟိုဘက်အိမ်က ကားမောင်းတဲ့ ဦးနန္ဒကြီးလေ ဦးကျိုးမြိုင်တို့ ကြီးတော်အေးမြတို့ဆီ လာစကားပြောတတ်တယ်၊ သူက တစ်ခါတလေ ပြောတယ်၊ သူတို့အိမ်မှာလဲ ဒီလိုရေတွင်း တစ်တွင်းရှိတယ်တဲ့။ ဒါပေမယ့် ရေတွင်းပျက်ကြီးတဲ့။ ပြုပြင်မထားဘူးဆိုပဲ"

သူတို့နှစ်ယောက်သည် ဒေါ်အေးမြ အိမ်ရှေ့ရှိ ကပြင်လေးတွင် ထိုင်လိုက်၏။

"ဟော…ဘာတွေ ပြောလာကြလဲ"

ဒေါ်အေးမြသည် ဆီးကြိုညှော်ခံရင်း ပြောလိုက်၏။

"နေကောင်းလား။ ကြီးတော်အေးမြ၊ ရေတွင်းနား ရောက်လာတာနဲ့ ဦးနန္ဒ ခဏခဏပြောပြတတ်တဲ့ ဟိုဘက်အိမ်က ရေတွင်းပျက်ကြီးအကြောင်း ပြောလာတာ"

"ဟော…"

ဒေါ်အေးမြသည် ရှေးလူကြီးပီပီ မျက်လုံးပြူးပြူးပျာပျာနှင့် အထိတ်တလန့် ဖြစ်သွားပုံရ၏။ မင်းရွှေဇံသည် ဒေါ်အေးမြ အမူအရာကို အံ့သြသွားရပြန်သည်။

"ကျုပ်တော့ သတ္တိမရှိဘူးပြောပြော ဘာပြောပြော လေသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ညဆိုရင် ဟိုနောက်ဘက်ကို ဘယ်တော့မှ မသွားဘူး။ အဲဒီက လှမ်းကြည့်ရင် ရေတွင်းပျက်ကို မြင်မြင်နေရတော့ စိတ်ကိုချောက်ချားတယ်''

''ကြီးတော်ကလဲ သူတို့ပြောတိုင်း မဖြစ်နိုင်ပါဘူး''

ရှင်မင်းထွေးက ပြော၏။

''ဩော်...အထွေးတို့က သူနာပြုဆရာမဆိုတော့ သရဲတွေဘာတွေ အယုံအကြည်လဲ ရှိမှာမဟုတ်ဘူး၊ ကြောက်မှာလဲ မဟုတ်ဘူး''

''ခုဟာက သရဲမှမဟုတ်ဘဲ''

''သရဲမဟုတ်ပေမယ့် လူ့စိတ်များ တယ်ခက်တယ်၊ အဲဒီနေရာကို မျက်စိရောက်,ရောက်သွားတယ်၊ ခုထိတော့ ဘာမှမတွေ့သေးဘူး''

''ဟင်...တွေ့လဲမတွေ့သေးဘဲနဲ့ ယုံတယ်လား''

ရှင်မင်းထွေးသည် ပြုံး၍ မေးလိုက်၏။

''သရဲဖြစ်တယ် မဖြစ်တယ်တော့ ဘယ်သိမလဲ၊ ဒါပေမယ့် ဖြစ်တဲ့အကြောင်းကတော့ တကယ်ဆိုတော့ ဒီရေတွင်းပျက်ကို မြင်တိုင်း စိတ်လဲလှုပ်ရှားလာတယ်။ လသာတဲ့ညဆိုရင် မိန်းကလေး တင်မာလာကို တွေ့များတွေ့မလားလို့ စိတ်ထင်နေတယ်''ဟု ဒေါ်အေးမြက ဖြေ၏။

''တင်မာလာလား တင်မာလာ ဘာဖြစ်လို့လဲ''

မင်းရွှေဖံသည် ပုံပြင်ဟောင်းတစ်ခုကို တစ်စွန်းတစ်စ ကြားဖူးပြန်သည်။ ဒေါ်အေးမြ မဖြေခင် အထွေးသည် မျက်နှာညှိုးသွား၏။

''ဟုတ်ပါရဲ့၊ အထွေးသာ မိဘတွေဆိုရင်လေ ဒီအိမ်ကြီးမှာ မနေတော့ဘူး။ သူတို့မောင်နှမကို တစ်ခါတစ်လေများ အသည်းနှလုံး



မှရှိရဲ့လားလို့ အထွေးထင်တယ်။ သူတို့မောင်နှမက အိမ်ကြီးတစ္ဆေတွေလေ၊ မသေခင်တည်းက ချောက်နေကြတယ်။ အန်တီမေတောင် အထွေးစိတ်ထင်တော့ ဒီအိမ်ကြီးမှာနေရင် ဟိုဘက်ခြံက အိမ်ကြီးတစ္ဆေမောင်နှမက ချောက်,ချောက်ပြနေတာနဲ့ သူ့ရောဂါ တိုးမှာ ငိုးလို့ ပြောင်းများသွားသလားမသိ''

''ဖြစ်နိုင်တာပဲ'' ဟု ဒေါ်အေးမြက ဆို၏။

တင်မာလာက လသာတဲ့ညမှာ ဒီရေတွင်းမှာ ဘာလာလုပ်လို့လဲ''

မင်းရွှေဖံသည် ထပ်မံမေးတော့မှ ရှင်မင်းထွေးသည် ဒေါ်အေးမြနှင့် စကားဖြတ်ကာ သူ့မေးခွန်းကို ဖြေလိုက်၏။

''လူကြီးတွေကတော့ လူကြားကောင်းအောင် ရေတွင်းမှာ ရေခပ်ရင်း တွင်းထဲကျသေသွားတယ်တဲ့။ အထွေးတော့ မယုံပေါင် ဦးစားကြည့်ပါလား ဆရာရယ်၊ လျှမ်းလျှမ်းတောက် ချမ်းသာတဲ့ သူဌေးသမီးတစ်ယောက်က ရေတွင်းမှာ ရေလာခပ်မတဲ့လား။ ရေတွင်းထဲ ခုန်ချသေမှာလား။ အထွေးလာ အလုပ်,မလုပ်ခင်က အဖြစ်၊ အထွေး မမွေးခင်က အဖြစ်ဆိုတော့ တကယ့်အဖြစ်ကို အထွေးမသိလိုက်တော့ဘူး ဒေါ်တင်မာလာ ဘယ်လိုသေရတယ်လို့ အကြောင်းရင်းကို မသိဘူး။ ရေတွင်းထဲမှာ အလောင်းဆယ်ပြီး သင်္ဂြိုဟ်ရတာတော့ တကယ်ပဲတဲ့။ ကြီးတော်တို့ မျက်မြင်ကိုး''

''ကြီးတော်တို့မှာတော့ လွမ်းလွမ်းဆွေးဆွေးကြီးပါပဲ ဆရာကြီးရယ်၊ ဘာဖြစ်လို့လဲဆိုတော့ မသေခင် မျက်စိထဲ မြင်ယောင်နေတာက တင်မာလာရယ်၊ သူ့ သူငယ်လေးရယ်၊ ရေတွင်းဘေးမှာ လသာတဲ့ညဆို စကားပြော,ပြောနေကြတယ်၊ ခုလို ရေတွင်းပျက်

www.burmeseclassic.com



မဟုတ်တော့ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းပဲ၊ ကြီးတော်တို့က မြင်နေကျကိုး။ ကလေးမက တယ်ချောတယ်။ တင်မာလာဆုံးတော့ ရှင်မင်းထွေးတို့အရှယ်ပဲ''

''အထွေးသာ ဒေါ်တင်မာလာဆိုရင်လေ လသာလာရင် အထွေးကိုယ်ကို အလှဆုံး ဖန်ဆင်းလိုက်မှာပဲ''

မင်းရွှေဖုံသည် အထွေးပြောဟန် ဆိုဟန်ကို တအံ့တဩ ဖြစ်လာရုံမက စကားလုံးများကိုလည်း သတိထားနားထောင်မိ အထွေးသည် အသံသေးသေးမှျင်မှျင်လေးနှင့် ကြေကွဲဖွယ် ဆက်ပြော နေ၏။

''အဲဒီ ကန်ပေါင်လေးမှာ ထိုင်နေမယ်၊ ကန်ဘေးက ပ လည်စိုက်ထားတဲ့ စံပယ်ရုံတွေကြားမှာ လမ်းလျှောက်ပြမယ်၊ အထွေ ချစ်သူက လာချင်လာ မလာချင်နေ၊ အခုသိရသလောက် ဒေါ်တင်မ လာရဲ့ ချစ်သူမှာ အပြစ်မရှိပါဘူး။ အဲဒီတော့ လသာတဲ့ညမှာ အထွေ လျှောက်ပြနေတာကိုလေ။ အဲဒီအိမ်ကြီး တရွှေမောင်နှမတွေ့စေချ တာပါ။ အဲဒီတော့မှ အချစ်ဆိုတာ ဒါပါလား၊ တမလွန်ဝိညာဉ် ဘဝတောင် ပျောက်ပျက်မသွားဘဲ စွဲကပ်လိုက်သွားရလောက်အော လူငယ်တွေရဲ့စိတ်မှာ ထိနိုက်တတ်ပါလားလို့ သိမယ်။ ဒါမှလဲ လူင တွေ အချစ်စိတ်ဝင်လာရင် ဘယ်လိုသိမ်သိမ်မွေ့မွေ့ ကိုင်ရမယ်ဆိုတ သူတို့နားလည်မယ်၊ ခုတော့ အသည်းနှလုံးဆိုတာကို ကနစိုထ ပေါက်သလို ခွဲခြမ်းပြီး မီးဆိုက်ပစ်လိုက်ကြတော့ အဲဒီမီးက သူတို့အိ ကြီးကို အခုလောင်နေပြီ၊ ထည်ဝါသပ်ရပ်သလောက် ကျက်သရေ မရှိတဲ့ အိမ်ကြီး''



ရှင်မင်းထွေးသည် မျက်နှာထားဟန်ပန်ကအစ နာကြည်း ခံခက်နေပုံရကား တစ်ခါက ဤဒေါ်တင်မာလာဆိုသော အမျိုးသမီး ခံစားနေရသော ဝေဒနာမျိုး၊ သူထပ်တူခံစားနေသလိုပင်။ သူသည် စကားလုံးများကို တစ်ရှိန်ထိုး ပြောဆိုလိုက်၏။ မင်းရွှေဖုံအပေါ်တွင် လည်း ဆရာဝန်တစ်ယောက်နှင့် သူနာပြုဆရာမဟူသော လေးစားမှုပင် ပျောက်သွားကာ သူသည် ဤအိမ်ကြီး၏ အိမ်ရှင်မသဖွယ် အမူအရာသို့ ရုတ်တရက် ပြောင်းသွားတော့သည်။

''ကဲ အထွေးပြန်တော့မယ်၊ အိမ်ကကားလည်း ပြန်လာ လောက်ရောပေါ့၊ ကြီးတော်မြရေ ဒီကအပြန် ဒေါ်မေစာဝီရုံးမှာ အန်တီ မေကို ကြိုရဦးမယ်''

ရှင်မင်းထွေးသည် ပေါက်ဆတ်ပေါက်ဆတ်နှင့် ဒေါသဖြစ်နေ သူသဖွယ်ထသွားတော့သည်။ ဘာကိုမှနားမလည်သော မင်းရွှေဖုံသည် ရှင်မင်းထွေးအမူအရာအပေါ် ဘယ်လိုမှကောက်ချက်မချနိုင်ဘဲ နောက်မှ သာလိုက်သွားတော့သည်။

ကားမှာ အဆင်သင့်ရောက်နေပြီဖြစ်၍ ရှင်မင်းထွေးသည် သူ့ ကိုနှုတ်ဆက်ကာ ကားပေါ်တက်သွား၏။ ဦးကျိုးမြိုင်သည်လည်း ဆွမ်း ကျွေးအတွက်ရက်လိုသေးသော်လည်း ကြိုတင်ပြင်ဆင်နိုင်ရန် လိုက်သွား သည့်အကြောင်း မင်းရွှေဖုံအားခွင့်တောင်းကာ ရှင်မင်းထွေးနှင့်အတူ ပါသွားတော့သည်။ သူသည် သံဆွဲတံခါးကို မပိတ်သေးဘဲ အိမ်ရှေ့ မြက်ခင်းဆီသို့ လမ်းလျှောက်ထွက်သွား၏။ သူသည်လည်း အခုတ် ထောင် အိမ်ရှေ့မြက်ခင်းအစပ်မှ တဖက်နှစ်ထပ်အိမ်ကြီးကို ငေးမျှော်၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိ၏။ အိမ်ကြီးသည် အုတ်သက်သက် ဆောက်ထားသော နှစ်ထပ်တိုက် အိမ်ဖြစ်၍ သူငှားနေသောအိမ်လိုပင် ဆင်ဝင်ကိုသုံးဘက် ချကာ အဆောက်အအုံကြီးမားသောတိုက်ကြီးတစ်လုံးဖြစ်သည်။ သူတို့အိမ်ဘက် သို့ထုတ်ထားသော မြောက်ဘက်ဆင်ဝင်ကပင် သာမန်အိမ်တစ်ဆောင် ၏ ညွှန်ခန်းနီးနီး ကျယ်ဝန်းပေသည်။ ဤတိုက်ကြီးပုံသန်းကပင် တိုက်ကို ပိုင်ဆိုင် သူတို့၏ကြွယ်ဝချမ်းသာမှုကို ... စီးပွားရေးအခြေအနေ ဂုဏ် အရှိန်တို့ကို ဖော်ပြနေသလို ရှိပါသော်လည်း ရှင်မင်းထွေးပြောသလို တစ်စုံတစ်ခုသော ဝိညာဉ်များကကပ်ညိ၍ ချောက်လှန့်နေသလိုရှိကာ တိုက်ကြီးသည် ကျက်သရေမဲ့လှပေသည်။

သူရပ်နေသောနေရာမှာ တစ်ခါက ဦးကျိုးမြိုင်ညွှန်ပြခဲ့သော မြက်ခင်းလေးဘေးရှိ နှစ်ယောက်ထိုင် သစ်သားခုံတန်းလေးဖြစ်၏ ဆေးဖြူများသုတ်၍ နောက်မှီဖြင့်သပ်သပ်ရပ်ရပ် ပြုလုပ်ထား၏။ ထို သစ်သားခုံတန်းလျားပေါ်တွင် သူထိုင်လိုက်သည်။ တန်းလျားပေါ်သို့ ထောက်စရစ်ပန်းပင်တစ်ပင်မှာ မိုးလျက်ရှိ၍ ထောက်စရစ်ပင်နှင့် ယှဉ် လျက်ကမူ ဆိတ်ဖလူးပင်ဖြစ်သည်။

ဤပန်းများသည် တကယ်တော့ တောပန်းများသာဖြစ်၏ ရန်ကုန်သူတို့ တန်ဖိုးသိပ်မထားပေ။ တချို့ ရန်ကုန်သူများ မြင်ပင်မြင် ဖူးကြမည် မဟုတ်ပေ။

ဖြည်းညင်းစွာတိုက်ခတ်လာသော နံနက်ခင်းလေတွင် မိုးသင်း ရနံ့များ ပါလာ၍ ညနေလောက်တွင်များ မိုးရွာမလားဟု သူထင်၏ သူသည် သူ့အိမ်ဘက်ကို မျက်စိပြောင်းလိုက်၏။ ခုထာ တစ်ခေါ ရှင်မင်းထွေး၏ ပြောဟန်ဆိုဟန်များသည် သူ့မျက်စိထဲတွင် တစ်



ပေါ်လာ၏။ အကယ်၍သာဤအိမ်ပေါ်တွင် ရှင်မင်းထွေးသည် အိမ်ရှင်မ သဖွယ် ရှိနေပါလျှင် ပို၍ပင် ဤအိမ်သည် ကျက်သရေနှင့် ပြည့်စုံ ပေလိမ့်မည်။

ရှင်မင်းထွေး အမှုအရာက စိတ်ကြီးဝင်သည့် ပုံလည်းမဟုတ် သည်ကို သူအကဲခတ်မိ၏။ သူသည် ဤအိမ်တွင် တစ်စုံတစ်ရာ ပိုင် ဆိုင်ခွင့်ရှိသော အိမ်သား တစ်ယောက်သဖွယ် သူပြောပုံသည် စိုးပိုင် နေ့ညားလှ၏။ ဒေါ်ခင်မေဆက်ကို သူစိတ်ဝင်စားသည်က တစ်မျိုး ရှင်မင်းထွေးအပေါ် စိတ်ဝင်စားသည်က တစ်မျိုး ဖြစ်သည်ကို သူ့စိတ် သည် သူ့အား ခွဲခြား၍ပြလိုက်၏။

''အထွေးသာ ဒေါ်တင်မာလာဆိုရင်လေ အထွေးကိုယ်ကို အလှဆုံး ဖန်ဆင်းလိုက်မှာပဲ။ လသာတဲ့ ညဆိုရင် အဲဒီ ကန်ဘောင် လေးဘေးမှာထိုင်နေမယ်။ အထွေးချစ်သူ လာလာ မလာလာ အထွေး စောင့်နေမယ်''

သူဘာတွေပြောသွားပါလိမ့်၊ ဟိုဘက်တစ်ခြံတွင် ရေတွင်း၌ သေဆုံးသွားပါသော ဒေါ်တင်မာလာလို အထွေး၏ အချစ်ကံသည် ဆိုးပါစေနှင့်၊ လသာသောညတွင် ချစ်သူကိုမမျှော်ရဘဲ ချစ်သူနှင့်အတူ ဤမြက်ခင်း စိမ်းမြမြပေါ်တွင် ယှဉ်တွဲ လျှောက်နိုင်ပါစေ၊ ထိုစဉ်အခါ ၌င်သာ အထွေး၏ဘေးမှ ချစ်သူသည် ဆရာဝန်မင်းရွှေဇံ ဖြစ်ပါစေ၊ ဟုသည် ပါးစပ်ကပင် တီးတိုး ရေရွတ်လုမတတ်ပင် ဆုတောင်းမိ၏။

''ဒီမှာ... ဒီမှာ မောင်ရင်''

မိန်းမတစ်ဦး၏ စကားသံမှာ သူ့အတွေးကို ပြတ်သွား၏။ လှည့်ကြည့်လိုက်သောအခါ မိန်းမကြီးတစ်ယောက် သူ့ အပါးတွင်

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေ၏။ အသက်ခြောက်ဆယ်တွင်းလောက်ရှိပေမယ့် ချည့်ချည့်နဲ့နဲ့ မဟုတ်။ ဒေါ်အေးမြလိုပင် သန်သန်မာမာရှိသေး၍ မဝသောကြောင့် ဖျတ်လတ်နေပုံရ၏။ အမျိုးသမီးမျက်နှာသည် နေလောင်များများ ခံရသော ရာသီဥတု ဒဏ်ကြောင့် ခြောက်သွေ့ကာ အရေများ တွန့်နေ၏။ သို့သော် ပါးပေါ်တွင်မူ အကြိုးသမျှား အိပ်နိုးထ လိမ်းကျံထားသလို သနပ်ခါးဘဲကျားကို ထူထူကြီးလူးထား၏။

ပထမသော် သူ့မျက်နှာကို မြင်မြင်ချင်း အမျိုးသမီးကြီး အားငယ် ကြောက်ရွံ့နေပုံပေါက်၏။ သူသည် ပြုံးပြလိုက်ကာ "ဘာကိစ္စ ရှိလို့ပါလဲ ခင်ဗျာ"ဟု မေးလိုက်သောအခါတွင်မူ ရုတ်တရက် ဝမ်းသာ အားရဟန်ဖြင့် မျက်နှာအမူအရာ ချက်ချင်းပြောင်းသွား၏။

"လူလေးရေ လူလေး လာလာ"

မိန်းမကြီးသည် ခြံဝဆီသို့ ရုတ်တရက် အော်ခေါ်ရင်း "တွေ့ပြီတွေ့ပြီ" ဟုလည်း ဆိုလိုက်၏။ ထိုမိန်းမကြီး၏ အော်သံကြောင့် ခြံဝဘက်မှ သူငယ်လေးသည် သူတို့ထံသို့ ခပ်သွက်သွက်ကလေး လျှောက်လာ၏။ သူတို့အနားရောက်လာလျှင် အူးအူးအားအားနှင့် သူငယ်လေးသည် မပီမသစကားလုံးများကို ရွတ်ဆိုနေ၏။ သူငယ်လေး မှာ ဆွံ့နေသောလူငယ်တစ်ယောက် ဖြစ်နေတော့သည်။

"ဒီလိုပါ မောင်ရင်ရယ်၊ ဒီအိမ်ကြီးမှာလေ သူဌေးမကြီးဒေါ် ခင်မေဆက် မရှိတော့ဘူးလား။ သူ ကျန်းမာရဲ့လား။ သူဘယ်သွားနေလဲ ကျွန်မ ကျွန်မ အဲလေ ဒေါ်ဒေါ်ခုနဆင်ဝင်အောက်ကနေ ကြည့်တော့ သံဆွဲတံခါးက ဟနေပေမယ့် တစ်ယောက်မှ မတွေ့လို့ မဝင်ရဲ



နဲ့မယ်လုပ်တုန်း မောင်ရင့်ကို သစ်ပင်အောက်မှာတွေ့လို့ လာတာပါ၊ သူဘယ်မှာလဲ၊ ကျန်းမာရဲ့လား"

"ကျန်းမာပါတယ်ခင်ဗျာ။ ဒီမှာတော့ မနေတော့ဘူး။ သူ ပြောင်းသွားပြီ။ ကျွန်တော်က ဒီအိမ်ကို ခေတ္တငှားနေတာပါ"

"ပြောင်းသွားပြီ" ဟူသောစကားလုံးကို ကြားလိုက်လျှင်ပင် အဒေါ်ကြီးသည် မျက်နှာချက်ချင်း ညှိုးကျသွား၏။

"ကိစ္စအရေးတကြီး ရှိလို့လား ပြောပါ၊ ကျွန်တော် သူ့ဆီ ကို အကြောင်းကြားပေးနိုင်ပါတယ်"

"ဩော် . . . ဒီလိုလား။ တော်ပါသေးရဲ့၊ အမယ်လေး ခုမှ အလုံးကြီးကျသွားတယ်"

"အား . . အား . . . အဘူးဝါး" ဟူသော အသံနှင့်အတူ သူ ငယ်လေးကလည်း သူ့ရင်ဘတ်သူ ပုတ်ပြကာ ဝမ်းသာဟန်နှင့်ပြောပြ ၏။ "ငါ့နှယ် ဘယ်သူတွေနဲ့ လာတွေ့နေပါလိမ့်"ဟု သူ့ရင်ထဲတွင် ငိုအားထက် ရယ်အားသန်သလို တွေးလိုက်မိ၏။ ခပ်လှမ်းလှမ်းမှ ဒေါ်အေးမြသည် သူတို့ဆီသို့ လျှောက်လာ၏။ အမျိုးသမီးကြီး သား အမိမှာ ကျောခိုင်းကာ ဒေါ်အေးမြကို မမြင်ပေ။ ဒေါ်အေးမြသည် သူတို့အပါး ရောက်လာသည်နှင့်တစ်ပြိုင်နက် . . .

"သခင်မကြီးပါလား"ဟု အော်လိုက်၏။ အမျိုးသမီးကြီး သည် ဒေါ်အေးမြဘက်လှည့်ကာ "အို . . . ဒေါ်အေးမြရှိသေးသားပဲ၊ သူဌေးမကြီးရော၊ ကျွန်မလဲ ခုမှအားတက်သွားတယ်၊ ခုနတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှ မတွေ့တော့ ဘယ်လိုဖြစ်လို့ ဘယ်ကိုများ ရောက်သွားသလဲလို့ တလောက နောက်ဆုံးတွေ့ချိန်မှာ သူ့ဒွေးမကြီးက ကောင်းကောင်း မမာတော့ဘူး ရှိမှရှိသေးရဲ့လားလို့၊ ခုမှ စိတ်ချမ်းသာသွားတယ်၊ ရှင် ကြီးရှင်ကောင်းတို့ရယ် ကယ်ပါ၊ ဒီသူငယ်မလေး မသေပါစေနဲ့"

ရွတ်ဆိုသော စကားလုံးများနှင့် အမူအရာမှာ ဇာတ်ဟန် ပါနေ၍ ရယ်စရာလိုဖြစ်နေသော်လည်း စိတ်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောနေပုံရ၏။

"သခင်မကြီးကလဲ မလာတာ ကြာမှကိုး၊ မေတို့ ဒီအိမ်က ပြောင်းသွားတာ တစ်နှစ်နီးပါးရှိပြီ"

"မလာဆို ဟောဒီသား ဟောဒီသား၊ အုတ်ပိလို့ခေါင်းထိသွား တာ ဒဏ်ရာကို ဆေးကုလို့ လူသာကောင်းလာတယ်၊ စကားမပီတော့ ဘူး"

"ဖြစ်ရလေ" ဒေါ်အေးမြစကားအဆုံးတွင် ဆွံ့နေသူ သူငယ် လေးသည် သူ့အဖြစ်အပျက်ကို ခြေဟန်လက်ဟန်နှင့် ဝင်ပြောပြ၏

"ဒီလိုပါ မောင်ရင်ရဲ့၊ ဒေါ်ဒေါ်က ဥက္ကဋ္ဌကြီးကတော်ပါ"

မင်းရွှေဝံသည် ရုတ်တရက် ပြုံးလိုက်မိ၏။ သူကြားနေရသော မိနစ်ပိုင်း၏ အချိန်ပတ်ဝန်းကျင်တွင် သခင်မကြီး၊ သူ့ဒွေးမကြီးနှင့် ဥက္ကဋ္ဌကြီးကတော် စကားလုံးများ ရှုပ်ထွေးရောယှက်နေ၍ ဖြစ်ပေသည်။

"တို့ဗမာ အစည်းအရုံးက ဥက္ကဋ္ဌကြီး သခင်လှဘော်ရဲ့ဇနီး ဒေါ်သိန်းရင်ဆိုတာ ကျုပ်ပါ၊ ခုတော့ သူမရှိတော့ဘူး၊ သူ့အပေါ်ထား တဲ့ စေတနာကြောင့် ကောင်းစားနေကြတဲ့ တချို့သခင်အိမ်တွေသွား ရင် ဒေါ်ဒေါ်ကို ဝိုင်းဝန်းထောက်ပံ့ကြလို့ ဒေါ်ဒေါ်မှာ ကလေးတစ်ပုံ



ဆင်းမငတ်ခဲ့ဘူး၊ သူ့ဒွေးမကြီးကတော့ ဒီလိုပြောတယ်၊ ရာထူးတို့ ညည်းတို့ဆိုတာ သခါရတဲ့၊ ကုလားထိုင်ရှိတဲ့ သခင်တွေ ကုလားထိုင် ပြုတ်ပြန်ရင် ဒေါ်ဒေါ်ဒုက္ခတဲ့၊ ဒီတော့ ဒေါ်ဒေါ့်သားကို ကျောင်းထား တယ်၊ ပညာတတ်တော့ အသက်မွေးဖို့ လွယ်တယ်ဆိုပြီး ကျောင်း ထား အစဉ်ထောက်နေတယ်၊ အဲဒါ သားကကျောင်းတက်ရင်း မအေ ငတ်သယ်တာကို ကျောင်းအားရက် ဝင်သယ်တာ၊ မဆလာမခြောက် သေးတဲ့ လှုပ်စနံရံပြိုကျပြီး ခေါင်းဒဏ်ရာရသွားတယ်။ ဒဏ်ရာသာ ပျောက်သွားတယ်၊ စကားမပီတော့ဘူး၊ ကျောင်းလဲ မတက်ရတော့ဘူး၊ ကျောင်းလခလဲ လာမတောင်းဆိ၊ သူစိတ်ဆင်းရဲမှာစိုးလို့ ကိုယ့်ဒုက္ခလဲ ကိုယ်မပြောချင်ဘူး၊ ခုမှ ကျောင်းမတက်နိုင်တော့တဲ့အကြောင်း လာ ပြောတာပါ။ မောင်ရင်ရယ် ဒေါ်ဒေါ့်ကံပေါ့၊ ပြန်တော့မယ်"

"မပြန်နဲ့ဦး၊ မပြန်နဲ့ဦး၊ အိမ်ထဲလိုက်ခဲ့ပါ၊ ကျွန်ုပ်ဟာက အကြောင်းစုံ အကုန်မသိသေးလို့ပါ သခင်မကြီး ဘာကိစ္စရှိရှိ ကျွန်တော့် ဆီမှာ အကူအညီတောင်းနိုင်ပါတယ်။ ဒေါ်ဒေါ်တို့ သူ့ဒွေးမကြီးကိုယ်စား ကျွန်တော်ကူပါ့မယ်။ ဒေါ်ခင်မေဆက်ကတော့ သူ့ရောဂါ နည်းနည်းတိုး တာလို့ သူ့ဆရာဝန်က ကျွန်တော့်ကို ပြောခဲ့တယ်၊ စိတ်ထိခိုက်စရာဆို တာမှ အသိမပေးနဲ့ဆိုလို့ သူ့ကို အေးအေးပဲ ထားကြတယ်၊ သူ ကျန်းမာတော့ လူချင်းဆုံကြတာပေါ့"

"ကျေးဇူးကြီးလှပါတယ် မောင်ရင်ရယ်" သူတို့သည် အိမ်ပြင် လမ်းလျှောက်ရင်း အိမ်ထဲသို့ စကားပြောကာ ဝင်လာကြ၏။ ဧည့် ခန်းတွင် သခင်မကြီးတို့ သားအမိကို ကျွေးမွေးပြီး သူ့ငွေဆယ် ထန်တော့လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )
## ဒေါ်မမော်စီ

ရှင်မင်းထွေးသည် မင်းရွှေဖွဲ့အိမ်မှအပြန် ဒေါ်မမော်စီ၏ ဖရုံ
ကို ဝင်ကာဒေါ်ခင်မေဆက်ကို ခေါ်သွား၏။ ဖရုံရှေ့မှထွက်ခွာသွားသော
ကား၏နောက်ပိုင်းကို သီလရှင်ကြီးဒေါ်မမော်စီငေးမောကြည့်ရင်း ကျန်
ရစ်၏။ ကားမျက်စိအောက်မှ ပျောက်သွားမှပင် သူသည်ဖရုံအတွင်းသို့
ပြန်ဝင်ခဲ့၏။ ကားထဲတွင်မူ ဒေါ်ခင်မေဆက်သည် ရှင်မင်းထွေးနှင့်အတူ
ပါသွားသည်။ အများအမြင်တွင် သူဌေးမကြီးဒေါ်ခင်မေဆက်အနေနှင့်
ထင်ရှားပိသခန့်ညားလှသော ရုပ်သွင်ကို သူ့မျက်လုံးထဲတွင်တော့ သူချစ်
မွေ့ချော့မြူခဲ့သော တူမလေး ပုစုးမအနေနှင့်သာမြင်ခဲ့သည်။ ပုစုးမ
သည် သူ့မျက်စိအောက်တွင် ဘယ်တော့မှမကြီး။ သူ့ရင်ခွင်ထဲတွင်
ရယ်မြူးနေသေးသည်ဟုလည်း သူထင်၏။ ဂါဝန်ဖြူဖြူလေးနှင့် သရက်
ပင်များအကြား ပြေးလွှားနေသောရုပ်သွင်နှင့်လည်း မြင်ယောင်၏။
ကျစ်ဆံမြီး နှစ်ဖက်ချ ဖဲကြိုးဖြူဖြူလေးများ အဖျားတွင် ဆွဲချည်ထား
သော အပျိုပေါက်အရွယ်လေးနှင့်လည်း သူမြင်နေမိ၏။ ယခုတော့



...ရင်ခွင်ထက်မှ ခွဲခွာသွားသော တခမ်းတနား အများအခေါ် သူဌေးမ
ကြီး ဒေါ်ခင်မေဆက်တဲ့။

တူမအကြီးဖြစ်သူ ဒေါ်ခင်မျိုးဆက်ကိုလည်း စိတ်အေးလက်
အေးရှိသူမို့ ချစ်ရပါ၏။ ချစ်စနိုးဖြင့် ပိုးဉ ဟုသူခေါ်ခဲ့သည်။ ခင်မျိုးဆက်
သည် ပိုးဉလေးလိုပင် ဖြူဖြူလုံးလုံး အေးအေးစက်စက်နေသလောက်
ခင်မေဆက်ကမူ အဆော့လည်းသန်၏။ အဝိုလည်းသန်သူမို့ အချော့ရ
ခက်လှ၏။ သူ့အပေါ် ယယ်စဉ်က နွဲ့ဆိုးဆိုးခဲ့သလောက် သူ၏အိုမင်းချိန်
အခါ၏နောက်ဆုံးပိုင်းတွင် စိတ်အေးလက်အေး နားနိုင်အောင်ဖန်တီးပေး
သူမှာလည်း ခင်မေဆက်သာဖြစ်၏။ နေ့စဉ် မေတ္တာပို့တိုင်း သတ္တဝါ
အားလုံးပြီးကာ သူသည် မှူးမှူးတာတာပို့ခဲ့သည်ဆိုသော်လည်း ခင်မေဆက်
ကို သီးသန့်မေတ္တာပို့ရှိုပို့ခဲ့ရ၏။ ဘဝယံဖပလ္လင်တွင် ပူဇော်ခံထားရသော
သားကောင်များအဖြစ် ယခုတော့ သတ္တဝါအများကို ဒေါ်မမော်စီက
မြင်ခဲ့၏။

သူသည်လည်းတစ်ခါက ဘဝယံဖပလ္လင်တွင် သေသောက်
ကျူးသော ယံဖနတ်၏ ချယ်လှယ်သမျှကို ခံယူခဲ့ရ၏။ ယံဖနတ်၏
နတ်ခမ်းများမှ လက်မတင်လေး ခုန်ထွက်လွတ်မြောက်ကာ ဘဝတစ်ဖန်
ပြန်မဖြစ်တော့သော တရားကိုရှာဖွေတွေ့ခဲ့ရ၍သာ အသက်ရှူမှန်နိုင်ခဲ့
ရသည်။

တစ်နေ့တော့လည်း သူ့တရားအကြောင်းကို ဆွေးနွေးပြောဖို့
ရန် ခင်မေဆက်နှင့် အခွင့်ကြုံကောင်းပါရဲ့။ လျှောက်ရသူ ပမ်းဖျန်းမ
မောလှသောအကြွေ့ တစ်ထောင်၊ အကောက်တစ်သိန်းဖြင့်ကန္တာရခံမိုး

www.burmeseclassic.com

www.burmeseclassic.com



ကို လျှောက်တတ်လျှင်မမောတော့ကြောင်းကို သူ့ရင်တွင်းကသိနား လည်သော်လည်း သူသိသလို ခင်မေဆောက်မသိမှာကို စိုးမိ၏။

သူသည်ဒေါ်ခင်မေဆောက်၏မိခင် ဒေါ်ခင်စောမှုအရိပ်မှ လွတ် ထွက်သွားကတည်းက ကမ္ဘာရကို ဖြတ်အကူးတွင် ပုံရိုးယက်စက် မပျော် လင့်သော အကွေ့အကောက်များကို ဖြတ်သန်းခဲ့ရသည်။ တစ်ခါတစ်ရံ တော့ သူသည် သီလရှင်ကြီးဒေါ်မေဓာဝီဘဝကို မေ့လျော့နေတတ်၏။ မမြသန်းဘဝကို တွေးမိတိုင်းထိတ်လန့်ခြင်းဖြစ်ခဲ့ရသည်။ သို့သော် ထိုထိတ်လန့်ခြင်းကပဲ ဝက်ပါလမ်း၏လွတ်မြောက်ရာ လမ်းဆုံးကိုရှာ မိအောင်လှုံ့ဆော်ပေးလိုက်သည့်အတွက် ထိုသံဝေဂသည် မြတ်သော သံဝေဂဟူ၍ ဆိုရပေမည်။

မညွှန့်ရီတို့အဖေနှင့်မဆုံခဲ့ရလျှင် ကောင်းပေသားဟုလည်း တစ်ခါတစ်ရံတွေးမိ၏။ သူသည် ဦးဆက်၏ နယ်ပယ်ကွဲများအနက် တစ်ယောက်အပါအဝင်ဖြစ်သည်။ ဒေါ်ခင်စောမှုမိသားစုအသိုက်အမြုံ ကြီးမားသည်နှင့်အမျှ သူသည် ယောက်မအဖြစ်ထက် ညီမတစ် ယောက်သဖွယ်အနေနှင့် ဤဆွေမျိုးစု စုပေါင်းနေထိုင်တတ်သော သရက်ချောင်းကျေးရွာအိမ်ကြီးတွင် ဩဇာကြီးမားသူတစ်ယောက်ဖြစ် ခဲ့၏။ မိဖိုချောင်ကို လုံခြုံအောင်ထိန်းသိမ်း ကွပ်ကဲနိုင်သူမို့ ဒေါ်ခင်စောမှု က သူ့ကို ညီအစ်မအရင်းသဖွယ် ညာလက်ရုံးအဖြစ်အားကိုးခံရသူ ပါတည်း။

ဦးဆက် ဒေါ်ခင်စောမှု၏့က မြေကိုရင်း၍ မိဘဘိုးဘွားခါးမ ဦးချမြေနှင့်ပင် အမွေအနှစ်ခံစားရသူမျာဖြစ်၏။ ညီဖြစ်သူ ဦးသက်ကမူ ဂေါ်ဒုသောင်မှ ဆန်စက်ကို အမွေအဖြစ် ရထားသူဖြစ်သည်။ မညွှန့်ရီ တို့အဖေ ကိုထွန်းလှသည် ဦးသက်၏ ဆန်စက်စာရေးဖြစ်သည်။ ဦးစီး



ချုပ်အကျင့်ကို လိုက်လျောလေသလားမသိ၊ အစ်ကိုဦးဆက်နှင့်လုံးဝ ခြားနားသော စက်သူဌေးဦးသက်၏အကျင့်က ကိုထွန်းလှတွင်ပါခဲ့သည်။

ဒေါ်မြသန်းသည် မညွှန့်ရီမွေးတော့မှ ဘဝဆိုတာမျက်ရည် သည်းပါ ပါသလားဟု သဘောပေါက်စပြုလာသည်။ ကိုထွန်းလှနှင့် ဆိုက်နေသော မြောင်းမြအိမ်ကို မမစောမှုရောက်လာတိုင်း မမစောမှု သည် ကလေးအနှီးကအစ လိုလေသေးမရှိ။ သူ့အပေါ်ပေးကမ်း ပြု စောင့်ရှောက်ပေမယ့် မိန်းမဆိုသည်က ကလေးအဖေဝင်ငွေနှင့် ဝယ်ယူ သောသောပိတ်ဖြူဖြူကလေးနှင့်သာ သူ့ရင်သွေးကို ထွေးပိုက်လိုသည်။

သမီးလေးကို ရင်ဝယ်ပိုက်၍ယခင်ကလိုပင် ဒေါ်ခင်စောမှုအိမ် ကြီးရိပ်ဝယ်သူပြန်ခိုတော့မည်ကြံစည်တိုင်း ကိုထွန်းလှက ခွင့်မပြု။ ဦးသက်ကလည်း ခါးကြိမ်းကြိမ်းခဲ့သည်။

"ကျွန်စိတ်ကို မပျောက်ဘူးမြသန်း။ နင်တစ်ယောက်လုံးမစော မှုရဲ့ အိမ်ကြီးကျွန်အဖြစ် နေလာပြီ။ ခုလည်းသမီးကိုပါ သူတို့ကျွန်အဖြစ် ဆက်ခံဖို့သရက်ချောင်းအိမ်ကို ပြန်သွားဦးမယ် ပေါ့လေ။ နာမည်ကိုက မစောမှု မစောမှုပေါ့၊ သရက်ချောင်းက မစောမှု က ရန်ကုန်ရောက်မှ ခင်စောမှုတဲ့"

ဦးသက်စကားများသည် ပထမတော့ ဟုတ်သလိုလိုရှိခဲ့၏။ ဦးသက်စကားကြောင့် သူ့အပေါ်စေတနာထားခဲ့ပါသော ဒေါ်ခင်စောမှု၏ အိမ်ရိပ်မှ ခပ်ခွာခွာနေမိ၏။

ဒေါ်ခင်စောမှုကမူ ကလေးများကျောင်းဖွင့်ချိန် သရက်ချောင်း ရွာမှ မြောင်းမြသို့ရောက်တိုင်း သူ့အိမ်သို့အမြဲဝင်၏။ သူ့အခြေနေလေ့

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ မြောင်းမြမှရန်ကုန်ရှိ ရွှေတံစဉ်အိမ်ကို သွားဟိုင်းလည်း ထ
၍သွား၏။ "မမြသန်း ထွန်းလှနေပုံထိုင်ပုံ ဟုတ်ရဲ့လား" ဟုမေးတယ်
သည်။ သူသည်သူ့ခင်ပွန်းသည်၏ အခြေအနေကို တကယ်တမ်
ဖြေဆိုရစတမ်းဆိုတော့လည်း ဘယ်ပုံစံ၊ ဘယ်ရုပ်လုံးဟူ၍ ပီပီသ
အပြောရခက်၏။ ဂေါ်ဒုသောင်စက် မီးလောင်ပြီးကတည်းက သူ့စီးပွာ
ရေးကို ရန်ကုန်တွင်အခြေချခဲ့သော ဦးသက်နောက်ပါးသို့ တစ်ကော
ကောက်သာ လိုက်နေပါသည်။ ကိုထွန်းလှဘာလုပ်သည်ကို သူမသိ

သူ့ရင်ထဲတွင် ဒေါ်ခင်စောမှုအပေါ် အကြည်ညိုပျက်၍တော့
မဟုတ်၊ သူ့လိပ်ပြာသူမသန့်၍ သရက်ချောင်းကျေးရွာအိမ်ကြီးကိုလည်
မပြန်ရဲ ဒေါ်ခင်စောမှု၏ မြောင်းမြအိမ်ရိပ်ကိုလည်းမဝင်ဝံ့နှင့် ကျုပ်နှင်း
တောင်းခေါင်းရွက်ကာ သမီးညွန့်ရှိနှင့် နေခဲ့တော့သည်။ သူ့လ
ကိုထွန်းလှသည် ဒေါ်ခင်စောမှုအိမ်ရိပ်သို့ ပြန်မလိုရန် သူ့ဆရာဦးသက်
လေသံအတိုင်းပြောခဲ့သော်လည်း တကယ်တမ်းလက်တွေ့သူတို့ သာ
အမိနှစ်ယောက်တာဝန်ကို ဘယ်သူမှ မည်မည်ရရမယူ။ ထို့ကြောင့်
ဈေးတောင်း ခေါင်းရွက်ကာ သူ့သမီးနှင့် သူ့အခြေအနေကို သူ့ဘာသ
ဖြေရှင်းခဲ့၏။ ညွန့်ရှိ အရွယ်ရောက်စတွင် သူသည် တုန်လှုပ်မိ
မမစောမှုသည် သူ့သမီးအကြီးများဖြစ်သည့် ခင်မျိုးဆက်တို့ ခင်
ဆက်တို့၏ ပညာရေးကိုလည်း အထူးဂရုထားသလိုပင် သူ့အသို
အဝိုင်း၏ကလေးများ ပညာရေးကိုလည်း သတိထား၏။

"မြောင်းမြမှာ ကျောင်းမထားနိုင်လဲ သရက်ချောင်းအိမ်



ဦးလိုက်ပါလား။ ရွာမူလတန်းကျောင်းက အခလွတ်ပဲ၊ စားဖို့သောက်ဖို့
အတွက်လည်းမပူရဘူး။ မမစောမှု အိမ်ရှိသားပဲ"

မှန်၏။ သရက်ချောင်းရွာ မူလတန်းကျောင်းက ကျောင်းအုပ်
ဘုန်းတော်ကြီးမှာ ဦးဆက်တို့၏ ကိုးကွယ်ရာ ဆရာတော်ဦးဝဏ္ဏ ဖြစ်
၏။ ရွာမူလတန်းကျောင်းကိုဆောက်စဉ်က ပင်မသစ်ဝါး၊ ငွေကြေး
အကာမှာ ဦးဆက်ဖြစ်၍ လုပ်အားအကာများမှာ ရွာသားများ ဖြစ်ကြသည်။
သက်ထောက်ဆရာ နှစ်ယောက်လခ၏ လစဉ်ကြေးကို ပေးသူမှာလည်း
ဦးဆက်သာ ဖြစ်သည်။

သို့ပေမယ့် ညွန့်ရှိက သရက်ချောင်းရွာတွင်လည်း စာမသင်
ချင်၊ မြောင်းမြကျောင်းတွင် လေးတန်းအထိပဲ နေသည်။ လေးတန်း
အောင်ကတည်းက ညွန့်ရှိသည် ဘယ်ကျောင်းမှမတက်။

"ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ မိမြသန်းရယ်၊ မိညွန့်ရှိ
အခြေအနေကော ဘယ်လိုဖြစ်နေလဲ။ တကယ်ဆို ညည်းဟာ ငါ့ကို
အစ်မတစ်ယောက်လိုပဲ ပြန်ဆက်ဆံရမယ်၊ ငါ့မှာလေ သရက်ချောင်း
ရော၊ မြောင်းမြရော ရန်ကုန်ကိုပါ ကူးချည်သန်းချည်နဲ့။ ငါ့စီးပွားရေးကို
ကိုဆက်နဲ့အတူ လုံးပန်းနေနိုင်တာ ညည်းကျေးဇူးတွေပေါ့။ ညည်းသာ
နောက်ပိုင်းက မမစောမှုအိမ်ကို လုံးဝတာဝန်မယူနိုင်ရင် ငါခုလို ပြန်မထူ
နိုင်ဘူး။ ဒီကျေးဇူးတွေ ငါဆပ်ရမယ်၊ ငါ့မှာတာဝန်ရှိတယ်၊ တို့မျှ
ဘွဘာသာတွေပါအေရယ်။ ကတိညှုတာ ကတဝေဒီတဲ့၊ တစ်ဦးရှိပြု
နတဲ့ကျေးဇူးကို တစ်ဦးကသိရမယ်။ ဒါကြောင့် မင်္ဂလာတရားတော်မှာ

www.burmeseclassic.com



တောင် သူတထူး၏ကျေးဇူးကို သိတတ်ခြင်းသည်လဲ မင်္ဂလာတစ်ပါး တဲ့''

မမစောမှုသည် တစ်ချိန်က သူ့ကို မေးမေးပြောပြော ပြော စဉ်ကလည်း သူသည် ရှက်၍ငိုရင်း ခေါင်းသာခါပြသည်။ ညွန့်ရီ အကြောင်းကို မပြောချင်၊ ပြော၍လည်းမပြမိ။

''ခင်မျိုးဆက်တို့ ခင်မေဆက်တို့ဘင် မဟုတ်ပါဘူး။ ပုလုတို့ ညောင်ပိုင်းတို့ ကြက်တညင်တို့က မလုရီတို့ မမလေးတို့များ ဒီလို စာသင်ပြီး ခုကျောင်းဆရာမကြီးတွေ မြောင်းမြနဲ့ဝါးခယ်မမှာ လုပ် တာ။ ညွန့်ရီအားကျအောင် ညည်းမပြောဘူးထင်တယ်။ မိမြသ ခက်တယ်။ ဒါပါပဲလေ။ သမီးမွေးတယ်ဆိုတာ သားမွေးတာထက်ခ တယ်။ မိခင်အများကြီးလိုတယ်။ ခုညွန့်ရီ အပျိုဖော်ဝင်ပြီလား။ ချ သာသာ ပြောပြနော်။ နားငြီးအောင် မဟုတ်တောင် သူတို့နားဝ အောင်တော့ အလှည့်ကြုံသလို ပြောပြတတ်ရတယ်။ ညည်းဟ တကယ်တော့ အင်မတန် မိန်းမပီသတဲ့ မိန်းမ၊ ဘယ့်နှယ့် ညွန့်ရီဟ ညည်းခြေလှမ်းကို မှီရမယ်ပေါ့။ လုံးဝမဟုတ်တောင် တစ်ဝက်တစ်စိ တော့ မှီရမယ်''

''မဟုတ်ဘူး မမ၊ မဟုတ်ဘူး မမစောမူ သူ့အဖေညဉ်ဟ သူ့မှာပါလာတယ်။ ဗီဇတို့ ပဋိသန္ဓေစိတ်တို့ ဆိုတာ ကျွန်မအစ မယုံဘူး။ ခုတော့ ယုံရပြီ''

''မှန်ပါတယ်အေ၊ ဒါပေမယ့် ပတ်ဝန်းကျင် အသိုင်းအဝိုင်



ဆုပ်ထိန်းသူရဲ့ အဆုံးအမလဲ လိုပါသေးတယ်၊ တစ်ခုတော့ ငါပြောထား မယ်၊ ညည်းညွန့်ရီကို ဘယ်လိုပဲ ဆုံးမဆုံးမ နင့်အဖေစိတ်၊ နင့်အဖေ သိုပဲ လာမယ်လို့ ကလေးကိုမပြောနဲ့နော်။ ညွန့်ရီဟာ သူ့အဖေအပေါ် အထင်သေးစိတ် မိဘကိုမလေးစားတဲ့စိတ်ဝင်သွားရင် ပြီးပါရော၊ သံသရာမှာအထိ မကောင်းတော့ဘူး''

ဒေါ်ခင်စောမူသည် ကလေးငယ်တို့၏ ငယ်စိတ်တွင် မိဘ အပေါ် အတေးအမှတ် မှဲ့စွန်းသွားမည်ကို စိုးရိမ်ပုံရ၏။

''ငါတွေးမိသ၍တော့ ညည်းကလဲ လိုပါတယ်၊ ညွန့်ရီအားကျ အောင် မပြောတတ်ဘူးထင်တယ်။ သမီးကြီးတို့ကို ထားလိုက်ပါတော့၊ ဆရာဝန်ကြီး ဦးမင်းချိန် ထည့်လိုက်တဲ့ ဒီဗန်းရဲ့သားတွေ နမူနာပြပါ ထား။ မြေဒူးကုလား တို့လယ်တွေကို ဓားမဦးချ ဦးကျိုးမြိုင်တို့နဲ့ ထိုလာတာပဲ။ ကဲ့.. လယ်လုပ်တဲ့ကုလားသားတောင် တို့ရွာကျောင်း ာ လေးတန်းအောင်တော့ နောက်မြောင်းမြမှာ တို့ကျောင်းဆက်ထား ိုက်တာ၊ ခုဆယ်တန်းအောင်ပြီး မြောင်းမြဆေးရုံကြီးမှာ ကွန်ပေါင်ဒါ ်ဝင်နေတယ်''

မှန်၏။ ဦးမင်းချိန် ဒီဗန်းကို ထည့်လိုက်စဉ်က ဒီဗန်းသည် ရက်ချောင်းရောက်လာကာ ဦးဆက်၏ လယ်များကို ဦးကျိုးမြိုင်တို့နှင့် တူလုပ်၏။ ဒီဗန်းကြီးမှ သားဒီဗန်းငယ် နှစ်ယောက်ကိုမွေးသည်။ ကြီးဒီဗန်းက မြောင်းမြဆေးရုံကြီးတွင် ကွန်ပေါင်ဒါလုပ်နေ၍ အငယ် န်းက ဒေါ်ခင်မေဆက်တို့ လက်ထက်အထိ ရွှေတံစဉ်အိမ်ကြီးမှာ ိုင်ဘာလုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



''မိညွှန့်ရှိနဲ့ တစ်နေ့ဆုံမှာပါ၊ မမစောမှုကိုယ်တိုင် ဆုံး ကြည့်ပါဦး''

ဒေါ်မြသန်းက သူလက်လျှော့ပြီဖြစ်နေသော သင်းညွှန့်ရှိကို ဒေါ်ခင်စောမှုလက်သို့ အပ်လိုက်၏။ အပ်သည်ဆိုသည်မှာ သူ့စိတ်ကူ သာ အပ်ခြင်းဖြစ်သည်။ ညွှန့်ရှိသည် ဒေါ်ခင်စောမှုနှင့်ဆုံစဉ်တွင် ပြော သမျှကို လက်သည်းများကိုက်၍ ငြိမ်သက်စွာနားထောင်နေသည်။

''မိန်းကလေးဆိုတာ အသိအလိမ္မာရှိဖို့ အရေးကြီးတာ ဆယ်တန်းမအောင် ကောလိပ်မရောက်တောင် ခုနစ်တန်းအောင်ထ အထိတော့ ညွှန့်ရှိကျောင်းဆက်နေ၊ အလိမ္မာ စာမှာရှိသတဲ့၊ စာတတ တော့ ကိုယ့်ကိုယ်ကို ထိန်းတတ်တယ်၊ ကိုယ့်ကိုယ်ကို ထိန်းတတ်ထ ဟာ မိန်းမရဲ့ကျက်သရေစာစ်ခုပဲ။ ညည်းတို့ ကောလိပ်စိန်ကို ကြည့် မှာပေါ့။ ဖိုးစိန်ကြီးနဲ့တွဲတဲ့ ကောလိပ်စိန်လေ။ သူက တို့ဂေါ်ဒွေသော နားက ထီးမနန်းရွာသူ။ ကဲလေ သူ့ဝါသနာကြောင့် နိုင်ငံကျော်မင်းသ ကြီးဖြစ်လာတယ်။ ကချေသည်ဆို လူတွေကသိပ်အထင်သေးတာ သေသာသေသွားရော ကောလိပ်စိန် အကျင့်ပျက်စရာ ဘာဖြစ် ဘာမှမဖြစ်ဘူး။ သူ့အကျင့်စာရိတ္တကို မှဲ့တစ်ပေါက်အစွန်းမခံဘူး။ ထိ နိုင်တယ်။ သီချင်းတောင် ညည်းတို့ကြားဖူးမှာပေါ့''

''ည...ညလေ နှစ်ချက်တီးတောင်မှ ဘာမှလေ မပျက် ပါဘု မောင်စိန်ခေါ်လာ''

ဆိုတာ ဖိုးစိန်ကြီးက ကောလိပ်စိန် သန့်ရှင်းပုံကို တွဲ ဆိုရတယ်သိလား''



သီချင်းတွေ၊ ဇာတ်လမ်းတွေနှင့် ဒေါ်ခင်စောမှုသည် သိုင်းသိုင်း ဝိုင်းဝိုင်း ပြောပြခဲ့၏။ မညွှန့်ရှိသည် လက်သည်းကိုက်၍ ငုံမြိုင့်ထား၏။

''မေရှင်ကြီးဆိုရင် ရုပ်ရှင်မင်းသမီးတွေထဲမှာ စံတင်ထားရ တယ်။ အကျင့်စာရိတ္တနေရာ၊ သိက္ခာရှိတဲ့နေရာမှာ စံတင်ထားရတယ်။ ဝမ်းစာဆိုတာ အလှည့်သင့်သလို ဘဝပါရမီက အကျိုးပေးသလို ရှာစား ကြရတာပဲ၊ အကျင့်သိက္ခာကတော့ ကိုယ့်ဘာသာကိုယ် ထိန်းရတာပဲ၊ ကြီးကြီးမှုမေးမယ်၊ ညွှန့်ရှိ အားငယ်နေသလားဟင်''

တစ်ယောက်တည်း ပြောနေရသော ဒေါ်ခင်စောမှုက အလှည့် ပေး၍ ညွှန့်ရှိကို မေးလိုက်၏။ ညွှန့်ရှိကမဖြေ၊ တစ်လုံးမှ မဖြေပေ၊

''မိဖုရားဖွားစော ဆိုတာ ဘယ်ဘုရင့်သွေးမှ မဟုတ်ပါဘူး ညွှန့်ရှိရယ်၊ တို့လိုပဲ တောင်သူကြီးသမီးပါ။ ဆိတ်ထိန်းကမ်းဖြူက တောင်သူကြီးသမီး။ သူ့အဖေက အိမ်မှာထားခဲ့ဖို့ ကလေးထိန်းတောင် မရှိဘူး။ လယ်ထွန်တဲ့နေရာ ခေါ်သွားပြီး လယ်ကွင်းဘေးက သစ်ပင်ရိပ် မှာ သိပ်ထားရတယ်၊ ကဲ...အဲဒီတောင်သူကြီးသမီးက နန်းတော်ထဲ ရောက်လို့ မိဖုရားဖြစ်တော့ ဘုရင့်သမီးတော်အစစ် ဘုရင်ရင်သွေးထက် တောင် ဉာဏ်အမြော်အမြင်ထက်လွန်းတော့ ဘုရင်တွေကို သူက ကြိုး ကိုင်ပြီး ပုဂံမင်းဆက်ကို ထိန်းသိမ်းနိုင်ခဲ့တယ်သိလား။ သမီးညွှန့်ရှိ တို့က အခုစာတွေသင် ဘာတွေသင်နဲ့ အခြေခံအများကြီးရှိတာ၊ မိဖုရား စောထက်သာတာပေါ့။ ကြီးပြင်းလာရတာကလဲ မြောင်းမြမြေပေါ်မှာ ကြီးရတာ၊ ညွှန့်ရှိ ဒီမှာမနေချင်ရင် မအခင်မဆောက်တို့နဲ့ ရန်ကုန်မြို့ကြီး ရောနေမလား။ ကြီးကြီးမှ ပို့ပေးမယ်လေ''

www.burmeseclassic.com

www.burmeseclassic.com



ညွန့်ရီသည် ဘာမှမပြော။ ငုံ့မြဲငုံ့နေ၏။ လက်သည်းကိုသာ တွင်တွင်ကိုက်နေ၏။ လက်ဆယ်ချောင်းက လက်သည်းများသာကုန် ရင် ကုန်မည်သာ။ ဒေါ်ခင်စောမူ အပြောကောင်း၍ ပုဂံမင်းဆက်မှ ဖွားစော၊ မွန်မင်းဆက်မှ ရှင်စောပုတို့၏ ရာဇဝင်ကျမ်းတွေသာ အစ် လုံးကျွတ်မည်သာ။ ညွန့်ရီကတော့ ဘာမှမပြော။ ညွန့်ရီခေါင်းသည် မော့၍မလာ။ ဒေါ်မြသန်း၏ ရှည်လျားသော သက်ပြင်းချသံသာ အမျိုး သမီးသုံးယောက်ကြားတွင် ပေါ်လာ၏။ ခေါင်းထောင်၍သွားဖြဲပြလျှင် တော်ပေသေးသည်။ ဤလို ခေါင်းငုံ့ငြိမ်သက်နေပုံမျိုးက မထုံတက်သေး နိုင်လွန်း၍ ဒေါ်ခင်စောမူရှေ့မို့ ငြိမ်နေရသည်။ ကြက်မွေးနှင့်သာ ဒေါ်မြသန်းက ညွန့်ရီကို တွယ်ပစ်လိုက်ချင်တော့သည်။

ညွန့်ရီ စာသင်ဖို့ကို ဒေါ်မြသန်းလက်လျှော့လိုက်၏။

"ဘဝက ပညာပါရမီကံမပါရင်လဲ စာသင်လို့ မရတတ်ဘူး ကျောင်းဆရာမကြီးတွေ ကျောင်းဆရာကြီးတွေရဲ့သား၊ သမီးတွေကိုယ် တိုင် စာသင်မရလို့ ၄-၅ တန်းနဲ့ ထွက်နေရတာ အများကြီး" ဟု၍

ဒေါ်ခင်စောမူသည် ညွန့်ရီစာမသင်လိုခြင်းအတွက် စိတ်ပျက် နေသော ဒေါ်မြသန်းကို စိတ်သက်သာအောင် ပြောပြ၏။ သူနားလည် သည်။ ဒေါ်ခင်စောမူသည် အမြော်အမြင်ကြီးမား၍ အကဲခတ်ကောင်း သူဖြစ်၏။ အခြေအနေ အရပ်ရပ်ကို နားလည်ပါ၏။ ထွန်းလှသည် မမြသန်းတို့သားအမိ အိမ်ကိုလာလိုမှ လာတော့သည်။ လုံးဝမလာ သောလများသည် တစ်ခါတစ်ရံ (၈)လမှ (၉)လပင် ကြာ၏။ ဒေါ်ခင်စော မှ သိရသလောက်တော့ ဦးသက်၏လက်စွဲတော်ကြီးအဖြစ် ရန်ကုန် တွယ်နေသည်။ ဦးသက်အထောက်အပံ့ဖြင့် ကာမှော်ဘက်တွင် မယား ငယ်နှင့်အတူနေသည်။ ထိုအကြောင်းများကို မမြသန်းကိုတော့ တိ



သင်းလင်း ဖွင့်မပြောသေး၊ စစ်မဖြစ်ခင်ခေတ်က မြစ်ဝကျွန်းပေါ်မှာရော၊ အခြားဒီစတြိတ်များမှာရော ကြေးရတတ် လူချမ်းသာ များ၊ လယ်ပိုင်ရှင်၊ စက်ပိုင်ရှင်သားများသည် သည်လိုပင် ရန်ကုန်တက်ကာ လက်စွဲတော် များ ခြံရံ၍ပျော်ပါးတတ်သည်။ ဤအထဲတွင် မြောင်းမြ ကိုသက်ဆိုလျှင် ဝါးခယ်မ၊ ကျုံမငေးတို့မှာ ဘားလုံးသိ[illegible]၏၊ ရန်ကုန် အနေနာ[illegible]တွင် လည်း နာမည်ကြီးဖြစ်၏။

ဂျပန်တစ်ခေတ် ကျော်လွန်သော်လည်း ကိုသက် ဂမူ ခေတ် မပြောင်း။ လွတ်လပ်ရေးခေတ်ဦးပိုင်းတွင် လိုင်စင်သူဌေးအဖြစ် ကိုသက် ကောင်းစားတော့လည်း သူ့လက်စွဲတော် ထွန်းလှပါကောင်းစားတော့ သည်။

သို့သော် ထွန်းလှ ကောင်းစားခြင်းသည် မမြသန်းနှင့် ဘာမှ မဆိုင်သလိုဖြစ်နေ၍ မမြသန်းသည် ဒေါ်မြသန်းအရွယ်တွင်လည်း သူ့ ဈေးတောင်းမှာ ခေါင်းပေါ်မှမချနိုင်။ ထို့ကြောင့် ဒေါ်ခင်စောမူက ညွန့်ရီ ကို တရားဟောရပြန်သည်။

"လိမ္မာစမ်းပါ၊ ကြီးကြီးမူပြောစကားကို နားထောင်စမ်းပါ ညွန့်ရီရယ်။ စာမသင်ချင်လဲ မင်းအမေကို မသနားဘူးလား။ ဈေးကူ မရောင်းချင်ဘူး။ ဈေးရောင်းဖို့ ရှက်တယ်ဆိုရင် ငါစက်တစ်လုံး ဝယ် ပေးမယ်လေ၊ စက်ချုပ်တတ်ရင် ထမင်းတစ်လုတ် ဝတာပဲ။ မြသန်းကို ကြီးကြီးသင်ပေးထားတာ သုံးချောင်းထောက် ဘော်လီတောင် ကောင်း ကောင်းချုပ်တတ်နေပြီ"

ဟိုတစ်ခေတ်က တော်ရုံအပ်ချုပ်ပညာအခြေခံဖြင့် သုံးချောင်း ထောက်ဘော်လီကို ချုပ်တတ်သည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းမှုတွင် အချုပ်အလုပ်ကအစ နိုင်နင်းခဲ့သော ဒေါ်ခင်စောမှုက ဆင်းကားအပ်ချုပ်စက်တစ်လုံး ဝယ်ပေးခဲ့၏။ သို့သော် ညွှန့်ရီ ဖင်မငြိမ်။ ဒေါ်မြသန်းသည် သမီးလေးအပေါ် မပျက်ကရုဏာနှင့် ဖုံးဖိလိုက်၏။ "ကျွန်မ ငွေလိုလို့ အဲဒီစက်ရောင်းလိုက်ပြီ" ဟူ၍သာ သူ၏မမစောမှုကို သူသာတရားခံလုပ်၍ အကြောင်းပြလိုက်ရသည်။ အမှန်တော့ ညွှန့်ရီသည် စက်ချုပ်ရမည်ကိုလည်း ရှက်သည်တဲ့။

သူသည် ညွှန့်ရီအကြောင်းကို ပြောစရာ ထပ်မံ၍မဖြစ်လာပါစေနှင့်၊ ခဏခဏဆုတောင်းမိ၏။ သို့သော် သူ့ဆုတောင်းကမပြည့်။ အရေးအကြောင်းဆိုလည်း မပြောပြချင်တော့ပါဘူးဆိုသည့်ကြားက မမစောမှုကို ပြေး၍ပြေး၍ ပြောမိ၏။

"စစ်ပြန်ရဲဘော်လေး တစ်ယောက်နဲ့ ညွှန့်ရီလိုက်ပြေးသွားပြီ။ သူ့အတွက် ကျွန်မစိတ်မကောင်း မဖြစ်တော့ပါဘူး"

သူသည် ဝမ်းမနည်းလိုတော့ပါဟု ပြောသာပြောသည်။ ထိုစကားကို ပြောစဉ် မျက်ရည်များက ပါးပေါ်တွင် ရေတံခွန်လိုဖြာကျလာသည်။

"ဟဲ့ . . . ဒါငိုစရာလား မိမြသန်းရယ်၊ တို့အမေတွေနေနဲ့ တစ်နေ့မတွေ့ တစ်နေ့ကြုံရမယ့်အဖြစ်ပါ။ ကြိုတင် တွက်မထားတာက ညည်းအပြစ်။ မျိုးတို့ မေတို့တောင် ညည်းမျက်စိထဲ ပိုးဥတို့ပုရွှမတို့အနေနဲ့ မြင်နေတာ။ ကောလိပ်မှာ နေကြတုန်းက အဆက်တွေရှိချင်ရှိနေမှာ မပြောနိုင်ဘူး။ အေး . . . လင်တစ်ယောက်၊ သားတစ်ယောက်က ယူစမြဲမို့ တည်တည်တံ့တံ့ အရှက်တကွဲ အကျိုးနည်းမဖြစ်



အဲ အိမ်ထောင်ကျပါစေလို့ ဆုတောင်းရတာပဲ။ ခု . . . ညည်း ဇက်ပေါ့သွားပြီပေါ့။ ဘာမှပူမနေနဲ့ မမစောမှုနဲ့ ပြန်လိုက်နေတော့နော်"

ကျေးရူးတော်ရှင်မကြီး မျက်နှာကို မော်ကြည့်ရင်း သူ့ရင်တွင်း ပြောပြလိုသော ဆန္ဒများကို မျိုသိပ်လိုက်၏။ ဖြည်းဖြည်းတော့ ပြန်လာခဲ့ပါမည်ဟု ပြောလိုက်သည်။ ချက်ချင်းပြန်မလိုက်လိုသေးသောအကြောင်းကတော့ တစ်နေ့နေ့တွင် ကိုထွန်းလှသူ့ဆီသို့ ပြန်လာခဲ့လိမ့်မည်ဟု သူလုံးဝယုံကြည်သောကြောင့် ဖြစ်၏။ အကယ်၍သာ ဒေါ်ခင်စောမှုဆီ လိုက်နေခဲ့လျှင် "ငါသဘောမကျတဲ့အိမ် သွားနေလို့ မပြန်လာလိုတော့ပါ" ဟု ထွန်းလှက အကြောင်းပြမှာစိုးသည်။ ထို့ကြောင့် သူသည် အပြစ်တင်ကင်းအောင် အပြစ်စင်စွာနှင့် ထွန်းလှအပြန်ကို မျှော်လင့်နေမိ၏။

သူမျှော်လင့်သလိုပင် သူ့ချစ်လင် ကိုထွန်းလှသည် မိုးများသည်းထန်စွာရွာသွန်းနေသော ညတစ်ညက သူ့ဆီသို့ ပြန်လာခဲ့ပါ၏။

ကောင်းသောပြန်လာခြင်းဖြစ်ပါစေသတည်းဟု သူသည် ဆုတောင်းလိုက်၏။ ကိုထွန်းလှကို သူသည်ချစ်စခင်စ ကြင်နာစဖန်းမောင်နှံလို သူ့ရင်ခွင်တွင် ဆွဲယူပွေ့ဖက်ထားလိုက်ပါ၏။ ဘယ်သောအခါမှ ပြန်လည်ထွက်ခွာမသွားစေလိုကြောင်းကို ပါးစပ်နှင့်မပြော၊ တင်းကျပ်စွာ သူပွေ့ဖက်ထားသော လက်မောင်းများဖြင့် ပြောပြ၏။

ကိုထွန်းလှကလည်း သူ့ရင်ခွင်တွင် ခေါင်းမှီထားသည်။ သူဝမ်းသာလိုက်သည်ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် အိပ်မှာလား၊ ဘာစားချင်လဲ၊ ဘာလုပ်ချင်လဲ"

"ငါ ဘယ်တော့မှ အိပ်လို့မရခဲ့ဘူး။ ကြာရင် ငါသေမယ်လေ"

"ဟင် ဘာတွေ ပြောနေလဲ ကိုထွန်းလှရယ်၊ ရှင် ဘာလို့ သေရမှာလဲ၊ ရှင် ဘယ်တုန်းကမှ အိပ်မပျော်ပေမယ့် အခု ကျွန်မရင်ခွင်ထဲမှာ အိပ်ရမယ်လေ"

"အေး...အေး ကောင်းကောင်းကြီးအိပ်မယ် မိမြသန်း ကောင်းကောင်းကြီး အိပ်ချင်လို့ ပြန်လာခဲ့တာ၊ ငါ့ရင်ထဲမှာ တင်းကျပ်နေတဲ့ အလုံးကြီးမရှိတော့ရင် ငါလေ ရင်ချောင်ချောင်နဲ့ သက်သောင့်သက်သာ အိပ်နိုင်တော့မယ်။ ငါမအိပ်ခင်သာ မင်းကို စကားပြောချင်တယ်"

"ဘာတွေ ပြောမှာလဲ၊ ရှင်ပြန်မလာတဲ့ရက်တွေ အကြောင်းလား"

"ဒီရက်တွေအကြောင်း မင်းသိပြီးသားပါကွယ်။ အဲဒီရက်တွေမှာ ငါကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက်လဲ မင်းခွင့်လွှတ်ပြီးသားဆိုတာ ငါနားလည်ပါတယ်၊ ဒါပေမယ့် ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ခဲ့တဲ့ အကြောင်း တစ်ခုရှိခဲ့တယ်။ ဘာလဲဆိုတော့ ကိုကြီးဆက်တို့ မိသားစု သရက်ချောင်း အိမ်မှာ နေတုန်းကလေ၊ ငါဟာ ကိုလေးသက်ရဲ့ဆန်စက်မှာ စာရေး လုပ်နေခဲ့တယ်"

"ကျွန်မ သိပြီးသားတွေပါ၊ ထပ်ခါထပ်ခါ ဘာလို့ပြောနေ ပြန်တာလဲ" မမြသန်းက ဆို၏။



"အို...ငြိမ်ငြိမ်နားထောင်စမ်းပါ မိမြသန်းရယ်၊ ဒီတုန်းက ကိုကြီးဆက် ခဏခဏ ပြောတတ်တယ်။ ဘယ်သူ တရားပျက်ပျက် ကိုယ်ကမပျက်နဲ့တဲ့။ ကိုယ်ကိုယ်တိုင် ကျူးလွန်ခဲ့တဲ့ ပြစ်မှုတစ်ခုကို ဘုရားသခင်ကိုယ်တော်တိုင်က ခွင့်လွှတ်သော်လည်း မိမိကိုယ်ကိုယ် ကို မိမိခွင့်မလွှတ်ရဘူးတဲ့။ ဩော်...ကိုကြီးဆက်၊ ကိုကြီးဆက် ထွန်းလှတစ်ကောင် အပေါင်းအသင်းမကောင်းခဲ့လို့ ကိုကြီးဆက်စကား တွေကို မေ့လျော့ခဲ့တယ်။ အခု သတိပြန်ရချိန်မှာ နောက်ကျနေပြီ"

"ဘာဖြစ်လို့ နောက်ကျရမှာလဲ၊ နောက်မကျပါဘူး၊ နောက် မကျပါဘူး။ ရှင်ဒီလိုပြောလာလေ ကျွန်မ ဝမ်းသာလိုက်တာ"

"အေး...နားထောင်ပါဦး၊ ရှေ့လျှောက်ပြီး ဝမ်းသာစရာ စကားတွေ ငါပြောပြမယ်၊ ငါ အခုရန်ကုန်က ပြန်လာတာ၊ ငါ့ကိုလေ ကိုလေးသက်က မမစောမှုကို သတ်ခိုင်းတယ်"

"အ မ လေးတော်"

မမြသန်းသည် မိုးကြိုးပစ်ခံလိုက်ရသလို တုန်လှုပ်ရုံမက ချက်တရက် ကြောင်တက်တက်ကြီး ဖြစ်သွားတော့သည်။

"ဒါပေမယ့် ငါမသတ်ဘူး။ ငါမသတ်ခဲ့ပါဘူး"

"အဲဒါဟာ သမာဓေဝ နတ်ကောင်းနတ်မြတ်တွေက ရှင့်ရင်ထဲ ကို စိတ်ကောင်းစိတ်မြတ်တွေ သွင်းလိုက်တာပါလေ"

"အကြိမ်ကြိမ်ပဲ သူငါ့ကို သတ်ခိုင်းတယ်၊ နောက်ဆုံးတစ် ကြိမ် သူက သစ္စာရေတိုက်ပြီး အသတ်ခိုင်းတာမှာ ငါ သူ့သစ္စာရေ ကို မသောက်ဘူး။ တစ်ခါတည်းအပြေး သူငါ့ကို သေနတ်နဲ့လှမ်း ပစ်လိုက်တာ"

"ဘုရားရေ ရှင်မသေဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သေကွင်းကို မထိဘူး။ ရတဲ့ဒဏ်ရာကို ငါကြိတ်ကုရတယ် သူ့လက်တွင်းက ပြေးလို့လည်း လွတ်လာတယ်။ ဒါပေမယ့် ငါ့ အဲဒီကတည်းက တစ်ညမှအိပ်မပျော်တော့ဘူး။ ငါအမြဲကြောက်နေ တယ်၊ ထိတ်လန့်နေတယ်။ လမ်းမတော်ပိုးတုတ် တစ်ခေတ်က နာည ကြီးသလို မြောင်းမြမောင်သက်ဆိုတာ ရန်ကုန်မှာနာမည်ကြီး။ ဒီတော့ တစ်နေ့မဟုတ် တစ်နေ့ သူတပည့်တွေလက်ချက်နဲ့ ငါသေရတော့ မယ်ဆိုတာ ငါအမြဲပဲ တွေးလန့်နေတယ်။ ငါ့ကိုယ်ငါလဲ မင်းနဲ့ခွဲနေ တဲ့ရက်တွေမှာ ငါကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေအတွက် ငါ့ကိုယ်ငါ ခွင့် မလွှတ်နိုင်ခဲ့ဘူး။ ကိုကြီးဆက်ကို ပြောပြလိုက်ပါကွယ်။ ငါဟာ မသေခင် ရက်ပိုင်းအတွင်းမှာ ကိုကြီးဆက်စကားတွေကို နားထောင်ခဲ့ပါတယ် လို့။ ပြီးတော့လေ မင်းရဲ့မိခင်လို ကျေးဇူးရှင်မကြီး မမစောမူကို ငါမသတ်ခဲ့ပါဘူးလို့ မမစောမူကိုလဲ ပြောပြလိုက်ပါ"

"အိုလေ မသေခင်ရက်ပိုင်းမှာလို့ ရှင်မပြောပါနဲ့။ ရှင်မပြော ပါနဲ့။ ရှင်မသေရပါဘူး" မမြသန်းသည် တုန်တုန်ယင်ယင်နှင့် ဖြတ်ပြော လိုက်၏။

"အိပ်လို့မရတဲ့ ရက်တွေမှာ ငါ့စိတ်ချောက်ချားတာတွေ မေ့အောင် ငါအရက်တွေ သိပ်သောက်ရာက ငါ့မှာနှလုံးရောဂါပါစွဲပြီ ကုမရတော့ဘူး။ ဒါ့ကြောင့်မို့လို့ ဒါကြောင့်မင်းရင်ခွင်ထဲမှာ နှစ်နှစ်ခြိုက် ခြိုက်အိပ်ရအောင် ငါပြန်လာဟာပါ"

ကိုထွန်းလှသည် စကားတစ်လုံးချင်း လေဆက်မိအောင် ဖြည် ညင်းစွာပြောပြ၏။



"ခုတော့လေ၊ မင်းဝမ်းသာပါတော့။ ငါလေ မနိုးသော အိပ်ခြင်းနဲ့ မင်းရင်ခွင်မှာ အိပ်တော့မယ်၊ ငါ့ရင်ထဲမှာလေ အလုံးကြီး မရှိတော့ဘူး။ အခုမှ အသက်ရှူချောင်သွားပြီ"

မှန်၏။ အသက်ရှူချောင်သွားပြီ ကိုထွန်းလှတစ်ယောက် အသက်ရှူချောင်သွားပြီ။ ထိုညက နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်သည်မှ တဖြုန်းဖြုန်းရွာကျနေသော မိုးသံကိုမှ သူမကြား၊ မမြသန်း၏ရင်ခွင် တွင် မနိုးသောအိပ်ခြင်းဖြင့် သူအိပ်လိုက်ပါတော့သည်။

နံနက်မိုးသောက်တွင် မိုးအစဲ၌ စောစောစီးစီး အသံချို့စက် အသံကုန်ဖွင့်တတ်သော အလှူရှင်တစ်ဦးက ဦးဖိုးစိန်ကြီး၏ဓာတ်ပြား အဟောင်းကို ဖွင့်လိုက်၏။

"မင်းကဆိုးရင် မင်းပဲခံရဲကြီးမယ်၊ ရန်ငြိုးမဖွဲ့လေနဲ့ ကံဆိုး တဲ့ ဇိနှမာနရယ်၊ ရန်ငြိုးဖွဲ့လေသမျှ မင်းသံသရာမှာ မျော မင်းသံသရာ မှာ မျော.. ဟော...ဟော...ဟော"

ဦးဖိုးစိန်ကြီးသည် နံနက်အစောကြီးမင် ငိုချင်းချလိုက်ပါ သတည်း။

မမြသန်း ဘာတတ်နိုင်ပါဦးမည်နည်း။

***

"အဖေ သတြိုဟ်တာကှ မံအောင်ပြန်လာတာပဲ၊ ဒါပေမယ့် ဘွန်မ မမိတော့ဘူး"

ညွန့်ရီသည် ငိုတော့မငို၊ ငိုသည်ဖြစ်စေ၊ မငိုသည်ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



အဖေသေသည်ကို ပြန်လာကြည့်လိုသောစိတ် ရှိသည်ကိုပဲ ညွှန့်ရီအား ဒေါ်မြသန်းက ကျေးဇူးတင်လှပါ၏။

"ကျွန်မ သူ့ဆီပြန်မသွားတော့ဘူး။ အပြတ်ပြန်လာတာ" ဟု

ပြောစဉ်တွင်တော့ ဒေါ်မြသန်း ပါးစပ်ဟောင်းလောင်း ဖြစ်သွား၏။ ဘာဖြစ်လို့လဲ။ ဘာကြောင့်လဲ ဟူသော မေးခွန်းများကို ရင်တွင်းကသာ မေးချင်၏။ ပါးစပ်ကမူ မထွက်တော့ပေ။ သူ့ခြေ သူ ငြိမ်သက်စွာထား၍ မိခင်နှင့်အတူနေဖို့ သမီးလေးတစ်ယောက် ပြန်လာသည်ကိုပဲ သူစိတ်ကျေနပ်ရပေမည်။

လင်သေ၍ ဝမ်းနည်းရသည်။ သမီးလေးပြန်လာ၍ ဝမ်းသာ ပေမည်။ သူတို့ သွားကြပြီ၊ သူတို့ပြန်လာကြပြီဖြစ်သော သူ၏မှတ်တမ်း သတင်းပေါင်းစုံကို သူ့မမစောမူသည် ဒီတစ်ခါ မကြားလေရှာသလား မသိ။ သူ့ထံသို့ သတင်းမေးမရောက်လာ၊ သူကလည်း စာလေးတစ် ကြောင်းမှမရေးနိုင်။ ရေးမည်ကြံတိုင်း ကြောက်ရွံ့စိုးရိမ်စိတ်က လွှမ်းမိုး နေ၍ သူ့လက်များက တုန်နေသည်။

ကိုထွန်းလှ ပြောကြားသွားသော ဖွင့်ဟဝန်ခံချက်ကို မမစော သိသင့်လေသလား။ သိသွားလျှင် သူ့အသက်အတွက် ကြိုတင် ကာကွယ်မှု လုပ်နိုင်မည်။ မမစောမူသည် စိတ်အေးလက်အေး မနေ တစ်နေ့မဟုတ်တစ်နေ့ ကိုထွန်းလှကို သတ်နိုင်းသလို ဦးသက်သည် တပည့်တစ်ယောက်,ယောက်ကို သတ်ခိုင်းလေမလားဟု ကြောင့်ကြ စိုးရိမ်နေမလား။ သတ္တဝါတို့မည်သည် သေခြင်းတရားကိုတော့ ကြောက် ကြစမြဲဖြစ်၏။ တစ်ခုကလည်း သူကပြောပြလိုက်လျှင် ပင်ကိုက စိတ်သဘောချင်း မတိုက်ဆိုင်၍ ညီအစ်ကိုမျက်နှာချင်းမဆိုင်လိုသော



ဘိုကြီးဆက်နှင့် ကိုလေးသက်တို့သည် သူ့စကားတစ်လုံးကြောင့် ဘယ် သောအခါမှ မျက်နှာချင်းမဆိုင်တော့ဘဲ သေခန်းပြတ်သွားကြပါလျှင် ပြီးပါလေရော့။ ပြီးပါလေရော။ အားလုံးချစ်ခင်ကြစေချင်သည်။ ချစ်ကြ တာပဲကောင်းပါသည်။

အို သူသည် သူဥာဏ်မီသလောက်အဆင့်တွင် သူပြဿနာကို သုမရှင်းနိုင်။ မတွေးနိုင် မအံ့နိုင်။ ဘာတွေများဖြစ်နေကြပါလိမ့်။

နေ့များညများကိုစောင့်နေသော နတ်များသာ တကယ်ရှိသည် ဆိုလျှင် ထိုနတ်များကို ပသပူဇော်လိုလှပါ၏။ ထိုနတ်များသည် ကျေးဇူး တင်ပွယ် ချီးကျူးမွယ်ကောင်းလေစွ။ နေ့နှင့်ညကို သူ့တို့ဘာသာတာဝန် ထမ်းဆောင်ရင်း တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ ပြက္ခဒိန်မှခွါ ချသွားပေ၍သော သတ္တဝါတို့သက်သာပေသည်။ အပူပုံကြီးများက တဖြည်းဖြည်း ဝေးကွာလာကြရသည်။ အအေးတုံးကြီးများကိုလည်း ဖြတ်ကျော်လာခဲ့ရသည်။ ကိုယ့်ဘာသာကိုယ် ကိုယ့်ဖွမ်းအားနှင့်သာ နေ့နှင့်ညကို ဖြုံချရပါလျှင် ဘာကိုမှမဖြုံနိုင်၊ ခံစားနိုင်ရသော သောက တို့ကြောင့် ဖြုံရမည့်အားလည်း မရှိတော့ပါ။ နေ့နှင့်ည ိုလည်း ကျေးဇူးတင်ပါ၏။ သူတို့ဘာသာသူတို့ ကုန်ဆုံးသွားကြခြင်းကိုပဲ မဟာ ကရုဏာရှင်တို့ ထားအပ်သော မေတ္တာတရားကို နှလုံးသွင်း၍ ကျေးဇူး တင်မိပါ၏။

မမျှော်လင့်ဘဲ နေ့တစ်နေ့တွင် ဦးကျိုးမြိုင် ပေါက်လာ၏။

"အမလေး ကိုကျိုးမြိုင်ရဲ့ မိုးသန်းအဖြစ်တွေကို သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူသည် ရှိုက်ကြီးတငင် အော်ကြီးဟစ်ကျယ် ငို၏။ ငိုလိုက်သည်မှာ ဝက်ဝက်ကွဲ။ ဦးကျိုးမြိုင်သည် ခေါင်းရင်းဘက် တွင် ငြိမ်ငြိမ်ကြီး ထိုင်နေ၏။ သူအားရအောင် ငိုသည်ကို လွှတ်ထ သလို ကြည့်နေ၏။ မမြသန်း အရှိုက်ဝေးတော့မှ "ငါတို့အားလုံး သတင်းတွေ ကြားပါတယ်"ဟုဆို၏။

"ငါတို့ဆိုတော့ ကျွန်မ သတင်းတွေ ကိုကြီးဆက်ကော မမစောမူရော ကြားမှာပေါ့နော်"

"ကြားပါတယ်ဟယ်"

ဦးကျိုးမြိုင် ဖြေပုံသည် အေးစက်စက် နိုင်လှသည်။ သူ့ အကြောင်းကို သူက တစ်တစ်တန် ပေတစ်တန်နှင့် အကြောင်းမကြား နိုင်သော်လည်း မမစောမူတို့က အလိုလိုသိကာ သူ့ကိုလာမေးစေ သည်။ သူသည် ဦးကျိုးမြိုင်ကို ဦးဆက်တို့လိုပင် အစ်ကိုကြီး တ ယောက်သဖွယ် ရှိသေလေးစား၍ ကိုကြီးမြိုင်ဟု ခေါ်ခြင်းဖြစ်၏။

"သူတို့လဲ လာကြလိမ့်မယ်။ သရက်ချောင်းက အိမ်ကြီး ရွာရဲ့ တိုးချဲ့မူလတန်းကျောင်းအဖြစ် လှူဖို့လာကြလိမ့်မယ်။ ဒါဟာ မမစောမူရဲ့ နောက်ဆုံးဆန္ဒပဲ"

"ဘာ...ဘာ နောက်ဆုံးဆန္ဒ၊ အမယ်လေး နောက်ဆုံး ဆန္ဒဆိုတော့၊ သူ...သူ" မမြသန်း စကားမဆက်နိုင်ခင်...

ဦးကျိုးမြိုင်သည် ခေါင်းကိုဖြည်းညင်းစွာခါ၍ "ဟုတ်တယ် သူမရှိတော့ဘူး" ဟု ငိုသံကြီးနှင့် ပြောလိုက်၏။



"အို...ဘုရား" မမြသန်းသည် ရုတ်တရက် သတိမေ့သွား သလိုပင် ကြောင်တက်တက် ဖြစ်သွား၏။

သဲကန္တာရကို ဖြတ်လျှောက်နေပါသည် ဆိုကာမှ သဲမုန်တိုင်း က ကျလာပြန်တော့သည်။ ခိုကိုးရာတောင်ကြီးလဲပြို သစ်ပင်အိုလည်း ခမြုသွားလေပြီ။ သူသည် ငိုရှိုက်ရာမှ သူသိလိုသော မေးခွန်းတစ်ခု ကို မေးလိုက်၏။

"သူ ရိုးရိုးတန်းတန်းပဲ သေသွားရတာပဲလား"

"အေးပေါ့လေ ရိုးရိုးဆိုပါတော့။ ဆင်လဲဆင်အတောင်နဲ့၊ ကြွက်လဲကြွက်အတောင်နဲ့၊ ကျောပြုရတဲ့ ဇာတ်လမ်းမှာ ဘယ်သူကမှ ဘယ်သူ့ထက် မပိုပါဘူးဟယ်၊ ဆက်မိသားစုဟာ တို့အရိပ်ခိုရာ သစ်ပင် ကြီးပေါ့။ ဒါပေမယ့် သူများကိုအရိပ်ပေးလိုတဲ့ သစ်ပင်ကြီးဟာ နေပူ ဒဏ်ကို ခံရတာပါပဲလေ"

"ကျွန်မ သိချင်တာက ဘာရောဂါလဲလို့"

"မမစောမူ နှလုံးရောဂါနဲ့ သေရတာပါပဲ။ ခင်မျိုးဆက် လေ... ။ မျိုးလဲ နိုင်ငံခြားကို ထွက်သွားပြီလေ။ မမစောမူဟာ ကိုကြီးဆက်ဘက်က ဆွေစုမျိုးစုဒဏ်ကို ဘယ်လောက်ခံခဲ့ရသလဲဆိုတာ နင်တို့ငါတို့ပဲ သိတယ်။ ဒါပေမယ့် အဲဒီအပူဒဏ်တွေဟာ မမစောမူ လို မိန်းမမျိုးအတွက် မပူလောက်ပါဘူး။ သူအသည်းကျွမ်းရတာက မျိုး ...ခင်မျိုးဆက် ထွက်သွားတာမှာ သူစိတ်အထိခိုက်ဆုံးပဲ"

"ကျွန်မ ရုတ်တရက် ထင်လိုက်တာက ကိုလေးသက် လက် ချက် ကြောင့်များ မမစောမူ သေရသလားလို့"

"ဘာ...မောင်သက်ရယ်၊ မောင်သက် ဘာတွေလုပ်သလဲ" ဦးကျိုးမြိုင်သည် အထိတ်တလန့် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကျိုးမြိုင် ကျွန်မ ဦးနှောက်နဲ့တော့ ဘာဆုံးဖြတ်ရမယ် ဆိုတာ မမိတော့ဘူး။ ခုကျွန်မ ဖွင့်ပြောမယ့်အကြောင်းကို ကိုကျိုးမြိုင် ရင်ထဲမှာပဲ ထားပါ"

မမြသန်းသည် ထွန်းလှနောက်ဆုံး ဖွင့်ဟပြောကြားချက်များ ကို ဦးကျိုးမြိုင်အား ပြောပြလိုက်၏။

"မမစောမူဟာ ဒီအကြောင်းတော့ ဘာမှမသိသွားရပါဘူး ဒါပေမယ့် မောင်သက်ဟာ အတော်ခက်တာပဲ"

"ဟုတ်တယ်၊ ကျွန်မတွေးတာကလဲ ခု မမစောမူကတော့ သိဖို့မလိုတော့ပါဘူးလေ၊ ကိုလေးသက်ဟာ ဒီလိုကြံစည်ခဲ့တယ်ဆို တာ ကိုကြီးဆက် သိသင့်သလား။ မသိဘဲ ဒီလိုနေသွားရင် အခြေအနေ ပိုဆိုးမလား။ သိသွားရင်လဲ တစ်ခါတည်း ညီအစ်ကို သေခန်းပြတ် မလား"

"ဒါကို ဆုံးဖြတ်ဖို့ တို့အချိန်စောပါသေးတယ်၊ ကိုကြီးဆက် ကို မပြောသင့်သေးဘူး ထင်တယ်။ ငါ့အနေနဲ့တော့ မောင်သက်က နည်းနည်းမှ ခွင့်မလွှတ်နိုင်တော့ဘူး။ ဆက်ပြီးတော့သာ မိုက်နေရင် တော့ ငါနဲ့ပဲရင်ဆိုင်ရမယ်ထင်တယ်။ တကယ်ဆို ငါကသူ့ကို အရ ဆုံးသတ်ဖို့ကောင်းတယ်။ ငါဟာ ကိုကြီးဆက် အဆုံးအမကြော သည်းခံစိတ်တွေ မွေးမွေးလာတာ။ ငါရဲ့ ယယ်စိတ်နဲ့သာဆိုရင် ဖွားခ ကိစ္စကတည်းက မောင်သက်ကို ငါဓားနဲ့ပိုင်းမိတယ်"

"အင်း...ကျွန်မလဲ တွေးမိတယ်၊ သူဒါလောက် အကြံပ စက်ရအောင် နာကြည်းရတဲ့အကြောင်းထဲမှာ မဖွားခင်ကိစ္စက စလာ မှာပဲ"

"ဒါတင်ဘယ်ကမလဲ အားလုံးအမွေ ဝေခြမ်းပြီးပေမယ့် ကိုကြီးဆက်နဲ့ မမစောမူလက်ထက်မှာ လယ်တွေကိုလည်း သူကအ



ဆိုင်တစ်ဦးအနေနဲ့ ပိုင်ဆိုင်ခွင့် လိုချင်ပါသေးတယ်။ ဖွားခင်ကိစ္စတုန်း က ရွာသားတွေ ကိုယ်တိုင်ကိုက မခံမရပ်နိုင်ဖြစ်နေတာ၊ ငါက ရွာသား တွေကို ဖျောင်းဖျရတယ်၊ ငါအဖေတစ်ယောက်လုံးအနေနဲ့ ခွင့်လွှတ် နိုင်တာ မင်းတို့စိတ်ကျေနပ်ပါလို့ ပြောရတယ်၊ နို့မို့ရင်လား ဂေါ်ဒူ သောင်ခြေကို မောင်သက် ဘယ်တော့မှ ခြေချလို့ရမှာမဟုတ်ဘူး။ ဂေါ်ဒူသောင်ရွာသားဆိုတာ ရာမချစ်တီးခေါင်းကိုတောင် ဖြတ်ယူခဲ့တာ"

"မဖွားခင် ကိစ္စတုန်းက မမစောမူက ကျွန်မရှေ့တင်ပဲ ကိုကြီးဆက်ကို ပြောပြနေတယ်၊ သူဟာ ဒီနေရာမှာ မောင်သက်မရိုး အနေနဲ့ မစဉ်းစားနိုင်ဘူးတဲ့။ မောင်သက်မရိုးအနေနဲ့ စဉ်းစားမယ်ဆို ရင်တော့ မောင်သက်နဲ့တင်မြသွင် မင်္ဂလာပွဲကို ကိုကြီးဆက်နဲ့အတူ ထက်ရမှာပဲတဲ့။ ခုတော့ သူဟာ မိန်းမတစ်ယောက်အနေနဲ့ တွေးရမယ်၊ နာရမယ်တဲ့။ ဒါကြောင့် ဖွားခင်ကိုသာ တရားဝင်မယားကြီးအဖြစ် သိအမှတ်ပြုတဲ့အနေနဲ့ သူ့ရဲ့သရက်ချောင်းအိမ်မှာ ရွာသားတွေကို တ်ခေါ်ကျွေးမွေးပြီး သူကြေညာရမှာပဲတဲ့။ ကိုကြီးဆက်ကိုတော့ ကိုလေးသက် မြောင်းမြမှာ ကျင်းပတဲ့မင်္ဂလာပွဲကို တက်လိုတက်၊ တက်လိုနေ၊ သူတိုက်လဲ မတိုက်တွန်းဘူး။ ကန့်လဲမကန့်ကွက်ဘူး တဲ့"

မမြသန်းသည် ဦးသက်တစ်ယောက် လူပျိုတုန်းက မြောင်းမြ မှ အငြိမ်းစား စက်ရှင်မင်းကြီး ဦးပမော်၏သမီး တင်မြသွင်နှင့် ထပ်ပွဲအကြောင်းတွင် သူသိသောအပိုင်းကို ဦးကျိုးမြိုင်ကို ပြောပြ

"ငါပိုသိတာပေါ့၊ ကိုကြီးဆက်က ငါ့ကိုတောင်းပန်တယ်၊ တို့ ညီအစ်ကို စိတ်သဘောချင်းမတူပေမယ့် ငါ့အနေနဲ့ တာဝန်ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



မောင်မြိုင်တဲ့။ မင်းရဲ့သမီးဟာလဲပဲ ငါ့သမီးပါပဲတဲ့။ မင်းသမီးမွှားခ အပေါ် တို့များသမီးချင်း စာနာပြီး အခုလို အသိအမှတ်ပြုပွဲလုပ်ပေ တာ မင်းကျေနပ်ရဲ့လားတဲ့။ ငါ မောင်သက်ရဲ့ မင်္ဂလာပွဲကို တက်ထ မတက်ဘူး။ အသိအမှတ်လဲ မပြုပါဘူးတဲ့။ ကိုကြီးဆက် ပြောစကား ကြောင့် ငါ့ဒေါသကိုလဲ ထိန်းသိမ်းပါတယ်။ ကျေနပ်ပါတယ်လို့ ကိုကြီးဆက်ကို အဖြေပေးလိုက်တဲ့အပြင် ကျွန်တော့်လက်နဲ့ မောင်သ တစ်ယောက် မသေစေရပါဘူးလို့ ကတိပေးလိုက်တယ်''

''ကိုလေးသက်ကို သိမ်မွေ့လာအောင် ဘယ်လိုလုပ်ရမယ ဘာပဲဖြစ်ဖြစ် ကိုကြီးဆက်က ရေ့ကတရားတွေဟော၊ မေတ္တာရပ်ခံ သူ့အသက်ဒါလောက်ရှင်နေတာဆိုတာ နားလည်ဖို့ကောင်းပြီ၊ ကဲ ဦ အစ်ကိုချင်းအတူတူ ဒီမြေကိုသူပြန်လာရဲသလား။ ဒီရွာသားတွေ ဂေါ်ဒူသောင်နားက ရွာသားတွေကော။ သူ့အပေါ်မေတ္တာတစ်စက် မရှိဘူး''

မမြသန်းပြောသည်မှာ မှန်၏။ တိုင်းပြည်အခြေအနေ မတ မငြိမ် အပြောင်းအလဲတွင် ရွာသားတို့သည် ဦးသက်၏အပေါ် သူတို့ သဘောထားကို ပါးစပ်နှင့်မပြော၊ ဂေါ်ဒူသောင် ဆန်စက်ကို မီးတင် ရှို့လိုက်ကြသည်။

''သူတို့ ဘယ်တော့လောက်လာကြမလဲ'' မမြသန်းသည ဦးဆက်တို့လာမည့် သတင်းကို ဆက်၍မေးလိုက်၏။

''ဝါဆိုဦးမှာ လာမယ်၊ ဝါဆိုသင်္ကန်းကပ်ရင်း သရက်ချော က သူ့တို့အိမ်ကြီးကို ရွာရဲ့စာသင်ကျောင်းအဖြစ် လှူမယ်၊ ရေစက် မယ်၊ ဒါတွေ ငါစီစဉ်ရအောင် ကြိုလာခဲ့တာ''



''နင်ရော အလှူပြီးလို့ ကိုကြီးဆက်တို့ ရန်ကုန်အိမ်ကြီးကို ပြန်လာရင် လိုက်လာပြီး အတူနေပါလား။ ငါမေ့ကို သနားလွန်းလို့ပါ တယ်။ ငါလေ လူတွေရှေ့မှာ တမင် မမစောမှုကိုယ်စား အလေးထားပြီး သူ့ဌေးမကြီးလို့ ခင်မေဆက်ကို ခေါ်တာ။ တကယ်တော့ ငါ့ရင်ထဲမှာ သူ့ကို ပုရုးမလို့ပဲ ခေါ်မိတယ်။ ခုတော့ ပုရုးမဟာလေ အပြင်မှာ လူကြီးတစ်ပိုင်းလို ဟန်ပန်နဲ့နေသလောက် အိမ်မှာဆို ပိုးဥကလေး ာလဲမရှိ အမေလဲမရှိတော့ ကိုကြီးဆက်အနားမှာ ပုရုးမအနေနဲ့ပဲ သူနေပုံဟာ ကြောင်တောင်တောင် ငေးတေးတေး ငိုင်တိုင်တိုင်နဲ့၊ သိပ်ပြီး တိတ်တိတ်ဆိတ်ဆိတ်နေတာပဲ၊ နင်သာအနားမှာရှိရင် ပုရုးမ ဿနေသာတာပေါ့''

မမြသန့်သည် ဦးကျိုးမြိုင်စကားအဆုံးတွင် သက်ပြင်းချ လိုက်၏။

''တဖြည်းဖြည်းတော့ ရောက်လာဖို့ ကြိုးစားပါ့မယ် ကိုကြီး မြိုင်၊ ခုတော့ မိညွှန့်ရီ ရှိသေးတယ်လေ။ ဒီသမီးဆိုးကို ကျွန်မ ကြည့် ထိန်းပေးရဦးမယ်၊ သူ့အဖေ ကျွန်မဆီက ဆယ်ခါပဲခွဲသွားသွား၊ ပြန် ာတော့ တစ်ယောက်ဘဲ၊ ခု မိညွှန့်ရီပြန်လာတော့ သူ့မှာ ကိုယ်ဝန် ပါလာခဲ့တယ်လေ၊ ဩော် . . ကျေးဇူးရှင်မကြီး မမစောမှုသာရှိရင် ပြုသနာ သူဝင်ပါလိုက်ဦးမှာ''

ဦးကျိုးမြိုင်သည် ငြိမ်သက်စွာ အတန်ကြာ စဉ်းစားနေသည်။

''အေးလေ၊ ငါဒီကိုလာမယ်လုပ်တော့ ခင်မေဆက်က ငါ့ကို နင်နဲ့ဝင်တွေ့သွားဖို့ မှာလိုက်တယ်၊ သူဟာလဲ သူ့အမေကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com



နင့်ကိစ္စ ဘာမဆို ဆောင်ရွက်ပေးနိုင်မှာပါ။ ဪ..ညွန့်ရီ..ညွန့်မျိ ငါညွန့်ရှိအကြောင်း မတွေးတတ်ဘူး''

''ဟုတ်တယ်၊ ကျွန်မလဲ တွေးမိတိုင်းမောတယ်၊ ဖွားခင်ဖြစ်ပြီ ကအားလုံးသနားကြတယ်၊ ဖွားခင် ကလေးကို လေးစားကြတယ် ကိုလေးသက်ကြောင့် ဖွားခင် သားတစ်ယောက်အမေ ဖြစ်ရတာကို အားလုံး နားလည်တယ်။ မိညွန့်ရီကတော့ ဟင်း...ကိုယ့်ရင်ထဲက မွေးလာတဲ့ သမီးမို့လို့ပဲ''

''တော်ပါတော့ မြသန်းရယ်၊ ဖြစ်သမျှ အကြောင်းပဲ၊ ငါသွား တော့မယ်''

ဦးကျိုးမြိုင်သည် သူ့ကိုနှုတ်ဆက် ထွက်ခွာသွား၏။

***

သရက်ချောင်းကျေးရွာ တိုးချဲ့မူလတန်းကျောင်းဖွင့်ပွဲမှာ စည် ကားသိုက်မြိုက်စွာ ပြီးစီးသွား၏။ ရွာသားများသည် မမစော အကြောင်းကို တသလွမ်းဆွတ်စွာ ပြောကြားကြ၏။ ဘုန်းတော်ကြီး ဦးဝဏ္ဏပင် ရေစက်ချရာ၌ အားလုံးသော သတ္တဝါများအား အမျှဝေ ပင်ရင်းအကာမကြီးဖြစ်သော ဒေါ်ခင်စောမှ နာမည်ကို ထုတ်ဖော်ရွတ်ဆို ချိန်တွင် အသံတုန်ယင်သွားတော့သည်။

ဪ...ဝသုန္ဓေ ဤမြေကြီးသည် အားလုံးသော သတ္တဝါ တို့၏မှီရာ တည်ရာဖြစ်ရုံမက အားလုံးသောသတ္တဝါတို့၏ စိတ်စေ စေတနာကိုလည်း သက်သေထူရာဖြစ်ခဲ့ပေ၏ တကား။



မျက်ရည်စက်တို့ဖြင့် ရေစက်ချနေသူမှာတော့ ဒေါ်မြသန်းဖြစ် ၏။ သူ့အပါးတွင် သူချစ်သော ပုရုမသည် ထိုင်နေ၏။ သူတို့နှစ် ယောက်သည် ရေစက်ချပွဲအပြီး ကျောင်းပရဝုဏ်အတွင်းရှိ ရေတွ ဘား တွင် ထိုင်ကာနောက်ဆက်တွဲ ရေစက်ချနေ၏။ ဒေါ်မြသန်း၏မျက်လုံးမှ မျက်ရည်စက်များသည် မြေကြီးပေါ်သို့ တစ်ပေါက်ပေါက် ကျလာကြ ၏။ ဝသုန္ဓေမြေကို စောင့်သော မြေစောင့်နတ်ကြီးအား သူသာ ဘုန်းတော်ကြီးကဲ့သို့ ရွတ်တတ်ဖတ်တတ်ပါလျှင် မမစောမှ စေတနာ သတ္တာ အလှူဒါနတို့ကို တိုင်တည်၍ အမျှဝေလိုက်ချင်ပါသေး၏။ ခုတော့ သူ့ပါးစပ်က မပြောတတ် မျက်ရည်ပေါက်တို့သာ မြေပေါ်သို့ သွန်ချလိုက်ပါတော့သည်။

ယခင်က ထစ်ခနဲဆို ငိုကြီးချက်မနှင့် အငိုသန်သူ ပုရု သည ယခုတော့ သူ့ဘေးတွင် ငြိမ်သက်စွာထိုင်နေ၍ မျက်လုံးထဲရှိ စီးကျလု ဆဲဆဲ မျက်ရည်ဥများကို တွဲလွဲအခြေအနေမှာသာ ထိန်းချုပ်၍ထား နိုင်သော ဒေါ်ခင်မေဆက်အနေနှင့် သူအံ့ဩစွာတွေ့ရ၏။

''မငိုနဲ့လေ၊ ဒေါ်ဒေါ်သန်း၊ မေမေက မေ့ကိုမှာခဲ့ပါတယ်၊ မြသန်းကို ငါရှိတုန်းကထက် ပိုဂရုစိုက်ပါတဲ့။ ဘာကိစ္စရှိရှိ မေ့ကို ပြောပါနော်၊ မေလေ ကျောင်းပိတ်ရက်ဆို ရွာကိုတတ်နိုင်သလောက် လာခဲ့မယ်၊ မေ တက္ကသိုလ်မှာ နည်းပြဆရာမလုပ်ပြီး အမ်အေတက် နေတယ်၊ ဖေဖေလဲ အသက်ကြီးပြီမို့ ဖေဖေ့အနားက မခွာချင်လို့ပါ။ နို့မို့ရင် ဒေါ်ဒေါ်သန်းနဲ့အတူ သရက်ချောင်းမှာတောင် နေချင်တယ်၊ အခုလည်းလေ ဖေဖေက ညကသူ့အစီအစဉ်ကို ပြောပြတယ်။ ဦးကျိုး

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ကလဲ သဘောတူတယ်၊ ဖေဖေတို့ ကျွန်းကြီးလယ်ကို လုပ်တဲ့ ကိုသာအေးနဲ့ မညွန့်ရီကို ပေးစားခဲ့မယ်တဲ့၊ ကိုသာအေးက သဘောကောင်းပါတယ်တဲ့"

"ညွန့်ရီအကြောင်းရော သာအေး အားလုံးသိရဲ့လား တို့များရွာသားတွေကိုတော့ ဒေါ်ဒေါ်သန်း အနေနဲ့ညာပြီး ငါ့သမီး လင်ကောင်ပေါ်ဖို့ ဓားစားခံ မလုပ်ပါရစေနဲ့"

ဒေါ်မြသန်းက သူ၏စိတ်ရင်းကို ဖော်ပြလိုက်၏။

"ဖေဖေ နားလည်ပါတယ်၊ ညွန့်ရီ အခြေအနေကို ဖေဖေက ဖွင့်ပြောပါတယ်။ ကိုသာအေး မြတ်နိုးနိုင်မှ ယူဖို့လဲ ဖေဖေက ပြောပြီးသားပါ၊ ကိုသာအေးလက်မှာ ငြိမ်ငြိမ်နေဖို့တော့ ဒေါ်ဒေါ်သန်းက ကိုယ့်သမီးကိုယ် တာဝန်ယူပေါ့၊ ညွန့်ရီ တာဝန်ငြိမ်းမှ တို့ဒေါ်ရာကို မြသန်း လိုက်နိုင်မှာတဲ့"

ဒေါ်မြသန်းသည် တကယ့်သူတို့၏ကိုယ်ရေးကိုယ်တာ သဖွယ် သားအဖနှစ်ယောက် ဖိဖိစီးစီး စီစဉ်ပေးသည်ကို တွေ့ရသောအခါ သူ့ရင်ထဲတွင် မပြောပြနိုင်သော သောမနဿဝေဒနာကို ခံစားလိုက်ရပါ၏။ သူသည် မေ၏လက်ဖျားလေးများကို ဆုပ်ကိုင်လိုက်သောအခါ အေးစက်နေသည်။

"ပုရှူးမ နေမကောင်းဘူးလား။ လက်ဖျားတွေ အေးလိုက်တာ"

"နေကောင်းပါတယ်၊ မမနိုင်ငံခြားကို ထွက်သွားတုန်းက မေမေရယ် မေ့ရှေ့မှာ ဣန္ဒြေမဆည်နိုင်ဘူး။ ငိုလိုက်တာ မေလေ အဲဒီကတည်းက ခြေဖျားလက်ဖျားအေးတဲ့ ရောဂါရလာတာပဲ"



"မျိုး...မျိုး ဘာလို့နိုင်ငံခြားကို ထွက်သွားရတာလဲ"

ခင်မေဆက်သည် ရုတ်တရက်တော့ မဖြေပေ။ နောက်မှသူသည် ဖြည်းဖြည်းနှင့် တစ်လုံးချင်းပြောပြ၏။ သူ့စကားမှာ မရှည်လှ။

"ပိုးဥလေးလဲ အတောင်ပေါက်တော့ သူစိတ်ရှိရာ ပြန်သွားတာပေါ့၊ ဒါထက်လဲ ပိုမသိချင်ပါနဲ့တော့။ ဒေါ်ဒေါ်သန်းရယ်"

"ကဲ...လာကြပော့၊ မြသန်းရယ်၊ ပုရှူးမရယ် ထမင်းစားကြစို့"

ရွာဆော်မကြီး ဒေါ်မရှင်ကြီး၏ ခေါ်သံကြောင့် နှစ်ယောက်သား စကားစဖြတ်ကာ ကျောင်းအောက်သို့ ပြန်လာကြသည်။ ကျောင်းအောက်တွင် ငှက်ပျောဖက်တွေခင်း၍ အားလုံး ထမင်းစားကြ၏။ ဟင်းလျာမှာ ဒေါ်ခင်စောမူအကြိုက် ငါးမြင်းရင်းသားကို ခရမ်းချဉ်သီးနှင့် ဆီပြန်ချက်၊ ငံပြာရည်ဆီသတ် တို့စရာမျိုးစုံနှင့် ချဉ်ရည်ဟင်းဖြစ်သည်။

***

ဒေါ်မေစောဝီသည် အတိတ်က မမြသန်းဘဝကို ဤနေရာတွင်ပင် အတွေးရပ်ပစ်လိုက်သည်။

ကဆုန်လပြည့်ရောက်လျှင် ဒေါ်ခင်စောမူအကြိုက် ငါးမြင်းသားနှင့် ခရမ်းချဉ်သီးဆီပြန် ငံပြာရည်ဆီသတ် ချဉ်ရည်နှင့် တို့စရာမျိုးစုံကို ဆွမ်းကျွေးအတွက် သူစီမံပေးရပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )
## လပြည့်ဓနွကဆုန်

ဒေါက်တာအုန်းမောင် ခေါ်ယူသွားသော သူငယ်လေး အကြောင်းကို ဒေါက်တာမင်းရွှေဖုံသည် ဆက်လက်၍ သတင်းမကြား ရတော့ပေ။ ဦးကျိုးမြိုင်ကလည်း ထိုအကြောင်းကို ပြည်ဖုံးကားချထား လိုက်၏။ သို့သော် စေတနာရှင် ဒေါက်တာအုန်းမောင်သည် ခရီးမထွက် ခင် စီစဉ်သွားခဲ့ရသေး၏။

"အန်ကယ်ဟာ ဆက်မိသားစုရဲ့ ကျန်းမာရေးကို မောင်ဆက် မသေခင်ကတည်းက တာဝန်ယူခဲ့တယ်၊ မောင်ဆက်ရဲ့ စေတနာမေတ္တာ ကို လေးစားလို့ပါ၊ ဆရာဝန်တစ်ယောက်ပဲ ဆေးကုဖို့အလုပ် ပဲရှိတယ်ဆိုလဲ ဖြစ်နိုင်တာပေါ့၊ ဒါပေမယ့် အန်ကယ်နဲ့မောင်ဆက်က သွေးရင်းသားရင်းအနေနဲ့ကို ဆက်ဆံလာကြတာ၊ လိုအပ်တာဆိုရင် ကျန်းမာရေးပါမကဘူး၊ အန်ကယ်ကလဲ အကူအညီပေးတာပါပဲ၊ အန်ကယ်လိုအပ်တာရှိလဲ မောင်ဆက်ကို ပြောရင် မောင်ဆက်က ကူညီ ခဲ့တယ်။ ဒါကြောင့် မောင်အုန်းမောင်လဲ ခုသူ့သမီး ခင်မေဆက် ကျန်းမာ ရေးရော၊ ကိုယ်ရေးကိုယ်တာမှာရော လိုအပ်တာရှိရင် ကူညီပါ၊ မင်း တစ်ယောက်တည်းခေါင်းနဲ့ စဉ်းစားမရတာရှိရင် ဝတ်လုံဦးမင်းဟန်ကို



အကူအညီတောင်းပါ။ သူကလဲဥပဒေသမားပေမယ့်၊ အစစ မောင်ဆက် အပေါ် အန်ကယ်လိုပဲ စေတနာထားပါတယ်"

ဆရာဝန်ကြီး ဦးမင်းချိန်က ဒေါက်တာအုန်းမောင်အား ဒေါ်ခင်မေဆက်နှင့် မိတ်ဆက်ပေးပြီးနောက် တစ်ခါက ယခုလိုပင် ပြောပြခဲ့ဖူး၏။

"အေး...ဟိုတက်ခြက ဦးရွှေဦးကိုလဲ အန်ကယ် ကျန်းမာရေး ကို တာဝန်ယူခဲ့တာပဲ၊ ဦးရွှေဦး မိသားစုရဲ့စိတ်ဓာတ်က တစ်မျိုးဆိုတော့ မောင်အုန်းမောင်နဲ့ ကိုက်ချင်မှကိုက်မှာမို့ အန်ကယ်လဲ အသာအေးအေး နေခဲ့တာ၊ ဦးရွှေဦးကတော့ သူနဲ့အဆင်ပြေတာ သူတို့ဆွေမျိုးထဲက ဒေါက်တာဝင်းမွန်ပဲ ရှိတယ်"

ဒေါက်တာအုန်းမောင်သည် ဦးမင်းချိန် အမှာစကားအတိုင်း သူသည် ဒေါ်ခင်မေဆက် ကျန်းမာရေးကို ဆက်လက် တာဝန်ယူခဲ့ ၏။ ကြာကြာ လက်ပွန်းတတီး ဆက်ဆံလာခဲ့တော့လည်း သူ့ရင်ထဲ တွင် ဒေါ်ခင်မေဆက်အား သွေးသားအရင်းလို စိတ်စေတနာ ပိုလာ သည်။ ကြည်ညိုလည်း ကြည်ညိုမိသည်။

ထို့ကြောင့်ပင် သူခေါ်လာသော ဝေဒနာသည် သူငယ်လေး ၏ ကိစ္စကို ဆေးရုံရောက်မှ ဦးကျိုးမြိုင်ကို မေးကြည့်ရ၏။ သူငယ်လေး မှာ ဦးဆက်၏ညီ၊ ဦးသက်၏ ဒုတိယသား မောင်လှကျေးဖြစ်သည်။ ထမသားဖြစ်သူ မောင်လှမွှေး သေဆုံးရပုံကို ဦးကျိုးမြိုင် ပြောပြချိန် တွင် သူစိတ်ထိခိုက်လှ၏။ သို့သော် ထိုစဉ်က သူစိတ္တဇဆေးရုံသို့ ရောက်လာသေး၍ အဖြစ်အပျက်အကြောင်းစုံကို မသိခဲ့ခြင်းဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



*သွေးမျိုးမယားရှုပ်သည်က သူတို့ဘာသာကိစ္စဖြစ်၍ သူ့တာဝန်* မှာ ဤမောင်လူကျေးခေါ် သူငယ်လေး အသက်ရှည်ဖို့၊ ကျန်းမာဖို့ သူ့အစွမ်းကုန် ကြိုးစားရမည်ဖြစ်၏။ ထို့ကြောင့်ပင် အနားယူခရီးထွက် မည်ဆိုသော်လည်း မထွက်ခင် ကိစ္စဝိစ္စ စီမံရင်းကြားက ဝတ်လုံတော် ဦးမင်းဟာန်ကို တယ်လီဖုန်းဆက်ခေါ်ကာ မောင်လူကျေးကိစ္စကို ပြော ရ၏။ ရွှေတံစဉ်အိမ်ကြီးပေါ် ဓာနင့်တက်၍ ဒေါ်ခင်မေဆက်ကို သတိ ကြိုစည်နေတုန်း သူတို့နှင့်ဆုံသည်ကအစ ဆေးရုံခေါ်လာသည်အထိ သူပြောပြ၏။

“ဒေါက်တာအုန်းမောင် ခရီးထွက်ဖို့အစီအစဉ်ကို လုပ်ပါတော့ လေ၊ ကျန်တာ အန်ကယ်ဆက်ပြီး လုပ်သွားမယ်။ အန်ကယ် အားလုံ အကြောင်းတွေ သိပါတယ်”

ဦးမင်းဟာန်သည် မောင်လူကျေးကိစ္စကို ဆက်လက်တာဝန် ယူလိုက်၏။ မောင်လူကျေး ကျန်းမာရေး နည်းနည်းကောင်းလာသည် တပြိုင်နက် သူသည်ဆေးရုံတွင် ကြာရှည်ဆက်မထားတော့ဘဲ သူ့အိမ် သို့ ရွှေ့ပြောင်း ခေါ်ယူသွားတော့သည်။ အဖေအနေနှင့် ဦးသက်သည် သူ့သားအား သူခေါ်ပိုင်ခွင့်ရှိ၏။ မောင်လူမွေးတုန်းကလို ဆေးရုံမှလ မှတ်ထိုး၍ခေါ်ယူသွားမည်စိုးသောကြောင့် ဒေါက်တာဂျေခိုင်ကို အ အညီတောင်းကာ ဦးမင်းဟာန်သည် ဦးသက်နှင့်မောင်လူကျေးကို တွေ့ မပေးခဲ့ပေ။

ယခုလည်းမောင်လူကျေးကို သူ့အိမ်ပေါ်တွင် ခေါ်ထားသော် လည်း ဆေးကုသခြင်းကိုမူ သူကိုယ်တိုင်ကြပ်မတ်၍ စိတ္တဇဆေးရုံ မှန်မှန်ဆက်သွယ်ကာ လုပ်ပေးနေရသည်။

သို့သော် သူသည် တစ်နေ့တွင်တော့ ဦးသက်ကို သူကိုယ်



*ထိုင်ခေါ်ယူတွေ့ဆုံရ၏။ ဘာဖြစ်ဖြစ် ဆက်မိသားစုနှင့်စပ်သမျှ သူ* တတ်နိုင်သ၍ ဆောင်ရွက်ပေးရသည်မှာ သူ့တာဝန်ဖြစ်သည်။ သူသည် ကျောင်းနေစဉ်ကတည်းက မကြောင့်မကျ ဦးဆက်နှင့်အတူ ရွှေတံစဉ် အိမ်ကြီးတွင် ညီအစ်ကိုလို အတူနေလာခဲ့သည်။ ယခုလည်း ညီရင်း သဖွယ် ဦးသက်ကို ခေါ်ယူတွေ့ဆုံလိုက်၏။ ဦးသက်သည် သူ့ကို လာရောက်တွေ့ဆုံ၏။ ဦးမင်းဟာန်သည် တွေ့တွေ့ချင်းနေရာပေးရုံသာ ပေး၍ စကားမခံ အစပျိုးမနေတော့ပဲ ဒိုးဒိုးဒေါက်ဒေါက်ပြောလိုက်၏။

“ဒီတစ်ခါ မောင်လူကျေး သေရင်တော့ မင်းကိုငါ တရားစွဲ ရပါလိမ့်မယ်”

ဦးမင်းဟာန်သည် လေသံဟာရုံမက စိတ်လည်းတကယ်ဆိုးနေပုံ ရ၏။ သူသည် ညှော့ခန်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သူ့ရှေ့တွင် ဦးသက်သည် ခေါင်းမဖော်ပဲ ငြိမ်သက်စွာထိုင်နေ၏။

“အခု မောင်လူကျေးဘယ်မှာလဲ”

ဦးသက်ကမေးလိုက်၏။ ဦးမင်းဟာန်သည် ဒေါသသံနှင့်ပင် ဆက်ပြောနေသည်။

“ဒါလား အဖေ။ ကိုယ့်သား ဘယ်ရောက်နေလို့ ရောက်နေ မှန်းတောင် မသိဘူး။ မင်းမေးခွန်းအစား ငါရှက်တယ် မောင်သက်။ မင်းတို့သွေးမျိုးစုထဲမှာလဲ ငါဆွေသားရင်းချာ ဝင်ပါပါနေတာ။ တကယ် တော့ ငါ့သွေးတစ်စက်မှမစပ်ပါဘူး၊ မင်းကပြောမယ်။ ကျွန်တော်က သွေးအရင်းပါလို့မှန်ပါတယ်။ မင်းရင်သွေးအစစ်ပါ၊ ဒါပေမယ့် မင်းလုပ်ပုံ ကတတ်လို့ မောင်လူမွေး သေခဲ့ရပြီ။ ဒီအကြောင်းကို ငါတွေးမိတိုင်း မင်းကိုငါသတ်ချင်တယ်။ အမေရိကမှာဆိုရင် ရုပ်ရှင်မင်းသမီးကြီး ရိုက်တာ မယားဝယ်ကို ရင်သွေးကလေးတွေပစ်ပြီး အပျော်ကျူးရမလားလို့ သက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ အမျိုးသမီးအစည်းအရုံးတွေက တရားစွဲဖို့ စီစဉ်ကြတယ် ဒါတောင်သွေးသားကို အင်မတန်ဦးစားပေးတဲ့နိုင်ငံ တို့နိုင်ငံမှာ ငါမလုပ် ရဲဘူးအောက်မေ့လို့လား၊ လုပ်ရဲတယ် မောင်သက်ရေ ဒါပေမယ့် အနန္တော အနန္တငါးပါးကို ဦးစားပေးတဲ့ ဒီဗုဒ္ဓဘာသာနိုင်ငံမှာ မင်းလို တာဝန်မဲ့ဖခင်တစ်ယောက်ကြောင့် နောင်မိဘမေတ္တာဆိုတဲ့အပေါ်မှာ နောင်းလူတွေ ကောက်ချက်လွဲမှာစိုးလို့ ငါငြိမ်နေတာ၊ မင်းကိုမှာ ကြောက်လို့အောက်မေ့နေလား''

ကိုသက်မျက်နှာမှာ တစ်မျိုးတစ်ဖုံပြောင်းလဲသွား၏။ သို့သော် သူပြောင်းလဲခြင်းသည် ဘယ်လမ်းကြောင်းသို့ ဟူ၍ကား ထင်ရှားမ ပေ။

''ပြီးတော့ မင်းအစ်ကို ... မင်းအစ်ကို မောင်ဆက် ကော ကြောင့် ငါ့ဒီကိစ္စ ဆက်မဆောင်ရွက်တာ''

''ဘာ သူတို့မိသားစုက ကျွန်တော့်သားတွေကိစ္စမှာ စိတ်ဝ စားသတဲ့လား''

ကိုသက်သည် အံ့သြဟန်နှင့်မေး၏။

''အောင်မယ် စိတ်ဝင်စားသမှ ခင်မေဆက်အထိပဲ၊ မင်းအ ဆုံး ခင်မေဆက်အထိမောင်လူမွေး ဆုံးရတဲ့အကြောင်းစကားစပ်မိ ရောဂါကဖြစ်ရပြီ။ အခုကောင်မလေး ဖြစ်နေရတဲ့ရောဂါတွေထဲမှာ မ သားတွေအတွက်သောကစိတ်ဟာ အမြဲပါတယ်''

''အို... သူ့ကိုထားလိုက်စမ်းပါ၊ အဲဒီတုန်းက ကိုကြီးဆက် ဘာပြောလဲ''

''ဘာပြောရမလဲ၊ မောင်လူမွေးကိစ္စနဲ့ပတ်သက်ပြီး ငါကဒေါ ဖြစ်လွန်းနေတော့ မောင်ဆက်က ငါ့ကိုတစ်ခုပြောတယ်၊ မောင်သက်



တဲ့သူကလေးတွေကိုလည်း ပညာလည်းမပေးဘူး၊ ယဉ်ကျေးအောင် လည်း မထိန်းသိမ်းမပြုပြင်ဘူး၊ ကျွေးနိုင်မွေးနိုင် ပညာပေးနိုင်တဲ့ တင်မြသွင် အဖေကြီးရှိရာ မိခင်ဘက်က ဘိုးအေဆွေမျိုးတွေနဲ့လည်း ပေးမတွေ့ဘူး၊ ကျွန်တော်တို့ ဆက်မိသားစုတွေနဲ့လည်း ဆက်ဆံခွင့် မပေးဘူး၊ ကလေးတွေစိတ်ထဲ ကျွန်တော်တို့မိသားစုကို အမုန်းပွား အောင်သာ သွေးထိုးပေးနေတယ်တဲ့၊ ပေးပါစေ နောင်ကြီးဟန်တဲ့ စကားနဲ့ပြောရုံ တင်မဟုတ်ဘူး၊ သူ့မှာလုပ်ပိုင်ခွင့်ရှိလို့ ဆက်မိသားစုကို မီးလောင်တိုက်ပဲ သွင်းသွင်း ဆက်မိသားစု မြေပေါ်ကပျောက်သွားလို့ ပြဿနာ ပြေလည်သွားမယ်ဆိုရင် ကျွန်တော်တို့ ပျောက်သွားပါစေ ဘာအရေးလဲ၊ အခုတော့ အဖတ်တင်ကျန်ရစ်ခဲ့တာက မောင်လူမွေး မသေသင့်ဘဲ သေရတယ်တဲ့၊ မောင်လူကျေးလဲ ဘယ်ဘဝဆိုက်မယ် မှန်းမသိဘူး၊ နောင်ကြီးဟန်စီစဉ်သလို မောင်သက်ကို တာဝန်မကျေတဲ့ ခင်အနေနဲ့ တရားပဲစွဲစွဲ ကျွန်တော်ကပဲ မောင်လူကျေးကို မင်းအဖေ လုပ်ပုံက ဒီလိုပါလို့ပဲပြောပြော၊ အဖြစ်မှန်ကို တင်ပြရင် မောင်လူကျေး ဟာ ဖခင်အရင်းအပေါ်မှာ မကျေနပ်တာတွေ၊ မုန်းတာတွေပွားလာရင် သံသရာပါ ဒုက္ခပေးတော့မယ်တဲ့၊ ကျွန်တော့်အပေါ်မုန်းလို့အငြိုးထားလို့ ကောင်လေးမှာ အပြစ်မရှိပါဘူးတဲ့၊ ကဲကဲ သူက အဲဒီစကားပြောထားလို့ ငါသည်းခံနေတာ၊ မင်းကိုကြောက်လို့ မဟုတ်ဘူး''

ဦးမင်းဟန်စကားအဆုံးတွင် ကိုသက်သည် သက်ပြင်းချလိုက် ၏။

''အခုမောင်လူကျေးဘယ်မှာလဲ''

သူသည် ဒုတိယအကြိမ် မေးခွန်းဟောင်းကို ပြန်၍မေးလိုက် ၏။

www.burmeseclassic.com

www.burmeseclassic.com



''ဘယ်မှာလဲလို့ ငါချက်ချင်းမပြောနိုင်သေးဘူး၊ တစ်နေ့တု က ဒေါက်တာအုန်းမောင်က ငါစိတ်ကျန်းမာရေးဆေးရုံကနေ ဖုန်းဆ ခေါ်လို့ ငါသွားတယ်၊ ဆေးရုံမှာမောင်လူကျေးကို တွေ့ရတယ်''

''သူစိတ်ကျန်းမာရေးဆေးရုံမှာလား''

''နေဦး ငါပြောပြမယ်၊ ဆေးရုံရောက်တော့ ဒေါက်တ အုန်းမောင်က ပြောပြတယ်၊ မောင်လူကျေးရယ်၊ ရွှေတံစည်အိမ် သွားပြီး ဓားတစ်ချောင်းနဲ့ခင်မေဆက်ကို သတ်မလို့တဲ့၊ ခင်မေဆက် လည်း အဲဒီအိမ်ကြီးမှာမရှိဘူး၊ ပြောင်းသွားပြီ၊ လက်ရှိငှားနေ ဒေါက်တာမင်းရွှေဖုံရဲ့ အိမ်စောင့်တွေက ဝိုင်းဖမ်းပြီးရဲလက်အပ်မလို့ အချိန်မီလေးပဲ၊ ဒေါက်တာအုန်းမောင်နဲ့ မင်းရွှေဖုံက ရောက်သွားတယ် တခြားလူတွေက ဘယ်သူမှန်းမသိဘူး၊ ဦးကျိုးမြိုင်ကသိတာ ဒေါက်တာအုန်းမောင်အနေနဲ့ကတော့ ဒီကလေးစိတ်ဟာ သာ မဟုတ် ဦးနှောက်ကောင်းပုံ မရဘူးဆိုတာသိလို့ ရဲဘက်ကို ခွင့်တော ပြီး စိတ်ကျန်းမာရေးဆေးရုံခေါ်သွားတယ်၊ ဦးကျိုးမြိုင်နဲ့တိုင်ပင် ငါဆီဖုန်း ဆက်ပါဆိုလို့ ငါသွားရင်း မောင်လူကျေးကို တွေ့ခဲ့ရတ မှေကိုတော့ ဒီသတင်းအုပ်ထားသေးတယ်၊ ခင်မေဆက်ရဲ့အသက် မင်းရဲ့သားမောင်လူကျေးကလေး ထောင်မရောက်အောင်ရယ်၊ ကျ ရေးကောင်းအောင်ရယ်၊ ဆရာဝန်တစ်ယောက်နဲ့ ဥပဒေသ တစ်ယောက် ပေါင်းနှစ်ယောက် ပူးပေါင်းပြီး ဆောင်ရွက်လိုက်ရတ မောင်ရင်၊ ဒေါက်တာအုန်းမောင်ကလည်း ခရီးထွက်မယ့် ဟန်းလ ဆိုတော့ မောင်လူကျေးကို ဆက်ပြီး ဒေါက်တာဂျေခိုင်က ကုနေတ ခုတော့ ကလေး ကျန်းမာရေး အတော်ကောင်းလာပြီ၊ ဆေးရုံမှာထ သူ့ကို မထားဘူး၊ မင်းနဲ့မတွေ့အောင် လုပ်ထားတာပါပဲ၊ ကျန်းမာ



ုံးဝကောင်းလာမှ မင်းလက်ထဲငါအပ်မယ်၊ တော်ကြာ မောင်လူမွေး ကို လုပ်သလို မင်းကအဖေဆိုပြီး လက်မှတ်ထိုး၊ လူနာခေါ်ဆင်းသွား၊ ယောဂဆရာလက်အပ်၊ ရိုက်လား၊ ပုတ်လားနဲ့ နောက်ထပ် မောင်လူကျေးသေရင် ငါကဒီတစ်ခါ ဥပဒေတွေဘာတွေ ဘေးချိတ်၊ ာင်ဆက်ရဲ့စကားတွေ ခန္တီတရားတွေ ဘေးချိတ်ပြီး မင်းကို ငါ့လက်နဲ့ ကို သတ်မယ်ယုံလား၊ မင်းကတစ်လောကလုံး မောင်ဆက်လိုလူစား ညီးထင်ပြီး ငါလုပ်သမျှ အားလုံးငုံ့ခံနေလိမ့်မယ် မအောက်မေ့နဲ့၊ င်းအမုန်းဆုံး ဆက်မီသားစုက ရန်သူတော်မပေါ်ဘဲ မင်းအကုသိုလ်က င်းကို စီရင်လာလိမ့်မယ်၊ ခုတော့ မောင်လူကျေးဘယ်မှာဆိုတာ ငါမပြောဘူးရှင်းလား''

''နောင်ကြီးဟာန် ကျွန်တော့်ကို သိပ်စိတ်ဆိုးနေပြီထင်တယ်''

''စိတ်ဆိုးသင့်သလား မသင့်သလားဆိုတာ မင်းဘာသာ စဉ်း းကြည့်ပေါ့၊ မင်းဘာသာ ကမြင်းကြောထပြီး မိန်းမတွေနဲ့ ပွေသမျှ ရလာတဲ့ရောဂါပိုးတွေက မင်းခေါင်းထဲဝင်ပြီး မင်းတစ်ယောက် ဦးနှောက် ီအရူးထပြီး ကျန်ပတ်ဝန်းကျင်ကို ဒုက္ခမပေးချင်နဲ့တော့ မောင်သက်၊ အပြေရလဒ်က မင်းကလေးတွေ ဆုံးပါးပျက်ဆီးရခြင်းဘဲ၊ အေး... ဘစ်ခုခေါင်းထဲ စဉ်းစားပါ၊ တို့ကသာ ကလေးကလေးနဲ့ မင်းရဲ့သားတွေ ကို ခေါ်နေတာ၊ မောင်လူမွေးလည်း မဆုံးခင်က နှစ်ဆယ်ကျော်ပြီ၊ မောင်လူကျေးက နှစ်ဆယ်ထဲမှာ၊ အကြီးကောင်ဖြစ်ရတဲ့ ရောဂါထဲမှာ ယူချင်တဲ့ရောဂါလည်း ပါတယ်ဆိုတာ မင်းအဖေတစ်ယောက်အနေ ့ မစဉ်းစားမိဘူးလား၊ အောဘီစီဒီအမြီးတွေကို ငါမဆိုလိုဘူး၊ သားတစ် ယောက်ကို မိန်းမတစ်ယောက်ရှာကျွေးနိုင်အောင် အသက်မွေးဝမ်း ကျောင်း ပညာတစ်ခုမင်းပေးနိုင်ရမယ်၊ သူကိုယ်တိုင် ရှာတတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းက အိမ်ထောင်ချပေးရမယ်၊ ဒါဟာမိဘတာဝန်ဘဲ၊ မင်းလော တာဝန်မဲ့တဲ့အကောင် မင်းပဲ၊ ပြီးတော့ ဖြစ်သမျှအပြစ် မောင်ဆ ကြောင့်လို့ တာဝန်ရှောင် ခေါင်းရှောင်ပြောတတ်တာလဲ မင်းပဲ၊ ပြန်နိုင်ပြီ မောင်သက်"

ကိုသက်သည် ဒီတစ်ခါဘာမှမပြော၊ ထပြန်သွားတော့သည် ဦးမင်းဟန်သည် ညှော်ခန်းတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စိတ်ကို သူဖြေချနေပုံရ၏။ လင်တော်မောင်၏ စိတ်ဒုက္ခကို မကြည့် သလို ခေါင်းလေးကို စာခန်းဆီးထဲမှပြူကြည့်နေသူမှာ ဒေါ်မြခွေ

"ကိုမင်းဟန် မြဝင်ခဲ့တော့မယ်နော်" သူသည် ညှော်ခန်း သို့ဝင်လိုက်၏။

"မြ အပြင်က နားထောင်နေတယ်၊ ကိုမင်းဟန်အသံ ကျယ်လွန်းလို့ အပေါ်ထပ်က မောင်လူကျေးများကြားမလား တထိတ်ထိတ်နဲ့"

"အေး...ကိုယ်လည်းစိတ်လွတ်သွားတယ် မြရယ်၊ လူမိုက် လူမိုက်လို ရင်ဆိုင်တာပဲကောင်းတယ်၊ မောင်လူကျေး ဘယ်လိုနေလ

"သူကောင်းကောင်းပဲ အိပ်ပျော်နေတယ်"

"ပျော်ပါစေကွယ်၊ ကလေးတွေဟာ စိတ်လဲညစ် ထမင် ဝအောင်မစားရ၊ ပညာလည်းမသင်ရ သိပ်မရိုးမဲ့ဖြစ်ရတာပဲ၊ ငါဒီကော ကို အဲဒါတစ်ခု ခွင့်ကိုမလွှတ်နိုင်ဘူး၊ ကဆုန်လပြည့်မှာ ခင်မေဆက် ဆွမ်းကျွေးဖိတ်ထားတယ်ဟေ့၊ အဲဒီနေ့တွေ့တော့မှ ငါနဲ့မေနဲ့ ကလေ ကိစ္စ ဆက်စီစဉ်ရဦးမယ်၊ ကိုယ်လည်းနားဦးမယ်"

ဦးမင်းဟန်သည် အိမ်ပေါ်ထပ် သူ့အိပ်ခန်းသို့တက်သွာ အိပ်ရာပေါ်ပစ်လှဲလိုက်သည်။ လူကနားသော်လည်း စိတ်ကမနားေ

မျက်လုံးထဲတွင် ချစ်ဖွယ်ရာကောင်းသော မောင်လူမွှေး၏ မှာပေါ်လာ၏။ မောင်လူမွှေးမိခင် တင်မြသွင်မှာ မြောင်းမြမြို့မှ စက်ရှင် ရားသူကြီး ဦးဗမော်၏သမီးဖြစ်၏။ ဖြူဖြူဝဝ ချောချောဖြစ်၏။ အတူမို့မောင်လူမွှေးသည်လည်း မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်နှင့် ကရင် ပြားလေးလို ချစ်စရာကောင်းလှသည်။

မောင်လူမွှေးဆုံးသည့်ညက သူဆေးရုံသို့သွားကြည့်ခဲ့၏။ ဆုံးရောဂါကြောင့် မျက်နှာများပြည့်နေ၍လူမမာနှင့်မတူ အိပ်ပျော်နေ သလို ဖြစ်နေသည်။ ထိုမျက်နှာကလေးသည် သူ့မျက်လုံးထဲမှ မထွက် တော့ပေ။ မိခင်ဖြစ်သူ တင်မြသွင်မြောင်းမြတွင် ဆုံးသွားကတည်းက မောင်လူမွှေးနှင့် မောင်လူကျေးသည် ခြိုပိတ်ခံရသော ဝက်ကလေးနှစ် ကောင်လို ဘာမှလည်း မလုပ်ရ၊ ဘယ်မှလည်းမသွားရ၊ အဓိပ္ပာယ် လည်း ဘာမှမသိပေ၊ လူကြား၍မှကလေးတွေအကြောင်း ကိုသက် သူအကြောင်းကို သူဘယ်လိုပြောရမှန်းမသိပေ။

သူသည်ပင်လျှင် ညတစ်ညအကြောင်းကို ပြန်တွေးမိတိုင်း တ်ချောက်ချားခဲ့ရ၏။ ထိုညက ဦးလေးလှိုင်က ဖုန်းဆက်ခေါ်၍ သူ သက်တို့အိမ်ကို မော်တော်ကားနှင့် အပြေးအလွှားသွားရ၏။ သူ့ ာ်စိကိုတောင် သူမယုံနိုင်ပေ။ မောင်လူမွှေးသည် သူအားရှိသမျှနှင့် မေလက်ကို ချုပ်ထား၏။ မောင်လူကျေးသည် ကျောက်ပြင်နှင့် အဖေ သူ့ရင်ဘတ်ကို ရှယ်ထား၏။ "သားတို့မလုပ်နဲ့ မလုပ်နဲ့ ဘကြီးဟန် ရောက်လာပြီ" ကလေးတို့သည် ကိုယ်ရှိန်သတ်လိုက်သည်။ ကိုသက် ည် အိပ်ခန်းထဲသို့ လှည့်ဝင်သွား၏။ ကြမ်းပြင်ပေါ်တွင် ပုံလျက်လဲ ည်မှာ တင်မြသွင်၊ တင်မြသွင်ကို ပွေ့ထားသည်မှာ ဦးလေးလှိုင်။

"ဘကြီးဟန် ဘကြီးဟန်" ကလေးနှစ်ယောက်သည် သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဖက်၍ငိုတော့၏။ "မေမေသေတော့မယ်၊ သေတော့မယ်" ဟုပြော... သည်။

"ဘယ်လိုဖြစ်တာလည်း ဦးလေးလှိုင်"

"ထုံးစံအတိုင်းပေါ့၊ လင်မယားသတ်ရာက မောင်သက်... ဖနောင့်နဲ့ချည်း တင်မြသွင်ရဲ့ ရင်ဝကိုဆောင့်ကန်တော့ ကလေးတွေ... အနေနဲ့ သူတို့အမေကို ကန်တာက လွတ်ပါစေလို့ ငိုင်းချုပ်တာပေ့..."

ရှိုက်ကြီးတငင်ငိုနေသော ကလေးများကို ဦးမင်းဟန်သည်... နှစ်သိမ့်လိုက်၏။

"ဦးလေးလှိုင် မောင်ဆက်ကို ဖုန်းခေါ်လိုက်ပါဦး"

ဦးမင်းဟန်သည် ကြမ်းပေါ်ရှိ တင်မြသွင်အား "ခုတင်ပေါ်သ... တွဲယူတင်ပို့ထားရ၏။ တင်မြသွင်သည် စကားမပြောနိုင်သေး လက်... သာ ရင်ဝကိုသာလိုပြနိုင်၏။ ကိုသက်ကမူ နောက်ဖေးဘက်မှကားဂ... စီးနှင့်ထွက်သွားတော့သည်။ ဦးဆက်ရောက်လာသောအခါ ခယ်မ... သူ့ဒဏ်ရာကို ကြည့်ရင်း ဒေါသထွက်နေ၏။

"ဒီကောင်ရော အခုဘယ်မှာလဲ"

"ထွက်သွားပြီလေ"

"ကဲ...နောင်ကြီးဟန် ကျွန်တော်လည်း ချက်ချင်းတွေ့... ဒီကောင်ကို သတ်မိလိမ့်မယ်၊ တင်မြသွင်ကို ကားပေါ်တင်၊ ကလေး... ယောက်ကိုလည်း ကျွန်တော်ခေါ်သွားတယ်လို့ပြောပေတော့၊ ဒီကော... ကျွန်တော့်အိမ်ရိပ်မနင်းစေနဲ့"

ဦးဆက်သည် အားလုံးကိုခေါ်သွားရ၏။ အိမ်ရောက်မှ တင်... သွင်၏ ရင်ဝမှ အညိုအမည်းစွဲနေသော ဒဏ်ရာကို ဦးမင်းချိန်အ...



...ခေါ်ပြရ၏။ သက်သောင့်သက်သာရှိမှပင် မြောင်းမြကို ပြန်ခေါ်သွားကာ ...င်ကြီးလက်သို့တင်မြသွင်ကို ပြန်ပို့ထားရ၏။ ဦးဆက်သည် ညီလုပ်သူ ...မဆန်သည့်အတွက် သူသည်မျက်နှာအောက်ချ ကျေရာကျေကြောင်း ...ပြောခဲ့ရသည်။ တင်မြသွင် ရရှိသောဒဏ်ရာကြောင့် သန္ဓေနုနုလျော ...ကာ မြောင်းမြတွင်ကွယ်လွန်သွားတော့သည်။

ထိုမလှမပသော ဇာတ်ကြောင်းကိုတွေးမိတိုင်း သွေးသားမစပ် ...ဦးမင်းဟန်အနေနှင့်ပင် တုန်လှုပ်ချောက်ချားနေမိ၏။ တင်မြသွင်ကွယ် ...နိသွားခြင်းမှာ ကလေးများအတွက် မဟာကံဆိုးမိုးမှောင်ကျခြင်းပင် ...၏။ မိခင်တစ်ယောက်သည် မည်သို့သော အခြေအနေဆိုးကိုရောက် ...သော၊ သူသည်ထမင်းအိုးတစ်လုံးကို တည်ကာ၊ ဘဲဥတစ်လုံးကို ထက် ...ခွဲ၍ သားနှစ်ယောက်ကို တစ်ယောက်တစ်ခြမ်းတော့ ကျွေးဦးမည် ...ဖြစ်၏။ ယခုတော့ မိခင်ရိပ်သည် မောင်လှမွှေးတို့အပေါ်မှာ ...ယ်ခဲ့ပြီး ဝက်ကလေးများလိုခြံဝန်းထဲ အပိတ်လှောင်ခံထားရသည် ...လွဲ၍ သူတို့သည် ထမင်းဝဝ အချိန်မှန်မှန်မစားရ၊ ကိုသက်ပြန်လာမှ ...မင်းဆိုင်သို့ခေါ်သွား၍ ထမင်းကျွေး၏။ ဝက်လှောင်အိမ်လိုဖြစ်နေ ...သောသူတို့အိမ်ရှေ့မှ တခြားကလေးများ လွယ်အိတ်ကိုယ်စီလွယ်ကာ ...ယ်မော၍ ကျောင်းသွားသည်ကိုမြင်တိုင်း မောင်လှမွှေးတို့ညီအစ်ကို ...ည် တခြားကလေးများနှင့်အတူ ကျောင်းသွားလိုလှသည်။

မောင်လှမွှေး လွယ်အိတ်လွယ်ကာ သူငယ်တန်းတွင် ကျောင်း ...င် တက်ရသောနေ့က သူသည် အပျော်လွန်၍အရမ်းပင်အော် ...သည်။

"ကျွန်တော်တို့ ကျောင်းနေရပြီဗျ" ဟု၍အိမ်နီးနားချင်းများ...င် ...ော်ပြောမိသည်။ ထိုအခါသူသည် အသက်ရှစ်နှစ်မျှပင်ရှိ...ပေပြီ။ ...ဦး အခြေခံစာလေးတတ်သည်မှာ သူတို့ဘွားအေ ဒေါ်သ...ကြိုးပမ်း

www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် ဖြစ်၏။ ထိုစဉ်က ဒေါ်သာလီမကွယ်လွန်သေးပေ၊ ဒေါ်သာ
သေဆုံးခြင်း၊ တင်မြသွင်ကွယ်လွန်ခြင်းတို့မှာ ကလေးများအတွ
တိုးတက်ရာလမ်းစပျောက်ခြင်းပင်တည်း။ ကလေးတို့သည် ကိုးတန်
မအောင်ကြပေ။

ကိုသက်သည် အချိန်နှောင်းမှပြန်ရောက်လာတိုင်း အရက်ယ
ထိုးအောင်သောက်လာ၍...

"မင်းတို့တာမသင်ရတာ ငါတို့ပိုက်ဆံတွေကို ခင်မေဆ
မတရားယူထားလို့" ဟူသောတရားကိုသာ တွင်တွင်ဟော၏။ ဘယ
နှင့်မျှဆက်ဆံခွင့်မရသော ကလေးတွေအဖို့ သူပြောသမျှအကုန်
သည်။ သူတို့သည် တကယ်တော့ သူ့အမေတင်မြသွင်လို သဘော
အေးချမ်းသောကလေးများဖြစ်ကြပါ၏။ ကလေးများအပြစ်မရှိကြပါ
ပြော်...အပြစ်ကင်းစင်ကြည်လင်လှပါသော ဦးနှောက်အတွင်း
အင်မတန် စုတ်ပြတ်ဖောက်ပြန်သော စိတ်ထားများကို သွင်းပေးသူ
တော့ ကိုသက်။

ကလေးတို့အိမ်မက်ခန်းဝယ် တစ်ခဏတာမျှ နေခဲ့ရသေ
ဆက်မိသားစု၏အိမ်ကို နတ်သမီးလေး၏ဉယျာဉ်သဖွယ် မှတ်မိနေ
သည်။

ထိုစဉ်က ဒေါ်ခင်စောမှုမကွယ်လွန်သေး။ ခင်မျိုးဆက်လ
နိုင်ငံခြားကို ထွက်၍မသွားသေး။ သူတို့ညီအစ်မနှစ်ယောက်သည် မေ
လေးများနှင့်အတူ မြက်ခင်းပေါ်တွင်ကစားကြ၏။ ညတွင်မောင်လူ
သည် ခင်မေဆက်ပုံပြောသိပ်မှ အိပ်၏။ မောင်လူကျေးက ခင်မျိုးဆ
နှင့်အိပ်၏။ သူတို့အိမ်မှာလို အာဋ္ဌာဝက စစ်ဆင်ခန်းများ၊ သူတို့မိ
နှင့်ဖခင်တို့၏ ထိုးနှက်ရိုက်ပုတ်ခန်းများကို သူတို့မတွေ့ရပေ။



မှန်၏။ ဒေါ်ခင်စောမှုသည် လင်ကို စိတ်တိုင်းမကျ၍ပြောစရာ
သည်ကိုမှ သူ့အိပ်ခန်းထဲတွင်စကားပြောသည်။ သမီးလေးနှစ်ယောက်
တွင် နှစ်ယောက်ရိုက်ပုတ်ပြဖို့ဝေး၍ စကားပင်ခွန်းကြီးခွန်းငယ်
အော်၍ မပြောပေ။

သမီးများကို ပြောစရာရှိရင်လည်း ပုံနှင့်ပတ်နှင့် အေးအေးချမ်း
ချမ်းပြောတတ်၏။ ဦးဆက်ဆိုသူက မပြောနှင့်တော့။

"သူများသားသမီးကို မပေါင်းနိုင်ရင် သူ့အုပ်ထိန်းသူ လက်ထဲ
အပ်ရုံပဲ၊ လက်ဖျားနဲ့တောင်တို့ပိုင်ခွင့်မရှိဘူး၊ ခုတော့ မင်းဘာသာ
တလို့အားမရဘူး၊ သူများသားသမီးကို ကျွဲလိုနွားလိုရိုက်တာ၊ မင်း
ယောက်ျားမှဟုတ်ရဲ့လား"

ခဏခဏ ဆုံးမ၏။ မောင်သက်ကို ချွတ်၏။ မောင်သက်
အားမကျွတ်။

ယခုတော့ မောင်လူမွေးရော၊ မောင်လူကျေးရော အိပ်မက်
စခန်းလိုသာ ဆက်မိသားစုအိမ်တွင် တစ်ကြိမ်ပျော်ခဲ့ရသည်ကို
တ်မိတော့သည်။

"ကျွန်တော်အတန်တန်ပြောခဲ့ပါတယ် နောင်ကြီးဟာန်၊ မင်း
ည်းတွေဘာလုပ်ပစ်တယ်ဆိုတာ တို့များမေသိ၊ အဖေက အမွေခွဲပေး
မျှ ကျေကျေနပ်နပ်ယူခဲ့ကြပြီး နောက်ဆုံးလု သပ်ရေးခေတ်ဦးမှာ
ိုင်စင်သူဌေးတွေကောင်းစားတော့ သူလည်းရန်ကုန်အနောက်ပိုင်းမှာ
မ္ဗဏ်ဖွင့် ကောင်းစားခဲ့တာပဲ၊ ကျွန်တော်ပြောပြတယ်၊ မင်းလုပ်တာ
သဘောမကျပေမယ့် မကန့်ကွက်ဘူး၊ သို့သော်ဂျပန်ကုန်သည်တွေ
ဆက်ယူပြီး ကျောက်ကာဘမ်းအချော ခေတ်မီမီပုံစံလေးတွေနဲ့ထုတ်
ကို ဂျပန်ပြည်သွားပြီး နည်းယူခဲ့ပါ။ ပြီးတော့ ကျောက်ကက ကုန်

www.burmeseclassic.com

www.burmeseclassic.com



သည် ဦးဘိုးရှိနဲ့တိုင်ပင်ပြီး လုပ်ငန်းတစ်ခုကို ထောင်ပါ။ ဒီလိုဆိုရ
တစ်ဦးတည်း စီးပွားရေးလည်းမဟုတ်ဘူး။ အခုမင်း ကုလားနဲ့ပေါင်း
လိုင်စင်လုပ်တာထက် ငါသဘောကျတယ်။ သမာအာဇီဝလည်းဖြ
တယ်၊ ဒီလုပ်ငန်းကိုမှီပြီး ကျောက်ကာသူတွေလည်းထမင်းဝမယ်''

''ကျွန်တော်အတန်တန်ပြောတယ် နားမထောင်ဘူး၊ လူတို
ထမင်းရှာစားကြရမှာချည်းအတူတူ အများနဲ့သိုင်းဝိုင်းထမင်းဝမယ့်လု
ငန်း ထူထောင်ဖို့ပြောလည်းနားမထောင်ဘူး။ ခု သူ လက်မဲ့ဖြစ်တေ
သူ့အနားခြံရံနေတဲ့ နတ်သမီးတွေလည်း နတ်သက်ကြွေပြီ၊ တင်မြ
အဖေကလည်း ဒီကောင်သေရင်ကလေးတွေကို သူကျွေးမယ်တဲ့၊
ကောင်ရှိသရွေ့တော့ တစ်ပြားမှမပေးတော့ဘူးတဲ့၊ အဘိုးကြီးအနေ
ပြောတော့မှာပေါ့၊ နာကြည်းတော့မှာပေါ့၊ သူ့သမီးကို လက်ထပ်တု
ကပေးလိုက်သမျှလည်း တင်မြသွင်ပြန်လာတော့ ဘာမှပါမလာတေ
ဘူး''

ဦးမင်းဟန်ကို ဦးဆက်က တစ်ခါတုန်းက စီးပွားရေးနှင့်ပတ်
သက်၍ ဤသို့ပင် သူ့ညီအကြောင်းကို တိုင်ခဲ့ဖူးသည်။ မှန်၏ လူတ
သည် ကိုယ့်ကိုယ်ကိုယ် ချမ်းသာအောင်လုပ်ကြ၏။ တစ်ယောက်တည်
ချမ်းသာအောင်ကြိုးစား၏။ သီလစောင့်စောင့် မစောင့်စောင့် သီလစကာ
ကိုနားထဲမထား။ အူမတောင့်ဖို့အဓိကထားလုပ်ကြ၏။ ဒဂုန်ဆရာတင်
တစ်ခါကရေးခဲ့သော သီချင်းလိုပင်ဖြစ်၏။

''ဘာနဲ့ရရ ငွေရတာပဓာနကွယ်၊ ငွေရှိရင် လှူနိုင်တယ်
ဘုရားကိုလည်းတည်နိုင်တယ်။ မော်တော်ကားလောက်တော့ အဖေ
ထားပါတယ်၊ လေယာဉ်ပျံတောင် ခြေမတင်ချင်တယ်၊ ဝေဟင်နယ်
ပိုက်ဆံရှိရင် မိုးကိုတက်ပြီး ဒူးနဲ့တိုက်ပြမယ်''



ငွေရဖို့ကိုသာ အဓိက ပဓာနအဖြစ်ထားသော ထိုလူမျိုးအတစ်စား တကယ်တော့ အဆူဆူသော ဘုရားတို့သည် ပေါက်ကရနည်းနှင့် စီးပွားရှာပြီး ဘုရားတည်ပါဟု မဟောကြားခဲ့ပေ။

ငွေကိုတော့ရှာသည် အသိုင်းအဝန်းနှင့်ရှာသည်။ ရသမျှကိုသည်း အသိုင်းအဝန်းနှင့် မျှတ၍စားသည်။ ရှာနည်းမှာရော စားနည်းမှာရော သ. .အာဇီဝဖြစ်အောင် အဝိန်းအချုပ်ဖြစ်သည့် သီလနှင့်ထိန်းချုပ်၍အလုဂ်လုပ်သည်။ ထိုလူမျိုးကတစ်စား။

ကိုသက်သည် သုံးဆယ့်တစ်ဘုံတွင် ဘယ်လူတန်းစားတွင်ပါသည်ကို ဦးမင်းဟန်သည် တွေး၍မရ၊ အိမ်နှင့်တူသော အိမ်တွင်မနေရသော ကလေးတို့သည် အိမ်မက်ထဲတွင်သွားရောက် လည်ပတ်ခဲ့ရသော ဆက်မိသားစုအိမ်ကိုလည်း မေ့သွားကြပြီး တစ်နေ့တစ်နေ့ ဦးသက်ဆောသမျှ တရားကိုနားထောင်ရင်း မောင်လူမွှေးသည် သေလွန်သွားခဲ့ပေပြီ၊ အခုမောင်လူကျေး ဘုရား ဘုရား သူ့ဖခင်ကို ဘယ်လိုစိတ်ကွက်ကွက် တက်သစ်စ လူသားငယ်လေး တစ်ယောက်အတွက်အချိန်မီတယ်တင်နိုင်ဖို့အတွက်တော့ ကြံဖန် ကြိုးစားရဦးမည်၊ ဦးမင်းဟန်သည်အတွေးကိုရပ်ကာ ကြိုးစား၍အိပ်လိုက်ရသည်။

ကဆုန်လဆုတ် ၁၄ ရက်နေ့ နံနက်ဦးပိုင်းတွင် ဦးကျိုးမြိုင်သည် ခြံထဲရှိ အလုပ်များကို စောစောလက်စသတ်နေသည်။ နံနက်အစောကြီးကပင် ဒေါ်အေးမြကတော့ ဒေါ်ခင်မေဆက်အိမ်ကို သွားနှင့်ပြီးဖြစ်သည်။ သူက နေ့လယ်မှ လိုက်သွားမည်ဖြစ်၏။

ဦးကျိုးမြိုင်သည် ခြံဝရှိ ပုဏ္ဏရိတ်ပင်တန်းများကို ကိုက်ညှိပြီးဖြစ်၍ ကတ်ကျေးနှင့် မြက်ခုတ်ဓားများကို သိမ်းနေဆဲ ဂုန်နီအိတ်တစ်အိတ် ထမ်းလာသော လူတစ်ယောက် သူ့အပါးသို့ ရောက်လာ၏။ ထိုလူငယ်သည် ကုန်း၍အော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



''ဘကြီးမြိုင်''

''ဟာ...ဝါ့ဘယ်သူလဲလို့၊ သာအေးပါလား။ ချွေးတွေလဲ ရွှဲလို့၊ ဘာအိတ်ကြီးလဲ''

''ဆန်အိတ်လေ၊ ရှစ်ပြည်ထဲပါ၊ ကားမှတ်တိုင်က ဟိုဘက်မှာဆိုတော့ ကျုပ် ထမ်းလာတာပေါ့''

''မင်းကွာ ကြိုပြောရင် ငါဒီဇမ်းကို ပြောလိုက်ပါတယ်။ သဘော်ဆိပ် လာကြိုမှာပေါ့''

သာအေးသည် လမ်းပေါ်သို့ဆန်အိတ်ကို ခေတ္တချကာ ချွေးသုတ်နေ၏။ သက်ဖေသည် မင်းရွှေဖြဲအား ဆေးရုံပို့ထားပြီး ဈေးဝယ်ကာ ပြန်လာပို့ရင်း ခြံဝတွင် ကြုံကြသည်။

''မောင်သက်ဖေရေ ဒီဆန်အိတ် ဘကြီးမြိုင်အိမ်ရောက်အောင် ကားနဲ့သယ်သွားစမ်းပါ''

''ကားမောင်းတာ ဒီဇမ်းမဟုတ်တော့ဘူးလား''

''ဒီကားက ဒီအိမ်ငှားနေတဲ့ ဆရာဝန်ကြီးမင်းရွှေဖြဲရဲ့ကား။ မေက ကမာရွှတ်အိမ်ပြောင်းနေတယ်ကွ။ ကဲ...ကဲ...ဆန်အိတ်တင်လိုက်''

မောင်သက်ဖေ၏ ကားပေါ်သို့ သာအေးသည် ဆန်အိတ်တင်လိုက်၏။

''မောင်သက်ဖေရေ သူက တို့သရက်ချောင်းက ဒေါ်မေခေါ်ရဲ့ သုံးဆက်မြောက် သားမက်၊ မညွန့်ရီရဲ့ သုံးယောက်မြောက် လင်ပေါ့ ဟား...ဟား''

ဦးကျီးမြိုင်က တဟားဟားရယ်ကာ ပွင့်ပွင့်လင်းလင်း မိတ်



ဆက်ပေးလိုက်၏။ သက်ဖေ၏ ကားနောက်မှ သူတို့ခြေလျင်လျှောက်ကာ ဦးကျီးမြိုင်၏အိမ်လေးရှိရာသို့ သွားကြသည်။ သာအေးသည် အိမ်လေးပေါ်တွင် ရေနွေးကြမ်းသောက်ရင်း သတင်းပေါင်းစုံကို မေးနေပြောနေ၏။

''မမမေတော့ နေလို့ကောင်းတယ်နော်။ ကျွန်တော်လဲ အိမ်ပြောင်းသွားတာ မသိဘူးဗျာ၊ ဆရာကြီး ဒေါ်မေခေါ်ရဲ့ ကျန်းမာရေး သိချင်လို့လာတာ၊ ဆန်ကတော့ ခရီးကြုံလို့ မမမေဖို့ ဆွဲလာတာ''

''အဆင်သင့်ပဲ၊ နက်ဖြန် ကဆုန်လပြည့် ဆွမ်းကျွေးမှာ ဆန်ကို ဘုန်းကြီးဆွမ်းချက်ရာမှာ ထည့်ချက်ရမယ်''

''မမမေ သဘောကျသလို အသုံးပြုပေါ့ဗျာ၊ လူဆိုတာ လူ့ အစွဲများရှိသေးတာပေါ့။ သရက်ချောင်းမှာတော့ ဆရာတော် ဦးဝဏ္ဏဆိ ...နှံသစ်ပေါ်ချိန်ကျ တတ်နိုင်သလောက် သွားသွားပို့တယ်။ ဘာဖြစ် ...လဲဆိုတော့ ကျွန်တော့်သားနှစ်ယောက်က ကိုရင်ဝတ်ပြီး ဆရာတော် ...ရားဆီမှာ နေတာကိုး။ ကလေးတွေ စာလဲတတ်၊ ကုသိုလ်လဲရ ...တော့ ကျွန်တော်ကလဲ ကိုယ့်သားလေးတွေအပေါ် ကျေးမွေးစောင့် ...ာက်ထားတော့ ကျေးဇူးပြုတဲ့အနေနဲ့ နှစ်စဉ်ကန်တော့တာပါ။ ...န်တော်နဲ့ရတဲ့ သားမဟုတ်ဘူးလေ။ ဟိုမြို့သားကောင်နဲ့ပါလာတဲ့ ...ယ်ဝန်ကမွေးတဲ့သားကြီး ကိုရင်ပုညက ဒီနှစ် ပထမငယ် စာပြန်ပွဲ ...တော့မယ်''

''တယ်လဲ ဟုတ်ပါလား''

''ဘွားအေ သီလရှင်ကြီးသိရင် ဝမ်းသာစေချင်လို့၊ ပြီးတော့ ...ဲ သီလရှင်ကြီး ကျန်းမာရေးလဲ သိချင်လို့၊ အဘွားကြီး... အိုကြီး

www.burmeseclassic.com

www.burmeseclassic.com



အိမ ဒုက္ခရောက်လိုက်ရတာ။ မိညွန့်ရီ ကမြင်းထကောင်းလိုက်ပုံကတော့
မပြောနဲ့တော့။ ခုဒီမှာ ဝက်သားသည် တရုတ်နဲ့ညားနေတယ်ဆို"

"ဝက်သားသည် တရုတ်နဲ့ညားရင် ချမ်းသာမှာပေါ့ကွ။ အလုပ်
လက်မဲ့ လင်ကိုညွန့်ရီက ဝက်သားရောင်းကျွေးနေရတာ"

"ဟင်း" သာအေးသည် ပျင်းပျင်းတွဲ့တွဲ့ကြီး ဟင်းချ လိုက်၏

"ဒါပဲ အေးပါတယ်လေ၊ မိန်းမများ ပဒုမပေါင်တိုဖာတ်ထဲက
လိုပဲနေ၊ ပေါင်တိုကျတော့ မြတ်နိုးလိုက်တာ။ ခေါင်းပေါ်ရွက်ပြီး မွေး
ကျွေးတယ်"

"မင်းနဲ့ ဘယ်လိုဖြစ်ရတာလဲ"

ဦးကျိုးမြိုင်က စကားထောက်လိုက်၏။

"လယ်သမားယူရင် လယ်သမားမယားလို နေရမှာပေါ့
အလုပ်ကြမ်း မလုပ်နိုင်ရင်လဲ ထမင်းချက်ကျွေးရင် ကျွန်တော် ကျေနပ်
ပါတယ်။ ခုတော့ဗျာ သူက ကျွန်တော် လယ်ထဲဆင်းရင် သနပ်ခါး
ခြေဆုံးခေါင်းဆုံးလူးပြီး နောက်တစ်မျက်နှာဖွင့်တော့ ဟင်း သာအေး
ပါတဲ့။ ဒီတစ်ခါ မအေးဘူး။ လက်ပူးလက်ညှပ်ဖမ်းပြီး ဓားနဲ့ကိုပိုင်း
မလို့ သီလရှင်ကြီး ကြားထဲကတောင်းပန်တာနဲ့ ဒီကကောင်လက်လျှော့
လိုက်တာ။ မိညွန့်ရီကတော့ တစ်ခါတည်း ပြေးတာပဲ"

"အေး...တို့လဲ ရိုးတိုးရိပ်တိတ် ကြားပါတယ်၊ ဆရာကြီး
ဒေါ်မေဓာဝီကိုတော့ စိတ်မကောင်းမှာစိုးလို့ မမေးတော့ဘူး"

"အင်းပေါ့ဗျာ၊ မိညွန့်ရီရယ်၊ ဘုန်းကြီးမနေရ မယ်သီလရှင်
မနေရ၊ ဇာတ်ထုပ်မင်းပုံက အတော်ပွေတယ်၊ ဒါပေမယ့် ကျွန်တော်



မှာတော့ ဝတ္တုရေးရှိတယ်၊ တတ်နိုင်သလောက် ဆွမ်း၊ ကွမ်း၊ ဆရာတော်
ကိုလဲ သွားပို့ဆက်ကပ်လှူဒါန်းရတာပေါ့။ မြို့သားတွေလိုတော့ မယား
စရိတ်၊ သားစရိတ်လခနဲ့ မထောက်နိုင်ဘူး။ ကိုယ်မွေးထားတာကတော့
ကိုယ့်တာဝန်ပဲ"

"အေးပေါ့လေကွာ၊ မိဘဝတ္တုရားကိုး"

"အကြီး ကိုရင်ပုညက ဆရာတော်ဘုရားဆီ စာလိုက်ရင်း
ကောက်ထပ်ဖွင့်တဲ့ ကျောင်းက ကလေးတွေကိုလဲ စာကူပြသေးတယ်"

"ကဲ...ရေမိုးချိုးထား၊ မောင်သက်ဖေကို တယ်လီဖုန်းဆက်
နိုင်ပြီး ဒီမန်းကားကြုံရင်လဲ ဒီဘက်လွှတ်လိုက်ဖို့ ပြောလိုက်ဦးမယ်။
ရောက်နေတယ်လို့များ သိရင် ဒေါ်မေဓာဝီရော၊ မေရော ဝမ်းသာ
ကြမယ်"

"ဟုတ်ပါ့ဗျာ၊ ဦးကြီးဆက်တို့၊ မကြီးစောတို့ကို လွမ်းသဗျာ။
မိုးဥဆီကလဲ ဘာသတင်းမှ မကြားကြဘူးနော်"

သာအေးသည် ပါးစပ်မှ တတွတ်တွတ်ပြောကာ ရေတွင်းရှိ
ရာသို့ ထွက်သွားတော့သည်။ အိမ်နှင့်တူသော အိမ်လေးများသည်
ည်း တောကျေးလက်များတွင် အနှံ့အပြားရှိတတ်၏။ ကိုရင်ပုညနှင့်
ကိုရင်သံဝရသည် ကံကောင်းသည်ဟု ဆိုရမည်။ မောင်လူမွေးနှင့်
မောင်လူကျေးတို့မှာတော့ ရန်ကုန်မှာမွေးသော်လည်း အိမ်နှင့်တူသော
အိမ်တွင်မနေကြရ ဘယ်အဖြစ်ဆိုးများပါနည်း။ ထိုအခါ၌ အိမ်နှင့်တူ
သော အိမ်ဆိုသည်မှာ ခေါင်မိုးခြင်း၊ အုတ်ကြွပ်မိုးခြင်း၊ သွပ်မိုးခြင်းကို
ကြည့်၍ ခွဲခြားသတ်မှတ်ခြင်း မပြုနိုင်ပါတကားဟု တွေးခေါ်မိခြင်း
ရောပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ကဆုန်လပြည့်နေ့တွင်တော့ ဒေါ်ခင်မဆောက်အိမ်တွင် သံဃာများကို နေ့ဆွမ်းကောင်းမွန်စွာ ကျွေးမွေး၍ပြီးသွား၏။ ခါတိုင်းထက် ညှိုသည်သစ်နှစ်ယောက်တိုးလာသည်။ သာအေးနှင့် ဆရာဝန်မင်းရွှေ ဖြစ်သည်။ သာအေးကတော့ သရက်ချောင်းတွင် ယခုလို ခဏခဏ အလှူကြုံဖူး၍ အိမ်သားတစ်ယောက်လိုဖြစ်နေသည်။ မင်းရွှေဖို့အဖို့ ဆက်မိသားစုသဖွယ် ကဆုန်လပြည့်နေ့ အလှူတွင်ပါရ၍ စိတ်ထဲမှ ပီတိဖြစ်နေသည်။ သူ့အကျေနပ်ဆုံးမှာ ရှင်မင်းထွေးသည် မအေက ခရစ်ယာန်ဖြစ်ပါလျက် ယခုဆွမ်းကျွေးရာတွင် ဗုဒ္ဓဘာသာတစ်ယောက်လို ရဟန်းသံဃာများကို ရိုညွတ်စွာ ဝေယျာဝစ္စအဝဝ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းဖြစ်၏။ ထူးလည်းထူးခြားသလို ဖြစ်နေသည်။ သူ့အိမ်သို့ ပြန်လာသည်အထိ ထိုအကြောင်းကို စဉ်းစား၍လာသည်။

ညှိုသည် အများအပြား မဖိတ်၍ ဦးမင်းဟန်တို့ ဖနီးမောင်နှံသာ ညှိုခန်းတွင် ဒေါ်ခင်မဆောက်နှင့်စကားပြော၍ ကျန်ရစ်၏။ ဒေါ်မေခါဝီကတော့ သာအေးနှင့်ရွာအကြောင်းများကို ထမင်းစားခန်းတွင် စကားလက်ဆုံကျနေသည်။ ရှင်မင်းထွေးကတော့ ဒေါ်အေးမြနှင့် အတူ ပစ္စည်းများ သိမ်းဆည်းနေရ၏။

BURMESE CLASSIC .com

ဦးမင်းဟန်အဖို့ သူနဂိုက စိတ်ဝင်စားသလိုပင် တဖြည်းဖြည်း စကားစကာ မောင်လူကျေးအကြောင်းကိုရော၊ ဦးသက်ကို သူခေါ်ယူ တွေ့ဆုံပုံကိုရော၊ ပြောပြလိုက်၏။ ခင်မဆောက်သည် နားထောင်ရင်း ခေါင်းကို ဖြည်းညင်းစွာယမ်းနေ၏။ "ဖြစ်မှဖြစ်ရလေ"ဟူ၍လည်းဆို၏။

"အခုတော့ မောင်လေး မောင်လူကျေး ဘကြီးဟန်ဆီမှာနော်"



"ဟုတ်တယ်"

"ဦးလေးသက် မရှိတဲ့အခါ မေလာပြီး ကြည့်နိုင်လား"

"ကြည့်တာကတော့ ကြည့်နိုင်ပါတယ်။ ဒါပေမယ့် သူစိတ်ကည်တည်ငြိမ်ငြိမ်ရှိနေတုန်း ဆက်လက်ပြီး ရှိပေစေပေါ့။ မေ့ကို မြင်ပြန်တော့ သူ့အဖေသွင်းထားတဲ့ အခဲမကျေတဲ့စိတ်ကဝင်လာရင် ပြီးပါရော၊ စိတ်ကယောင်ချောက်ချား ဖြစ်မှာစိုးရတယ်"

"ဟင်း...ဘယ်လိုများ ဖြစ်ရပါလိမ့်၊ မေ့မှာ တာဝန်ရှိပါတယ်လို့ မေကနားလည်မှုနဲ့ ဆက်ဆံချင်ပြန်တော့ ဒီကလေးတွေကို မေတို့နဲ့ တွေ့ခွင့်မပေးနိုင်ရအောင် ဦးလေးသက် ဘာများအစွဲအလမ်းကြီးနေလဲမသိဘူး။ ဒေါက်တာအုန်းမောင်လည်း ပြန်လာခါနီးနေပြီ၊ သူပြန်လာရင် မောင်လူကျေးလေး ကျန်းမာရေးအတွက် သူကနေတစ်ဆင့် ထိုးအပ်တာ ပြောပါဘကြီးဟန်ရယ်၊ မေကူညီပါ့မယ်။ လောကကြီးမှာ အသက်ရှင်ရက် သေရတဲ့သူ သုံးယောက်လို့ ဖေဖေ ခဏခဏပြောတာ သတိရမိတယ်။ သူရူးရယ်၊ လေဖြတ်ခံရတဲ့သူရယ်၊ ကုဋ္ဌနူနာစွဲနေတဲ့သူရယ်တဲ့။ ခုတော့လဲ မောင်လေးတို့ဟာ ဖြူဖြူစင်စင် ဝဝလေးတွေ၊ ပြီးတော့ ယောက်ျားလေးတွေ အသက်မကုန်ရခင် ဦးနှောက်ပျက်ရသတဲ့။ ဩော် မသေခင်က လူညွှန့်တုံးရတယ်"

"ကဲလေကွယ် မောင်လူကျေးအတွက် တို့များ အချိန်မီပါသေးတယ်"

"ဟုတ်တယ် ဘကြီးဟန်၊ မေ့ကို ဘာပဲဖြစ်ဖြစ် ပြောပါ။ မေ ဦးလေးသက်ကိုသာ မြင်ရရင် ရင်ထဲမှာ ရင်ခုန်သံကို နှလုံးတဲ့အက်သွားမတတ်ဘဲ။ ကလေးတွေ ကိစ္စကတော့ မတတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သလောက် ကူညီပါ့မယ်။ ဪ ...ဘကြီးဟန်မှာလဲ ဒီမိသားစု ကြောင့် သောကဗျာပါဒ များလိုက်တာနော်"

"ရေစက်ဆိုတာ ဒီလိုပဲမေ"

သူတို့ဇနီးမောင်နှံသည် နှုတ်ဆက်၍ ပြန်သွားကြသည်။

ကဆုန်လပြည့်နေ့ညသည် မိုးသည်းထန်စွာ ရွာသွန်းလိုက် ၍လဝန်းကို မမြင်လိုက်ရပေ။ ဤသို့သော ညတွင်ဗုဒ္ဓမြတ်စွာ ဘုရား သခင်သည် မဟာဗောဓိညောင်ပင်အောက်၌ သူ့အားစစ်ပြုရန်လာသော မာရ်နတ်မင်းနှင့်တကွ စစ်သည်တော်များကို အောင်မြင်တော်မူ၏ဟု ဆို၏။ မိုးရေများ ယခုညလို သည်းထန်စွာရွာနေမည်လော။ မာရ် နတ်မင်း၏စစ်သည်တော်တို့မှ အစင်းစင်းသော မြားတံတို့သည် ပလ္လင်တော်၏ ပတ်ဝန်းကျင်တွင် မိုးသီးမိုးပေါက်များသဖွယ် တရစပ် ကျဆင်း၍များ နေကြလေမည်လော။ အရက်ကိုးမောင်းတိုက်ထားခြင်း ခံရသော နာဠာဂီရိဆင်သည် သူဦးတည် တိုက်ခိုက်ရမည်ဖြစ်သော ရှင်တော်ဘုရား ရုပ်သွင်ကို ပလ္လင်ထက်၌ မြင်ရသောအခါ ဘယ်လိုများ ခံစားမှုရှိနေပါသနည်း။

လပြည့်ဝန်း၏ သာယာသော ညအခင်းမှ ပလ္လင်လုပွဲစစ်အသင် သည် ညောင်ဗုဒ္ဓဟေ ပတ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့၏။ လပြည့်၏ညများ သည် စိတ်နှင့်ယှဉ်သောအခါ သာယာသောညများ တန်ဖိုးဆုံးပါ သည်။

ဗုဒ္ဓမြတ်စွာသည် သည်းခံသော စိတ်ထားဖြင့် မာရ်နတ်မင်း ၏ စစ်ခင်းကျင်းမှုကို မေတ္တာစိတ်ဖြင့် ငြိမ်းအေးခြင်းကိုရစေတော်မူ ၏။ ဪ...ထိုညက လမင်းသည် ကောင်းကင်တွင် တစ်ဆူ၊ ဗုဒ္ဓ



ဟောညောင်ပင်အောက်တွင် တစ်ဆူ၊ လနှစ်ဆူပြိုင်ယှဉ်၍ သာခဲ့သည် ထင်ပါရဲ့။ ယခုညတွင်တော့ လမင်းကို မမြင်ရပါသော်လည်း မိုး၏အရှိန် ဖြင့် ကဆုန်လပြည့်ညသည် အေးမြ၍နေ၏။

ဒေါ်ခင်မေဆက်သည် ဘုရားခန်းတွင် ဝတ်ပြုနေသော ဒေါ်မေဓာဝီ၏အပါးသို့ လာရောက်ထိုင်၏။ ဒေါ်မေဓာဝီဘုရားဝတ်ပြု ၍အပြီးတွင် သူတစ်စုံတစ်ရာ ပြောစရာရှိ၍ စောင့်နေပုံရ၏။ ဒေါ်မေဓာဝီ သည် အမျှအတန်းဝေကာ ဘုရားဝတ်ပြုခြင်းကို အဆုံးသတ်လိုက်၏။

"မေ မအိပ်သေးဘူးလား"

"အိပ်မှာပါ ဘုရား၊ တပည့်တော် ဆရာကြီးကို မေးမလို့ပါ။ ကိုသာအေး ပြန်ရင် သရက်ချောင်းကိုများ ဆရာကြီးပြန်သွားဖို့ ဆန္ဒ ရှိသလား"

ဒေါ်ခင်မေဆက်က မေးလိုက်၏။

"ဪ ကိုရင်တွေ အခြေအနေကြည့်မလို့၊ မေ့ဆန္ဒကရော ဘယ်လိုရှိလဲ"

"မေ့အနေနဲ့ကတော့ ဒီမရမ်းကုန်းဇရပ်မှာပဲ ဆရာကြီးဆက် နေစေချင်တယ်။ တစ်ခါတလေတော့လဲ မြေးတွေကို လွမ်းရင် ပြန် ကြည့်တာပေါ့။ ဒီမှာ ထာဝရလို နေစေချင်တာပါ"

"အေးပါလေ၊ ဆရာကြီးလဲ ပျော်ပါတယ်။ ကျန်းမာကောင်း မွန်တဲ့နေ့တွေဆို သာသနာ့ရိပ်သာကို ဒေါ်ဣန္ဒာတို့နဲ့အတူတူလိုက် သွားပြီး တရားထိုင်ရတာလဲ အဆင်ပြေပါတယ်။ သရက်ချောင်းမှာပဲ မောင်သာအေးက သူ့သားနှစ်ယောက်ကို ကြည့်လျက်ပါပဲလေ။ ပူပန် စရာရယ်လို့ တယ်မရှိပါဘူး။ မေက နေစေချင်လဲ ဆရာကြီးနေမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပါပဲလေ"

မေသည် ဆရာကြီးအား ဝတ်ပြုကာ သူ့အိပ်ခန်းရှိရာသို့
သွား၏။ သူ့တွင် သူ့ခန္ဓာကိုယ်အား ပြုစုစောင့်ရှောက်မည့် ရှင်မင်းဖျေ...
တို့၊ ဒေါက်တာအုန်းမောင်တို့ ရှိသလို၊ သူ့စိတ်ဓာတ်အား ငြိမ်းအေ...
ခြင်းကိုပေးပါသော ဆရာကြီး ဒေါ်မေဓာဝီလို ဆည်းကပ်ရမည့် သီလ...
ကြီးတစ်ပါးကို မနီးမဝေးတွင် ရှိစေချင်၏။ မှန်၏။ အဘေိစိဒီ မတ...
ပါသော်လည်း ဒေါ်မေဓာဝီသည် သရက်ချောင်းတွင် သီလရှင်ဘဝ...
နေကတည်းက ဆရာတော် ဦးဝဏ္ဏ၏တရားများ၊ စာပေပို့ချမှု...
အောက်တွင် သူသည်ရင့်ကျက်ခဲ့၏။ ယခင်ဒေါ်မြသန်းလို မဟုတ်တော...
ပေ။ မရမ်းကုန်းဇရပ်တွင် ပြောင်းလာတော့လည်း ဒေါ်ကြူနွာတို့...
အတူ သာသနာ့ရိပ်သာတွင် တရားထိုင်ခြင်း၊ တရားမပြတ်နာခြင်း...
သူသည် တရားရှင်ဒေါ်မေဓာဝီဖြစ်လာခဲ့၏။

ဒေါ်ခင်မေဆက်သည် နေ့တစ်နေ့ကို မမေ့ခဲ့။ သူရွှေတံ...
အိမ်ကြီးပေါ်မှာ မပြောင်းလာခင် နေ့တစ်နေ့ ဖြစ်၏။ ထိုနေ့တစ်...
တွင် ဒေါ်ခင်မေဆက်သည် မရမ်းကုန်းဇရပ်သို့ ပြေးသွားရ...
ဒေါ်မေဓာဝီ အနားတွင် နားနေလိုက်ရ၏။ ထိုနေ့က သူ၏နှလုံးသာ...
သည် ဒေါ်မေဓာဝီ၏ ဖျောင်းဖျသံ၊ တရားချသံတို့ဖြင့် ရေစင်ဖျန်းတော...
မှ အေးခဲ့ရ၏။

ထိုနေ့တစ်နေ့သည် ပန်းချီပြပွဲနှင့် ဆက်စပ်ခဲ့သော နေ့တ...
နေ့ဖြစ်သည်။ ထိုနေ့တစ်နေ့ကို မှီ၍တည်၍ နေမထွက်သောနေ့မျ...
ပမာ အမှောင်သမ်းခဲ့သော သူ၏ဦးနှောက်ထဲသို့လည်း လတ်ဆတ်...
သော နံနက်ခင်း နေခြည်သည် ထွန်းလင်းခဲ့ရပေသည်။ ဆရာကြီ...

...ဒေါ်မေဓာဝီကို အင်္ဂလိပ်စာမတတ် တောသူသီလရှင်အိုကြီး မလုပ်မကိုင်
...၍ ဆန်အလှူခံစားသူဟု အထင်သေး၍ မရပါတော့ပြီ။ ထိုစဉ်က
...သည် ကျန်းမာရေးအခြေအနေကောင်းသေး၍ အလုပ်မထွက်ခင်
...တက္ကသိုလ်၌ ဆရာမအဖြစ် လုပ်နေဆဲအခါဖြစ်၏။ တက္ကသိုလ်ဆရာမ
...သည် သရက်ချောင်းသူ ဒေါ်မေဓာဝီ၏ ဖဝါးအစုံကို ဦးတိုက်ခဲ့ရ
...သာ နေ့တစ်နေ့ပါတကား။ ဟောမာန်ပန်းချီပြပွဲနေ့ ပန်းချီပြပွဲနှင့် ဆက်
...သောထိုနေ့တစ်နေ့၊ အဘိတ်မှ အာရုံတို့သည် ပြန်လည် ယှက်သန်း
...လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

## ဟောမာန်ပန်းချီပြပွဲ

တက္ကသိုလ်နယ်မြေတွင် ကျင်းပသော ဟောမာန်ပန်းချီ
ကိုအနုပညာဝါသနာပါသူတို့က အထူးစိတ်ဝင်စားကြ၏။ တက္ကသိ
အနုပညာအသင်းမှ ကြီးမှူးကျင်းပသော်လည်း ပထမဆုံးအကြိမ် လွ
လပ်ရေးခေတ်ဦးတွင် ကျင်းပသည်မို့ သိုက်သိုက်ဝန်းဝန်းလုပ်ကြ
ပြင်ပမှ ပန်းချီဝါသနာပါသူများကလည်း ဝိုင်းဝန်းကူညီကြသည
တက္ကသိုလ်ဆရာများ၊ ကျောင်းသားကျောင်းသူများနှင့် ပတ်သက်နေ
နေသူများ၊ နာယကာဘင်မြှောက်ခြင်း ခံထားရသူများကလည်း အန
ဆုံး ဆုရ ပန်းချီကားချပ်များကို ဆုပေးရန်အတွက် ဆုများကိုလိုက်
အလှူခံပေးကြ၏။

ပန်းချီပြပွဲသည် ပြပွဲသက်သက်မဟုတ်၊ ဆုပေးပွဲ အခမ်းအ
နှင့် ဖွင့်လှစ်၍ ပြပွဲအဆုံးကိုလည်း ပန်းချီကားချပ်များကို လေလံ
ကာ အဆုံးသတ်မည်ဖြစ်သည်။ ပန်းချီကားချပ်များကို ထုံးစံအတ
ရောင်းချခြင်းမပြုဘဲ အများဆုံးတန်ဖိုးပေးနိုင်သူကို ကားချပ်များ ရေ
ချခြင်းဖြင့် ရေးဆွဲသူများ ထိုက်ထိုက်တန်တန် ရရှိနိုင်အောင် ဆု
ကော်မတီက စီစဉ်ခြင်းဖြစ်၏။



ပြင်ပမှ ဝါသနာပါသူ နာယကများအနက် ဆရာဝန်ကြီး
င်းချိန်မှာ ပန်းချီဝါသနာပါသူဖြစ်သည်။ သူသည် ပထမဆုငွေဖလား
ကာရှင်ကို ရှာလာခဲ့သူဖြစ်သည်။ ဆုပေးပွဲအခမ်းအနားအစတွင်
တွင်းရေးမှူးသည် အခမ်းအနား အစီအစဉ်ကို ဖတ်ကြားပြောဆိုလိုက်
ည်။ ပထမဆု ငွေဖလား၊ ဒုတိယဆုငွေဒိုင်းနှင့် တတိယဆုငွေရင်
းများကိုလည်း စင်မြင့်တွင် ပြင်ဆင်ထားသည်။ နာယကကြီးများ
င့် ကော်မတီများ ဆုအလှူရှင်များကိုမူ စင်မြင့်ပေါ်တွင် နေရာပေး
ားသည်။ ဆုရပန်းချီကားချပ်များကိုလည်း ပန်းချီပြပွဲခန်းမမှ ခေတ္တယူ
ာ စင်မြင့်ပေါ်တွင် အထင်အရှားပြထား၏။ ဆုရသူများအတွက် နေရာ
ိုမှ စင်မြင့်ပေါ်တွင် ထိုင်စရာနေရာသာထား၍ စောစောပိုင်းတွင်
ရိုသတ်အတွင်း ရောနှောထိုင်လျက်ရှိသည်။ အတွင်းရေးမှူးသည်
ထမဆုရ ပန်းချီကား၏အမည်နှင့် ရေးဆွဲသူအမည်ကို ကြေညာလိုက်
ည်။

"ပထမဆုပန်းချီကားအမည်က 'ပင်တိုင်စံမျိုး' ဖြစ်
ပါတယ်။ ဆုရသူရေးဆွဲတဲ့ ပန်းချီပညာရှင်ကတော့ 'သင်း'ဖြစ်
ပါတယ်"

ပရိသတ်သည် စင်မြင့်ပေါ်ကို စိတ်ဝင်စားစွာ ကြည့်နေသလို
ရိုသတ်ထဲမှ ထလာမည့် ပန်းချီဆရာ "သင်း"ကိုလည်း စိတ်ဝင်စား
ကြ၏။ ရှေ့ဘက်တန်းဆီမှထ၍ စင်မြင့်ပေါ်တက်ရောက်လာသူမှာ
တက္ကသိုလ်မှ အင်္ဂလိပ်စာလက်ထောက်ကထိက ဒေါ်ခင်မေဆက်ဖြစ်၍
ာလုံးပင် အံ့ဩသွားကြသည်။ ဒေါ်ခင်မေဆက် ပန်းချီဝါသနာပါ
ည် ပန်းချီဆွဲတတ်သည်ဟူ၍လည်း နီးစပ်သူများပင် မသိကြချေ။

ဒေါ်ခင်မေဆက်သည် ပဝါပန်းရောင်အနုနှင့် ချိတ်ထမိန်
ောင်ကို ဝတ်ထား၏။ ညာဘက်မီးရောင်အလင်းတွင် သူသည် တင့်

www.burmeseclassic.com

www.burmeseclassic.com



တယ်စွာ လုပနေသည်။ ပြောင်လက်တောက်ပသော လက်ဝတ်တန် ဆာဟူ၍ ဘာမှမဝတ်သော်လည်း သူ့မျက်နှာသည် အထူးကြည်လင် နေပုံရသည်။

အတွင်းရေးမှူးသည် ပထမဆုရသူ ပန်းချီဆရာ "သင်း"ဓ ဒေါ်ခင်မေဆက်နှင့် ပရိသတ်အား မိတ်ဆက်ပေးပြီး၊ ဒေါ်ခင်မေဆက် စကားပြောရန် အသံချဲ့စက်ကို ဒေါ်ခင်မေဆက်ရှေ့တွင် ပြင်ဆင်ပေ လိုက်သည်။

ဒေါ်ခင်မေဆက်သည် ရှင်ပျအေးဆေးသော အသံဖြင့် စတ စကားပြောဆိုလိုက်၏။ မေတစ်ယောက် ပရိသတ်ရှေ့တွင် စကားပြေ သည်ကို မကြားဘူးသေးသော ပန်းချီပြပွဲလာကြည့်သည့် ဝတ် တော်ရ ဦးမင်းဟာန်ပင် ဒီတစ်ခါ ဒေါ်ခင်မေဆက် စကားပြောပုံ အံ့သြသွား၏။

## ကြွရောက်လာသော လူကြီးမင်းများရှင့်

ဒီနေ့ကျင်းပတဲ့ "ဟေမာန်"ပန်းချီပြပွဲမှာ ကျွန်မ တင်သွင်းတဲ့ ပန်းချီကား "ပင်တိုင်စံမျိုး" ပန်းချီကားဟာ ပထမဆုရလို့ ကျွန်မ အလွန်ဝမ်းသာပါတယ်။ ဒီပန်းချီကားမှာ နောက်ကြောင်းခံအကြောင်းတွေရှိလို့ ကျွန်မကို ထုတ်ဖော် ပြောကြားခွင့် ပေးစေလိုပါတယ်။ ကျွန်မငယ်ငယ်က နွားကျောင်း သူ မျိုးပုံပြင်ကို အင်မတန်သဘောကျပါတယ်။ ဘယ်လောက် များ သဘောကျသလဲဆိုရင် မျိုးဟာ နွားကျောင်းရင်း သီချင်းဆိုရင် ကျွန်မလဲ ဆိုမိတယ်။

လယ်ကွင်းဘေးက တောတန်းမှာ နေဝန်းနီနီမေးတင်ပြီး လယ်ကွင်းကြီးကို ကြည့်ရင်းဖြင့် မျိုးဟာ လက်ခုပ်လက်ဝါး

တီးပြီး ဟစ်အော်ရယ်မောတတ်ပါတယ်။ ဒီအခါ ကျွန်မလဲ လိုက်လိုက်လုဲလုဲ ရယ်မောမိတယ်။ သူ့ရယ်သံကြားရင် မြက်ခင်း အနှံ့ကျက်စားနေကြတဲ့ သူ့ရဲ့နွားများဟာလဲ သူတို့သခင်မ မျိုးအပါး စုဝေးရောက်လာကြပါတယ်။

လက်ထဲကကြိမ်လုံးလေးဟာ မျိုးအတွက် အဆောင် အယောင်မျှသာဖြစ်ပါတယ်။ မျိုးရယ်သံနဲ့ နေဝန်းနီနီကသာ သူ့ ရဲဘော်နွားများကို အချက်ပြလိုက်ခြင်း ဖြစ်ပါတယ်။

"အချိန်ကုန်ပြီ၊ တို့များတင်းကုပ်ရှိရာ ပြန်ကြစို့"လို့ ပြောကြသလိုပါပဲ၊ တစ်ကောင့်တစ်ကောင်အသံပြုပြီး မျိုး အနားဝိုင်းလာကြတယ်။ မျိုးဟာ ရယ်သံနဲ့သာ သူ့နောက် လိုက်တွေကို စုစည်းပြီး တစ်နေကုန်ရင်ဖြင့် ရွာတွင်းကို ပြန်ဝင် လာခဲ့ပါတယ်။ မျိုးရယ်သံနဲ့ နွားခလောက်သံများဟာ တောတန်းအစပ်နဲ့ စားကျက်မြက်ခင်းမှာ အစဉ်ကြားရတဲ့ ဂီတ သံများပါပဲ။

ရွာအဝင် ဝါးရုံအောက်မှာ ဘူးသီးကြော်သည်က ဘူးသီး ကြော်ပြီး အကြွင်းအကျန် အကျိုးအပဲ့လေးတွေကို အင်ဖက်ရွက် နဲ့ထုပ်ပြီး မျိုးကို ပေးလေ့ရှိတယ်။ မျိုးဟာ အကျိုးအပဲ့ ဖြစ်ပေမယ့် ပူပူနွေးနွေး ဘူးသီးကြော် ကျွတ်ကျွတ်ကို ဝါးပြီး သူ့နွားလေးတွေကို နွားတင်းကုပ်မှာ သွင်းခဲ့တယ်။

သူတို့တိုင်းပြည်မှာ ဘုရင့်သမီးတော်လေး နတ်ရွာစံလို့ သောကမီးတောက်လောင်နေတဲ့ ဘုရင်ကြီးမှာ သမီးစားရှာခိုင်း ဟာလဲ ငယ်စဉ်က ကျွန်မအဖို့ စိတ်လှုပ်ရှားစရာပါပဲ။ မျိုးဟာ ဘုရင့်သမီးတော်လေးနဲ့တူလွန်းလို့ နယ်အနှံ့သမီးတော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တူတဲ့လူကို လိုက်ရှာနေတဲ့ မှူးမတ်တွေဟာ မျိုင်းကို တွေ့ရင်ပဲ နန်းဝတ်တန်ဆာတွေ ဆင်ယင်ပြီး ရွှေနန်းတော်ကြီးကို ခေါ်သွားပါတယ်။ ရွှေနန်းတော်ကြီးကို လိုက်သွားခန်းမှာ ကျွန်မဟာ ငယ်စိတ်နဲ့ မျက်ရည်လည်ရွဲ ဖြစ်ခဲ့မိတယ်။ မျိုင်းဟာ ရထားလုံးပေါ်ကနေ လက်ပြပြီး နှုတ်ဆက်တော့ သူ့နွားလေးများဟာ အမြီးလေးများထောင်ပြီး ပြေးလိုက်လာကြတယ်။ အကြော်သည်ကြီးကို မျိုင်းမြင်တော့...

"ကျုပ်သွားတော့မယ်တော်" ဆိုပြီး မျိုင်းဟာ နှုတ်ဆက်ခဲ့တယ်။ နှုတ်ဆက်စဉ်မှာ မျိုင်းမျက်လုံးဟာ မျက်ရည်တွေဝိုင်းပြီး ပါးစပ်က ပြုံးသော်လဲ ပြုံးလို့မရခဲ့ဘူး။

နန်းတော်ပေါ်ရောက်လို့ နွားကျောင်းသူမျိုင်းဟာ ပင်တိုင်စံမျိုင်းအဖြစ် ရောက်သွားပါတယ်။ တောခလေ့ စွန့်ပယ်ပြီး နန်းတွင်းဟန်မူယာ အသုံးအနှုန်းတွေကို သင်ကြားပြီးပြည့်စုံတော့ ဘုရင်ကြီးဟာလဲ သမီးတော်လို ချစ်မြတ်နိုးတော်မူပါတယ်။ တစ်နေ့တော့ နေသာတဲ့ညနေခင်းမှာ သူဟာအဝေးက လွင့်ပျံ့လာတဲ့ နွားခလောက်သံလေးတွေ ကြားတော့ လေသာပြတင်းကနေ မျှော်ကြည့်တယ်။ နေဝန်းနီနီဟာ မိုးကုပ်စက်ဝိုင်းမှာ မေးတင်နေပြီး ဘုရင့်ရွှေနန်းတော်ဟာ တောမြက်ခင်းများနဲ့ ဝေးကွာတဲ့ နေရာမှာဖြစ်တော့ နွားစားကျက်ကိုတော့ မမြင်ရဘူး။ ဒီနွားခလောက်သံဟာ ဘယ်ကများလွင့်ပျံ့လာတယ်လို့ မျိုင်းစဉ်းစားလို့ မရဘူး။ သူ့ရဲဘော်ရဲဘက် နွားလေးများဟာ လေထဲကများ လွင့်လိုက်လေသလားလို့ ထင်မှားမိတယ်တဲ့။ သူ့ရွာလေးက စွန့်ခွာပြီး ရထားပေါ်လိုက်လာရတဲ့နေ့က တောလမ်းတစ်လျှောက် အမြီးလေးများထောင်ပြီး ပြေးလိုက်လာတဲ့



သူ့နွားလေးများရဲ့ ဟန်ပန်ဟာ သူ့မျက်လုံးထဲမှာ ပေါ်လာပါတော့တယ်။ တစ်ညလုံးလို နွားလေးများကို အိပ်မက်မက်ပြီး နွားခလောက်သံလေးများကို ကြားနေတဲ့ မျိုင်းဟာ နံနက်လင်းအရုဏ်မှာ နန်းတော်ဝတ်ရုံများကို ချွတ်ပုံခဲ့ပြီး တိတ်တစ်ဆိတ်ပဲ ရွှေနန်းတော်ကြီးကို စွန့်ခွာခဲ့ပါတယ်။

သူ့ရွာကို ပြန်ရောက်တော့ ညနေစောင်းပြီမို့ အကြော်သည်ကြီးဟာ ပေးနေကြ မုန့်ကြော်အကြွေအပဲ့လေးတွေကို လှမ်းပေးရင်း သူ့ကိုပြုံးပြီးကြိုနေပါတယ်။ သူ့နွားလေးများရှိရာ စားကျက်ကိုလဲရောက်ရော နွားလေးတွေဟာ ပြေးလွှားလာကြပြီ။ သူ့ကိုခေါင်းလေးများနှင့် ပွတ်သပ်နှုတ်ဆက်ကြတယ်။ သူဟာ နွားလေးများလည်ပင်းကို ဖက်ပြီး "မင်းတို့ကို ငါမခွဲသွားတော့ပါဘူး"လို့ ပြောလိုက်တယ်။

"အင်မတန်ရိုးတဲ့ သည်ပုံပြင်ကို လူကြီးမင်းများ ကြားဖူးကြပြီးပါပြီ။ ကျွန်မကတော့ ငယ်ရွယ်တဲ့ နှလုံးသားမှာစွဲလာတဲ့ ဒီပုံလေးကို ခုထိ သတိရနေဆဲပဲ။ ကျွန်မတို့ တက္ကသိုလ်နယ်မြေမှာ လွတ်လပ်ရေးရပြီးမှ ပထမဆုံးကျင်းပတဲ့ ပန်းချီပြပွဲမှာ ကျွန်မဝင်ပြိုင်ချင်တယ်။ ကျွန်မက ပန်းချီကားချပ်ကို ကြိုက်တတ်တာကလွဲလို့ တီကောင်ကိုတောင် မဆွဲတတ်ပါဘူး"

"ဟင်" ပရိသတ်ထဲမှ ထွက်ပေါ်လာသော အသံဖြစ်သည်။ ခင်မေဆက်သည် ခဏနားပြီးမှ ဆက်ပြောသည်။

"တင်ပြချင်တဲ့ ပန်းချီကားချပ်ရဲ့ ဆိုလိုချက်ကလဲ ပင်တိုင်စံမျိုင်းဟာ နွားကျောင်းသူ မျိုင်းရဲ့ပုံကို ရွှေနန်းတော်သုံး ပန်းချီဆရာကြီးများကို ဆွဲခိုင်းပြီး နွားကျောင်းသူမျိုင်းကို ရှုစားနေဟန်ပါပဲ။ ကျွန်မ ဆိုလိုချင်တဲ့သဘောကို ပန်းချီဆရာ

www.burmeseclassic.com

www.burmeseclassic.com



အိုကြီးတစ်ဦးကို ပြောပြတော့ သူကခွဲပေးပါကယ်။ အခု ပထမ ဆုရတာဟာ ဒီပန်းချီကားချပ်ပါပဲ။ တကယ် ရေးဆွဲသူ ပန်းချီ ဆရာကြီးအစစ်ကို ကျွန်မဒီစင်မြင့်ပေါ် ခေါ်ယူလာပါ့မယ်။ သူဟာ ဒဂုန်မဂ္ဂဇင်းခေတ်က ကျော်ကြားခဲ့ပြီး ယခုတိမ်မြုပ်နေတဲ့ ပန်းချီ ဆရာကြီး ဦးရွှေသင်းပါပဲ''

ပရိသတ်မှာ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ခင်မေဆက်သ စင်မြင့်ပေါ်မှ ဆင်းကာ ပရိသတ်ထဲမှ အဘိုးအိုတစ်ယောက်ကို ခွဲ ကာ စင်မြင့်ပေါ်တက်လာ၏။ ပရိသတ်မှာ အဘိုးအိုကို စိတ်ဝင်စာ ကြည့်၍ သတင်းစာတိုက်များက ဓာတ်ပုံရိုက်ကြ၏။ ပန်းချီကား ပထ ဆုကို လှူဒါန်းသူကိုယ်တိုင် ဆုပေးရမည်ဖြစ်၍ ဆုလှူဒါန်းသူ ဦးရွှေ သည် ဖလားကိုကိုင်ကာ ပန်းချီဆရာဦးရွှေသင်းလက်သို့ ပေးအပ်လို လေသည်။ ပန်းချီဆရာကြီး လှမ်းယူအပြီးတွင် ဦးရွှေဦးသည် လဲ သွားတော့သည်။ ခေတ္တတော့ လှုပ်လှုပ်ရွရွ ဖြစ်သွားပြီးလျှင် ပရိသ မှာ ငြိမ်သွား၍ ပန်းချီဆုပေးပွဲကိုဆက်လက် ကျင်းပကြသည်။ သူ စိတ်ဝင်စားသည်မှာ ပန်းချီဆုလှူဒါန်းသူ ဦးရွှေဦးမဟုတ်ဘဲ ရေးဆွဲ ဦးရွှေသင်းနှင့် ခင်မေဆက်သာလျှင် ဖြစ်၏။

ဦးရွှေဦးကို ပန်းချီပြပွဲအကဲခတ် လူကြီးတစ်ဦးဖြစ်သည့် ဆ ဝန်ကြီးဦးမင်းချိန်က အိမ်သို့ပြန်ခေါ်သွားတော့သည်။

ပန်းချီဆုပေးပွဲပြီးကာနီးတွင် ''ပေမာန်''ပန်းချီပြပွဲအား တစ် တိတိပြပြီး၊ ကားချပ်များကို လေလံတင်ရောင်းချ၍ ရေးဆွဲသူများအ အပိုးငွေကို ပေးအပ်လှူဒါန်းမည့်အကြောင်း အတွင်းရေးမှူးက ကြေ ကာ ပန်းချီဆုပေးပွဲကို ရုပ်သိမ်းလိုက်တော့သည်။

နောက်တစ်နေ့ သတင်းစာများတွင် ''ပေမာန်''ပန်းချီ



သတင်းမှာ အရေးတယူ အသားပေးဖော်ပြ၍ ထားဝယ်သား ပန်းချီ ဆရာအိုကြီး ဦးရွှေသင်းအကြောင်းမှာလည်း လှုပ်လှုပ်ရှားရှားဖြစ်၍ သွား တော့သည်။ သူလုပ်ချင်တာကို သူလုပ်လိုက်ရ၍ ကျေနပ်ဟန်ဖြင့် ခင်မေဆက်သည် ထိုနေ့က သတင်းစာကို ဖတ်၍နေမိ၏။

သူထမင်းစားပြီး ခေတ္တအနားယူကာ အိပ်ရာပေါ် လှဲနေလိုက် သည်။ အတော်ကြာလျှင် တယ်လီဖုန်းခေါင်းလောင်းသံ ကြား၍သူ ကောက်ကိုင်ကာ နားထောင်လိုက်သည်။

''အခု စကားပြောနေတာ ခင်မေဆက်လားဟေ့''

တစ်ဖက်မှ စကားပြောနေသူမှာ ဝတ်လုံတော်ရဦးမင်းဟန် ဖြစ်သည်။

''ဟုတ်ပါတယ်၊ မေ စကားပြောနေပါတယ် ဘကြီးဟန်''

''မေ့ကို ဘကြီးဟန် ဒီနေ့ တွေ့ချင်တယ်ကွယ်။ မေ့ဆီကို ဘကြီးဟန်လာရမလား။ ဒါမှမဟုတ် မေ လာမလား။ အမှုသည်တွေ ကို ညနေပိုင်းမှ ချိန်းထားတော့ ခုဘကြီးဟန်အားနေတယ်''

''မေ လာခဲ့မယ် ဘကြီးဟန်၊ ရုံးခန်းကပဲ စောင့်နေပေတော့''

ခင်မေဆက်သည် ကားထုတ်ခိုင်းကာ တစ်ယောက်တည်းပဲ ဘားလမ်းသို့ ထွက်ခွာလာခဲ့၏။

''ဘကြီးဟန် ပြောစရာရှိလို့ မေ့ကို တယ်လီဖုန်းဆက်ခေါ် တာ၊ ကဲ...ထိုင်ပါဦး''

ခင်မေဆက်သည် ဦးမင်းဟန် ညွှန်ပြသော စားပွဲရှေ့ ကြိမ် ကုလားထိုင်တွင် ထိုင်လိုက်၏။ ဦးမင်းဟန်သည် စကားဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ မပြောတော့ဘူးလို့ပဲ မေ၊ ဒါပေမယ့် အိမ်ရှ လဲတွေးပါတယ်။ မင်းအန်တီ မမြဆွေနဲ့လဲ တိုင်ပင်ကြည့်သေးတယ် နောက်တော့ သံသယစိတ် ဝင်လာတာနဲ့ ပြောသင့်တယ်ထင်ပြီး မေ့ ခေါ်ပြောရတာ၊ ရုံးချိန်းလဲ ဒီနေ့မရှိဘူး၊ အမှုသည်တွေနဲ့ ညနေပိုင် မှ ချိန်းထားလို့။ အားလဲအားတာကလဲ တစ်ကြောင်းပဲ"

ဒေါ်ခင်မေဆက်သည် ဝတ်လုံတော်ရ ဦးမင်းဟန်၏ စကား ပြောပုံ၊ ပဏာမပျိုးနေပုံကို ငြိမ်သက်စွာ နားထောင်နေ၏။

"မေ့ကို သမီးလေးလို ရင်းနှီးပေမယ့် ပရိသတ်ထဲစကားပြေ တာ ဘကြီးဟန် မတွေ့ဘူးသေးပါဘူး၊ မေ ပရိသတ်ရှေ့မှာ စကား ပြောကောင်းတဲ့သူပဲ"

"ကျောင်းမှာ ကျောင်းသားတွေကို စာပြနေတော့ ကျင့်သာ တော့ ရှိပြီးသားပါ ဘကြီးဟန်ရယ်"

"ပရိသတ်နဲ့ ကျောင်းသားက မတူဘူးကွယ့်။ ဒါကြော ဘကြီးဟန် ချီးကျူးတာပါ။ မေ အောင်အောင်မြင်မြင် စကားပြော သားပဲ၊ ဘကြီးဟန်ပြောချင်တာကတော့ လူတစ်ယောက်ကို ချစ်တ ဆိုတာ သူ့မှာရှိတဲ့ ချီးမွမ်းစရာအကွက်တွေကိုသာ ကွက်ပြီး ချီးမွ နေဖို့ မဟုတ်ပါဘူးလို့ ဘကြီးဟန်ယူဆတယ်"

ခင်မေဆက်သည် ဦးမင်းဟန် ဘာကြောင့် ထိုမျှစကား ပဏာမပျိုးနေသည်ကို နားမလည်သောအသွင် သူ့မျက်လုံးတွင် ေ လာသည်။ သို့သော် စကားတစ်လုံးမှ ဝင်ရောက်မစွက်ဖက်ဘဲ ငြိမ်သ စွာ နားထောင်နေ၏။

"ကိုကြီးဆက်နဲ့ ဒေါ်ခင်စောမူ ဆုံးသွားကတည်းက ဆ



သားစုမှာ ကံကြမ္မာအလျှောက် ကျရောက်တဲ့ အန္တရာယ်အမျိုးမျိုး မှာ ငွေကြေးအင်အားနဲ့ ကူညီခဲ့တဲ့ မိတ်ဆွေ၊ အဆွေခင်ပွန်းကောင်း တွေ မေတို့မှာ အများအပြားရှိခဲ့တယ်။ ဘကြီးဟန်ကတော့ ဥပဒေ ကြောင်းနဲ့ ပတ်သက်လို့ ဖြစ်လာခဲ့သမျှ ဥပဒေကိုသာ ကိုင်ပြီး ကာကွယ် စောင့်ရှောက်ခဲ့ရတယ်။ မေဟာ သမီးလေးတစ်ယောက်လို ဘကြီးဟန် မျက်စိအောက်မှာ ကြီးလာခဲ့တော့ မိဘရင်း မေ့ရဲ့ဖေဖေနဲ့ မေမေတို့ လွဲရင် မေ့စိတ်ဓာတ်ကို သိရှိလေ့လာနိုင်တာဟာ ဘကြီးဟန်ပဲရှိတယ် လို့ ထင်တယ်လေ။ မေ့အနေနဲ့တော့ ဒီအထင်ဟာ မှားချင်လဲမှားနေ ပေါ့။ လက်ခံချင်မှလဲ လက်ခံလိုလိမ့်မယ်"

ခင်မေဆက်သည် ညင်သာစွာ ခေါင်းညိတ်ပြလိုက်၏။ ဘာ ကိုဆိုလိုချင်၍ ထိုစကားကို စနေပါသလဲဟု မေသည် မျက်လုံးနှင့်ပင် မေးနေ၏။

"ဒေါ်ခင်စောမူဟာ သူ့လယ်မြေတွေ အားလုံးကို ချစ်တီး လက်က ပြန်ရွေးရင် သူ့နာမည်နဲ့ပဲ ပြန်ရွေးပေးပါ။ ဒီလယ်မြေတွေ ဟာ သူတစ်ဦးပိုင်စစ်စစ်ဖြစ်ခဲ့တယ်။ ဒီလယ်မြေတွေ သားသမီးတွေ လက်ထဲရောက်မှ ချစ်တီးလက်က ရွေးပေးခဲ့တာကို အခွင့်ကောင်းယူ ပြီး သူသာပိုင်ဆိုင်ခွင့်ရှိတယ်လို့ မောင်သက်ကများ ပြောလာခဲ့ရင် ချစ်ရင်းအစကိုလှန်ပြီး သတင်းစာထဲက အတိအလင်းကြေညာပါ။ ဒီလယ်မြေတွေကို မောင်သက်ကို ပိုက်ဆံတစ်ပြားမှ မယူဘဲပေးဖို့ ပြီးတော့ ဆက်မိသားစုဟာ မောင်သက်တို့နဲ့ ဘာမှမပတ်သက်ဘူးလို့ ကြေညာခိုင်းခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့လဲ မမူရဲ့စိမံချက်ကို အဓိပ္ပာယ်မရှိဘူးလို့တောင် ဘကြီးဟန်လဲ ထင်ခဲ့တယ်။ နောက်တော့ မှ တဖြည်းဖြည်းတွေးပြီး ကံတရားအကြောင်းကို မမူကပြောခဲ့တာပဲ၊ ကံအလျှောက် သူပိုင်လာခဲ့တဲ့မြေကို အတင်းလုယူသလိုဆိုရင် ယူပေ

www.burmeseclassic.com

www.burmeseclassic.com



စေ၊ သို့သော် ထိုက်မှလဲ ရမယ်ဆိုတဲ့သဘောပဲ။ မမမှုရဲ့ လယ်
တွေကိုပါမက သူပိုင်ရင်းစက်ကိုတောင် မောင်သက်ဟာ နောက်
လက်လွှတ်ရတယ်။ ခုထိပဲ သူ့မှာဘာအခြေမှ မခိုင်မြဲခဲ့ဘူး။ ဖရို
ကစဥ့်ကလျား နေလာခဲ့ရတာ အရွယ်လွန်လို့ သေဘက်ကိုတော
နီးလာခဲ့ကြပြီ။ သူ့အကြောင်းတရားက သူ့ကို စီရင်ပါလိမ့်မယ်
ဆိုတဲ့ သဘောကို မမမှုဟာ ဆက်မိသားစုကို ပြောခဲ့တာကွယ့်။ ဘ
ဟန်ပြောပုံကြီးကလဲ ရှည်လျားရှုပ်ထွေးလိုက်တာလို့ မေ ထင်သလာ

"မေ...ခုထိ ဘာမှနားမလည်သေးပါဘူး ဘကြီးဟန်"

"အင်း...ဖြည်းဖြည်း နားလည်ရမှာပေ့ါ။ သူ့အချိန်မ
ရောက်မီ မေတို့က တစ်ခုခုလုပ်လိုက်ရင် မောင်သက်ရဲ့ ဖရိုဖရဲဖြ
တဲ့ အကြောင်းအရင်းမှာ မေတို့ပယောဂ မကင်းဘူးဆိုတဲ့စွဲချက်
လာနိုင်တယ်။ မမမှုရဲ့သဘောကို မေနားလည်လား။ တစ်ခါတ
ဘကြီးဟန်တောင် မင်းမေမေရဲ့ အစဥ့်အလာ ထိန်းသိမ်းပုံကို နားမလ
ခဲ့ဘူး။ သူဆိုလိုချင်တာက ဆက်မိသားစုက ခွင့်လွှတ်ခြင်း၊ စွန့်လွှ
ရခြင်းသဘောကိုသာမက ကိုယ့်အပေါ် မတရားကျူးကျော်သူအပေါ်မှ
ဘယ်လိုနည်းနဲ့မှ မတုံ့ပြန်စေချင်တဲ့သဘော"

"ဟုတ်ကဲ့ ဒီအထိ မေနားလည်ပါတယ်၊ မေဟာ အတ
နိုင်ဆုံးလဲ မေမေရဲ့အစဥ့်အလာထိန်းသိမ်းမှုကို လိုက်နာခဲ့ပါတယ်။ မ
ဖောက်ခဲ့ပါဘူး"

"ဟုတ်တယ်၊ မောင်သက်နဲ့ဖြစ်ခဲ့တဲ့ ကိစ္စမှာတော့ မေလု
ပုံမှန်တယ်၊ ညကဖြစ်ခဲ့တဲ့ ကိစ္စမှာတော့ မေမှားတယ်"

ဘကြီးဟန်သည် ရှည်လျားစွာ စကားပလ္လင်ခံပြီးမှ ပြောစ
ရှိသည်ကို ဖြုန်းခနဲ ပြောချလိုက်၏။



ခင်မေဆက်သည် ရုတ်တရက် ကြောင်တက်တက်ဖြစ်သွား
ဘန်ရှိ၏။

"မေ မှားတယ်လား"

"ဟုတ်တယ်၊ ကာယကံရှင်ဟာ သူ့အမှားသူမသိဘဲ ရိုးရိုး
သားသားကျူးလွန်ခဲ့တဲ့အမှား ဖြစ်ပါစေလို့ ဘကြီးဟန်လဲ ဆုတောင်း
ပါတယ်"

"ဘာမှားတာလဲ၊ ဘယ်လိုမှားတာလဲ ဟင်၊ မေ ဘာတွေ
ကျူးလွန်ခဲ့သလဲ"

ခင်မေဆက်သည် တကယ်ရိုးသားစွာပင် မေးနေကြောင်း သူ့
မျက်လုံးက အထင်အရှားပြနေ၏။

"ဒီလိုလေ၊ ဦးရွှေဦးတို့ အပြုအမူတွေဟာ ဆက်မိသားစု
အပေါ်မှာ ခွင့်လွှတ်နိုင်စရာအကြောင်းကို မရှိပါဘူး။ ဒါတွေကို အသစ်
ထပ် ပြန်မပြောပါရစေနဲ့။ နောက်ဆုံး မေရဲ့အချစ်ဆုံးမေမ ခင်မျိုးဆက်ကိုယ့်
တိုင်းပြည်က ထွက်သွားပြီး ဆက်မိသားစုနဲ့ လုံးဝအဆက်ပြတ်လိုက်
အောင်ကို ဦးရွှေဦးတို့ လုပ်ပုံဟာရက်စက်ပါတယ်။ သူတို့အကြောင်း
တရားဟာ ဦးရွှေဦးနဲ့ ဒေါ်မေကြည်သင်း မောင်နှမနှစ်ယောက်ကို သူတို့
ဘာသာ ဆုံးမလာပြီပဲ။ တမလွန်မပြောနဲ့၊ လက်ရှိဘဝမှာ သူတို့ရဲ့
သီးခြား ဘဝင်မြင့်တဲ့စိတ်ကြောင့် ဦးရွှေဦးသမီးတင်မာလာဟာ ဆုံးခဲ့
ပြီ ထွန်လဲ လူစဥ့်မမီတော့ဘူး။ ဒီလောက်ဆို ခင်မေဆက် နားလည်
လောက်ပါပြီ။ ညကလုပ်လိုက်တဲ့ အပြုအမူကတော့ ဆက်မိသားစုရဲ့
သက်စားမချေပါဘူးဆိုတဲ့ အစဥ့်အလာကို မေက နုနုလေးနဲ့ အနုနည်း
နဲ့ ချိုးဖောက်လိုက်တာပဲ"

"ဘယ်လို.. ဘယ်လို၊ မေ နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မေ တကယ်နားမလည်ဘူးလား" ဦးမင်းဟန်သည် ထင်
၍မေးလိုက်၏။

"ဟုတ်တယ်၊ မေ ခုထိနားမလည်သေးဘူး ဘကြီးဟန်"

"အို ... ဒီလိုဆို ဘကြီးဟန် မေ့ကိုခွင့်လွှတ်ပါတယ်၊ ဒါပေမယ့်
မေလုပ်လိုက်ပုံက သိမ်မွေ့လွန်းလို့ အနုနည်းနဲ့များ လက်စားချေလိုက်
သလားလို့ ဘကြီးဟန် မေ့ကိုထင်တယ်၊ မင်းရဲ့လက်သီးပေါ်မှာ လွှ
ထားတဲ့ ကတ္တီပါစက ချောမွေ့နူးညံ့လွန်းတော့ မေ့လက်ကျကို မသိ
လူတွေကတော့ နားမလည်ဘူး၊ ဘကြီးဟန်အနေနဲ့တော့ ထင်လို
မိတယ်၊ ခင်မေဆက်ဟာ ယဉ်ယဉ်လေးနဲ့ လှလှပပလေး ထိုးလိုက်
လက်သီးကြောင့် ဦးရွှေဦးရယ် မလှမပနေရပြီး ညကပန်းချီဆုပေးပွဲလ
စဉ်မှာ ဦးရွှေဦးလဲကျသွားတာ မင်းသိမှာပေါ့၊ ဘကြီးဟန်လည်း စိတ်
ထဲမှာ ရန့်မကောင်းတာနဲ့ အိမ်ရောက်တော့ သူတို့ရဲ့လက်စွဲတော် သ
တော်ကြီးဦးမင်းချိန်ကို တယ်လီဖုန်းဆက်မေးကြည့်တော့ ညတွင်းချင်း
ဦးရွှေဦး သတိတော့ ပြန်ရလာပြီတဲ့၊ ဒါပေမယ့် ခုမနက်တော့ သူ့ရှိသ
အဝတ်အစားတွေကို ရေနဲ့လျှော်၊ သူများကိုင်သွားသမျှ နှာနိုင့်နဲ့ချည်
လိုက်လို့ဆေးနေပြီတဲ့"

"အို...ဘုရား...ဘုရား၊ ဘုရားသခင် ခွင့်လွှတ်တော်မူပါ
မေ မေလေ ဦးရွှေဦး ဒီလိုဖြစ်ပါစေလို့ လုံးဝမရည်ရွယ်ပါဘူး၊ ပထမ
ကို လျှတဲ့ လျှဒါန်းသူဟာလဲ ဦးရွှေဦးလို့ မေ မသိရိုးအမှန်ပါ ဘကြီး
ဟန်"

ခင်မေဆက်သည် သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ပြည်
ညင်းစွာ ရှိုက်လိုက်၏။

"အေး...စုပုရားလတ်ဟာ မဟာဆီ၊ မဟာသွေးချင်းသတ်



ပြီး ကတ္တီပါအိတ်နဲ့ ရေဆိပ်ချခဲ့တယ်၊ မသတ်ခင်ကတည်းက ဆင်ဆင်
ခြင်ခြင် စဉ်းစားဖို့ ကောင်းပါတယ်ကွယ်၊ သတ်ပြီးမှ အလောင်းတွေ
ပျောက်ဖျက်ဖို့အချိန်မှာ မဟာနွယ် မင်းမျိုးတွေရဲ့သွေးဟာ မြေမကျ
ကောင်းဘူးဆိုပြီး ကတ္တီပါအိတ်နုနုလှလှနဲ့ ရေထဲချတာဟာ အစဉ်
အလာကို မှားယွင်းစွာ ထိန်းသိမ်းခြင်းလို့ ဘကြီးဟန် ယူဆတယ်"

"အို"

ခင်မေဆက်သည် ရှိုက်၍ရှိုက်၍ အသံထွက်အောင် ငိုလိုက်
၏။

"ဘကြီးဟန် ဒါလောက်ထိ မေ့ကို ဥပမာ မနှိုင်းလိုက်ပါနဲ့၊
မေ စုပုရားလတ်မဟုတ်ဘူး၊ အမယ်လေး မေဒါလောက်ထိ မရက်စက်
သတ်ပါဘူး၊ ကိုယ့်မဟာဆီ၊ မဟာသွေးအချင်းချင်းသတ်ဖို့ ကတ္တီပါ
ကြက်သွေးကိုမှ အိတလီက ရက်ကန်းသည်တွေခေါ်ပြီး ရေရှည် သွေး
အေးအေးနဲ့သတ်ခိုင်းတဲ့ မိန်းမ မဟုတ်ပါဘူး၊ အကွက်ချပြီး အစီအမံနဲ့
ကြိုတင်ပြီး လုပ်လိုက်တဲ့အလုပ် မဟုတ်ဘူးဆိုတာတော့ ဘကြီးဟန်
နားလည်ပေးပါ"

ဒေါ်ခင်မေဆက် အများမျက်လုံးတွင် ရင့်ကျက်သော ဣန္ဒြေ
နှင့် ဘာမဆို ခံစားရသော ဝေဒနာကြောင့် စိတ်လှုပ်ရှားမှုကိုပင် သိမ်
မွေ့စွာ ထိန်းသိမ်းတတ်သော ဒေါ်ခင်မေဆက်သည် သူ၏ဘကြီးဟန်
ရှေ့တွင်တော့ ပူဆူမဟူသော သူငယ်မလေးလို ဣန္ဒြေမဲ့လောက်အောင်
ထိ ရှိုက်ကြီးတငင် ငိုကြွေးတော့သည်။

"သူ့မှာ ပင်ကို ရောဂါအခံ ရှိနေသေးတယ်ဆိုတာလဲ ဘကြီး
ဟန် နားလည်ထားပါဦး"

"အင်း . . . ဒါကိုလဲ ဘကြီးဟန် သိပါတယ်၊ ခုတော့

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူတို့ပတ်ဝန်းကျင်နဲ့ ခင်မျိုးဆက်အပေါ် ကျူးလွန်ခဲ့တာထက် ခံရတဲ့ ဝဋ်က ပိုများနေသလိုပဲ၊ သမားတော်ကြီး ဦးမင်းချိန်ဟာ စိတ်ကျန်းမာရေး ဆရာဝန်နဲ့ တိုင်ပင်နေရပြီ၊ ပြီးတော့လဲ ဒီမနက် ဗွန်ဆီက တယ်လီဖုန်း လာတယ်။ ဘကြီးဟာန်ပဲ မေ့ကိုပြောလိုက်ပါတယ် မေထိုးလိုက်တဲ့ လက်သီးဟာ လှလဲလှပပါပေတယ်။ မေဖေ မရှုမလှခံနေရပြီလို့ ပြောလိုက်ပါတဲ့၊ ပန်းချီပြပွဲပေါ်မှာ အမြတ်ထုတ်ပြီး မေလုပ်လိုက်ပုံ တုံ့ပြန်ချက်က သိမ်မွေ့လွန်းလို့ မြွေမြွေချင်းသာ ခြေမြင်ပါသတဲ့''

''သူ...သူ ဒီလိုပဲ ဖုန်းဆက်တယ်လား''

''ဟုတ်တယ်၊ ပထမတော့ မေ့ကိုခေါ်တွေ့ဖို့ စိတ်မကူး ဘူး။ မေ့ရဲ့လက်စားချေတုံ့ပြန်မှုကို သံသယလောက်ပဲ ထင်တယ် ဗွန်ဖုန်းဆက်တော့မှ ဒါတော့ဖြင့် ခင်မေဆက်ကို သတိပေး ပြောသင့် တယ်လို့ ဘကြီးဟာန် ယူဆပြီး တယ်လီဖုန်းဆက်ခေါ်တာပါ။ ဘကြီး ဟာန်ဟာ ဘာမဆို ရင်းရင်းနှီးနှီး အမှားကိုထောက်ပြရမှာပေါ့''

''ဘကြီးဟာန် ဝတ္တရားကျေပါတယ်။ ဒါပေမယ့် ဘကြီးဟာန် ရယ်၊ မေ့အသည်းနှလုံး အကြောင်းကို ဘကြီးဟာန် နားအလည်ဆုံး ပါ။ ထားပါတော့ ဘကြီးဟာန်တို့ ဗွန်တို့စွပ်စွဲသလို အနုပညာကို ထော ထုတ်ယောင်ယောင်နဲ့ တုံ့ပြန်လိုက်ပုံက ပြင်းထန်လွန်းလှပါတယ် ဆိုချက်ဟာ တစ်စိတ်တစ်ဒေသတော့ မှန်ချင်မှန်မယ်။ မေ ခုထိ ဘယ် လိုပြန်ပြီး ရှင်းပြရမယ်ဆိုတာ မေကိုယ့်ကိုယ်ကိုယ် မသိရိုးအမှန်ပါ ဒါပေမယ့် တစ်ခုတော့ မေအံ့သြတယ်။ မေလေ''

ခင်မေဆက်သည် အငိုရပ်၍ ဖြည်းညင်းစွာ အသက်ရှူရင်း ဆက်ပြောပြ၏။



''မေဟာ ကန်စောင်းမှာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ထိုင်နေရာက စိတ်ကူးရဲ့ ထွက်ပေါက်အနေနဲ့ ခဲလုံးကို ရေမျက်နှာပြင်မှာ ပေါက်လိုက် တာပါ။ ခဲလုံးကျလို့ဖြစ်တဲ့ ရေဂယက်ဝိုင်းဟာ ဘာလို့ဒါလောက်ထိ ကျယ်ပြန့်ရသလဲလို့ မေ မတွေးတတ်ဘူး။ ခဲလုံးကျတဲ့ ရေဂယက်ရှိန် ကြောင့် ကန်စောင်းက မြေကြီးက လဲပြိုမကျသင့်ပါဘူး''

မေသည် တစ်လုံးချင်း ပြောပြ၏။

''ပြိုကျသင့်တယ်၊ မကျသင့်ဘူးဆိုတာတွေ ဘာတွေကတော့ စကားရှည်လှုပွဲဆိုရင်တော့ ဟုတ်သပေါ့။ ခုဟာ စကားရှည်လှုပွဲ မဟုတ် ပေဘူး မေ၊ မြတ်စွာဘုရားသခင်ရဲ့ တရားဒေသနာအဆုံးအမတွေ၊ ဥပဒေနယ်ရဲ့ အသိုင်းအဝိုင်းတိုင်းထွာတဲ့ ပေတံအနေနဲ့ မေလုပ်ပုံဟာ တရားမျှတတယ်ပဲထားဦး။ ကိုယ့်စိတ်ကို ကိုယ်ဘာလုပ်ခဲ့မိတယ်၊ လုပ်ခဲ့ မိတာဟာရော သံသယရှင်းရှင်းနဲ့ လုပ်ခဲ့လေသလားလို့ အိမ်ရောက် ရင် မင်းစိတ်ကိုမင်း ထပ်ထပ်ခါခါ မေးပါကွယ်။ ဘကြီးဟာန်ကလဲ တော်လုံတော်ရကြီးပိပိ စကားရှည်လိုက်တာလို့ ထင်မယ်။ ဒီလိုတိုက် တွန်းနေရတာက အကြောင်းရှိလို့ပါ။ မင်္ဂလာတရားတော်မှာ ကိုယ့်ကိုယ် ကိုယ် ကောင်းစွာဆောက်တည်ရခြင်းသည်လဲ မင်္ဂလာတစ်ပါးလို့ဆိုထား တယ်။ အဲဒါကိုယ့်သိက္ခာ ကိုယ်ရှိသေစေချင်တဲ့ သဘောပဲ။ သတ္တဝါ ဆိုတာ ဘက်လိုက်တဲ့သဘောရှိတယ်၊ ကိုယ့်ကိုယ်ဘက်လဲ ကိုယ်လိုက် တာပဲ။ ငုံ့ညွှတ်ပြီး တွေးတာပဲ၊ ငါဟာ တရားမျှတစွာ လုပ်ခဲ့ပါတယ်လို့ ဆိုပေမယ့် ကိုယ်လုပ်တာရဲ့ အကျိုးသက်ရောက်ပုံဟာ တစ်စုံတစ် ယောက်၊ သို့မဟုတ် သတ္တဝါအများကို ဆင်းရဲဒုက္ခရောက်စေသလား ရောက်ဘူးလားဆိုတာကိုတော့ အဝိဇ္ဇာကင်းကင်းနဲ့ ပြန်လည်ဆင်ခြင် တတ်ရမယ်။ ဒုက္ခရောက်စေတယ်လို့ သိရင် ပြင်ဆင်ရမယ်၊ ကြီး စိ ထန်းလက်ကာသဘောနဲ့ စကားတစ်လုံးနှစ်လုံးနဲ့ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်နေတာတွေက စကားရည်လုပွဲသဘော၊ စကားရည်လုပွဲဆော်
တယ်ပေါ့။ စကားရည်လုပွဲမှာတော့ နိုင်တဲ့လူက ငွေဖလားပိုက်ပြီးပြုံ
ရှုံးတဲ့လူကလဲ လက်ချည်းပိုက်ပြီး အိမ်ပြန်ရုံပဲ၊ လူ့ဘဝမှာတော့ အဲဒါမျိုး
မဟုတ်ဘူး။ ကိုယ်တစ်ယောက်လုပ်ရပ်ရှုံးမှု၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းလူ
ရှုံးမှုဒဏ်ကြောင့် တစ်ဖက်မှာ မရှုမလှခံရပြီဆိုရင်တော့ ကရုဏာကင်
တဲ့ အပြုအမူမျိုးမို့ မလုပ်ထိုက်ဘူး။ မေဆက်''

ခင်မေဆက်သည် ဖြတ်ခနဲ ဘကြီးဟန်ကို မော့ကြည့်
လိုက်၏။

''မင်းစိတ်ထဲ ဘကြီးဟန်ကို ပြန်ပြောနေတယ်၊ ဘကြီးဟ
သိပါတယ်။ ဘကြီးဟန် အခုပြောခဲ့တဲ့ တရားတွေကို ဦးရွှေဦးမိသာ
ကို သွားပြောဖို့ ပိုပြီးကောင်းပါတယ်လို့ မင်းစိတ်ထဲက ပြောနေတယ်
မဟုတ်လား''

ခင်မေဆက်သည် မျက်ရည်တောက်တောက် ယိုနေရာမှ
မျက်နှာသည် ပြုံးလိုက်၏။ သူ့အပြုံးဝယ် အဓိပ္ပာယ် အပြည့်အစုံ
နေသည်။

''အေး...ဘကြီးဟန်နားလည်ပါတယ်။ ဦးရွှေဦးဟာ ဦးနော
ကောင်းသေးတယ်ဆိုရင်တော့ ဘကြီးဟန်ဒီတရားကို သူတို့မောင်နှ
ကို သွားပြောပါတယ်။ ဦးရွှေဦးမှာ လူသာမန် အသည်းနှလုံးမရှိတော
ဘူး။ ဦးနောက်ကလဲ အရည်မပြည့်တော့လေတော့ ဘကြီးဟန် မပြေ
လိုတော့ဘူး။ ခင်မေဆက်ကိုသာ ဘကြီးဟန်ပြောလို့ဆိုလို့ နိုင်လို့ကိုယ်
ပြောပိုင်ခွင့်ရှိတဲ့သူကိုသာ ပြောနေရတာပါ။ ပတ်ဝန်းကျင်ရဲ့ အပြင်ဘ
ကို ကိုယ့်ဟာကိုယ်သီးခြား ရောက်နေလို့လဲ ရောက်နေမှန်းမသိ
မောင်နှမကိုတော့ တရားသွားမပြချင်တော့ဘူး။ ဘကြီးဟန် ဒီစကာ

ို့ ခေါ်မပြောရင် မေ့ရဲ့စိတ်ဟာ သူတို့တောင်လုပ်သေးတာပဲ၊ ငါလဲ
ုပ်မှာပေါ့ဆိုတဲ့သဘော သက်ဝင်သွားမှာ စိုးတယ်၊ ဆက်မိသားစု
ရဲ့ ခံယူချက်က ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ရဘူးလေ၊ အဲဒီ
စဉ်အလာကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ကိုယ်ချစ်တဲ့ မေ့ကိုဦးနှောက်
ယ်မံ ရှင်းလင်းသွားအောင် ဆေးကြောပေးခြင်းပါပဲ''

''မေ သဘောပေါက်ပါတယ်''

''ဘကြီးဟန် ဥပမာပေး နှိုင်းနှိုင်းမှုတွေ များသွားရင်လဲ ခွင့်
တ်ပါမေ၊ မင်းဟာ သီပေါမင်း မိဖုရား ထိပ်စုဖုရား မလုပ်လိုပါဘူး
ို့ သိရတာ ဝမ်းသာပါတယ်။ နွားကျောင်းသူ မဖျိုင်းဘဝက ဘုရင့်
ီးတော် ပင်တိုင်စံ မဖျိုင်းဘဝရောက်သော်လဲ ကိုယ့်လယ်ယာမြေ
ါမှာ ကိုယ်ကျောင်းခဲ့တဲ့ ငါ့နွားလေးတွေကို အစဉ်မမေ့တဲ့ မဖျိုင်း
းလို မင်းကိုခွဲမှတ်ထားပါတယ်။ ကျေနပ်ပြီလား။ ကဲ...လာ
ကြီးဟန်ကားပေါ်အထိ လိုက်ပို့ပေးမယ်''

ဦးမင်းဟန်သည် ခင်မေဆက်ကိုခေါ်ယူ၍ အောက်ဆုံးထပ်
င်းကာ ကားပေါ်ထိ လိုက်ပို့ပေးလိုက်သည်။

ဒေါ်ခင်မေဆက်သည် အိမ်ရောက်လျှင် လှေကားကို ဖြည်း
ည်းစွာ တက်နေ၏။ ထိုအချိန်က ရှင်မင်းထွေးကို သူ့အနားတွင်
ါ်ယူခန့်ထားခြင်းမရှိသေးပေ၊ သူသည် အဝတ်အစားပင် မလဲနိုင်
ော့သလို အိပ်ရာပေါ် လှဲနေလိုက်၏။

စိတ်ထဲမှာ အလိုလိုမောလာ၏။

''ထိပ်စုဖုရားလတ်တဲ့။ ကိုယ့်မဟာဆီ၊ မဟာ်သွေးချင်း သ
ှာ ကတ္တီပါအိတ်နဲ့ ရေဆိပ်ချတဲ့ စုဖုရားလတ်တဲ့။ ဘကြီးဟန့်နှယ်
ိုင်းရက်စက်လိုက်တာ။ ပြီးတော့လဲ အနုပညာကတ္တီပါစကို လက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး ယဉ်ယဉ်လေး ထိုးလိုက်သတဲ့။ ဂွန်ကလဲ ငါ့ကို ပြောတယ်
ဘုရား . . . ဘုရား''

သူသည် ပါးစပ်မှ သူ့ရုးလိုပင် တိုးတိုးလေး ရေရွတ်နေမိ
အိမ်ဖော်ကလေးမှာ ခန်းဆီးကြားမှ ခေါင်းပြူ၍ ကြည့်ရင်း သူသ
အသာဖြည်းညင်းစွာ ခြေဖျားလေးထောက်၍ ဒေါ်အေးမြတို့ နောက်
တန်းလျားသို့ ပြေးသွားတော့သည်။

''ကြီးတော် အေးမြ . . . အန်တီမေရယ် တစ်ယောက်တည်
စကားပြောနေတယ်''

''ဟေ''

ဒေါ်အေးမြသည် နောက်ဖေးလှေကားမှ တက်ကာ ဒေါ်
မေဆက်အိပ်ခန်းသို့ ခပ်သုတ်သုတ် ဝင်လာခဲ့၏။ အိပ်ရာပေါ်
အဝတ်အစားများ မလဲနိုင်သေးဘဲ ပက်လက်ကြီး အိပ်ကာ အသက်
မနည်းကြိုးစား၍ ရှူနေပုံရသော ဒေါ်ခင်မေဆက်ကို တွေ့ရ၏။

''မေ . . . နေမကောင်း ပြန်ဘူးလား၊ ဟော လက်ဖျားခြေဖ
တွေလဲ အေးစက်လို့ပါလား'' ဒေါ်အေးမြသည် လက်ဖျားများကို
နယ်ရင်း ပြောလိုက်၏။

''မေ . . . စိတ်မောလွန်းလို့ပါ။ ကြီးတော် အေးမြရယ်။ ဘ
သူ့ရှိလဲ ကော်ဖီပူပူတစ်ခွက် ဖျော်ယူခဲ့ပို့ ပြောလိုက်ပါ''

ဒေါ်အေးမြသည် ကလေးမလေးကို ကော်ဖီဖျော်ယူခိုင်း
ဒေါ်ခင်မေဆက် အနားသို့ ပြန်လာ၏။

''ဦးမင်းချိန်ကို ခေါ်ချင်သေးလား''

''ချက်ချင်းတော့ မခေါ်လိုက်ပါနဲ့လေ။ တော်ကြာရေ
သည်းတယ်ထင်ပြီး အန်ကယ် ကမန်းကတန်းနဲ့လာရင် မေ့ကြေ



ခြားလူနာတွေ ကသိကအောက် ဖြစ်နေဦးမယ်။ ညနေဘက်တော့
အားရင် လာခဲ့ပါဦးလို့ ဦးကျိုးမြိုင်ကို ပြောခိုင်းလိုက်ပါ''

မေသည် အဝတ်အစားလဲကာ အိပ်ရာပေါ်ပြန်လှဲလိုက်၏။
သူသည် ကလေးမလေးယူလာသော ကော်ဖီကို သောက်လိုက်၏။

''မေ နေကောင်းပါတယ်။ အိပ်ရာပေါ်တော့ လှဲနေမယ်။
အန်ကယ်လာရင်သာ ဒီခေါ်လာခဲ့ပေတော့''

''ခြော် . . . ခက် ခက်ရချည့် မိန်းကလေးရယ်၊ နေသာကောင်း
တယ်ဆိုတယ်။ ခွေးတွေကလဲ ရေလိုပဲခွဲလို့၊ လက်ဖျားခြေဖျားတွေကလဲ
ရေခဲလို အေးစက်နေပါလား။ ခုနပဲ အပြင်ကပြန်လာသေး၊ ချက်ချင်းဘာ
ဖြစ်တာလဲ။ ကြီးတော် ကိုကျိုးမြိုင်ကို ပြောပြီးအနားမှာ လာနေဦးမယ်''

မေသည် ကြီးတော် အေးမြကို ဘာမှပြန်မဖြေတော့ဘဲ အိပ်ရာ
ပေါ်သာ လှဲနေလိုက်၏။ ကြီးတော်အေးမြသည် ပြန်ဝင်လာကာ မေ့
အနားတွင်ထိုင်၍ ချွေးများကို သုတ်လိုက်၊ လက်ဖျားခြေဖျား နွေးလာ
အောင် ဆုပ်နယ်၍ နေလိုက်နှင့် လုပ်ပေးနေသည်။

မကြာခင်ပင် ဦးမင်းချိန် ရောက်လာ၏။ သူသည် သွေးချိန်
ထိုင်းအပြီး ဆေးတစ်လုံး ထိုးလိုက်၏။

''မေ ဘယ်ကိုသွားလို့လဲ၊ ညကလဲ ပန်းဆိုပြပွဲမှာ လန်းလန်း
ဆန်းဆန်းပါပဲလား''

''ဟုတ်တယ် အန်ကယ် ဟုတ်တယ်။ မေ ကျန်းမာနေပါ
တယ်။ ဟင်း မေ့ကိုယ်မေလဲ ဘာဖြစ်နေတယ် မသိပါဘူး''

''မသိပါဘူး ဆိုလို့တော့ မရဘူး၊ အန်ကယ်ပေးတဲ့ အကြံ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်တော့ မေလက်ခံပါ။ မေ့ ကျန်းမာရေးအတွက်ပဲ၊ မေ့ရဲ့ သွေး ပုံတွေ ဘာတွေအန်ကယ် နည်းနည်းမှ အားမရဘူး"

"ရောဂါကြောင့် မဟုတ်ပါဘူး အန်ကယ်၊ ကိုယ့်စိတ်ကို မနိုင်လို့ပါ"

"အောင်မယ် မင်းက ဆရာဝန်ထက် ပိုတတ်နေပြန်ပြီ"

"ဟုတ်ပါတယ်၊ နေ့လယ်က ဆိုပါတော့၊ ဘကြီးဟာန်နဲ့တွေ့ ပြီး သူပြောတာတွေ ကြားတယ်ဆို အဲဒီလိုဖြစ်သွားတာပဲ"

"သူ ဘာတွေပြောလဲ"

မေက ဦးမင်းဟာန် ပြောပြသမျှ ဦးမင်းချိန်ကို ပြောပြလိုက် ၏။

"အေး...ဘယ်လိုပဲ ဖြစ်ပါစေ၊ ကျန်းမာတဲ့ လူတစ်ယောက် အနေနဲ့ ဒါလောက် စကားမျိုးကြားရရုံနဲ့ ခုလိုမဖြစ်ရဘူး၊ ဒီတော့ ခွင့်ရက်ရှည်ယူဖို့ရယ်၊ မင်းအပါးမှာ တစ်ယောက်ယောက်တော့ ရှိနေသင့် တယ်။ အဲဒါတော့ လက်ခံပါ"

"မေ လက်ခံပါတယ်၊ ဘယ်သူ့ကို ခေါ်ထားရမှာလဲ"

"အိမ်ဖော် အစေခံလိုသက်သက် မဟုတ်ဘူး၊ မင်း ကျန်းမာ ရေးကို ရုတ်တရက် အန်ကယ်တို့မလာခင် ကြိုတင်ပြုစုတတ်တဲ့ သူနာ ပြုဆရာမတစ်ယောက်လောက် အနားမှာရှိရင် ကောင်းမယ် မေ အန်ကယ် လိုအပ်မယ်ထင်လို့ ပြောတာ၊ သည်းပြီး ပြောနေတာ မဟုတ် ဘူး"

မေသည် ကလေးငယ် တစ်ယောက်လို ခေါင်းလေးညိတ်ကာ ညိတ်ကာနှင့် နားထောင်နေမိ၏။ သူကတော့ သူ့ကိုယ်သူလူနာတစ်



ယောက်ဟု၍မထင်၊ ဆရာဝန်တစ်ယောက် မျက်စိထဲတွင်တော့ သူ့ ရောဂါအခြေအနေကို ဘယ်လိုမြင်သည်မသိ။ ထို့ကြောင့်ပင် သူသည် ဦးမင်းချိန် အစီအစဉ်အတိုင်း လိုက်နာရန် လက်ခံလိုက်၏။

နောက်အပတ်ထဲတွင် ဦးမင်းချိန် အစီအစဉ်ဖြင့် ရှင်မင်းထွေး မှာ ဒေါ်ခင်မေဆက်ထံတွင် အလုပ်စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ခြင်း ဖြစ်၏။ ဦးမင်းချိန် ညွှန်ကြားချက်အတိုင်း အလုပ်မှလည်း ခွင့်ရက်ရှည် ယူလိုက်သည်။ ကျန်းမာရေးအတွက် လိုအပ်ပါလျှင်လည်း ပင်စင်တွေ ဘာတွေ မစောင့်တော့ဘဲ အချိန်စောစောကပင် အလုပ်ကထွက်ရန် ဆုံးဖြတ်လိုက်၏။ တော်လောက်ပြီ၊ အသက်ထက် ဘာမှငွဲ့ကွက်စရာ မရှိပြီ၊ သူသည် တစ်ခါတစ်ရံ ချွတ်ချော်သော အတွေးများခေါင်းထဲ ဝင်လာတတ်၏။ "ငါတစ်ယောက်တည်း အထီးကျန်တဲ့ငါ သေလဲမထူး ဘူး၊ ရှင်လဲ မထူးဘူး၊ ငါ့အတွက် ဘယ်သူမှလဲသေပြီး ခုနစ်ရက်ပဲ မျက်ရည်တစ်ပေါက် ကျမယ့်လူလဲ မရှိဘူး၊ ထင်သလိုနေတာပဲ အေး တယ်"

သူသည် ထိုကဲ့သို့သော အတွေးရိုင်းများ ဝင်လာသောအခါ မေဖေ့ကိုလည်း မေ့ပစ်ချင်သည်။ မေမေ့ကိုလည်း မေ့ပစ်ချင်သည်။ မေဖေ့ရဲ့သီလတွေ၊ မေမေ့၏သိက္ခာတွေ၊ ပြီးတော့ ဆက်မိသားစုဟူ သော ဘောင်၊ ဒါတွေကို သူသည် စက္ကူရွက်များလို အားလုံးတစ်ရွက် ပြီးတစ်ရွက် အစအနမကျန်အောင် ဆုတ်ပစ်လိုက်ချင်သည်။

ပြီးတော့မှ ခုံဖိနပ်တစ်ပိုင်းပြတ်ကိုစီး ကျွဲကော်ဘီးအပေါ်စား တစ်တောင်လောက်ကို ခေါင်းမှာပတ်၍ အထက်ခါးပုံစချ ထဘီချက်ပေါ် ဝတ်ကာ ပလက်ဖောင်းပေါ် လျှောက်သွားချင်လာသည်။ ဒယ်အိုးပေါ် ရှိသဲပူပူထဲမှ မြေပဲတစ်ထုပ်ကိုယူ၍ လမ်းပေါ်လျှောက်ရင်း တကျွတ်

www.burmeseclassic.com

www.burmeseclassic.com



ကျွတ် ဝါးစားသွားချင်သည်။ ကြံချောင်းကို ဝယ်စုပ်ကာလည်း လမ်းပေါ်တွင် ပက်ခနဲ ပက်ခနဲ ထွေးပစ်ချင်လာသည်။

"အဲဒီလိုနေ၊ ဖရုပ်ပေါ် ထိုးအိပ်လိုက်၊ ပြီးသွားရော၊ ပြီးသွားရော ဘာပြီးတာလဲ၊ ဘာမှလဲမပြီး။ အို တကယ်တော့ သူ့ရှုံးစိတ် တကယ်တော့ ဖေဖေ့ကိုလဲ မေ့မရပါ။ မေမေ့ကိုလဲ မေ့မရပါ။ ဘယ်တော့မှ မေ့မရသည်က မမျိုး။ သူဘယ်ရောက်နေလဲ သူ့ငွေတွေ ကျန်ပါသေးရဲ့လား။ တစ်တိုင်းတစ်ပြည်မှာ ပျော်နေသလား။ ညီမလေးကိုမှ သတိရသေးရဲ့လား မမျိုးရယ်"

သူသည် အတိတ်အကြောင်းတွေကို ပါးစပ်မှပင် တတွတ်တွတ်နှင့် ရွတ်ချင်လာသည်။ ထိုအခါမျိုးတွင် ဘာမှ သူ့အကြောင်း သူ့အိမ် အကြောင်းအရာများကို မသိရှာသေးသော မျက်နှာရိုးရိုးလေးနှင့် ရှင်မင်းတွေကို အပါးတွင်မြင်ရသောအခါ ယခင်ကလိုမဟုတ်၊ စိတ်နည်းနည်းတော့ အေးချမ်းသွား၏။ ရှင်မင်းတွေကို သနားသလို ဖြစ်သွားပြန်သည်။

"အန်တီမေ၊ အထွေးလေ၊ ငွေပန်းတွေကို ဒီလိုလုပ်ပြီး ဘုရားမှာတင်တာ ကြိုက်လားဟင်" တစ်ပွင့်စီပွင့်သော ငွေပန်းပွင့်ကို အစိမ်းရောင် ငွေပန်းရွက်များနှင့်ပင် အနိုင်လုပ်ကာ သူ့အားလာပြ၏။

"အန်တီမေ၊ အထွေးနဲ့ခြံထဲလမ်းလျှောက်ရအောင်လေ"

အမှန်တော့ သူတစ်ယောက်တည်း တွေးချင်ရာတွေး၊ ဝေချင်ရာဝေး ဖြစ်မနေအောင် အထွေးသည် သူ့အပါးတွင် ကြံဖန်အလုပ်လာလုပ်တတ်၏။ မှန်၏။ နံနက်ချိန်တိုင်း လမ်းမှန်မှန်ခြံထဲတွင်ပင် လျှောက်လေ့ရှိသောသူသည် တစ်ခါတစ်ရံ လမ်းလျှောက်ဖို့ကိုပင် မေ့၍ ခုံတန်းဖြူလေးတွင် တစ်ယောက်တည်း ထိုင်နေမိ၏။



"ကျေးဇူးတင်လိုက်တာကွယ်အထွေးရယ်" ဟုသူဆိုမိ၏။

"အန်တီမေ ခိုင်းတဲ့အလုပ်တွေက ခက်သလား။ အန်တီမေ့ ားနေရတာရော ညည်းငွေ့လား"

"အို အလုပ်တွေကလဲ မခက်ပါဘူး။ အထွေးနေရတာ ပျော်တယ်။ အန်တီမေ ကျန်းမာလာတာပဲ အထွေးဝမ်းသာလှပြီ"

မှန်၏။ တစ်ပတ်အတွင်း မေ၏သွေးချိန်မှာ ၉၀ အထိ ခုန်တိုးလာသည်။ ထမင်းကို အနည်းဆုံး တစ်ပန်းကန်တော့ ဝင်အောင်လာသည်။ ထမင်းစားခန်း အကျယ်ကြီး၌ မဟော်ဂနီရောင် တဖိတ်ဖိတ်တောက်နေသော စားပွဲရှည်ကြီးတွင် ယခင်ကသူသည် ထမင်းစားခြင်းမဟုတ်၊ ထမင်းကို ဖွတ်မျိုချနေခြင်းဖြစ်၏။

"အန်တီမေ ဆင်ခရမ်းချဉ်သီးကိုဖုတ်ပြီး ထောင်းထားတယ်။ င်ရွက်စုံ ဟင်းချိုကရော ချိုလား။ ငါးမြင်းရင်း ဆီပြန်ရယ်၊ အထွေး ကြိုက်တာပဲ"

အထွေးစားသည်ကို မြင်တာနှင့် သူမသိသော တစ်ပန်းကန် ထမင်းတွေဝင်သွား၏။

"အထွေး ဟင်းစပ်တွေကလဲ မေမေကြိုက်သလိုပဲနော်"

သူသည် ထမင်းစားရာတွင် မေမေ့ကို သတိရလာ၏။

"အထွေးက မြစ်ဝကျွန်းပေါ်သူပဲ၊ ဒါတွေကြိုက်တတ်ပါတယ်။ တဲ့ ဥပုသ်နေ့က ဆရာကြီးဒေါ်မေဓာဝီကပဲ အန်တီမေ နေမကောင်း လာကြည့်ရင်း အန်တီမေ ကြိုက်တတ်တဲ့ ဟင်းစပ်တွေကို ပြောတယ်"

သူသည် ပြုံးလိုက်၏။ ဆရာကြီးဒေါ်မေဓာဝီသည် တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရံ သရက်ချောင်းကို ပြန်သွားလျှင် ရှင်မင်းထွေး အလုပ်တ... ပို လာ၏။ မြောင်းမြမှတစ်ဆင့် ထွေပို့ရ၏။ ယခုတလောတော့ ဆရာ... အား ရန်ကုန်တွင်ပင် နေဖို့ ဒေါ်ခင်မေဆက်က စီစဉ်လိုက်၏။ သူသ... အတော်လေးပင် နေသာထိုင်သာ ရှိလာ၏။ ဘုရားရှိခိုးပြီးတိုင်း မှ... လမ်းလျှောက်မြဲ သူလျှောက်နိုင်လာတော့သည်။ ခြေဖျားလက်ဖျား ... လည်း ယခင်လို ထာဝရ အေးစက်ကြီး ဖြစ်မနေတော့ပေ။ ကျော... ကိုတော့ ခွင့်စေ့လျှင် အလုပ်ပြန်မဝင်တော့ဘဲ နေရန် ဆုံးဖြတ်လို... တော့သည်။

တစ်ခါတစ်ရံ အတွေးသံသရာတွင် ချာချာလည်သော ည... ရှိခဲ့၏။ မီလျှံတုန်းက မီလျှံဖိုက်စသော အနောက်နိုင်ငံမှ စိတ်ငြိမ် ဆေး... များကို သောက်၍လည်း အိပ်မပျော်တတ်ပေ။

ထိုသို့သော ညများတွင် သူသည် သက်တံကြိုးတွင် ကြ... လေးများကိုသီကာ လမင်းတစ်ခြမ်းပုံလေးတွင် သွားရောက်ချိတ်ထ... လိုက်ချင်သည်။ ကျယ်ပြန့်လှသော ကောင်းကင်ပြင်ကြီးကိုပင် ... ပစ်ချင်လှ၏။ သူ့စိတ်ထဲရှုပ်သမျှ လမင်းကိုပင် ပုံချလိုက်ချင်သည်...

မကြာခင်ပင် အေးမြ၍ ကြည်လင်ချမ်းငြိမ်းသော ရှင်မင်း... အသံသည် သူ့အပါးတွင် ကြားလာရ၏။ ရှင်မင်းထွေး ချစ်... ကောင်းလေစွ။

"ငါ့အား ခပ်သိမ်းကုန်သော ချစ်နှစ်လိုအပ်ကုန်သော ... ကို ပွားစေတတ်ကုန်သော အဆွေအမျိုး"

သူသည် ထိုအခါကျတော့မှ တဖြည်းဖြည်း အိပ်ရန် စိတ်... စပြုလာ၏။ ရှင်မင်းထွေးအသံသည် ဆက်လက်၍ အေးဆေးစွာ ... လာရ၏။

အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူတို့နှင့် အရပ်တစ်ပါးသို့ ပြောင်း ...သွားသဖြင့် ရှင်ကွဲကွဲခြင်းသည်လည်းကောင်း၊ ဘဝတစ်ပါးသို့ ပြောင်း ...သွားသဖြင့် သေကွဲကွဲရခြင်းသည် လည်းကောင်းဖြစ်၏။ ဤသို့နေ့ည ...ပြတ် ဆင်ခြင်အပ်၏။

ငါသည် ကံသာလျှင် မိမိဥစ္စာရှိသည်။ ကံသာလျှင် အမွေခံ ...သည်။ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကံသာလျှင် အဆွေအမျိုး ...သည်။ ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိသည်ဖြစ်၏။

ကောင်းသည်လည်း ဖြစ်သော မကောင်းသည်လည်း ဖြစ် ...သော အကြင်ကံကိုပြုအံ့၊ ထိုကောင်းမှု မကောင်းမှုကံ၏ ကောင်းမွေ ...း မွေခံသည် ဖြစ်ရအံ့၊ ဤသို့ နေ့ညမပြတ် ဆင်ခြင်အပ်၏။

ရှင်မင်းထွေးသည် အဘိဓာသုတ်ကို ဖြည်းညင်းစွာ ရွတ်ဖတ် ... အဆုံးလောက်တွင် ဒေါ်ခင်မေဆက်မျက်နှာကို ကြည့်လိုက်၏။ ...းကိုလည်း သောက်ထားသည်ဖြစ်၍ သူသည် ငြိမ်သက်စွာ အိပ် ...ပျော်နိုင်တော့သည်။ ထိုအခါမှ ရှင်မင်းထွေးသည် သူ့အပါးမှ ဖြည်း ...ညင်းစွာ ထလာခဲ့၏။

***

နောက်အပတ်ထဲတွင် ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက် ...သို့ ရောက်လာသည့် စာများအနက် အလှူခံစာများ၊ ဖိတ်စာများ ...စဉ်လှူရမည့် ရွှေတိဂုံဘုရား ဇီဝိတဒါနဆေးရုံ၊ ဘိုးဘွားရိပ်သာ ...သည်တို့နှင့် အစိုးရဌာနအသီးသီးသို့ ပေးဆောင်ရမည့် အခွန်တော်း ...များကို ရွေးချယ်၍ ယူလိုက်၏။ သူ့ထံသို့ အပ်ထားသော ငွေများ ...၊ ထိုကိစ္စများကို သူလုပ်ကိုင် ဆောင်ရွက်ရမည် ဖြစ်သည်။ ကျန်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ရေးကိုယ်တာနှင့် ပတ်သက်သော စာများကိုမူ သူသည် ဒေါ်ခင်မေဆက်၏ စားပွဲပေါ်သို့ သွားရောက်တင်ထားလိုက်သည်။

သူ့ဖခင်၏ လက်ကျန်အလုပ်ကိစ္စများနှင့် ပတ်သက်၍ ရောက် လာသော စာများကို နံနက်စောစောတွင်ပင် ပြီးအောင်လုပ်၍ ရလာ တော့သည်။ ရာဘာခြံအလုပ်မှ စာအပေးအယူကလည်း သိပ်မများလှ ပေ။ ရှင်မင်းထွေး စားပွဲပေါ်တင်ထားသော စာများကို သူသည် စိတ် အေးလက်အေးပင် ဖောက်၍ဖတ်နေတတ်၏။

တစ်နေ့တွင်တော့ ထူးထူးခြားခြား စာတစ်စောင်မှာ ဖတ် ဆဲ သူ့လက်များကိုပင် တုန်ယင်လာစေ၏။ လူငယ်တစ်ယောက်ထံ စာဖြစ်၏။ ဒီလိုစာမျိုး ရောက်လာလိမ့်မည်ဟု သူမမျှော်လင့်ပါ သို့သော် ဤလောက၌ မမျှော်လင့်သည့် ကိစ္စများသည် ဖြစ်တတ် ၏တကား။ သူသည်စာကို ဖြည်းညင်းစွာ အသက်မှန်မှန်ရှူ၍ ဖတ် ရ၏။

ဆရာမကြီး ဒေါ်ခင်မေဆက်ခင်ဗျား

ရိုသေစွာ စာရေးလိုက်ပါသည်။ ယခု စာရေးသူသည် တင်မာလာ၏ ချစ်သူ တင်မောင်မြင့် ဖြစ်ပါသည်။ တစ်ဖက်ခြံက အချစ်သချိုင်း ရဲတိုက်အိုကြီးမှာ မလှမပ ဇာတ်လမ်းသိမ်းသွားရတဲ့ ကျွန်တော့်ချစ်သူ တင်မလာကို ကျွန်တော့်ခုထိ မမေ့သေးပါ။ ကျွန်တော်ဟာ လသာတဲ့ညများဆိုရင် ရေတွင်းရေကန်ဘေးတွေမှာ မထိုင်ရဲလောက်အောင် စိတ်ထိခိုက်လျက်ရှိရပါတယ်။ ဂယက်ထနေတဲ့ ရေမျက်နှာပြင်မှာ လမင်းရောင် ထိတွေ့လာတဲ့အခါ တင်မာလာမျက်နှာဟာ လမင်းရိပ်ပေါ်မှာ ထင်လာတယ်လို့ စိတ်ကထင်မှတ်မှားပြီး ရေထဲကလမင်းကို ဆင်းလို့ ဆယ်ချင်မိတယ်။



ယောကျ်ားပဲလို့ ကိုယ့်တိုးတက်မှု ရပ်တည်နိုင်မှုတွေအတွက် အလုပ်ကို ကြိုးစားလုပ်နေပါတယ်။ ဆွေးငေးပြီးတော့ မနေပါဘူး။ ဒါပေမယ့် နှလုံးသားက ဒဏ်ရာကတော့ ဘယ်တော့မှမပျောက်ပါဘူး။ ငယ်ရွယ်သေး နုနယ်သေးတဲ့ နှလုံးသားမှာ ပထမဆုံးထိတဲ့ ဒဏ်ရာဟာ သေသည်အထိ ပါတတ်တာမို့ ကျွန်တော့်ရောဂါကိုကုဖို့ ကျွန်တော် လက်လျှော့ထားလိုက်ပါတယ်။ ဘဝကိုတော့ လက်မမြှောက်ပါ။ ကျွန်တော်ဟာ ဘဝအခက်အခဲများကို ယောကျ်ားပီပီ ရင်ဆိုင်ခဲ့ပါတယ်။ အောင်လဲ အောင်မြင်ခဲ့ပါတယ်။

ကျွန်တော်တောင် ရဲတိုက်ကြီးက တစ္ဆေမောင်နှမအချစ်သွေးစုပ်မောင်နှမရဲ့ဒဏ်ကို ဒါလောက်ခံရလေတော့ ဆရာမကြီးရဲ့ အစ်မဒေါ်ခင်မျိုးဆက် ခံစားရမှုများကို ကျွန်တော် အစဉ်စာနာမိပါတယ်။ သူ့အလွန်ချစ်မြတ်နိုးတဲ့ ဆက်မိသားစုကို ခွဲထွက်ပြီး နိုင်ငံခြားကို လွင့်သွားရအောင် ဝိုင်းနှိမ်စက်လိုက်ကြတဲ့ မောင်နှမနှစ်ယောက် အပြုအမူကို ကျွန်တော် အသိဆုံးပါ။ ကျွန်တော်ဟာ ရဟန္တာမဟုတ်လေတော့ ငယ်ရွယ်သူပီပီ သူတို့ အပြုအမူတွေကို ခုထိခွင့်မလွှတ်နိုင်ဘူး။

ဦးရွှေဦးရဲ့ဇနီး ဒေါ်ဖြူဝင်းဆုံးတော့ အဘိုးကြီးဟာ ခပ်ကြောင်ကြောင် ဖြစ်သွားပြီး အတော်ဆေးကုယူရပါတယ်။ ကျွန်တော် ကာယကံမြောက် ဘယ်လိုမှလက်စားမချေပေမယ့် အဲဒီနေ့က စိတ်ထဲကပြောမိတယ်။ "အချစ်ဆိုတဲ့စိတ်ကို သဘောပေါက်ပြီလား တစ္ဆေကြီးရဲ့၊ ခုတော့ ခင်ဗျားချစ်သူ သေတဲ့အခါမှာ ခင်ဗျားရူးတော့မတတ် ဖြစ်သွားရတယ်။ အဲဒီအခါမှာ စာနာစိတ်ကလေးများ နောင်တတရားများ ဝင်မလာဘူးလား။ ကျွန်ုပ့်ဒေါ်ခင်

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်ကိုလဲ ပက်ပက်စက်စက်ခွဲပြီး၊ ဒေါ်ခင်မျိုးဆက်ကို မောင်းထုတ်ကြတယ်။ ကျွန်တော်နဲ့တင်မာလာ အသည်းနှလုံးကိုလဲ အမှုန့်ခြေပြီးမှ မဆလာလို ဟင်းခတ်စားတဲ့ တစ္ဆေကြီးရယ်၊ အခုခင်ဗျားချစ်သူကို အိုမှခွဲရချိန်မှာတောင် ရှူးမတတ် ဖြစ်ရတယ်ဆိုတော့ ကျွန်တော်တို့ အချစ်ကို စာနာတတ်ပြီလား”လို့ ကျွန်တော် အဲဒီနေ့က ရေရွတ်မိတယ်။

ကျွန်တော်နဲ့ တင်မာလာ ချစ်နေကြတဲ့အချိန်မှာ ကျွန်တော်ဟာ မတူမတန် စီးပွားရေးအခြေအနေ ကွာခြားနေလို့ နူဝဲနေလို့ အရည်အချင်း မရှိလို့ဆိုရင်ဖြင့် ကျွန်တော် ခံသာပါတယ်။ ကျွန်တော်ဟာ သူတို့ရဲ့ ဆွေမျိုးစာရင်းဝင် တစ်ယောက်ဖြစ်ရုံမက တက္ကသိုလ်ဒီဂရီကို တင်မာလာနဲ့အတူရယူဖို့ ကြိုးစားနေချိန်ပါ။ သူတို့ကြိုက်သလောက် နိုင်ငံခြားအမြီးရှည်ကြီးတော့ ကျွန်တော် မရသေးဘူး၊ မရသေးခင်မှာ ဘယ်လိုလုပ်ပြီး တင်မာလာစိတ်ကို ချောက်ချားအောင်လုပ်ကြတယ်လို့တော့မသိဘူး။ ကျွန်တော့် ချစ်သူတင်မာလာဟာ လသာတဲ့ညတစ်ည ကျွန်တော်နဲ့သူ အစဉ် တွေ့ခဲ့တဲ့ ရေကန်မျက်နှာပြင်မှာ သူ့အသည်းနှလုံးကို မြှုပ်နှံ သွားပါပြီ။ ချစ်သူအသည်းနှလုံးကိုဖြင့် ရေပြင်တွေ့တိုင်း ခွဲရှာရ လေမလား၊ လမင်းမျက်နှာပြင်ကို သွားရောက်ရှာရလေမလားနဲ့ ကျွန်တော့် အိပ်မက်ခန်းဟာ မိုးမလင်းခဲ့ရပါဘူး။

တစ္ဆေမကြီးလေ အပျိုမကြီး ဒေါ်မေကြည်သင်းကတော့ အချစ်ဆိုတာ ဘာလဲလို့ သေတဲ့အထိတောင် စာနာတတ်ပါ့ မလားလို့ ကျွန်တော် သံသယဝင်မိတယ်။ သူတို့အပြုအမူကို ဒေါ်ခင်မျိုးဆက်ရော တင်မာလာရော ခေါင်းငုံ့ခံသွားပေမယ့် ဝိပါကဝဋ်ဆိုတာ တမလွန်အထိ မစောင့်ပါဘူးလေ။ သူတို့



ကိုယ်တိုင်ခြောက်စားပြီး ဘိသိက်သွန်းခဲ့တဲ့ ဂွန်ရဲ့လက်ထပ် မယား၊ တစ္ဆေကြီးနှစ်ဦးရဲ့ တရားဝင် အသိအမှတ်ပြုပါသော မော်လီချွန်က အရက်နဲ့ဒေါ်မေကြည်သင်း မျက်နှာကိုပက်ပြီး ဂွန်လက်ကိုဆွဲပြီး ရဲတိုက်ကြီးပေါ်က ဆင်းသွားပါပြီလေ။ ဒီ သတင်းကိုလဲ ဒေါ်ခင်မဆက် ကြားပြီးရောပေါ့။ ကျွန်တော် ကတော့ ဆွေမျိုးမို့ အပ်ကျတာကအစ ဒီအိမ်ကြီးအကြောင်း အားလုံးသိပါတယ်။ အဲဒီနေ့ကတော့ လက်ခုပ်တီးပြီး ကောင်း လေစွ၊ ကောင်းလေစွလို့ ကျွန်တော် အနုမောဒနာ ပြုမိပါတယ်။ သို့သော်လည်း ကျွန်တော်က အနုသမားဆိုတော့ မော်လီချွန်ရဲ့ တုံ့ပြန်မှုဟာ နိုင်းပြတဲ့အသွင်ပါတယ်လို့လဲ ယူဆမိပါတယ်။

မော်လီချွန်ဟာ တစ္ဆေမောင်နှမ၊ တစ္ဆေအသိုက်အဝန်းက အသိအမှတ်ပြု တရားဝင် ဂွန်ရဲ့မယား ဖြစ်သော်လဲ ကျွန်တော် အပါအဝင် လူသားတို့ အသိအမှတ်ပြုတဲ့ ဂွန်ရဲ့တရားဝင်ဇနီး ကတော့ ဒေါ်ခင်မျိုးဆက်သာ ဖြစ်တယ်ဆိုတာကို ဆရာမကြီး အစဉ်အသိအမှတ်ပြုထားစေ ချင်ပါတယ်ခင်ဗျား။

အခု စာရေးရတာက ကျွန်တော်ဟာ အငြိမ်းစားရဲဝန်ထမ်းတစ်ဦး ပါ။ “ဟေမာန်”ပန်းချီပြပွဲ ဆုပေးတဲ့ညမှာ ပရိသတ်ထဲမှာ ကျွန်တော် ရှိပါတယ်၊ ကျွန်တော် တာဝန်ကျတာက အညာမှာပါ။ ခေတ္တတာဝန်နဲ့ လာရင်း ပန်းချီဆုပေးပွဲကို ရောက်ခဲ့တာပါ။ ဆရာမကြီးရဲ့ ပန်းချီကား “ပင်တိုင်စံ မျိုး”ဆုရတာကိုလဲ တွေ့ရလို့ ဝမ်းသာပါတယ်။ ဒီပန်းချီကား အစစ်ရေးဆွဲသူ ပန်းချီဆရာကြီး ဦးရွှေသင်းဟာ ကျွန်တော်တို့ ဆွေစုမျိုးစု အပါအဝင် တားဝယ်သားကြီးမို့ အနုပညာရှင်အဘိုးအိုကို စင်ပေါ် တင် ဖော်ထုတ်လိုက်လို့ ကျေးဇူးတင်ပါတယ်။ သူဟာ ဦးရွှေဦး

www.burmeseclassic.com

www.burmeseclassic.com



အဖေလို တူရွင်းကိုင်ပြီး မြေအောက်ရတနာ သတ္တုတွေကို တူး ဖော်တဲ့သူမဟုတ်ဘူး။ စုတ်တံကိုင်ပြီး အနုပညာကို ဖော်ထုတ်ခဲ့ တဲ့သူ တစ်ယောက်ပါပဲ။ ပန်းချီကားချပ်များကို လေလံဟင် ရောင်းချတဲ့အခါမှာ အမည်မဖော်ပြလိုသူတစ်ဦး အနေနဲ့ ကျွန်တော့် အမြင့်ဆုံး တန်ဖိုးပေးပြီး ဝယ်ယူတာကိုလဲ ဒေါ်ခင်မေဆက် သိချင်မှသိမယ်။

နောက်ဆုံး ဒေါ်ခင်မေဆက်ကို ကျွန်တော် လိုက်လိုက် လဲ့လဲ့ ချီးကျူးတာကတော့ အင်မတန် နာကျင်၍ဆေးကုမရသော နှလုံးသား ဒဏ်ရာရှင်များကိုယ်စား ဦးဆောင်ပြီး တရွေဦးရွေ ဦးကြီးကို အလဲထိုးလိုက်တာကို ကျွန်တော် ချီးကျူးလို့မဆုံး ပါခင်ဗျား။

ဒေါ်ခင်မေဆက်နဲ့ ကျွန်တော် အသက်ချင်းမတိမ်းမယိမ်း ကျွန်တော့်ထက် ငယ်တောင်ငယ်ပါဦးမယ်။ ဒါပေမယ့် တမ အလေးအမြတ်ပြု၍ ဒေါ်တပ်၍ခေါ်ခြင်းပါ။ တစ်နေ့သောအခါ ဒေါ်ခင်မေဆက် ဘိကျူနီထေရ်ရီဖြစ်လို့ရှိရင်ဖြင့် ကျွန်တော့်ကို တရားဦးလာဟောပါ။ အဲဒီအခါကျရင် ကျွန်တော် မောင်ခန့်ဘဲ ယုံကြည်သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း ပါရမီကိုဖြည့်ပါ့မယ်။ ခုထိတော့ ကျွန်တော့်ကို ဘယ်သူတရားဟောလို့မှ မကျွတ်နိုင်သေးပါ။

ကောင်းခြင်း မင်္ဂလာအပေါင်းနှင့် ဒေါ်ခင်မေဆက် ပြ ပါစေ။

တင်မောင်
(ခေတ္တရန်

စာအဆုံးတွင် သူသည် မနည်းအသက်ကို မှန်မှန်ရှူလို ၏။ သို့သော် စားပွဲပေါ်လက်တင်၍ ခေါင်းကိုမှေးထားကာ အခု



သောသော နှလုံးသားကို ငြိမ်သက်သွားအောင် အတော်ကြိုးစားလိုက် ပေ၏။

စာဖတ်အပြီး ဒေါ်ခင်မေဆက်၏ မျက်နှာအမူအရာ ထူးထူး ခြားခြား ပြောင်းလဲသွားသည်ကို မြင်လိုက်ရသော ရှင်မင်းထွေးသည် ငြိမ်သွား၏။ သူသည် ကုလားထိုင်နားတွင် လာရပ်၏။ သူ့အသံကို လည်း တည်ငြိမ်အောင် ထိန်းကာ မေးလိုက်၏။

"အန်တီ မေ အထွေး ဘာလုပ်ပေးရမလဲ"

ဒေါ်ခင်မေဆက်သည် အတန်ကြာ ငြိမ်သက်နေရာမှ ခေါင်း လှုပ်လိုက်၏။ သူ့ခေါင်းကို ဖြည်းညင်းစွာ ခါပြ၍ စားပွဲနားမှ အသာ ထကာ ခေါက်တုံ့ခေါက်ပြန် တစ်လှမ်းချင်း လက်နောက်ပစ်၍ ခုတင် နားတွင် လျှောက်ပြန်သည်။ ပြီးတော့ ပြတင်းပေါက်တွင် သွားရပ်၏။ အပြင်ဘက်မှ တိုက်ကြီးကို သူသည် ငြိမ်သက်စွာ ကြည့်နေပြန်သည်။

"ခက်ပါတယ်လေ၊ ဒီပြတင်းမှာ ရပ်မိတိုင်းလဲ အမြင်လှမ်း မယ့် တိုက်ကြီးထဲက တစ္ဆေက အန်တီမေ့ကို ချောက်နေတယ်။ အခင်ဝင်မှာ ရပ်မိတိုင်းလဲ မြက်ခင်းစပ်က မယမျိုးထိုင်သွားတဲ့ ခုံတန်း အဖြူပေါ်မှာ ပမကိုပဲ မြင်မိတယ်။ သူ့ခုချိန်မှာ ဆိတ်ဖလူးပန်း တွေကို သိချင်မှာပဲ။ မြန်မာပြည်မှာလို ဒီပန်းလေးတွေကို ရှာလို့ မှ မဟုတ်ဘူးနော်။ အန်တီပေလေ ဒီအိမ်ကြီးက ပြောင်းနေမှ ထင် ရှင်မင်းထွေးရယ်"

ဒေါ်ခင်မေဆက်သည် တစ်ယောက်တည်း စကားပြောသလို ခြင်း သူ့ကိုလည်း လှမ်းပြောလိုက်၏။

"နောက်ဘက် ဝရန်တာမှာ စိတ်ပြေလက်ပျောက် စကြံ လျှောက်နေလဲ စပယ်ရုံတန်းကိုမြင်တော့ မောင်လေး မောင်လူမွှေး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို သွားပြီးမြင်ယောင်ပြန်ရော၊ ရှကြောက်ကြောက်လန့်လန့် သူ့မျက်နှာလေး ဖြူဖပ်ဖြူရော်ကို ခုထိမပျောက်နိုင်ဘူး။ မောင်လေး လဲ ကံဆိုးကြတယ်''

ရှင်မင်းထွေးသည် သူ့အားတိုင်တည်သလို အသိပေးသ ပြောပြနေသော ဒေါ်ခင်မေဆက်၏ မျက်နှာအား စားပွဲခုံရှေ့တွင်ထိ ရင်း စူးစိုက်ကြည့်နေမိ၏။ တစ်ဝက်တစ်စိတ်ဖြစ်စေ၊ လုံးဝဖြစ်စေ ရ မှ ဝေဒနာအား ညွှန်ပြလှစ်ဟစရာ ရှင်မင်းထွေး တစ်ယောက်သာ တော့သလို ရင်းရင်းနှီးနှီး ပြောပြနေ၏။

''တစ်ခါတလေလဲ လူ့ဘဝကို ဘယ်လိုနားလည်ရမှ အန်တီမေ မသိပါဘူးလေ။ ဦးလေးသက်ရယ်၊ ဟိုဘက်ခြံကြီးက ဦးဖွေ မောင်နှမရယ် မွေးဖွားလာကြတာဟာ သူတို့ပတ်ဝန်းကျင်ကြီးကို က ကရဲ သိပ်ဖြစ်တာပဲ။ အခု အန်တီမေ လုပ်လိုက်တာကျပြန်တော့ ဟင်း...အန်တီမေ ရည်ရွယ်ချက်က အနုပညာသည်အိုကြီးကို စင် ပေးပြီး ကူညီချင်တယ်။ အန်တီမေ ပန်းချီပညာ မကျွမ်းကျင်ပေ အန်တီမေ ဆိုလိုချင်တဲ့ သဘောရင်းကို ဘကြီးဦးရွှေသင်း အကူအ နဲ့ ဖော်ထုတ်ချင်လို့ လုပ်လိုက်တာ။ ဖြစ်လာတဲ့အဖြေက ဘာတွေ မသိ။ အဲဒီ စားပွဲပေါ်က တင်မောင်မြင့်စာပဲ ဖတ်ကြည့်တော့ ရှင် ထွေး။ ဘုရား...ဘုရား မဖြစ်သေးပါဘူး။ အန်တီမေ ရေချိုး မ ကားကို အဆင်သင့်လုပ်ထား။ ဆရာကြီး ဒေါ်မောစီဇရုပ်ကို သွားလို ဦးမယ်။ ရှင်မင်းထွေး အိမ်မှာပဲ လုပ်စရာရှိတာတွေ လုပ်ရစ်တော့နေ

ဒေါ်ခင်မေဆက်သည် ရေချိုးခန်းရှိရာသို့ ဝင်သွားတော့သ

စားပွဲပေါ်မှ စာကို ရှင်မင်းထွေးသည် အေးဆေးစွာ ဖတ်နေ၏။ ဓာတ်လမ်းကို တစ်ဝက်တစ်ပျက်မျှ ကြည့်ရသော သူ့အ ဓာတ်ရေ မလည်တလည် ဖြစ်နေလေသည်။ သို့သော် သူသည်



ယ်သူဖြစ်၍ ဆိုမှုများပြား ရှုပ်ထွေးသော အကြောင်းအရာတို့သည် လာက၌ ဖြစ်ပျက်တတ်သည်ကိုမူ ကြိုတင်၍ မတွေးမိပေ။

ဒေါ်ခင်မေဆက်အား ရေချိုးပြီး အဝတ်လဲရန် အဆင်သင့် ဆင်ပေးခဲ့၏။ ကားကိုလည်း ဆင်ဝင်အောက်တွင် ရပ်ထားရန် ပြော အတွက် နောက်ဖေးလှေကားမှ အောက်သို့ ဆင်းလာခဲ့သည်။ သူ့ ပေးနိုင်ပါသော စိတ်ဓာတ်၏အေးမြ ချမ်းငြိမ်းခြင်းကို အန်တီမေသည် မောစီထံမှ ရလာပါစေဟု ဆုတောင်းရုံသာ သူတောင်းနိုင်သည်။

သူသည်လည်း ငယ်နုသေးသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

## နေမထွက်သောနေ့

ဟေမာန်ပန်းချီပြပွဲမှသည် စတင်၍ ယောက်ယက်ခတ်
သော သူ့စိတ်များသည် ယခုမှ တဖြည်းဖြည်း ငြိမ်းအေးခွင့်ရလာ
မှန်၏။ သူသည် ဒေါ်မေစာဝီ ဇရပ်သို့ရောက်မှ ရန်သူ့လက်မှ အ
အလွှား ထွက်ပြေးလွတ်မြောက်လာသလို ဟင်းချ၍ အမောဖြေ
သူ့ရင်ထဲရှိသမျှ ဟေမာန်ပန်းချီပြပွဲနေ့မှသည် ဦးရွှေဦး လဲကျသည်အ
ဒေါ်မေစာဝီအား သူပြောပြမိ၏။

ဒေါ်မေစာဝီက မတုန်လှုပ်ပါ။ သူ့ကို ကြင်နာစွာကြည့်
ရန်ကုန် စရောက်ကတည်းက ခင်မျိုးဆက်နှင့် ဌှန်အကြောင်းကိုလ
ဦးကျိုးမြိုင်ထံမှ သူသိရှိပြီးဖြစ်သည်။ ဦးသက်နှင့်သားများ အကြေ
ကိုလည်း သူမသိချင်အဆုံး။ သူသည် ဦးမင်းဟန်ကဲ့သို့ ဝတ်လုံေ
မဟုတ်။ ခေတ်ပညာမတတ်ပါ။ ဆရာဝန်ကြီး ဦးမင်းချိန်ကဲ့သို့
ကိုယ်ကိုလည်း ဆေးမကုတတ်ပါ။ သို့သော် သူသည် မေ့ကို ကေ
တော့ပြန်ပြုရမည်။ သူသည် တရားအမြွှာရှင် တစ်ဦးသာတည်း၊ ဆေ
မရသော မေ့အား နေမထွက်သော နေ့တစ်နေ့အကြောင်းကို သူ
ပြလိုက်၏။



"မေ့ကိုလေ တစ်ခုတော့ ဆရာကြီး ပြောပြချင်တယ်။ မေတို့
မှာ ပိုက်ဆံကြေးငွေကို အသာထား၊ ဆွေအုံမျိုးအုံကြီးမားသလောက်
ယားကလဲ ရှုပ်တာပဲ၊ ဆရာကြီးကတော့ သရက်ချောင်းမှာကတည်းက
င်းတို့မိသားစုနဲ့အတူ နေလာတော့ ဆွေစုမျိုးစု ပြဿနာကို အကုန်သိ
တာပဲ၊ ဒါတွေကတော့ ပြန်ပြောနေလဲ မဆန်းတော့ပါဘူး"

ဒေါ်ခင်မေဆက်သည် ဖြည်းညင်းစွာ ခေါင်းညိတ်၍ ပြ၏။

"တစ်ခါတလေ တစ်ယောက်ရဲ့ အပြုအမူဟာ အများကို
ထိခိုက်တာပါပဲ၊ တမင်လုပ်ကြတာလဲ မဟုတ်ပေဘူး။ မေ့လက်ထက်
မှ ကွက်ပြီးဖြစ်ကြတာ မဟုတ်ပါဘူး။ ဆရာကြီးပြောချင်တာက
ဘုရားပွင့်တော် မမှီမီကလဲ ဒီလိုဖြစ်ခဲ့ကြတာပဲ။ ဒေဝီလရသေ့ဆိုတာ
မ ကြားဖူးမှာပါ။ ဗာရာဏသီပြည်မှာ မင်းတစ်ပါး အုပ်စိုးနေတုန်း
ဒေဝီလရသေ့ကြီးက ဟိမဝန္တာတောမှာ ရှစ်လပတ်လုံး အနေကြာတော့
ဗာရာဏသီမြို့တော်မှာ ချဉ်ဆားအာဟာရ လိုအပ်တာကို သုံးဆောင်မှဲ့ပဲ
ဆိုလို့ ကြွရောက်လာတယ်။ မြို့တော် တံခါးဝရောက်တော့ သူသီတင်း
သုံးနေဖို့ နေရာအရပ်လိုလို့ မြို့ပြင်မှာ ကစားနေတဲ့ ကလေးတွေကို
ရသေ့ရဟန်း ကြွလာရင် ဘယ်အရပ်မှာ တည်းခိုလဲလို့မေးတော့
ကလေးတွေက အိုးထိန်းသည်ဆောက်ထားတဲ့ ဇရပ်ကိုညွှန်လိုက်ကြ
တယ်။ အိုးထိန်းသည်ဆီမှာ ခွင့်ပန်ပြီး ဒေဝီလရသေ့က ဇရပ်မှာတည်းခို
နေတယ်။

"အဲဒီအချိန်မှာပဲ နာရဒဆိုတဲ့ ရသေ့ကြီးကလဲ အိုးထိန်းသည်
ဆီရောက်လာပြီး ဝန်မလေးရင် သူ့ကို ဒီညတစ်ညတာအတွက် ဇရပ်
မှာ တည်းခိုအိပ်စက်ဖို့ ခွင့်ပန်တယ်၊ အိုးထိန်းသည် ဇရပ်ကလည်းကျယ်
ပြန့်တော့ အရှင်ဘုရား ပထမရောက်နေတဲ့ ဒေဝီလရသေ့ကြီးက ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ပြုရင်ဖြင့် တပည့်တော် ဇရပ်မှာ တည်းခိုနိုင်ပါတယ်။ တပည့်တော် [illegible] အတွက် ဝန်မလေးပါဘူးလို့ ပြောလိုက်တယ်။ ဒါနဲ့ နာရဒရသေ့ဟာ [illegible] ဒေဝီလရသေ့ကို ခွင့်ပန်ပြီး တည်းခိုတယ်။

''ညချမ်းအချိန်ရောက်လို့ အိပ်စက်ကျတော့ ဇရပ်မှာလဲ မီး[illegible] မရှိဘူး။ ဒီတော့ နာရဒရသေ့က ညလယ်ရောက်လို့အပြင် တပိုတ[illegible] သွားရင် လွယ်အောင် ဇရပ်ရဲ့ ဝင်ပေါက်ထွက်ပေါက်ကအစ ဒေဝီ[illegible] ရသေ့ကြီး ဘယ်နေရာမှာ အိပ်စက်တယ်ဆိုတာပါ အသေအချာ အမှ[illegible] အသားပြုပြီး ကျိန်းစက်တယ်။ လူမပြောနဲ့ ရသေ့တောင်မှ ဒေဝီ[illegible] ရသေ့ကြီးက ကတ်သီးကတ်သတ်ပဲ၊ နာရဒရသေ့ကြီး အိပ်ပျော်[illegible] ချိန်လောက်လဲရောက်ရော ပထမအိပ်နေတဲ့နေရာက ထလာပြီး [illegible] တံခါးဝမှာ ကန့်လန့်ကြီးလုပ်ပြီး အိပ်နေလိုက်တယ်။

''ညလယ်ရောက်တော့ နာရဒရသေ့ကြီးဟာ တစ်ရေးနိုးအပြ[illegible] ထွက်လိုလို့ တံခါးမကြီးရှိရာ လျှောက်အလာ ဇရပ်တံခါးဝ ကန့်လ[illegible] ကြီး အိပ်နေတဲ့ ဒေဝီလရသေ့ကြီးရဲ့ ဆံကျစ်ဦးစွန်းကို နင်းမိတယ်[illegible] ဒေဝီလရသေ့က ငါ့ရဲ့ဆံပင် လည်ပင်းတွေကို နင်းတာ ဘယ်သူလဲ[illegible] တော့ နာရဒရသေ့က တောင်းပန်တယ်။ ခွင့်လွှတ်ပါဘုရား။ သူမ[illegible] လို့ မှောင်မိုက်ထဲမှာ နင်းမိပါတယ်လို့ အကြိမ်ကြိမ် တောင်းပန်[illegible] အပြင် ထွက်သွားတယ်။

''ဒေဝီလရသေ့က တမင်ကို အပြစ်ရှာချင်တော့ ပထမ[illegible] သလို မဟုတ်ဘဲ၊ ခေါင်းရင်းနဲ့ ခြေရင်း ပြောင်းပြန်ထားပြီး အိပ်[illegible] ရော၊ နာရဒရသေ့ကြီးက ဇရပ်ထဲ ပြန်ဝင်လာတော့ ''ငါထွက်လာတု[illegible] က တံခါး ဒီဘက်ကလာလို့ ဆရာဒေဝီလရသေ့ကြီးခေါင်းကို နင်[illegible] တယ်ပေါ့။ အခု အဝင်မှာတော့ ခြေရင်းက သွားပါတော့မယ်ဆို[illegible]



[illegible]အထွက်တုန်းက မှတ်သားထားတဲ့အတိုင်း ပြန်ပြီးဇရပ်ထဲ ဝင်လိုက်တာ [illegible]ပြောင်းပြန် ပြောင်းအိပ်တဲ့ ဒေဝီလရသေ့ရဲ့ လည်ပင်းနင်းမိပြန်ရော။ [illegible]တစ်ခါတည်း ဒေဝီလရသေ့ကြီးက ကျိန်ဆဲတယ်။ ငါ့ရဲ့လည်ပင်းတွေ [illegible]ခေါင်းတွေတက်နင်းတဲ့ ကောက်ကျစ်စဉ်းလဲတဲ့ရသေ့ဟာ နေဝန်းထွက် [illegible]ပေါ်လာတာနဲ့ တဖြိုင်နက် ခေါင်းကိုမိုးကြိုးပစ်ပြီး ခုနစ်စိတ် ခုနစ်မြွာ [illegible]ကွဲပါစေပေါ့။ နာရဒရသေ့ကြီးကလဲ သူ့ကို မကျိန်ဆဲပါနဲ့ ခွင့်လွှတ် [illegible]တော်မူပါ။ သူဟာ တမင်စော်ကားတာလဲ မဟုတ်ဘူး။ မတော်တဆ [illegible]ဖြစ်တာပါ။ ပြောလဲမရ တောင်းပန်လဲမရဘူး။

''နောက်ဆုံးတော့ နာရဒရသေ့ကြီးက ပြန်ပြီး ကျိန်ဆိုလိုက် [illegible]တယ်။ သူဟာ တမင်ကောက်ကျစ်စဉ်းလဲစိတ်နဲ့ ဒေဝီလရသေ့ရဲ့ ဆံ [illegible]ကျစ်ဦးစွန်းလည်ပင်းတို့ကို နင်းမိခြင်းမဟုတ်ပါဘူးတဲ့။ အခွင့်မတော် [illegible]ဆင်မသင့်လို့ဖြစ်ရတဲ့ကိစ္စမှာ တကယ်အပြစ်ရှိတဲ့သူမှာသာ ဆရာ [illegible]ဒေဝီလရသေ့ကြီး ကျိန်ဆဲသလို အရှေ့ဘက်က အရုဏ်တက်လာချိန် [illegible]နေဝန်းရောင်ခြည်ကို မြင်တာနဲ့တစ်ပြိုင်နက် ဦးခေါင်းကို မိုးကြိုးခပြီး [illegible]ခုနစ်မြွာကွဲတဲ့ဒဏ်ကို ခံရပါစေ အပြစ်မရှိတဲ့သူ မခံပါရစေနဲ့လို့ ဆို [illegible]လိုက်တယ်။

''နာရဒရသေ့ကြီးက သူ့နေရာသူ ပြန်လာပြီး ဆင်ခြင်မိ [illegible]တယ်။ သူဟာ အင်မတန် တန်ခိုးကြီးလေတော့ အတိတ်ဘဝက ကမ္ဘာ [illegible]ဆယ်ကိုလဲ ပြန်မြင်နိုင်တယ်။ လာလတ္တံ့ ကမ္ဘာလေးဆယ်မှာ [illegible]ဖြစ်ပျက်မည့် အနာဂတ်ကိုလဲ ဆင်ခြင်လိုက်ရင် မြင်နိုင်တယ်။ ဒီတော့ [illegible]ဆရာဒေဝီလရသေ့ကြီးရဲ့ ကျိန်စာဟာ ဘယ်သူ့အပေါ် ကျရောက် [illegible]မလဲလို့ သူ့ရဲ့တန်ခိုးနဲ့ ဆင်ခြင်ကြည့်တော့ ကျိန်ဆိုသူ ဒေဝီလရသေ့ [illegible]ကြီးမှာပဲ အပြစ်ကျရောက်မှာကို မြင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"နာရဒရသေ့ကြီးဟာ မဟာကရုဏာမေတ္တာရှင် ဖြစ်တော့ ဒေဝီလရသေ့ကြီးဟာ သူ့အပြစ်ဒဏ် သူခံရမယ်ဆိုသော်လည်း ဒေဝီလ ရသေ့ကြီးကို ပြင်းစွာ သနားတော်မူတယ်၊ ခက်တော့တာပဲ ... အရုဏ်တက်လာရင်ဖြင့် ဒေဝီလရသေ့ကြီးမှုံးကြိုးခပြီး ဦးခေါင်းခုနစ် စိတ်ကွဲတော့မယ်။ ဒီတော့ ငါ့တန်ခိုးနဲ့ ငါတတ်နိုင်သလောက် ကယ်... မှပဲလို့ ဆင်ခြင်ပြီး နံနက်နေအရုဏ်မတက်အောင် သူ့တန်ခိုးနဲ့ နေမ... ကိုတားထားတယ်။ တန်ခိုးကြီးမားတဲ့ အရှင်ဖြစ်လေတော့ နေဝန်း... မတက်လာအောင်လဲ သူစွမ်းနိုင်တာပေါ့။

"တကတည်း အရုဏ်တက်ချိန်မှာ နေရောင်ကို မမြင်ရ... တော့ ဘယ်သူမှလဲ အလုပ်လုပ်လို့မဖြစ်၊ နေမထွက်တဲ့နေ့ကြီးဖြစ်... ဗာရာဏသီပြည်ကြီး မှောင်အတိ ကျနေတာပေါ့။ တိုင်းသူပြည်သား... တွေက နန်းတော်ကိုဝိုင်းပြီး ပြည့်ရှင်ဘုရင်မင်းမြတ်ကို တိုင်တည်... တာပေါ့။ ဘုရင်ဆိုတာ အသက်ဦးဆံပိုင်ဆိုပေမယ့် တာဝန်ရှိတယ်... သူဟာ အုပ်ချုပ်ဖို့ တာဝန်ယူထားတာကို။ "သည်းခံပါ တိုင်းသူပြ... သားတို့၊ အခ်မတန် ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ နေအရုဏ်လာချိန်... မလာတဲ့အဖြစ်ဟာ ငါအုပ်စိုးချိန်မှာ ဖြစ်ရတာကို ငါ့တာဝန်မကောင်းမေ... ဇာစ်မြစ်ကိုအတိအကျ လေ့လာသုံးသပ်မှပါ့မယ်" ဆိုပြီး တောင်း... တယ်။ အမှန်ကို အမှန်တိုင်း ရင်ဆိုင်ပါ့မယ်ပေါ့။ ပထမ ငါ့တာ... မင်းကျင့်တရားများ ပျက်ပြားသလားလို့ ဆင်ခြင်တော့လဲ သူဟာ ပြီး... အချိန်မှာ မင်းကျင့်တရားနဲ့အညီ အုပ်စိုးခဲ့တာကို ဆင်ခြင်မိတယ်... ဒီလိုကိစ္စမျိုးဟာ တစ်ခါတစ်ရံ တန်ခိုးကြီးရသေ့ရဟန်းတို့ ဝိဝါဒကွဲပြား... အငြင်းအခုံကြောင့် ဖြစ်တတ်တယ်။ ဒီတော့ ငါ့တိုင်းတော် ပြည်တော်... အရပ်တစ်ပါးက ကြွလာတဲ့ ညော်သည်ရသေ့ရဟန်းများ ရှိသလား...



...မှူးမတ်တွေ စေလွှတ်ပြီး စုံစမ်းခိုင်းတယ်။ အိုးထိန်းသည်ဇရပ်မှာ ဒေဝီ လရသေ့နဲ့ နာရဒရသေ့တို့ တည်းခိုနေကြကြောင်း တွေ့ပါတယ်လို့ ...မှူးမတ်တွေက လျှောက်ထားတယ်။ ဘုရင်ကြီးဟာ မိးရှူးမီးတိုင်တွေ ...ထွန်းညှိပြီး အကြောင်းဘယ်လိုဖြစ်တယ်ဆိုတာ သိရအောင် အိုးထိန်း ...သည်ဇရပ်ကို ကြွသွားကြတယ်။ ဟိုရောက်တော့ နာရဒရသေ့ကြီးက ...အဖြစ်အပျက် အလုံးစုံကို ပြောပြမယ်။

"မင်းကြီး နေအရုဏ်တက်လာရင်ဖြင့် ဒေဝီလရသေ့ကြီး ...ခေါင်းခုနစ်စိတ် ကွဲပါလိမ့်မယ်။ ဒါကြောင့် သူဟာ နေမင်းကို တားထား ...တာကြောင့် ဗာရာဏသီပြည်အလုံး မှောင်အတိကျနေတာပါ" လို့ ...ပြောသတဲ့။

"ဘုရင်ကြီးအဖို့ကလဲ အမှုအကျင့်ကောက်ကျစ်စဉ်းလဲတာက ...ဒေဝီလရသေ့၊ သူ့ကို မသေစေချင်တာနဲ့ ဒီလိုသာနေရရင်လဲ တိုင်းသူ ...ပြည်သားအဖို့ အလုပ်မလုပ်ရတော့ ဝမ်းစာမရှာရတော့ ဒုက္ခမကြီး ...ပေဘူးလား။ ဒီတော့တိုင်းသူပြည်သား မျက်နှာကြည့်ရမလား ဒေဝီလ ...ရသေ့စဉ်းလဲရဲ့ အသက်ကိုပဲ ကယ်ရမလား။ စဉ်းစားစရာပြဿနာပေါ် ...လာတော့ ရှင်ဘုရင်ပီပီရဲရင့်စွာပဲ ဒီနေရာမှာဆုံးဖြတ်ရမှာပေါ့။ ဒါကြောင့် ...နာရဒရသေ့ကြီးကိုပဲ ဒီပြဿနာဖြေရှင်းပေးဖို့ တောင်းပန်ပါတယ်။

"နာရဒရသေ့ကြီးကပြောတယ်၊ 'အပြစ်မဲ့သူကို ကျိန်ဆဲမိခြင်း ...တာဖြင့် များတဲ့အကြောင်း၊ သူ့ကိုခွင့်လွှတ်ဖို့ဒေဝီလ ရသေ့ကြီးက ...တောင်းပန်ပါစေ၊ သူကတော့ အစဉ်ခွင့်လွှတ်သော်လဲ ဝစီကံမြောက် ...ဒေဝီလရသေ့ကြီးရဲ့ ကျိန်စာဟာသူ့ကိုသင့်မှာမို့ အပြစ်ရှိကြောင်းဝန်ချ ...တောင်းပန်ပါစေဆိုတော့ ဆိုနိုင်ခက်ခဲတဲ့ဒေဝီလရသေ့က ဘုရင်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပြောလည်းမရဘူး။ တိုင်းသူပြည်သားတွေပြောလဲ သူ့အမှားကို သူဝန်မချဘူး။ သူ့ကျိန်စာကိုလည်း ပြန်မရုပ်သိမ်းဘူး။

"ကဲ . . . ဒီတော့ဘုရင်ကြီးက နာရဒရသေ့ကြီးကဲ့သို့ မေတ္တာ ရပ်ခံနေလို့လဲ မဖြစ်တော့ဆိုပြီး . . .

"အရှင်နာရဒရသေ့၊ မေတ္တာရပ်ခံနေလို့တော့ မဖြစ်တော့ဘူး ဆက်လက်ပြီးဘယ်လိုလုပ်ရမလဲ" လို့မေးရတာပေါ့၊ နောက်ဆုံးတော့ နားချမရတဲ့ ဒေဝီလရသေ့ကို ဘုရင့်အာဏာသားတွေဟာ ဇက်ကိုချုပ် ခေါင်းကိုနှိမ်ပြီး နာရဒရသေ့ကြီး ခြေဖမိုးကို ဦးနှိမ်ခိုင်းရတယ်။ နာရဒ ရသေ့ကြီးက ခွင့်လွှတ်တယ်။ သည်းခံတော်မူတယ်။ ဒါပေမယ့် သူ့ ကျိန်စာကတော့ သူ့မှာ မလွှတ်တာကိုမြင်တော့ ဒေဝီလရသေ့ကြီးကို သူကမှာတယ်။

"အရှင်ဒေဝီလ ဆရာရသေ့ကြီး၊ ယခုမင်းချင်းတို့ဟာ သင့်ကို ရေအိုင်မှာ လည်ပင်းထိထားပြီး ခေါင်းပေါ်မှာမြေစိုင်ခဲတွေတင်ထားလိမ့် မယ်၊ ကျွန်ုပ်၏ တန်ခိုးဖြင့် နေဝန်းတက်စေမယ်၊ ကောင်းကင်မှာနေ အရုဏ်အစကိုမြင်ရုံနဲ့ ရေအောက်ကို ငုပ်လျှိုးပြီးအရပ်တစ်ပါးကို သွား ပါတော့"လို့ပြောလိုက်တယ်။ မင်းချင်းတွေဟာ ဒေဝီလရသေ့ကြီးကို ရောက်ခေါ်သွားပြီး နာရဒရသေ့ကြီးပြောသလို လုပ်ကြရတာပေါ့။ နာရဒ ရသေ့ကြီးက တန်ခိုးနဲ့ဖြေပြီး နေအရုဏ်ကိုလဲ လွှတ်ရော မိုးကြိုးဟာ ဒေဝီလရသေ့ရဲ့ ခေါင်းပေါ်က မြေစိုင်ကို ခုနစ်မြွာကွဲစေတယ်တဲ့"

"ဒီဇာတ်တော်ဟာ မေတို့လို တက္ကသိုလ်ဆရာမကြီးတွေကို အထူးပြောပြဖို့ မလိုပါဘူး။ အလွန်ရိုးသားပြီး ဓမ္မပဒဇာတ်တော်မှာပါပြီး သားပဲ၊ ဒါပေမယ့် အဓိပ္ပာယ်အလွန်ကျယ်ပြီးဆင်ခြင်ရင် ဆင်ခြင်နိုင်သလို



လိုတဲ့ဘက်က တွေးယူပြီး သင်ခန်းစာယူစရာ စိတ်ဖြေစရာ ကောင်းပါ တယ်ကွယ်"

မေသည် စကားတစ်လုံးမှ ပြန်မပြောဘဲ ငြိမ်သက်စွာ နား ထောင်နေမြဲနေ၏။ ဒေါ်မေဓါဝီကတော့ သူ့တရားသူဆက်ဟော၏။

"နေအရုဏ်မလာရင် တိုင်းသူပြည်သားတွေ အလုပ်မလုပ် နိုင်ဘဲဒုက္ခရောက်ပါစေ သဘောနဲ့လဲ နာရဒရသေ့ကြီးကလည်း လုပ် တာ မဟုတ်ပေဘူး။ သို့သော်အကြောင်းကံ ဆုံစည်းလာတော့ ဒေဝီလ ရသေ့တစ်ပါး ကောက်ကျစ်စဉ်းလဲလိုက်ကာ ဗာရဏသီပြည်အလုံးမှာ နေ့တစ်နေ့ မှောင်အတိကျရပေတယ်။

"သူတစ်ယောက်အပြစ်ဟာ မဆီမဆိုင်တစ်တိုင်းပြည်လုံး ထုပ်စား ကိုင်စားမရအောင်ဒုက္ခရောက်လာရတယ်၊ ဒါဟာ အဲဒီလိုတွေး ချင်ပေါ့။

"အခု မေတို့မိသားစုတွေ ဆွေစုမျိုးစုတွေ ဖြစ်တဲ့ကိစ္စမှာ ဆရာကြီးတစ်ခုစီရှင်းပြမယ်၊ ဦးရွှေဦးနဲ့ဖြစ်ကြတဲ့ကိစ္စကို အရင်စဉ်းစား သတ္တဝါဆိုတာ ကံစီမံရာကိုခံရတယ်၊ ကံဆိုတာ ကမ္မပြုလုပ်ခြင်းက လာတယ်၊အဲဒီကံဟာ အတိတ်ကံရယ်၊ ပစ္စုပ္ပန်ကံရယ် နှစ်မျိုးရှိတယ်။ အတိတ်ကံကဖြင့် ဦးရွှေဦးအလွန်ကောင်းပါတယ်။ သတ္တုတွင်း သူဌေး ကြီးဦးရွှေလင်းရဲ့သား ချမ်းသာလိုက်ကြတာ မိဘနှစ်ပါးအမွေအနှစ်တွေ ဖို့ ကားစီးတာတောင် အဖေကတစ်စီး၊ သားကတစ်စီး၊ သမီးနဲ့သူ့နှမ ကြည်သင်း စီးတာကတစ်စီး။ နေရတဲ့တိုက်ကြီးက ကျယ်ဝန်း ခန်းညားလိုက်တာ မပြောနဲ့တော့။ ဟောပစ္စုပ္ပန်ကံမှာ အယူအဆ ကောက်ချက်လွဲမှားပြီး ဘယ်သူနဲ့မှ မတူမတန်၊ သူ့ကိုယ်သူ အထင်မြင့် ကြီးခေါ်ရှာပေါ့ ဖွဲ့လာတယ်၊ ခင်မျိုးဆက်လို ရွှေမသူတော်ကောင်းရ

www.burmeseclassic.com

www.burmeseclassic.com



လာပေမယ့်လဲ တရားဝင်ချေးမရယ်လို့ အသိအမှတ်မပြုဘူး။ ဒီချေး လက်နဲ့ထိတဲ့ ထမင်းဟင်း ပန်းကန်ခွက်ယောက်တောင် မထိနိုင်အော ဖြစ်ရတယ်။ သူ့မိန်းမကရော သူ့နှမကရောဝိုင်းပြီး ရေမြွလို သူတော် ကောင်းမလေးကို အိမ်မှာကို မနေနိုင်အောင် လုပ်ကြတယ်။ ဒါ သူတို့ ရဲ့ ပစ္စုပ္ပန်ကံ ခေါ်တယ်။ ခင်မျိုးဆက်ဟာ သည်းခံပြီး ဒီအိမ်ကြီးက ထွက်သွားပါတယ်။ ဒါပေမယ့် သူတို့ရဲ့ မျက်မှောက် အပြုအမူ ခုန ဒေဝီလရသေ့ကြီး သူ့ကျိန်စာသူပြန်သင့်သလို ဦးရွှေဦးမှာလဲ သူ့ သမီး တင်မာလာဟာ ရေတွင်းထဲ ခုန်ချပြီး သူ့ကိုယ်သူ သတ်သေတဲ့ အထိ မလှမပဇာတ်လမ်းက ဖြစ်ရတယ် ဟုတ်လား''

''ရှင်းပါတယ် ဘုရား''

''ဒုတိယ ရင်ထဲမဖြေနိုင်အောင် ဖြစ်ရတဲ့ ဟေမာန်ပန်း ပြပွဲကိစ္စ၊ မေက ဦးရွှေသင်းဆိုတဲ့ ပန်းချီဆရာအိုကြီးကို ပွဲထုတ်ချင် ပန်းချီပြိုင်ပွဲဝင်နိုင်အောင် ငွေရင်းငွေနှီးကအစ ထုတ်ပေးပြီး ဝင်ပြိုင် တယ်။ တိုတိုပြောရရင် မေ့ကြောင့် ဆရာကြီးဦးရွှေသင်း ပထမဆုရ အပြင် ဒီပန်းချီကားရောင်းရငွေလဲ သူရတယ်။ အင်မတန် လက်ရာ ကောင်းတဲ့ ပန်းချီဆရာဟောင်းကြီး တစ်ဦးပါလားလို့ တိုင်းပြည်က ပြန်လည် အသိအမှတ်ပြုရတယ်။ ဒါဟာ မေလုပ်တာ မေ့ကုသိုလ်

''ကဲ...ဆရာဝန်ကြီး ဦးမင်းချိန်အနေနဲ့ တက္ကသိုလ်ပန်း အနုပညာသင်းမှာ ဆုရှင်တွေ လိုက်လံအလှူခံတော့ သူက သူ့ဘာသာ ပထမဆုဖလားကို ဦးရွှေဦးဆီက အလှူခံလာတာ။ ပန်းချီပြပွဲမှာ ပထ ဆု ဘယ်သူရမယ်လို့ ဘယ်သူမှမသိ။ သုံးဦးသုံးဖလှယ် ဆုပေးပွဲ ပေါ်ရောက်မှ ဦးရွှေဦးဟာ သူ့ရောဂါအခံနဲ့ သူ့ဟာသူ လဲကျသွား တယ်။ ခုလဲ သူ့ရောဂါ သူခံရတာပါ။ ခုန မွေပဒဇာတ်တော်ကြီး



ပေါ့။ နာရဒရသေ့ကြီးက တိုင်းသူပြည်သား ဒုက္ခရောက်ပါစေ၊ ရှင်ဘုရင် ကြီး ကာသိကအောင့် ဖြစ်ပါစေဆိုတဲ့ မကောင်းတဲ့စိတ်လုံးလုံးမပါ။ ဒီ အချိန်ဒီအခါမှာ ဒီလိုလာတိုက်ဆိုင်ကြတာ။ ဘယ်သူမှ တမင်ဖန်တီး သူရတဲ့အဖြစ် မဟုတ်ပါဘူး။ မေ့လိုသာ တသသနဲ့ ယူကျုံးမရသာ ဖြစ်နေရရင်ဖြင့် ပြီးပါရော။ လောကမှာ ကိုယ်ဖန်တီးလို့ မရနိုင်တဲ့အဖြစ် တွေ အများကြီးပဲ။ ဝတ်လုံတော်ရ မောင်မင်းဟန်ကလဲ မေများ တစ်စုံ တစ်ရာ ပယောဂပါလေသလားရယ်လို့ ကောင်းတဲ့စိတ်နဲ့သတိပေး တာပါကွယ်။ ဒါကို တသသနဲ့ရင်ထဲမှာ မထားနဲ့ မထားနဲ့တော့''

ဒေါ်ခင်မေဆက်သည် စိတ်တွင်ပေါ့ပါးသွားဟန်ရှိ၏။ သူသည် ပေါ့ပါးစွာ အသက်ရှူလိုက်၏။

''မြန်မာစကားတွေဟာ တယ်ပြီး အဓိပ္ပာယ်လဲရှိတယ်။ ဆန်း လဲဆန်းကြယ်တယ်။ တစ်ခါတလေ အမှတ်တမဲ့ ပြောကြတာပဲ၊ ညောင် ဦးကမ်းပါးပြိုတာနဲ့ စမ္မာနဂိုက နွားမပေါင်ကျိုးရသတဲ့။ ဘာဆိုင်လို့လဲ ဟုတ်တော့လဲ ဟုတ်တာပဲ။ တိုက်ဆိုင်ချင်တဲ့အဖြစ်ကို။ သို့သော် စမ္မာနဂိုက နွားမှာတော့ သူ့အကြောင်းရင်း အတိတ်ကံရှိမှာပေါ့။ ဘုရား သခင် လက်ထက်တုန်းက အိမ်တစ်အိမ်မှာ မီးလောင်တယ်။ မီးလောင် ရာ လေပင့်ဆိုသလို လေရှိန်နဲ့ မီးလောင်တဲ့အိမ်က ကောက်ရိုးနဲ့လုပ် ထားတဲ့ ကွက်က မီးတွေလောင်ပြီး ကောင်းကင် ပျံတက်လာတယ်။ ကျီးတစ်ကောင်ကလဲ သူ့ဘာသာသူ အစာရှာပြီး ကောင်းကင်ကပျံ လာတယ်။ အတိတ်ကံဆိုတဲ့ ကမ္မဝစရအကုသိုလ်က ကျီးမှာဖြစ်ချိန် တန်လာတော့ ကျီးလည်ပင်းကို မီးလောင်နေတဲ့ ကောက်ရိုးကွင်းစွပ် ပြီး ကျီးသေရတယ် မေရဲ့။ ဘယ်လေနတ်သားကမှ ကောက်ရိုးကွင်း ကြီးကိုင်ပြီး ကျီးလည်ပင်းကို စောင့်ပြီးစွပ်ပေးတာမှ မဟုတ်ဘဲ''

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေခာဝီက အရွှန်းဖောက်လိုက်တော့ မေသည် ပြုံးရယ်ဖော်ရလာတော့သည်။

"ကဲ...တစ်ခါ မေတို့ ဆွေစုမျိုးစုမှာ မေ့ရဲ့အဖေ ဦးဆက်နဲ့ သူ့ညီကိုသက်ကိုစွ၊ မေရဲ့ဦးလေးသက်ကိုစွဆိုပါတော့။ ညီအစ်ကိုနှစ်ယောက်လုံး အတိတ်ကံကောင်းတယ်။ ဦးထွန်းညိုး ဒေါ်သာလိ မြေပိုင်ရှင်တွေက မွေးကြတယ်။ အမွေခွဲတော့လဲ ညီအစ်ကို နှစ်ယောက်အညီအမျှပဲ။ ကိုလေးသက်ကတော့ သူကစက်ဝါသနာပါတော့ သူ့သဘောအလျောက် ဆန်စက်ကိုယူတယ်။ ကိုကြီးဆက်ကို လယ်မြေပေးတယ်။ ဟောပစ္စုပ္ပန်ကံဆိုတဲ့ မျက်မှောက်အပြုအမူ အလုပ်အကိုင်မှာ ကိုကြီးဆက်က ကြိုးစားတယ်။ အတိတ်က အကုသိုလ်ကံဖြတ်ချိန်တစ်လှည့် လယ်တွေရေမြုပ်ပိုးကျမျိုးစုံ ဖြစ်ချိန်မှာတောင် ကိုကြီးဆက်ရဲ့ လုံ့လဝီရိယကြောင့် ဖရိုဖရဲ သိပ်မဖြစ်လိုက်ရဘူး။ ကိုကြီးဆက်တို့ ဆင်းရဲသွားပါတယ်လို့ အပြင်ပတ်ဝန်းကျင်ကတောင် မသိလိုက်ဘူး။ အေး...ကိုလေးသက်ကျတော့ အကျိုးမပေးတာမှ မဟုတ်ဘဲ အခုခေတ်ရောက်တောင် လိုင်စင်လုပ်တဲ့ ခေတ်ကောင်းမိပြီး မြောင်မြကိုသက်ဆို ရန်ကုန်အနောက်ပိုင်းမှာ နာမည်ကြီးစာရင်းဝင် သူဌေးသူ့ရဲ့ ပစ္စုပ္ပန်ကံခေါ်ရမယ့် ထင်တာလုပ် အကျင့်ပျက်တော့ ခုထိ အိမ်ခြေယာခြေမတည်ဖြစ်နေရတယ်။ မေချစ်ပါတယ်ဆိုတဲ့ မောင်လေးများဖြစ်တဲ့ မောင်လူမွေးရော၊ မောင်လူကျေးရော ဒီကိုလေးဖနီး တင်မြသွင်ဝမ်းထဲ လာဝင်စားရတယ်။ ကဲ...အံ့သြစရာ မကောင်းပေဘူးလား ကလေးနှစ်ယောက်မှာ သူတစ်ယောက် အပြုအမူကြောင့် လူစဉ်မှီ ဖြစ်ရတယ်။ ဘေးကလူတွေ ဘယ်လိုပဲ ကယ်တင်လိုချင်ပေမယ့် ကလေးတွေ ကံကလဲ နည်းပေတာကိုး။ ကဲ သဘောပေါက်ပြီလား အဖြစ်နိုင်ဆုံး ဆရာကြီးပြောချင်တာကတော့ မေကလဲ ဝိပဿနာတရား



အားမထုတ်ရသေးတော့ ဝိပဿနာ ဆင်ခြင်ပုံဆင်ခြင်နည်းကို ဆရာကြီး ပြောမပြသေးဘူး။ လောလောဆယ် မေမျက်စိနဲ့ နေ့စဉ်နဲ့အမျှ ဦးရွှေဦး တိုက်ကြီးမြင်လို့ဖြစ်ရတဲ့ သောကဒေါမနဿစိတ်၊ မေ လက်ရှိနေတဲ့ အိမ်ကြီးမှာနေရင်း ဘယ်လိုနေရာဖြစ်ဖြစ် ခြေရာလက်ရာနဲ့ အိမ်ကြီးမှာအတူ နေလာခဲ့တဲ့ ချစ်သူမိဘ၊ အစ်မများနဲ့ ကွေကွင်းရလို့ ဖြစ်ရတဲ့ သောကများလာရင် မေတခြားအိမ်တစ်အိမ်ကို ခေတ္တပြောင်းနေလိုက်တာ ကောင်းတယ်"

ဒေါ်မေခာဝီ၏ အကြံဉာဏ်သည် ကောင်းသောအကြံဉာဏ်ပင်ဖြစ်၏။ ရွှေတံစဉ် နှစ်ထပ်အိမ်ကြီးမှ ယခုကမာရွတ်အိမ်သို့ ပြောင်းရွှေ့ဖြစ်ခြင်းမှာလည်း ဒေါ်မေခာဝီ၏အကြံဉာဏ် ငါးဆယ်ရာခိုင်နှုန်းလောက်ပါခဲ့ပေသည်။ မည်သို့ပင်ဆိုစေ သူ့စိတ်တွင်းဝယ် ဟေမာန်မီးနိုပြွ ပြီးကတည်းက အမှောင်ရိပ်ထိုးနေသလို သံသယ တစ္ဆေသည် အမြဲဝင်၍ ချောက်နေ၏။ ဒေါ်မေခာဝီနှင့် တွေ့သောနေ့ကျကာမှ အမှောင်ရိပ်သည် တဖြည်းဖြည်း ကွယ်ပျောက်ကာ သူ့နှလုံးသားသည် နေခြည်အောက်တွင် ပြန်လည်လန်းဆန်းခဲ့ရသည်။ ထို့ကြောင့် သူသည် ဒေါ်မေခာဝီအား သရက်ချောင်းကျေးရွာ ပြန်လိုက်ပါသွားခြင်းမပြုသေးဘဲ မရမ်းကုန်းဖရပ်တွင်ပင် ဝါကျွတ်သည်အထိ နေဖို့တောင်းပန်ခြင်းဖြစ်၏။

ဪ...တကယ်တော့ သူ့ကိုယ်သူ ယုံကြည်စိတ် လျော့ပါးအားနည်းနေပါသေးသော ပုရိသမလေး။ သို့မဟုတ် ဒေါ်ခင်မေဆက်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

## တစ္ဆေမင်းဆက်၏ နောက်ဆုံးမင်းသား

"အန်တီမေ ဧည့်သည်တွေ လာနေပါတယ်"

ဒေါ်ခင်မေဆက်သည် ကော်ဖီသောက်နေရာမှ ရပ်လိုက်

"သူစိမ်းဧည့်သည်တွေ မဟုတ်ပါဘူး၊ ဝတ်လုံတော်ရ ဦးမ ဟန်နှင့် ဒေါ်မြဆွေတို့ပါ၊ သူတို့ဧည့်ခန်းမှာ ထိုင်နေကြတယ်၊ အေး ဆေးဆေး လာတာပါတဲ့"

ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက်အပါး လာရပ်ရင်း ပြေ လိုက်၏။

"ကော်ဖီသောက်လို့ ပြီးပါပြီကွယ်၊ စောစောစီးစီး ဘာကိ များ အရေးကြီးလို့ပါလိမ့်"

ဒေါ်ခင်မေဆက်သည် ထိုင်ရာမှ ထလိုက်၏။ ထမင်းစာ ပေါ်သို့ ရှင်မင်းထွေးသည် ကြည့်ရင်း . . .

"ဟင် . . . အန်တီမေကလဲ ခါတိုင်းမှ ပေါင်မုန့်နှစ်ချပ် ကု သေးတယ်၊ ဒီနေ့ တစ်ချပ်ပဲ စားတယ်လား၊ ကြက်ဥပြုတ်လဲ မစာ သေးပါလား၊ အထွေး ခွာပေးမယ်လေ"



ရှင်မင်းထွေးသည် ကြက်ဥကို ကိုင်ကာ ပြောလိုက်၏။

"မခွာနဲ့တော့ အထွေးရယ်၊ ကြက်ဥကို ကြော်စားလို့များ င်ထဲတောင့်သလားလို့၊ ပြုတ်စားလဲ စားပြီးရင် မအီမလည်ကြီးပဲ၊ ကြက်ဥက အားရှိပေမယ့် အန်တီမေ့ အစာအိမ်မှာကိုက ဝမ်းမီးညံ့နေ ယ် ထင်ပါရဲ့ကွယ်။ ကလေးမလေးတွေကို စားပွဲသိမ်းခိုင်းတော့။ ဆင်ပြေရင် ဘကြီးဟန်တို့ကို ဒီမှာ မနက်စာကျွေးလိုက်မယ်၊ ပြီးတော့ ထွေး ဧည့်ခန်းကို လိုက်လာပေတော့"

စကားတပြောပြောနှင့် ဧည့်ခန်းကို ထွက်သွားသော ဒေါ်ခင် ဆက်ကိုကြည့်ရင်း ရှင်မင်းထွေးသည် စိတ်မကောင်းလှပေ၊ ရွှေတံစဉ် မ်ကြီးမှ ပြောင်းလာစက ကျန်းမာရေး အတော်ကောင်းလာသော ါ်ခင်မေဆက်သည် ခုတစ်လော အစာစားပုံမှာ ဟက်ဟက်ပက်ပက် ိုသောကြောင့် သူသည် ဒေါ်ခင်မေဆက်၏ ကျန်းမာရေးကို အားမရ လို ဖြစ်နေမိသည်။

ဒေါ်ခင်မေဆက်သည် ဧည့်ခန်းဝတွင် ရပ်လိုက်၏။ "အန်တီ ွလဲ ပါလာတယ်လား၊ ဘကြီးဟန် ကိစ္စက အရေးကြီးလို့လား ာစောစီးစီး"

"အို . . . ဒီနေ့ တနင်္ဂနွေနေ့လေ၊ ဘုရားကို တက်ဖူးရင်း တို့အိမ်ကို လှည့်ဝင်လာတာ၊ အန်တီဆွေက ဘာကိစ္စမှ မရှိပါဘူး၊ င်းရဲ့ ဘကြီးဟန်ကသာ မေ့ကို ပြောစရာရှိလို့"

သူ့အနားက ဆိုဖာတွင် လာရောက်ထိုင်သော ခင်မေဆက် ဒေါ်မြဆွေသည် ပြောပြလိုက်၏။

"မေလဲလေ ရွှေတိဂုံဘုရားကြီးကို မဖူးရတာ ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



လှေကားကိုလဲ မတက်နိုင်ဘူး။ ဓာတ်လှေကားကိုလဲ စီးရှ မှုးလို့၊ ကဲ... အေးအေးဆေးဆေးဆို မနက်စာ ဒီမှာစားပါလား။ ဆေ ချက်ခိုင်းထားလိုက်မယ်''

''အေးကွယ်၊ ထမင်းစာတာ အသာထားပါ။ အေးအေးဆေ ဆေး တို့များစကားပြောရအောင်၊ ဘကြီးဟန်လည်း မေ့ရဲ့ကျန်းမာရေ ကို အားမရပါဘူး။ ဒါပေမယ့် မပြောမဖြစ်လို့ လာပြောရတာ ယောနိသောမနသိကာယဆိုသလို အသင့်အတင့် နှလုံးသွင်း နာ ထောင်ပေါ့''

ဦးမင်းဟန်က ပြောလိုက်၏။

''အသင့်အတင့် နှလုံးသွင်း ဆိုပေမယ့်၊ မေ့ရဲ့ နှလုံးသား မှ ပရင့်ကျက်သေးတာ၊ ကဲ... ဆိုစမ်းပါဦး၊ ပြဿနာဆိုတာက ရှောင်လွ ကွင်းလို့ မလွတ်ရင် မြန်မြန် ရင်ဆိုင်လိုက်တာ အေးတယ်''

ခင်မေဆက်က ခပ်ပြုံးပြုံးပင် ပြောလိုက်၏။

''ဒီလို ဖြစ်နေတယ် မေ၊ ဦးမင်းချိန်ကရော ဒေါက်တာအု မောင်ကရော အကြံဉာဏ်ပေးလို့ မသိလို့ မဖြစ်တဲ့ ကိစ္စကလွဲပြီ မေ့ကို စိတ်ညစ်ရမယ့် ကိစ္စဆိုရင် တို့များဖုံးထားပြီး ကိုယ့်ဘာသာ ပြီးပြတ်အောင် လုပ်ကြတယ်။ တချို့လဲ ရှင်မင်းထွေးကိုပဲ အသိပေ တယ်။ အခုကိစ္စက ဂျွန်ရဲ့ကိစ္စ၊ ဂျွန်ရဲ့ကိစ္စဆိုပေမယ့် မေနဲ့ပတ်သ နေလို့''

ဒေါ်ခင်မေဆက်သည် ခေါင်းညိတ်ကာ နားထောင်ရင်း စိ ဝင်စားလာ၏။

''ဂျွန်ရဲ့အဖေ ဦးရွှေဦး ကွယ်လွန်တာလဲ မေနဲ့မပတ်သ တော့ တို့များ မေ့ကိုပြောမပြခဲ့ဘူး။ အဲဒါအတွက်လဲ စိတ်မကော မဖြစ်နဲ့ဦး။ သူ့ရောဂါနဲ့သူ အမှည့်ကြွေ ကြွေသွားတာ''



''ဩော်... အဘိုးကြီး ဆုံးသွားမှ ကိုး''

''အေး... သူကလဲ ချစ်ဒုက္ခ ဦးရွှေဦး ဖြစ်နေတာကြပြီပဲ။ ဒီလိုပဲပေါ့ကွယ်၊ အဘိုးကြီး ဆုံးပြီးတော့ မေကြည်သင်းလဲ တရားကျ ာပုံရတယ်။ ပြီးတော့ အဖြစ်က ဒီလိုဖြစ်လာတယ်။ မော်လီချွန်ဟာ ာပွဲအပြန် ကားမှောက်ပြီး ဆုံးသွားတယ်။ သူတို့တရားတွေ သူတို့ ာသာစီရင်လာတာ၊ မေ စိတ်ညစ်မနေနဲ့ဦး''

''မေ မညစ်ပါဘူး။ ဟိုအိမ်ကြီးက ဒါကြောင့် ပြောင်းလာတာ၊ ူတို့ တိုက်အိမ်ကြီးကို မမြင်ရရင် ဒီတိုက်အိမ်ကြီးကိုမြင်လို့ ဖြစ်ရတဲ့ ာကတစ်မီး မငြိမ်းပေဘူးလား။ မေကိုယ်တိုင်က ပါရမီ မရင့်တော့ ိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်အပူမီး ကိုယ်ငြိမ်းရတယ်၊ မဟုတ်ဘူး ား အန်တီဆွေ''

''ဟုတ်တယ် မေရေ ဘယ်သူ့နည်း ဘယ်ဝါ့နည်းရယ် ှတ်ပါဘူး။ ကိုယ့်သောကမီးကို ကိုယ့်ဘာသာ ငြိမ်းရာမှာ ငြိမ်းဖို့ ားဖို့ရာသာ ပဓာနကိုး'' ဒေါ်မြဆွေက ထောက်ခံလိုက်၏။

''မော်လီချွန်လဲ မရှိတော့ သူတို့အားလုံး ပြေပြစ်သွားတယ် င်တယ်။ ဂျွန်လဲ မေကြည်သင်းနဲ့အတူ အဲဒီတိုက်ကြီးမှာ ပြန်နေ ယ်''

''ဩော်.. သူ ပြန်ရောက်ပြီ''

''အေး... တစ်နေ့ကတော့ ဘကြီးဟန်ရဲ့ ရုံးခန်းကို ဒေါက်တာ င်းချိန် ရောက်လာတယ်။ သူတို့မှာလဲ မင်းတို့အိမ်လိုပါပဲ၊ ဒေါက်တာ ွန်က ပင်တိုင် ဆရာဝန်အဖြစ် တာဝန်ယူထားပေမယ့် အရေးကြီး း အခြေရောဂါ ရောက်လာရင် ဦးမင်းချိန်နဲ့ တိုင်ပင်ကုကြတာကိုး''

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းတွင်းသို့ ရှင်မင်းထွေးသည် ကော်ဖီများ ယူလာကာ ဧည့်သည်များရှေ့တွင် ချလိုက်၏။ သူသည် ဒေါ်ခင်မေဆက် မျက်နှာ ကို လှမ်းကြည့်လိုက်သည်။

"အထွေး ဒီမှာပဲ မင်း ထိုင်နေနိုင်ပါတယ်ကွယ်" ဒေါ်ခင်မေ ဆက်သည် ရှင်မင်းထွေးကို နားထောင်စေလိုကြောင်း ဆန္ဒရှိပုံရ၏။ ရှင်မင်းထွေးသည် ဧည့်ခန်းထောင့် တစ်နေရာတွင် ဝင်ရောက်ထိုင်ကာ နားထောင်နေ၏။

"ဦးမင်းချိန်က ပြောပြတယ်၊ ဂျွန်ရဲ့ကျန်းမာရေးကို ပြီးခဲ့တဲ့ လက အမေရိကားမှာသွားပြီး ပြန်လည်စစ်ဆေးတယ်။ သူ့အသည်း ကင်ဆာက အလွန်ဆုံးလပိုင်းပဲ ခံမယ်လို့ အမေရိကားက ဆရာဝန် တွေက ဆုံးဖြတ်လိုက်တယ်တဲ့။ ဂျွန်လဲ မြန်မာပြည်ကို ပြန်လာခဲ့တယ် ဦးမင်းချိန် အပါအဝင် ဒီကဆရာဝန်တွေကလဲ ဒီလိုပဲ ဆုံးဖြတ်ကြတယ် အသည်း ကျွမ်းနေပြီပေါ့ကွယ်"

"သူ အသည်းကျွမ်းတာ အချစ်ကြောင့် မဟုတ်ပါဘူး ဘကြီးဟန်ရယ်၊ အရက်ကြောင့်ပါ"

မေက ပြောလိုက်၏။

"အရက်ကတော့ မပြောနဲ့တော့၊ သေတော့မယ့် အတူ ဆက်ပြီးသောက်တော့မယ်တဲ့။ အခု အိပ်ရာပေါ်က မထနိုင်ဘူး။ အဲ တစ်နေ့က ဂျွန်က ဦးမင်းချိန်ကို ပြောပြတယ်။ သူဟာ လပိုင်းလော ပဲ ဒီလောကကြီးမှာ နေရမှာမို့ သူ့ရဲ့နောက်ဆုံး ဆန္ဒကိုဖြည့်ပါတဲ့ သူ့နောက်ဆုံး ဆန္ဒက "မေ"ကိုတွေ့ချင်တယ်တဲ့"

"ဘုရား...ဘုရား၊ မေ့ကို တွေ့ချင်တယ်" ဒေါ်မြထွေး ရှင်မင်းထွေးပါ ဘုရားတ, လိုက်သော ဒေါ်ခင်မေဆက်မျက်နှာကို ၍ ကြည့်လိုက်ကြ၏။



"ဟုတ်တယ်၊ တွေ့ရမယ့်ကိစ္စကလဲ အရေးကြီးလို့ပါတဲ့။ အဲဒါ ဦးမင်းချိန်ကလဲ ဘကြီးဟန်ကို လာပြီးပြောပြ အကြံဉာဏ်တောင်းရ တာပဲ။ မေ့ရဲ့ ကျန်းမာရေး အခြေအနေကိုလဲ ဦးမင်းချိန် သိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကိုတင်းပြီး လူ့ပြည်မှာ ကြာကြာမနေရတော့မယ့် လူသားတစ်ယောက်လို သဘောထားပြီး ဂျွန်ကို တွေ့ပါဦးလို့ ဘကြီး ဟန် မေ့ကိုတောင်းပန်တာပါ၊ ခဲအိုတစ်ယောက်အနေနဲ့လဲ သဘော မထားပါနဲ့။ ခင်မျိုးဆက်ကို ဝိုင်းနှိမ်လိုက်တဲ့အုပ်စုမှာ တစ်, တရားခံ အနေနဲ့လဲ သဘောမထားပါနဲ့တော့"

ဦးမင်းဟန်သည် ဖြည်းညင်းစွာ ပြောပြ၏။ ဒေါ်ခင်မေဆက် သည် စကားတစ်လုံးမှ ပြန်မပြောသေးပဲ၊ ရှေ့တူရူရှိ နံရံပေါ်တွင် ချိတ်ထားသော သူတို့ညီအစ်မ ဓာတ်ပုံကို ကြည့်လိုက်၏။ ပြီးတော့ ညာဘက်နံရံပေါ်ရှိ ပန်းပွင့်နှစ်ပွင့်ပါသော ပန်းချီကားကို ကြည့်လိုက်၏။ မျက်လုံးတွင် မျက်ရည်များ ဝိုင်းလာ၏။

"သူများရင်ညွန့်က သွေးတွေကိုဖောက်ပြီး သောက်လာခဲ့ တဲ့ တစ္ဆေမင်းဆက်တွေ ဒီအုတ်တိုက်ကြီးမှာ ရှိနေသေးသနော်။ ဂျွန် သွေးစုပ် တစ္ဆေမင်းသား"

ဒေါ်ခင်မေဆက်သည် အသံမှန်နှင့်ပင် ရွတ်ဆိုလိုက်၏။

"တစ္ဆေမင်းဆက်ရဲ့ နောက်ဆုံးမင်းသား၊ အဲဒီမင်းသားရဲ့ နောက်ဆုံးတစ်ချိန် ဆန္ဒကိုတော့ မေသဘောထားကြီးကြီးထားပြီး ဖြည့် လိုက်ပါကွယ်၊ ဂျွန်ကို လူသားတစ်ယောက်လိုပဲ သဘောထားပါ။ လူ သားစင်စစ်က တစ္ဆေဖြစ်ကြတယ်လို့ပဲဆိုဆို၊ ဒီလိုမထားနိုင်ဘူး ဘကြီး ဟန်ရဲ့လို့ဆိုလဲ မေသဘောထားချင်သလိုပဲ ထားပါတော့။ ဒါပေမယ့် အဲဒီတစ္ဆေဟာ နောက်ဆုံးတစ်ချိန် မေနဲ့တွေ့ရလို့ အကျွတ်တရားရ သွားကောင်းသွားတယ်ဆိုရင် မေ့ကုသိုလ် အင်မတန်ကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မေ အထပ်ထပ် စဉ်းစားပါ။ ဘကြီးဟန်လဲ ရွှေတိဂုံဘုရားမှာ ဒီနေ့ တက်ပြီး ရှိခိုးရင်းဆုတောင်းပါတယ်။ မေနဲ့ဂျွန်တွေ့ဖို့ တပည့်တော် ဆောင်ရွက်မယ့် ကိစ္စအောင်မြင်ပါစေလို့ အထူးဆုတောင်းခဲ့ပါတယ် မေရယ်''

ဦးမင်းဟန်၏ ဝတ်လုံသံမပါ ကရုဏာရသ မေတ္တာသံပါသော တောင်းပန်တိုးလျှိုးသော စကားလုံးများသည် ညှော်ခန်းတစ်ခုလုံးတွင် ဝဲပျံ့၍နေ၏။

''မေ့ကိုလေ စဉ်းစားဖို့ အချိန်ပေးပါဦး''

ဒေါ်ခင်မေဆက်က သူ့စိတ်ကို သူမနိုင်သေးဟန်နှင့် တောင်း ပန်၏။

''ဟုတ်ပါတယ်၊ စဉ်းစားသင့်ပါတယ်။ မေ့ကို အချိန်ပေးသ ပါတယ်။ ဆရာပန်ကြီးတွေက ဂျွန်ရဲ့အသက်ပိုင်းကို တစ်လအတွင်း ပိုင်းဖြတ်ခဲ့တယ်။ ဒါဟာ သိပ္ပံပညာရှင် ဆရာဝန်ကြီးတွေရဲ့ အ အဖြတ်၊ တို့များ ရှင်တော်မြတ်စွာဘုရားကတော့ ကွေးသောလ မဆန့်ခင် ဆန့်သောလက်မကွေးခင် သေခြင်းတရားဟာ မြန်ဆန် ပါတယ်တဲ့၊ ဆရာဝန်ကြီးများ ဆေးပညာအမြင်နဲ့ ကင်ဆာရောဂါကို ကြည့်ပြီး သတ်မှတ်ကြပေမယ့် အကုသိုလ်ကံတစ်ပါးပါးက ဖြတ်လို လို့ အခြားရောဂါ ဖောက်လာပြီး၊ ဂျွန်အချိန်မရွေး သေသွားနိုင်တယ် မသေနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ ဒီတော့မှ နောင်တစ်ဖန် တတ်တဲ့ မေ့ရဲ့စိတ်မှာ တစ်ခါ ဒီရောဂါက ဝင်လာဦးမယ်။ ဂျွန်တ ငါ့ကို တွေ့ချင်ရှာတယ်။ တွေ့ချင်လွန်းလို့ တသသ တတတနဲ့ ခိုင်းတာကို ငါသွားမတွေ့လိုက်မိဘူး။ သေခါနီး လူတစ်ယောက် ဆန္ဒကို ငါမဖြည့်လိုက်မိဘူး။ ငါဟာ သိပ်ပြီး အတေးအမှတ်ကြီး



မိန်းမပါလားလို့ မေ နောင်တရတာ ဘကြီးဟန် မကြည့်ပါရစေနဲ့။ မင်းဖေဖေ ဦးဆက်ရဲ့ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ စိတ်ကို ပြန်ပြီးသတိ ရပါဦး။ မြတ်နိုးစရာအမွေတစ်ခုအနေနဲ့ ဆက်ပြီးထိန်းထားပါဦး၊ ပြီးတော့ မင်းအင်မတန်ချစ်ပြီး ရှင်လျှက်နဲ့ခွဲခွာနေရတဲ့ မင်းရဲ့မမ ခင်မျိုးဆက် နဲ့ဂျွန်တွေ့လိုတဲ့ကိစ္စနဲ့ကလဲ ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ် လို့ ဘကြီးဟန် ထင်တယ်လေ''

မေသည် ဦးမင်းဟန်စကားအဆုံးတွင် သူ့လက်ကိုင်ပဝါဖြူကို မျက်လုံးတွင် အုပ်ကာ လက်ဝါးနှစ်ဖက်ကို ပါးပြင်ပေါ်တွင် ဖုံးထား၏။ သူ့စိတ်လှုပ်ရှားမှုကို အပါးတွင်ထိုင်နေသူ သုံးယောက်သည် မျက်လုံး တွင် မမြင်ရသော်လည်း အသက်ပြင်းပြင်း ရှူရှိုက်၍ နိမ့်တုံမြင့်တုံ ဖြစ်နေသော ရင်အုံတွင်မြင်ကြရ၏။ ပြီးတော့မှ ခင်မေဆက်သည် မျက်နှာမှ သူ့လက်ဖဝါးကို ခွာလိုက်၏။

''ညနေ...ညနေကျမှ မေစကားပြန်ပါရစေတော့ ဘကြီးဟန်''

''ကောင်းပြီလေ၊ ဒါလောက်ကတော့ ဖြစ်သင့်ပါတယ်။ ညနေ ကျရင် ဘကြီးဟန် ကားနဲ့လာခဲ့မယ်။ ဒီတော့သာ ဂျွန်ဆီလိုက်ဖို့ မေ အဆင်သင့်ပြင်ထားတာကို တွေ့ရပါစေလို့ ဘကြီးဟန် ဆုတောင်း ပါတယ်ကွယ်၊ ကဲ ထမင်းတော့ နောက်မှအေးအေးဆေးဆေး လာ စားမယ်''

''အန်တီဆွေတို့ ပြန်ဦးမယ် မေ၊ မင်းရဲ့ဘကြီးဟန်နဲ့အတူ ညနေကျ အန်တီဆွေ လိုက်လာခဲ့မယ်''

ဒေါ်မြဆွေကပါ နှုတ်ဆက်၍ သူတို့နှစ်ယောက်ပြန်သွားကြ သည်။ ကားပေါ်အထိ ရှင်မင်းထွေးက လိုက်၍ပို့၏။ ဒေါ်ခင်မေဆက် သည် နွမ်းပျော့စွာ ဆိုဖာနောက်မှီတွင် ကိုယ်ကိုပုံ့ကာ မှိန်းကျန်ရစ် တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တစ်နေ့လုံး ဒေါ်ခင်မေဆောက်သည် အိပ်ခန်းထဲမှမထွက် နံနက်စာ ထမင်းကိုပင် ယွန်းဗန်းလေးနှင့်ပြင်ကာ သူ့ရဲ့အိပ်ခန်းထဲသို့ ရှင်မင်းထွေးကိုယ်တိုင် ယူသွားရ၏။ နံနက်စာကိုလည်း ဟန်လောက်သာ စားသည်ကို ရှင်မင်းထွေးတွေ့ရ၏။

ဇာတ်လမ်း၏ အစပိုင်းကိုလည်း ဝိုးတဝါးသာ သူပြောလို့ကြား နှင့် သိခဲ့ရသော ရှင်မင်းထွေးသည် ယခုလည်း ဇာတ်လမ်းဘယ်ဆက် ခင်းမည်ကို သူမသိသေး။ သို့သော် သိရသလောက် သူ့အတွေးစိတ် ဖြင့် သူ့စိတ်ထဲတွင်တော့ ကြိတ်၍ဆုတောင်းမိ၏။ သူမမြင်ဖူးသော အန်ကယ်ဂျွန်ဆိုသူနှင့် အန်တီမေတို့ တွေ့ဖြစ်ပါစေဟု ဆုတောင်းမိ ထိုတွေ့ဆုံခြင်းမှ ကောင်းသောအဖြေ ထွက်လာလိမ့်မည်ဟုလည်း ယုံကြည်မိ၏။

ဆည်းဆာ ညနေခင်းတွင် အန်တီမေ ဘယ်လိုဆုံးဖြတ်မှာ ဟူသော သိလိုစိတ်ကြောင့် တစ်နေ့လုံး သူအလုပ်လုပ်သော်လည်း စိတ်မဖြောင့်လှပေ။

သူသည် ကြိမ်ပန်းခြင်းလေးကို လက်တွင်ဆွဲရင်း ညနေခ ဘုရားပန်းများလဲလှယ်ရန် ခြံထဲဆင်း၍ ပန်းများကိုခူးနေ၏။ နှင်း ပွင့်များ တစ်ပွင့်ပြီးတစ်ပွင့် ရွေးပြီးညှပ်လိုက်ရင်း အနောက်ဘ မိုးကုတ်စက်ဝိုင်းကို ကြည့်လိုက်ရင်း ဂနာမငြိမ် ဖြစ်နေမိ၏။ နေမဝင်ခ အောင်မြင်သော ဇာတ်သိမ်းခန်းကို ကြည့်ပါရစေဟု စိတ်ထဲမှ ဆုတော မိ၏။

ဦးမင်းဟန်ကားကြီးသည် ဆင်ဝင်အောက်သို့ ထိုးရပ်လာ သူသည် ကားအနားသို့ ပြေးလာ၏။ သူ့ကိုမြင်သောအခါ ဦးမင်းဟ သည် ကားတံခါးကိုဖွင့်၍ ဆင်းလာသည်။



"မေကော... ရှင်မင်းထွေး"

ရှင်မင်းထွေးသည် လက်ညှိုးလေးကို နှုတ်ဖျားတွင် တေ့ကာ အသံနှိမ့်၍ ပြောလိုက်၏။

"တစ်နေ့လုံး အခန်းထဲကမထွက်ဘူး ဦးမင်းဟန်ကားရောက် နိုင်တဲ့ အန်တီမေ့ တံခါးကိုလာခေါက်လှည့်လို့ အထွေးကိုမှာထားတယ်၊ အထွေးသွားပြီး တံခါးကိုခေါက်ဦးမယ်နော်"

"အန်တီဆွေလဲ လိုက်မယ်"

ရှင်မင်းထွေးနှင့် ဒေါ်မြဆွေသည် ဒေါ်ခင်မေဆောက်၏ အိပ်ခန်းဝ သို့ သွားကြ၏။ ရှင်မင်းထွေးသည် အိပ်ခန်းဝ ကျောက်စားပွဲပေါ်သို့ န်းခြင်းလေးကိုတင်ထားကာ အိပ်ခန်းတံခါးကို ညင်သာစွာခေါက်လိုက် သူတို့နှစ်ဦးလုံးအသက်ကို ဖြည်းညင်းစွာရှူနေကြ၏။

"ဂျလောက်"ဟူသော အခန်းတံခါးဖွင့်သံမှာ ခါတိုင်းကြားနေ ထက် ပိုကျယ်သည်ဟု သူတို့ထင်သည်။

"အန်တီမေ လိုက်ဖြစ်တယ်နော်" ရှင်မင်းထွေးသည် အထိန်း အချုပ်မရှိတော့သလို ဝမ်းမြောက်ဝမ်းသာ အော်လိုက်၏။ အဘယ် ကြောင့်ဆိုသော် အပြင်ထွက်သော အဝတ်အစားအပြည့်အစုံနှင့် ဒေါ်ခင်မေဆက်ကို တံခါးဖွင့်အလာတွင် တွေ့ကြသောကြောင့်ဖြစ်၏။ အန်တီမြဆွေ၏ မျက်နှာကလည်း ပြုံးရွှင်သွားသည်။ ဦးမင်းဟန်သည် ကား၏မှန်တံခါးကို ဝမ်းမြောက်စွာ ဖွင့်၍ကြို၏။

ကားကြီး ဆင်ဝင်အောက်မှ ထွက်ခွာသွားပြန်ပြီ။

"ဘုရားသခင်တန်ခိုးတော်ကြောင့် ဤဆည်းဆာသည် ညနေ ဆည်းဆာပင် ဖြစ်သော်လည်း အောင်မြင်သော ဆည်းဆာချိန်ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



စေသတည်း။ ဆက်မိသားစုနှင့် ရွှေမိသားစုတို့ ပြန်လည်ချစ်ကြည်
တွေ့ဆုံကြမည့် ဇာတ်သိမ်းခန်း၏အစပျိုးချိန် ဖြစ်ပါစေသတည်း"

ရှင်မင်းထွေးသည် တစ်ယောက်တည်း ဆုတောင်းရင်း
ရစ်၏။

မကြည့်လို မမြင်လိုပါသော တစ္ဆေအုတ်တိုက်ကြီး၏
ထပ်သို့တက်ရာ လှေကားထစ်များကို ဒေါ်ခင်မေဆက်သည် ခြေလှ
မှန်မှန်နှင့်တက်၏။ သူ့အပါးတွင် အန်တီမြဆွေသည် ယှဉ်လျက်လို
ပါလာ၏။ နောက်ဆုံးတွင် လိုက်လာသူမှာ ဦးမင်းဟန်ဖြစ်သည်။
ကားထိပ်တွင် ဆီးကြိုနေသူတို့မှာ ဆရာဝန်ဝင်းမွန်နှင့် ဒေါ်မေကြည်သ
ဖြစ်သည်။ သူတို့အားလုံး တိတ်ဆိတ်စွာ အခန်းကျယ်ကြီးတစ်ခုထဲ
ဝင်သွားကြ၏။ အိပ်ခန်းအလယ်တွင် အသားအရေဝါဖျော့၍
အားနည်းနေသော လူနာတစ်ယောက်ကို ခုတင်ပေါ်တွင် တွေ့ရသ
ခုတင်ဘေးတွင်မူ သမားတော်ကြီး ဆရာဝန်ဦးမင်းချိန်နှင့် ဦးရွှေ
မိသားစု၏ ဝတ်လုံတော်ရ ဦးချန်စူးကို တွေ့ရသည်။

ဒေါ်ခင်မေဆက်သည် ခုတင်အပါးတွင် ဦးချန်စူးပေး
ကုလားထိုင်တွင် ငြိမ်သက်စွာထိုင်လိုက်သည်။ လူနာသည် ဝါဖျော့
အရိုးသာသာမျှသာရှိတော့သော သူ၏ညာလက်ကို ကမ်းလိုက်သ
ဒေါ်ခင်မေဆက်သည် လူနာ၏လက်ကို ညင်သာစွာဆွဲယူ၍ ခေ
ဆုပ်ကိုင်ကာ လူနာရင်ဘတ်ပေါ်သို့ ပြန်တင်လိုက်၏။

"မေ. . .ဂျွန်လေ၊ သိပ်ဝမ်းသာတာပဲ"

လူနာ၏အသံမှာ ပါးရိုးများငေါထွက်နေသော မျက်နှာလော
မကျ၊ နဂိုသံရှိနေသေးသည်။ လှိုက်လှဲစွာ ပြောနေကြောင်း တော
နေသေးသည့် မျက်လုံးက ဖော်ပြနေ၏။



"မေနဲ့ဂျွန် ဒီအချိန်မှာ ပြန်တွေ့ရလိမ့်မယ်လို့ ဂျွန်မမျှော်လင့်
ပါဘူး။ မေ့ကိုတွေ့လိုက်ရင်ပဲ ဂျွန့်စိတ်ထဲမှာ သာမုခေါ်မိတယ်။ ငါထင်
သလောက်အခြေအနေမဆိုးဘူး။ မေ ငါတို့ဆွေမျိုးတစ်သိုက်အပေါ်
မှာ ခွင့်လွှတ်နိုင်ပေတယ်လို့ ဝမ်းမြောက်ဝမ်းသာ သာမုခေါ်မိပါတယ်"
ဂျွန်သည် ဖြည်းညင်းစွာ တစ်လုံးချင်းပြောကာ ခေတ္တနားလိုက်၏။
ပြီးတော့မှ သူ့ခေါင်းအုံးဘေးနားတွင် ချထားသော စာအိတ်တစ်အိတ်
ကိုယူကာ မေ့လက်ထဲသို့ ကမ်းလိုက်သည်။

"မေ. . .ဒီစာကိုဖတ်ပါ"

ဒေါ်ခင်မေဆက်သည် ဖွင့်ပြီးဖြစ်သော စာအိတ်ထဲမှ ရှည်လျား
သော စာရွက်များကိုယူကာ ဖတ်နေ၏။ သူ့လက်ဖျားသည် တဆတ်
ဆတ် တုန်ကာ သူ့ရင်တွင်း မည်သို့လှုပ်ရှားနေသည်ကို ဖော်ပြနေ၏။
သူ့မျက်လုံးတွင် ပုလဲဥတွေ တွဲလွဲခိုနေသလို မျက်ရည်စက်များ ရစ်ဝိုင်း
နေသည်။ အပြင်သို့သွန်ကျမလာသော မျက်ရည်ဥများက တင်းထား
သော စိတ်အရှိန်ကို ညွှန်ပြနေကြ၏။ စာဖတ်အပြီးတွင် စာရွက်များကို
သူ့ရင်တွင်ပိုက်ထား၏။ ပြီးတော့ ဂျွန်၏မျက်နှာကို ကြည့်လိုက်သည်။
ဂျွန်သည် ဖြည်းညင်းစွာ စကားကိုဆက်ပြောလိုက်၏။

"သံသရာဝဋ်ကြွေးကိုဖြင့် မသေခင် ဖြေဆပ်ခဲ့ပါရစေမေ၊
အီစွအဝဝကို ဝတ်လုံတော်ရ ဦးချန်စူးရော အန်တီမေကြည်သင်းက
ရော ဂျွန်အားလုံး ပြောပြခဲ့ပြီးပါပြီ"

"ဟုတ်ပါတယ်"

ဦးချန်စူးရော ဒေါ်မေကြည်သင်းရော တပြိုင်နက်လိုလို
ပြောကြ၏။

"တကယ်ဆိုတော့ အန်တီမေကြည်သင်း ပိုင်တာက ဦးစိတရ

www.burmeseclassic.com

www.burmeseclassic.com



လမ်းတိုက်၊ ဖေဖေတစ်ယောက်တည်းမို့ ဒီအိမ်မှာအတူနေပြီး ပြုစု[illegible] တာ။ ဒီတိုက်အိမ်ကြီးက ဂျွန့်ရဲ့နာမည်နဲ့ပဲ၊ ဂျွန်ကွယ်လွန်ရင် ဒီအိ[illegible] ကြီးအပါအဝင် ဂျွန်ပိုင်သမျှ ပစ္စည်းအရပ်ရပ်ဟာ ဂျွန်ရဲ့ရင်သွေးပဲ ဆက်[illegible] ပိုင်ခွင့်ရှိပါတယ်။ ဂျွန်ဒါကြောင့် စာချုပ်စာတမ်းအခိုင်အမာနဲ့ အ[illegible] သက်သေတွေရှေ့မှာ လွှဲအပ်ခဲ့ပါတယ်။ ကဲ ဦးချန်စူး စာချုပ်[illegible] ထုတ်ပါ''

ဦးချန်စူးသည် စာချုပ်သုံးစောင်ကို ထုတ်ကာ ဒေါ်ခင်မေဆ[illegible] တစ်ခု၊ ဒေါ်မေကြည်သင်းတစ်ခု၊ ဂျွန်တစ်ခုပေး၍ လက်မှတ်ထိုးရ[illegible] နေရာများကို အားလုံးပြ၏။

တရားဝင် မှတ်ပုံတင်ကိစ္စတွေကအစ ရုံးအလုပ်ကို[illegible] ကျွန်တော် ဆက်လက်ဆောင်ရွက်ပါ့မယ်။ ကဲ အသိသက်သေအ[illegible] ဝတ်လုံတော်ရ ဦးမင်းဟာန် ဇနီးမောင်နှံနဲ့ ဒေါက်တာဦးမင်းချိန်တို့[illegible] လက်မှတ်ထိုးပါ''

ဦးချန်စူးသည် သူလုပ်ဆောင်ရမည့် ကိစ္စအဝဝကို ကျွမ်း[illegible] စွာ ဆောင်ရွက်လိုက်၏။ အားလုံးပြီးလျှင် ဂျွန်သည် ဖြည်းညင်[illegible] သက်ပြင်းချလိုက်၏။ ယခုမှ သူ့ရင်တွင်ပေါ့ပါးသွားသလို ပါးစပ်မှ [illegible] ကို မှုတ်ထုတ်လိုက်၏။ ပြီးတော့ မေ့မျက်နှာကို စေ့စေ့ကြည့်ရင်း [illegible] ၏ ပါးပြင်တွင် မျက်ရည်များစီးကျလာ၏။

မေက မငို။ ဂျွန်က ငိုသည်။ ဤနေရာ၌ ဂျွန်က ငိုရပေမ[illegible] ခြောက် တစ္ဆေတို့သည် ငိုကြွေးတတ်၏။

''မေ့ရင်ခွင်ထဲက စာအရ ကျွန်တော့်ရင်သွေး ဘယ်သူ[illegible] တာ မေက သတ်မှတ်ပါလိမ့်မယ်။ မေ ဒီစာကို ယူသွားနိုင်ပြီ။ ဒီစာ[illegible] အကြောင်းတွေကို ဦးချန်စူးရော ဒေါ်မေကြည်သင်းရော သိပြီး[illegible]



[illegible]မေ ပင်ပန်းနေရှာမယ်၊ မေ စကားပြောလေ ပြောပါဦးမေရဲ့၊ ခွင့်လွှတ် [illegible]ဘယ်ဆိုရင် စကားလေးတစ်လုံး ပြောခဲ့ပါ။ စကားပြောနိုင်လောက် [illegible]အောင် အားမရှိတော့ဘူးဆိုရင် ဂျွန်ရဲ့ကမ်းပေးတဲ့ ဒီလက်ကို နောက်ဆုံး [illegible]မ်းခဲ့ပါ''

မေသည် ဂျွန်ကမ်းပေးသော လက်ကို လှမ်းယူ၏။ နမ်းတော့ [illegible]နမ်းပါ။ သူ့နဖူးနှင့် ညင်သာစွာထိ၍ အသာပင်လွှတ်လိုက်သည်။ [illegible]ဒေါ်ခင်မေဆက်သည် ဖြည်းညင်းစွာ ထလိုက်၏။ ရောက်သည်မှ ပြန် [illegible]သည်အထိ မေ စကားတစ်လုံးမှ မပြောခဲ့ပေ။

ဦးမင်းဟာန်၏ကားသည် ဒေါ်ခင်မေဆက်အိမ် ဆင်ဝင်အောက် [illegible]သို့ ပြန်လည်ဆိုက်ရောက်လာခဲ့၏။ ဆင်ဝင်မီးကိုဖွင့်ကာ တစ်ယောက် [illegible]တည်း စောင့်နေရသည်မှာ ရှင်မင်းထွေးပင်ဖြစ်သည်။ လှေကားထစ် [illegible]ကျောက်ခုံလေးပေါ်တွင် ထိုင်နေသူမှာတော့ ဒေါ်ခင်မေဆက်၏ကား [illegible]မောင်းသူ ဒီဗန်းဖြစ်သည်။

ဒီဗန်းက ကားတံခါးကိုဖွင့်ပေးလိုက်သောအခါ ဒေါ်ခင်မေ [illegible]ဆက်သည် ဖြည်းညင်းစွာ ဆင်းလာ၏။ ရှင်မင်းထွေးသည် မေ၏လက် [illegible]များများကို ဆီး၍ကိုင်လိုက်သည်။ လက်များသည် အေးစက်နေတော့ [illegible]သည်။ ဦးမင်းဟာန်နှင့် ဒေါ်မြဆွေသည် ကားပေါ်မှ ခေတ္တဆင်းလာ၏။

''မလိုတော့ပါဘူး ဘကြီးဟာန်၊ မေနေကောင်းပါတယ်။ မေ [illegible]အားချင်ပြီ၊ တစ်ခုပဲ ဂျွန်ရဲ့နောက်ဆုံးနေ့ကိုဖြင့် မေသိပါရစေ။ မေစိတ် [illegible]နိုင်ပါတယ်။ တော်ကြာ ဘကြီးဟာန်တို့က မေ သွေးအားလျော့ကျ [illegible]သွားတတ်လို့ မပြောပဲနေမှာစိုးလို့ပါ။ ကဲ...မေသွားမယ်''

မေသည် ရှင်မင်းထွေးကိုင်ထားသော လက်ကိုပင် ဖြုတ်၍ [illegible]၏.အိပ်ခန်းရှိရာသို့ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အထွေး မင်းအန်တီမေ ဒီညနေဘက် တော်တော် စိတ်လှု… ရှားရခဲ့တယ်၊ အထူးဂရုစိုက်လိုက်"

ဦးမင်းဟန်သည် ရှင်မင်းထွေးအား တီးတိုးမှာ၍ ပြန်လာ… တော့သည်။ ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက် အိပ်ခန်းသို့ အ… အလွှားလိုက်သွား၏။ ညဝတ်အင်္ကျီကို ထုတ်ပေးလိုက်သည်။

"မိုးတောင်ချုပ်သွားပြီ အထွေးစိတ်မချလို့ တယ်လီဖုန်း ဆ… မယ်တောင် စိတ်ကူးသေးတယ်။ အန်တီမေ မကြိုက်မှာစိုးလို့"

"ကျေးဇူးတင်ပါတယ် အထွေးရယ်၊ အန်တီမေ နားဦးမယ်"

"မအိပ်ခင် တစ်ခုခုသောက်ဦးမလား"

"ဟောလစ်တစ်ပန်းကန်ပဲ ယူခဲ့တော့"

ရှင်မင်းထွေးသည် အပြင်ထွက်သွားကာ ဟောလစ်ဖျော်… ယူခဲ့၏။ အိပ်ရာပေါ်တွင် ကိုယ်လက်ကို လျော့ကာလှဲနေသော… ဒေါ်ခင်မေဆက်သည် သူ့ကိုလှမ်းကြည့်လိုက်၏။

"အန်တီမေ့ ... လက်ကိုင်အိတ်ကို ဖွင့်လိုက်စမ်း အထွေ… အန်တီမေ ညနေကကိုင်သွားတဲ့ လက်ကိုင်အိတ်ကိုလေ၊ ဖွင့်လိုက်… အဲဒီအထဲမှာ စာတစ်အိတ်ပါလာတယ်"

အထွေးသည် သူပြောသည့်အတိုင်းလုပ်ကာ ဒေါ်ခင်မေဆ… ရှိရာသို့ စာကိုယူလာသည်။

"ဒီစာကို အထွေးဖတ်ပြီး မီးခံသေတ္တာထဲမှာ ထည့်ထာ… ဒီမှာ သော့၊ ဒီစာကို ဖတ်နိုင်းထားရတာက အန်တီမေရောဂါက ရုပ်ရှ… တွေ၊ ဇာတ်တွေထဲမှာလို သေကာနီး စကားအရှည်ကြီးပြောနိုင်… မဟုတ်ဘူးထင်တယ်"



"အို ... အန်တီမေ မသေနိုင်ပါဘူး"

"သိပါတယ်လေ၊ ရုတ်တရက် မသေပါဘူး။ ဖြည်းဖြည်းသေ… …ဲ နှလုံးသွေးရပ်လွယ်တော့ မသေခင် ဘာမှပြောနိုင် လုပ်နိုင်မှာ …ဟုတ်ဘူး။ ပြောနိုင်ရင်တော့ ကောင်းတာပေါ့။ ဒီစာကိုဖတ်ပြီး မီးခံ …သေတ္တာထဲသိမ်းထား၊ အန်တီမေ ရုတ်တရက် မှာချိန်မရတောင် မင်း …ကို ဘကြီးဟန်လက်ထဲ ထည့်လိုက်နော်။ သူဆောင်ရွက်စရာရှိ …ာ ဆောင်ရွက်လိမ့်မယ်။ စာသိမ်းပြီးရင် သော့ကို အန်တီမေကို …ပေး"

ဒေါ်ခင်မေဆက်သည် ဟောလစ်ကိုသောက်ပြီး အိပ်ရာတွင် …ဲ့လိုက်၏။

ရှင်မင်းထွေးသည် အိပ်ရာဘေးရှိ ကြိမ်ကုလားထိုင်ပေါ်တွင် …ိုင်ကာ ဒေါ်ခင်မေဆက် ဖတ်ခိုင်းသောစာကို အသံမထွက်ဘဲ ဖတ်နေ… စာရေးလိုက်ချိန်မှာ ကြာမြင့်ပြီဖြစ်ကြောင်းကို မင်ရောင်က ပြနေ …သည်။

…်လုစွာသောဂျွန်

နေသာတဲ့ နေ့တစ်နေ့မှာ ဒီစာကို ရေးလိုက်ပါတယ်။ ဒီစာကိုရေးနေတဲ့ မြေကတော့ မြန်မာတို့ရဲ့မြေလို ပူနွေး တောက်ပတဲ့ နေရောင်ခြည်ကို ရာသီမပြတ် မြင်ရတဲ့မြေ မဟုတ်ပေဘူး။ နှင်းမှုန်တွေ ရစ်သိုင်းပြီး အစဉ်နေတတ်လေတော့ ခုလိုနေသာတဲ့နေ့မှာ အထူးတလည် လွမ်းဆွတ်လို့ ဒီစာကို ရေးလိုက်တာပါ။

ရေးသူကတော့ ဂျွန်တစ်ခါက ချစ်ဖူးခဲ့တဲ့ မိခင်မျိုးဆက်ပါ… ဒီစာကို ရေးနေချိန်မှာလဲ ဂျွန်ရဲ့ရင်သွေးဟာ မျိုးရဲ့ရင်သွင်း…မှာ

www.burmeseclassic.com

www.burmeseclassic.com



ပုပုနွေးနွေး မျိုးရဲ့အသားလွှာနဲ့ ထွေးထားလို့ ပြင်ပရဲ့အအေး ဒဏ်ကို မထိ တွေ့ရသေးဘူး။ သြော်... သူကလေး ဘယ်အချိန် ပြင်ပလောကကို ရောက်လာမယ်မသိဘူး။ သိပ်တော့မလိုတော့ ပါဘူး။ သူကလေးကိုတော့ဖြင့် မြန်မာမြေပေါ်မှာ ဆွေမျိုးတွေ အလယ်မှာ ကြီးပြင်းစေဖို့ မျိုးကြိုးစားမှာပါ။ မိခင်မျိုးဆက်မှာ တော့ ဟပ်လာတဲ့အပူရှိန်တွေကို မခံနိုင်လွန်းလို့ တစ်နိုင်ငံကို လွင့်စဉ်ထွက်လာရခြင်းပါပဲ။

ဂျွန်... မိန်းမတွေဟာ သူရူးတွေပါ။ သူတို့ကို လည်တယ် ပလီတယ်လို့ ကျမ်းအစောင်စောင် ဖွဲ့ထားပေမယ့် တကယ်ချစ် လာရင် အဲဒီမိန်းမတွေအချစ်မှာ မျက်စိမရှိဘူး။

အဆောင်က သူငယ်ချင်းတွေကပြောတယ်။ ဂျွန်ဟာ တော်ရုံတန်ရုံ ပွေရုံလောက်နဲ့တော့ မျိုးရယ် ဂျွန်နဲ့မင်းယူဖို့ ကိစ္စမှာ မင်းကို တို့မကန့်ကွက်ပါဘူး။ ခုတော့ မင်းရဲ့ဂျွန်ပွေပုံ ဟာ မိန်းမသားဆိုတဲ့ မျိုးဆက်တစ်ဆက်ကို စော်ကားနေသလို ပဲတဲ့။

ဇနီးတံ ပါကံဇနေတိတဲ့။ တူသောအကျိုးကို ပေးတတ် တယ်လို့ မြတ်ဘုရားဟောတာ တယ်မှန်တယ်နော်။ မခ တင်မာလာဟာ ဂျွန်တို့အိမ်နောက်က ရေကန်မှာ ကံကြမ္မာရဲ့ စတေးခြင်းကို ခံရပြီမို့ မျိုးလေ ဂျွန်တို့ဆွေစဉ်မျိုးဆက်ကို ကံမင်းတရားက ဒီလောက်ဒဏ်ခတ်တာ တော်လောက်ပါပြီလို့ ယူဆမိတယ်။ အပြစ်မဲ့သူ မမတင်မာလာအတွက်တော့ အလွန် ကြောက်မိပါတယ်။ ဒီအထိလဲ ဂျွန့်အပေါ် မျိုး ခွင့်လွှတ်နိုင် ပါသေးတယ်။

ခွင့်လွှတ်နိုင်လို့ပဲ လသာတဲ့ ညတစ်ညမှာ ချစ်လှစွာသော ညီမလေး ခင်မေဆက်ကို ဒေါက်စရစ်ပင်အောက် တစ်ယောက် တည်းထားရစ်ခဲ့ပြီး မလွယ်တံခါးပေါက် ခြံဝန်းစပ်မှာစောင့်နေတဲ့ ဂျွန်ရှိရာကို မျိုးလျှောက်လာခဲ့တာပေါ့။ ဒီကတည်းက မလွယ် ပေါက်ကို အသေပိတ်ပြီး မိခင်မျိုးဆက်လဲ ဆက်မိသားစုနဲ့ အဆက်အသွယ် ပြတ်ခဲ့ရတယ်။ ကိုယ့်မိသားစုရဲ့ အပြစ်ပယ်ခံ ပြီး ဂျွန့်ကို မျိုးချစ်လာခဲ့ရတာပါ။

ချစ်လွန်းလို့လဲ အဖိုးတန် အချိန်တွေကို လုံးဝမီးဖိုချောင် တစ်ခုတည်းမှာ မြှုပ်နှံပစ်လိုက်တယ်။ ချွေးမကောင်းပီသအောင် နေခဲ့တယ်။ မျိုးတို့အမေ ဒေါ်ခင်စောမှုက သမီးတွေကို ခေတ် ပညာပေးခဲ့သလိုပဲ၊ မီးဖိုချောင် ထိန်းသိမ်းတတ်ဖို့ကိုလဲ စနစ် တကျ သင်ပေးခဲ့တဲ့ မိခင်တစ်ယောက်ပါ။ ဒါကြောင့် မျိုးမီးဖို ချောင်ကို နိုင်နင်းခဲ့ပါတယ်။ လင်ကိုချစ်ရင် လင့်ဆွေမျိုးကိုလဲ သည်းခံရမယ်ဆိုတဲ့ မိခင်ကြီးအဆို အမိန့်ကြောင့် ယောက္ခမတွေ ကိုရော အန်တီမေကြည်သင်းအပေါ်မှာရော သင့်မြတ်အောင် တည့်အောင်ပေါင်းပြီး သည်းခံခဲ့ပါတယ်။

သည်းခံခဲ့လို့ပဲ ပုံတွေ ဒဏ္ဍာရီတွေထဲမှာပဲ ကြားဖူးတဲ့ ကုမုဒြာ ကြာကို ခုနစ်ရက်အတွင်း ရှာပေးရမယ်။ နှမ်းနက်တစ် တင်းနဲ့ နှမ်းဖြူ တစ်တင်းရောပြီး သုံးရက်အတွင်း အပြီးတစ် သန့်စီရွေးခိုင်းတဲ့ မေတ္တာရီ နှိပ်စက်ညှဉ်းပန်းမှုမျိုးကိုလဲ မျိုး သည်းခံခဲ့တာ ဂျွန်အသိပါပဲ။

ဒီအထိလဲ ဂျွန်တို့မိသားစုကို မျိုးခွင့်လွှတ်နိုင်ပါသေးတယ်။ သြော် တစ်ဖက်ခြံက ဆက်မိသားစုကဖြင့် ဒီဘက်ခြံ အုတ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ သူတို့မိသားစုထဲက ခင်မျိုးဆက်ဆိုသူတစ်ယောက် ထွက်ပေါ်မရှိအောင် သွေးအေးအေးနဲ့ ဘယ်လောက်စိတ် ဓာတ်ကို ညှဉ်းပန်းနှိပ် စက်နေကြတယ်ဆိုတာကိုဖြင့် မသိရှာကြ ပေဘူး။ သိလဲ မသိစေချင်ပါဘူး။ သိလာခဲ့ရင် စိတ်ဓာတ်အရှိန် ကြီးမားသူတွေပီပီ ဆက်လက်ပြီး ရန်မီးပွားမှာကို မျိုးစိုးရိမ် လှပါတယ်၊ အင်းဝသူ ဘုရင့်သမီးတော်ဟာ နဖူးကရတဲ့ ဒဏ်ရာ ကသွေးကို ငွမ်းနဲ့တို့ပြီး ခမည်းတော်ထံ ပို့မိလို့ ဟံသာဝတီနဲ့ တောင်ငူစစ်ဖြစ်ရတဲ့ အဖြစ်မျိုးလဲ မဖြစ်စေချင်ပါဘူး။ ဘသ အဆက်ဆက်က ပြုခဲ့တဲ့ ကုသိုလ်တွေမှာ လော့ဘ၊ ဒေါသ မောဟခြံရံပြီးပြုခဲ့လို့ ခုဘဝချမ်းသာပါလျက်နဲ့ မေတ္တာရိပ်အေ နည်းနဲ့ နှိပ်စက်သမျှ ငုံ့ခံနေရတာပဲလို့ သဘောပေါက်ပြီ ဒီဘဝမှာ တတ်နိုင်သလောက် အေးအောင်နေပြီး ကိုယ် တစ်ယောက်အတွက်ကြောင့် ရန်မီးမပွားအောင် နေခဲ့ပါတယ်

"ဆက်မိသားစု"ဆိုပြီး ရန်ကုန်မှာ ကြီးကျယ်နေလိုက်တာ သရက်ချောင်းက တောသူအစုတ် မိစောမှက မွေးခဲ့တာလို့ ဌွန်အဖေကြီးက မျိုးနဲ့ချီပြီး ရှုတ်ချတာကိုလဲ ခေါင်းငုံ့ခံခဲ့တာ ဌွန်ဒီစာကို သည်းခံပြီး ဖတ်ပါဦးနော်၊ လူ့အသိုင်းအဝိုင် ပစ်ပယ်ခံရတဲ့ အယုတ်ညံ့ဆုံးလို့ သတ်မှတ်ထားတဲ့ သူတော စားတောင် ဘယ်လိုရှာလို့ ငွေရရ သူဌေးဖြစ်ဖြစ်၊ လွယ်အိတ် ကလေးတစ်လုံးနဲ့ ဇလုံပေါက်ကို သူ့ရဲ့စီးပွားဘက် ကျေးဇူး ကျေးဇူးစားဖြစ်ခဲ့တာကို မမေ့တဲ့အနေနဲ့ ခေါင်းရင်းမှာ ချိတ် တတ်ကြတယ်လို့ မျိုးသိခဲ့ဖူးတယ်။

သတ္တုတွင်း သူဌေးကြီး ဦးရွှေလင်းက ဆင်းသက်ပြီး ဌွ



အဖေ ဦးရွှေဦး ဌွန်တို့အထိ ကားတစ်ယောက်တစ်စီးစီနဲ့ ရန်ကုန် မှာကြိုက်တဲ့သူ ခြေတော်တင်ပြီး ထင်သလို မွေ့နိုင်တာဟာ ဒီမြေကထွက်လာတဲ့ သတ္တုနဲ့ရွှေတွေကြောင့်ပါပဲ၊ ဒီသတ္တုတွင်း တွေကို ရွှေလီမြစ်ဝှမ်း၊ ဘော်ဆိုင်းနဲ့ တနသာ်ရီနယ်၊ မြိတ်၊ ထားဝယ်တစ်လျှောက်မှာ ဌွန်တို့ရဲ့ဘိုးဘိုးကြီးဟာ ဘဲဥတစ်လုံး ကို မနက်တစ်ခြမ်း၊ ညတစ်ခြမ်း ခြိုးခြံစားပြီး တူရွင်းတစ်လက်နဲ့ ရှာဖွေလာခဲ့သူလို့ မျိုးသိခဲ့ကြားခဲ့ဖူးပါတယ်။ ဌွန့်ရဲ့အဖေဟာ တို့မျိုးရိုးစဉ်ဆက် ထင်သလိုသုံးနိုင်အောင် ချမ်းသာလာခဲ့တာ ဒီတူတစ်ချောင်း၊ တူရွင်းတစ်လက်က စခဲ့တာပဲရယ်လို့ အထိမ်း အမှတ်မထားခဲ့ပါဘူး၊ သူ့ကိုယ်သူကောင်းကင်ဖွားလို သဘော ထားပြီး မြေပေါ်ကလူတွေကို မတန်သလိုနေခဲ့တယ်။

မျိုးတို့ဖခင်ကြီးကတော့ သူ့စည်းစိမ်ဟာ သူ့မြေယာကို မှီပြီးဖြစ်ခဲ့တာမို့ တံစဉ်ကိုလက်စွဲခဲ့တဲ့ သူ့ရဲ့ငယ်ဘဝကို မမေ့တဲ့ အထိမ်းအမှတ်နဲ့ "ဆက်မိသားစု"အထိမ်းအမှတ်အဖြစ် စိန်သွား တပ်ရွှေလက်ကိုင်နဲ့ တံစဉ်ရင်ထိုးကို တစ်ယောက်တစ်ခုစီ ပေနဲ့ မျိုးကို ပေးခဲ့တယ်။

ဌွန်ရဲ့အဖေက တောသူ မိစောမှ သရက်ချောင်းရွာသူ ဝတွဆိုတဲ့ စကားလုံးနဲ့ ဘယ်လိုနှိမ်နှိမ် မျိုးတို့ကတော့ သရက် ချောင်းရွာ ဇာတိကိုပဲ ဂုဏ်ယူခဲ့ပါတယ်။

ဒီလို ဂုဏ်ယူပြီးတပ်ခဲ့တဲ့ ရင်ထိုးကိုမျိုးဟာ အချစ်ဆုံးသူ ဌွန့်ကိုပေးဖို့ ဆုံးဖြတ်တယ်။ မှတ်မိသေးလား ပြာသိုလဆန်း ၂-ရက်၊ ဌွန်ရဲ့မွေးနေ့ လက်ဆောင်အဖြစ် ဌွန်ရဲ့ရင်ဘတ်မှာ အမြတ်တနိုး နဲ့ထိုးချိတ်ပေးမယ်ဆဲဆဲ ဘယ်ကပေါ်လာမှန်းမသိ၊

www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက်ကြား ဘွားခနဲပေါ်လာတဲ့ ဂျွန့်ရဲ့အဖေကြီး ကလေ မျိုးဆီကလုယူပြီး လွှင့်ပစ်လို့ အခန်းထောင့်က အမှိုက် စုထားတဲ့နေရာက မျိုးပြန်ကောက်ယူလာခဲ့ရတယ်လေ။

ညီမလေး ခင်မေဆက် စိတ်ထက်ပုံမျိုးဆိုရင် ယောက္ခမကို သတ်မယ်ထင်ပါရဲ့။ မိခင့်မျိုးဆက်ကတော့ သည်းခံခဲ့ပါတယ်။

တစ်နေ့တည်း အဲဒီအချိန်မှာ ဂျွန့်ရဲ့ဖေဖေ ကြေညာချက် ကြီးက မော်လီချန်ကို တရားဝင်မယားအဖြစ် အခမ်းအနားနဲ့ လက်ထပ် ပြီး ဂျွန်တို့ တိုက်အိမ်ကြီးပေါ်ကို တင်တော့မယ်တဲ့။ မျိုးကို သူ့ချွေးမအနေနဲ့ အသိအမှတ်မပြုနိုင်ဘူးလို့ ပြောနေ တုန်းကများ မျိုးလေ ဆတ်ဆတ်ကို တုန်နေတာပဲ။

ဂျွန်ရေ အားလုံးအကြောင်းအရာတွေကို အသေးစိတ် ဖော်ပြရတာက အားလုံးအကြောင်းတွေကို ဖခင်ကြီးရဲ့ အဆုံး အမနဲ့ သည်းခံခဲ့ပါသော်လည်း ခြင်္သေ့တို့မည်သည် တစ်ဂူတည်း မှာဘယ်တော့မှ နှစ်ကိုယ်အတူ မအောင်းဘူး။ ဒါကြောင့် ချစ်သူနောက် ပုဆိုးပိုက်ကာ၊ စောင်ပိုက်ကာနဲ့ လိုက်လာပြီး ခုနစ်လတိတိပြည့်တော့မယ့်ဆဲဆဲ ဂျွန်တို့ တိုက်အိမ်ကြီးပေါ်က မိခင်မျိုးဆက် ဆင်းလာခဲ့တာပါ။ ချစ်လှစွာသော ကိုယ့်ဆွေမျိုး စုဌာနေ မြန်မာမြေကပါ ခွာခဲ့တာပါ။

ဩော်... ချစ်လှစွာသော ညီမလေး ခင်မေဆက်ကတော့ မျိုးကွယ်ရာမှာ သတ္တိကြောင်သူအနေနဲ့ သူ့မကြီးကို တီးတိုး သတင်း ပဲပြောနေလေမလား။ ပျော့ညံ့လှချည့်ရဲ့လို့ ပြောနေလေ မလား။

ငါ့ကို သူချစ်ရင်ဖြင့် ငါ့နောက်လိုက်လာလိမ့်မလားလို့



တစ်လတိတိ အချိန်ယူစောင့်ခဲ့ပေမယ့် ဂျွန် မင်းဟာ၊ ထဘီရဲ့ ကျွန်၊ ရုပ်ကြီးစဉ်ကမင်းသား။ သူများကြိုးဆွဲရာ အရုပ်လို က, တတ်တာကလွဲလို့ တကယ်တော့ မင်းရဲ့လှုပ်ရှားမှု ဘာမှမရှိ တာကိုမျိုးတွေ့ခဲ့ရတယ်၊ ဒါကြောင့် ဂျွန်နဲ့မော်လီချန် လက်မထပ် ခင်တစ်နေ့ နိုင်ငံခြားကို ထွက်လာခဲ့ပါတယ်။

အစက ဒီစာကိုရေးဖို့စိတ်မကူးဖူး။ ကိုယ့်ပညာနဲ့ပဲကိုယ် အသက်မွေးပြီး နိုင်ငံခြားမှာ ခေါင်းချတော့မလို့ဘဲ။ ဒါပေမယ့် မမွေး ဖွားလာသေးတဲ့ ဂျွန့်ရဲ့ရင်သွေးကြောင့် ဒီစာကိုရေးဖြစ်တာ။ မမြင်ရသေး...တဲ့ရင်သွေးလေးက မျိုးကိုစကားပြောနေတယ် ဂျွန်ရဲ့။ နေ့စဉ်နဲ့အမျှ သူကလေးက ရင်ခုန်သံကနေတစ်ဆင့် ပြောနေတယ်။ “မေမေရယ်၊ အင်မတန် ကိုယ့်မျိုးရိုးဇာတိဌာနေ ကို ချစ်တတ်တွယ်တာတတ်တဲ့ ဆက်မိသားစုထဲက ရင်သွေး တစ်ယောက်ဟာ ဒီတစ်နိုင်ငံ၊ တစ်ရပ်ခြား တစ်ပြည်သူတွေရဲ့ ယဉ်ကျေးမှုအလယ်မှာ ကြီးပြင်းလာရမှာလား”တဲ့။ မျိုးနားထဲ မှာ သူကလေးက နေ့စဉ်ပြောနေသလိုပဲ ကြားယောင်နေတယ်။ ဟုတ်တယ် ဂျွန်။ မျိုးငိုမိတယ်။ တစ်နေ့မှ မပျော်ဘူး။

ရုရှပြည်ကြီး၊ တရုတ်ပြည်ကြီး၊ အမေရိကန်နဲ့ အင်္ဂလန် အစ သူတို့ပြည်မကြီးတွေကို ကျယ်ကျယ်ပြန့်ပြန့် တည်ထောင် လာခဲ့တာဟာ သူတို့မြေကို ချစ်တဲ့စိတ်။ သူတို့အမျိုးကို ချစ်တဲ့ စိတ်။ ဒီစိတ်ကို အဓိကထားပြီး ထူထောင်လာခဲ့ကြတာ။ မျိုး ထွက်ခွာလာခဲ့ရတာက မျိုးအကြောင်းနဲ့မျိုးမို့ အသေးစိတ်တင်ပြ ခဲ့ပြီးပါပြီ။

နိုင်ငံခြားကို ရောက်လေလေ၊ စိတ်လေလွင့်ရာ တစ်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ကနေ တစ်နိုင်ငံ ဗီဇာပြောင်းပြီး သွားလေလေ အသိတစ်ခု ဝင်လာခဲ့တယ်။ ကမ္ဘာမြေအနှံ့လျှောက်သွားလေတိုင်း သဲကန္တာရကြီးကို ဖြတ်သွားနေရသလိုပဲ။ နှင်းခဲတွေ၊ မြူနှင်းတွေ ဘယ်လိုအေးပေမယ့် မိခင်မျိုးဆက် ရင်မအေးခဲ့ပါလား ဂျွန်ရယ်။

တကယ်ရင်အေးတဲ့ အိုအေစစ်လို ချစ်စရာကောင်းတဲ့ မြေတစ်ကွက်ဟာဖြင့် သဲကန္တာရဆိုတဲ့ ကမ္ဘာ့မြေအလယ်မှာ ရှင်တော်ဂေါတမဗုဒ္ဓသာသနာ ထွန်းကားရာ မြန်မာ့မြေသာဖြစ်တယ်လို့ အသိဝင်လာတဲ့နေ့မှာဖြင့် နှလုံးတွေသွက်သွက်ခါအောင် လှုပ်ရှားလာခဲ့တယ်။

လောကီမှာ လောကီအလိုက်နဲ့ သင့်တင့်မျှတစွာ ရုပ်ခန္ဓာကို ကျွေးမွေးပြုစုဖို့ ရှာဖွေစားသောက်နည်းလဲ ပြခဲ့တယ်။ သတ္တဝါတစ်ဦးဟာ ဘယ်တော့မှ ငြိမ်သက်မနေနိုင်ဘူး။ သူ့ရဲ့ ဒီဘဝခရီးလမ်းမှာ လျှောက်ရင်းက လောဘ၊ ဒေါသ၊ မောဟ အပူရှိန်ညီးညီးတောက်သမျှကို ငြိမ်းအေးအောင် ငြိမ်သတ်နည်း၊ လောကုတ္တရာနည်းကိုလဲ သဘာဝကျကျ ညွှန်ပြရာတရားတွေနဲ့ ပြည့်စုံတဲ့ ကျွန်းမြေမြတ်ဟာ ငါ့ဇာတိ မြန်မာပြည်ပါပဲလားလို့ ပိုပြီးသဘောပေါက်လာခဲ့ရပါတယ် ဂျွန်။

စာရှည်သွားပြီမို့ တိုတိုပဲနိဂုံးချုပ်တော့မယ်။ မျိုးရဲ့ရင်သွေးလေးကို မွေးဖွားပြီးရင် မြန်မာပြည်ကို ပြန်ပို့မယ်။ မြန်မာ့ယဉ်ကျေးမှုအလယ်မှာပဲ မျိုးရဲ့ရင်သွေးဟာ ကြီးပြင်းစေရမယ်။ အားလုံးကိုလဲ တစ်နိုင်ငံကနေ မျိုးစီစဉ်မှာပါ။ ဂျွန်ကို အပူကပ်လိမ့်မယ်လို့ တာဝန်ပေးလိမ့်မယ်လို့ မထင်နဲ့ဂျွန်။

တစ်ခုကတော့ သူကလေးအရွယ် ရောက်လာရင် ဂျွန်ကို တွေ့အောင်ရှာလိမ့်မယ်။ ဒီတော့ကာ မျိုးရဲ့စိန်သွားတင် ရွှေတံစဉ်ရင်ထိုးအစစ်ကို တင်ပြလာသူကဖြင့် ဂျွန်ရဲ့ရင်သွေးပဲလို့ ဒါတစ်ခုပဲ အသိအမှတ်ပြုပေးဖို့ပဲ။ ဒီရွှေတံစဉ်ရင်ထိုးအစစ် ဟုတ်မဟုတ်ကို ညီမလေး ခင်မေဆက်နဲ့ ဘကြီးဟာန်က ပြောပြပါလိမ့်မယ်။

ဂျွန်မသေခင် ကိုယ့်ရင်သွေးကို ကိုယ်သိသွားဖို့ပဲ ရည်ရွယ်တယ်။ ဆက်မိသားစုရဲ့ တကယ့်အမာခံအရည်အချင်းက တစ်ယောက်တည်းနေလဲ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်လှုပ်ရှားဘတ်ဖို့ကိုတော့ တစ်မြေမှာနေလဲ တစ်မြေကနေ ကိုယ့်ရင်သွေးကို အမာခံစိတ်ဓာတ်ရအောင် မွေးပေးလိုက်မယ် ဂျွန်။

ဂျွန်နဲ့မျိုးတော့ ဘယ်သောအခါမှ မျက်နှာချင်းဆိုင်ရတော့မယ် မဟုတ်တော့ဘူး။

ဩော်...ဘဝအကြောင်း မကောင်းလိုက်တာ ဂျွန်ရယ်။

ဂျွန် အေးချမ်းငြိမ်သက်ခြင်းကို ရပါစေ...။

တစ်ခါကတွေ့ခဲ့ဖူးပါသော

ခင်မျိုးဆက်

ရှည်လျားသော စာကိုဖတ်အပြီး ရှင်မင်းထွေးပင် ပင်ပန်းသွားသလို ဖြစ်သွားတော့သည်။ သူသည် ခုတင်ပေါ်မှ ဒေါ်ခင်မေဆက်ကို ကြည့်လိုက်၏။ နဖူးပေါ်လက်တင်ကာ မျက်လုံးအကြောင်းနှင့်တစ်စုံတစ်ရာကို ဒေါ်ခင်မေဆက်သည် စဉ်းစားနေပုံရ၏။

''အထွေးရင်ထဲ ဒီစာကိုဖတ်ပြီး ဘယ်လိုဖြစ်နေမှန်းလဲ မသိ အန်တီမေရယ်''

ရှင်မင်းထွေးသည် စာရွက်များကို နေသားတကျ အိတ်ထဲသို့ထည့်ကာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



''အထွေးတောင် ဘယ်လိုဖြစ်မှန်းမသိတော့၊ အန်တီမေ့
ထဲမှာ ညနေက မနည်းစိတ်တင်းထားရတယ်။ သူဘယ်အရပ် ဘယ်
ဘွားနေကနေ ဘယ်အချိန်မှာ ဒီစာရေးလိုက်တယ် မသိဘူးနော်။ ဂျွန်
ရတဲ့ကလေး သူ့မှာပါသွားတယ်ဆိုတော့ မြန်မာပြည်က ထွက်သွား
အချိန်နဲ့ကိုက်ကြည့်ရင် ကလေးလေးဟာ ခုဆိုအရွယ်ရောက်နေ
အထွေးရယ်၊ သူကလေး ဘယ်မှာပါလိမ့်။ အန်တီမေ သိချင်လိုက်တာ
ယောကျ်ားလေးလား၊ မိန်းကလေးလား''

''အထွေးလည်း သိချင်တယ် အန်တီမေ၊ အန်တီဒေါ်ခင်မျိုး
ဆက် လက်ရေးတွေကလဲ ချစ်စရာ နွဲ့နွဲ့လေးတွေနော်။ စာရွက်ကလေး
တွေလည်း နွမ်းလို့''

''အေးပေါ့၊ အချိန်ကြာခဲ့ပြီ။ စစ်ဖြစ်မယ့် နောက်ဆုံးနှစ်
သူဘီအေအောင်ပြီး ဂျွန်နောက်လိုက်သွားခဲ့တာကိုး။ ဩော် ... ချစ်သူ
ခုနှစ်လ ပြည့်အောင် ပေါင်းမသွားရပါဘူး။ ရက်စက်ကြပါပေရဲ့။ သူ
လက်ရေးလေးတွေနွဲ့သလို၊ စိတ်ကလဲ ပျော့ပျောင်းနူးညံ့လွန်းပါတယ်
ဘုရား... ဘုရား မေနဲ့ဂျွန်တွေ့တဲ့အချိန်ဟာ သာမန်အချိန်များဖြစ်
စိတ်ကလဲ ငယ်စိတ်သာဆိုရင် ညနေက ဂျွန်ကိုမေ တစ်ခုခု လုပ်မိမှာ
ခုတော့ ရောဂါကြောင့် ပုံလျက်လဲနေတဲ့လူကို အလဲထိုးရမှာ
သူရဲဘောကြောင်ရာ ကျလှတယ်။ သတ္တိနည်းရာကျလှတယ်။ ပြီးတော့
ပြီးတော့ ဖခင်ကြီး''

ဒေါ်ခင်မေဆက်သည် ယခုမှ မျက်ရည်တွေ တွေတွေကျလာ
၏။ ရှိုက်လာ၏။ ငိုပါစေလေ၊ ငိုပါစေ။ တစ်ညလုံးမငိုသရွေ့ အခု
ငိုလိုက်ခြင်းဖြင့် သူ့ရင်ထဲမှာ အလုံးအခဲလျော့ပါးသွားမည်ဟု ဘေး
ကြည့်ရင်း ရှင်မင်းထွေးက ယူဆ၏။



''လက်တုံ့မပြန်နဲ့၊ လက်စားမချေနဲ့ဆိုတဲ့ ခန္တီပါရမီကို ဖခင်
ကြီး အပြည့်ကောင်းလိုက်တာ၊ သမီးတွေကို အဆုံးအမကောင်းလိုက်
တာ၊ သူ့သမီးကြီး ခင်မျိုးဆက်မှာ အမျိုးမာနတောင် မရှိတော့သလို
ခေ့ခြွေကိုနှိမ်နည်း ဆွေမျိုးတစ်သိုက် ဝိုင်းနှိမ်သမျှ မမငုံ့ခံသွားတယ်၊
ငြိမ်ခံသွားတယ်''

ဒေါ်ခင်မေဆက်သည် မေးကြောကြီးများ ထောင်လာအောင်
သွားကိုစေ့၍ နှုတ်ခမ်းကို ကိုက်ထားလိုက်၏။

''ဘယ်လိုပဲဖြစ်ပေစေပေါ့။ ဖြစ်လာတဲ့ အကြောင်းတရားပေါ်
မှာ ကောင်းနိုင်သမျှ ကောင်းတဲ့ဘက်ရောက်အောင် ဆွဲရတော့မှာပေါ့။
အန်တီ ဒေါ်ခင်မျိုးဆက်ရဲ့ ရင်သွေးကိစ္စက တစ်ချိန်ချိန်ပေါ်လာမှာပါ။
သူ့စာပါအရ အဆင်ပြေလာမှာပါ။ အန်တီမေ သိပ်မပူပါနဲ့။ အထွေး
ကိုလေ သာမန်သူနာပြုဆရာမ တစ်ယောက်အနေနဲ့ လခစား စာရေး
တစ်ယောက်အနေနဲ့ သဘောမထားပါနဲ့ အန်တီမေရယ်။ အထွေး
လေ အန်တီမေတို့အကြောင်း သိလာလေလေ မမြင်လိုက်ရတဲ့ အန်တီ
မေ့ မိခင်၊ ဖခင်တွေကို အထွေးမြင်ချင် သိချင်လေပဲ။ ပြီးတော့ အထွေး
အဖြစ်ချင်ဆုံးဆန္ဒက အန်တီမေ့ ကျန်းမာရေးပဲ။ ကျန်းမာရေး ဒါထက်
ကောင်းလာဖို့ဟာ အထွေးရဲ့အဓိကဆန္ဒပါ။ ဒါမှလဲ အန်တီမျိုး ရင်သွေး
လေးနဲ့ဆုံတဲ့အခါ မှန်ကန်တဲ့ အဆုံးအဖြတ်ကို အန်တီမေကသာ ပေးနိုင်
မှာ ဟုတ်လားဟင်''

ဒေါ်ခင်မေဆက်သည် ရှင်မင်းထွေး မျက်နှာလေးကို စေ့စေ့
ကြည့်ကာ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြ၏။ သူတိုးတိုးလေး ခပ်
ဖြည်းဖြည်းပြော၏။

''ဩော်... တစ်ခါတလေ လူ့ဘဝဟာ ဆန်းကြယ်တယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



ဆွေရင်း မျိုးရင်းတွေဆီက မရနိုင်တဲ့ ယုယကြင်နာသနား ချစ်ခင်တဲ့ အပြုအမူတွေကို သူစိမ်းတရံဆံတွေဆီက ရတတ်ကြတယ်။ အန်တီမေ အထီးကျန်ဘဝမှာ ကိုယ့်အပါးမှာ မင်းလို ဂရုတစိုက် ကြင်ကြင်နာနာ ပြုစုတာကို အန်တီမေ ကျေးဇူးတင်လိုက်တာကွယ်။ ရတနာသုံးပါး ဂုဏ်ကျေးဇူးတော်ပဲ။ အထွေး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ"

ဆုပေးခံရသော အထွေးသည် ကြက်သီးဖြန်းဖြန်းထသွား၏

"စစ်ပြီးတာပဲ ဆယ့်ငါးနှစ်ရှိသွားပြီ။ ခုဆို မမမျိုးရဲ့ ကလေး ဟာ အသက်နှစ်ဆယ်ထက် မငယ်တော့ဘူး။ သူ့ပညာမှ ပြည့်စုံရဲ့လား မသိ။ မမစာထဲအရဆိုရင် ကလေးလေး မြန်မာပြည်ထဲမှာ ရှိနေမှာ မမဘာကြောင့် ဒီလိုလုပ်ပါလိမ့်"

ဒေါ်ခင်မေဆက်သည် ကလေးကို တွေ့ချင်ဇောစိတ် ဖြစ်လာ ဟန်တူပါသည်။

"အထွေးလဲ ဉာဏ်မီသလောက် တွေးယူရတာပဲ။ အန်တီ ဒေါ်ခင်မျိုးဆက်စိတ်ထဲမှာ အန်ကယ်ဂွန်ရဲ့ဆွေမျိုးတွေအလယ်မှာလဲ သူ့ရင်သွေးကို မကြီးစေချင်ဘူးထင်ပါရဲ့။ သူတို့က အန်တီမျိုးကို နှိမ် သလို ကလေးကိုလဲ ဝိုင်းနှိမ်ကြရင် ကလေးစိတ်ဓာတ်ကျပြီး ပျက်စီး သွားမှာစိုးတယ် ထင်ပါရဲ့။ အန်တီမေတို့လက်ထဲ ပြန်အပ်ရင်လဲ နိ ကလေးကိုမှီပြီး ကလေးလှုပ်ရှားသမျှ အန်တီဒေါ်ခင်မျိုးဆက်ကို သတိ ရတဲ့သောက၊ ဟိုဘက်အိမ် မိသားစုအပေါ် မကျေနပ်နိုင်တဲ့ အာဃာတ နဲ့ယှဉ်တဲ့ သောကတွေ အန်တီမေ့မှာ ထပ်ပြီးပိုလာမှာစိုးတာနဲ့ တူပါ တယ်"

"အေး . . .အထွေးတွေးတာတွေ အားလုံး ဖြစ်နိုင်တယ် ခုတောင် မောင်လေး မောင်လူကျေးနဲ့ ရွယ်တူတွေ တွေ့ရင် သူတို့ဟာ



တန်းစေ့ စာမသင်ရရှာဘူး။ မသေသင့်ဘဲနဲ့ ဖခင်တစ်ယောက် မ္မာမှုကြောင့် သေရတယ်ဆိုတာ အန်တီမေရင့်ထဲက တနုံ့နုံ့ပဲ။ ကြောင်းတရားတွေပဲလို့ ဖြေဖျော့ဖြေပါတယ်။ တစ်ခါတလေတော့ ဖြေလို့ရပါရဲ့။ တစ်ခါတလေတော့လဲ မဖြေနိုင်ဘူး"

"ဩော် . . .ဒါနဲ့ အထွေးလေ အန်တီမေကို တစ်ခုမေးချင်တယ်"

ရှင်မင်းထွေးသည် စကားကြောင်း ပြောင်းလဲလိုက်ခြင်းဖြင့် ဒေါ်ခင်မေဆက် စိတ်ပြောင်းသွားအောင် မေးခွန်းတစ်ခုကို ကောက်၍ လိုက်၏။

"ဟို . . .အန်တီမေတို့ ဖေဖေကြီးက အန်တီမေ့တို့ကို စိန် တင်တဲ့ ရွှေရင်ထိုးလေး တစ်စုံပုံကို သီးသန့်လုပ်ပေးတယ်။ ဟို ကန်တွေ၊ ယွန်းထည်တွေ နောက်မှာလဲ တံဆိပ်ကို ဆက် သားစု ပစ္စည်းတွေအနေနဲ့ မှတ်သားထားတယ်။ အိမ်ကြီးကိုတော့ ဖြစ်လို့ ခုခေတ် ဝိတောက်မြိုင်တို့၊ စန္ဒာမြိုင်တို့ အေးရိပ်သာတို့ ပြီး အိမ်တွေမှာ နာမည်တပ်သလို "ရွှေတံဆိပ်"အိမ်ကြီးဆိုပြီး အမည် ပ်တာလဲ" ရှင်မင်းထွေး မေးခွန်းအဆုံးတွင် ဒေါ်ခင်မေဆက်သည် ၍ဖြေ၏။

"သူ့မေးခွန်းကလဲ မမမျိုး မေးခွန်းနဲ့ တူလိုက်တာ။ တစ်ခါ က မေမေ့ကို မမက ဒီလိုပဲ မေးခွန်း မေးခဲ့ဖူးတယ်ကွယ့်။ အထွေး အန်တီမေ ပြောပြမယ်။ ဖေဖေနဲ့ မေမေရဲ့ အခြေခံစိတ်ပေါ့။ င်မယားဆိုတာ မတူတာလဲရှိတယ်၊ တူတာလဲရှိတယ်၊ ဘယ်တော့ တော့ ဦးလေးသက်တို့ လင်မယားလို အမဲဖျက်မတတ် သားသမီးတွေ မှာ ရန်မဖြစ်ဘူး။ သဘောကွဲလို့ ဆွေးနွေးစရာ စိတ်မချမ်းသာစရာ

www.burmeseclassic.com

www.burmeseclassic.com



ပြောတောင် အိပ်ခန်းထဲမှာ လင်မယားနှစ်ယောက် တံခါးပိတ်ပြီး ငြ
ကြတယ်။ တစ်ယောက် ဝါသနာပါတဲ့ကိစ္စမှာ တစ်ယောက်ကမပါတော့
ဖျက်လိုဖျက်ဆီး အတင်းအကျပ် ပိတ်ပင်တားမြစ်တာတွေ မရှိခဲ့ဘူး
အတတ်နိုင်ဆုံးအထိတော့ လိုက်လျောကြတာပဲ။ အန်တီမေ ဉာဏ်
သလောက် တွေးယူတာကတော့ မေမေဟာ အတွေးအခေါ်ကျတော့
လောကုတ္တရာသဘောနွယ်တယ်၊ ဖေဖေကတော့ သည်းခံတာတွေ
ခွင့်လွှတ်တာတွေဆိုတဲ့ စိတ်ဓာတ်မြင့်မြတ်ဖို့ သီလထိန်းတာကလွဲရင်
လောကီဆန်တယ်ဆိုရမယ်၊ မေမေ တစ်ခါက ပြောတယ်၊ ဆ
မိသားစုတို့ ရွှေဘုံစဉ် အမှတ်တံဆိပ်တို့ ဆိုတာတွေဟာ ပညတ်သဘော
တွေပါပဲတဲ့၊ အာသောကမင်းတရားကြီးဟာ စကြဝတေးမ
လောက် တန်ခိုးအင်အားကြီးမားခဲ့ပြီး သူလှူသမျှ ကျောင်းကန် ဘု
ရေတွင်း ရေကန် မုခ်ဦးတွေမှာ စကြာတံဆိပ်တွေ အမြဲတွင်းထု
ထားခဲ့လို့ အိန္ဒိယယဉ်ကျေးမှု အနုပညာလိုက်စားတဲ့သူတွေ တူး
ရသမျှ အဆောက်အအုံတွေမှာ အာသောကမင်းတရား လက်ထ
ခေတ် ဗိသုကာပညာလက်ရာဆိုတာကို အထင်အရှားတွေ့ကြရတ
ဒါလဲ တန်ဖိုးတစ်ရပ်ပါပဲတဲ့။ လောကီကို လောကီလို တွေးရမ
ဒါဟာ မှန်တယ်တဲ့။ ဒါပေမယ့် အာသောက မင်းတရားကြီးလဲမမြဲ
ဒီစကြာတံဆိပ် အဆောက်အဦတွေလဲ ပညတ်သဘောမျှလောက်
ဖြစ်တယ်တဲ့၊ တရားသဘောနဲ့ လောကုတ္တရာဆန်ဆန် တွေးကြည့်
အားလုံးဟာမမြဲဘူး။ ဖောက်ပြန်ပျက်စီးကြတဲ့ သင်္ခါရနယ်မြေက ဘ
သူမှမလွတ်ကင်းနိုင်ပါဘူးတဲ့၊ ဒါကြောင့် သူသေရင်တောင် ဂူမသွင်း
နဲ့မီးသင်္ဂြိုဟ်ပါတဲ့၊ သင်္ဂြိုဟ်လို့မရတဲ့အခြေဆို မြေမှာသာ ရိုးရိုးမြှုပ်
ပါတဲ့၊ ဘာမှအထိမ်းအမှတ်မထားပါနဲ့တဲ့၊ ဒါကြောင့် မေမေကို ဖေ
ရော အန်တီမေရော ဘယ်လိုပဲချစ်ချစ် သူ့ဆန္ဒအတိုင်း အုတ်ဂူမသွ



တာပေါ့၊ ခုလဲဒီအိမ်ကြီးကို နာမည်ပေးဖို့ကျတော့ မေမေ့ဆန္ဒကို ဖေဖေက မကျော်လွန်ချင်ဘူး ထင်ပါရဲ့၊ ရင်ထိုးတွေကို အမှတ်တရ ပေးတဲ့ကိစ္စမှာတော့ တစ်ခါဖေဖေ့ဆန္ဒကို မေမေက မကန့်ကွက်လိုဘူး ထင်ပါရဲ့"

"ဟုတ်တယ် ဖြစ်နိုင်တယ်နော် ကဲ . . . ကဲ ဘီစကစ်မုန့်ချပ် လောက်တော့ ကြိုးစားစားလိုက်ပါဦး အန်တီမေ၊ ဟောလစ်လဲ ဖျော် ယူခဲ့မယ်၊ ပြီးတော့ အိပ်လိုက်တာပေါ့"

ရှင်မင်းဝေသည် စကားစကိုဖြတ်လိုက်ကာ မုန့်နှင့်ဟောလစ်ကို ယူလာသည်။ ပြီးမှ ဒေါ်ခင်မျိုးဆက်၏ စများကို မီးအာမခံသေတ္တာတွင် သေချာစွာ သိမ်းလိုက်၏။

ပဇ္ဇုန်နတ်သားသည် ထင်သလို သောင်းကျန်းခဲ့ပြီ။ နတ်ဝတ်ရုံဆိုး တိမ်မီးခိုးကိုဝတ်ကာ ကောင်းကင်ကို ခြေတော်တင်ရာ ဥယျာဉ်အဖြစ် သတ်မှတ်၍ တောကစားခဲ့၏။ သူ့နောက်လိုက် မုတ်သုန်လေနတ်သားကိုလည်း သူ့နောက်ပါးမှ ထင်သလို တိုက်ခိုက်ခွင့်ပြုခဲ့၏။ ပညာရှိ ပီသပါသော ဝါးရုံပင်တို့က နတ်ပုဆိုးကို မကာ မကာဖြင့် မုတ်သုန်လေတိုက်ရာကို အလိုက်သင့် ဦးညွှတ်ကြ၏။ မားမားမတ်မတ်တင်းခံကြသည့်သစ်ပင်အမာခံကြီးများသည် အပိုင်းပိုင်းကျိုးကြ၏။

"အစ ပထမတုန်းကတော့ သူလဲ ကောင်းခဲ့ပေသား"ဟု မြက်လေးများက စကားဆို၏။ ကောက်ပင်များကလည်း ဤသို့ပင် ပြော၏။ ပုလဲလိုမိုးစက်ကို မြေပြင်ပေါ် ကြဲချ၍ စိမ်းမြားတံလေးများကို လဲ လယ်ပြင်ပေါ်သို့ပစ်လွှင့်၏။ မှန်၏။ အစကတော့ ကောင်းတော့မလို လိုပါပဲ။ မိုးလယ်ရောက်တော့ ပဇ္ဇုန်နတ်သားထင်သလို သောင်းကျန်း လိုက်ပုံက စိမ်းမြားတံအစား ပုဆိန်ကို မြေပေါ်ကြဲချတော့သည်။ အမျော်

www.burmeseclassic.com

www.burmeseclassic.com



ကျူးလာခဲ့သည်။ သူ တီးခတ်သော စောင်းကြိုးတို့သည်လည်း အ[illegible] ပိုင်းပြတ်ခဲ့ပြီ။ ဘယ်သူကမှ ဂီတသံလို့ မထင်ချေ။ ကလေးများကား သူစောင်းသံကိုကြောက်၍ နားပိတ်ထား၏။ သူ့ကို တစ်ခါက ကြို[illegible] ပါသော ကောက်ပင်တို့သည် တဖိန့်ဖိန့်တုန်ကာ သူ့ကို ကျောခိုင်း[illegible] ပြီ။ ထိုကြောင့် ရာသီကို စောင့်သောနတ်မင်းကြီးက သူသည် ချ[illegible] မေတ္တာများကို ဖော်ကားလွန်းပြီ ဖြစ်သောကြောင့် ဤဩကာသ[illegible] မြေမှ ထွက်ခွာဖို့ကို အမိန့်ထုတ်လိုက်၏။ ပျံ့နတ်သားသည် သန်း[illegible] ကို နေ့လယ် မှတ်လေရော့သလား လျှပ်ပန်းနွယ်များကို ညလုံး[illegible] အလင်းထွန်း၍ သူသည် နောက်ဆုံးစောင်းကြိုးတစ်ချောင်းကို တီး[illegible] ကာ မိုးလင်းလုလု အရုဏ်တွင် သူထွက်ခွာသွားခဲ့သည်။

အားလုံးသော မြေပြင်မှလူသားတို့က သူ့နှုတ်ဆက်သံ[illegible] နောက်ဆုံး ကြားလိုက်ရသည်။ သူ့နောက်လိုက် မိုးပေါက်မိုးစက်မျ[illegible] သစ်ရွက်များပေါ်တွင် ဖရိုဖရဲ ပြန့်ကျဲ၍ကျန်ခဲ့၏။ မှန်ပြတင်းများ အ[illegible] တွင်လည်း ခေတ္တနိုလုံ့နေကြ၏။

"ကလင် ကလင်" တယ်လီဖုန်း ခေါ်းလောင်းသံသည် [illegible] ရုံးလင်းစတွင် ရှင်မင်းထွေးအိပ်ရာဘေးမှ ထွက်ပေါ်လာ၏။ ရှင်[illegible] ထွေးသည် မှန်ပြတင်းမှ ဝင်ရောက်လာသော အလင်းရောင်ဖြင့် အ[illegible] ကို လှမ်း၍ကြည့်လိုက်၏။ တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်သ[illegible]

"ရှင်မင်းထွေးလား" တစ်ဖက်မှ ဦးမင်းဟန် စကားပြောနေ[illegible]

"ဘကြီးဟန် စကားပြောနေတယ်၊ ခုတလော မိုးအေး[illegible] ခင်မေဆက်တစ်ယောက် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"အေး... ဒါနဲ့တော့ ညကပဲ ဆုံးသွားပြီ"



"ဘုရား... ဘုရား"

"ဦးမင်းချိန်နဲ့ ဘကြီးဟန် တိုင်ပင်ပြီး ညကအကြောင်းမကြား ခဲ့ဘူး။ မေ အိပ်မပျော်မှာစိုးလို့၊ ဒါကိုတော့ အထွေးသိထားဖို့ပဲ၊ ဒီနေ့ သူ ကျန်းမာရေးအခြေမနေကြည့်ပြီး အထွေးက ဖွန်ဆုံးတဲ့အကြောင်း ကြည့်ပြောနော်၊ သတ္တိဟုတ်ရက် မတိုင်ခင် သူ့ကိုအကြောင်းကြားပါလို့ ဘကြီးဟန် ကတိပေးခဲ့လို့ပဲ၊ ဘာလို့ အသက်ထွက်ခါနီး သူ့ကို အကြောင်းမကြားလဲလို့မေးရင် အန်ကယ်ဦးမင်းချိန် အစီအစဉ်အရ ဘကြီးဟန်က လုပ်ရတာပါလို့ပြောနော်"

"ဟုတ်ကဲ့... ကောင်းပါပြီ"

ရှင်မင်းထွေးသည် တယ်လီဖုန်းခွက်ကို နေရာတကျထားလိုက် ၏။ ဒေါ်ခင်မေဆက်အခန်းသို့ ကူးလိုက်သည်။ လန်းလန်းဆန်းဆန်း ဖြစ်နေသော ဒေါ်ခင်မေဆက်ကို တွေ့ရ၏။

"ညက အန်တီမေ အိပ်ပျော်ရဲ့လား။ တကတည်းမိုးကလည်း သည်းလိုက်တာ အလွန်ပဲ၊ မိုးလင်းကာနီး မိုးခြိမ်းတာကလဲ ကြောက် စရာနော်"

"အေး... လူကြီးတွေအပြောတော့ မိုးပေါက်တယ်ခေါ်တယ်၊ မိုးကုန်ကာနီးရင် ဒီလိုပဲ ဒါ နောက်ဆုံးမိုးမို့လို့ အရမ်းကြဲတာထင်ပါရဲ့"

ရှင်မင်းထွေးသည် ဘာမှမပြောသေးဘဲ အပြင်ကိုထွက်လာခဲ့ ၍ သူတာဝန်အတိုင်း လုပ်စရာရှိသမျှကို ဆက်၍လုပ်၏။

နံနက်စာစားပြီး နေ့လယ် ဒေါ်ခင်မေဆက် နားပြီးမှပင် ဘကြီးဟန် တယ်လီဖုန်းဆက်သည့် အကြောင်းကို ဒေါ်ခင်မေဆက်အား ရှင်မင်းထွေးက ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ ရင်သွေးကို သူမတွေ့သွားရဘူးနော်"

ဒေါ်ခင်မေဆက်သည် ဒါလောက်ပင်ပြောကာ တယ်လီဖု ရှိရာသို့ ထွက်သွား၏။ မျက်နှာတွင် စိတ်ထိခိုက်လှုပ်ရှားပုံကို မ ရပေ။ ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက် စကားပြောနေစဉ်က အ တွင်ရပ်နေ၏။ ဒေါ်ခင်မေဆက်သည် ရွှေတံစဉ်အိမ်သို့ ဆက်နေ

"အခု စကားပြောနေတာ ဒေါက်တာမင်းရွှေဖံလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အားနေတယ်လား"

"ညက ကျွန်တော် နိုက်ဂျူတီပါ၊ မနက်က အိမ်ပြန်လာ ခုပဲ နိုးပါတယ်။ အန်တီမေ ဘာကိစ္စရှိလို့လဲ"

"ဒေါက်တာ အန်တီမေကို တစ်ခုကူညီပါလား။ ဦးကျိုးမြို မေ စကားပြောချင်တယ်။ ပြီးတော့ မေ ကားလွှတ်လိုက်မ ဒေါက်တာ လိုက်ခဲ့ပါလား။ သူ့ဆီက ပန်းတွေလဲ ယူခဲ့ပါ"

"ကားမလွှတ်လိုက်ပါနဲ့တော့ အန်တီမေ။ ကျွန်တော် ရေ ချိုးပြီး ကျွန်တော့်ကား ကျွန်တော်မောင်းလာခဲ့မယ်။ တယ်လီဖုန်း ထားပါဦး။ ဦးကျိုးမြိုင်ကို ကျွန်တော် ခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်ခင်မေဆက်သည် ဖုန်းကို တစ်ဖက်က ကိုင်ထား ရှင်မင်းထွေးကို ပြောလိုက်၏။

"အထွေး အပြင်ထွက်ဖို့အသင့်ပြင်ကား။ အပ်နဲ့အပ်ချည် ဆောင်ထား။ ငွေလင်ဗန်းတစ်ချပ်လဲ အဆင်သင့်ယားနော်"

"ဟုတ်ကဲ့.."



ရှင်မင်းထွေးသည် အပါးမှ ထွက်သွားတော့သည်။ တစ်ဖက်မှ ဦးကျိုးမြိုင်အသံသည် တယ်လီဖုန်းထဲတွင် ကြားရ၏။

"ဦးကျိုးမြိုင်လား"

"ဟုတ်ပါတယ် မေ"

"ခြံထဲကို ထွက်ပါ။ ညက မိုးရွာလို့ ဆိတ်ဖလူးပန်းတွေ ကြွေများကုန်ကြပြီလား မသိဘူး။ ရသမျှ အကုန်ကောက်ပြီး အကုန်ခူး း မကြွေအောင် တခုခုနဲ့ထည့်ပါ။ ပြီးတော့ ဒေါက်တာမင်းရွှေဖံနဲ့ ပေးလိုက်နော်။ ခုပဲ ကားနဲ့အိမ်ကို ယူလာလိမ့်မယ်"

ဒေါ်ခင်မေဆက်သည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သူသည် စိတ်ကိုငြိမ်သက်အောင် လုပ်နေပုံရ၏။ ည့်ခန်းဘက်သို့ လျှောက်သွားကာ ဆိုဖာတစ်ခုပေါ်တွင် ထိုင်နေပြန် သည်။ သူသည် ခင်မျိုးဆက်ဓာတ်ပုံကို မော့ကြည့်နေ၏။ သူမှာထား သော ပစ္စည်းအစုံနှင့် ရှင်မင်းထွေးသည် အဝတ်အစားလဲကာ ဧည့်ခန်း ထဲသို့ ဝင်လာ၏။

"အထွေးရေ ပန်းခြင်းလေး အဆင်သင့်ယူထား။ ဒေါက်တာ မင်းရွှေဖံ ရောက်လာရင် တစ်ခါတည်း ဧည့်ခန်းထဲခေါ်လာခဲ့ပေတော့"

မကြာခင်ပင် ကားဆိုက်သံ ကြားရ၏။ အထွေးသည် ဒေါက်တာ မင်းရွှေဖံကို ကြိုကာ ဧည့်ခန်းတွင်းသို့ ပြန်ဝင်လာသည်။

"ကဲ . . . လာ အထွေးရေ၊ အပ်ချည်ကို ဒီဗန်းနဲ့မှန်းပြီး င့်ရုံလောက်ဖြတ်၊ တို့နှစ်ယောက် မြန်မြန်သီလိုက်ရအောင်"

ဒေါက်တာ မင်းရွှေဖံယူလာသော ပန်းများကို ပန်းခြင်းတောင်း ဲ ထည့်ပြီး အပ်ချည်မျှင်ကို တစ်ဖက်တစ်စစီ ကိုင်ကာ နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ထိုင် ဆိုဖာပေါ်တွင် ဆိတ်ဖလူးပန်းများကို အထွေးနှင့် ဒေါ်ခင်မေဆက် သိနေကြ၏။

''ဒေါက်တာရေ လွမ်းဆွတ်တသတတ်တဲ့ သူတွေအဖို့ ... ပန်းတစ်ပွင့်ပွင့်လဲ ပန်းတစ်ပွင့်နဲ့စပ်ပြီး တသစရာလွမ်းစရာ နောက် ကြောင်းတွေ ပေါ်လာတတ်တာပဲနော်။ ဟိုတုန်းက ဆိုရင်လေ ညီအစ် နှစ်ယောက် တစ်ယောက်ပန်းခြင်းတောင်းလေးတစ်ခုစီနဲ့ မေက ထောင် စရစ်ကိုသိတယ်၊ မမက ဆိတ်ဖလူးပန်းလေးတွေကို သိတယ်။ သူသီ ကြိုက်တာပဲ''

ဒေါ်ခင်မေဆက်သည် ပန်းသီရင်း သူတို့အပါးတွင် ထိုင်နေ သော ပင်းရွှေဖဲကို လှမ်း၍ပြောနေ၏။

''အခုလဲ သူချစ်တဲ့ ဂွန်ကို သူချစ်တဲ့ ပန်းလေးတွေနဲ့ နောက် ဆုံး အမှတ်တရ မမကိုယ်စား ပို့ပေးမလို့ပါ။ ညက ဂွန်ဆုံး ဒေါက်တာလဲ မနက်ကျမှ သိမှာပေါ့နော်''

''ဟုတ်ကဲ့၊ အခြေအနေ မကောင်းတော့ဘူးဆိုတာ မနေ့ညကတည်းက ဒေါက်တာ ဝင်းမွန်ပြောပါတယ်၊ ကျွန်တော် မနက်က တစ်ခေါက်ရောက်သွားပါတယ်။ ညက နိုက်ဂျူတီမို့ ကျွန်တော် မသိရတော့ဘူး''

''ဟုတ်ပါတယ်၊ ဦးကျိုးမြိုင်တို့ကိုလဲ အိမ်နီးချင်းတို့ ဝတ္တရား အတိုင်း ဟိုဘက်အိမ်က ဈာပနကို အစစလိုတာမရှိအောင် ကူညီ လို့ပြောလိုက်နော်၊ ဒေါက်တာကတော့ မေ့ကို တစ်ခုကူညီပါ''

''ဟုတ်ကဲ့ ခင်ဗျာ''

''ဒီပန်းကုံးသီပြီးရင် အထွေးနဲ့ တူတူသွားပါ၊ အန်တီမေကြည်

...င်းကိုလဲ ပြောပြပါ၊ မေတစ်ယောက် ကျန်းမာရေးအခြေအနေ ...ကောင်းလှလို့ ကိုယ်တိုင် မလာတာ ခွင့်လွှတ်ပါလို့ အထွေးကလဲ ...ပြောပြနော်။ ငွေလင်ပန်းနဲ့ ဆိတ်ဖလူးပန်းခွေလေးကို ယူသွား။ အထွေး ကိုယ်တိုင် ဂွန့်ရင်ဘတ်ပေါ်မှာ ပန်းခွေလေးကို သပ်သပ်ရပ်ရပ်တင်ခဲ့ ...နော်။ အမှူလဲဝေ၊ ချစ်သူချင်း မဆုံရပေမယ့် သူ့ချစ်သူရဲ့ မြတ်နိုးတဲ့ ...ပန်းပွင့်လေးတွေ သူ့ရင်ဘတ်ပေါ် ကျလာတာကို သူ့ဝိညာဉ်က သိနေ ...ပါ။ ဒါတို့များ ကုသိုလ်သဘောထားပြီး လုပ်ပေးလိုက်တာပေါ့ကွယ်''

မင်းရွှေဖဲသည် တစ်ခါတစ်ရံတော့ တုံးတိတိ ပြောကာဖျတ် ...ဆတ် သွက်လက်တက်ကျ၍ ဒိုးဒိုးဒေါက်ဒေါက် နိုင်လှသော ဒေါ်ခင်မေ ...ဆက်သည် တစ်ခါတစ်ရံတော့လည်း စကားကိုလှလှပပပြော၍ ဇာတ် ...လမ်းလေးတစ်ခု ဖော်ပြနေသလို လှုပ်ရှားတတ်ပါကလားဟု စိတ်ထဲ ...မှ မှတ်ချက်ချနေမိ၏။ မည်သို့ပင်ဆိုစေ သူသည် နှုတ်မှဖွင့်ဟမပြော ...သေးသော်လည်း သူ့ရင်ထဲမှ ချစ်သူနှင့်အတူတွဲကာ သွားရမည်ဖြစ် ...၍ ဈာပနကို သွားရမည်ဖြစ်သော်လည်း စိတ်ထဲမှ ကျေနပ်နေမိ၏။

ရှင်မင်းထွေးအတွက်မူ အခမ်းအနားတစ်ခုကို တက်ရတော့ ...လို ရင်ထဲမှာ တုန်လှုပ်နေ၏။ သူတို့သည် တိတ်ဆိတ်သွားပြန်၏။ ...ကားဆက်မပြောတော့ပဲ သီပြီးသော ပန်းကုံးကို ဒေါ်ခင်မေဆက်က ...ကိုယ်တိုင်ယူ၍ ငွေလင်ပန်းပေါ် တင်လိုက်၏။ အထွေးကို လက်ကမ်း ...ပေးလိုက်၏။

''ကဲ...သွားကြတော့''

ဒေါ်ခင်မေဆက်သည် ရှင်မင်းထွေးနှင့် ဒေါက်တာမင်းရွှေဖဲ ...ကားပေါ် အတူယှဉ်၍ထိုင်ကာ ကားမောင်းသွားကြသည်ကို ... မျက်စိ

www.burmeseclassic.com



ရှေ့မှ ပျောက်သွားသည်အထိ သံဆွဲတံခါးကို မှီ၍ကြည့်နေ၏။ ဒီဇ
လာပြီး တံခါးပိတ်မှ ညည်းခန်းရှိရာသို့ ပြန်လာခဲ့သည်။

ရှင်မင်းထွေးသည် ဘာကြောင့်မှန်းမသိ၊ ဂျွန်တို့ တိုက်အ
အဝ လှေကားထစ်ကို လှမ်းအတက်တွင် ခြေလှမ်းများ တုန်နေ
တခြား ဧည့်သည်များနှင့်အတူ ဦးမင်းချိန်၊ ဦးမင်းဟန်၊ ဒေါ်မြကြည်
သင်းကို တွေ့ရသည်။ ယောထဘီအနက် ကသာချိတ်နှင့် နိုင်လွန်လ
ရှည် အဖြူလေးကိုဝတ်ကာ ငွေလင်ပန်းကို ကိုင်လျက် ကြောင်တော
တောင်လေး ရပ်နေသော ရှင်မင်းထွေးကို ဒေါ်မြကြည်သင်းသည်
မှင်တက်မိသလို ငေးနေမိသည်။

ရှင်မင်းထွေးကို အဝေးက မလှမ်းမကမ်းသာ မြင်ဖူး၏။
လောက်လှပ၍ ကျက်သရေရှိသော မိန်းမတစ်ယောက်ဟု သူမထ
ပေ။ သူ့ရင်ထဲတွင် သူ့တူမ တင်မာလာ ရုတ်တရက် မျက်လုံးထဲ
လာသလိုဖြစ်ကာ ဆို့နင့်နင့်ကြီး ဖြစ်သွားရင်း အထွေးလက်မောင်း
ကို တင်းကျပ်စွာ ဆုပ်ကိုင်မိ၏။ မင်းရွှေဖုံကသာ ဒေါ်ခင်မေဆက်
သမျှ ဒေါ်မြကြည်သင်းကို ပြောပြ၏။ ရှင်မင်းထွေးသည် စကား
ရန် ကြိုးစားပါ၏။ ပြော၍ တစ်လုံးမှမထွက်၊ လည်ချောင်းထဲ ဆို့
နင့်နင့် ပါးစပ်ကလည်း စေးကပ်နေသလို နှုတ်ခမ်းများ လှုပ်ရှား၍
ဖြစ်နေ၏။ ဦးမင်းဟန်ပါ သူတို့အပါး ရောက်လာသည်။ ရှင်မင်း
သည် ဂျွန်၏ သက်မဲ့ကိုယ်ကို ပြင်ဆင်ထားသော ခုတင်အပါး
ဘယ်လို ခြေလှမ်းဖြင့် ရောက်လာမှန်းပင် မသိအောင် ချောက်ချား
၏။ ဂျွန်သည် မျက်လုံးမှိတ်ကာ အိပ်ပျော်နေသလို ဖြစ်နေ၏။ ဦးရွှေ
တို့ မောင်နှမလို နှာတံအလယ်တွင် မို့မို့ကောက်ကောက်ဖြစ်၍ မ
သောကြောင့် ပါးလျားပိန်လျော်နေသော ဖြူဆွတ်နေသည့် ပါးပြင်နှ



အလယ်တွင် သူ့နှာတံသည် လှပနေ၍ သေပန်းပွင့်လှသည်။ ရှင်မင်း
ထွေးသည် ငွေလင်ပန်းပေါ်မှ ပန်းကုံးကို ဂျွန်ရင်ဘတ်ပေါ်တင်ဆဲတွင်
သူ၏လက်ဖျားသည် တဆတ်ဆတ် တုန်နေ၏။ သူနာပြုဆရာမအနေ
နှင့် သက်မဲ့ခန္ဓာပေါင်း များစွာကို တွေ့ဖူး၊ ကိုင်ဖူးလှပြီ သူတစ်ခါမှ
ယခုတစ်ကြိမ်လို တုန်လှုပ်ချောက်ချားခြင်း မဖြစ်လှပေ။

"အန်ကယ် ဂျွန် ...အမျှ...အမျှ...အမျှ"

ဒေါ်ခင်မေဆက် မှာသလို သူအမျှဝေနေဆဲ သူ့မျက်လုံးမှ
သူကိုယ်တိုင် မမျှော်လင့်သော မျက်ရည်ပေါက်ကြီးများ တစ်ပေါက်ပြီး
တစ်ပေါက်ကျလာ၏။

"ကဲကွယ်...ရှင်မင်းထွေး ပြန်နိုင်ပါပြီ၊ မင်းရွှေဖုံ အထွေး
ကြည့်ရတာ သိပ်စိတ်ထိခိုက်နေပုံရတယ်" ဟု ဦးမင်းချိန်သည် အပါး
မှ လာရပ်ကာ ပြောလိုက်၏။

"ဟုတ်ကဲ့ခင်ဗျာ၊ အန်တီ ဒေါ်မြကြည်သင်းကို ကျွန်တော်
ကပဲ ခွင့်တောင်းပါရစေ၊ ကျွန်တော်တို့ မထိုင်တော့ဘူး။ ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်၊ ခွင့်လွှတ်ပါတယ်"

ဒေါ်မြကြည်သင်း၏ ရှိုက်သံသည် သူတို့နောက်တွင် ကျန်
ခဲ့၏။ ကားပေါ်သို့ ရှင်မင်းထွေးသည် ရောက်တော့မှပင် ရှိုက်ကြီး
တငင် ငိုတော့သည်။

"အထွေးကို ခွင့်လွှတ်ပါ ဆရာရယ်၊ အထွေး အားရအောင်
ငိုချင်တယ်၊ အထွေး ဘာဖြစ်မှန်းမသိဘူး။ အန်ကယ်ဂျွန်ကိုလေ ဒီတစ်
ခါ စေ့စေ့စပ်စပ် မြင်ရဖူးတာ။ သူ...သူခုတော့လဲ ချစ်စရာ သနား
စရာ မျက်နှာလေးနော်။ လှလိုက်တာ အန်ကယ်ဂျွန် ကို အန်တီ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးဆက် သိရင် ရင်ကွဲမှာ။ သူတို့နှစ်ယောက် အကြောင်းကထဲ မကောင်းလိုက်တာ''

''ကားပေါ်မှာ အားရအောင်ငို အထွေးအိမ်ရောက်ရင် အထွေးက စိတ်တင်းရမှာ၊ အန်တီမေဟာ ဘယ်လိုပဲ စိတ်မထိခိုက်ဘူးဆိုဆေ မယ့် အထွေးစဉ်းစားကြည့်စမ်း၊ သူ့နောက်ကြောင်းတွေကို ဒီနေ့လို အချိန်မှာ ဘယ်လောက်ပြန်တွေးမိပြီး စိတ်လှုပ်ရှားမလဲဆိုတာ''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အထွေးလေ သူတို့ကိုယ်ရေး ကိုယ်တာတွေကို သိခွင့်ရှိသလောက် သိထားတော့ အန်တီမေကိုထဲ သိပ်သနားတာပဲ''

''ဆရာတောင် ဦးကျိုးမြိုင်နဲ့ မနက်က စကားစပ်မိရင်း ဒေါ်ခင်မျိုးဆက်နဲ့ ဂျွန်အကြောင်း သိလာရတော့ စိတ်ထဲ ဘယ်လိုဖြစ် မှန်းမသိဘူး''

နောက်ထပ် စကားဆက်မပြောတော့ဘဲ သူတို့သည် ကားကို ဆက်မောင်းလာကြ၏။ ဒေါ်ခင်မေဆက် အိမ်အဝတွင် ဒီပန်းသည် သူတို့ကို ကြိုနေ၏။

''ကဲ. . .ဆရာလဲ ပြန်မယ် အထွေး၊ အန်တီမေကို ဆရာ နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ။ ဆရာ့ကိုတွေ့ရင် သူအသေးစိတ် မေးရာက စိတ်ညစ်စရာတွေ ဖြစ်လာမှာစိုးလို့ပါ''

''ကိစ္စမရှိပါဘူး ဆရာ၊ အထွေးပြေလည်အောင် ပြောပြပါ့ မယ်''

ရှင်မင်းထွေးကို နှုတ်ဆက်ကာ ဒေါက်တာမင်းရွှေဖုံသည် ကား မောင်း၍ ပြန်လာ၏။ သူ့ရင်ထဲမှာတော့ သူ့ဖခင်ထံ စာရေးဖို့ ဆုံး



ဖြတ်လိုက်သည်။ သူ့ဖေဖေလာမှပင် ဘယ်လိုဆောင်ရွက်သင့်သည်ကို သားအဖနှစ်ယောက် တိုင်ပင်ကြတော့မည်။

မင်းရွှေဖုံနှင့် ရှင်မင်းထွေး နှစ်ယောက်အတူ ယှဉ်တွဲကာ သွား ရောက်ခဲ့သောကိစ္စမှာ ဈာပနကိစ္စပင် ဖြစ်သော်လည်း မင်းရွှေဖုံသည် ကြည်နူးမိသည်။ သူ့စိတ်သည် ထွေထူးသော ဝေဒနာတစ်ခုကို ခံစား မိ၏။ ရင့်ကျက်သော ဣန္ဒြေနှင့်သူ့အပါးတွင် ဤလိုမိန်းကလေး တစ် ယောက် ယှဉ်မီလိုက်ပါလာခြင်းအတွက် ထူးခြားသော အရသာလို ဖြစ်မိ၏။ ဤသို့အစဉ်ယှဉ်မီလိုက်ပါဖို့ ချစ်သူတစ်ယောက်မှာ ရှင်မင်း ထွေးသာ ဖြစ်သည်ကိုလည်း သူ့စိတ်သည် သူ့အား အိမ်အပြန်လမ်းတွင် တတွတ်တွတ်ပြောခဲ့၏။

သူသည် ဖခင်ဦးမေအောင်ထံ ရန်ကုန်သို့ အမြန်လိုက်လာ ရန် အိမ်ရောက်ရောက်ချင်း စာရေးလိုက်ပါတော့သည်၊ အဘယ်ကြောင့် ဆိုသော် ပန်းတို့မည်သည် လိုချင်၍ခူတ်ခူးလိုတိုင်း သစ်ကိုင်းပေါ်မှ ဖုတ်ချ၍မရ၊ ပန်း၏တန်ဖိုးအရ ခူတ်ခူးရသည့် ခူတ်ခူးပုံနည်းကိုလည်း သိမ်မွေ့စွာ လိုက်နာလုပ်ဆောင်ရမည် ဖြစ်သည်။

ရှင်မင်းထွေးကမူ ဒေါက်တာမင်းရွှေဖုံ ဘာစိတ်ကူး၍ သွား သည်ကိုမသိ၊ သူက လိပ်ပြာသန့်သူဖြစ်၏။ သူ ယခုလောလောဆယ် စိတ်ဝင်စားနေသည်က အန်ကယ်ဂျွန်ပင် ဖြစ်၏။ ငွေလင်ပန်းလေးကို ကိုင်ကာ အိမ်ထဲသို့ ဖြည်းညင်းစွာ လျှောက်လာသော်လည်း မျက်လုံး ထဲတွင် ဂျွန်၏မျက်နှာက မပျောက်၊ ဒေါ်ခင်မျိုးဆက်၏ နေရာအမှန်ကို သိပါလျှင်လည်း သူသည် ဘယ်သူ့ထံကမျှ ခွင့်ပြုချက်တစ်စုံတစ်ရာ ကို တောင်းယူ၍မနေတော့ဘဲ ဂျွန်ကွယ်လွန်ကြောင်းကို အကြောင်း ကြားလိုက်မည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိုလေ နိုင်ငံခြား သံရုံးတွေကို မြန်မာသတင်းစာ မှန်မှန် ရောက်နေတာပဲ၊ သူသိမှာပါ။ ရိုးရိုးမှာကြည့်တဲ့ လူတွေဆီမှာလဲ ရောက်မှာပါ။ အန်ကယ်ဂျွန်ရဲ့ နာရေးကြော်ငြာကို သူဖတ်မိမှာပါ။ ဖတ်မိတော့လဲ ဟင်း...ဘယ်လိုအကြောင်းပါလိမ့်၊ တွေ့ကြရတော့မှ မဟုတ်တော့ဘဲ။ သူတို့ မတွေ့ကြရတော့ဘူး" တစ်ယောက်တည်း စိတ်ကူးရင်း ရှင်မင်းထွေးသည် ဘုရားခန်းရှေ့တွင် ရပ်လိုက်၏။

ဘုရားခန်းထဲတွင် ဒေါ်ခင်မေဆက်သည် ငြိမ်သက်စွာ ဘုရားကို အာရုံပြုနေ၏။ သူသည်လည်း ညင်သာစွာလှမ်းဝင်ကာ ဒေါ်ခင်မေဆက် နောက်ပါးတွင် ထိုင်၍ ဘုရားကိုအာရုံပြုသည်။ အန်ကယ်ဂျွန်နှင့် အန်တီဒေါ်ခင်မျိုးဆက်တို့ နောင်ဘဝတွင် ယခုလို အဖြစ်ဆိုးမျိုး နောက်ထပ်မကြုံရပါစေနှင့်ဟု ဆုတောင်းရင်း သူသည် ထပ်မံအမျှဝေ၏။

သူ့အပါးဝယ် အန်ကယ်ဂျွန်၏ ဝိညာဉ်သည် လာရောက်ကာ သာဓုခေါ်နေသည်ဟုလည်း သူထင်၏။ ဩော်...လူ့ဘဝ တကယ့် ဇာတ်ကြောင်းပင် ဖြစ်သော်လည်း ဝတ္ထုထက်ပင် ဆန်းကြယ်ကာ ဝတ္ထု ထက်ပင် ကြေကွဲဖွယ်ရာ ကောင်းလှပေသည်တကား။

* * *

## အခန်း ( ၉ )
## အစါတစ်ပါး

သားဖြစ်သူ ဒေါက်တာမင်းရွှေဇံ၏ စာအရ လိုက်လာသော ဦးမေအောင်သည် သူ့သား လေယာဉ်ပျံကွင်းတွင် လာကြိုသည်ကို တွေ့ရပေ၊ သက်ဖေတစ်ယောက်တည်း လာကြို၏။

"ဆရာ ဒီနေ့ ခွဲစိတ်တဲ့ နေ့ဆိုတော့ မအားဘူး ဖေဖေကြီး။ ကြောင့် ကျွန်တော် တစ်ယောက်တည်း လာကြိုတာ"

"အေး...သားနေကောင်းရင် ပြီးတာပါပဲကွယ်"

ဦးမေအောင်သည် လေယာဉ်ကွင်းမှ ထွက်ခွာလာသောအခါ ကား၏နောက်ပိုင်းတွင် ထိုင်ရင်း ငါးနှစ်တာမျှ ခွဲခွာနေသော ရန်ကုန်မြို့ကြီး၏ ပြောင်းလဲမှုကိုကြည့်ရင်း လိုက်ပါလာ၏။ စကားတစ်လုံးမှ မပြောမိ။ သို့သော် သက်ဖေသည် ရွှေတံစဉ်အိမ်ကြီး ဝင်းထဲသို့ ကားချိုးလိုက်သည့် တစ်ပြိုင်နက် သူသည် အထိတ်တလန့် အော် လိုက်၏။

"ဟဲ့...ဟဲ့ သက်ဖေ၊ ဘယ့်နှယ့် ဒီအိမ်ကြီးမှာ သွားနေ သလား"

www.burmeseclassic.com

www.burmeseclassic.com



သက်ဖေပင် ကားကို ရုတ်တရက် ထိန်းလိုက်ရ၏။ အဘိုး ကြီး အော်သံကို လန့်သွားသောကြောင့်ပင် ဖြစ်ပါသည်။

"ဟုတ်ကဲ့ ဖေဖေကြီးရဲ့၊ သူ့အတွက် ဆေးရုံက အိမ်ဆေး ပါတယ်၊ သူကမှ မနေချင်တာ"

"အေး.. ငါကလဲ အိမ်ရပြီ လာလည်ပါဆိုတော့ တခြားအိမ် များလားလို့၊ ဒီအိမ်ကြီးဆိုတော့ သိပ်ကောင်းတာပေါ့။ ပုံစံကသာ ရှေး မြန်မာဆန်ဆန် ဆောက်ထားလို့ ရိုးတာပေမယ့် ကျက်သရေရှိတဲ့ အိမ်ကြီး"

ကား ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်လျှင် သူကိုယ်တိုင် ကားတံခါးဖွင့်ဆင်းကာ ဆင်ဝင်အောက်တွင် ခါးထောက်၍ ခြံဝင်းကိုရော အိမ်ပတ်ဝန်းကျင်ကိုရော သူအနှံ့ကြည့်လိုက်သည်။

"အားလုံးဟာ ဘာမှ မပျက်စီးသေးပါလား။ အရင်အတိုင်း နိုင်နိုင်မာမာ တောင့်တောင့်တင်းတင်းကြီးပဲ"

သူသည် ရင်းရင်းနှီးနှီး အားရပါးရ ပြောလိုက်၍ သက်ဖေ ပင် အံ့သြသွား၏။

"ဖေဖေကြီး လာမယ်ဆိုလို့ ဆရာကလေ အားလုံး အဆင် သင့်ပြင်ထားတယ်၊ သူလဲ လာကြိုဖို့ သံကြိုးရောက်ကတည်းက ဝမ်းသာနေတာ"

သက်ဖေ မီနီးမကလည်း အားရဝမ်းသာ ပြောရင်း သံဆွဲတံခါး ကို ဖွင့်လိုက်၏။ သက်ဖေ ချပေးသော ကားပေါ်မှ ပစ္စည်းများကို အိမ်တွင်းသို့ သယ်ယူသွား၏။

"အို...ဟို၊ ဆရာမင်းရွှေဖုံ အဖေလာမယ်ဆို ဘယ်သူများ လဲလို့ ဝတ်လုံတော်ရကြီးပါလား"



ဘယ်ကပေါက်လာသည်မသိ။ လက်ခုပ်လက်ဝါးတီးကာ သူ့ နောက်ပါးတွင် ဦးကျီးမြိုင်ကလည်း ဝမ်းပန်းတသာ ကြိုဆို၏။ သူတို့ သည် ဆွေရင်းမျိုးရင်းများလို ပြန်လည်၍ တွေ့ဆုံဟန်သည် ရင်းနှီး ခင်မင်လွန်းလှသည်။

"ဦးကျီးမြိုင်ကလဲ မအိုပါလား၊ ဝဝခန့်ခန့်ကြီးနော်"

ဦးမေအောင်သည် ဦးကျီးမြိုင် လက်မောင်းများကို ဆုပ်နယ် ကာ ဖက်လဲတကင်း ပြော၏။

"ဝတ်လုံတော်ရကြီးကိုလဲ ဘယ်သူက ခြောက်ဆယ်ကျော် လို့ ပြောမှာလဲ စိုစိုပြည်ပြည် နုနုဖတ်ဖတ်ကြီးပဲ၊ ကျွန်တော် ဝမ်းသာ လိုက်တာဗျာ။ သူ့ဌေးမကြီးလဲ ဝတ်လုံတော်ရကြီး ရောက်လာတာသိ ရရင် ဝမ်းသာမှာ၊ ကျွန်တော်ကလေ ဆရာကြီးကို ဘယ်သူ့သားလဲ အာလဲလို့ မစပ်စုမိဘူး။ စကားမစပ်မိဘူး"

ဝမ်းသာသည်နှင့်အမျှ ဦးမေအောင်သည် ဝမ်းလည်းနည်း သည်။

"အေးလေဗျာ၊ သူလေ ဒေါ်ခင်မေဆက်လေ၊ နေကောင်း သား၊ သူဘယ်မှာလဲ"

"ကမာရွတ်မှာ တိုက်ကလေးတစ်လုံး ရှိသေးတယ်လေ၊ အဲဒီ တိုက်မှာ သူပြောင်းနေတယ်"

"ဘုရား...ဘုရား၊ သူခုလို ကျန်းကျန်းမာမာ ရှိနေသေး တယ်ဆိုတာ ကြားရတော့ ဝမ်းသာလိုက်တာ တစ်ခါတည်းကို အသက် ရှည်နေတာပဲ"

"အို...တစ်နေ့နေ့ အခွင့်ကြုံရင် တွေ့ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . .ကဲ အိမ်ပေါ်တက်ပါဦး"

ဦးမေအောင်သည် ဦးကျိုးမြိုင်နှင့် တွေ့ရာလေးပါး စကားစများကို ဧည့်ခန်းတွင် ထိုင်ကာ အတော်ကြာ ပြောကြ၏။ ပြီးမှအပန်းဖြေရန် သူ့အတွက် ပြင်ဆင်ထားသော အိမ်ပေါ်အိပ်ခန်းသို့ တက်သွားတော့သည်။

သူသည် အဝတ်အစားလဲကာ ခုတင်ပေါ်လှဲ၍ မျက်စိသား မှိတ်ထားရသည် စိတ်ထဲတွင်တော့ အိမ်ကြီး၏ အတိတ်မှ ရွေ့လျားနေသော သဏ္ဌာန်များနှင့်အတူ ကျက်သရေဆောင် နတ်မိမယ်နှစ်ယောက်ဟန်မှာ သူ့နှလုံးသားကြေးမုံတွင် ပြန်လည်လှုပ်ရှားလာကြ၏။

မြစိမ်းရောင် ထောက်စရစ်ပန်းများနှင့် သန္တာပွင့်ညှာ တစ်ထားသော ဆိတ်ဖလူးပန်းများသည် ကညာနတ်မယ်များအပါးတွင် တွေ့ဖွား ကြွေကျလာကြသည်။ အိပ်မက်ခန်းသည် သာယာကြည်နူးဖွယ် ကောင်းလေစွ။

သူအိပ်ရာမှ မနိုးတနိုးတွင် ခြေသံတစ်ခုကြားရပြီး၊ သူ့သား၏ ခြေသံ ပင်းရွှေဖံ၏ခြေသံ။ သူသည် ခုတင်ပေါ် ငုတ်တုတ်ထိုင်လိုက်၏။ ခန်းဆီးကြားမှ သူ့သားကြီး ဘွားဘွားကြီးပေါ်လာ၏။ လက်ကို ဆန့်တန်းလိုက်သည်။ ငယ်ငယ်တုန်းက ကျောင်းကအပြန် အဖေ့ကို ပြေးလာသလို ယခုလည်း "ဖေဖေ"ဟု အားရပါးရ ခေါ်ကာ သူ့ကို ပြေးဖက်လိုက်သည်။ ခုတင်ပေါ်တွင် သူ့ကိုဖက်ရင်း ထိုင်လိုက်၏။ သူသည်လည်း တဟဲဟဲရယ်ကာ သားကို ပြန်ဖက်သည်။

"ဖေဖေရာ သားလာမကြိုတာကို စိတ်မဆိုးနဲ့. ကျွန်တော် ဒီနေ့ အလုပ်များနေလို့"



"ဖေဖေ သိပါတယ်၊ ဒါနဲ့ဒီအိမ်ကြီး ငှားနေရတယ်လို့ သားက စာထဲမှာမှ မရေးဘဲ၊ သားက ဆေးရုံကြီးလိပ်စာသာတတ်ထားလို့ သံကြိုးလဲ ဆေးရုံကြီးလိပ်စာနဲ့ ရိုက်လိုက်တာ"

"အို ရေးဖို့မှမလိုပဲ၊ ဖေဖေနဲ့လဲ ဒီအိမ်ဟာ အဆက်အစပ်ရှိခဲ့တယ်လို့ သားမှမသိဘဲ၊ အခုတော့ ဆေးရုံက အပြန်လမ်းမှာ ကားပေါ်မှာလေ သက်ဖေက ပြောပြတယ်၊ ဖေဖေ့ကို သူလေယာဉ်ပျံကွင်းက ကြိုလာတော့ ဒီအိမ်ဝအရောက် ဖေဖေက အလန့်တကြားအော်လိုက်တာ ကျွန်တော်တောင် လန့်သွားတယ်တဲ့။ ဦးကျိုးမြိုင်နဲ့ တွေ့တော့လဲ တကယ့် ဆွေရင်းမျိုးချာတွေလိုပဲတဲ့။ လိုက်လိုက်လှဲလှဲ နှုတ်ဆက်လိုက်တာတဲ့။ ဖေဖေက ဒေါ်ခင်မျိုးဆက်တို့နဲ့ မိတ်ဟောင်းဆွေဟောင်းတွေပေါ့၊ အသိတွေပေါ့"

"သိဆို သိပ်သိတာပေါ့သားရယ်"

"အိုမပြောပါနဲ့တော့၊ ဒီအိမ်ကြီးဟာလေ သိချင်စရာတွေ သိပ်များတာပဲနော်၊ ကျွန်တော် မြင်မြင်ချင်း သဘောကျလိုက်တာ၊ ကျွန်တော့် သူငယ်ချင်း ဒေါက်တာအုန်းမောင်နဲ့ ဆက်သွယ်မိပြီး ငှားဖြစ်တာ၊ အိမ်ပိုင်ရှင် ဒေါ်ခင်မေဆက်နဲ့တော့ တလောကမှ တွေ့ဖြစ်တယ်၊ ဒီတော့လဲ ဒီအမျိုးသမီးကြီးက သိပ်စိတ်ဝင်စားစရာ ကောင်းတာပဲနော် ဖေဖေ"

"အေးကွယ်"

"သူဟာ မိန်းမတစ်မျိုးပဲ၊ သူ့ကို ရုတ်တရက် ပုံဖမ်းလို့မရတဲ့ မိန်းမမျိုး"

"အောင်မယ် ငါ့သားနှယ် မိန်းမကျမ်းကျေ နေလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ . . . သား မငယ်တော့ပါဘူး ဖေဖေ၊ မိန်းမတွေ အကြောင်း သိသင့်သလောက် သိပါတယ်။ ဒါပေမယ့် သူက တခြ နော်၊ သားဖြင့် သူ့ကိုမထင်တတ်ဘူး"

"အေး ဖြည်းဖြည်းတော့ ထင်တတ်လာမှာပေါ့၊ ရုပ်လုံးပေါ် လာမှာပေါ့" သူက ခပ်ဝိုင်ဝိုင်ပြောလိုက်၏။ မင်းရွှေဖုံသည် သူ့လက် မောင်းများကို ကိုင်လှုပ်ရင်း "ကေနွှတော့ ဖေဖေလဲ တစ်ခေတ်က ဒေါ်ခင်မေဆက်ရဲ့ ပိုက်ကွန်မှာ မိခဲ့တဲ့ ငါးတစ်ကောင်ထင်တယ်" ရယ် မော၍ သူငယ်ချင်းသဖွယ် ပြောလိုက်၏။

"အို သားတို့ထင်သလို ယောက်ျားတွေကို ပိုက်ကွန်ဖြန့်ပြီး ဖမ်းတတ်တဲ့ မိန်းမမျိုးမဟုတ်လို့ ခက်တာပေါ့ကွ၊ အသိခက်တာပေါ့"

"ဟုတ်ပါတယ်။ သားက စကားလုံး မရှာတတ်လို့ပါ။ သူ့ နှိမ့်ချပြောတာတော့ မဟုတ်ပါဘူး"

"အေးလေ မိန်းမတွေကို မြွေနဲ့နှိုင်းတတ်ကြတယ်၊ မြွေ ဟောက်မတို့ ဘာတို့ပေါ့၊ မိန်းမမျိုးနွယ်ဆိုတော့ မြွေတော့မြွေပါပဲ ပြောချင်ပြောနိုင်တယ်။ ပျော့အိအိမို့ အထင်သေးလို့မရဘူး။ ဒါပေမယ့် သား မေဟာလေ ငန်းတော်ရေကျား မြွေမင်းသမီးကွယ့်"

"ဟာ တို့ဖေဖေလဲ မခေပါလား။ 'မေ'တွေ ဘာတွေ လို့"

မင်းရွှေဖုံသည် သူ့ဖေဖေ၏ အတိတ်တစ်ခေတ်ကို သိ လာပြန်သည်။

"ဖေဖေတို့ ငယ်ငယ်က သူ့ကို 'မေ'လို့ပဲ ခေါ်ပါတယ် သွားကြတာလဲ ကြာပါပြီကွယ်၊ မြွေမင်းသမီးလို့ ပြောတာက ငန်း



ရေကျား မြွေများဟာ မြွေများရဲ့ဘုရင်လို့လဲ ဆိုကြတယ်၊ သူများကို နှိပ်မမူတတ်ဘူး။ ဒါပေမယ့် သူပေါက်ရင်လဲ ဆေးကုလို့မရဘူးတဲ့၊ မြွေဟောက်လို လိုက်ပေါက်သတ်တတ် အဆိပ်ပြင်းတဲ့ မိန်းမမျိုး၊ လျှာ နှစ်ခွနဲ့မိန်းမလဲ မဟုတ်ဘူး၊ အေး ဒါပေမယ့် ရေမြွေလို ဘာဖြစ်ဖြစ် ငြိမ်ခံတတ်တဲ့ အမျိုးအစားလဲ မဟုတ်ဘူး"

မင်းရွှေဖုံသည် သူ့ဖေဖေ၏ စကားလုံးအဆန်းများကို စိတ်ဝင် စားလာ၏။

"အေး မြွေပွေးလိုလဲ အေးစက်စက်နေပြီးမှ သတ်တတ်တဲ့ မိန်းမမျိုးလဲ မဟုတ်ပါဘူးကွယ်၊ ငန်းတော်ရေကျား မြွေမင်းသား ပေါက် သတ်လို့ သေရတဲ့ လူရယ်လို့တော့ ဖေဖေ သိပ်မကြားမိပါဘူး။ မေ့ ကိုလဲ မိန်းမအမျိုးအနွယ်မို့လို့သာ မြွေနဲ့နှိုင်းရတယ်၊ မေ့ရဲ့ အဆိပ်မိ လို့ သေရတဲ့ယောက်ျားရယ်လို့ ဖေဖေသိခဲ့ရသလောက် မရှိခဲ့ပါဘူး။ ကို ဖေဖေရှင်းပြနေတာပါ၊ မိန်းမတိုင်းမှာတော့ အဆိပ်ရှိတာပါပဲ"

မင်းရွှေဖုံသည် တဖြည်းဖြည်း နားထောင်ရင်း ပြုံးလာ၏။

"သူ စပါးကြီးမြွေလိုရော ညှို့တတ်လား"

"မညှို့တတ်ပါဘူး၊ မြွေသူတော်စင်ပါ"

"တယ်လဲ ဆိုတဲ့စာပါလား၊ ဖေဖေနဲ့လဲ သားတိုင်ပင်ချင် တာတွေ အများကြီးရှိတယ်၊ ဖေဖေနဲ့မတွေ့တာလဲ ကြာလို့ ကျွန်တော် ရေးလိုက်တာ၊ ဖေဖေ ဘာကိစ္စမှ ထူးထူးထွေထွေမရှိရင်လဲ ဒီအိမ် မှာ သားနဲ့တစ်လှည့် ကြာကြာနေပါဦး၊ ကျောက်ဖြူအိမ်မှာနေတာ တစ်ယောက်တည်းပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



''အေးပါလေ၊ အခြေအနေအရပေါ့၊ သားလဲနားဦး ဖေ
ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်ဦးမယ်''

မင်းရွှေဖုံသည် သူ့အခန်းထဲသို့ ထွက်သွား၏။ ရေချိုး
သို့ အဝင်တွင် ထိုတစ်ခေတ်က ခေတ်စားခဲ့ပါသော မြကြီး၏သီချ
ကို ဟစ်၍ဆိုလိုက်၏။

''မြင်သူတကာတွေ မေ့ကို မြင်တိုင်း ငေးကြသလေ၊ ဘယ
မှာ ဆူသလေ၊ မောင့်ရွှေရင်ထဲ မအေးရပေ ဣန္ဒြေရှင်မေ''

ဩော်...တကယ်ဆိုတော့ သူသာ မင်းရွှေဖုံအရွယ် ငယ်
လျှင် သူ့သားလိုပင် မေသီချင်းကို ဟစ်၍ဆိုလိုက်ချင်ပါရဲ့။

ထမင်းစားပြီး ညဦးပိုင်းတွင် သားအဖနှစ်ယောက် အိမ်အ
ထပ် ရှေ့ဘက်တွင် ထုတ်ထားသော ဆင်ဝင်ခန်းမကြီးတွင် စိတ်
လက်အေး စကားပြောချိန်ရလာသည်။ မင်းရွှေဖုံသည် သူပြော
သည်ကို တိတိလင်းလင်းပြောပြ၏။

''ပထမ ဒီအိမ်ကြီးကို ရောက်စက ကျွန်တော် ဒီအိမ်ကြ
ကို စိတ်ဝင်စားခဲ့တယ်။ ဒုတိယ စိတ်ဝင်စားတာက ဒေါ်ခင်မေဆ
ကိုပဲ။ တတိယစိတ်ဝင်စားဆုံးသူကတော့ ရှင်မင်းထွေးပဲ''

''ဟင်...ရှင်မင်းထွေးဆိုတာ ဘယ်သူလဲ''

''ဒေါ်ခင်မေဆက်ရဲ့ သူနာပြုဆရာမလေး ဆိုပါတော့
ဒေါ်ခင်မေဆက်ဟာ ဗုန်းဗုန်းလဲကျနေရတဲ့ လူမမာမဟုတ်ပေမယ
သူသွေးအားတွေ လျော့ကျသွားချိန်မှာတော့ မလှုပ်နိုင်အောင် ပျော
သွားတတ်တယ်။ ဒီအချိန်မှာ သူ့အပါးမှာ ပြုစုတတ်တဲ့ လူလိုတေ
ဆရာဝန်ကြီးဦးမင်းချိန် အကြံပေးတာနဲ့ ရှင်မင်းထွေးဟာ ဒေါ်ခင်



ဆက်ဆီကို ရောက်လာတယ်လို့ ဒေါက်တာအုန်းမောင်က ပြောတယ်။
နောက်တော့လဲ အစစ ဒီအိမ်ကြီးနဲ့ သူ့ကိစ္စ အထွေထွေကို ဆောင်ရွက်
ပို့ကလဲ လူလိုတော့ စက္ကရီတေရီသဘောမျိုး၊ သူ့အနားမှာ ရှင်မင်းထွေး
ကို အမြဲထားတယ်။ အတူနေ အတူစားပေါ့။ ရောဂါသိပ်သည်းလာရင်
ဒေါက်တာ အုန်းမောင်ကိုခေါ်ရတာပေါ့။ အရင်က ဒေါ်ခင်မေဆက်ရဲ့
သားတွေရှိတုန်းက သူတို့ဆက်မိသားစုရဲ့ ကျန်းမာရေးတာဝန် ယူခဲ့တာ
က အန်ကယ်ဦးမင်းချိန်ကို။ အန်ကယ်က ပင်စင်ယူတော့ ဒေါက်တာ
အုန်းမောင်နဲ့ ဆက်ပေးခဲ့တာ။ ဒါပေမယ့် အရေးတကြီး ရောဂါကြီးလို့
လိုအပ်ရင် အန်ကယ်ကိုယ်တိုင် ဒေါ်ခင်မေဆက်ကို လာကြည့်တယ်''

''အေး ဦးမင်းချိန်လဲ တယ်ပြီးတော့ ကျန်းမာတယ်နော်၊ မတွေ့
တာကြာပြီ။ ပြုံးပြုံးရွှင်ရွှင်ပေါ့ပေါ့ပါးပါးနဲ့၊ အသက်ကြီးလို့တောင် ကြီး
မှန်းမသိသလိုဘဲ။ တယ်ချစ်စရာကောင်းတယ်''

''ဟုတ်တယ်၊ ရှင်မင်းထွေးဟာ ငွေရလို့ တာဝန်အရမို့လို့
ဆိုတဲ့ အပြုအမူမျိုး မတွေ့ရပါဘူး ဖေဖေရယ်။ သွေးရင်းမျိုးချာလိုပဲ
ဒေါ်ခင်မေဆက်အပေါ် ပြုစုယုယ ကြင်နာပုံတင်မကဘူး၊ ကိုယ်ရေး
ကိုယ်တာ ကိစ္စတွေမှာ ဆောင်ရွက်ပေးပုံကအစ ကိုယ်ဖိရင်ဖိနဲ့ သူ့
စေတနာဟာ သူ့မျက်နှာမှာ ပေါ်နေတာပဲ''

''ဒီတစ်ခါပဲ ကံတရားက မေ့ကိုညာတယ်ထင်ပါရဲ့။ ဖေဖေ
တော့ မျက်စိနဲ့မတွေ့ရသေးဘူးလေ။ ဒီလိုမိန်းကလေးမျိုး တစ်ယောက်
အနားမှာ ရောက်လာတယ်ဆိုတော့ ဝမ်းသာစရာပေါ့''

''ဒေါ်ခင်မေဆက် ငယ်ငယ်က ဘာလို့အိမ်ထောင်မပြုခဲ့ပါ
သိဘူးနော်။ သူသာ အိမ်ထောင်ပြုခဲ့ရင် ခုချိန်ဆို သူ့အနားမှာ သား
ဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် တစ်ယောက်ယောက်တော့ ရှိနေမှာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကံအကြောင်းပေါ့ သားရယ်။ ဖေဖေတို့ ဘာဖန်တီး… ရမှာလဲ"

ဦးမေအောင်သည် ညည်းတွားသလို ပြောလိုက်၏။

"ဒီတော့ ကျွန်တော်လေ အားလုံးအဆင်ပြေကြရင် ရှင်မင်း… ထွေးကို လက်တပ်ချင်တယ်"

ဦးမေအောင်သည် ငြင်းဆိုခြင်းလည်းမပြု၊ အံ့ဩဟန်လည်း… မပြ၊ တစ်စုံတစ်ရာ စိတ်ထဲတွင် လှုပ်ရှားသွားပုံကိုလည်း မဖော်…

"ရှင်မင်းထွေးရဲ့ သဘောကရော"

ထိုမေးခွန်းကျကာမှ သူ့သားသည် ဟက်ဟက် ပက်… ရယ်၏။

"ဖေဖေရေ ဒေါ်ခင်မေဆက်ကိုသာ ပြောရတယ်။ ကျွန်တော်… သာ ဆရာဝန်ဖြစ်စက သူငယ်ချင်းတွေလို မိန်းမယူလိုက်ရင် ခုအ… သား ရှင်ပြုနိုင်ပြီပေါ့။ အကြောင်းက မဆုံစည်းနိုင်ခဲ့ဘူး ဖေဖေ… ပြောပြတဲ့ မိန်းမတွေလဲ ကျွန်တော်က မကြိုက်နိုင်ခဲ့ဘူး"

"အေးပေါ့လေ၊ အိမ်ထောင်ရေးမှာ အတင်းအကျပ် သဘော… ဆိုတာ ဖေဖေလဲ မကြိုက်နိုင်ခဲ့လို့ သားကို လွတ်လွတ်လပ်လပ်… စဉ်းစားစေတာပါ။ ဖေဖေက လာစပ်တဲ့ မိန်းကလေးတွေကို မင်း စဉ်း… ဖို့တင်ရုံသာ တင်ပြတာပဲ"

"ဒါပေမယ့် ခုအရွယ်ကြတော့လဲ အချိန်မလွန်ပေမယ့် စေ… ရန် ခက်ပါဘိ ဖြစ်နေတယ်။ ဆရာဝန်နဲ့ သူနာပြုဆရာမနဲ့ ညာ… တာ အဆန်းမဟုတ်ပါဘူး။ ဖေဖေတို့ သဘောတွေကိုလဲ သား…



…ည်ပါတယ်။ ကျောင်းတုန်းက ကောင်မလေးတွေ ပိုးသလို စာပေးရ… …လဲ ကလေးကလားနိုင်သလားလို့"

မင်းရွှေဖုံစကား ထိုနေရာ ရောက်လာသောအခါ ဦးမေအောင် …ည် ပြုံးလာ၏။

"ကလေးချင်ရင် ကလေးပါစေ၊ ရည်းစားစာ ရေးမယ်ကြံပြန် …တော့ ဖေဖေရာ၊ ငယ်ငယ်တုန်းက ၄–တန်းမှာ သားဖြစ်ခဲ့တာ သွား …တိရတယ်"

"ဘာကိုလဲ"

"ကျွန်တော်တို့ ဆရာမက မြန်မာစာဖတ်ပြီး သားတို့ကို …စီစာကုံး ရေးခိုင်းတယ်။ ဖတ်စာထဲက ပုံလေးပါ။ ပုံက လွယ်လွယ် …းရယ်။ သူများတွေသာ ရေးပြီးသွားတယ်။ သားက မစရေးသေး …တော့ "မင်းရွှေဖုံ"ဘာဖြစ်နေတာလဲ။ စာတစ်လုံးမှ မစရသေးပါလား …့ ဆရာမက လာကြည့်ရင်း မေးတယ်။ ကျွန်တော်က ပြောပြတယ်။ …လေးက လွယ်လွယ်လေး ကျွန်တော်သိပါတယ်။ ဒါပေမယ့် ဆရာမရဲ့ …ဒီပုံကို "တစ်ရံရောအခါ"လို့ စရမှာလား။ "တစ်နေ့သ၌"လို့စရ …လား။ "ဟိုရှေးရှေးတုန်းက"လို့ စရမှာလား။ "အခါတစ်ပါး"လို့ …မှာလား။ ကျွန်တော် မသိလို့ စဉ်းစားနေတာပါလို့ ဖြေတော့ ဆရာမ …ာ၊ ဘေးက ကျောင်းသားတွေရော ဝိုင်းရယ်လိုက်ကြတာ"

မင်းရွှေဖုံသည် ယခုလည်း ဟက်ဟက်ပက်ပက် ရယ်၏။ …မေအောင်သည် ခေါင်းလေး တညိတ်ညိတ်နှင့်သား၏စကားကို နား…ထောင်နေ၏။ သူသည်လည်း အခါတစ်ပါးက သားလိုပင် အစရခက်ပုံ… သတိရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



''အေးပေါ့လေကွယ်၊ ခုတော့ အေးအေးဆေးဆေး အချိ
ပါတယ်။ ဖေဖေလဲ တစ်နေ့ မေတို့အိမ် သွားလည်ရဦးမယ်။ ဒီတေ
ရှင်မင်းထွေးနဲ့လဲ တွေ့မှာပဲ။ အဲဒီတော့မှ အဂေါ်ခတ်ရသေးတာ
သားရဲ့ အစရခက်နေတဲ့ ပုံပြင်ကို ဖေဖေကူပြီး အဆုံးထိရေးပေးပါ့မယ်

''ကဲ ...ဖေဖေ အိပ်တော့လေ၊ နားဖို့လဲကောင်းပြီ''

''ညနေက လေယာဉ်ပျံကွင်းက ရောက်ကတည်းကာ တေ
အိပ်လိုက်တာ အိပ်ရေးဝနေပါတယ်။ သားအိပ်တော့၊ ဖေဖေ
ခဏနေဦးမယ်''

သူသည် ပြတင်းတံခါးမှရပ်ကာ အိပ်ပေါ်မှစီး၍ ခြံကြီးကို
လိုက်၏။ ထူးထူးထွေထွေ ပန်းရယ်ဟု မရှိသော်လည်း မြက်ခင်
စိမ်းပြန့်ပြန့်ကြီးသည် လဝန်းအောက်တွင် ခြေဆန့်လက်ဆန့်
အပန်းဖြေနေဟန်ရှိ၏။ သူ့မျက်စိသည် နောက်ဆုံး ဒေါ်ခင်မေဆက်
တွေ့ခဲ့သော မြက်ခင်းအစွန်းတစ်နေရာကို ရောက်သွား၏။ ခုံတန်း
လေးမှာ ဆေးအဖြူသုတ်ထား၍ လရောင်အောက်တွင် ဖွေးဖွေး
ပေါ်နေသည်။ ထောက်စရစ်ပင်သည် ခုံတန်းလျားပေါ်တွင် မိုးနေသ
ဘေးမှ ဆိတ်ဖလူးပန်းပင်ကလည်း လေတွင် ယိမ်းနွဲ့နေ၏။

''အခါတစ်ပါး''သားပြောသလိုပင် အခါတစ်ပါးက မေ
ညနေစောင်းတွင် ထောက်စရစ်ပန်းကို ဤခုံတန်းလျားပေါ်တွင်
ကာ သိနေတတ်၏။ ခင်မျိုးဆက်ကလည်း ညီမအပါးတွင် ထိုင်
ရိုးနိုညာတံနှင့် ဆိတ်ဖလူးပန်းကို သီနေတတ်၏။ သူသည်ပင်
ဤဆင်ဝင်မှ လှမ်းမျှော်ကြည့်တိုင်း ခုံတန်းလျား ဖွေးဖွေးကိုမြင်
မေ့ကို လွမ်းသလို ခင်မျိုးဆက်ကို သတိရ၏။ ညီမအရင်းခေါက်
ဖြစ်သူ မေ့အဖို့မူ ဤခုံတန်းလျားလေး ပန်းများနှင့် တစ်ဖက်

ချစ်သချိုင်းနှင့်တူသော အုတ်တိုက်ကြီးကိုမြင်လျှင် ဘယ်လောက်
တ်ထိခိုက် ပေမည်နည်း။

ဪ ...သူဒီအိမ်ကြီးက ပြောင်းသွားတဲ့အကြောင်းထဲမှာ
အကြောင်းလဲပါမှာပဲ။ သူသည် စိတ်ထဲမှ ရေရွတ်မိသည်။

ဒေါ်ခင်မေဆက်ကို ပထမဆုံးတွေ့ရစဉ်က လင်းယုန်ငှက်ပုံစံ
းတွေ့ခဲ့၏။ လင်းယုန်ငှက်သည် ရဲရင့်သော မျက်လုံးအကြည့်ရှိ၏။
တောင်ပံကို အားယူကာ လေဟုန်တွင် ပျံတက်သွားပုံက အားအင်ရှိ
ပါ၏။ ရန်သူကို တိုက်ခိုက်ရမည့်အခါ တစ်ဟုန်ထိုး ထိုးနှက်တတ်
သာအစွမ်းရှိ၏။ သူပင်လျှင် တအံ့တဩ ငေးမောခဲ့ရ၏။

အခါတစ်ပါးက ဝတ်လုံဦးမင်းဟန်၏ အိမ်ခန်းမှာဖြစ်သည်။

''ကဲ...ကိုမေအောင်ရေ အခုတွေ့ရမယ့် သူတွေဟာ အမှု
ည်တွေလို့လဲ ဆိုနိုင်တယ်။ ဒါပေမယ့် ကိုယ်တို့နှစ်ယောက် အထိန်း
မကောင်းရင် အမှုသည်တွေ ဖြစ်မလာနိုင်ပါဘူး။ ကိုယ်တို့ဝတ်လုံ
တွကို တစ်ဘက်သတ်ကြည့်ပြီး ငိုစားရယ်စား သူများမျက်ရည်ကျမှ
မင်းစားရတဲ့ သူတွေလို့ အစွပ်အစွဲခံရတယ်။ အဲဒီ စွပ်စွဲမှုဟာ တချို့
တွေ အပြုအမူကြောင့် မှန်သင့်သလောက်လဲ မှန်ခဲ့ပါတယ်။ ကိုယ့်
ဆချက်ကတော့ ကိုယ်တို့ဟာ ဥပဒေသမားတွေ ဖြစ်ခဲ့တော့ ဒီလူ့
ာင်ရဲ့ သာယာစိုပြည်မှုကို ဥပဒေမဏ္ဍိုင်နဲ့ ထောက်ထားနိုင်ပါစေ
့ ယူဆခဲ့တယ်။ စေတနာထားခဲ့တယ်။ ဒီရည်ရွယ်ချက်အတိုင်းလဲ
ယ်ဆောင်ရွက်ခဲ့တယ်။ ဒါပေမယ့် တစ်ခါတစ်ရံ သတ္တဝါတွေဟာ
တို့လဲ သူတို့စီမံလာလေတော့ ရုံးပြင်ကနား တရားခွင်ကို သူတို့အမှု
ာရောက်အောင် ပို့ချင်ကြတယ်။ ကိုယ်တို့နားချမှုကို နားမထောင်ကြ
း အဲဒီအခါကျမှ ကိုယ်လဲ ကိုယ်လိုက်ရတဲ့ဘက်ကို တရားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုရအောင် ဥပဒေအကိုးအကားနဲ့ ကာကွယ်ခဲ့တာပဲ။ ကိုမေအောင် ကျွန်တော်နဲ့ တွဲဖက်ပြီး လိုက်နေတုန်း ကိုယ်လုပ် လေ့လာစေချင်တာပဲ။ သူတို့နဲ့တွေ့ပြီးမှ ကိုမေအောင် ဘာလုပ် ဆိုတာ ကိုယ်ပြောပြမယ်လေ”

ဦးမင်းဟန်သည် ဒါရိုက်တာကြီးသဖွယ် သူ့ကို ပြောပြနေ

“ကိုမေအောင် ဧည့်ခန်းမှာတော့ ထိုင်မနေနဲ့၊ ကပ် ဟိုအခန်းမှာထိုင် ဖာခန်းဆီးနားမှာ ထိုင်ရင် ဧည့်သည်တွေကို ကို အောင် မြင်ရမှာပဲ၊ ဧည့်သည်တွေ ပြန်သွားမှ မရှင်းတာတွေ ကျွန် ပြောပြမယ်။ ခုလာမှာက ပထမ ဧည့်သည်က ဦးသက်တဲ့။ သူ့ ဦး ဦးဘိုးလှိုင်လဲ ပါလာမယ်လို့ဆိုတယ်။ ကဲ...ဟိုဘက်ခန်းကို ပေတော့”

ဦးမင်းဟန် ညွှန်ပြရာသို့ သူသွား၍ ဖာခန်းဆီးနားမှာပင် ၍ထိုင်လိုက်သည်။ မကြာခင် ကားတစ်စီးဆိုက်သံ ကြားရ၍ ဧည့်သ နှစ်ယောက် ဧည့်ခန်းထဲသို့ပင် ဝင်လာသည်။

“ဩော်...ဦးလေးလှိုင်ပါ ပါလာသကိုး နေကောင်းရဲ့လ ကျွန်တော်တောင် ဦးလေးလှိုင်တို့ဘက် မရောက်တာကြာပြီ”

“နေကောင်းပါတယ်ကွယ်”

“ကဲ မောင်သက်၊ ထိုင်ဟေ့”

ဦးမေအောင်သည် ခန်းဆီကြားမှ မောင်သက်ဆိုသူကို ကြ နေ၏။ ဝတ်လုံဦးမင်းဟန်ထက် ငယ်ပုံရ၍ ဖြူဖြူချောချော နှာတံ ပေါ်နှင့် မျက်လုံးမျက်ခုံးလှသည်။ သို့သော် သူ့မျက်လုံးများသ တောက်ပ ကြည်လင်ခြင်းမရှိ နီကြောင်ကြောင်ဖြစ်နေ၏။ သပ်သ



ရုပ်ရပ်ဖြီး၍မထားသော ဆံပင်မှာ ထိပ်စများဖြူနေ၏။ သူ့အရွယ်နှင့် သော် ဆံပင်များ မဖြူသင့်သေးပေ။ ဦးသက်ဆိုသူကပင် တခြား စကားများပြောရာက စကားစဖြတ်၍ သံပြတ်နှင့်ပင် အမှုအကြောင်းကို ရှေ့ပြောလိုက်၏။

“ဒီလယ်မြေကို ကျွန်တော့်နာမည်နဲ့ တရားဝင်လွှဲပေးရင် ကျွန်တော် ခင်မေဆက်ကို တရားမစွဲဘူး။ နို့မို့ရင်တော့ ကျွန်တော် တရားစွဲပြီး ရအောင်ကိုယူရပါလိမ့်မယ် နောင်ကြီးဟန်”

ဦးမင်းဟန်သည် ငြိမ်သက်စွာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

“ဒါကတော့ မောင်သက် သဘောပေါ့၊ တူဝရီးချင်း ဖြစ်တဲ့ ကိစ္စမှာ ငါဘာမှဝင်ပြောဖို့ မလိုဘူး။ မင်းနဲ့ငါဟာ အမှုသည်နဲ့ ဝတ်လုံ စကားပြောနည်း ပြောရမှာ မဟုတ်ဘူး။ ဒါဟာ မင်းတို့ညီအစ်ကိုနဲ့ တစ်ကျောင်းတည်းနေပြီး ညီအစ်ကိုအရင်းလို နေလာခဲ့တာ၊ မောင်ဆက် ကိုလဲ ပြောစရာ အကြံပေးစရာရှိရင် ပြောင်ပြောင်ရှင်းရှင်း ပြောခဲ့တာပဲ၊ ခင်မျိုးဆက်တို့ ခင်မေဆက်တို့ဆိုရင် ငါ့သမီးလေးတွေလိုပဲ ငါ့မျက်စိ အောက် ကြီးလာခဲ့တာ။ မြောင်းမြမှာ ခုနစ်တန်းအောင်တော့ ရန်ကုန် မှာ ကျောင်းဆက်ထားဖို့ မောင်ဆက်ကို အကြံဉာဏ်ပေးခဲ့တာလဲ ငါပဲ”

“သိပါတယ်လေ၊ နောင်ကြီးဟန်ဟာ ဆက်မိသားစုရဲ့ အကြံပေးအရာရှိကြီးဆိုတာ”

ဦးသက်ဆိုသူသည် ငေါ်သလိုပြောလိုက်၏။

“အို...မင်း ဘယ်လိုပြောပြော ငါသည်းခံပါတယ်”

“ကျွန်တော် နောင်ကြီးဟန်အပေါ် မကျေနပ်တဲ့အချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဒီကောင်မလေး နှစ်ကောင်ကို ရန်ကုန်ရောက်အောင် ကျောင်း ဆက်ထားပေးဖို့ အကြံပေး ကြိုးစားခဲ့တာကို ကျွန်တော် မကျေနပ် ဆုံးပဲ''

''ဟင် . . . မင်းရဲ့သွေးပါ၊ ဒီကောင်မလေးတွေ ပညာတတ် တော့ မင်းတို့ အမျိုးကောင်းစားရေးပါ''

''ကျွန်တော့် မျက်စိထဲမှာ ဆက်မိသားစုထဲက အဲဒီကောင်မ လေးနှစ်ကောင် ကောင်းစားတာကို မကြည့်နိုင်ဘူး။ ဖြစ်နိုင်ရင် ဗုန်းဗုန်း လဲသေမှ ခံအားမယ်''

ခန်းဆီးကြားမှ ကြည့်နေသော ဦးမေအောင်ပင် ဦးသက်၏ ပြောဟန်ရော အသံကော မျက်နှာထားကိုပါ ကြည့်ရင်း တုန်လှုပ်သွား ၏။

''အေး . . . ကိုယ့်ဆွေရင်းမျိုးချာကို သတ်ရက်သပါ့ဆိုလဲ သတ်ပေါ့၊ ဒီတော့လဲ လူသတ်မှုပြဿနာပေါ့လေ။ ကဲ . . . ဒါကိုတစ်ပိုင်း ထားလိုက်၊ နောင်ကြီးဟန် ရှင်းလင်းပြောပြချင်တာက ဒီလယ်မြေတွေ ရဲ့ နောက်ကြောင်းပဲ မောင်သက်၊ တကယ်တော့ မင်းအသိဆုံးပဲ ဒီမြေတွေကို ရာမချစ်တီးလက် ဘာကြောင့်ရောက်ရသလဲဆိုရင် မင်းတို့ မိဘတွေ ငွေရေးကြေးရေး အဆင်မပြေခဲ့လို့ဆိုတာ မင်းမငြင်းနိုင်ခဲ့ ဘူး။ ဒီအမြတ်တော်ကြေးကိစ္စရော ငွေချေးပြီးအလုပ်လုပ်ခဲ့လို့ အတိုး ဆက်ပြီး မြောင်းမြကတိုက်ရော ဂေါ်ဒွံသောင်စက်ရော လေလံအတင်ခံ ရပြီး အရှက်ကွဲရမယ့်ဆဲဆဲမှာ မင်းမိဘတွေဟာ ငွေနှင့်သောင်း ရုတ်တရက်ရှာမရလို့ ဒေါ်ခင်စောမူက သူ့လယ်တွေ ချစ်တီးပေါင်ပြီး မင်းတို့မိဘတွေ ကြွေးကိုဆပ်ခဲ့တယ်။ အဲဒီတုန်းကလဲ ငါ့မျက်စိရှေ့မှာ ပဲ ခင်စောမူဟာ မောင်ဆက်ကို ပြောပြခဲ့တယ်။ ကိုယ့်မိဘဘိုးဘွား



ပိုင် ဒီလယ်မြေတွေကို အထူးသဖြင့် လူမျိုးခြား ချစ်တီးလက်ကို မရောက် ချင်လို့ သူဟာ လင်တစ်ထမ်း မယားတစ်ရွက်ဆိုပြီး စီးပွားရှာခဲ့တာ ပဲ၊ ခု သူချစ်တဲ့လင် မောင်ဆက်ရဲ့မိဘတွေ အရှက်ကွဲရမယ့်ကိစ္စမို့ ဒီလယ်တွေကို သူဟာ ချစ်တီးဆီမှာ ပေါင်ပေးရတာတဲ့။ ဒီတုန်းက ရေဘေးအပြင် လောင်ထားတဲ့စပါးတွေ ပိုးကျလို့ လယ်ကိုအားကိုး မှုရတဲ့လူတွေ ကသိတဲ့အချိန် သူတို့မှာလဲ ငွေမလည်နိုင်ခဲ့ဘူး။ မောင် ဆက်က လယ်ချည်းပဲ အားကိုးလို့မရဘူးဆိုပြီး တနင်္သာရီဘက်သွား ပြီး ရာဘာခြံအလုပ်မှာ ငွေကတစ်ဖက်မြှုပ်လိုက်တော့ မင်းတို့ အဖေ အမေကြွေးတွေဆပ်ဖို့ ငွေမရှိခဲ့ဘူး။ ဒါကြောင့် ခင်စောမူဟာ ဒီလယ်တွေ ပေါင်ပြီး ရတဲ့ငွေနဲ့ အတိုးကြီးတွေ ဂုဏ်ကိုဆယ်ခဲ့ရတယ်။ ဒါကို မင်း ပြန်သတိရဖို့ကောင်းတယ်''

ဦးသက်သည် ခေတ္တငိုင်နေရာမှ ''ဒါကြောင့် ကျွန်တော် ပြန် ပြီး ဂျပန်ခေတ်မှာ ရွေးပေးခဲ့တယ်လေ''

''အဲဒီအထိ မင်းဘက်က မှန်နေသေးတယ်၊ ခု စစ်လဲပြီး ရော ဒီလယ်တွေကို မင်းရွေးပေးတာမို့ မင်းနာမည်နဲ့ ပြောင်းပေးရ မယ်ဆိုတော့''

''အို . . . သူတို့လယ်တွေ ချစ်တီးမအပ်ရအောင် ကျွန်တော် ကယ်ပေလို့ဆိုတာလဲ ထည့်တွက်ဦးလေ''

ဦးမင်းဟန်သည် သက်ပြင်းချလိုက်၏။

''ငါ ဖြည်းဖြည်းပြောမယ် မောင်သက်၊ နားထောင်ပါဦး ... တစ်ခုမှာ တစ်ဖက်က လုပ်ရှားမှုကို ပုံသေထားပြီး အငြင်းထွက် ... ဖက်လို့မရဘူး။ သူတို့က ဘာမှတုံ့ပြန်တတ်တဲ့လူတွေ မဟုတ်ဘူး အနုံ အအ၊ ရှေးလယ်သမားကြီးတွေလို လူရိုးလူအတွေ၊ ရှေးလယ်ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တွေလို ရှက်တတ်တာတစ်ခုတည်းနဲ့ လယ်ကို ချစ်တီးအသိမ်းခံရတဲ့ လူစားမျိုးတွေဆိုရင်တော့ မင်းဘက်က ပံ့သေတွက်ထားတဲ့နည်းနဲ့ အနိုင်ရလိမ့်မယ်။ ဒါပေမယ့် အဲဒီ တစ်ဖက်ဆိုတာက မင်းတူမ ခင်မေဆက်၊ သူလဲ မင်းလိုပဲ ဥပဒေသဘောတို့ဘာတို့ နားလည်ပြီး သား၊ ဒါတွေကိုလဲ ထည့်တွက်ပါဦးလေ''

''အဲဒီတော့ တရားခွင်မှာ ဥပဒေဘောင်က မျက်နှာချင်းဆိုင် ရတာပေါ့''

''မောင်သက် ငါအခုပြောနေတာ အဲဒီတရားခွင်ဆိုတာကို မရောက်စေချင်လို့ သဘောပေါက်လား၊ ဆွေမျိုးချင်း ဖြစ်နေကြရတော့ အဖြေဘာထွက်မလဲ။ ဝါးခယ်မသူဌေး ဦးဖိုးသက် အမွေမှုမှာ ဘိလပ် တရားလွှတ်တော်သာရောက်ရော အမှုကြီးက မပြီးမပြတ်နဲ့ ကြားလူစား တာပဲ။ အခု မင်းတူမ ခင်မေဆက်နဲ့ မင်းနဲ့ဖြစ်ရတဲ့အမှုက စုစုပေါင်း မှ အင်္ဂလိပ်ငွေနဲ့ ရွှေးတန်ဖိုးနဲ့ ငွေနှစ်သောင်းတန်အမှုဆိုရမှာပေါ့လေ မရှက်ဘူးလား''

''ဒီကောင်မလေးကို အရှက်ခွဲချင်လို့၊ ဒီ ဆက်မိသားစုဆိုတာ ကို တရားခွင်မှာ အရှက်ခွဲချင်လို့''

''ကဲ...ထားတော့၊ မင်းကို ငါတစ်ခုပြောစရာကျန်သေးတယ် မင်း အဲဒီလယ်တွေ ပြန်ရွေးပေးတာ ဂျပန်ခေတ်၊ ပြန်ရွေးချိန်မှာ ချစ်တီး ရာမသူဌေးဟာ မဒရပ်မှာရှိတယ်။ သူ့ကိုယ်စားလှယ်ပဲ မြောင်းမြ ထားခဲ့တယ်။ ဒီတုန်းက ပြန်ရွေးကြောင်း စာချုပ်ဟာ ရီဂျစ်စတာ မှတ် ပုံတင်လို့မရခဲ့ဘူး။ မှတ်ပုံတင်ရုံးတွေမရှိခဲ့ဘူး။ တည်ဆဲဥပဒေအရ ချုပ် ဆိုခဲ့သော ကတိစာချုပ်ပဲဖြစ်ခဲ့တယ်။ ဒါကြောင့် မူရင်းမြေပုံစံနဲ့ မူရင်း စာချုပ်ကို ဒေါ်ခင်စောမူတို့ မရခဲ့ဘူး။ မဒရပ်မှာပဲရှိတယ်။ မဟာမိတ်



တွေ ပြန်ဝင်လာပြီး မှတ်ပုံတင်ရုံးတွေ၊ ဘာတွေပြန်ဖွင့်ချိန်မှာ ရာမတို့လဲ ပြန်ရောက်လာတယ်။ သူတို့ဝတ်လုံ မစ္စတာဒတ်တားကတစ်ဆင့် နို့ ဘစ်စာတစ်ခု ဒေါ်ခင်စောမူကို လာပေးတယ်။ သဘောကတော့ ဂျပန် ခေတ်ဥပဒေနဲ့ ပြန်ရွေးချယ်ခြင်းကို သူတို့လက်မခံနိုင်ဘူးတဲ့။ သူတို့ ထားခဲ့တာဟာ ကိုယ်စားလှယ်သာပဲဖြစ်တယ်။ မူလ သူဌေးရဲ့လက်မှတ် မပါလို့ ဒီကတိစာချုပ်ဟာ တရားမဝင်ဘူးတဲ့။ နှစ်အချက်ကတော့ သူ့ကိုယ်စားလှယ်ဟာ လယ်တွေပြန်ရွေးဖို့ ငွေလက်ခံတာဟာ ဂျပန် ငွေနဲ့ဖြစ်လို့ အဲဒီအချိန်မှာဂျပန်ငွေတွေရဲ့တန်ဖိုးဟာ အင်္ဂလိပ်ငွေ ဘစ်ဆယ်မှာ ဂျပန်ငွေတစ်ထောင်ဈေးရှိတယ်။ ဒါကြောင့် မူလ အင်္ဂလိပ် ငွေနဲ့ ဒီလယ်တွေပေါင်းပြီး ယူငွေဟာ ဂျပန်ငွေနဲ့ဆိုရင် နှစ်သိန်းပေး ရမယ်၊ ဒေါ်ခင်စောမူတို့ ပြန်ရွေးတော့ ဂျပန်ငွေတစ်သိန်းနဲ့သာ ရွေး လာတဲ့၊ ဒါကြောင့် မူရင်းစာချုပ်ကို ပြန်ယူလိုရင် အင်္ဂလိပ်ငွေတစ်သောင်း ထပ်ပေးရမယ်၊ ဒါမှလဲ ပြန်ရွေးပြီးကြောင်း စာချုပ်ကို မှတ်ပုံတင်ရုံး မှာ အသိအမှတ်ပြုနိုင်မယ်။ မူရင်းစာချုပ်ကိုလဲ ဒေါ်ခင်စောမူလက်ထဲ ပြန်ပေးနိုင်မယ်လို့ ဆိုတယ်။ ရွေးပြီးကြောင်း ကတိစာချုပ်လောက်သာ ချုပ်ထားတာ၊ တကယ်စာချုပ်မူရင်းက ရာမချစ်တီးလက်မှာပဲရှိသေး တယ်။ ဟိုဘက်ဒီဘက် ဆက်လက်လုပ်နေရင် ရေရှည်နေမှာစိုးလို့ မဟာမိတ်တွေ ပြန်အဝင်မှာ ဒေါ်ခင်စောမူလက်ထဲ ငွေလွှယ်တာနဲ့ ငွေတစ်သောင်းထပ်ဖြည့်ပေးတော့မှ ဒီစာချုပ်ကို မှတ်ပုံတင်ပြီး ဒေါ်ခင် စောမူ လက်ထဲ ပြန်ရောက်ခဲ့ရတယ်''

''အဲဒီငွေတစ်သောင်းကို အခု ခင်မေဆက်ကို ကျွန်တော် ပေးရင် ဒီလယ်တွေကို ကျွန်တော့် နာမည်နဲ့ ပြောင်းပေးမှာပေါ့''

''နားထောင်ပါဦးလေ၊ လူမျိုးခြား ချစ်တီးနဲ့တောင် တရားခွင်

www.burmeseclassic.com

www.burmeseclassic.com



မရောက်အောင် တို့ဝတ်လုံအချင်းချင်း ပြေပြစ်အောင် ညှိနှိုင်းလုပ်လို့ရရင် ခုကိစ္စမှာရော ဘာကြောင့် တူဝရီးချင်း တရားတဘောင်ဖြစ်နေရမှာလဲ။ ငါ ခင်မေဆက်ခေါ်ပြီး ပြောပြမယ်။ တစ်ခုတော့ရှိတယ်လေ၊ မင်းက ငွေတစ်သောင်းပေးရင် သူ့အမေလယ်တွေကို မင်းနာမည်နဲ့ ပြောင်းပေး၊ မပေးဆိုတာကိုတော့ ခင်မေဆက် သူ့ဘာသာ ဆုံးဖြတ်ရမယ့်ကိစ္စ''

''ဆုံးဖြတ်ပေစေလေ၊ နောင်ကြီးဟန်တို့က ဘာဖြစ်ဖြစ် မောင်ဆက် သူတော်ကောင်းကြီးဆိုပြီး ကိုကြီးဆက်ဘက်ကနေ သိပ်ဘက်လိုက်ချင်တာပဲ''

ဦးသက်သည် ထပ်မံ စွပ်စွဲလိုက်ပြန်၏။ ဦးမင်းဟန်ကတော့ ပြုံးမြဲပြုံးနေ၏။

''မောင်သက်ရေ၊ ဘယ်သူ့ကိုမှ ဖြန်ဖြေမရလို့ တရားစွဲချင်တယ်ဆိုတောင် အဲဒီအမှုကို အခြားလူနဲ့ လွှဲပေးမယ်၊ စိတ်ချ ငါဘယ်ဘက်ကမှ ဝတ်လုံမလိုက်ဘူး''

အနားမှ ဦးလေးတော် ဦးဘိုးလှိုင်ဆိုသည့် သူကြီးက ခေါင်းတညိတ်ညိတ် လုပ်နေသည်ကလွဲ၍ ဘာမှဝင်မပြောပေ။

''ဒါပဲ နောင်ကြီးဟန်၊ ကျွန်တော် ပြန်လိုက်ဦးမယ်၊ ဦးလေးလှိုင် ကျွန်တော်နဲ့ ပြန်လိုက်မလား''

''ငါ ဖြည်းဖြည်းမှ ပြန်တော့မယ်''

ဦးသက်သည် ဒေါ်နှင့်မောနှင့် ပြန်ထွက်သွားတော့သည်။ ဧည့်ခန်းတွင်မူ ဦးဘိုးလှိုင်နှင့် ဦးမင်းဟန်သည် သက်ပြင်းကြီးချကာ ကျန်ရစ်၏။



''ကဲ…တစ်ခုသောက်လိုက်ကြဦးစို့၊ အသက်ကို ဆယ်နှစ်လောက် တိုသွားသလိုပဲ။ ကဲ ကိုမေအောင်ရေ ထွက်ခဲ့တော့။ ထွက်ခဲ့တော့'' ဦးမင်းဟန်က ပြောလိုက်၏။ ဦးမေအောင်သည် ထိုအခါမှ ခန်းဆီးကြားမှထွက်ကာ ဧည့်ခန်းတွင် ထိုင်လိုက်သည်။ သူငယ်လေးတစ်ယောက်သည် ကော်ဖီနှင့်မုန့်များ စားပွဲပေါ်သို့ လာချ၏။

''ဦးလေးက ပြေရာပြေကြောင်း ဖြစ်ပါစေလို့ လိုက်လာခဲ့ရတာပါ။ မလိုက်လာပြန်ယင်လဲ ဆွေမျိုးထဲမှာ ဦးလေးတစ်ယောက်ပဲ ကြီးကြီးမားမားရှိတာ။ ဦးလေးကအစ ကိုကြီးဆက်ကို ဘက်လိုက်တယ်လို့ ပြောမှာစိုးလို့၊ ဟင်း…ခက်ပါဘိ မောင်သက်ကို ဘယ်လိုတရားချရမလဲ''

''တရားဆိုတာ ကိုယ့်ဟာကိုယ်ချမှရတာ ဦးလေးလှိုင်ရေ၊ သိပ်ပူမနေနဲ့၊ ကဲ…သောက်ဦး၊ ကိုမေအောင် ကော်ဖီသောက်ဦး''

ဦးမေအောင်သည် ကော်ဖီသောက်ရင်း ပွဲကြည့်ပရိသတ် တစ်ယောက် သူမသိသေးသော ဇာတ်လမ်းအစ ကပြပုံကို ကြည့်နေ၏။ ယခုနေတော့ သူ့ဆရာဦးမင်းဟန် ခေါ်၍ပြနေသော ဇာတ်လမ်းတွင် ဘယ်သူသည် ပင်မဇာတ်ကောင်ဖြစ်၍ ဘယ်သူက ဇာတ်လိုက်မှန်း ဘယ်သူကလူဆိုး၊ လယ်သူက ဇာတ်ရံမှန်း မသိသေးပေ။ သို့သော် ဇာတ်ရံ တစ်ယောက်ဖြစ်ဟန်ရှိသော ဦးဘိုးလှိုင်ကတော့ သူ၏ပါဝင်ရသောအပိုင်းကို ပြောပြပြန်၏။

''ခင်စောမူသေပြီးတဲ့နောက် မောင်ဆက် တစ်ယောက်တည်းသာဆိုရင် သူ့အစ်ကိုကို ဘာမဆို ပြောလို့ရမယ်ပေါ့။ မောင်ဆက်က သူကအပြုအမူတွေ မကြိုက်ပေမယ့် ညီအစ်ကိုဆိုတော့ သူ့ကိုပစ်မထားဘူး။ ခုတော့ ဘာဖြစ်ဖြစ် သမီးကရှိနေတော့ မောင်ဆက် သူလှည့်

www.burmeseclassic.com

www.burmeseclassic.com



သလိုမရဘူး။ အထူးသဖြင့် သူခင်မေဆက်ကို မကြည့်နိုင်ဘူး။ ခင်မျိုးဆက်က အေးတယ် မဟုတ်လား။ တကယ်လို့ နိုင်ငံခြားကို ကောင်လေး ထွက်မသွားအောင် မျိုးဟာ သူကလဖန်ထိုးသမျှ ငြိမ်နေမှာပဲ သူဖဲချိုးသမျှကို ကြည့်နေမှာပဲ။ ခင်မေဆက်ကတော့ ငုံ့ခံနေမယ့်သူ မဟုတ်တော့ ဒီဇာတ်လမ်း သူဆင်သလို မဖြစ်နိုင်တာ ခင်မေဆက်ရှိလို့ ဆိုပြီး သူ ခင်မေဆက်ကို သိပ်ညိုးတာပဲ။ ခင်မေဆက်ဟာ ပညာတွေတတ်လို့ သူလုပ်သမျှ ငုံ့မခံဘဲ သူနဲ့ကခြေချင်းပြိုင်နိုင်တာ ဆိုပြီး ခင်မေဆက် တက္ကသိုလ် ဒီဂရီအောင်အထိ အားပေးခဲ့တဲ့ မင်းကိုလဲ သူမကြေနိုင်ဘူး''

''ကျွန်တော် သိပါတယ်လေ''

''အေး . . . စီးပွားရေးနဲ့ ပတ်သက်လာရင် သားနဲ့မိဘတောင် ရန်သူလိုဖြစ်တတ်တာ ဦးလေးလှိုင် မအံ့ဩပါဘူး။ ဒါပေမယ့် ကွယ်ရာမှာ ခင်မေဆက်ကို သူသတ်ပစ်ချင်တဲ့အထိ ကြုံးဝါးနေတဲ့ အသံများကြားရရင် ဦးလေးလှိုင် ကြက်သီးဖြန်းဖြန်းထတယ်၊ ဦးလေးလှိုင် သိရသလောက် ခင်စောမူကိုလဲ သူသတ်ဖို့ အတန်တန် ကြိုးစားတာ ကံအကြောင်းကြောင့် ခင်စောမူဟာ သူ့လက်ချက်ကြောင့် မသေခဲ့ရဘူး''

''အင်း . . . မောင်ဆက်ထက်တောင် ကျွန်တော်သူ့အပေါ် အချစ်ပိုခဲ့ပါသေးတယ် ဦးလေးလှိုင်၊ ကျွန်တော်ဟာ ရန်ကုန်မှာ ပညာသင်တော့ သူတို့မိဘတွေအိမ်မှာ အစ်ကိုလိုအတူနေပြီးမှ ကျောင်းတက်ခဲ့တာ မောင်ဆက်လုပ်ချင်တဲ့ စီးပွားရေးအမြင်နဲ့ဆိုရင် ခေတ်ပညာတတ်ဖို့လဲလိုတော့ ကျွန်တော်ဟာ မောင်ဆက်ကိုလဲ ဆယ်တန်းအောင်ပြီး တက္ကသိုလ်သွားဖို့ ပြောခဲ့သေးတယ်။ သူပြတဲ့အကြောင်းကလဲ မှန်ပါတယ်။ ကျွန်တော် ဒါလောက် ပညာရှင် တော်ပြီးတဲ့၊ မိဘတွေ



လက်ငုတ်လက်ရင်းကို ကျွန်တော့်ဘာသာ ဦးစီးနိုင်ပြီဆိုပြီး သူ့လယ်တော သူပြန်တာပဲ။ မောင်သက်ကို ကျောင်းဆက်ထားပါသေးတယ်။ သူ့ဟာသူမွေ့ပြီး တက္ကသိုလ်မှာ ဒီဂရီရအောင်အထိ မနေတော့တာ ဘယ်တတ်နိုင်မလဲ။ ခင်မျိုးဆက်တို့ကို ကျွန်တော်က အကြံမပေးလဲ သူတို့မိခင် ခင်စောမူဟာ သရက်ချောင်းဝန်းကျင်က ကလေးတွေ ပညာရေးအားပေးသလို သူ့သမီးတွေကို ပညာအဆုံးအထိပေးဖို့ အဲဒီအစဉ်အမြဲရှိတဲ့ မိန်းမပါ။ သူ့ကို ဒါကြောင့် လေးလေးစားစားနဲ့ မမစောမူလို့ ကျွန်တော် တမင်ခေါ်တာ၊ ဟိုခေတ်ကတော့ သူဌေးတွေဟာ သမီးတွေကို ခုနစ်တန်းလောက်အောင်ရင်ပဲ အိမ်တွင်းပုန်း လုပ်နိုင်းပြီး ကြေးရတတ်တွေကို ပိုက်ဆံနဲ့ ပေးတယ်ပြီး လင်ပေးစားလိုက်ကြတာပဲ''

''အေး . . . မင်းက လင်ပေးစားတာနဲ့ ပတ်သက်လို့ စကားစပ်မိလို့ ပြောရဦးမယ်။ ငါမြောင်းမြကို တစ်ခေါက်ပြန်သွားတော့ မောင်သက်ယောက္ခမကြီးနဲ့ တွေ့ခဲ့သေးတယ်။ သူဟာ အတော်စိတ်ထိခိုက်နေပုံရတယ်။ 'ကိုလှိုင်'တဲ့။ ကျွန်တော့်သမီး တင်မြသွင်ကို မောင်သက်သတ်တာပါပဲတဲ့။ မိဘတွေ ခင်မင်မှုနဲ့ ကျွန်တော့်သမီးကို သူနဲ့ပေးစားခဲ့တာ။ ကျွန်တော့် သမီးဟာ အေးအေးဆေးဆေးနေတတ်တဲ့ အိမ်တွင်းပုန်းပါပဲလေ။ နောက်ဆုံး သူမောင်းထုတ်လိုက်လို့ ရန်ကုန်ကပြန်လာပြီး ကျွန်တော့်အိမ် ပြန်တက်လာတော့ အဖေ့ရင့်မကြီးကို အကျိုးလှစ်ပြတယ်ဗျာ။ ရင်ဘတ်မှာလေ မောင်သက်ကန်ထားတဲ့ ဖနောင့်ရာဟာ အညိုအမည်းစွဲနေတာပဲ။ ဖအေတစ်ယောက်အနေနဲ့ အသည်းဆတ်ဆတ်တုန်တယ်။ အဲဒီ[illegible]က မောင်သက်အနားမှာသာရှိရင် ကျွန်တော် သတ်မိတယ်။ ဖေဖေတို့ယူဆိုတဲ့ လင်ကို သမီးခေါင်းငုံ့ခြင်းဆန်တဲ ယူခဲ့လို့ရခဲ့တဲ့ ဒဏ်ရာပါပဲဖေဖေတဲ့'' ကျွန်တော့် သမီးဟာ ဒါပဲပြောပြပါတယ်။ ငါ့မြေးလေး နှစ်ယောက်ကျောပိုတော့ ''ဒီ

www.burmeseclassic.com

www.burmeseclassic.com



မြေးတွေပြီး နောက်ကျရင် အမွေစကားပြောရမယ်''ဆိုပြီး ပြန်မထ
လိုက်ဘူး ကိုလှိုင်။ ကျွန်တော့်သမီးဟာ စိတ္တဇနဲ့သေရပြီး သူသေ
တော့ ကျွန်တော့် မြေးတွေ ကျွန်တော်မွေးမယ်။ သူမသေခင်ဗေ
ကျွန်တော့်အိမ်ရိပ် သူလာနင်းရင် ကျွန်တော် အသတ်ပဲ၊ ကျွန်တော့်
တွေကိုလဲ မအေဘက်က အမျိုးတွေဆီ လုံးဝမသွားရဘူးတဲ့
ကျွန်တော့်သမီးကို သူမနှစ်သက်နိုင်ရင် ကျွန်တော့်လက်ထဲ ပြန်ပို့
ကျွန်တော့်သမီး အပြစ်တွေရှိချင်ရှိမယ်။ ခုတော့ လုပ်ပုံလုမဆန်လို
လေခြင်း ကိုလှိုင်ရယ်၊ ဆိုပြီး မောင်မင်းဟန်ရယ် ယောကျ်ားရင့်မ
မျက်ရည်တွေ ဝိုင်းဝိုင်းလည်ပြီး ငါ့ကိုတိုင်တယ်''

ဦးမင်းဟန်သည် ဦးလှိုင်ပြောသည့်စကားများကို ငြိမ်သက်
နားထောင်နေရာမှ ပင့်သက်ရှူလိုက်၏။

''ကိုမေအောင် လူတစ်ယောက်မွေးဖွားလာခြင်းအတွက်
ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကို အရှိန်ဟပ်ပုံဟာ ဘယ်လောက်
ကြယ်လဲ။ ဒီနေရာမှာ ကံဆိုးတာနဲ့ ကောင်းကင်ဂြိုဟ်နဲ့ ဆက်စပ်
တယ်ဆိုတာ ယုံကြည်လား။ တချို့မွေးဖွားလာခြင်းဟာ သူ့ပတ်
ကျင်ကို ကောင်းသောလှုပ်ရှားခြင်းနဲ့ လှုပ်ရှားစေတယ်၊ တချို့မွေး
လာခြင်းဟာ လူတစ်ယောက် လူဖြစ်လာဖို့အတွက် သူ့ပတ်ဝန်းကျ
ကို ကံဆိုးမိုးမှောင်ကျစေတာပဲ။ မောင်သက် မွေးဖွားချိန် ကောင်း
ဂြိုဟ်ဇာတာအရ သူဟာ နိစ်၊ ဘင်္ဂ ရာဇယုဂ်ရတယ်။ အဲဒီလိုရ
ဟာ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျမှ သူကောင်းစား
တယ်လေ။ ခုလဲ...''

ကားတစ်စီးဆိုက်သံကြား၍ သူတို့စကားကို ရပ်လိုက်
''ခင်မေဆက် လာပြီထင်တယ်'' ဦးလှိုင်က ပြောလိုက်



ဦးမင်းဟန်သည် သံဆွဲတံခါးဝအထိ သွားကြို၏။ ဧည့်ခန်းသို့ ပြန်ဝင်
လာသောအခါ ဦးမင်းဟန်နောက်တွင် အမျိုးသမီးတစ်ယောက်ပါလာ
သည်။ အစိမ်းခက်များ နွယ်ခက်ယှက်သမ်းနေသော လုံချည်ဝတ်ထား
၏၊ အကျႌမှာ ဖြူဆွတ်နေ၏။ ကြယ်သီး အစိမ်းရောင်သည် လုံချည်နှင့်
လိုက်ဖက်လှ၏။ ဖြူသော နားရွက်များတွင် စိန်ငယ်လေးများ
ဝိုင်းရံထားသော မြနားပန်ကြောင့် မျက်နှာသည် ပိုမိုကျက်သရေ ရှိဟန်
ရှိ၏။ ဝှပ်းမှောင်သော မျက်လုံးသည် နှာတံမြင့်မြင့်အပါးတွင် တလက်
လက်တောက်ပနေ၏။ မျက်ခုံးက ဆေးရေးသားခြင်းမရှိဘဲ နက်၍
နေသည်။

''အို...ဘကြီးလှိုင်လဲ ရောက်နေသလား'' မိန်းမငယ်သည်
ပြသော အသံအေးဖြင့် ဦးလှိုင်ကို ခေါင်းကြို့ကာ နှုတ်ဆက်လိုက်၏။

''အေးကွယ့်''

''ခင်မေဆက် ထိုင်ဦး။ ဒါက ဘကြီးဟန်နှင့်အတူ တွဲဖက်
း အမှုတွေလိုက်နေတဲ့ ဝတ်လုံတော်ရ ကိုမေအောင်ဆိုတာ။ ကိုမေ
အောင်ရေ ကျွန်တော်တို့ ပြောနေတဲ့ ခင်မေဆက်ဟာသူပဲ။ ခုတော့
ကသိုလ်မှာ အင်္ဂလိပ်စာဌာနမှာ လက်ထောက်ကထိက လုပ်နေ
ယ်''

ခင်မေဆက်သည် ဦးမေအောင်ဘက်သို့ လှည့်လိုက်၏။ ရဲရင့်
သာ လင်းယုန်ငှက်၏ ကြည့်ခြင်းမျိုးဖြစ်၍ ရုတ်တရက် ဦးမေအောင်
ထဲတွင် လှပ်လှပ်, လှုပ်လှုပ်နှင့် ဝေဒနာတစ်မျိုးကို ခံစားလိုက်ရ၏။

''တွေ့ရတာ ဝမ်းသာပါတယ် ဦးမေအောင်။ မေဟာ ဘကြီး
နဲ့ရဲ့ သမီးလိုဖြစ်နေတော့ ဦးမေအောင်ကို မိတ်ဆွေဖြစ်ရတာ သော
တယ်''

www.burmeseclassic.com

www.burmeseclassic.com



စကားပြောပုံသည် သွက်လက်ပေါ့ပါးလှ၏။

"ဟုတ်ကဲ့ ကျွန်တော်လဲ ဝမ်းသာပါတယ်။ ဦးမင်းဟာ တွဲဖက်လုပ်ရင်း တက္ကသိုလ်ဥပဒေသင်တန်းတွေမှာ အချိန်ပိုင်းသင်ပေ ကြံစည်ထားပါတယ်။ တက္ကသိုလ်နယ်မြေမှာ ဆုံကြသေးတာပေါ့"

"ဝမ်းသာစရာပဲနော်"

ခင်မေဆက်သည် သူတို့ရှေ့ရှိ ဆိုဖာတစ်ခုတွင် ထိုင်လိုက ၏။ ဦးမေအောင်သည် သေသပ်စွာ ထိုးနှောင်ထားသော ဒေါ်ခင်ဆ ဆက် ဆံထုံး၏အခြေတွင် ရစ်ပတ်သော ခွေထားသော ထောက်ဖ ပန်းကိုပင် သတိပြုမိ၏။ ခေတ်မီသော ရန်ကုန်သူတို့ မသုံးသေ တောပန်းဖြစ်၏။ ဆင်ယင်ထုံးဖွဲ့ပုံမှာ ရှေးရိုးလည်းမဆန်၊ ကလေ လည်းမရ၊ ခေတ်နှင့်အညီလိုပင် သူဝတ်စားထား၏။ သို့သော် သူသည် တောပန်းပွင့်ကို ခေါင်းမှာပန်သထား၏။

"ကဲ. . .ဘကြီးဟန်ရေ၊ မေ့ကို ပြောစရာတွေ ရှိတယ် တာ ပြောပါလေ၊ ဒါနဲ့ အန်တီဆွေရော"

ဦးမင်းဟန်၏ ဇနီး ဒေါ်မြဆွေကို မေးလိုက်၏။

"သူ အလှူတစ်ခု၊ သွားတယ်ကွယ်၊ ကိုမေအောင် ရှေ့ရ မှာပဲ ပြောရမှာမို့ ကိုမေအောင်ကို အနားမှာ ခေါ်ထားတာပါ"

"ကိစ္စမရှိပါဘူး ဘကြီးဟန်"

"ကဲ. . .ဘကြီးဟန်ကတော့ ဝတ်လုံစကားမျိုး၊ ပြော ချင်တော့ဘူး။ ဆွေစုမျိုးစု အနေနဲ့ပဲ ပြောပါရစေတော့"

ဦးမင်းဟန်သည် စကားစခံကာ ပထမသွားသော ဦးသ စကားများကို တတ်နိုင်သလောက် စကားလုံး အလှအပများ ခြံရံ



ပြောပြလိုက်၏။ ခင်မေဆက်သည် စိတ်ဝင်စားစွာ နားထောင်ရာမှ ဦးမင်းဟန် စကားအဆုံးတွင် ခါးကို မတ်မတ်ထား၍ ရင်ကိုချီလိုက်၏။ မှန်သူကို ရင်ဆိုင်တော့မည့် လင်းယုန်ငှက်၏ ဟန်ပန်မျှ၍ ဦးမေအောင် ကထင်လိုက်၏။ ပြီးတော့ သူမသည် ပြတ်သားစွာ စကားများကို ခေါက် ခေါက်နှင့်ပြောလိုက်၏။

"မေ နားလည်ပါပြီ ဘကြီးဟန်၊ မေတို့မိသားစုအကြောင်း တွေကို ဖာတ်လှန်နေဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် မေပြောပြသင့်တဲ့ အကြောင်းကို ပြောပါရစေ။ မေဟာ ဦးဆက် ဒေါ်ခင်စောမှတို့ရဲ့ သမီးပါ။ မမျိုး မရှိတဲ့နောက် ဒီမြေမှာ မေတစ်ယောက်တည်း ကျန်ခဲ့ပြီ ဆိုပါတော့။ ကောင်းမွေဆိုးမွေဟူသမျှ မေအားလုံးဆက်ခံရမယ်၊ ရင်ဆိုင် ရမယ် ဖေဖေနဲ့မေမေ မှာခဲ့ကြားခဲ့သမျှ မေဟာ လိုက်လံဆောင်ရွက် တဲ့အပိုင်းတွေမှာ အခုထိ အပြီးသတ်တာတွေလဲရှိတယ်။ မပြီးတာတွေ လဲရှိတယ်၊ တစ်ခါတလေ လုပ်ငန်းတွေ မအောင်မြင်တာမဟုတ်ဘူး။ မေရဲ့စိတ်ကို မေ မအောင်မြင်နိုင်ဘူး။ မေပြောတာ ရှင်းမယ်မထင်ဘူး"

"ရှင်းပါတယ်လေ" ဦးမင်းဟန်က ဆို၏။

"ဒါကြောင့် တချို့ နေရာတွေ မိဘစကားမှာခဲ့သမျှ လိုက် လုပ်နိုင်တဲ့ သမီးကောင်းအဖြစ် မေကြိုးစားပေမယ့် မဖြစ်ခဲ့ဘူး။ မေရဲ့ မေဟာ အမြင်ကျယ်ဝန်းပါတယ်၊ သရက်ချောင်းသူတစ်ယောက် တောရွာဇာတိရယ်လို့ ထင်မှတ်လို့မရနိုင်အောင်ကို အမြင်ကျယ်ပါ တယ်။ သဘောထားကြီးပါတယ်။ တစ်ခြားကိစ္စတွေ ထားလိုက်ပါတော့။ ယောက္ခမတွေ ဂုဏ်ဆယ်ဖို့အတွက် သူ့လယ်မြေတွေကို ပေးအပ်ခဲ့ပါ တယ်။ စွန့်လွှတ်ရဲတဲ့နေရာမှာ ဒီအကွက်ထဲပဲ ဘကြီးဟန်တို့ မေမေ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုလေ့လာနိုင်ပါတယ်။ မေရဲ့ဖေဖေဦးဆောက်ကတော့ သည်းခံစိတ် မေမေ့ထက်သာတယ်။ သူ့ပတ်ဝန်းကျင်ကိုလဲ ဘယ်တော့မှ လျစ်လျူ မထားခဲ့တဲ့သူပဲ။ ဒါကြောင့် သူ့ပတ်ဝန်းကျင်က လူတွေဟာလဲ သူ့ကို ဘယ်တော့မှ ပစ်မထားလို့ အုပ်ချုပ်ရေးတွေ ကစဉ့်ကလျား ပျက်ပြား ရတဲ့အချိန်ခေတ်ကို ခဏခဏ ကြုံခဲ့ရပေမယ့် သရက်ချောင်းက သူ့ ပစ္စည်းတွေဟာ ရာသီဥတုဒဏ်ကလွဲလို့ ဘာမှဆုံးရှုံး မပျက်ပြားခဲ့ရ သောင်းကျန်းမှုဒဏ်ကြောင့် မြစ်ဝကျွန်းပေါ်မှာ လယ်ပိုင်ရှင် ကိုယ့်လယ်ယာ ကိုယ်မသွားရဲလို့ ကိုယ့်ဆန်ကိုယ်ဝယ်စားရတဲ့အချိန် ဖေဖေရဲ့လယ်သမားတွေက ဖေဖေ့ကို ဘယ်လောက် ကျေးဇူးပြု ဆိုတော့ ခုမေရဲ့လက်ထက်အထိ မေ ဆန်တစ်ပြည်မှ ဝယ်မစား သေးဘူး။ ဘကြီးဟန် ယုံလား''

''ယုံပါတယ်''

''တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတာ သိပ်မှန်တာပဲ တစ်ယော ယောက်ကို အများကြီးမဟုတ်ပါဘူး။ ရှစ်ပြည်၊ တစ်တင်းစနဲ့ ပေါ်ချိန် သတိတရ ပို့ပေးကြတာတွေဟာ မေတို့အိမ်မှာ တစ်နှစ် ဖူလုံတယ်။ ဒါလောက်ပဲ ဖေဖေတို့ ရွာသားတွေဟာ ဖေဖေ့အ စောင့်နာထားခဲ့ပါတယ်။ အခါမရွေးလဲ ဖေဖေ ဘယ်အချိန် သွား တခြားလူပိုင်တဲ့လယ်တွေလုပ်တဲ့ လူတွေကအစ ဖေဖေ့အနားမှာ ဝိုင်း လည်နေတာပဲ။ ဖေဖေက ခဏခဏပြောတယ်၊ ငါ့ လယ်မြေမှာ ငါတို့ရွာပေါ်မှာရော လယ်သမားရယ်၊ လယ်ပိုင်ရှင် ရယ်လို့ ပို သဘော ဘယ်တော့မှမရှိရဘူးတဲ့။ အားလုံးကို သည်းခံပြီး ဖြေရှင်း ပြေလည်နိုင်ရမယ်တဲ့။ ဖေဖေဟာ သူ့ရဲ့သည်းခံစိတ်ကိုလဲ သူ့သမီး ယောက် ရင်ထဲကို သွင်းခဲ့ပါတယ်။ မေဟာ အခု ဦးလေးသက်



ဖြစ်ရတဲ့ကိစ္စမှာ ဖေဖေ့စကားနဲ့ ကိုယ့်ကိုယ်ကိုယ် တရားချပါရဲ့။ ခုထိ တရားချမရခဲ့ဘူး။ မေမေ မဆုံးခင်က ဒီလယ်မြေတွေနဲ့ ပတ်သက်ပြီး မေမေပြောခဲ့တယ်။ မောင်သက်က ဒီသူရွေးပေးတဲ့ လယ်မြေတွေကို သူပိုင်ဆိုင်ခွင့်ရှိတယ်လို့ စကားပြောလာခဲ့ရင်တဲ့ ဘာကြောင့် ဒီလယ်တွေ ချစ်တီးလက် ရောက်ရသလဲဆိုတဲ့အကြောင်းကအစ ဇာတ်လှန်ပြီး သတင်းစာထဲ ကြော်ငြာပါ။ ပြီးတော့လဲ မောင်သက်ဆိုသူနဲ့ လုံးဝ ဆွေရေးမျိုးရေး မဆက်စပ်တော့ကြောင်းကို ကြေညာပြီး ဒီလယ်တွေကို မောင်သက်ကို ပိုက်ဆံတစ်ပြားမှ မယူဘဲ လွှဲပြောင်းပေးလိုက်ပါတဲ့''

ခင်မေဆက်သည် ဤနေရာတွင် ခေတ္တစကားစကို ရပ်ကာ အမောဖြေသလို နားနေလိုက်၏။ ဦးလှိုင်သည် ရုတ်တရက် အကွက်ရ သလို ဝင်ပြောလိုက်၏။

''တို့လဲ ဒါကို ပြောမလို့ကွယ်။ မစောမှ အမြင်ကျယ်ပါပေ တယ်။ ပေ စိုက်ထားတဲ့ ငွေတစ်သောင်း ပြန်ရရင် ဒီလယ်မြေတွေ ကို မောင်သက်နာမည် လွှဲပြောင်းပေးလိုက်ပါတော့ မေရယ်၊ အန္တရာယ် ကြီးလှပါတယ်''

''အန္တရာယ် . . . ဘယ်လို အန္တရာယ်လဲ။ ဒီနေရာမှာလေ ဘကြီးလှိုင် မေမေ့ဓာတ်ပုံကို ရှေ့ဆွဲထုတ်ပြလာပြီး ဒိုင်းလိုလုပ်ပြီး၊ ဦးလေးသက်ကို မကာကွယ်ပါနဲ့ မကာကွယ်ပါနဲ့။ မေ့စိတ်ကို မိခင်ဓာတ်ပုံပြ ပြီး ပျော့ကျအောင် မချလိုက်ပါနဲ့။ သွေးမဆောင်လိုက် ပါနဲ့။ ဘကြီးလှိုင်ကို မေတို့ အမျိုးတွေထဲမှာ အကြီးဆုံး ဒီတစ်ယောက်ပဲ ရှိတော့တယ်ဆိုတဲ့အနေနဲ့ လေးစားမြဲ လေးစားနေပါရစေ။ ဘကြီးလှိုင် တို့ ချစ်လှပါတယ်ဆိုတဲ့ ဦးလေးတော် ဦးသက်အပေါ်မှာလဲ မေတို့ မြေများကို ချစ်တီးလက်မရောက်အောင် ရွေးပေးတဲ့ ကျေးဇူးတော်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးအနေနဲ့ပဲ မေ ကျေးဇူးတင်နေပါရစေ။ ခုန အန္တရာယ်–အန္တရာယ် ဆိုတဲ့ စကားလုံးနဲ့လဲ မေ့ကိုတော့ မခြိမ်းခြောက်ပါနဲ့။ ငွေဆိုတဲ့ လာဘ်သဘောမျိုးနဲ့ ဖလှယ်ပြီး ငွေတစ်သောင်းပေးမယ်၊ ဒီစာချုပ်လက်မှတ်ထိုးလိုက် ဆိုတဲ့အနေနဲ့လဲ မေ့ကို နားမချပါနဲ့။ မိခင်စကားကို နားထောင်တဲ့ သမီးကောင်း တစ်ယောက်ပါပဲလို့ မေမေ့သမီး လိမ္မာကြီးတစ်ယောက်အနေနဲ့ မြှောက်ပြီးမေ့ကို မချော့ပါနဲ့။ ဘကြီးလှိုင်တို့သာ သတ္တိကြောင် သူရဲဘောနည်းပြီး ဆွေစုမျိုးစု မောင်သက်လုပ်သမျှ ငုံ့ခံပေမယ့် မိခင်မေဆက်ဆိုတဲ့ မိန်းမအပေါ်မှာတော့ တရားနဲ့ သက်သက်ပြောင်အနိုင်ကျင့်တဲ့ ဦးသက်လိုလူရဲ့ အာပြအမူမျိုးကို မေဟာ လွယ်လွယ်နဲ့ လက်လျှော့ပေးလိမ့်မယ် မဟုတ်ဘူး''

ဒေါ်ခင်မေဆက် စကားလုံးများမှာ တရစပ် ပစ်ခတ်လိုက်သော ကျည်ဆန်များလို ပေါက်ကွဲထွက်လာ၏။

''ခင်မေဆက်'' ဦးမင်းဟန်အသံသည် အနည်းငယ်မာ၍ ဒေါ်ခင်မေဆက်ကို အတိပေးအချက်ပြသလို ဖြစ်သွား၏။

''မေ သတိထားကွယ်၊ မောင်သက်အပေါ် ဘယ်လိုပဲပြော ပြော၊ ဦးလေးလှိုင်ဟာ မေတို့ရဲ့ဘကြီးနော်၊ ရိုင်းပြတဲ့ စကားလုံးတွေ မသုံးမိပါစေနဲ့''

မေသည် စကားဆက်ကို နည်းနည်းအရှိန်သတ်လိုက်တော့သည်။

''ဒီလိုပါ ဒီလိုပါ ဘကြီး နည်းနည်းရှင်းပြချင်တာက ဘကြီးလှိုင်ဟာ ခင်မေဆက် ခံစားနေရပုံကို ကိုယ်ချင်းစာမိပါတယ်။ ချစ်တီးနဲ့တောင် တရားခွင်မှာ မျက်နှာချင်းမဆိုင်ရဘဲ ကိစ္စပြီးပြတ်လို့ ရခဲ့ရင်



ဝရီးချင်း ရန်သူလို တရားခွင်မှာ ရင်မဆိုင်ဘဲ ပြီးပြေနိုင်သမျှ ပြီးပြေပါစေလို့ ဘကြီးလှိုင် ဝင်ပါတာပါ''

ဦးမေအောင် မျက်စိထဲတွင်မူ တစ်ခါတစ်ရံ မြန်မာဇာတ်သဘင်ထဲတွင် က,ပြတတ်သော ဇာတ်ခန်းမျိုးတစ်ခန်းကို သတိရမိ၏။ သား ရှိသော ဘုရင်ကြီးသည် သမီးကို အိမ်ရှေ့အရာ နှင်းအပ်ထားသဲ။ တိုင်းပြည်ကို ရန်သူများ ဝိုင်းလာချိန်တွင် ဖခင်ကိုယ်စား ရန်သူများကို နှင်းရန် စစ်အခင်းအကျင်းနှင့် ရှေ့ဆုံးမှ မင်းသားအဝတ်ကို ဝတ်၍ ထွက်တတ်သော အိမ်ရှေ့စံမင်းသမီးပုံကို သတိရမိ၏။ ရွှေကျင်ပဝါ ခေါင်းမှာ အုပ်ပေါင်းပေါင်း၍ မင်းသားအသွင် ဝတ်ဆင်ထားသော် ည်း ပျိုနုသော မင်းသမီးလေး၏ ရုပ်သွင်မှာတော့ ပပျောက်ပေ။ လှိုင်သည် သူ့စကားကို သူဆက်ပြော၏။

''အန္တရာယ်ဆိုတာကလဲ မေ့ကို ဘကြီးလှိုင်အနေနဲ့ ခြိမ်းခြောက်တာ မဟုတ်ပါဘူးကွယ်။ လူမိုက်မှာ ဆေးမရှိလေတော့ မတော်တဆ ခြေလွန်လက်လွန်တွေ ဖြစ်ကုန်မှာစိုးလို့ပါ မေ၊ ဘကြီးလှိုင်က သုဝဏ္ဏသာမ ရွှေအိုးထမ်းလာတာပဲ မြင်ချင်လို့ပါ''

''မေ စကားပြောတာ ရိုင်းသွားလို့ မေ့ကိုခွင့်လွှတ်ပါ။ ပေမယ့် မေတစ်ခုပြောပါရစေ၊ သုဝဏ္ဏသာမ သားရွှေအိုးထမ်းလာတဲ့ ဇာတ်လမ်းကို လူတိုင်းကြည့်ချင်ပါတယ်။ မေက ဇာတ်လမ်းကို ပြင်လို့ ားရရင် ပြင်ချင်ပါတယ်။ သုဝဏ္ဏသာမကို လူသားဟုတ်၊ မဟုတ် မ်းကြည့်ဖို့က ဒီလိုမြားနဲ့ပစ်ပြီးမှ ကြည့်မှသိရမတဲ့လား ဘကြီးလှိုင်၊ ခြားနည်းလမ်းတွေ မရှိဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



ဦးလှိုင်သည် ပါးစပ်အဟောင်းသားဖြစ်သွား၏။ ဦးမင်းဟန်ကတော့ ပြုံးလိုက်သည်။

"အစကသာ ဒီပိဋ္ဌိယက္ခမင်းသားက မြှားနဲ့မခွင်းခဲ့ရင် သုဝဏ္ဏသာမ သွေးအလိမ်းလိမ်းကပ်ပြီး မြေမှာလူးပြီး သေရတဲ့ဘဝမရောက်ဘူး သုမုန္ဒရီနတ်သမီးလဲ မနေရ၊ မျက်မမြင်မိဘတွေလဲ ကသိကအောက် မဖြစ်ရဘူး။ နတ်မနေရ လူမနေရ ဇာတ်လမ်းဟာ ပေါ်ကိုမလာဘူး ဒီတော့ ဘကြီးလှိုင် တရားဟောချင်ရင် အရင်ဆုံး အဆိပ်လူးမြှားကို[...] တဲ့ ပိဋ္ဌိယက္ခမင်းကို တရားဟောပါ၊ သင်္ကန်းဝတ်ပြီး ရေအိုးကိုင်နေတဲ့ သုဝဏ္ဏသာမကိုချည်း ဖွတ်တရားပြမနေပါနဲ့တော့၊ နောက်လိုက်နော[...] ပါခဲ့လို့ သုဝဏ္ဏသာမမှာ သက်သတ်လွတ် မြက်စားနေတဲ့ သမင်တွေ[...] ရှိတယ်"

ဦးလှိုင်သည် ငြိမ်ကျသွား၏။

"မေ တစ်ခု ထပ်ပြောပါရစေ၊ ဘကြီးလှိုင်ကို စကားအ[...] ချစ်တီးနဲ့တော့ ပြေလည်အောင် လုပ်ယူပြီး ကိုယ့်တူဝရီးချင်းကျ[...] တရားခွင်မှာ ယှဉ်ပြိုင်ရန်သူလို ဆက်ဆံချင်တဲ့သဘော ရောက်နေတယ်[...] အဲဒါကို မေ ရှင်းပါရစေ၊ ဝတ်လုံတော် မစ္စတာဒတ်တားတို့ နဲ့တစ်[...] တဲ့ အချိန်ကလွတ်လပ်ရေး ခေတ်ဦးမဟုတ်ဘူး၊ အင်္ဂလိပ် အုပ်ချုပ်[...] ပဲရှိနေတယ်။ တည်ဆဲဥပဒေအရ သူတို့ဘက်က တင်ပြချက်ဟာ [...] တဲ့အပြင် ဂျပန်ခေတ်က ငွေတန်ဖိုး တွက်ချက်ပြတာကလဲ မှန်တယ်[...] ပြီးတော့ မြေတွေရွေးပြီးပေးမယ့် မှုရင်းစာချုပ်က ချစ်တီးသူဌေးလက်[...] မှာပဲ ရှိနေတော့ ဒီစာချုပ် မေတို့လက်ထဲ ရောက်မနေသရွေ့ မေ[...] စကားပြောရ ဆိုရတာဘယ်ပိုင်မလဲ။ ပြီးတော့ ဒီတုန်းက ဒီကိစ္စတွေ[...] ဦးဆောင်ပြီး ရင်ဆိုင်နေရတာက ဖေဖေတို့၊ မေမေတို့ဟာ အမှုနိုင်တ[...]



နှုံးတာထက် တရားမျှတယ်၊ ဥပဒေနဲ့လဲညီတယ် ဆိုတဲ့ဘက်မှာ ရပ်တည်ချင်သေးတယ်ဆိုတာလဲ ဦးလေးလှိုင် သဘောပေါက်စေချင်တယ်။ အကယ်၍သာ အဲဒီတုန်းကအမှုကို ဦးဆောင်ရမယ့်သူဟာ မေသာဖြစ်ခဲ့ရင် အခြေအနေဟာ တစ်မျိုးပြောင်းလဲကောင်း ပြောင်းလဲသွားမှာပဲလို့ မေထင်တယ်"

ဒေါ်ခင်မေဆက်၏ လေသံသည် တဖြည်းဖြည်း သံမှန်ရောက်လာ၏။ ရင်ထဲမှ ခံပြင်းသောဒေါသမှာ ဖွင့်ပြောချင်တာတွေ ပြောလိုက်ရ၍ တစ်ဝက်တစ်စိတ် လျော့ပါးသွားဟန်ရှိ၏။

ဦးမင်းဟန်သည် ဒေါ်ခင်မေဆက်၏ ဒေါမနဿဖြင့် ပေါက်ကွဲလာသော ဒီရေအရှိန်ကို မသိမသာ ဟန့်တားလိုသော သဘောဖြင့် သူ့အသံကို အအေးဆုံး အငြိမ်သက်ဆုံးထားကာ ဝင်ရောက်ပြောလိုက်၏။

"အေးပေါ့လေကွယ် အဖြစ်အပျက် ဇာတ်ပေါင်းစုံကို ဘကြီးဟန်လဲ သိပါတယ်၊ အခု မိနစ်ပိုင်းလေးမှာ မေ့ရဲ့ဦးတည်ချက်မြားဦးက မောင်သက်ကနေရွှေ့ပြီး ဦးလေးလှိုင်ဘက် ဦးတည်သွားလို့ ဝမ်းနည်းစရာဖြစ်သွားတယ်။ ဒီအတွက်လဲ ဘကြီးဟန် မေ့ကိုခွင့်လွှတ်ပါတယ်၊ တစ်ခါတစ်လေတော့လဲ လေပြင်းကျလာရင် ဝါးရုံအိုဟာ သင့်တော်ရာကို ကြည့်ပြီးယိမ်းရတာပဲ၊ ဝါးရုံပင်ဖျားတွေဟာ ဦးခေါင်းကြီး တညိတ်ညိတ်နဲ့ ညိတ်ကာညိတ်ကာ နေရတယ်ဆိုတဲ့ သဘောလဲ မေနားလည်ထားစေချင်တယ်"

"ဟုတ်ကဲ့၊ ဘကြီးဟန် ပြောတာမှန်သင့်သလောက် မှန်ပါတယ်၊ ဦးလေးလှိုင်ပညာရှိဆန်ဆန် ဝါးရုံပင်အိုလို ခေါင်းညိတ်ပြီးညွှတ်ပြီး လေအလိုက် ကြည့်နေရတယ်ဆိုရင် နေပါလေ။ ဒါပေမယ့် မြေပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှာက ဝါးရုံပင်ကြီးသက်သက်ပေါက်နေတာ မဟုတ်လေတော့ ကျွန် သစ်ပင်တွေကို သူ့သဘောသူဆောင်ခွင့် ပေးစေချင်ပါတယ်"

ခင်မေဆက်က ဝင်ဖြတ်၍ ပြောငိုက်၏။

"ဘကြီးဟန် ထပ်ပြောချင်တာက မေလဲ ဆက်မိသားစုရဲ့ အစဉ်အလာ ထိန်းသိမ်းမှုတစ်ရပ်ဖြစ်တဲ့ သည်းခံခြင်းနဲ့ စွန့်လွှတ်ခြင်း ဆိုတဲ့ အစဉ်အလာကို ထိန်းသိမ်းရာမှာ ပိုမိုရင့်ကျက်လာအောင် ကြိုး စားပါဦးလို့ ဘကြီးဟန် မေတ္တာရပ်လိုလို့ ဒီအိမ်မှာ ခေါ်ပြောရတာ ပါကွယ်"

"မေ တတ်နိုင်သလောက် ကြိုးစားမှာပါ၊ မေ ကြိုးစားပြီး စိတ်ကို အနိုင်ရအောင် ထိန်းချုပ်ကြည့်နေဆဲမှာ ဘကြီးလှိုင်ကိုလဲ မေ တစ်ခုတောင်းပန်ပါရစေ "ဆက်"ဆိုတဲ့ ကွယ်လွန်သူရဲ့နာမည်ကို မေကြားရတိုင်း ဖခင်ကြီးလို သည်းခံစိတ် ငါရအောင်မွေးရမယ်လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမရတာလဲ အမောပဲ၊ မေ စကားစခံခဲ့သလို ဆုံးမလို့ရတဲ့အခါလဲရှိသပေါ့၊ မရတဲ့အခါလဲရှိတယ်။ ဘကြီးလှိုင်အနေ နဲ့လဲ "လှိုင်"ဆိုတဲ့ နာမည်တစ်လုံးကို ဆက်လက်ထိန်းထားဖို့ မေ မေတ္တာရပ်ခံပါရစေ။ ဘကြီးလှိုင်ကို မေတို့ ဘိုးဘွားတွေက ဘယ်လိုညွှန် ရွယ်ချက်နဲ့ အမည်ပေးခဲ့တယ်မသိဘူး။ ယောအတွင်းဝန် ဦးဘိုးလှိုင် ဆိုတဲ့ သူကတော့ အသက်ဦးဆံပိုင်ဘုရင်ကို ထင်ရာမစိုင်းဖို့ ရာဇသတ် ကျမ်းမှာ အတိအလင်းရေးပြီး သံလျက်ကုပ်ပေါ်ဝဲရာက ဘုရင်ကိုတောင် မတိမ်းမစောင်း အောင်ထိန်းခဲ့သူပါ။ ဒါကြောင့် ရာဇဝင်မှာရော စာပေ လောကမှာရော ယောအတွင်းဝန် ဦးဘိုးလှိုင်ဆိုရင် စာပေအာဇာနည်ကြီး လို့ အသိအမှတ် အစဉ်အလာပြုခဲ့ရပါတယ်။ အခုလဲ ဦးလေးသက် ပရမ်းပတာဖြစ်လာပုံကို ဘကြီးလှိုင် တိမ်းမတ်ပေးပါ ပညာရှိ သိပ်ဆန်



နေပါနဲ့နော်။ ဝါးရုံပင် သိပ်မဆန်လိုက်ပါနဲ့၊ ဘကြီးလှိုင်က ပညာချည်း ရှိနေတော့ ခင်မေဆက်က ဆွေစုမျိုးစုထဲမှာ အလိုလို လူမိုက်ဖြစ် ဖြစ်သွားတယ်"

"ဟား...ဟား...ဟား...ဟား" ဒီတစ်ခါ ဘကြီးလှိုင်သည် လက်ခုပ်လက်ဝါးတီး၍ အားရအောင်ရယ်၏။ ဒေါသ၏ ပေါက်ကွဲခြင်း တို့ဖြင့် ဒေါ်ခင်မေဆက်ကို တရားချခန်း၊ ဇာတ်အခန်းမှာ ဦးလှိုင် ရယ်လိုက်သောကြောင့် အားလုံး သက်သောင့်သက်သာ ရှိသွားပုံရ၏။ ပြုံးလာကြ၏။ မျက်လုံးများပင် ပြုံးယောင်သမ်းကာ ဒေါသရှိန် လျော့ပါးသွားသည်။

"ငါ့မြေး ငါ့မြေးလေး ခင်မေဆက်၊ အထီးကျန် ငါ့မြေးလေး [illegible]မရေ့ မေရဲ့အပေါ်မှာ ဘကြီးလှိုင် အစဉ်ကရုဏာ ထားခဲ့တယ်ဆို တာ ယုံပါကွယ်" ဘကြီးလှိုင်သည် အေးမြသော လေသံနှင့် ဆက်လက် ပြောပြ၏။

"အကြောင်းကံလို့ပဲ ဆိုရမယ်။ ယောအတွင်းဝန်ဦးဘိုးလှိုင် ကြီးကိုငဲ့ အခု သက်ရှိငမိုက်သား လှိုင်ရဲ့ ရင်ထဲကဝေဒနာကို တိုင် တည်ပြီး ပြောပြချင်ပါရဲ့ မေရယ်။ ဘကြီးလှိုင်ရဲ့ အစ်မအရင်းခေါက် ခေါက် မသာလီဟာ မောင်ဆက်တို့ရဲ့အမေပါ။ နှမအရင်းကမွေးတော့ တူလို့တောင် မထင်ခဲ့ဘူး။ သားအရင်းလိုပါပဲ။ မသာလီဟာ မျက်စိ တစ်လုံး မမှိတ်ခင် မောင်လှိုင်ရယ်တဲ့၊ သားကြီး မောင်ဆက်ကိုဖြင့် မ အားလုံးစိတ်ချပါတယ်တဲ့၊ သားငယ် မောင်သက်အတွက်ကိုဖြင့် စားသွားသွား ဘယ်တော့မှ မအေးခဲ့ရဘူး။ တချို့ မကိုမေးတယ်၊ ဆိုးတဲ့လူမို့လို့ မောင်သက်ကို ပိုချစ်သလားတဲ့။ မိခင်မေတ္တာရဲ့သဘော ကို မသိတဲ့လူတွေက ဒီမေးခွန်းကို မေးရက်တယ်။ ကောင်းတဲ့လူကို

www.burmeseclassic.com

www.burmeseclassic.com



လောကသံသရာရေး စိတ်ချသွားရပြီမို့ မမ ခပ်ခွာခွာနေရတာပါကွယ်။ မောင်သက်ကို လွှတ်ထားလိုက်ရင် သူလုပ်တာတွေဟာ ထောင်နှုတ် ခမ်းလျှောက်နေလို့ တစ်နေ့ကြိုးစဉ်မှာ ကြိုးတန်းလန်းနဲ့ မြင်ရတဲ့အဖြစ် ရောက်ရင် အကြီးဆုံး တာဝန်အရှိဆုံးသူဟာ မောင်သက်ရဲ့အမေ မသာလီပေါ့။ ဒါကြောင့် မောင်သက်နဲ့အတူနေပြီး မိခင်မေတ္တာအမျှ နဲ့ အမြဲထိန်းနေရတာပါ မောင်လှိုင်ရယ်တဲ့။ မမ မျက်စိနှစ်လုံး ပိတ် သွားရင် မောင်သက်အနားမှာ အမြဲနေပြီး တတ်နိုင်သလောက် ကတိ ကပါးမဖြစ်အောင် ထိန်းပါလို့ မမ မသာလီ မသေခင်က အတန်တ မှာပြီး မျက်စိသာမှိတ်ရော မမဟာ မျက်ရည်မစဲခဲ့ရရှာပါဘူး။ ဒါကြောင့် ခုထိ ဘကြီးလှိုင် မောင်သက် အပြုအမူတွေကို အစဉ်ထိန်းနေတာ ယောအတွင်းဝန်ဦးဘိုးလှိုင်လို စာသာရေးတတ်ရင်ဖြင့် ရာဇသံ ကျမ်းလိုတော့ မရေးတတ်ဘူး ''သက်ထိန်းခန်း''လို့ စာတစ်ဆုံ ဘကြီးလှိုင် ရေးလိုက်ချင်ပါရဲ့''

''ကဲ...မောကို ခွင့်ပြုကြပါတော့၊ မေပြန်ပါရစေ''

ခင်မေဆက်သည် သူ့ထုံးစံအတိုင်း သူကသင် အရင်ခွင့်တော ကာ ညည့်ခန်းမှထွက်သွား၏။ ဦးမေအောင်သည် ဘာကြောင့်မှန်းမယ ခင်မေဆက်ကို ကားပေါ်အထိ ပို့လိုက်ပြီး ကားမှန်တံခါးကို ပိတ်ပေ ရင်း ...

''ဒေါ်ခင်မေဆက်နဲ့ ပြန်လည်တွေ့ဆုံခွင့် ရပါစေလို့ ကျွန်တော် ဆုတောင်းနေပါတယ်။ တွေ့ရတဲ့ နေရာဟာလဲ တက္ကသိုလ် နယ်မြေမှာပဲ ဖြစ်စေချင်ပါတယ်'' ဟု သူကပြောလိုက်၏။

''မေလဲ ထပ်တူထပ်မျှ ဆုတောင်းပါတယ် ဦးမေအောင် သွားတော့မယ်''



ကျောက်စိမ်းဒေဝီသည် မှန်ကားပေါ်တွင် လက်ပြရင်း ထွက်ခွာသွားသည်။ ဦးမေအောင်သည် ညည့်ခန်းသို့ ပြန်လည်ရောက်ရှိလာသောအခါ ဦးမင်းဟာန်နှင့် ဦးလှိုင်သည် ဆက်လက်စကားပြောနေ၏။

''ခင်မေဆက် စကားပြောတာတွေမှာ လူကြီးတွေကို စော်ကားတဲ့ အသုံးအနှုန်း အမှားပါသွားရင်လဲ ခွင့်လွှတ်ပါ ဦးလေးလှိုင်ရယ်၊ ကျွန်တော် ထပ်ပြီး တောင်းပန်ပါတယ်''

ဦးမင်းဟာန်က တောင်းပန်နေ၏။

''ဪ...မောင်မင်းဟာန်ရယ်၊ ခင်မေဆက်ရော မောင်သက်ရော ဦးလေးလှိုင်ရဲ့ သွေးတွေပါ၊ ဦးလေးလှိုင် မေ့ကိုလဲ ခွင့်လွှတ်ပါတယ်၊ ဆွေစုမျိုးစုတစ်ခုထဲမှာလေ အသက်အကြီးဆုံး တစ်ယောက်ယောက်များ ကျန်ရစ်ခဲ့လျှင် သိတင်းကျွတ်ကန်တော့ခံရတာက လွဲလို့ ဘကြီးက ဘယ်ဘက်ပါပြန်ပြီ၊ ညာဘက်ပါပြန်ပြီနဲ့ ခဏခဏစွပ်စွဲခံရတတ်တယ်။ ဒါတွေရိုးနေပါပြီ၊ အေး...တို့များက မေ့ကိုသာ အငယ်မို့ နိုင်လဲနိုင်ရသူမို့ပြောသာပြောရတာ နိုင်ရာဖိထောင်းသလို ဖြစ်နေတယ်။ မေပြောတာတွေကလဲ တစ်လုံးမှ အမှားမပါဘူး။ မောင်သက်အတွက်တော့ သူ့သားတွေ ကိစ္စကအစ သူ့အပြုအမူတွေအတွက် ဦးလေးလှိုင် စိတ်မကောင်းဘူး၊ ကဲ...ပြန်တော့မယ်''

''ကျွန်တော်နဲ့အတူတူ ပြန်ပါလေ၊ ကျွန်တော်လဲ ခုပဲပြန်မယ်''

''ဟုတ်ပါတယ် ဦးလေးလှိုင်၊ ကိုမေအောင်နဲ့ အတူတူပြန်ပါ၊ စိတ်မောပြေအောင် လိမ္မော်ရည် အေးအေးလေးတစ်ခွက်စီ သောက်ကြပါဦး''

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းဟန်သည် လိမ္မော်ရည်ယူခဲ့ရန် အိမ်ထဲသို့ လှမ်းပြော လိုက်၏။

"ဓာတ်ထုပ်ကတော့ ဒါပါပဲ ကိုမေအောင်ရေ မောင်သက် ကိုတားမရရင် မောင်သက် ဆင်တဲ့ဒီအမှုမှာ ရှေ့နေအဖြစ် ကိုမေအောင် ကိုပဲ ငှားပါလို့လွှဲမလို့၊ အခြေခံလဲသိရအောင် မေနဲ့လဲ ဆုံဖူးသွား အောင်လို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ရတာ။ ငွေတစ်မျက်နှာ သာ ကြည့်တတ်တဲ့ ဝတ်လုံတွေ ရှေ့နေတွေနဲ့တွေ့ရင်ပြီးပါရော၊ ရှေ့ ဝရိုးနှစ်ယောက်ကြား အမှုရှည်အောင်လဲ ဆွဲဦးမယ်၊ အမုန်းလဲ ပွိုင့် ပွားကြဦးမယ်၊ ကဲ. . .လိမ္မော်ရည်သောက်ကြဦး"

"ကောင်းပါပြီ၊ ကျွန်တော်အားလုံးကို သဘောပေါက်ပါတယ် ကဲ . . .ပြန်ခွင့်ပြုပါဦး"

ဦးလှိုင်နှင့် ဦးမေအောင်မှာ လိမ္မော်ရည်ကို အစသတ်သောက် ကာ ပြန်လာခဲ့ကြ၏။

အခါတစ်ပါးက သူနှင့်မေသည် ဤသို့ပင်တွေ့ခဲ့ကြရ၏။ သူ ထိုနေ့က ပြန်လာကတည်းက ဒေါ်ခင်မေဆက်နှင့် ထပ်မံမတွေ့ရတော့ သူဆုတောင်းသလိုပင် တရားခွင်တွင် ဒေါ်ခင်မေဆက်ကို မတွေ့ကြ ကြရပေ။ အဘယ်ကြောင့်ဆိုသော် လွှတ်လပ်ရေးရပြီး မကြာမီမှာပင် လယ်မြေများကို ပြည်သူပိုင် လုပ်လိုက်သောကြောင့် လယ်မြေနှင့် ပတ်သက်၍ ဒေါမနဿပွားနေရသော ဦးသက်၏ ရန်ညိုးမှာ ခင်မေ ဆက်အပေါ်တွင် အလိုအလျောက် အလျော့ပေးလိုက်ရတော့သည်။

နောက်ပိုင်းတွင် ဥပဒေသင်တန်းများ၌ အချိန်ပိုင်းနှင့် သွား ရောက်ပို့ချရင်း ခင်မေဆက်ကို တက္ကသိုလ်နယ်မြေတွင် တွေ့ခဲ့ရ၏



အိမ်ကိုမူ တစ်ခေါက်နှစ်ခေါက်သာ သွားရောက်လည်ပတ်ခဲ့၏။ ကျောင်း တွင် ကျင်းပသော ဆရာသမားများ တက်ရောက်သည့် ပွဲသဘင် အခမ်းအနားများတွင်တော့ ခင်မေဆက်ကို ဆုံခဲ့ရသည်။

သို့သော် သူ့ဣန္ဒြေ ကိုယ့်ဣန္ဒြေဟူသော ထိန်းသိမ်းရမှုများ က ရင်းနှီးမှုရှိသည် ဆိုသော်လည်း ဟန်တွေက လုပ်ရသေး၏။ ဤ 'ဟန်'ကပင် သူတို့နှစ်ယောက်ကြားတွင် ဇာခန်းဆီးလိုပင် မြင်နေရသော် သည်း မ,၍ကြည့်ရန်မှာတော့ ရိုင်းပျရာရောက်မှာ စိုးရသေးသည်။

မင်းရွှေဇံအာမေ ကွယ်လွန်ပြီးနောက် သူသည် ငယ်ရွယ်သော ဝတ်လုံမုဆိုးဖိုတစ်ယောက်အနေနှင့် ကြိုက်သူကိုယူနိုင်ပါသော်လည်း သားလေးနှင့် သူ့အကြားတွင် ပြဿနာများ ရှုပ်ထွေးလာမည် ဖြစ်သော ကြောင့် သူအေးအေးပင် နေခဲ့၏။ သူ့ကို သားတစ်ယောက် ဖခင်မှန်း ပင် တချို့မသိကြ။ သူ့အစ်မများသည် မင်းရွှေဇံ တာဝန်များကို လုံးဝ ယူခဲ့၏။

ကျောင်းဆုပေးပွဲ လက်ဖက်ရည်ပွဲ တစ်ခုတွင်တော့ သူအရဲ စွန့်လိုက်၏။ ဒေါ်ခင်မေဆက်ကို သူခွင့်တောင်းလိုက်၏။

"မေ လက်ဖက်ရည်ပွဲကပြန်ရင် ကိုကြီးမေအောင် လိုက်ပို့ ပါရစေလား၊ အိမ်က ကားကို လာကြိုဖို့ မမှာနဲ့နော်"

"ကိစ္စက အရေးကြီးလို့လား"

"အေးအေးဆေးဆေး ပြောချင်လို့ပါ၊ အပျင်းပြေကားလဲ စီးရင်း အင်းလျားကန်ဘက် မောင်းပြီးမှ အိမ်ပြန်ကြတာပေါ့"

"အင်းလျားကန်ဘက် ဘာလို့ သွားနေမလဲ၊ အိမ်မှာပဲ အေး အေးပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုညနေက သူလိုက်ပို့သည်ကို မေက လက်ခံခဲ့၏။

''ကိုကြီးမေအောင် စကားပြောချင်တယ်ဆိုရင် အိမ်ထဲဝင် သေးဘဲ မေတို့ခြံထဲမှာ ခဏနားရအောင်နော်''

ဒေါ်ခင်မေဆက်သည် လက်ဖက်ရည်ပွဲမှ အဝတ်အစားအပြည့် အစုံနှင့်ပင် ခြံထဲသို့ဆင်းသွား၏။ ဦးမေအောင်သည် ကားကို ဆင်ထား အောက်ထားခဲ့ကာ မေ့နောက်သို့လိုက်သွားသည်။ အိမ်ထဲမှ ဦးကိုမြ သည် သူတို့နှစ်ယောက် ရှိရာသို့ မြက်ခင်းပေါ်တွင်ထိုင်သော ကြိမ် ကုလားထိုင် အပေါ့လေးနှစ်လုံးကို သယ်ယူလာသည်။

''မေတော့ ဒီတန်းလျားပေါ်မှာပဲ ထိုင်မယ်၊ ကိုကြီးမေအောင် တော့ ကြိမ်ကုလားထိုင်ပေါ်မှာ ထိုင်ပါနော်၊ အေးအေးအရည် တစ်ခွ လောက် သောက်ပါလား''

''အို. . . မသောက်တော့ဘူး မေ၊ ကိုယ်တို့ လက်ဖက်ရည် ပွဲမှာ စားခဲ့တာ စုံခဲ့ပြီပဲ၊ စိတ်အေးလက်အေးပဲ စကားပြောရအောင်''

မေသည် လက်ပွေ့အိတ်ထဲမှ နံ့သာယပ်တောင်ကလေးကို ဖွင့်ယူကာ ဖြည်းညင်းစွာ ယပ်ခတ်နေ၏။ ညနေဆည်းဆာတွင် နေလုံး ကတော့ မရှိတော့ပေ။ သို့သော် ကောင်းကင်တွင် အလင်းရောင်ကျန် ရစ်သေး၏။ မိုးကုပ်စက်ဝိုင်း၏ အပြာအနားပေါ်တွင် ကြယ်လေးတစ်လုံး သည် ရွှန်းပစွာ လက်နေသည်။ ဦးမေအောင်သည် ကြယ်ကလေးကို တစ်လှည့် မေ့ကိုတစ်လှည့် ကြည့်နေသည်။ ကြယ်လေးများ လက်ချင်း ဆက်ထားသလို မေ့ပဝါဖြူသည် နွယ်ယှက်ထားသော ငွေချည်ခတ် များဖြင့် ပြိုးပြက်နေသည်။

''ကိုကြီးမေအောင်က လက်ဖက်ရည်ပွဲပြီးရင် အင်းလျားကန် တစ်ပတ် ကားမောင်းရင်း စကားပြောရအောင်ဆိုတော့ မေ လိုက်ချင်



ပါတယ်၊ ဒါပေမယ့် မေတို့အိမ် မြက်ခင်းက ပိုပြီး ပျော်မွေ့မရဘူးလား၊ စိတ်ကော မအေးဘူးလား''

''ကိုယ်လဲ နားလည်ပါတယ်လေ၊ ကိုယ်တို့ဟာ ကျောင်းသူ ကျောင်းသား မဟုတ်တော့ အင်းလျားကန်ပေါင်က မြက်ခင်းတွေပေါ် မှာ မထိုင်သင့်တော့ဘူး''

မေသည် ပြုံးနေ၏။

''ကိုယ့်မှာလဲ ဆရာသမားဆိုတဲ့ ဂုဏ်သိက္ခာကို သိပ်ထိန်းရ တာပဲ၊ တကယ်တော့ မေနဲ့တွေ့တဲ့အခါ ဆရာသမားကြီးလို မနေချင် ပါဘူး''

''ဆရာသမားလို မနေချင်လဲ ဂုဏ်လုံကြီးတစ်ယောက်လို နေပေါ့''

''ဟုတ်တယ်၊ တကယ်တွေးကြည့်ရင် မေ့ကို ပထမဆုံး တွေ့ တဲ့နေ့ဟာ ဝတ်လုံအဖြစ်နဲ့ တွေ့ရတာပဲနော်''

''အဲဒီ အမှုသာ ဖြစ်လိုက်ရရင်တော့ တရားခွင်မှာ မေက တရားခံ၊ ကိုကြီးမေအောင်က တရားလိုရဲ့ ဝတ်လုံကြီးအနေနဲ့ မျက်နှာ ချင်းဆိုင်ရမှာ''

''မေကလဲကွယ်၊ ကိုယ် ဒီအမှုစကားတွေ၊ အမှုအကြောင်း တွေ ပြောချင်လို့ မေ့ကိုချိန်းတွေ့တာ မဟုတ်ဘူး၊ မေ့ကို တရားခံတွေ၊ တရားလိုတွေအနေနဲ့ ကိုကြီးမေအောင် တရားခွင်မှာ ဘယ်တော့မှ မတွေ့လိုဘူး၊ မှုခင်းတွေ အမြဲရှုပ်နေတဲ့ တရားခွင်ကို ကျောခိုင်းပြီး ပြန်လာရင် ဒီလိုမြက်ခင်းပေါ်မှာပဲ စိတ်အေးလက်အေး တွေ့ချင်တယ်၊ ဒီတော့မှလဲ ကိုယ့်ဦးနှောက် ရှင်းသွားမှာပေ့''

www.burmeseclassic.com

www.burmeseclassic.com



ဦးမေအောင်သည် လူကြီးဆန်သော သူ့စကားကို မေနား လည်ပါ့မလားဟု သူသိချင်သည်။ ထို့ကြောင့် မေ၏စကားတစ်လုံး မပြောဘဲ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ပြတတ်သော မေ့မျက်လုံးကို စူးစိုက် ကြည့်လိုက်၏။ ဒီတစ်ခါ မေသည် သူ့ကိုမကြည့်၊ ကောင်းကင်ပြာကို မော့၍ ငေးနေလိုက်သည်။

"လောက တရားခွင်မှာတော့ မေ ဘယ်လိုပုံစံနဲ့ ကိုကြီး မေအောင်ကို တွေ့ရမယ်ဆိုတာ မေလဲ မသိဘူး"

ခင်မေဆက်သည် အသံကို ပျော့ပျော့နှင့် အေးအေးလေး ထားကာ ပြောလိုက်သည်။

"ကိုယ့်တရားကို ကိုယ်စီရင်ပိုင်ခွင့်ရှိနေတာပဲ၊ မေ့အပေါ်မှာ တစ်စုံတစ်ယောက် စိုးမိုးနေသေးလို့လား"

ခင်မေဆက်သည် ခေါင်းခါပြလိုက်၏။ ဦးမေအောင်က အသည်းယားလှပါသည်။ အသက်သာ ဆယ့်ငါးနှစ် နှစ်ဆယ်လောက် ပြန်ငယ်လိုက်ချင်ပါသည်။ မောင်မေအောင်ဆိုသော တက္ကသိုလ်ကျောင်း သားတစ်ဦး၊ ဒါမှမဟုတ် ကျူတာပေါက်စ တစ်ယောက်အနေနှင့်သာ မေ့ကို တွေ့လိုက်ချင်ပါသည်။ ထိုအခါ မေကလည်း အပျိုပေါက်ဝင်စ ဆိုလျှင် ခုလို ပညာရှိဆန်ဆန် စကားတွေ ရွတ်ဖတ်နေဖို့ မလိုပါချေ။ ကမ္ဘာဦးပြဿနာကြီးကစ၍ ဘယ်သောအခါ ပျောက်ကွယ်သွားမည် မသိသော ဤကမ္ဘာမြေပေါ်တွင် သူလိုငါလိုပင် သုံးခွန်းသော စကား ကို ပြောလိုက်လျှင် ပြီးပေသား။ ယခုတော့ အချစ်စိတ်ဝင်လာမှုကြောင့် ကိုယ်ရောင် အလင်းပျောက်သော ပြဿနာကြီးသည် သူကဲ့သို့ပင် အမျိုး သမီးသဏ္ဍာန် ရုပ်ပုံပေါ်လာသော ပြဿနာနွယ်ပျိုစင်ကို ဘယ်လိုမှ



ချစ်တင်းစကား ဆိုခဲ့သည်ကို ဥပဒေကျမ်းများတွင် လှန်လှောရှာရမကတ် သူအခက်ကြုံနေသည်။ ထိုဥပဒေကျမ်းများကလည်း သူလိုချင်သော စကားလုံးကို ဖော်ပြမထားလေတော့ တရားခွင်တွင် စကားသွက်လှ သော ဝတ်လုံကြီးသည် ဘာကစပြောရမှန်း မသိသလို ရင်ထဲမှ ဆို့နေ၏။

"ကိုယ် ဘာကို ဆိုလိုတယ်ဆိုတာ မေ နားလည်ပါတယ် နော်"

ခင်မေဆက်သည် သက်ပြင်းရှိုက်ကာ ခေါင်းညိတ်ပြလိုက် ၏။ စကားတော့ တစ်လုံးမှမပြောပေ။ ကောင်းကင်တွင် နေရောင် အကြွင်းအကျန်ပင် မရှိတော့၍ မိုးကုတ်စက်ဝိုင်းသည် ပို၍ပြာမှိုင်းလာ သည်။ ကြယ်မင်းအလှသည်လည်း ပို၍ပြတ်သားစွာ လင်းထိန်လာ သည်။ ပြိုးပြိုးပြက်ပြက်နှင့် ကတ္တီပါအနက် ပြတင်းခန်းဆီးကိုမကာ ကြယ်သူငယ်မြီးကောင်ပေါက် ကလေးများပင် သူ့တို့ကိုပင် ငုံ့ကြည့်ကြ ၏။

"ဒီလိုဆို ကိုကြီးမေအောင် ပြန်ရတော့မှာလား၊ မပြန်ခင်တော့ မေ့ကို မေးခွန်းတစ်ခု မေးပါရစေ၊ ကလေးဆန်တယ်လို့ မထင်ပါနဲ့"

"မေးနိုင်ပါတယ်လေ"

"မေရဲ့ ရင်ထဲက နှလုံးသားနေရာမှာ ကိုကြီးမေအောင် အတွက် နေရာမရှိတော့လို့လား"

"ဒီလိုလဲ မဟုတ်ပါဘူးလေ၊ ဘယ်ပြောလို့ရပ့်မလဲ"

ခင်မေဆက်သည် သူ့ကိုမကြည့်ဘဲ တစ်ယောက်တည်း စကားပြောသလို ရွတ်ဆိုနေ၏။ ပြီးမှ တိုးတိုးလေး သည်သည်သာသာ ပြောပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



''နှလုံးသား ပျားအိမ်၊ ဟုတ်တယ်၊ မေရဲ့နှလုံးသားဟာ ပျားအိမ်လိုဖြစ်နေလို့ပါ၊ ပညာရှိကြီးကို ပညာရှိလိုပဲ စကားပြောပါရစေတော့၊ ပျားအိမ်လို အပေါက်ရာထောင်နဲ့ ဇကာပေါက်ဖြစ်နေတဲ့ အသည်းနှလုံးကိုဖြင့် ကိုကြီးမေအောင်ကို မအပ်ပါရစေနဲ့တော့၊ မေလေ တစ်ခုတော့ ပြောပြနိုင်ပါတယ်''

ဦးမေအောင်သည် အားတက်သွား၏။

''ဘာကိုလဲ မေ ပြောပြနိုင်သလောက်တော့ ပွင့်ပွင့်လင်းလင်း ပြောပါမေ''

မေသည် သူ့ကို မျက်နှာချင်းဆိုင်လိုက်သည်။

''ရှင်းနိုင်သမျှ ရှင်းရှင်းတော့ မေပြောပြမယ်၊ အေးအေးဆေး နားထောင်ပါ၊ သောကဗျာပါဒဆိုတာ ဆင်းရဲလို့ရှိတာ၊ ချမ်းသာရင် မရှိဘူးဆိုတာလဲ မဟုတ်ဘူး။ ပိုင်ဆိုင်မှုတွေများလို့ရှိတယ်။ ပိုင်ဆိုင်မှု တွေမရှိရင် သောကဗျာပါဒဟာ မရှိဘူးဆိုတာလဲ မဟုတ်ဘူး။ ငှက် တစ်ကောင်ဟာ အသိုက်တစ်ခုထက်ပိုပြီး သူ့မှာမရှိဘူး၊ အဝတ်လဲ မလိုဘူး ဒါပေမယ့် သူလဲမနက်မိုးလင်းကတည်းက သူ့ဝမ်းစာအတွက် မိုးသာချုပ်ရော၊ အေးအေးသက်သာ ရှာစားလို့ရတဲ့အခါ လဲရတယ် အနိုင်အထက် ငှက်ချင်းသတ်ဖြတ်ပြီးမှ အသားလေးတစ်လုံး စပါးနှံ လေးတစ်နှံ၊ ကိုက်ဖြတ်စားသောက်လို့ ရတဲ့အခါလဲရှိတယ်၊ အများ အတွက်ပဲဖြစ်ဖြစ် ကိုယ်တစ်ယောက်တည်းအတွက်ပဲ ဖြစ်ဖြစ် တိုက် ခိုက်ရတဲ့ ပူပင်သောက ဗျာပါဒတွေဟာ သတ္တဝါဆိုတာ ဖြစ်လာရင် ရှိကြစမြဲပဲ။ လောဘ၊ ဒေါသ၊ မောဟဆိုတာ မကင်းသရွေ့ ဒီလမ်း လျှောက်ရင် ဒီဒဏ်ခံရမှာပဲ၊ ဒါအတွက်လည်း ဘဝကိုမေအပြစ် မတင်



ပါဘူး။ ဘဝပြွတ်ကြောင်းတရားလည်း မေရှာလို့မတွေ့သေးဘူးဆိုတာ မေဝန်ခံပါတယ်။ မေခုနက စကားစတုန်းကပြောခဲ့တယ်၊ နှလုံးသား ပျားအိမ်ဆိုသလိုပဲ၊ ဇကာပေါက်တွေ ရာထောင်ပြည့်နေပါစေ၊ ဒီ အပေါက် တစ်ပေါက်ကကျလာတဲ့ ပျားရည်စက်များဟာဖြင့် ချိုမြိန်ပါစေ၊ စားသုံးရသူအတွက် အင်အားပြည့်ပါစေလို့ တတ်နိုင်သလောက်တော့ ကြိုးစားခဲ့ပါတယ်။ စေတနာလဲ ထားခဲ့ပါတယ်၊ သို့သော်လဲ တစ်ခါ တလေ ပျားရည်သီးလို့ သေနိုင်လေတော့ မေလုပ်သမျှ အကောင်းချည်း ပါပဲလို့ မေမဆိုလိုပါဘူး။ ပျားရည်စက်ဟာ အလိုလိုကျလာချိန်လဲ ရှိတယ်။ သောကမီးနဲ့မြိုက်ပြီး ပျားရည်သွန်ကျလာအောင် ပျားမွှတ်ခံရတဲ့ အချိန်ကျတော့ ပျားရည်လဲခမ်း နှလုံးသားလဲ ဇကာပေါက်ဖြစ်သွားရရော မေ ပြောတာရှင်းလား''

ဦးမေအောင်သည် ခေါင်းညိတ်လိုက်၏။

''အဲဒီ ဇကာပေါက် ခြောက်သွေ့သွေ့ကိုမှ ကိုကြီးမေအောင် လက်ခံနိုင်ပါသေးတယ်။ ပျားအိမ်အခြောက်ကြီးကို ညှိခန်းမှာကို အလှ ထားပြီး ကျက်သရေ တစ်ပါးလို့ မှန်စီရွှေချ ဘောင်အနားသတ်တဲ့ မြသားမှန်ဘီရိုနဲ့ ထားချင်ပါသေးတယ်ဆိုရင် မေ ဝမ်းသာရမှာပေါ့။ ကိုကြီးမေအောင်ကို ကျေးဇူးတင်ရမှာပေါ့။ မေကလဲ တုံ့ပြန်မှုရှိရမှာ ပေါ့။ ဒါပေမယ့် . . .''

''အမယ်လေး'' ဦးမေအောင်သည် ရှေ့ဆက်ကြားရမည့် စကားတွေအတွက် အမယ်လေးကို ရင်ထဲမှ တ,မိ၏။ ဒါပေမယ့် ဒါပေမယ့် ထိုစကားသုံးလုံးက သူ၏သွေးတိုးနှုန်းအားကို အမြင့်ဆုံး ဒီဂရီသို့ ပို့လိုက်၏။

''ဒါပေမယ့် ဒီနေ့ဒီအချိန် မဟုတ်သေးဘူး တစ်နေ့သဉ္စတော့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာကောင်းပါရဲ့၊ အဲဒီ တစ်နေ့သဉှာ ဘယ်နေ့လဲဆိုတော့ ခု မေရဲ့ ဘယ်ဘက်ရင်ဘတ်ပေါ်က ပဝါဖြူပေါ်မှာ ချိတ်ထိုးထားတဲ့ စိန်သွားတပ် ရွှေလက်ကိုင်ရိုးနဲ့ တံစဉ်ရင်ထိုးကို မေဖြုတ်ပြီး ကိုကြီးမေ အောင်လက်ကိုအပ်တဲ့နေ့ဟာ ကိုကြီးမေအောင်ကို မေချစ်ပါတယ်လို့ ဖွင့်ဟပြောတဲ့နေ့ပဲ၊ အခုတော့ မေပေးနိုင်တာ ဒီဟာတစ်ခုပါပဲ''

မေသည် သူ့ခေါင်းမှ ထောက်စရစ်ပန်းကုံးကို ဖြုတ်ကာ ဦးမေအောင်လက်သို့ ထည့်လိုက်၏။

''မေ့ကို ခွင့်ပြုပါ'' ဟု နောက်ဆုံး ခွင့်တောင်းကာ ရွှေတံစဉ် အိမ်ကြီးဘက်သို့ ထွက်သွားတော့သည်။ လမင်းရောင်အောက်မှ ဝတ်လုံ ကြီး၏ ချစ်သူပျောက်သွား၏။ ကြယ်မြီးကောင်ပေါက်လေးများပင်-

''အို''ဟူသော အာမေဍိတ်ကို ပြုကြ၏။ မျက်တောင်လေး တွေ ပုတ်ခတ်ပုတ်ခတ်နှင့် သူတို့၏ မျက်လုံးအိမ်မှ မျက်ရည်ဥလေး များကို ထိန်းထားလိုက်ကြသည်။

ဦးမေအောင်သည် လက်တွင်းမှ ပန်းမွှင့်ငယ်များ သီကုံးထား သော ပန်းကုံးကို ကြေကွဲစွာ ကြည့်မိ၏။ မွှေးပါ၏။ သင်းပျံ့ပါ၏ လတ်ဆတ်ပါသေး၏။ သို့သော် ပွင့်ဖတ်လွှာသည် မြသားလို စိမ်းနေ တကား။

ဝတ်လုံကြီးသည် ပန်းကုံးငယ်ကို လည်စွပ်၍ အောင်မြင်စွာ ဆုတ်ခွာလိုက်ရပါ၏။

* * *

## အခန်း ( ၁၀ )
## ဒိဗ္ဗမိန်းနှင့် လက်ချမိး

ဝတ်လုံတော်ရကြီး ဦးမေအောင်သည် မည်သူမှမသိလိုက် သော အချစ်တိုက်ပွဲတစ်နေရာ၌ အောင်မြင်စွာ ဆုတ်ခွာလိုက်ရ၏။ ယခုသား၏ ကိစ္စကြောင့် အချစ်နယ်မြေရှင်ကောရီ ဒေါ်ခင်မေဆက်အား သူ့မျက်နှာချင်းဆိုင်ရပေမည်။ မှန်၏။ မိဘဝတ္တရားပေကိုး။ သူသည် ရှင်မင်းထွေးဆိုသည်မှာ ဖြူသည် မည်းသည်မသိရသေးသော်လည်း ထိုကိစ္စက ဒေါ်ခင်မေဆက်အိမ်ကို သွားရောက်လည်ပတ်ကြည့်လျှင် အပြင်ပန်း အကဲခတ်ရုံတော့ လွယ်ပါသည်။ ဒေါ်ခင်မေဆက်က အုပ် ထိန်းသူမဟုတ်။ ရှင်းရှင်းတွေးလျှင်တော့ ရှင်မင်းထွေး၏ အလုပ်ရှင်မျှ သာ ဖြစ်၏။ မြန်မာ့ထုံးစံအရ မိဘထံမှသာ မိန်းကလေးကို တောင်းရမ်း ရမည်ဖြစ်သည်။ ထို့ကြောင့် သူသည် ရှင်မင်းထွေးမိခင်နှင့် အရင်းနှီး ဆုံး ဦးမင်းချိန်နှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။ ဦးမင်းချိန် သည် သားဖြစ်သူ မင်းရွှေဖုံ၏ ဆရာသမားတစ်ယောက်လည်း ဖြစ်၏။ သူနှင့် အသက်ကွာသော်လည်း သူရန်ကုန်တွင် ဝတ်လုံလိုက်စဉ်က ဦးမင်းဟန်နှင့် ဆက်သွယ်၍ ရင်းနှီးချစ်ခင်ခဲ့ရပါသော ဆွေမျိုးဝန်ကြီး ဖြစ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ညနေတွင် အေးအေးဆေးဆေးပင် သူသည် ဦးမင်းချိန်အိမ်သို့ ကြိုတင်ခွင့်တောင်းကာ သွားရောက်လည်ပတ်ခဲ့သည်။

"ကဲ . . . ဆိုပါဦး ကိုမေအောင်၊ ရန်ကုန်က ခွာသွားပြီး တစ်ကိုယ်တော် ဖာတ်ထုပ်ခင်းနေလိုက်တာ ကျန်းကျန်းမာမာကြီး ဖြစ် တွေ့ရတော့ ဝမ်းသာလိုက်တာ"

ဦးမင်းချိန်သည် အစဉ်လည်း ပြုံးနေတတ်ရုံမက စိတ်ကလည်း သွက်လက်ဖျတ်လတ်သူမို့ ခုနစ်ဆယ်ကျော်သော်လည်း အသက်ထက် ငယ်ရွယ်နုနယ်နေပုံရ၏။ သူ့အား လိုက်လိုက်လှဲလှဲပင် ညှော်ခံစကား ပြော၏။

"ဆိုပါဦးဆိုရင် အကျယ်တော့ ချဲ့မနေတော့ဘူး၊ အစ်ကိုကြီး ဆီလာတာ ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး သားတော်မောင် ကိစ္စ"

ဦးမေအောင်သည် မင်းရွှေဖံ့ ဆန္ဒကိုပြောပြလိုက်၏။ ဦးမင်းချိန် သည် စိတ်ဝင်စားစွာ နားထောင်ရင်း ဦးမေအောင် စကားအဆုံးတွင် ဟက်ဟက်ပက်ပက် ရယ်၏။

"ကောင်းလေစွ ကောင်းလေစွ၊ ဒါပေမယ့် ခင်ဗျား သားတော် မောင်က အချစ်ကိစ္စမှာ ဒါလောက် အ,လိမ့်မယ်၊ ဒါလောက် လက်မြန် လိမ့်မယ်လို့ ကျွန်တော် မထင်ဘူးဗျာ၊ ဖြစ်မှဖြစ်ရလေ မင်းရွှေဖံ့ရယ် ခင်ဗျားကရော သားတော်မောင်ကို နည်းလမ်းလေး ဘာလေး သင်မပေး ဘူးလား"

ဦးမေအောင်သည် ရောနှောရယ်မောလိုက်ရပါသော်လည်း အခါတစ်ပါး တိုက်ပွဲတစ်နေရာတွင် အောင်မြင်စွာ ဆုတ်ခွာခဲ့ရသော သူ့လိုလူက အချစ်စစ်ဆင်ရေးအကြောင်းကို သားအား ဘယ်လိုလုပ်မျှ



ဆင်ပြတတ်ပေ။ ထို့ကြောင့် သူများတကာ လုပ်နည်းလုပ်ဟန်အတိုင်း သမီးလိုချင်လျှင် အုပ်ထိန်းသူထံ တောင်းခံရမည့် လမ်းစဉ်လုပ်နေရခြင်း ဖြစ်သည်ကို ဦးမင်းချိန် သိမည်မဟုတ်ချေ။

"ဒီလိုလေဗျာ" ဦးမင်းချိန်သည် အရယ်ရပ်ကာ ဆွေးဆွေး နွေးနွေး ပြန်လည်ပြောပြ၏။

"ဒီကိစ္စချောချော မောမောဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်း တယ်၊ ဖြစ်လိမ့်မယ်လို့လဲ ကျွန်တော်ထင်တယ်၊ ဖြစ်ဖို့လမ်းလဲ အများ ကြီးရှိတယ်။ ရှင်မင်းထွေးအမေ ခရစ္စတီနာက ကျွန်တော့်တပည့် သူနာပြု ဆရာမကြီးပဲ၊ သူ့ယောက်ျား မေဂျာစမိုက်နဲ့ ကျွန်တော်ကလဲ မဟာမိတ်တွေ မြန်မာပြည်ကို ပြန်လည် တိုးစစ်မဆင်ခင် နယူးဒေလီ မှာအတူ အလုပ်,လုပ်ခဲ့ရတော့ သိပ်ရင်းနှီးတယ်။ လူကောင်းတစ် ယောက်ပဲ သူတို့ညီအစ်မတွေထဲမှ ခရစ္စတီနာတစ်ယောက်ပဲ ခရစ်ယာန် ဘာသာကိုယူတယ်။ ကျန်ညီအစ်မတွေက ဗုဒ္ဓဘာသာတွေ ကျောင်း ဆရာမတွေပေါ့။ ကြည့်မြင်တိုင် အေဘီအမ်ကျောင်းက ဆရာမကြီး ဒေါ်သင်းရှိန်လက်ထဲမှာ ရှင်မင်းထွေးက ကြီးပြင်းရတော့ သူငယ်မလေး က ဗုဒ္ဓဘာသာအယူပဲယူတယ်။ ခရစ္စတီနာ ပြောင်းရွှေ့ရာ လိုက်နေ ရရင် ကလေးစာသင်ပျက်မှာစိုးလို့ အဲဒီမှာပဲထားတယ်။ ရှင်မင်းထွေးက အေဘီအမ်ကျောင်းမှာပဲ ဆယ်တန်းအောင်တော့ သူနာပြုဆရာမ အတတ်ပဲ ဝါသနာပါတယ်ဆိုပြီး ဆရာမအတတ် သင်တန်းတက်တာပဲ၊ စာမေးပွဲအောင်တော့ ကောင်မလေးက ရုပ်ကလဲချောတယ်၊ တော်လဲ တော်တယ်၊ ခရစ္စတီနာကလဲ သူနာပြုဆရာမကြီးဆိုတော့ သူနာပြု ဆရာမလောကကို ကျင်လည်လာခဲ့သူကိုး။ ရှင်းရှင်းပွင့်ပြီး ဝန်ခံရရင် ကျွန်တော်တို့ ဆရာဝန်လောကမှာလဲ အကျင့်ပျက်တဲ့ ဆရာဝန် အချို့

www.burmeseclassic.com

www.burmeseclassic.com



ရှိလေတော့ ချောချောလှလှ သူနာပြုဆရာမ မပြောနဲ့၊ ဆရာဝန် မလေးတွေမှာတောင် အန္တရာယ်ရှိတယ်နော်။ ခင်ဗျားသား မင်းရွှေ ကတော့ ဒီနေရာမှာ ရဟန္တာပါပဲ''

စကား ခေတ္တရပ်ကာ ဦးမင်းချိန်က ရယ်မောလိုက်၏။ ပြီးတော့ မှ သူ့စကားကိုဆက်၏။

''အဲဒါနဲ့ ခရစ္စတီနာက သူ့သမီးသင်တန်းအပြီး အလုပ်ဝင်တဲ့ အချိန်မှာ ကျွန်တော့် လာတိုင်ပင်တာ၊ စကားတော့ နည်းနည်းရှည် မယ် ကိုမေအောင် ဖြည်းဖြည်းနားထောင်ပေတော့။ ကျွန်တော့်အဖြစ် ကလဲ ဒီခင်မေဆက်အပေါ်မှာ သူ့ဖခင် မောင်ဆက်လက်ထက်ကတည်း က သံယောဇဉ်ငြိခဲ့ရတယ်။ မောင်ဆက်ဆိုတဲ့လူက သေသေချာချာ ပေါင်းကြည့်လေ ချစ်စရာကောင်းလေပဲ။ ပြီးတော့ လူထူးလူဆန်း အလှူလုပ်လဲ ကန့်လန့်ကာနောက် အလှူမျိုး သိပ်လုပ်တဲ့လူ။ ကမ္ပည်း လည်း သိပ်မထိုးချင်ဘူး။ ဥပမာ ခေတ်ဟောင်းတုန်းကဆို ရန်ကုန်မှာ အမျိုးသားကျောင်းတို့ တို့ဗမာအစည်းအရုံးတို့ကိစ္စမှာ ငွေလိုချင်ရင် မောင်ဆက်သွား အလှူခံထည့်တာပဲ၊ အလှူရှင်ရယ်လို့ ကြေညာပေး တာလဲ သူမကြိုက်ဘူး။ မြောင်းမြတို့ သရက်ချောင်းတို့မှာလဲ ဒီလိုပဲ အထူးသဖြင့် သူလုပ်တတ်တာက ပိုက်ဆံရှိရှိ မရှိရှိ ပြုစုမဲ့သူမရှိတဲ့ ရှာနီးချုပ်စပ်က မကျန်းမာတဲ့ သူအိုတွေဆိုရင်ဗျာ မြောင်းမြဆေးရုံတင် ပေးတယ်။ မြောင်းမြဆေးရုံမှာ ကုမရရင် ရန်ကုန်ဆေးရုံကြီး ခေါ်လာ တာပဲ။ ကျွန်တော့် လက်အပ်တာပဲ။ ကုန်ကျသမျှ စားစရိတ်လဲ သူခံ တယ်။ ခင်မေဆက်တို့ အိမ်ကြီးကလေ အခု မင်းရွှေဖွင့်ထားနေတဲ့ အိမ်ကြီး ပေါ့။ လူနာတွေ ဆေးရုံမတင်ခင်နဲ့ ဆေးရုံကအဆင်းမှာ ခေတ္တနားယူ နေရာလိုကို ဖြစ်နေတာ။ ခင်စောမူကလဲ ဒီနေရာမှာ လင့်အလိုဆန္ဒကို



အတော့်ကို သည်းခံပါရမီဖြည့်တဲ့ မိန်းမပဲ။ ဒါပေမယ့် လူနာဆိုတာ လှလှပပ လေးမှမဟုတ်ဘဲ ဆီးဝမ်းကိစ္စကလဲ ရှိနေတော့ အိမ်ဖော်မ ကလေးတွေကလည်းပဲ ချက်တာ၊ ပြုတ်တာ ကျွေးမွေးတာလောက်ပဲ တာဝန်ယူနိုင်တာပေါ့။ တစ်နေ့တော့ ခင်စောမူက သူ့ယောကျ်ား သဒ္ဓါတရားလဲ အောင်မြင်စေချင်တယ်။ သူလဲ အတတ်နိုင်ဆုံး လုပ်ပေ မယ့် ဆေးရုံလေး တစ်ခုနီးနီးဖြစ်နေတဲ့ သူ့အိမ်ကိစ္စမှာ ဒီလူနာသုံးလေး ယောက် ဆိုပေမယ့် အညစ်အကြေး ဆီးဝမ်းကိစ္စတွေပေါ့ဗျာ၊ ရေရှည် ဘယ်လို လုပ်ရမလဲဆိုပြီး လာတိုင်ပင်တာ''

''ကျွန်တော်ကလဲ ဘယ်လိုကံအကျိုးဆက်လဲ မသိဘူး။ ဖြည်း ဖြည်းနားထောင်။ နောက်ဒီတုန်းက ဒီဆေးရုံမှာ ကျွန်တော်က ဆေးရုံ အုပ်ကြီးအဖြစ် ဆောင်ရွက်နေတုန်းအချိန် အဲဒီတစ်ခေတ်က အိန္ဒိယ တိုင်းသား ကုန်သည်တွေဟာ ချစ်တီးတွေတင် မကဘူး။ အခု စူရတီ ချေး သိမ်ကြီးဈေးသူဌေးတွေလို သူဌေးတွေက မြန်မာပြည်ရောက်လာ ပြီး စီးပွားရှာရာမှာ အဖြစ်အပျက် ဇာတ်ထုပ်က ပါလာလိုက်သေးတယ်''

''သူက တို့ရှေးခေတ် ကျွန်ုကုန်ကူးဆန်ဆန်ပေါ့။ အိန္ဒိယတိုင်း သားထဲက ဇာတ်နိမ့်ဆင်းရဲသား တော်တော်များများ အခုဂေါ်ရင်ဂျီတွေ မြဒူးကုလားတွေလို အလုပ်သမားကူလီတွေကို ခေါ်ယူလာတာ မြန်မာ ပြည်မှာ အလုပ်သမား အလုပ်ကြမ်းလုပ်ဖို့ လူလိုတယ် မဟုတ်လားဗျာ။ အဲဒါတင်မကဘူး အိန္ဒိယတိုင်းသူ လှလှပပ ကုလားမအချောလေးတွေ ကိုလဲ ကုလားသူဌေးများက အိမ်မှာလဲခိုင်းရင်း ချေတော်လဲတင်ရင်း ခေါ်ခေါ်လာတယ်၊ အဲဒီအထဲမှာ လက်ချမိးက ပါလာတယ်''

ဦးမေအောင်မှာ လာရင်းစွဲ သားတော်မောင် ကိုရှုပင် ခေတ္တ

www.burmeseclassic.com

www.burmeseclassic.com



မေ့သွား၏။ ဆရာဝန်ကြီး ဦးမင်းချိန်၏ လက်ချမ်းဝတ္ထုက စိတ်ဝင်စား စရာ ကောင်းသွားသောကြောင့်ဖြစ်၏။ ဦးမင်းချိန်သည် လက်ချမ်းဝတ္ထု ကို ဆက်၍ပြော၏။

''လက်ချမ်းက မိန်းမချောဗျ။ ဖာတ်နိမ့်တယ်သာဆိုတာ ညှိုးချောပဲ၊ ကုလားသူဌေးတွေက အဲဒီကုလားမလေးတွေကို ခြေထော် တင်လို့ အားရရင် သူတို့တပည့်တပန်း ကုလားအစေခံတွေကို ဆု အဖြစ်နဲ့ ကုလားမလေးကို ပေးတယ်။ အဲဒီမှာ အခု ခင်မေဆက်ရဲ့ ကားကိုမောင်းတဲ့ ဒီဗန်းရဲ့အဖေ၊ ဒီဗန်းကြီးက ကုလားသူဌေးတစ်ဦး အိမ်မှာ လုပ်ရာက လက်ချမ်းကို ဆုရတာပေါ့ဗျာ။ အဖြစ်များနှယ် ဒီဗန်းက ကံဆိုးသူမောင်ရှင်။ ချစ်ဒုက္ခဒီဗန်း ဖြစ်ရတယ်။

ဆေးရုံမှာ အလုပ်တစ်ခုခု ပေးပါလို့ လာတောင်းတာ၊ ဒီဗန်း ရဲ့သူဌေးကလဲ ကျွန်တော့် လူနာဆိုတော့ သူဌေးအိမ်ဝင်ထွက်နေရင်း ဒီဗန်းနဲ့ ကျွန်တော်နဲ့က ရင်းနှီးနေတာ၊ အဲဒီကစပြီး ဒီဗန်းကို ကျွန်တော် ကပဲ ခင်စောမူနဲ့ ဆက်သွယ်ပေးပြီး အပ်လိုက်တာပဲ။ ဒီဗန်းဟာ မောင်ဆက် အိမ်ပေါ်က ယောကျ်ား လူနာအိုကြီးတွေကို ပြုစုရုံတင် မဟုတ်ဘူး၊ သရက်ချောင်းမှာ မြွေဒူးကုလားသမီးနဲ့ညားပြီး လယ်သမား ကြီး ဒီဗန်းဖြစ်နေတာ၊ အခု သားကြီးဒီဗန်းက ခင်စောမူက ပညာသင် အားပေးစီစဉ်ပေးတဲ့အတိုင်း မြောင်းမြဆေးရုံကြီးမှာ ကွန်ပေါင်ဒါဖြစ် နေတယ်။ သားအငယ်ဒီဗန်းက ခင်မေဆက် ဒရိုင်ဘာဖြစ်နေတယ် သားအဖတစ်ပြုလုံး ခင်မေဆက်အပေါ် မောင်ဆက်မရှိတော့သည့်အထိ သစ္စာရှိရှိနဲ့ ဆက်ဆံနေကြတာပဲ''

''နောက်ပိုင်းမှာတစ်ခါ အဖြစ်က ခင်ဗျားလဲ သိချင်သိမယ် အကြောင်းက ဘယ်လိုဖြစ်လာလဲဆိုတော့ မောင်ဆက်တို့ ခေါင်းရင်း



ခြံက ဦးရွှေဦးသား ဌွန်နဲ့မေ့ထက်အကြီး ခင်မျိုးဆက်နဲ့ ကလေးချင်း ချစ်ပြီးလိုက်သွားရော၊ ဌွန်က လူတော်ရယ်၊ တိုတိုပြောရရင် ခင်မျိုးဆက် ကို ဦးရွှေဦးတို့ ပိုင်းနှိမ်လိုက်ကြသေးတာ။ ခင်မျိုးဆက်လဲ နိုင်ငံခြား လွင့်သွားရော သမီးစိတ္တဇနဲ့ မောင်ဆက်ရော ခင်စောမူရော ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်ကြတော့ မေရယ် အိမ်ကြီးတစ်လုံးနဲ့ ကြောင် တက်တက်ပေါ့။ သူ့အဖေ မောင်ဆက်ကလဲ မဆုံးခင် သူ့သမီးလေး ခင်မေဆက်ကို ကျန်းမာရေးသာမက အစစ လူမှုရေးရော နေရေးထိုင်ရေး ပါ သူမရှိတဲ့နောက် ဝတ်လုံတော်ရ ဦးမင်းဟန်နဲ့ တိုင်ပင်ပြီး စောင့် ရှောက်ကြဖို့ မှာရစ်တယ်''

ဦးမေအောင်သည် ဒေါ်ခင်မေဆက်၏ အကြောင်းကို ရောက် လာပြီဖြစ်၍ ပိုမိုစိတ်ဝင်စားလာ၏။

''အဲဒီတော့လဲ ကျွန်တော်တို့မှာ ကောင်မလေးကို သူ့အဖေ မှိုစဉ်ကထက်တောင် ပိုမိုဂရုစိုက်ရတာပေါ့၊ မေဟာ တကယ်တော့ သနားစရာကောင်းပါတယ်။ ဆိုနိုင်ခက်ခဲတဲ့ မိန်းကလေးစားမျိုးတော့ မဟုတ်ပါဘူး။ ချက်ချင်းဆိုသလိုတော့ အကြောင်းအရာတစ်ခုခုနဲ့ ရင် ဆိုင်ရရင် စိတ်ထိခိုက်လွယ်တယ်၊ ဒေါသဖြစ်လွယ်တယ်၊ အငိုလွယ် တယ်ဗျာ၊ " Highly emotional and Highly Sensative" ဖြစ်တယ်၊ သူ့စိတ်ခုတ် တဖြည်းဖြည်း ငြိမ်ကျချိန်မှာ ကျွန်တော်နဲ့ မောင်မင်းဟန် သူ့ကို ဖျောင်းဖျောင်းဖျဖျ ပြောဆိုရင်တော့ နားထောင်ပါတယ်၊ ခွေစဉ် မျိုးဆက်မာန်လဲရှိတယ်။ သူ့အစ်မကြီး ခင်မျိုးဆက်ကတော့ ပျော့ပျော့ ပျောင်းပျောင်းလေးပါပဲ''

သူ့အစ်မ ခင်မျိုးဆက်နိုင်ငံခြားထွက်သွားပြီး မိဘတွေလဲ မရှိ တော့ သူဘယ်လိုပဲ စိတ်တင်းတင်း အိမ်ကြီးတစ်လုံးနဲ့ စိတ်ပျော်ပုံ

www.burmeseclassic.com

www.burmeseclassic.com



မရှာဘူး။ အဲဒီကတည်းက သူ့ကျန်းမာရေးဟာ တဖြည်းဖြည်း ယိုင်လာ တယ်။ တကယ်တော့ မိန်းမဟာ မိန်းမပဲဗျ။ ကေရီဘုရင်မတွေတောင် စိတ်ထက်မြက်တယ်။ တိုင်းပြည်ကို အုပ်ချုပ်ကွပ်ကဲပြီး ယောကျ်ားသား ဘုရင်တွေ နည်းတူရှေ့ဆောင်နိုင်တယ်ဆိုပေမယ့် တစ်ခါတလေ ချစ်သူ ရင်ခွင်လိုတယ်ဗျ''

ဆရာဝန်ကြီး ဦးမင်းချိန်သည် အသက်ကြီးပြီ ဆိုသော်လည်း ဤနေရာ၌ စကားသုံးပုံ လှပကျော့ဆန်လိုက်လေခြင်း။

''ဟုတ်တယ် ဟုတ်တယ်။ ချစ်သူ့ရင်ခွင်ဆိုတာ လိုပါတယ်''

ဦးမေအောင်ကလည်း သူ့အတွေးနှင့်သူ ထောက်ခံပြောဆို လိုက်၏။

''ဒါပေမယ့် မေဟာ ဘာကြောင့် သူ့အရွယ်ရှိတုန်းအချိန်မှာ ချစ်တဲ့သူ မရှာခဲ့သလဲ မသိဘူး''

''ဟုတ်ကဲ့...အဲဒါဟာ တွေးချင်စရာပါပဲ''

''သူ့ကိုချစ်တဲ့သူ မရှိဘူးလို့ မဆိုနိုင်ပါဘူး''

ဦးမင်းချိန်က ပြောလိုက်၏။

''အို...သူ့ကိုချစ်တဲ့သူတွေ ရှိပါတယ်။ အများကြီးပါ''

ဦးမေအောင်သည် ရုတ်တရက် သူ့ဝမ်းထဲရှိသည်ကို လှစ်ခနဲ ထွက်သွား၏။

''ဟို...ဒီလိုပါလေ၊ ကျွန်တော် ဆိုလိုတာက သူ့ရုပ်သူ့ရည် သူ့ပစ္စည်းချမ်းသာပုံ၊ ပညာတတ်ပုံနဲ့ဆို သူငယ်စဉ် တစ်ခေတ်က ချစ် တဲ့သူ လိုချင်တဲ့သူ ပေါမှာပါ''



ဦးမေအောင်သည် သူ့စကားကို ထိန်းလိုက်၏။

''ဟုတ်တယ်၊ မောင်မေအောင်ပြောတာ မှန်ပါတယ်။ ကလေး ချင်းတောင် မဟုတ်ဘူး။ ရွှေးမတော်ချင်တဲ့ အထက်တန်းလွှာ အသိုင်း အဝိုင်းတွေက မိတ်ရင်းတချို့ဟာ ကျွန်တော်ကနေတစ်ဆင့် မေ့ကို သူတို့ သားတွေနဲ့ လက်ဆက်ဖို့ စကားကမ်းလှမ်းခဲ့ဖူးပါတယ်။ ကျွန်တော် ကလဲ ဦးမင်းဟန်နဲ့ တိုင်ပင်ပြီး မေ့ကို တီးခေါက်ကြည့်တော့ မေက ခေါင်းခါတာပဲ။ မောင်မင်းဟန်ကလဲ အချစ်ဆိုတာ အသည်းနှလုံးက အလိုလိုလာတာပဲကောင်းပါတယ် အစ်ကိုကြီး ဦးမင်းချိန်ရယ်တဲ့။ သူ ပြောတာ မှန်တာနဲ့ မေ့ကို ကိုယ်တို့နှစ်ယောက် ဖွတ်နားမချပါဘူး။ ဉ်းစားကြည့်လေ မောင်မေအောင်။ ကျွန်တော် ပြောခဲ့တဲ့ လက်ချမ်း ဓာတ်လမ်းမှာတောင် လက်ချပ်းအချစ်ဟာ ဒီဗန်းအပေါ် သဒ္ဓါစိတ်မရှိ ခဲ့ဘူး''

''ဟုတ်ပါတယ်''

''ဒါနဲ့ပဲ ကိုယ်တို့နှစ်ယောက်လဲ မေ့ကို အိမ်ထောင်ရေး နားချ ဖို့ ကြိုးကိုမကြိုးစားခဲ့ဘူး။ သူ့ဟာသူ အဆင်ပြေလာတဲ့တစ်နေ့ ကိုယ် တို့က ဝိုင်းဝန်းစဉ်းစားပေးကြဖို့ပဲ စိတ်ကူးထားကြတယ်''

''ဟုတ်ကဲ့''

''ကျန်းမာတုန်း ငယ်ရွယ်တုန်းကတော့ တစ်ယောက်တည်း နေကြတာ သိပ်ပြဿနာမရှိဘူးပေါ့လေ။ ဒါပေမယ့် မေ့ရဲ့ကျန်းမာရေး ဟာ အရွယ်မနှောင်းခင် ဦးနှောင်းနဲ့ ပတ်သက်ပြီး အတော်လေးယိုင် သွားတယ်''

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ပြောခဲ့တဲ့ သူတို့ခြံခေါင်းရင်းက ဌာန်တို့အမေ ဦးရွှေဦးလား"

"ဟုတ်တယ်၊ ဦးရွှေဦးအကြောင်းကိုလဲ ကိုမေအောင်တို့ ကြားဖူးသလောက် ကြားဖူးပါလိမ့်မယ်။ အသေးစိတ်ကတော့ ကျွန်တော့် သူငယ်ချင်းလဲ ဖြစ်ပြန်၊ ပင်တိုင်ဆရာဝန်တစ်ယောက်ဖြစ်တော့ သူ့သဘောနဲ့ သူ့ရောဂါကို ပိုနားလည်ထားတယ်"

ဦးမင်းချိန်စကားသည် စိတ်ဝင်စားစရာ ကောင်းလာပြန်၏။

"ဖြစ်ပုံက ဦးရွှေဦးတို့က ချမ်းသာတာနဲ့အမျှ နောက်မြီးရှည် ရှည်ကို သိပ်ကြိုက်တာ။ သူ့နှမ မေကြည်သင်းကို ကိုမေအောင် မြင်ဖူးလား"

"မမြင်ဖူးပါဘူး"

"အတော်ချောတယ်ဗျာ။ ရုပ်ချောကလဲလှ။ ပိုက်ဆံကလဲရှိ ခင်မေဆက်တို့ နောက်ပိုင်းကျော်ကြားပုံကတစ်မျိုး။ မေကြည်သင်းတို့ တစ်ခေတ် သတင်းကြီးတာက တစ်မျိုး။ ဒါပေမယ့်ဗျာ ဦးရွှေဦးပြီးရင် သူတို့မိသားစု အိမ်ထောင်ရေးက ပြီးပြတ်ရတာပဲ။ အဲဒီ ကျွန်တော့် သူငယ်ချင်းပါပဲ။ ကိုရွှေဦးအဖြစ်က ခဲတံတစ်ချောင်းနဲ့ ဘီစီအက် ကလပ်စ်ဝမ်းတွေ၊ အိုင်စီအက်စ်တွေကို စာရင်းထောက်ပြီး ယောက်ျား ရှာရတာ အမော၊ ဘီစီအက်စ်တိုင်းလဲ မကျေနပ် အမြီးက မြန်မာပြည် မှာရတဲ့ ဒီဂရီလောက်ဆို မကျေနပ်ဘူး။ နိုင်ငံခြားကရတဲ့ ဒီဂရီမှာမှ အရှည်ကြီးဖြစ်ရမယ်ပေါ့။ အဲဒါ ယောက်ဖ အရှာကောင်းလိုက်တာ မေကြည်သင်းကို အပျိုကြီးဖြစ်ရတဲ့ဘဝ ရောက်တာပဲ။ စည်းကမ်းကြီး တယ်ခေါ်ရမှာပေါ့လေ"



ဦးမေအောင် သက်ပြင်းချလိုက်မိ၏။

"မေကြည်သင်းအဖို့လဲ သူ့ရုပ်ရည် မာနရော ပစ္စည်းမာနရော သူ့အစ်ကိုလိုပါပဲ။ ဒါပေမယ့် သူကသာ အစ်ကို့စကားနားထောင်ပြီး ခုထိ အပျိုကြီးလုပ်နေရပေမယ်လို့ လူငယ်တွေကြတော့ ဘယ်ရမလဲ၊ ခုနပြောသလို ဌာန်ကလဲ ပွဲရင်းက ခင်မျိုးဆက် ခိုးပြေးတဲ့အဖြစ်ရောက် တယ်။ သူ့သမီး တင်မာလာကတော့ သူတို့ရဲ့အမျိုးထဲက တင်မောင်မြင့် နဲ့ ကလေးချင်း ကြိုက်ကြတယ်။ ကောင်လေးကလဲ မဆိုးပါဘူး။ စာ သင်နေတုန်းပါပဲ၊ ဒါပေမယ့် ကိုရွှေဦးက ဒါဆိုဒါပဲ။ သူတို့သဘောကျ နိုင်ငံခြား ဒီဂရီရှည်ရှည်ရ တစ်ယောက်နဲ့ ပေးစားမယ်အလုပ်မှာ တင်မာလာဟာ သူတို့အိမ်နောက်ဘက် ရေတွင်းထဲ ခုန်ဆင်းပြီး သေ လိုက်ရော၊ အဲဒီတုန်းကလဲ ကျွန်တော်တို့ မိသားစုဆရာဝန်အနေနဲ့ သေဆုံးရပုံကို ဝိုင်းဝန်းဖုံးဖိကြပေမယ့် သတင်းဆိုတာ ပျံ့နှံ့တာပါပဲဗျာ။ အဲ . . . အဲ ပထမဆင့်ကတော့ ကိုရွှေဦးရဲ့ ပင်ကိုအကျင့်စာရိတ္တ သဘောမျိုးပေါ့။ အဆင့်အတန်း မတူဘူးလို့ သိပ်ခွဲခြားခွဲခြားလုပ် သီး ခြားသိပ်နေတတ်ပြုတတ်ရာက ကြာတော့ အဲဒါက ရောဂါလိုဖြစ်လာ တယ်။ ကျွန်တော်တို့ ဆရာဝန်အနေနဲ့ သိတာပေါ့။ သူ့ရွေခွက် သူများ သောက်ရင် မကြိုက်တော့ဘူး။ လူစိမ်းတစ်ယောက် ထိုင်သွားတဲ့ နေရာ ဆို မထိုင်တော့ဘူး။ ရွံတတ်လာတယ်၊ ကိုယ်မကောင်းတဲ့သူတို့၊ နှပ်တို့ တံတွေးတို့ကို တွေ့တာကအစ သာမန်လူ ရွံတာမျိုး မဟုတ်တော့ဘူး။ အစွဲအလမ်းကြီးလာပြီး ဆေးလို့ကြောလို့ မဆုံးနိုင်ဘူး။ ရှုးတဲ့ဘဝ ရောက်သွားတယ်လို့ မဆိုနိုင်သေးဘူး။ Obsession Almeurosis ခေါ်တဲ့ ဒုတိယအဆင့် ရောက်လာတယ်။ သူ့ကိုကြည့်တော့လဲ ဘာမှတန်မှု မပျက် လူကောင်းတစ်ယောက်ပါပဲ။ အဲ ဘာဖြစ်လို့ ခင်မေဆက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေဦး ပြဿနာ ကျွန်တော်က စခဲ့မိလို့ ကျွန်တော်ကပဲ ဒီပြဿနာ ဆုံးအောင် ဆောင်ရွက်ပေးရသလဲဆိုတော့ ဇာတ်လမ်းက အရှည်သား သည်းခံနားထောင်ပါ''

''အို့...ဆက်သာပြော ကိုကြီးရယ်၊ ကျွန်တော် ကိုယ်တိုင် သိချင်နေတဲ့ အကြောင်းပါ''

''မငြိုးငွေ့ရင် ကျေနပ်ပါပြီ။ အဲဒီ ခင်မေဆက် အဖေဦးဆက် က ကျွန်တော် ခုနပြောခဲ့သလို ကန့်လန့်ကာ နောက်က အလုပ် သိပ်လုပ်တယ်။ ပတ်ဝန်းကျင်နဲ့လဲ အဆင်ပြေအောင်နေတယ်။ အသိုင်း အဝိုင်းနဲ့လဲ အင်မတန် နေတတ်တယ်။ ကျွန်တော် စောစောကပြော တဲ့ ဒီဗန်းတို့လို ကုလားမျိုး အသေးအဖွဲ့ကိစ္စကအစ လူမျိုးလဲ မခွဲ လူတန်းစားလဲ မခွဲဘူး။ လိုက်လိုက်လျောလျော ကူညီတတ်၊ နေတတ် သလောက် ဦးရွှေဦးကတော့ ကျွန်တော် ပြောပြခဲ့သလိုပါပဲ၊ ရိုးရိုးသား သဘော အလေ့အကျင့်ကနေ ရောဂါတောင် ဖြစ်စပြုလာအောင် ခြားဘဝင်မြင့်လာတော့တာပဲ။ အလှူအတန်းဆိုလဲ သေးသေးလုပ် ကြီးကြီးလုပ် ကမ္ဘည်းထိုးရမှ ကျေနပ်တယ်။ သူလဲ လှူတော့ ပါတယ်။ ဒါပေမယ့် ဘာပဲလှူလှူ ပကာသနတို့၊ ဂုဏ်တို့ကို ရှေ့ တန်းတင်တယ်ပေါ့ဗျာ''

''ဟုတ်ကဲ့''

''ကျွန်တော်က ဘာကိစ္စဖြစ်ဖြစ် သူနဲ့သဘောတိုက်ဆိုင် ကိစ္စဆိုရင် အလှူခံတဲ့အခါ သူက လှူဒါန်းတတ်ပါတယ်။ ဒါပေမယ့် သူကျေနပ်အောင် Publicity ခေါ်ရမှာပေါ့ဗျာ။ ကြော်ငြာပေး ပေးရတာပေါ့။ အဲဒီမှာ ခင်မေဆက်နဲ့ ပြဿနာဖြစ်ချင်တော့ ပန်းချီပြပွဲ ပြဿနာ စ,တော့တာပဲ''



''လွတ်လပ်ရေး ခေတ်ဦးပိုင်းမှာ ဟောမာန် ပန်းချီပြပွဲ တက္ကသိုလ်မှာ လုပ်တယ်လေ၊ ကျွန်တော်ကိုက အပြင်က ဝါသနာရှင် တွေအနေနဲ့ ကျောင်းသားတွေ လှုပ်ရှားမှုကိုလဲ အားပေးရတာပေါ့။ အဲဒီတော့ ကျွန်တော်က ပန်းချီကား ပထမဆုဒကာရှင်ကို ရှာပေးတဲ့ သူ၊ တိုတိုပြောရရင် ဦးရွှေဦးက ပထမဆု ဖလားလှူတယ်။ သူကိုယ် တိုင် ပထမဆုဖလားကို ပေးရမယ်။ သူက ပင်ကိုရောဂါအခံကလဲ ရှိတာ။ ကျွန်တော် ပြောပြပြီးခဲ့ပြီလေ၊ နောက်ပိုင်းဆိုရင် ဆိုးလာတာက ဒွတ်ဘာသာဖြစ်ပေမယ့် ဘုန်းကြီးကို ဦးမချဘူး။ ကြမ်းပြင်နဲ့ သူ့နဖူးနဲ့ ထိရမှာ ရွံလို့တဲ့။ အဲဒီပန်းချီပြပွဲမှာ ခင်မေဆက် တင်ပြတဲ့ ပန်းချီက ပထမဆုရရောဗျ။ ခင်မေဆက်နဲ့ ဦးရွှေဦးတို့ အဖြစ်ကလဲ ခင်မျိုးဆက် ရှုံ့နောက်ကို လိုက်သွားကတည်းက မျက်နှာချင်းမဆိုင်ရတဲ့ အုပ်စု မှာ။ ခင်မေဆက် ပထမဆုရတယ် ကြော်ငြာကတည်းက အဲဒီဦးရွှေဦး ချောက်ချားနေပြီ၊ ဆုတက်ယူတော့ တကယ်ရေးဆွဲသူဟာ ပန်းချီဆရာ ကြီးဦးရွှေသင်းဖြစ်နေတယ်။ အဲဒီပန်းချီဆရာကြီးလက်မှာ ခရုသင်းတွေ ခွဲနေလေတော့ ဦးရွှေဦးကြီးဟာ ပင်ကိုရောဂါအခံရော စိတ်ချောက်ချား တာတွေရော ရောပြီးလဲကျသွားရောဗျာ။ တိုတိုပြောကြပါစို့။ အိမ်ကို ကျွန်တော်ကိုယ်တိုင် ပြန်ပို့ရင်း သူ့နှမကို အဖြစ်အပျက် ပြောပြတယ်၊ သူ့နှမမကြေညီသင်း ပြောတာကတော့ အဲဒီပန်းချီဆရာ ဦးရွှေသင်းဆို တာကလဲ သူတို့အဖေဦးရွှေလင်းရဲ့ ညီအရင်းခေါက်ခေါက်တဲ့ဗျာ။ ခရုသင်းစွဲတဲ့လက်ကို ကိုင်မိလို့တင်မဟုတ်ဘူး။ သူတို့ ပိုင်းယယ်ထားတဲ့ အဘိုးကြီးကို ရုတ်တရက်တွေ့လိုက်ရလို့ စိတ်ချောက်ချား တာလဲပါ တယ်၊ ဒွေးရော၊ ဥပါဒ်ရောပေါ့။ ဦးရွှေဦးဟာ အိပ်ရာပေါ် မှန်း လဲ တော့တာပဲ၊ ကျွန်တော်လဲ ခေါက်တာဝင်းမွန်နဲ့အတူတူ ကြိုးစားကုကြ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ဦးရွှေဦးဟာ ခါတိုင်းအဝတ်တွေ လျှော်၊ လက်ဆေးလုပ်တာ ရိုးရိုးရေနဲ့ဆေးတယ်၊ အဲဒီကတည်းက နွားနို့နဲ့ဆေးပါတော့တယ်''

''ဖြစ်မှ ဖြစ်ရလေတယ်''

''အဖြစ်က အဲဒီနေရာတင် ရပ်ရင် တော်သေးတာပေါ့။ ထ တော်ရ ကိုမင်းဟန်ရယ်လေ၊ သူက ခင်မေဆက်အပေါ် အထင်မှား ပေါ့ဗျာ။ ခင်မေဆက်ရယ်၊ ဦးရွှေဦးကိုဖြင့် ဒီနေရာလက်စားချေတာ ဆိုပြီး သူကလဲ စေတနာကောင်းနဲ့ပါပဲ၊ မလုပ်သင့် မလုပ်ထိုက်ဘူး ပြီး ခင်မေဆက်ကို ဆုံးမစကားပြောတာပေါ့။ ကောင်မလေးလဲ စိတ် ခိုက်လွယ်လိုက်တာ။ တစ်ခါတည်း သူဟာ စေတနာအရင်းခံနဲ့ လုပ် မှာ ဘယ့်နှယ့် ဘယ့်နှယ် ဒါလောက်ဦးရွှေဦး ခံသွားရတယ်ဆို သူလဲ မတွေးတတ်ဘူးဆိုပြီး တစ်ခါတည်း အဲဒီနေ့က သွေးချိန် သွားလိုက်တာ ရတ်တရက် သေတဲ့သူတောင် သူ့လောက် မနည်း သူ့အသက်ကို စိုးရိမ်ရတယ်ဗျ။ သူ့အနားမှာ ကျွမ်းကျင်နားလည် ပြုစုတတ်တဲ့သူ လိုတယ်၊ သူက သူ့ကိုယ်သူ ဖြစ်ရိုးဖြစ်စဉ် ခြေ လက်ဖျားအေးတယ်ပဲ ထင်တာမဟုတ်ဘူး။ အိမ်ဖော်ကလေးမလေး နဲ့ ဒေါ်အေးမြတို့က ပြုစုတတ်တယ်ဆိုပေမယ့် ကော်ဖီယူပေး၊ ထ ကျွေး၊ နှိပ်နယ်ပေးတာလောက် လုပ်တတ်တာ၊ ဒါနဲ့ ကျွန်တော်က ခရစ္စတီနာလဲ ရင်အေးအောင် ရှင်မင်းထွေးလဲ အန္တရာယ်ကင်း ဘေးကင်းအောင် ခင်မေဆက်အတွက်လဲ ရေရှည်ကျန်းမာရေးကို ကြည့် ပြီး ရှင်မင်းထွေးကို ခင်မေဆက်အနားပို့ပေးတာပဲ''

''ဟင်း''

ဦးမေအောင်က သက်ပြင်းချလိုက်သည်။



''ကျွန်တော့် ဒေသနာက ရှည်များသွားသလား၊ ဒေသနာ တော်၏အကျိုးကား မင်းရွှေဖုံနှင့် ရှင်မင်းထွေး ညားကြလေသတည်းလို့ ဖြစ်ပါစေလို့ ဆုတောင်းပါတယ်ဗျာ''

ဆရာဝန်ကြီး ဦးမင်းချိန်သည် အရွှန်းဖောက်လိုက်ကာ သူ့ စကားစကို သတ်လိုက်၏။ ဦးမေအောင်သည်လည်း လိုက်၍ ရယ်မော မိ၏။

''ဒါလောက်သိရရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ၊ ကျန်တာ ကတော့ ဥစ္စာလိုရင် ဥစ္စာရင်ခဲရမှာပေါ့လေ''

''ကိုရင့်သား ဒါလောက် မအေပါဘူး။ ခရစ္စတီနာကို ကိုယ် နားဖောက်ပေးပါ့မယ်၊ ခင်မေဆက်ကိုတော့ ကိုမင်းဟန်ကနေ တစ်ဆင့် ပြောလိုက်ပါ့မယ်။ ကျန်တာကတော့ မင်းရွှေဖုံကို ကျွန်တော်တို့ ငယ် ငယ်ကနည်းတွေ သင်လိုက်ကြားလိုက်ဦးမှ ထင်ပါရဲ့''

''ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်၊ ရှင်မင်းထွေးနောက် ကြောင်းကို ဒါလောက် သိရရင်တော်ပါပြီ''

''ကျွန်တော် ဒီဇန်းတို့ဝတ္ထု ပြန်လှန်ရတာက ကျွန်တော့် အပေါ်မှာ ကျွန်တော်ပေးလိုက်တဲ့ သာမန်ဒီဇန်းလို ကုလားအလုပ် သမားတစ်ယောက် အလုပ်ရဖို့ ကိစ္စမှာတောင် ဦးဆက်ဟာ သိဖိ ရင်ဖိ လေးလေးစားစား ကူညီခဲ့တော့ သူ့အရေးကျလဲ ကျွန်တော်မှာ အစစတော့ ကျွန်တော့်သွေးသားလို အပြန်အလှန် ခင်မေဆက်အထိ ကူညီစောင့်ရှောက်နေရတာကို ကိုမေအောင် သိစေချင်လို့ ပြတ်လှန်ရ တာပါ။ ရှင်မင်းထွေးလေး ရောက်လာတော့ မေ့အဖို့ အစစအဆင်

www.burmeseclassic.com

www.burmeseclassic.com



အတော့်ကို ပြေလာပါတယ်။ ချစ်တဲ့သူရင်ခွင် မရှိပေမယ့် တိုးတိုးလေး လေးတော့ရလာတာပေါ့''

''ဟုတ်ပါတယ်လေ စိတ်ချပါ၊ သားတို့ အဆင်ပြေသွားရင် တောင် ဒေါ်ခင်မေဆက်အနားက ရှင်မင်းထွေးထွက်ခွာသွားရအောင် ကျွန်တော်လဲ နားလည်မှုနဲ့ ကြိုးစားပေးမှာပါ''

''အေးလေ ခရွှေတီနာကို ကျွန်တော် ခေါ်တွေ့ပြီး ရှင်မင်းထွေး ဆီ လွှတ်လိုက်မယ်''

''ဟုတ်ကဲ့ အစ်ကိုကြီး ခွင့်ပြုပါဦး''

* * *

# အခန်း ( ၁၁ )

## လမ်းအိုလေး

ဦးမေအောင်သည် ပြန်တွေးကြည့်၏။

သူ့သား မင်းရွှေဇံ ပြောသည်မှာ မှန်သည်။ သားသည် သူများ တွေ ရေးသလို အချစ်ပုံပြင်များကို ရေးတတ်ပါသည်၊ ခေတ်လူငယ် များပင်တည်း။ အချစ်ပုံပြင်များသည် ရေးရခက်လှပါ၏။ သို့သော် ပုံပြင် အစကိုသာ အခါတစ်ပါးက စရမည်လား။ တနေ့သည် သို့မဟုတ် တစ်ရံ ရောအခါက စရမည်လား ဆို၍ပြောဆို မေးမြန်းခဲ့သည်မှာ မှန်၏။ ယခုတော့ ဆရာဝန်ကြီး ဦးမင်းချိန်က စလိုက်သည်နှင့် မင်းရွှေဇံနှင့် ရှင်မင်းထွေးတို့သည် အချစ်ဂေဟာသို့ ပန်းခင်းသောလမ်းမှ သွားကြ ရပေတော့မည်။

သာစွ သာစွ ကံကောင်းလေစွ။ သူ့မှာသာ အခါတစ်ပါးက ပုံပြင်အစသည် သူကပင် မစွံ၍လား၊ ကံကပင် မကောင်း၍လားမသိ ပုံပြင်မဆုံးဘဲ လူမသိ သူမသိ တိတ်တဆိတ် ဆုတ်ခွာခဲ့ရသည်။ အသက်အချိန်အခါတို့ကတော့ လွန်ခဲ့ပြီဟုဆိုရမည်။ ဖြစ်များပြင်နိုင် လျှင်တော့ သားလေး လက်ထပ်ပွဲတွင် သူသည် ပြောက်ခေါင်ပင်

www.burmeseclassic.com

www.burmeseclassic.com



အောက် ဇာတ်လမ်းကိုပြန်၍ ကောက်ချင်သည်။ ပြန်၍ဖွင့်ချင်သည်။ အိုကြီးအိုမရောက်ခါမှ ဒီဇာတ်လမ်းကို ပြန်၍ကောက်ချင်သလားဟု သူ့ချစ်သူက "အချစ်"ကို "တဏှာ"နှင့်မှား၍ ရာဂကြူးသူအဖိုးအိုဟု ဆိုရလေမည်လား၊ စွပ်စွဲလေမည်လား၊ တကယ်တော့ အချစ်သည် ဘယ်သောအခါမှ မအိုပါပေ။ ရှင်မင်းထွေးကို တွေ့မြင်အကဲခတ်လို့သော ဆန္ဒနှင့် သူဦးမင်းချိန်ကို သွားတွေ့ပြီး နောက်တစ်ပတ်တွင် ဒေါ်ခင်မေဆက်အိမ်ကို သွားရောက်လည်ပတ်ခဲ့၏။

"ဒေါက်တာ မင်းရွှေဇံဟာ ကိုကြီးမေအောင်ရဲ့သားမှန်း မေ မသိခဲ့ပါလား" ဟု ခင်မေဆက်က စကားစပ်နှင့် သူ့ကိုနှုတ်ဆက်ခဲ့သည်။ ထိုနေ့က သူ့ချစ်သူသည် ပါးလျားသွယ်လျသွားသည်မှာ တော့ မှန်၏။ မျက်လုံးအောက်ခြေတွင် အရေအကြောင်းလေးများ ထင်စပြု လာသော်လည်း အလှပျက်အောင် ပေါ်လာသော အိုခြင်း၏ အရိပ်အယောင်များ မဟုတ်ပေ။ ဆည်းဆာအလွန် ဟိုတစ်ညချမ်းဦးလိုပင် မျက်လုံးလေးများသည် ကြယ်လို တောက်ပနေသေးသည်ဟု သူထင်သည်။ သူသည် သားကြီးတို့ဖေဖေအနေနှင့် ဣန္ဒြေရရ ထိုနေ့က စကားပြောခဲ့၏။ တကယ်တမ်းဖွင့်ဟ ပြောရလျှင်တော့ အလုကေရိသည် ရှင်မင်းထွေး လက်ဆက်သွားပြီးနောက် သူ့ရင်ခွင်တွင် မျက်နှာအပ်ကာ အချစ်လမ်းအိုလေးကိုပင် ဆက်လျှောက်သွားကြရအောင်ဟု ပြောချင်ပါသည်။ လမ်းကလေး အိုသော်လည်း ဖေးဖေးမမ တစ်ယောက်ကို တစ်ယောက်လက်တွဲ၍ သွားချင်ပါသည်။

အရွယ်တော် တစ်ဆိတ်ဟိုင်းပြီမို့ မေ၏ခြုံပဝါကလည်း မြပဝါ မဟုတ်တော့ပါ။ ဇာပဝါ ငွေချည်ပေါက်လည်းမဟုတ်တော့ပါ။ ယောဂီရောင် သမ်းသည့် ရှောစောင်အညိုလေးပဲ ဖြစ်ဖြစ် ဤချစ်လမ်းအိုတွင် အတူလျှောက်ဆဲ ပဝါအစသည် လမ်းဘေးဆူးရစ်ခြုံတွင် ငြိနေ



ချွင် သူသည် မေ့ကိုထိန်းကာ ပဝါစကို ဆူးမြမြမှ ဖြုတ်ချပေးနိုင်မည် ဟုတ်ပါလား။

လမ်းအိုကလေးမှာ ချိုင့်ခွက်က ပေါချင်ပေါနေမည်။ မေ၏ ခြေလှမ်းက ယိုင်နဲ့နဲ့မို့ ခြေချော်၍မလဲအောင် သူဘေးက ယှဉ်တွဲ၍ ပေးမထားလိုပါသည်။

ဘယ်ကစ၍ ဘယ်တွင်ဆုံးမည် မသိပါသော ဤဆက်ရန် ငြိသည့် လမ်းတွင်ဆက်၍ကတော့ လျှောက်ရမည်။ ရှင်မင်းထွေး လက်ထပ်ပြီးနောက် သူက ဘယ်လိုပင် အစီအမံကောင်း၍ မေ့အပါးတွင် ရှင်ပင်းထွေးရှိသည် ထားဦးတော့။ တစ်နေ့တော့ မင်းရွှေဇံမှာ အစိုးရ အမှုထမ်း အထက်အပိန့် ချမှတ်ရာကို သွားရမည်သာဖြစ်သည်။ ထိုအခါတွင် ရှင်မင်းထွေးက လိုက်ရမည်။

မေ့အဖြစ်က ရှင်မင်းထွေး မလိုက်ရဟု မတားသာပေ။ ဒေါ်ခရစ္စတိနာလို မိခင်တစ်ယောက်အနေ မဟုတ်လေတော့ သူတို့ ပြောင်းရာ လိုက်နေရဖို့ဆိုသည်ကလည်း မဖြစ်။ မေသည် ဤအိမ်ကျယ်ကြီးတွင် ကြောင်တိကြောင်တက် တစ်ကိုယ်တော် ဇာတ်ထုပ်ကို ဆက်၍ ခင်းရမည်။ ငွေကြေးတတ်နိုင်၍ နောက်တစ်ယောက်ကို လခပေးခန့်ခဲကာမူ ရှင်မင်းထွေးလို စေတနာမျိုးကို ငွေနှင့်ဝယ်၍မရနိုင်ပါ။ သူသည် သူ့ချစ်သူ မေ၏နောင်ရေးကို ကာယကံရှင်က ပူလေသလား၊ မပူလေသလားမသိ။ သူက တွေး၍ပူလှပါ၏။

သိပ္ပံပညာရှင်ကြီးများက ရုပ်ဒြပ် သို့မဟုတ် ရုပ်ခန္ဓာ၏ ခဏ ခဲတဖွဲ့ဖွဲ့ ပျက်ခြင်း ခဏိက ပရော့ကို နှစ်ဆယ်ရာစု နှစ်ဦးလောက်ကမှ ရှာဖွေတွေ့ရှိကြ၏။ ဗုဒ္ဓရှင်တော်ဘုရားကမူ ညောင်ဗုဒ္ဓေဟပင် အောက်တွင် ပဌာန်းဒေသနာကို ဆင်ခြင်ကတည်းက ရုပ်ခန္ဓာတို့၏

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏမစဲ တဖွားဖွားပျက်ခြင်းအကြောင်းကိုလည်းကောင်း၊ အသ ဖြစ်ကြောင်း ရုပ်နှင့်ကလပ်စည်းများအကြောင်းကိုလည်း ခွဲခြမ်းစိတ်ဖြ ဟောတော်မူခဲ့ပါ၏။

သူ့နှလုံးသား ရုပ်ခန္ဓာတွင်းမှ အချစ်ကလပ်စည်းများကမူ ပျ စီး၍မသွား၊ ယခုတိုင်ပင် အခါတစ်ပါးကလို ရှိပါသေးသည်ဟု ဘုရ ထံပါ လျှောက်ထားရလေမလား၊ ဩော် မေ့မျက်နှာ လဝန်းကိုမှီ တည်၍ ဖြစ်ခဲ့ရပါသော သူ့အချစ်ကို တင်ပြရာမှာ သူကရှင်မဟာ သာရ နတ်သျှင်နောင်တို့လို ကဗျာအရာတွင် မကျွမ်းကျင်၊ ကာရံလည် မဆင်တတ် မင်းရွှေဖုံ ပုံပြင်ကမှ အသိုင်းအဝိုင်းကြောင့် အစသည်လည် လွယ်လှပါ၏ဟု ဆိုကောင်းဆိုရပေမည် ဖြစ်သော်လည်း သူ့ပုံပြင် တစ်ဝက်တစ်ပိုင်း အစကိုပြန်ကောက်ရာတွင် ''ခေတ်ဟောင်းပုံပြင်ဖြ ၍ ခေတ်မမီတော့''ဟု ပယ်ချလိုက်ပါလျှင် နှစ်ကြိမ်မြောက် ဆုတ်ခွာ ခြင်း ဖြစ်ပေတော့မည်။ သို့သော် သားတော်မောင် မင်းရွှေဖုံနှင့်ရှင်မင် ထွေး စေ့စပ်ကြောင်းလမ်းသည့် နေ့ကမူ သူသည် ဒေါ်ခင်မေဆက အား လူကြီးများရှေ့တွင်ပင် အရဲစွန့်၍ အခွင့်အရေး တစ်ခုတောင်း လိုက်ပါ၏။

''ကျွန်တော့်သား မင်းရွှေဖုံဟာ ရှင်မင်းထွေးကို မြတ်မြ နိုးနိုး အရေးထားသလို ကျွန်တော်လဲ ရွှေမလောင်းအပေါ် အရေးထ ချင်ပါတယ်။ ကျွန်တော့်မှာ ပြေးကြည့်မှ ဒီသားတစ်ယောက်ပဲရှိတော သားလေးကိုပဲ အချစ်ရှိသမျှ ပုံအပ်ထားရတာပါ။ ခုရှင်မင်းထွေး လက်ဆက်တော့မယ့်အခါမှာလဲ သားကြီးကို ချစ်တာနဲ့မခြား ရှင်မင် ထွေးကို သမီးရင်းလို ကျွန်တော် ပြုစုစောင့်ရှောက်ပါ့မယ်။ လက်ထ ပွဲနေ့ကို ကျင်းပတဲ့အခါမှာ ကျွန်တော့်သားကို ကျွန်တော် ဂုဏ်ပြုလို ကျွန်တော် ကိုယ်တိုင် လက်ထပ်ပေးခွင့်ပြုစေလိုပါတယ် ခင်ဗျား''



''အဲဒီအခါမှာ မိန်းကလေးရှင် ဘက်ကလဲ လိမ္မာယဉ်ကျေးသူ ရှင်မင်းထွေးကို ဂုဏ်ပြုတဲ့အနေနဲ့ ရှင်မင်းထွေးလက်ကိုင်ပြီး ကျွန်တော့် သားနဲ့ လက်ဆက်ဖို့တာဝန်ကို ဒေါ်ခင်မေဆက် ယူစေလိုပါတယ်''

စေ့စပ်ကြောင်းလမ်းပွဲရှိ လူကြီးများသည် ဒေါ်ခင်မေဆက် မျက်နှာကို လှမ်းကြည့်လိုက်ကြ၏။ ဒေါ်ခင်မေဆက်သည် အားလုံး ကိုနားလည်လိုက်ပါ၏။ သူတို့နှစ်ယောက်အကြောင်းကို သူတို့သာသိ သည်။ ''အားလုံးကို မေသိပါတယ် ကိုကြီးမေအောင်ရယ်'' ဟူသော အဓိပ္ပာယ်ဖွင့် မျက်လုံးဖြင့် ဦးမေအောင်မျက်နှာကို ပြုံး၍ကြည့်လိုက်၏။

''ဟုတ်ကဲ့ ဝတ်လုံတော်ရကြီး ဦးမေအောင်ရဲ့ ဆန္ဒကို ဒီနေရာ မှာ မေက ဖြည့်ရမယ့် ဝတ္တရားရှိပါတယ်၊ မြဟ္မစိုရ်ကင်းကြတဲ့ ခုခေတ် မှာ ပစ္စည်းဥစ္စာ အမွေမျက်နှာကြောင့်ကလွဲလို့ မိဘအရင်းကိုတောင် သားသမီးတွေဟာ လုပ်ကျွေးပြုစုဖို့ တာဝန်ဝတ္တရား ချွတ်ယွင်းကြ တာ များပါတယ်။ ရှင်မင်းထွေးဟာ မေနဲ့ သွေးသားမတော်စပ်ပေမယ့် သမီးလေးလို ယုယပြုစု စောင့်ရှောက်လာခဲ့လို့ မေ့ဘဝ ပြန်ပြီးအသက် ဆက်လာခဲ့တယ်ဆိုရင် မမှားပါဘူး။ ကျေးဇူးဆိုတာ အပြန်အလှန် သဘောတရားရှိလေတော့ ရှင်မင်းထွေးဆိုတဲ့ ကလေးမလေးကို မေ့ရဲ့ အသက်သခင်လို သဘောထားပြီး မေ ဂုဏ်ပြုပါ့မယ်၊ လိုလေသေးမရှိ မေ ဒီလက်ထပ်ပွဲကို ဆောင်ရွက်ပေးပါ့မယ်၊ ဒါကြောင့် ဝတ်လုံတော်ရ ကြီး ဦးမေအောင် တောင်းခံတဲ့ အခွင့်အရေးကို မေ လက်ခံပါတယ်''

ဒေါ်ခင်မေဆက်သည် လှပသောစကားလုံးများဖြင့် သူ့တောင်း ဆိုချက်ကို လက်ခံခဲ့၏။ ဩော် . . .ဖြစ်များဖြစ်နိုင်ခဲ့လျှင် သူ့အဖ နှစ်ယောက် တစ်ချိန်တည်းသာ မင်္ဂလာဆောင်လိုက်ချင်ပါ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဦးမေအောင်တွေးတော ပုပန်မှုမျိုးကို တွေးမိသူမှာ ရှင်မင်းထွေး ဖြစ်သည်။ ရှင်မင်းထွေး သံယောဇဉ်သည် ဒေါ်ခင်မေဆက်အပေါ်တွင် အလုပ်ရှင်နှင့် အလုပ်သမားလိုမရှိတော့ပြီ။ ဒေါ်ခရစ္စတီနာကိုသော်မှ လက်ပွန်းတတီး ဒေါ်ခင်မေဆက်ကို ပြုစုသလို မပြုစုခဲ့ရပါသေး။

သူသည် စေ့စပ်ကြောင်းလမ်းပွဲပြီးသောနေ့က အိပ်ရာပေါ်တွင် အံ့ငန်းပြေလုံ့၍နေသော ဒေါ်ခင်မေဆက်၏ အနားတွင် ထိုင်လိုက်၏။

"အန်တီမေ နေ့လယ်ကအတော်မောသွားသလား"

သူသည် အေးအေးဆေးဆေးပင် မေးလိုက်၏။

"မမောပါဘူးကွယ်၊ လောကမှာ ပြုဖွယ်ကိစ္စဆိုတာကို ပြု အပ်သမျှ လုပ်ရတာဟာ အမောပြေခြင်း တစ်မျိုးပေါ့။ ပြီးတော့လေ အထွေး မင်းသိပ်ကံကောင်းတာနော်၊ ချစ်တယ်ဆိုတာ ချစ်ရတာ လွယ်သလောက် အထွေးလို ပန်းခင်းတဲ့လမ်းမှာ လျှောက်ရဖို့ဆိုတာက မလွယ်လှဘူး။ မင်းမှာကတော့ ရနိုင်ခဲတဲ့ ဆုလာဘ်တစ်ခုကို ရခြင်းပါပဲ"

ဒေါ်ခင်မေဆက်သည် လှပသော စကားလုံးများကို ရွတ်ဆိုလိုက်၏။ သူ့မျက်လုံးကတော့ အထွေးကို မကြည့်၊ မျက်နှာကျက်တို့ကိုသာ စိုက်ကြည့်နေ၏။

"ပန်းခင်းတဲ့လမ်း" ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက်ပြောသောစကားလုံးကိုထပ်၍ရွတ်ဆိုလိုက်၏။ ပြီးတော့မှ သူသည် ဒေါ်ခင်မေဆက်၏ မျက်နှာကိုကြည့်၍ ဖြည်းညင်းစွာ တစ်လုံးချင်း အေးအေးဆေးဆေး ပြောပြ၏။

"အထွေး အဖို့တော့ ပန်းခင်းသောလမ်းဆိုတာ မှန်ပါတယ်



အန်တီမေရယ်၊ အထွေးက ပန်းခင်းလမ်းမှာ ကိုယ့်ချစ်သူတွေ့တာနဲ့ ကောက်ကာငင်ကာ ထလျှောက်သွားလေတော့ အန်တီမေ့ကို အထွေး တစ်ယောက်တည်း ထားခဲ့ရမှာလား။ အထွေးဟာ အဲဒီလိုလုပ်လိုက်တော့လဲ တရားမျှတမှုရှိပါဦးမလား"

"ဟင်" ဒေါ်ခင်မေဆက်သည် အထွေးမျက်နှာသို့ သူ့မျက်လုံးများပြောင်းလိုက်၏။

"အို . . မင်း . . မင်း မင်းလေး တစ်ယောက် အန်တီမေရဲ့ အပေါ် သံယောဇဉ်ရှိနေသေးတယ်နော်၊ တွယ်တာစိတ်ရှိတယ်နော်၊ ကျေးဇူးတင်လိုက်တာကွယ်"

ရှင်မင်းထွေးသည် မျက်ရည်တွေ ဝဲလာ၏။

"အန်တီမေ ထင်လို့ပါ၊ အထွေးတစ်ယောက်တင် မဟုတ်ပါဘူး။ အန်တီမေကိုလေ ချစ်တဲ့သူတွေ၊ စေတနာရှိသူတွေ အများကြီးပါ။ အထွေးလေ အန်တီမေနဲ့အတူ နေလာတဲ့ အချိန်များလာတော့ အန်တီမေ့စကားလုံးတွေလဲ မပြတ်ကြားနေရတယ်။ ပြီးတော့ အန်တီမေရဲ့ "ဆက်"မိသားစု စိတ်ဓာတ်ဟာ အထွေးရင်ထဲ မသိမသာဝင်လာပြီထင်ပါရဲ့။ လွှမ်းမိုးလာပြီထင်ပါရဲ့။ အထွေး ဘာလုပ်လုပ်၊ ငါလုပ်တာမှာ တရားမျှတမှုရှိပါ့မလားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆင်ခြင်တဲ့ အကျင့်ဟာပါလာပြီ"

မေသည် အထွေး၏လက်ဖျားလေးများကို ညင်သာစွာ ဆုပ်နယ်လိုက်၏။

"ကောင်းပါတယ်ကွယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆင်ခြင်တတ်တဲ့ အလေ့လောက် ကောင်းတာ ဘယ်ရှိပါ့မလဲ။ ခုကိစ္စမှာတော့ အထွေးတရားမျှတပါတယ်၊ လုပ်သင့်လုပ်ထိုက်ပါတယ်၊ အချိန်ရှိခိုက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်လုပ်ထိုက်တာတွေရှိသမျှ လုပ်သွားကြရတာပဲ။ ပြီးတော့လဲ အထွေးအဖို့ မင်းရွှေဖံဟာ လင်ကောင်းတစ်ယောက် ဖြစ်လိမ့်မယ်လို့ အန်တီမေ မျှော်လင့်တယ်။ စိဘ်လဲ စိတ်ချယုံကြည်တယ်။ အချစ်ဆိုတာ လူတိုင်းရဲ့ အသည်းနှလုံးမှာ ရှိပါတယ်၊ အထူးသဖြင့် မိန်းမတွေမှာ ကျတော့ ကိုယ်အင်မတန် တန်ဖိုးထားပါတယ်ဆိုတဲ့ အချစ်ကို ယုံမှတ် အပ်နှံပေးရမယ့် ပုဂ္ဂိုလ်ချစ်သူဟာ တကယ်ယုံကြည် အားထားရသူ၊ သစ္စာရှိတဲ့သူဖြစ်ဖို့ ပိုပြီးလိုလာတာပေါ့။ မင်းရွှေဖံဟာ အထွေးအတွက် အချိန်မနှောင်းခင် ပွင့်လာတဲ့ပန်းကောင်းတစ်ပွင့်ပါ။ ပန်ထိုက်လို့ ပန်ရချိန်မှာ အန်တီမေဟာ ဝမ်းပန်းတသာနဲ့ "ဒီပန်းပန်ခန်း" အခမ်းအနားကို ကျကျနနကို ဆောင်ရွက်ပေးပါ့မယ်"

အထွေးသည် "အန်တီမေ့မှာရော ပန်းပန်ခန်းလေး တစ်ခန်းမ ကြုံခဲ့ဘူးပါလား"ဟု စိတ်ထဲမှ မေးမိ၏။ နှုတ်ကတော့ အသံမထွက်မိပါ။

"အန်တီမေ တစ်ယောက် အထီးကျန် ဖြစ်မှာစိုးတာနဲ့ တခြားသူတစ်ယောက်ရဲ့ ပန်းပန်ခန်းကို တားမြစ်ရမယ်ဆိုတာ တရားမျှတမှု မရှိတဲ့အပြင် ဆက်မိသားစု အစဉ်အလာလဲ မဟုတ်ပါဘူး။ ပြီးတော့ ဘာပြောပြော ပွင့်ပန်းဆိုတာ အချိန်နဲ့ပန်ရတာ မြတ်မြတ်နိုးနိုး ပန်းလေး တစ်ပွင့်လာပေးတဲ့သူကလဲ ထိုက်ထိုက်တန်တန်ဆိုရင် အချိန်ရှိခိုက် လက်ခံရမှာပေါ့။ မမျိုးဆိုရင် သူအင်မတန် မြတ်နိုးခဲ့တဲ့ပန်းကို ပေး အပ်ခဲ့ပေမယ့် သူ့ချစ်သူဌွန်ဟာ ဘယ်လိုလူစားမျိုးဆိုတာ ရှင်မင်းထွေး သိသင့်သလောက် သိခဲ့ပြီမဟုတ်လား"

အထွေးသည် ခေါင်းညိတ်ပြလိုက်၏။

"အန်တီမေ ကျတော့လဲ"



ဘုရား. . .ဘုရား၊ အဲဒီအခန်းလေးကို ရှင်မင်းထွေး သိပ်နားထောင်ချင်လှပါသည်။ အန်တီမေသည် ပွင့်ပွင့်လင်းလင်းပြောပြပါစေ၊ ဒေါ်ခင်မေဆက်သည် ပြောပြမည့် စကားဆက်ကို စိတ်စောလာ၏။

"အချိန်က စကားပြောလာခဲ့ပါပြီကွယ်။ လက်ကောက်ကို တစ်ဖက်တည်းပဲ ဝတ်ချင်တော့တယ်။ တစ်ရံအပြည့် ဝတ်ဖို့တောင် လက်ကောက်ခြင်း ထိခတ်သံကို ကြားနိုင်ဖို့ အန်တီမေ နှလုံးမကောင်းတော့ဘူး။ ကဲ. . .ကဲ တော်တော့"

ဟောတော့ . . .ရှင်မင်းထွေးသည် သူမျှော်လင့်သလောက် စကားကို ဆက်လက်၍ အန်တီမေက မပြောပြသောအခါ သူ့ရင်ထဲမှ ဟောတော့ ဟူ၍သာ ဆိုလိုက်မိ၏။

"အထွေးကိစ္စကတော့ ပြီးတန်သလောက်ပြီးပြီ၊ အန်တီမေ လုပ်ဖို့တစ်ခုကျန်သေးတယ်၊ မြောင်းမြက မောင်လူကျေးတို့ အဘိုးဦးဘမော်ဆီ စာတစ်စောင်ရေးလိုက်၊ မောင်လူကျေး နေမကောင်းလို့ လာကြည့်ဖို့ရယ်၊ သူ့အတွက် အမွေကိစ္စ ဆောင်ရွက်ပေးသင့်သမျှ အန်တီမေနဲ့ တိုင်ပင်ပြီး လုပ်ရအောင်လာခဲ့ပါလို့ ရေးပြီးတော့ လက်မှတ်ထိုးဖို့ ယူလာခဲ့ပေတော့"

ရှင်မင်းထွေးသည် သူ့ကို စကားကြောင်းပြောင်းကာ မသိမသာ နှင်လိုက်ပြီဖြစ်၍ ဒေါ်ခင်မေဆက် အပါးမှ ကသိကအောက် နှင့်ထလာခဲ့သည်။

ဒေါ်ခင်မေဆက်သည် မျက်လုံးကို စုံမှိတ်ထား၏။ သူ့ပါးစပ်ကမူ ဘာမှဖွင့်မပြောခဲ့သော်လည်း သူသည် ရှင်မင်းထွေးလက်ပင် သူပျိုမျစ်စဉ်တစ်ချိန်က လက်ကမ်းပေးသောပန်းများ မြားလှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းများကိုသာ အကုန်ပန်ရလျှင် ခေါင်းဆယ်လုံး ဘီလူးလို သူ့ဆံထုံးကိုဆယ်ထုံးဖန်ဆင်း၍ ပန်းဝေအောင် ပန်နိုင်ခဲ့သူတစ်ယောက် ဖြစ်ပေသည်ဟုဆိုရလျှင် အတိဝုဒ္ဓဒေါသများ သင့်လေမလား။

မှန်၏။ အကြောင်းသိသူတို့က ဂန္ထလောက တစ်ခေတ် ခေတ်စမ်း စာပေခေတ်အနှောင်းတွင် တက္ကသိုလ်နယ်မြေ၌ တက္ကသိုလ်မောင်သီခဆိုသူ စာပေတစ်နေရာရလာခြင်းမှာ ဒေါ်ခင်မေဆက် အလှကြောင့်ဟု ဆိုစမှတ်ပြုကြရသည်။ မောင်သီခသည် "သင်ပုတ်ပလ္လင် ဖြစ်ပါရစေ" ဆိုသော ဝတ္ထုတိုလေးတစ်ပုဒ်နှင့်စ၍ တက္ကသိုလ်စာပေလောကတွင် ကျော်ကြားလာသူဖြစ်သည်။ သူ့ဝတ္ထုလေး၏ အကျဉ်းချုပ်မှာ ဘုန်းကြီးကျောင်းသားလေး တစ်ယောက်သည် ဘုန်းတော်ကြီးကျောင်းပရဝုဏ်ရှိ ရေကန်အလယ်တွင် ပဒုမ္မာကြာတစ်ပွင့်ကို တွေ့ရ၏။ ကြာပွင့်အလှကို မြတ်နိုးလှလွန်းပါသောကြောင့် နတ်စောင်းပိုင်ရှင် ပဉ္စသိခနတ်သားလို အလှဘွဲ့ကို သီကျူး၍ ကန်ပေါင်ဘေးတွင် အချစ်ဂီတတေးများကို သီခဲ့ပါသော်လည်း ပန်းကြာပဒုံမှာ ဘယ်ဘက်ကိုမှ မညွတ်မတိမ်း ခပ်စိမ်းစိမ်းနေခဲ့ပါ၏။

တစ်နေ့တွင် ကန်အလယ်မှ ကြာပွင့်ပျောက်၍ သူလိုက်ရှာရာ ချစ်သူကြာပွင့်မှာ ဘုန်းတော်ကြီး ကျောင်းဆောင်ခေါင်းရင်းဘက်ဘုရားဆင်းတုတော်ရှေ့ရှိ ပန်းအိုးထက်တွင် တင့်တယ်စွာ တွေ့ရ၏။ မြတ်ဘုရားအား လှူဒါန်းပြီးဖြစ်၍ သူသည် နေ့စဉ်ဘုရားကိုသာ ဝတ်ပြုရင်းမပိုင်သာသော ကြာပဒုံ၏အလှကို တသနေရပါသည်။ သောကလဲအစဉ်ဖြစ်ရပါသည်။ တစ်နေ့နေ့ ဘုရားပန်းတွေ နွမ်းလို့ပန်းတွေစွန့်ခဲ့ရင်ဖြင့် တခြားပန်းအဟောင်းတွေနှင့်ရောပြီး မြေမှာအစွန့်ခံရမှာ သူစိုးရိမ်လှပါသည်။ ထို့ကြောင့် သူသည် "သင်ပုတ်ပလ္လင် ဖြစ်ပါရစေ



ထိုပဒုမ္မာကြာငုံ နွမ်းလို့စွန့်ရင်ဖြင့် သူ့ရင်ခွင်မှာသာစွန့်ပါ။ ကပ္ပိယကြီးရယ်ဟူသော တောင်းပန်ဟန်ဖြင့် သူ့ဝတ္ထုကို နိဂုံးချုပ်ခဲ့လေ၏။

ယခုတော့ မောင်သီခသည် တက္ကသိုလ်နယ်မြေမှသည် မြန်မာတစ်ပြည်လုံးကို ကျော်ကြားလာခဲ့၏။ အနုပညာဆိုသည်မှာ ရင်ထဲမှစေ့ဆော်မှု သန္ဓေကစခဲ့ကြခြင်းဖြစ်၏။ အလှကိုတွေ့ရာမှ ဘဝကိုတွေ့လာသော် ကလောင်စွမ်းအားသည် ကျယ်ဝန်းလာခဲ့ရ၏။ ဘဝကိုသာတွေ့မယ်၊ အလှကိုမတွေ့ရဘူးဟူ၍ အနုပညာသမားတစ်ယောက်ကိုဘယ်သူမှ မချုပ်ချယ်ပါလေနှင့်။ မှန်၏။ သန္ဓေခံစေ့ဆော်မှု မရပါလျှင်အနုပညာစွမ်းအားက ပျော့ညံ့နေမည် အမှန်ဖြစ်သည်။ သန္ဓေခံ စေ့ဆော်မှုအားကောင်းလာလျှင် သူ့ကလောင်တစ်ချောင်း သီချင်းတစ်ပုဒ် ပန်းချီကား တစ်ချပ်သည် သတ္တလောကကို တုန်လှုပ်သွားအောင် အားအစွမ်းရှိလာနိုင်သည်။

ပထမသော် ရယ်ဖွယ် သရော်ခံရပေမည်။ ရှင်မဟာရဋ္ဌသာရကြီးကိုသော်မှ "သီချင်းသည်"အဖြစ် သာသနာ့ ဝန်ထမ်းတို့ အပယ်ခံခဲ့ရ၏။ ပတ်ဝန်းကျင်မှ သရော်ခံခဲ့ရ၏။ သူ့ခေတ်တွင် သူငယ်စဉ်ကအလှကို တွေ့ခဲ့ရသော ဝေဒနာကြောင့် "ဝဏ္ဏပဘာကလျာ ပူးစသိ" ကဗျာကို စာပေတင်ခဲ့၏။ ယခုတော့ လက်ရှိ တေးဂီတပိုင်ရှင်တို့ပင်၍ကဗျာထက် ကျော်လွန်အောင်မစပ်နိုင်၍ သူ့ကဗျာစကားလုံးအတိုင်းကိုသာ ဂီတသံသွင်း၍ သီဆိုခဲ့ရသည်။ အနုပညာသန္ဓေသည် ရင့်ကျက်လာသည်နှင့်အမျှ သူ့ဘဝကို ကျယ်ကျယ်ပြန့်ပြန့်တွေ့လာသောအခါ"ကိုးခန်းပျို့"လို ခမ်းနားတင့်တယ် လောကုတ္တရာဆန်ပါသော လင်္ကာများကို သီကျူးနိုင်ပါသော အနုပညာရှင်ကြီးအဖြစ် စာပေလောကတွင်သမိုင်းတင်ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နဝဒေးသည် ရှင်နှောင်း၏ အလှဖြင့် အနုပညာသမွေ
သလို၊ နတ်သျှင်နောင်သည်လည်း ရာဇာတကလျာအလှကြော
ကဗျာအသက် သူ့နှလုံးသားတွင် ဝင်ခဲ့၏။ ယခုတော့ သူတို့သည်
ရတုခေတ်ကို မှတ်တမ်းတင်လိုက်ရသည်ရှိသော် အမျိုးသားယဉ်ကျေ
ရတုကဗျာ မြစ်များအစအဖြစ်ဖြင့် သူတို့၏ နှလုံးသားကို မှတ်တမ်း
တင်ရပေပြီ။

မောင်သီခသည် အလှကိုတွေ့၍ စာပေအစကို ကိုင်မိရာ
သူ့အသက် ရင့်ရော်ကျယ်ပျံ့လာသည်နှင့်အမျှ "ဘဝ"ကိုတွေ့လာ
သည်။ ယခုတော့ တက္ကသိုလ်မောင်သီခဆိုလျှင် ဘဝကိုရင့်ကျက်သော
ရှုထောင့်ဖြင့် လေ့လာနိုင်သူ ယခုစာပေလောကတွင် သူ့ကိုမှတ်တိုင်
တစ်တိုင် စိုက်ထူနိုင်သူဟု ဆိုကြပါသည်။

ဒေါ်ခင်မေဆက်၏ အလှစွမ်းအားသည် တက္ကသိုလ်မောင်သီခ
ဟူသော စာပေပညာရှင်တစ်ယောက်ကို တက္ကသိုလ်နယ်မြေတွင် ပေါ်
ပွားလာအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

သို့သော် မေသည် သင်ပုတ်ပလ္လင်တွင်ပင် အစွန့်ခံတော့
လေမည်လော။ ဤအကြောင်းကမူ ကာယကံရှင်၏ ကိုယ်ပိုင်ဆုံးဖြတ်
ခွင့်ဖြစ်၍ မည်သူမျှ မစွက်ဖက်သာပါချေ။

အကြောင်းတစ်ခုတော့ရှိသည်။ ရာဇဝင်ဆိုသည်မှာ ဒဏ္ဍာ
ကဲ့သို့ အဆင့်ဆင့် လက်ကမ်း၍ ကြားမှတ်ရသော အကြောင်းအရာ
များလည်းရှိ၏။ အုတ်ကျိုးအုတ်ပဲ့၊ ကျောက်တိုင်အိုနှင့် ကျောင်းကြီး
ကျောင်းကြားတို့မှ ရရှိသော ကျောက်စာအထောက်အထားတို့ဖြင့် ထို
တစ်ခေတ်တွင်ဖြင့် ဒီလိုရှိတန်ကောင်းပေရဲ့ဟု အခိုင်အမာဆိုကြသော်
လည်း တကယ်ဖြစ်ရင်း အစစ်အမှန်ကိုမူ ရာဇဝင်ပါ ကွယ်လွန်ခဲ့ပြီဖြစ်
သော ကာယကံရှင်တို့သာ သိပေတော့မည်။



တစ်နေ့သောနံနက် ခင်မျိုးဆက် ဂျွန်၏နောက်သို့ လိုက်ပါ
သွားခြင်းမပြုသေး။ ထိုနံနက်က ခင်မေဆက်သည် ခြံထဲသို့ ဆင်းခဲ့၏။
သူသည် စောစောစီးစီးပင် ဘုရားပန်းခူးရန် ခြံထဲသို့ဆင်းခဲ့၏။ ဆိပ်
ဖလူးပင်အောက်တွင် ပန်းခွေလေးတစ်ကုံး ဝတ်လျှာများ ကြွေနေသည်
ကို တွေ့ခဲ့ရ၏။ ဘုရား . . . ဘုရား ဤပန်းကုံးလေးသည် ညနေက
သူ့ မမ ခင်မျိုးဆက် ခေါင်းတွင် ရစ်ခွေပန်ဆင်ခဲ့သော ပန်းကုံးကလေး၊
ဆိတ်ဖလူး ပန်းပွင့်လေးများ၊ ယခုနံနက် သူတွေ့ရသောအချိန်တွင်
ပွင့်ဖတ်များ ကြွေနေလေပြီ။ သန်းခေါင်ယံတွင် ဤနေရာမှာတော့
ပန်းပွင့်လေးတို့သည် ချစ်သူသခင်မ၏ ဆံထုံးထက်တွင် မနေသာအောင်
တစ်စုံတစ်ယောက်သော သူကဖြုတ်၍ ယူခဲ့သလော။ ချစ်၍ပင်နမ်းခဲ့
သလော။ ကစား၍ပင် ချေခဲ့လေသလော။

တုန်လှုပ်ခြင်းဖြင့် ခင်မေဆက်သည် အိမ်ပေါ်သို့ ပြေးတက်ခဲ့
၏။ ခါတိုင်း နံနက်စောစော ညီအစ်မနှစ်ယောက် အတူတူ ဘုရား
ဝေယျာဝစ္စအတွက် ထကြရစမြဲ။ ယနေ့နံနက်တော့ သူသည် တစ်
ယောက်တည်းထလာမိ၏။ ခင်မျိုးဆက်သည် အိပ်ပျော်ကျန်နေရစ်ဆဲပင်
ဖြစ်၏။ သူသည် ဇာခြင်ထောင်ကို မ,ကြည့်မိ၏။ သူ့မမသည် နှစ်ခြိုက်
စွာအိပ်ပျော်နေဆဲပင်တည်း။ သူ့မမသည် ကြည်နူးသော ညလယ်
အိပ်မက်မှ မနိုးသေး။ ပြုံးရွှင်နှစ်သိမ့်သောဟန်ဖြင့် အိပ်နေဆဲဆိုသော်
ညလယ်က လသာသော ညသန်းခေါင်ယံ ဇာတ်လမ်းသည် ချစ်သူ
ရင်ခွင်တွင် ဆံထုံးပြေ၍ ပန်းဝတ်လျှာကြွေကျရသော ဇာတ်လမ်းသာ
ဖြစ်ရမည်။

မေသည် ဘာမှန်းမသိ စိတ်ထဲမှာ ကတုန်ကရင်ပင် ဖြစ်ခဲ့
သည်။ အကယ်၍များ ဤကဲ့သို့သော လသာသော ညတွင် သူ့ဆံထုံး
တွင် တစ်ပွင့်သောပန်းကို ချစ်သူက ပန်ပေး၍ပင် ပန်ခဲ့သော်၊ အို

www.burmeseclassic.com



သူတို့ယောကျ်ားဆိုတာ သူတို့ပန်ပေးသော ပန်းပွင့်ကိုပင် ယုယ မြတ်နိုး၍ ကြည့်နေပါသည်ဆိုသည်မှာ ဖြစ်ကိုမဖြစ်နိုင်။ သူသည် ထို က ငယ်ရွယ်သေး နုနယ်သေး၏။ ဘုရားခန်းသို့ ဝေသျှာဝစ္စပြု ပြေးသွားရမည့်အစား၊ ဘာဖြစ်၍မှန်းမသိ။ သူတို့အိပ်ခန်းဘေး ဝရန်တာသို့ ပြေးထွက်သွားကာ ဂျွန်တို့အိမ်ဘက် ကြည့်မိသေးသည်။ ကြည့်ပြီးတော့လည်း မျက်ရည်တွေက ပေါက်ပေါက်နှင့် ကျလာမိသည်။

"ဂျွန်နှင့် ခင်မျိုးဆက်" ချစ်နေကြပြီဟု ယခင်ကတော့ ဖမ်း သံဖမ်းဖြင့် သူသိခဲ့ရသည်။ ယခုလို ပန်းကုံးလေးကြေနေသည့် အထောက်အထားကို မြင်ရသောအခါ သူသည် တုန်လှုပ်လိုက်သည်။ ဖြစ်ခြင်း။ ဤနေ့နံနက်က ပထမတုန်လှုပ်ခြင်း။

ဒုတိယတုန်လှုပ်ခြင်းကမူ မေမေ၏ မျက်ရည်စက်များကို တွေ့ ရသောနေ့။

ထိုအချိန်ကမူ ခင်မျိုးဆက်သည် ဂျွန်၏နောက်သို့ လိုက် သွားလေပြီ။ ဘယ်သောအခါမှ အပြုံးမပျက်၊ သမီးငယ်တို့ရှေ့တွင် ဣန္ဒြေပျက်လောက်အောင် မျက်ရည်မကျဘူးသော မေမေ၊ ယခုတော့ သူ့မေမေသည် ခုတင်ပေါ်တွင် ပုံလျက်လဲနေသည်။ မျက်ရည်များ ခေါင်းအုံးတွင် ရွှဲနေသည်။

"သမီးလေး မေ၊ မင်းရဲ့မေမေ့အနားက ဘယ်ကိုမှ ခွာမသွား နဲ့နော်"

ဖေဖေသည် သူနှစ်သိမ့်၍မရတော့သော မေမေ့ကို ခင်မေ ဆက်အား တာဝန်လွှဲအပ်ကာ တခြားကိစ္စအတွက်နှင့် အပြင်ထွက်သွား ၏။ မေသည် မိခင်အနားတွင် တစ်နေ့လုံးနေ၏။ ဘုရား...ဘုရား မေမေဘာကြောင့်များ ဒီလောက် စိတ်ထိခိုက်ရပါလိမ့်၊ သူက ဂျွန်တို့



မိသားစုအကြောင်းကို ယခုအရွယ်တွင် သိသလောက်၊ သို့မဟုတ် မေမေ သိသလောက် မသိသေး။ မေမေငိုသည်မှာ မိခင်တစ်ယောက် သာမန် ကိုယ့်သမီး လင်နောက်လိုက်၍ ငိုကြွေးမျိုးလောက်သာ နားလည် မိ၏။

"သမီးလေး"

"မေမေ...ဘာပြောမလို့လဲဟင်"

"မိခင်မျိုးဆက်ကြီးကိုတော့ မေမေ ဘယ်လိုပဲတားတား မရ ခဲ့တော့ဘူး"

ဘုရား..ဘုရား မေမေက တားခဲ့သေးသည်ဆိုတော့ သူတို့ သားအမိချင်း အိမ်ထောင်ရေးကိစ္စကို ဆွေးနွေးတိုင်ပင်ချိန် ရခဲ့ကြ သေးသည်။ တီးတိုးစွာ သမီးကြီးကို ဆုံးမခဲ့သေးသည်။ တားမြစ်ခဲ့သေး သည်။ သူဘာမှ မသိခဲ့။ ထိုကြားထဲကမှ မမသည် ချစ်သူနောက် လိုက်သွား၏။ နောက်ပိုင်း သူ့မမ၏ တစ်ဖက်ရဲတိုက်ကြီးတွင် အသူ ရကာယ်ဘုံဖတ်လမ်းကို ခင်းကျင်းနေရသည်ကို သိရတော့မှ မေမေ ငိုသည်မှာ မလွန်ဟု၍ သူသိရပြီ။

"တားမရလို့ သူ့ဟာသူ လိုက်သွားပေမယ့်" မျက်ရည်စ များ တွေတွေစီးရင်း မေမေသည် သူ့စကားသူ ဆက်ပြော၏။

"မေမေ့မှာ ဝတ္တရားရှိတယ်။ တဖက်သားကို အင်မတန် နှိမ်ချင်တဲ့ ဦးရွှေဦးမိသားစုဟာလေ သမီးရဲ့ မမကြီး ခုလိုလိုက်သွားပုံ နဲ့ဆိုရင် ငါ့သမီးကြီးဆံပင်ကို သဲကြိုးလုပ်ပြီး ဖိနပ်စီးကြမှာ၊ ဒါကြောင့် ဒါကြောင့်၊ မေမေ သူ့ကိုမတွေ့လိုပေမယ့် မေမေ့ဝတ္တရားကိုတော့ လုပ်ရမယ်" မေမေသည် သူ့ခေါင်းအုံးအောက်မှ သော့ကိုယူကာ ခင်မေ ဆက်လက်ထဲသို့ ထည့်၏။ ခေါင်းရင်းဘက်ရှိ မီးခံသေတ္တာကို ဖွင့်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကာ လက်ဝတ်လက်စားများထည့်သော ကတ္တီပါသေတ္တာကို ယူနိုင်လိုက်သည်။ မေမေ့ရှေ့တွင် ခင်မေဆက်သည် သေတ္တာကို ဖွင့်လိုက်၏။

"သူ့ ရင်ထိုးကလွဲလို့ ဘာကိုမှယူမသွားပါလား"

မေမေသည် ပြောရင်းမှ ခင်မျိုးဆက်ဝတ်သော စိန်တစ်ဆင်ထဲကို ယူလိုက်သည်။ ပြီးတော့ ယွန်းသေတ္တာငယ်တွင် ထည့်သည်။

"ရော့ . . သမီးလေး မေ၊ မင်းရဲ့မကြီးလက်ထဲ ထည့်ပြီးအောင်ထည့်ခဲ့တော့။ သူများသမီးကို ငါ့သားက ခိုးယူလာခဲ့ပါပကောလို့ မိဘဝတ္တရားရှိတဲ့အတိုင်း ပြန်အပ်ဖို့ဆိုတဲ့ လူ့လောက အပြန်အလှန်အပြုအမူကို အဲဒီအုပ်စုကလေ ခေါင်းထဲထည့်မှာ မဟုတ်ဘူး။ ဒါကြောင့်သမီးလေး ဖေဖေလဲ တမနက်လုံး ခေါင်းမဖော်နိုင်တာ သမီးလေးရော . . .ရော့. . . ယူသွား"

အဲဒီနေ့ ထိုနေ့က ကိုနန္ဒစိုးစဉ်ပေးခြင်းအရ မလွယ်ပေါက်ခြံဝင်းတွင် ညီအစ်မနှစ်ယောက်ဆုံကာ သူသည် မမကြီး ခင်မျိုးဆက်လက်တွင်းသို့ ရတနာသေတ္တာကိုထည့်ခဲ့၏။

"မေမေ ငိုနေလား"

"မေမေ ငိုနေတယ်"

အမေနှင့်အဖေ၊ ဒါပဲ ညီအစ်မနှစ်ယောက် ပြောနိုင်ကာရှိုက်ကြီးတငင် ငိုကြသည်။ ဤနေ့က နောက်ဆုံးတွေ့ရခြင်း မလွယ်ပေါက်ခြံဝင်းကိုလည်း ဟိုဘက်အိမ်က အနိုင်အမာ ပိတ်လိုက်၏။ နောက်တော့ မလွယ်ပေါက်သည် မြို့နယ်စိမ်းတို့ဖြင့် ရစ်ပတ်ပိတ်ဆို့သွား တော့သည်။

ဟင်း . . ချစ်တဲ့သူနောက် လိုက်တယ်ဆိုတာ ပျော်စရာလို့သာကြားဖူးခဲ့ပါ၏။ စာအတွေ့မှာလဲ ဖတ်ဖူးခဲ့ပါ၏။ ယခု သူ့နှလုံးသားနှု



၏ ပထမဆုံးအတွေ့တွင် မမလည်း ငို၊ မေမေလည်း ငို၊ သူလည်း ငိုရသည်မှာ အမော။

"မေမေ့မျက်ရည်စက်တွေကျပြီးမှ ယူရမယ့်လင်ဆိုရင်လေ အဲဒီယောက်ျားကို ရွှေကိုယ်အလေးချိန် စက်ပြီး တင်တောင်းတောင်ပါမယူဘူး" ဟူသော အစီအစဉ်သည် သူ၏နုနယ်သော ထိုအချိန်များကပင် ချမှတ်ခဲ့၏။ ဤသို့သော အကြောင်းကြောင်းတွေကြောင့်များ ပန်းခင်းသောလမ်းတွင် ပန်းတွေကြဲနေသည့်ကြားက လတ်လတ်ဆတ်ဆတ် ပန်းလေးတစ်ပွင့်ကိုသော်မှ ရွေးယူ၍ မဆင်ခဲ့လေသလော ဟု ခင်မေဆက်အကြောင်းကို တွေးထင်ဆင်ခြင်သည့်ရှိသော် ဖြစ်နိုင်ကောင်းပါ၏။ အကြောင်းရင်းမှန်ကိုတော့ ကာယကံရှင်သာ သိပေမည်။

နောက်ပိုင်း ဖေဖေ မေမေတို့ ကွယ်လွန်ခဲ့ပြီးနောက် ထောက်ဖရစ်ပန်း အစိမ်းရောင်ကိုသာ မေ့ခေါင်းတွင် အစဉ်ပန်ခဲ့သည်ကိုလည်း ဘယ်သူမှ ရေရေရာရာ အကြောင်းရင်းမှန်ကို မပြောပြနိုင်ပေ။

ထို့ကြောင့်ပင် ယခုတော့ မေသွားရာလမ်းကလေးသည် လမ်းအိုလေးဖြစ်ခဲ့ပြီ။ ဤလမ်းအိုလေးတွင် ပန်းညိုကောက်ကာ လျှောက်လိုသေးသူ ဝတ်လုံတော်ရ ဦးမေအောင်၏ဆန္ဒမှာဖြစ်နိုင်ပါသေး သလော။

* * *

ရှင်မင်းထွေးသည် ဒေါ်ခင်မေဆက်ရေးနိုင်းသည့်အတိုင်း စာရေးကာ မြောင်းမြသို့ပို့လိုက်၏။

ဒေါ်ခင်မေဆက်ထံမှ စာအရ မောင်လူကျေး၏ အဘိုးဘက်ရှင်မင်းကြီး ဦးဘမော်သည် ရန်ကုန်သို့ ရောက်လာခဲ့၏။ မှညီသို့ပင်ဆို

www.burmeseclassic.com

www.burmeseclassic.com



ဆေး၊ သူတို့မိဘစကားများကို နားထောင်ကာ ကိုသက်ကို လက်ထပ်ခဲ့ပါသော သမီးလေး တင်မြသွင်အတွက် သူ၌တာဝန်ရှိသည်။ ကိုသက်လုပ်ပုံလုပ်နည်း မဟန်၍ မြေးလေးများကို လျစ်လျူရှုနေပါသည်ဆိုသော်လည်း သူ့ရင်ထဲတွင်တော့ တမြည့်မြည့်နှင့် စိတ်ချမ်းသာမှု မရှိခဲ့ချေ။ မောင်လူမွှေးနှင့် မောင်လူကျေး နေထိုင်ရပုံ၊ မောင်လမွှေး သေရှုံးအကြောင်းများကို သူမြောင်းမြတွင်နေသော်လည်း ရန်ကုန်မှ သတင်းများကို အစဉ်လိုလို ကြားနေရ၍ တစ်နေ့မှ သူစိတ်မအေးခဲ့ပေ။ ထို့ကြောင့်ပင် ခင်မေဆက်ထံမှ စာရရချင်း ရန်ကုန်သို့ ထွက်လာခဲ့ချေ။

သူတည်းခိုသော အိမ်မှ ဒေါ်ခင်မေဆက်အား ကြိုတင်၍ဖုန်းဆိုလိုက်၏။ သူသည် ဒေါ်ခင်မေဆက်ကို ဝင်ရောက်ခေါ်ဝင်ကာ ဝတ်လုံဦးမင်းဟန်အိမ်တွင်ရှိနေသော မောင်လူကျေးအား ဦးသက်မသိအောင်သွားရောက် တွေ့ဆုံကြမည်ဖြစ်သည်။ ဒေါ်ခင်မေဆက်သည် နောက်နေ့ နံနက်တွင် အဆင်သင့် သူ့အိမ်၌စောင့်နေမည့်အကြောင်း တယ်လီဖုန်းနှင့်အကြောင်းပြန်လိုက်၏။ နောက်နေ့တွင် သူတည်းခိုနေသော ကီလီလမ်းအိမ်မှ ဒေါ်ခင်မေဆက်အိမ်ရှိရာ ကမာရွတ်ခြံသို့ သူ့ ကားနှင့်ထွက်လာ၏။ ခြံဝတွင် သူသည်ကားကို ရပ်လိုက်ရတော့သည်။ ကားသည် ခြံထဲသို့ဝင်၍မရပေ။ ခြံဝတွင် ဆေးရုံသူနာတင်ကားတစ်စုနှင့် ကားအနားတွင် ဒေါ်ခင်မေဆက် အပါအဝင် အိမ်သားများအားလုံးကိုတွေ့ရ၏။

"ခင်မေဆက် ဘယ်လိုဖြစ်တာလဲ"

ဦးဘမော်သည် လှမ်းမေးရင်း သူနာတင်ကားပေါ်သို့ ကြည့်



လိုက်၏။ ဘုရား... ဘုရား။ ကားပေါ်ရှိ သူနာတင်ကပ်ပေါ်တွင် ကိုသက်ကို ပက်လက်ကြီး တွေ့ရ၏။

"ကား တိုက်တာလား"

ရှင်မင်းတွေးကို အားပြုကိုင်ထားသော ဒေါ်ခင်မေဆက်သည် တုန်တုန်ယင်ယင်နှင့် စကားကို မနည်းအားပြုကာ ပြောပြ၏။

"မဟုတ်ဘူး မဟုတ်ဘူး၊ ဒီဗန်းရယ် ခြံစည်းရိုးညှပ်ဖို့ ဒီခြံဝကိုလာတာမှာ ခြံစပ်မှာ လဲလျက်ကြီး၊ ဦးလေးသက်ကို လဲလျက်ကြီး တွေ့တာပဲ"

"ဟုတ်တယ် ဘဘကြီးရဲ့၊ အဒေါ်အထင် ဒီအိမ်ကို သူ တစ်ခုခုလုပ်ဖို့ လာတာမှာ ခြံအဝရောက်တော့ လဲကျသွားလိမ့်မယ်၊ သူ အရက်တွေသောက်ထားတယ်၊ ဘယ်အချိန်ကလဲနေလဲ မသိဘူး။ လေဖြတ်သလို ကိုယ်တစ်ခြမ်းအေးစက်နေတယ်၊ စကားလဲ မပြောနိုင်ဘူး။ ဒါပေမယ့် သူမသေဘူး၊ အတွေး သွေးစမ်းကြည့်ပြီးပြီ၊ ဒါကြောင့် အတွေး အမြန်ဆုံး လိုအပ်လို့ ဆေးရုံကြီးကို သူနာတင်ကား ခေါ်လိုက်တာ။ အအေးပတ်တာရယ်၊ အရက်ရယ် လေဖြတ်တာရယ် စုဖြစ်တယ်လို့ ထင်တယ်"

"ကဲလေ... အားလုံး အသင့်ဖြစ်ပြီ မဟုတ်လား။ ဆေးရုံ မြန်မြန်ရောက်ဖို့ အရေးကြီးတယ်၊ ဟော.. ဟော ပြောရင်းဆိုရင်း ဘကြီးဟန်နဲ့ ဘကြီးလှိုင် ရောက်လာပြီ၊ ကားပေါ်က ဆေးနဲ့တော့ ဆေးရုံကြီး လိုက်လာပေတော့"

စိတ်ထိခိုက်လျှင် နေမကောင်းပါဘူး ဆိုသောသည့်တုန်တုန်ယင်ယင်နှင့် စိမ်အမိန့်ပေးရင်း ဦးဘမော် ကားကိုအရင်ဦးဆောင်သွားမှာ

www.burmeseclassic.com

www.burmeseclassic.com



ခင်မေဆက်ဖြစ်၏။ ရှင်မင်းထွေးသည် နောက်မှတက်၍ လိုက်ပါသွား၏။ ရှင်မင်းထွေး တယ်လီဖုန်းဆက်၍ လိုက်လာကြသော ဝတ်လုံဦးမင်းဟန်နှင့် ဦးလှိုင်သည် ကားပေါ်မှ မဆင်းတော့ဘဲ ဆေးရုံကြီးသို့ ကားကိုဆက်မောင်းကာ လိုက်လာကြ၏။

ဆေးရုံကိစ္စ လိုအပ်သမျှ ပြီးသောအခါ သူတို့သည် ကိုသက်၏ ခုတင်လေးတွင် ဝိုင်းထိုင်လျက်ရှိ၏။ အချိန်ကျ ဆရာဝန်သည် ကိုသက်ရောဂါကို ရှင်းလင်းပြောပြ၏။

''အသက်တော့ မသေနိုင်ဘူး။ အတော်စောစောကတည်းက ခြံဝမှာ လဲနေပုံရတယ်၊ အရက်ကလဲ အလွန်အကျွံ သောက်ထားတယ်၊ မနက်ခင်း အအေးကလဲပတ်ပြီး မြန်မာလိုတော့ လေငန်းသဘောပေါ့။ ဆေးရုံက ဆင်းတောင် ကိုယ်တစ်ခြမ်းသေပြီး စကားတော့ ပြောနိုင်မှာ မဟုတ်တော့ဘူး။ ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးစားပေးပါ့မယ်။ အန်ကယ်ဦးမင်းချိန်ကိုလဲ ဒီကဒေါ်ခင်မေဆက်က အကြောင်းကြားပေးပါဆိုလို့ ကျွန်တော်တို့ ပြောလိုက်ပါပြီ''

အချိန်ကျ ဆရာဝန်သည် သူလုပ်ဆောင်ရမည့် တာဝန်ဟူသမျှ လုပ်ပေးပြီး လူနာခုတင်ဘေးမှ ထွက်ခွာသွား၏။ အားလုံးသည် ဟင်းချလိုက်၏။ မေ အသနားဆုံးက ဘကြီးလှိုင်၊ သို့မဟုတ် ဦးလှိုင်ကိုဖြစ်၏။ ဦးလှိုင်သည် ကလေးလေးတစ်ယောက်ကို ကြည့်သလို သူ့တူလေး ကိုသက်ကို သနားကြင်နာသည့် အဓိပ္ပာယ်အပြည့်ပါသော မျက်လုံးများဖြင့် စုတ်တသပ်သပ်မြည်ကာ ကြည့်နေ၏။

''မောင်သက်.. ၊ မောင်သက် ငါ့တူလေး တစ်သက်လုံး ပြောင်းဆန်အောင် လုပ်ခဲ့သမျှ ခုတော့ မလုပ်နိုင်တော့ဘူး။ အင်း..



အသက်ရှင်လျက်နဲ့ သေရတဲ့ဝေဒနာကို ဘယ်အချိန်ထိ ခံရမလဲ မသိဘူး''

ဒေါ်ခင်မေဆက်သည် တဖျစ်တောက်တောက် ရေရွတ်နေသော ဦးလှိုင်ကိုကြည့်ရင်း၊ သူ့ခေါင်းထဲတွင်တော့ ဘာဆက်လုပ်ရမလဲ ဟူသော အလုပ်တာဝန် သဘောကိုသာ အလျင်အမြန် စဉ်းစားလိုက်၏။

''မေ တစ်ခုပြောမယ် ဘကြီးလှိုင်၊ မေ ပြောပြတာကို ဘကြီးဟန်ရော၊ ဒီက အန်ကယ်ဦးဘမော်ရော စဉ်းစားပြီး လိုအပ်တာရှိရင် ပြောပါ၊ ခုတော့ ဆရာဝန်တွေ အစွမ်းကုန်ကုပါစေ ဆေးရုံပေါ်မှာ ကုန်ကျသမျှ စရိတ်ဟူသမျှ မေတာဝန်ယူပါတယ်။ အရေးကြီးတာက ဦးလေးသက်ကို အိမ်ပြန်ခေါ်ယူချိန်မှာ ဘကြီးလှိုင်အတွက် မေတို့ဝိုင်းပြီး စဉ်းစားရမယ်၊ မေ သူနာပြုဆရာမ မဟုတ်ပေမယ်လို့ ဖေဖေတို့ မေမေတို့ အမျိုးတော်သူတွေရော မတော်သူတွေရော လူနာများ များနဲ့ နေရလွန်းတော့ လူနာတစ်ယောက်ရဲ့ပြုစုရတဲ့ တာဝန်ကို မေနားလည်ပါတယ်။ ဒါကြောင့် ဘကြီးလှိုင် အိုကြီးအိုမနဲ့ ကသိကအောက်မဖြစ်အောင် အိမ်ရောက်ရင် ဦးလေးသက်ကို ပြုစုဖို့ မေတို့အိမ်က ကားမောင်းတဲ့ ဒီဗန်းသမီးအကြီးလေး၊ အဘိဂေးလ်ကို လွှတ်ပေးမယ်၊ သူ့လခကိုလဲ မေပေးပါ့မယ်။ မေ့ကိုလေ ကိုယ်ဖိရင်ဖိ မပြုစုရကောင်းလားလို့ မပြောပါနဲ့တော့နော်၊ မေ ဟန်ကို မဟန်နိုင်တော့လို့ပါ''

''အို...ဘကြီးဟန်တို့ မေ့အပေါ်မှာ နားလည်ပါတယ်''

စကားကို မနည်းလေဆက်၍ ပြောနေသော မေ့ကို ဦးမင်းဟန်သည် နှစ်သိမ့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့...ပြီးတော့၊ သူသတိရလာရင်လေ၊ သူ့မှာ ကြားနိုင်တဲ့ အာရုံနဲ့ မြင်တဲ့အာရုံတော့ ရှိပါသေးတယ်"

မေသည် သူ့အစီအစဉ်ကို ဆက်၍ပြောလိုက်၏။

"သူ့သား မောင်လူကျေးကို မေမေ့နာမည်နဲ့ ထားတဲ့ မြောင်းမြကအိမ်၊ အခုတော့ မေ အမွေရထားတာကိုလဲ စာချုပ်နဲ့ တစ်ခါတည်း မောင်လူကျေး နာမည်ကို ပြောင်းပေးပါ့မယ်လို့ ဘကြီးလှိုင်က ဦးလေးသက်ကို ပြောပေးပါ"

"အို...ပြောမယ်၊ ပြောမယ်၊ ဒီတော့ သူစိတ်ချမ်းသာသွားမယ်" ဦးလှိုင်က ဆို၏။

"ကျွန်တော့်အနေနဲ့လဲ သူ့ဆေးရုံက ဆင်းမှပဲ မြောင်းမြကို ပြန်ပါမယ်၊ သူသတိရရင်လေ တင်မြသွင်အတွက် ပိုင်ဆိုင်ခွင့်ရှိသမျှ မြေးဝေစုကို မောင်လူကျေးကို ပေးမယ်ဆိုတာ ကျွန်တော် သူ့ကိုပြောပြမယ်၊ ပြီးတော့ ဘယ်လိုပဲဖြစ်ဖြစ် မောင်လူကျေး ကျန်းမာပြီလို့ ဆရာဝန်တွေက ခွင့်ပြုရင် ကျွန်တော်တစ်ခု လုပ်ချင်တယ်၊ ကျွန်တော်နဲ့အတူ မောင်လူကျေးကို မြောင်းမြအိမ်ခေါ်သွားမယ်ဆိုတာ သူ့ကို ကျွန်တော် ပြောပြချင်တယ်။ ပညာသင်ဖို့လဲ အချိန်နှောင်းပေမယ့် အိမ်မှာဆရာခေါ်ပြီး ကျွန်တော်သင်ပေးပါ့မယ်၊ ကျွန်တော့် စိတ်ထင်တော့ စောစောပိုင်းက သူ့သား မောင်လူကျေးကို သူလိုက်ရှာနေပုံရတယ်။ သူဖခင်တစ်ယောက်စိတ်နဲ့ နောင်တရလာပုံရတယ်လို့ ကျွန်တော် စဉ်းစားမိတယ်"

ကာယကံရှင် ကိုသက်ကတော့ သူဘာလုပ်ချင်၍ ဘယ်လိုဖြစ်ကာ ဒေါ်ခင်မေဆက်ခြံဝတွင် လဲကျသည်ကို မပြောနိုင်တော့ပြီ။

သူတို့အားလုံးသည် ထောက်ထောက်ညာညာနှင့် ယခုအခါ



ဦးသက်အပေါ်တွင် စဉ်းစားလာကြပြီ။ ခွင့်လွှတ်လာကြပြီ။ ဒီလိုပဲ စဉ်းစား ရပေတော့မည်။ သူပုံလဲချိန်တွင် သူဆိုးခဲ့သမျှကို ခွင့်လွှတ်ကြရပေ တော့မည်။

"အင်မတန် ကောင်းတဲ့ အစီအစဉ်ပါပဲ"

ဝတ်လုံ ဦးမင်းဟန်သည် ထောက်ခံလိုက်၏။ ပြီးတော့မှ မေ သည် သူ၏လက်တွင် ဝတ်ထားသော ဘယ်ဘက်လက်ခလယ်မှ လက် စွပ်ကို ချွတ်ရင်း ဦးလှိုင်ကို လှမ်းပေးကာ ပြောပြသည်။

"ဒီလက်စွပ်ဟာ ဘကြီးလှိုင်အစ်မ ဒေါ်သာလိက ချွေးမ ဒေါ်ခင်စောမှုကို ပေးတဲ့ အထူးအမွေပါပဲ၊ သူ့စီးပွားရေးကသိကအောက်ဖြစ်တဲ့ တစ်လုညှ်မှာ ချွေးမကြီးဟာ သူတို့ကို ကူညီခဲ့လို့ အမှတ်တရ ပေးခဲ့တယ်၊ ကာလတန်ဖိုးတစ်သောင်းလောက်ရှိပါတယ်၊ ဦးလေးသက်ကိုစွနဲ့ ပတ်သက်ပြီး အစစလိုအပ်သမျှ ဘကြီးလှိုင်သဘောအတိုင်း ထုခွဲရောင်းချပြုစုဖို့ မေ ဘကြီးလှိုင်ကို ကန်တော့ခဲ့ပါတယ်၊ ကဲ မောင်လူ ကျေးကို မေတို့ အန်ကယ်ဦးဘမော်နဲ့အတူ သွားကြည့်တော့မယ် နော်"

"အေး...အေး ငါ့မြေးမလေး ပုရုးမ ပုရုးမ၊ မင်းတာဝန်ကျေပါတယ်၊ သာဓု...သာဓု...သာဓု"

ဦးလှိုင်သည် သူ့ကိုထိုင်၍ ကန်တော့သော မေ့ကို မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် သာဓုခေါ် ဆုတောင်းရင်း ကိုသက်အခန်းတွင် ကျန်ရစ်၏။ သူတို့အားလုံး ထွက်သွားကြပြီ။ ဩော် ဦးလှိုင် ဦးဘိုးလှိုင်၊ အဘိုးအိုကြီး ဦးလှိုင်၊ ယောအတွင်းဝန်ကြီး ဦးလှိုင်လို သူ့မှာဘယ်အတွင်းကိုမှ မဝင်လိုက်ရ။ ယောအတွင်းဝန်ကြီးလို ရာဇ

www.burmeseclassic.com

www.burmeseclassic.com



မွေသင်္ဂဟာကျမ်းကို ရေးဖို့နေနေသာသာ သူရေးချင်သော "သောက်ရှုတ်ခန်း" ကိုလည်းမရေးရ၊ ခုမှ "ကိုသက်ထိန်း" တာဝန်ကို ယူရမည့် တစ်ယောက်တည်းသော သူအဖြစ် သူသည် လူနာခုတင်ဘေးတွင် ကျန်ရစ်ခဲ့တော့သည်။

ဤကဲ့သို့ ဆွေစုမျိုးစု ဇာတ်သိမ်းခန်းတွင် ကန့်လန့်ကာ အရှုကာအစ ခင်မေဆက် ပါဝင်ခဲ့၏။ သို့သော် ကန့်လန့်ကာဆွဲကံဇာတ်ဆရာက တစ်ပိုင်းတစ်စ ကြိုးငြိနေ၍လား မသိ။ အဆုံးအထိ ဇာတ်မသိမ်းလိုက်ရပါသော ဦးလေးသက် ဇာတ်မခန်းလို မစိုးမပိုင်သော အဖြစ်တွေကို မြင်ရ၍ မေသည် အခါတစ်ပါးက ဝတ်လုံတော်ရကြီး ဦးမေအောင်အား ထောက်ဖရစ်ပင်အောက်တွင် "နှလုံးသားဗျူးအိမ်" အကြောင်းကို ပြောပြခဲ့လေသလော။

သို့သော် တစ်နေ့သောအခါ မေ၏ရင်ဘတ်မှ ရင်တိုးကလေး ဦးမေအောင်လက်သို့ ရောက်သော တစ်ချိန်တော့ဖြင့် ရှိတန်ကောင်းပါရဲ့။

* * *

## အခန်း ( ၁၂ )

## ကောင်းခြင်းယစ္စ သည်စိုးနဲ့ခါ

မြူနှင်းများ စဲစပြုလာ၍ နေရောင်မှာ နွေးရုံကလေး ခြံဝန်းထဲတွင် လျောကျနေသည်။ မင်္ဂလာပွဲသို့ ကြွလာသော ပရိသတ်အတွက် သာတောင့်သာယာ ရှိလာ၏။ ရွှေတံတိုင်း အိမ်လယ်ခန်းမတွင် ဒေါက်တာ မင်းရွှေဖုံနှင့် ရှင်မင်းထွေးကို ပွဲထုတ်လာသည်။ သတို့သား သတို့သမီးတို့ လုံချည်မှာ ပန်းရောင်ပိုးချိတ် အစစ်ဖြစ်၏။ ရှင်မင်းထွေးအလှသည် ဘုရင့်သမီးလေးလိုပင် မဟာဆန်လှသည်။ ကြိုးကြီးချိတ်ဗလာထဘီနှင့် ထိုင်မသိမ်းတို့မှာ ဖြူနွဲ့သော ကိုယ်လုံးနှင့် ပန်ရလှ၏။ ဆံထုံးတစ်ပတ်လျှို့ကို ခပ်ပြေပြေထုံး၍ ဆံမြိတ်ရှည်ကို ချထားသည်။ ပန်းဟူ၍ ဘာပန်းမှမပန်။ ဒေါ်ခင်မေဆက်က သူ၏စိန်ဆံထိုး၊ စိန်ဘီးနှင့် စိန်ပန်းခိုင်တို့ကိုသာ သူကိုယ်တိုင် ဆံထုံးတွင် ဆင်ယင်ပေးထား၏။ သတို့သားကတော့ ဝမ်းသာကျေနပ်ခြင်း ပီတိကြောင့် သူ့မျက်နှာမှာ ကျက်သရေ အလိုလိုရှိနေသည်။ သတို့သား၏ လူပျိုရံများမှာ ဒေါက်တာအုန်းမောင်နှင့် ဒေါက်တာ ဝင်းမွန်ဖြစ်သည်။ အပျိုရံများ အပြင် ဤဆက်မိသားစု နေအိမ်ကြီးတွင် အခမ်းအနားတိုင်း၌ ပါလျှင် မပြီးသော ဆရာဝန်ကြီးဦးမင်းချိန်နှင့်ဇနီးမောင်နှံ ဝတ်လုံဦးမင်းဟန်

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်မောင်နှံနှင့် ထူးထူးခြားခြား ရောက်လာသော တစ်ဘက်ခြံမှ ပျှန်ခေါ် အဒေါ် မေကြည်သင်းနှင့် သူတို့၏ ဝတ်လုံတော်ရ ဦးချန်ထူး ဖိနပ်မောင်နှံ တို့ အုပ်စုမှာ သတို့သား၊ သတို့သမီးထိုင်ရာ မျက်နှာတူရှရှိ ပန်းကော် ဖောပေါ်တွင် ထိုင်လျက်ရှိ၏။

ဤယနေ့၌ အပျော်ဆုံးသူမှာ ဝတ်လုံတော်ရ ဦးမေအောင် ဖြစ်သည်။ ဒေါ်ခင်မေဆက်သည် သူ့ဆန္ဒကို လိုက်လျောပါ၏။ ရှင်မင်း ထွေးရှေ့တွင် လက်ထပ်ပေးရမည့် အမျိုးသမီးကြီးနေရာတွင် ဒေါ်ခင် မေဆက်သည် နေရာယူထား၏။ သူကတော့ သားတော်မောင် မင်းရွှေ့ ရှေ့တွင် လက်ထပ်ပေးရမည့် ပုဂ္ဂိုလ်ကြီးနေရာတွင် နေရာယူထား၏။ သူ့ရင်ထဲမှာတော့ ဒေါ်ခင်မေဆက်ကို ငါးဆယ်တွင်း ရောက်နေသော အဘွားအိုသဏ္ဌာန်မမြင်၊ အခါတစ်ပါး ထောက်ဖရစ်ပင်ခြေတွင် တွေ့ ဆုံခဲ့ရပါသော "မေ"တစ်ယောက်အနေနှင့်သာ မြင်၏။ ယခု မေသည် သူ့မျက်လုံးထဲတွင် ပုလဲရောင်တောက်၍ သတို့သမီးလိုပင် လှပနေ၏။ ပိုးထဘီအဖြူဆိုတ်နှင့် ဇာပဝါအဖြူကို စုံချထား၏။ ပဝါဖြူတွင် ပုလဲ လုံး ခပ်ကျဲကျဲ တွဲရွဲတင်နေ၏။ ညာဘက်ရင်အုံမှာတော့ သူ့အား တစ်ခါက လက်ညှိုးထိုး၍ပြခဲ့ပါသော စိန်သွားတပ်၊ ရွှေလက်ကိုင်မိုး နှင့် စိန်တံစဉ် ရင်ထိုးကို ချိတ်ထိုး၍ထား၏။ သပ်ရပ်သော ဆံထုံးက ခင်မေဆက် မျက်နှာကို ကျက်သရေပို၍ ရှိစေသည်။

အခမ်းအနားမှူး ဝတ်လုံဦးမင်းဟန်က လက်ထပ်ပွဲကို စတင် ကြေညာကာ စလိုက်၏။ လက်ထပ်ချိန်တွင် မင်းရွှေဖံလက်ကို ဦးမေ အောင်ကကိုင်၍ ရှင်မင်းထွေးလက်ကို ဒေါ်ခင်မေဆက်က ကိုင်၍ လက်ထပ်ပေးသည်။ ဘုရား…ဘုရား ဖြစ်များဖြစ်နိုင်ခဲ့ပါလျှင် ယခု လက်ထပ်ပွဲသည် သူနှင့်မေတို့၏ လက်ထပ်ပွဲပင် ဖြစ်လိုက်ပါတော့ဟု ဦးမေအောင်သည် ရင်ထဲမှ ကျိတ်၍ဆုတောင်းနေ၏။



သတို့သမီးလေး ရင်ခုန်လှုပ်ရှားလာ၍ စို့လာသော ချွေးများ ကို ဟန့်တားရန် ဒေါ်ခရစ္စတီနာသည် နံ့သာယပ်တောင်ဖြင့် သမီးငယ် အနားမှ ပြုံးရွှင်ကျေနပ်စွာ ယပ်ခပ်ပေးနေ၏။

ဪ…သာယာပါဘိသည်။ မင်္ဂလာရှိပါပေသည်။ မေတ္တာ ဓာတ်တို့၏ စုပေါင်းဖြိုးဝေရာ အချိန်အခါ သမယပါပေတည်း။

လက်ထပ်သော အခမ်းအနားအပြီးတွင် ခြံထဲရောက်နေသော ပရိသတ်များကို အကျွေးအမွေး စတင်ကျွေးတော့သည်။

"ဒေါ်ခရစ္စတီနာ ကျေနပ်ပြီ မဟုတ်လား၊ မေလေ နားချင်ပြီ ခဏ အပေါ်မှာ သွားနားလိုက်ဦးမယ်နော်၊ ကိုကြီးမေအောင် သင့်ကို သား အဖေအနေနဲ့ ဒေါ်ခရစ္စတီနာနဲ့ အတူ ဧည့်ဝတ်ကျေအောင် ဧည့်ခံပါတော့"

"ဟုတ်ပါတယ်၊ မေ နားဖို့တော်ပါပြီ" ဟု ဆရာဝန်ကြီး ဦးမင်းချိန်က ပြောလိုက်၏။

"အန်တီဒေါ်မြဆွေ မေ့ကို အပေါ်ထပ် လိုက်ပို့ပါ" ဒေါ်ခင် မေဆက်သည် ဒေါ်မြဆွေနှင့်အတူ အိမ်ပေါ်ထပ်သို့ ဖြည်းညင်းစွာ တက်သွား၏။ ဧည့်သည်များ ထပြန်ကြ၍ မြက်ခင်းထိပ်ရှိ သတို့သမီး နှင့် သတို့သားအတွက် သီးသန့်ထားသော နေရာတွင် ဒေါက်တာ မင်းရွှေဖံနှင့် ရှင်မင်းထွေးသည် အမောပြေထိုင်ကာ ကော်ဖီစုံ၍ သောက် ကြ၏။ ဒေါ်ခရစ္စတီနာသည် သမီးလေးနှင့် သားမက်ကို ကော်ဖီကိုယ် တိုင် ဖျော်ပေးနေ၏။

ကားတစ်စီးသည် ခပ်မြန်မြန် မောင်းကာ ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်၏။ ကားပေါ်မှာ ဆင်းလာသူများမှာ သခင်…ဦး သခင်မ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဒေါ်သိန်းရင်နှင့် အနောက်နိုင်ငံသားဝတ်စုံကို ဝတ်ထားသော အမျိုးသားတစ်ယောက်။

"ဟာ . . . သခင်လှဦး၊ နောက်ကျလိုက်တာ လာ လာ ကျွန်တော်တို့နဲ့ တစ်ခါတည်း ကော်ဖီဝင်သောက်လိုက်ပါ၊ ဖိတ်စာ မြောင်းမြကို ပို့လိုက်တာ အရောက်နောက်ကျလို့လား၊ ဟော . . သခင် မကြီးလဲ ပါလာသကိုး" မင်းရွှေဖံက မတ်တပ်ရပ်ကာ ခေါ်လိုက်၏။

"နောက်မကျပါဘူး၊ နောက်မှပဲ တောင်းပန်မယ်၊ မင်္ဂလာဆောင်ကို မလာဖြစ်တော့ဘူးလို့နေတာ၊ ဟောဒီမှာ ဟောဒီမှာ မေဂျာစောလှဖြူကိစ္စပါလာလို့"

"ဟိုက် . . . မေဂျာစောလှဖြူ"

ဒေါ်ခရစ္စတီနာသည် မေဂျာစောလှဖြူ ဆိုသူအား ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်၏။

"ဦးမင်းချိန် ဒီကိုကြွပါဦး" သခင်လှဦး ခေါ်သံကြောင့် ဦးမင်းချိန် ဦးမင်းဟန်တို့သည် သတို့သား၊ သတို့သမီးအနားသို့ ပိုင်းလာ၏။

"ကော်ဖီကို နောက်ထားပါ၊ ကိစ္စက ဒီလို မေဂျာစောလှဖြူက ဒေါ်ခရစ္စတီနာရဲ့ မြောင်းမြအိမ်က လိပ်စာကိုပဲ သိတယ်၊ ကျွန်တော်နဲ့ မေဂျာစောလှဖြူက မဟာမိတ်ဆွေ မြန်မာပြည်ထဲ ဝင်လာတော့ လေထီးနဲ့တူတူ ဆင်းလာကတည်းက ရင်းနှီးတဲ့ မိတ်ဆွေတွေ၊ သူ အင်္ဂလန်ကိုသွားပြီး ပညာသင်ရာက ပြန်ရောက်ရောက်ချင်း မြောင်းမြကို တန်းပြန်လာခဲ့တယ်။ ကိစ္စပါလာခဲ့လို့ ရှင်မင်းထွေး မင်္ဂလာဆောင်မစခင်မှာ ဒီစာဒေါ်ခရစ္စတီနာလက်ထဲ ထည့်ရမယ့်ကိစ္စပါလာလို့ ကျွန်တော်က ဖိတ်စာထဲ ကြည့်လိုက်တော့ မင်္ဂလာပွဲက ဒီနေ့စမှာလဲ



သိရော ညကဘုရင့်နောင်သင်္ဘောစီးပြီး ရန်ကုန်လိုက်လာကြတာ၊ မနက်က နှင်းပိတ်တော့ ရန်ကုန်အဝင်နောက်ကျတယ်၊ ရှောရှော ရှုရှုပဲ၊ ဒီအိမ်ကြီးကို ကျွန်တော်က မသိဘူး။ သခင်၊ ကြီး ဒေါ်သိန်းရင်က သင်္ဘောဆိပ်မှာ ကူလီရွက်တုန်း လှမ်းနှုတ်ဆက်လိုက်တော့ သူက ဒီအိမ်ကြီးလာနေကျဖြစ်တော့ သူ့ကိုပါကားပေါ်ဟင်ပြီး လာရတာ၊ မောရ၊ ချိုးနပ်တယ်၊ လက်ထပ်ပွဲ အချိန်မီရောက်တာပဲ"

အမောတကော ခပ်မြန်မြန်နှင့် ရှင်းလင်းပြောပြနေသော သခင်လှဦး စကားအဆုံးတွင် ဒေါ်ခရစ္စတီနာသည် မေဂျာစောလှဖြူ ပေးသော စာအိတ်ကို ဖွင့်ဖတ်ကာ ဝမ်းသာအားရ အော်လိုက်၏။ အားလုံးပင် စိတ်ဝင်စားစွာ ဒေါ်ခရစ္စတီနာ ဖြေနေသော အထုပ်ကို ကြည့်နေကြသည်။

"ရှင်မင်းထွေး၊ မင်းမေမေရဲ့ မင်္ဂလာလက်ဖွဲ့" ကတ္တီပါဘူး၊ အဖြူရောင်ထဲမှ တလက်လက် တောက်ပနေသော စိန်သွားတပ် ရွှေတံစဉ်ရင်ထိုး တစ်ခုကို ဒေါ်ခရစ္စတီနာက ပြလိုက်၏။

"ဟယ်" ဟူသော သံပြိုင်အော်လိုက်ကြသံမှာ ဟော်ဝန်းကျင်ကို ပွဲတင်ထပ်သွား၏။ ဘုရား . . . ဘုရား သတို့သမီးငယ်သည် မဟာပထဝီမြေကြီးပင် သွက်သွက်ခါသွားသလို တုန်လှုပ်လွန်း၍ သတို့သားကို ကိုင်ထားရ၏။ ရင်များက ခုန်လွန်း၍ ရပ်သွားမလားဟုပင် ထင်မိသည်။ ဒေါက်တာ မင်းရွှေဖံသည် ရွှေတံစဉ်ရင်ထိုးကို ကတ္တီပါဘူးမှ ယူကာ ရှင်မင်းထွေး ရင်ဘတ်ပေါ်သို့ ထိုးချိတ်လိုက်၏။

ဒေါ်ခရစ္စတီနာသည် သူလက်တွင်းမှ ရှည်လျားလှသော စာရွက်များကို ဝတ်လုံဦးမင်းဟန် လက်ထဲသို့ ထည့်လိုက်၏ ဦးမင်းဟန်သည် စာကိုစတင်၍ မတ်တပ်ရပ်ကာ ဖတ်ပြချိန်တွင် အပ်ကျသံ

www.burmeseclassic.com

www.burmeseclassic.com



ကြားရမတတ် အားလုံးငြိမ်သက်စွာ နားထောင်နေ၏။ သတို့သမီးငယ်သည် ပရိသတ်ကိုပင်မေ့ကာ အပါးရှိချစ်သူလက်ကို တင်းကျပ်စွာ ဆုပ်ထားမိသည်။

## ချစ်လှစွာသော သမီးလေး

## ရှင်မင်းထွေး

သမီးလေး လက်ထပ်ပွဲအချိန်မီ ဒီစာဟာ သမီးလေး လက်ထဲ ကို ရောက်လိမ့်မယ်လို့ မေမေ မျှော်လင့်တယ်။

သမီးဟာ ရွှန်ခေါ် ဦးရွှေဦးမောင်နဲ့ဒေါ်ခင်မျိုးဆက်တို့ရဲ့ တစ်ဦးတည်းသော သမီးလေး ရှင်မင်းထွေးဖြစ်ပါတယ်။ သမီးရဲ့ ဖေဖေနဲ့မေမေကတော့ အကြောင်းမလှသူနှစ်ယောက်ပေမို့ သူတို့နှစ်ယောက်ရဲ့ ဘဝကံအကြောင်းကို သမီးလေး မေ့ပျောက်ပစ်လိုက်ပါတော့။

သမီးလေးဟာ ကံလှသူဖြစ်ပါတယ်။ သမီးလေး အတိတ်ကံလှပေလို့ အပြစ်ကင်းစင်တဲ့ ချစ်တဲ့သူနဲ့အတူ ပန်းမွေ့ရာ ရွှေကော်ဇောမှာ အတူယှဉ်ပြိုင် ထိုင်ရချိန်မှာ သမီးလေး ဒီစာကို ဖတ်ရပါစေ၊ ဒီစာဖတ်ရချိန်ဟာလဲ ကောင်းခြင်းမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ မေမေ ဆုတောင်းပါတယ်သမီး။

မိခင်တာဝန် ချို့ယွင်းသူရယ်လို့ ပထမသော် သမီးလေး မေမေ့အပေါ် အပြစ်တင်ကောင်းတင်မိပေလိမ့်မယ်။ သို့သော် ရောက် လေရာ နိုင်ငံခြား တစ်မြေက သမီးငယ်လေးရဲ့ လှုပ်ရှားမှု အစစကို မပြတ်စုံစမ်းလေ့လာပြီး မေမေ ဘယ်လို တာဝန်ယူခဲ့တယ်ဆိုတာကို ဘကြီးဟာန် (ဝတ်လုံတော်ရ ဦးမင်းဟာန်)



ဆရာဝန်ကြီး ဦးမင်းချိန်နဲ့ မင်းရဲ့မွေးစားမိခင် ဒေါ်ခရစ္စတီနာတို့ကပြောပြပါလိမ့်မယ်။

ခရစ်ယာန်ဘာသာဝင် အမျိုးသမီးပင် ဖြစ်သော်လဲ သမီးလေးအပေါ် မိခင်ရင်းနဲ့မခြား မေမေ့ဝမ်းက ကျွတ်ကတည်းက ပြုစုစောင့်ရှောက်တဲ့ ဒေါ်ခရစ္စတီနာကိုဖြင့် မိထွေးတော် ဂေါတမီကို ဗုဒ္ဓရှင်တော်ဘုရား ကျေးဇူးပြုသလို ပြန်လည်ကျေးဇူးပြုပါလို့ မေမေ မေတ္တာရပ်ခံပါတယ်။

မေမေ့မှာ ကံကြွေးဆပ်စရာရှိပါတယ်။ မေမေရဲ့ မိဘ ဦးဆက်နဲ့ ဒေါ်ခင်စောမူဟာ သာမန် မိဘတွေ မဟုတ်ပါဘူး။ ဦးရွှေဦး ဒေါ်ဖြူဝင်းတို့လို တစ်ဘက်သတ် အမြုအမူမျိုး သားသမီးအပေါ်မရှိခဲ့ဘူး။ ဒီလို မိခင်မျိုးရဲ့ အဆုံးအမကို မေမေ ပယ်ခဲ့တယ်။ သမီးရဲ့ ဘွားဘွား ဒေါ်ခင်စောမူဟာ မေမေ မင်းဖေဖေနောက်ကို လိုက်သွားကတည်းက မျက်ရည်လည်ရွဲနဲ့ကျန်ရစ်တယ်။ မေမေဟာ တစ်ဖက်အိမ်မှာ ဒုက္ခမျိုးစုံခံရတိုင်း သူတော်ကောင်း မိခင်ကို ငါမျက်ရည်ကျအောင် လုပ်ခဲ့မိလို့ ငါဟာလဲ ဒီလို သူတစ်ပါးရဲ့ နှိပ်စက်ညှင်းပမ်းခြင်းကို ခံခဲ့ရပေတယ်လို့ နောင်တရမိတယ် သမီးလေး။

မေမေ တိုင်းတစ်ပါးကို ထွက်ခွာသွားပြီးတဲ့နောက် ညီမလေး ခင်မေဆက်ဟာ ဆက်မိသားစုရဲ့ ကောင်းမွေဆိုးမွေ ဟူသမျှ သူတစ်ယောက်တည်း ဒိုင်ခံပြီး တတ်နိုင်သလောက် ဖြေရှင်းကျန်ရစ်ခဲ့ပါတယ်။ သူဟာ စိတ်ဓာတ်ခိုင်မာသူဖြစ်ပေမယ့် နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီး

www.burmeseclassic.com

www.burmeseclassic.com



တောင် လျှောင်ဒဏ်အဖန်တလဲလဲ ခံရရင် အင်မတန်ကြီးမားတဲ့ ချောက်ကမ်ပါးတွေဖြစ်အောင် ကွဲအက်သွားတတ်ပါတယ်။ ညီမလေး မေရဲ့အသည်းနှလုံးဟာ နူးညံ့သိမ်မွေ့တဲ့ လူသား အသည်းနှလုံးမို့ လောကစံဆိုတဲ့ လျှောင်ဒဏ်ကို ချမ်းသာ ပေမယ့်လဲ (ချမ်းသာတဲ့) အလျှောက် ခံရလေတော့ မေ့ရဲ့ ကျန်းမာရေးဟာလဲ မသိမသာ တဖြည်းဖြည်း ယိုင်လာပြီလို့ မေမေ တစ်နိုင်ငံကသိခဲ့ပါတယ်။ ဒါကြောင့် တစ်ရပ်တစ်မြေ ကနေပဲ ညီမလေးခင်မေဆက်အနားကို သမီးလေးရှင်မင်းထွေး ရောက်အောင် ဘကြီးဟန်၊ ဦးမင်းချိန်တို့အကူအညီနဲ့ စီမံတဲ့ သူဟာ မေမေပါပဲ။

ဆက်မိသားစုရဲ့ ကောင်းမွေဆိုးမွေကို ရင်ပြီးခံနေရတဲ့ မင်းရဲ့ ဒေါ်ဒေါ်လေး ဒေါ်ခင်မေဆက်ကို ရိုရိုသေသေ ပြုစုလုပ်ကျွေး ခြင်းဖြင့် သမီးဟာ မေမေ့ကိုယ်စား မေမေ့ကံကြွေးကိုဆပ် ပေးလို့ မေမေ သာဓုခေါ်ပါတယ်။

အမွေလိုချင်လို့ သွေးသားမှန်းသိလို့ ပြုစုစောင့်ရှောက် တာထက် ခုလိုစေတနာသန့်သန့်နဲ့ သမီးပြုစုတာ ပိုလို့ မကောင်းပေဘူးလား။ ဒါကြောင့် သမီးနဲ့ဒေါ်ဒေါ်လေး ခင်မေ ဆက် အမျိုးတော်ကြကြောင်း ကြိုတင်အသိမပေးတဲ့ မေမေရဲ့ အစီအမံ အယူအဆကို သမီးလေးရော ညီမလေးမေပါ ယခု အချိန်မှာ သဘောပေါက်ပါလိမ့်မယ်။

သမီးလေး ဆက်မိသားစုရဲ့ အစဉ်အလာကို ထိန်းသိမ်း ရင်း မေမေပျော့ညံ့တဲ့အပိုင်းတွေလဲရှိတယ်။ မေမေမှန်ခဲ့တဲ့ အပိုင်းတွေလဲရှိတယ်။ တတ်နိုင်သလောက် ဆိုးရွားတဲ့ အခြေ



အနေက အကောင်းဘက်ကို ရောက်အောင် ကြိုးစားရတဲ့ နေရာမှာ မေမေဟာ သူတော်စင် သူတော်ကောင်း အနာဂါမ် ကြီးမဟုတ်လေတော့ မေမေပြုခဲ့တဲ့ အမှားရှိရင်လဲ မေမေ့ကို ခွင့်လွှတ်ပါ။

မင်းဖေဖေနှင့် မေမေ ကံအကြောင်း မလှပေမယ့်လို့ မေမေ သူ့ကို မေ့လို့မရပါလားကွယ်၊ ပထမဆုံး မေမေရဲ့ နှလုံးသားကြေးမုံမှာထင်ခဲ့တဲ့ သူ့ရုပ်လွှာကို မေမေ ဖျောက်ဖျက် မရသရွေ့ ပြန်လာနိုင်လိမ့်မယ်လို့ မထင်ဘူး။

မေမေ့အတွက်တော့ မပူပါနဲ့။ မေမေဟာ မိခင်ကြီး ဒေါ်ခင်စောမူပေးတဲ့ စိန်တစ်ဆင်စာကိုထုခွဲပြီး နိုင်ငံခြား တက္ကသိုလ်တစ်ခုမှာ မဟာဝိဇ္ဇာဘွဲ့ယူပြီး အရှေ့ဖျားရာဇဝင်ကို သင်ကြားပို့ချတဲ့ ကထိကတစ်ယောက်အဖြစ် မေမေ အသက် မွေးနေတယ်။ ပြီးတော့ နှင်းပွင့်နှင်းစက်တွေနဲ့ ရေခဲအောက် အေးတဲ့ မေမေ ယခုနေတဲ့ တိုင်းပြည်မှာ ဗဟိဒ္ဓသဏ္ဍာန်တွေ ကသာအေးပေမယ့် အဇ္ဈတ္တသဏ္ဍာန်မှာ ပူပန်လောင်မြိုက်တဲ့ မီးတွေနဲ့ အစဉ်ပြေးလွှားပြီး မိမိရင်ထဲက တဏှာကို မငြိမ်းနိုင်တဲ့ သူတွေကို တွေ့လေလေ မေမေကိုယ့်ဌာနေကို ပြန်ချင်လေပါပဲ။ သူတို့ကတော့ တဏှာမီးငြိမ်းရာငြိမ်းကြောင်းကို ဆေးဝါးအမျိုး မျိုးနဲ့ ငြိမ်းသတ်နေကြရတယ်။

မေမေကတော့ နိုင်ငံခြားသာသနာပြု ဗုဒ္ဓဘာသာဝင် ဆရာတော်တစ်ပါးရဲ့ တရားကို နိုင်ငံခြားမှာ ကြားနေရလို့ မေမေလေ ရင်တွေအေးခဲ့ပါပြီ၊ တရားလဲ အားထုတ်ပါတယ် သမီးလေး။ ဒါကြောင့် မေမေ သင်ကြားပို့ချရာ တက္ကသိုလ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရှင်တော်ဘုရားရဲ့ ခံယူချက်အဘိဓမ္မာကို မေမေတတ်တဲ့ ပညာနဲ့ ဖြန့်ဖြူးနေလို့ မေမေရဲ့ လုပ်ဆောင်ချက်ကို သမီးနဲ့ ညီမလေးတို့ သာဓုခေါ်ပါ။

ဒီစာကိုလဲ သမီးလေးရှင်မင်းထွေးနဲ့အတူ သမက်လောင်း မင်းရွှေဇံ ဖတ်ခွင့်ကြုံအောင်လို့ မေမေ အချိန်မီပို့ပေးလိုက်ပါတယ်။

ဒေါက်တာ မင်းရွှေဇံဟာ သူ့ယောက္ခမတော်ရတဲ့ ခင်မျိုးဆက်ဆိုတဲ့ မိန်းမတစ်ယောက် အကြောင်းကို ဒီစာကို ဖတ်ရခြင်းဖြင့် သိတန်သလောက် သိပါစေ။

သူပါဝင်ရတော့မယ့် ဆက်မိသားစုရဲ့ ခံယူချက်သဘောတွေကိုလဲ သူယခုလောက်ဆိုအတော် လေ့လာ တီးခေါက်မိပြီမို့ ဆက်မိသားစု စိတ်ဓာတ်ကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းရာမှာ နေရာကောင်းက ပါဝင်နိုင်ပါစေလို့ သမက်လောင်း မင်းရွှေဇံအပေါ် မေမေ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

လောကီကောင်းကျိုး ခံစားနိုင်ဖို့ အခွင့်အရေးအတွက် သမီးလေးရှင်မင်းထွေးအဖို့ အင်မတန် အရေးကြီးတဲ့ မေမေရဲ့ စိန်သွားတပ် ရွှေတံစဉ်ရင်ထိုးကို အစောဆုံး လူကြုံဖြစ်တဲ့ မေဂျာစောလှဖြူ မြန်မာပြည်အပြန်မှာ သမီးလေး လက်ထပ်ပွဲအမီ မေမေ လက်ဖွဲ့လိုက်ပါတယ်။

ကောင်းခြင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**မေမေ ခင်မျိုးဆက်**

ရှင်မင်းထွေးသည်အပါးရှိ ဒေါ်ခရစ္စတီနာ၏ လည်ကိုဖက်ကာ ဝမ်းသာဝမ်းနည်း ရှိုက်ကြီးတငင်ငိုမိသည်။



"မာမီ..မာမီ သမီးရဲ့ ဖေဖေနဲ့ မေမေက ဒေါ်ခင်မျိုးဆက်နဲ့ အန်ကယ် ဂျွန်နော်၊ အို ..ဖေဖေနဲ့ မေမေရယ် သမီးလေး.. သမီးလေး"

ရှင်မင်းထွေး ရှေ့စကား မဆက်နိုင်ခင် ဒေါ်ခရစ္စတီနာသည် ရှင်မင်းထွေးပါးကို ယုယညင်သာစွာ မွှေးလိုက်၏။

"လူမျိုးတိုင်းရဲ့ ဘုရားသခင်များမှာ မေတ္တာနှလုံးသား ရှိသလို မိန်းမျှားတိုင်းရဲ့ နှလုံးသားထဲမှာလဲ မိခင်မေတ္တာအစဉ်ရှိတာမို့ မာမီဟာလဲ မင်းရဲ့ မိခင်ရင်းပါပဲလို့ အောက်မေ့ပါ။ နောက်မှ အကြောင်းစုံ မာမီရှင်းပြမယ်၊ စိတ်ကို တည်ငြိမ်အောင်ထားလိုက်ပါဦး"

"ဒီမှာ ဒီကိစ္စ..ဒီကိစ္စ၊ မေ့ကို အသိပေးရမယ်၊ ဒါပေမယ့် ဖြည်းဖြည်း၊ ဆရာဝန်ကြီး ဦးမင်းချိန် ကိုယ်တိုင် ပြောမှကောင်းမယ်၊ မေလေ ဝမ်းသာလွန်ပြီး Shock ဖြစ်သွားမှာစိုးလို့"

ဝတ်လုံ ဦးမေအောင်က ပြောလိုက်၏။ အားလုံးပင် "ဟုတ်တယ်" ဟု အသံကိုယ်စီ ထွက်လာ၏။ သူတို့အပါးသို့ ဒေါ်မြဒွေသည် ခပ်သွက်သွက်လေး လျှောက်လာ၏။

"မေရယ် ခေါင်းနည်းနည်း နောက်နေလို့ ဝတ်လုံ ဦးမေအောင်ကို ခေါ်ပေးပါတဲ့" ဟု ပြောလိုက်၏။

"ကျွန်တော့်ကို . . ." ဦးမေအောင်သည် သူ့ရင်ဘတ်ကို ပုတ်ကာ သေချာအောင် ထပ်မံမေးလိုက်၏။ နေမကောင်းလျှင် ဆရာဝန်ကြီး ဦးမင်းချိန်ကိုသာ ခေါ်ရမည်။ ယခုတော့ သူ့ကိုခေါ်၏။

"ဟုတ်ပါတယ်" ဟု ဒေါ်မြဒွေက ထပ်မံ အတည်ပြုဟန်နှင့် ပြောပြ၏။ ဦးမေအောင်သည် ခြေလှမ်းကျဲကြီးများဖြင့် အိမ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထပ်သို့ တက်ရာလှေကားဆီသို့ သွား၏။ သူ့နောက်မှ ဦးမင်းချိန် ဦးမင်းဟန်တို့ လိုက်ပါသွားကြ၏။

ဒေါ်ခင်မေဆက်သည် ခုတင်ပေါ်တွင် လှဲလျက်ရှိသည်။ ပါးစပ်မှ အသံမပြုဘဲ သူ့ညာလက်ဖြင့် ဦးမေအောင်အား ခေါ်လိုက်၏။ ဦးမေအောင်သည် မေ၏လက်ကို ဆုပ်ကိုင်လိုက်၏။ တစ်ဖက်မှ ဘယ်လက်ကို မရှေးမနှောင်း ကိုင်သူမှာ ဆရာဝန်ကြီး ဦးမင်းချိန်ဖြစ်၏။

ဦးမေအောင်သည် မေ့လက်ထဲမှ ကျလာသော ပစ္စည်းကို လက်ဝါးဖြန့်ခံရင်း ကြည့်လိုက်၏။

"အလိုလေး ... ဘုရားရေ" ဟု သူအလန့်တကြား အော်မိသည်။ ပစ္စည်းလေးမှာ သူအင်မတန် မျှော်လင့်ပါသော မေ၏ ရင်ဘတ်ပေါ်မှ ရွှေတံစဉ့်ရင်ထိုး။

"ဟိုက်"

ဦးမင်းချိန်အသံသည် မရှေးမနှောင်းပေါ်လာ၏။ ဒေါ်ခင်မေဆက်၊ ဒေါ်ခင်မေဆက်၊ သူ့နှလုံးသားတို့ ခုန်နေခြင်းမှ အေးချမ်းစွာ ရပ်နားသွားကြပြီ။

အားလုံးသည် ခေတ္တအငြိမ်းကြီးငြိမ်းသွားသည်။

"ဒီနေ့လေ.. ဒီနေ့ဟာ ကျွန်တော့်သား မင်းရွှေဖုံနဲ့ ရှင်မင်းထွေး လက်ထပ်တဲ့နေ့ ဟုတ်သလို ကျွန်တော်နဲ့ မေတို့လက်ထပ်ပွဲပါ"

တုန်ယင်အက်ကွဲသော ဦးမေအောင် အသံသည် ဖြည်းညင်းစွာ ပေါ်လာ၏။ ဘိသိက်ဆရာကြီး ဝတ်လုံတော်ရ ဦးမင်းဟန်သည် သူ့သမီးလေးလို ချစ်သော ဒေါ်ခင်မေဆက်၏ နဖူးပေါ်သို့ မျက်ရည်ပေါက်ကြီးများ ချကာ ဘိသိက်သွန်း၏။



ဆရာဝန်အုပ်စုက ဒေါ်ခင်မေဆက် နှလုံးသား ပြန်ခုန်အောင် ကြိုးစားပါသော်လည်း နှလုံးသားဖျားအိမ်လေးသည် ထာဝရ ငြိမ်သက်သွားပေသည်။

သူ့ရင်ထဲတွင် အစဉ့်ပွေ့ဖွေးနေသည်ဟု ထင်သော မေ၏ လက်ဖျားများကို ဦးမေအောင်သည် ယုယစွာ နမ်းရှုပ်လိုက်၏။

ဘယ်သို့ပင် ဆိုစေ...

"အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ၊ သာသနာရောင်လင်း၊ ကောင်းချီး ယခုသည်ချိန်ခါ"

ခင်နှင်းယု

(၁၃ - ၈ - ၇၃)

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

''ကျွန်တော် ရည်ရွယ်ထားတဲ့အတိုင်း ရှင်မင်းထွေးက လိုက်လျောပါတယ်၊ သူ့ဖခင်ဘက်က အမွေရတဲ့ သူ့အဘိုးဦးရွှေဦးပိုင်တဲ့ ဒီတိုက်အိမ်ကြီးမှာ လခ ၂၀၀ိ အောက်လခစားများ နေကောင်းလို့ ဆေးရုံကအဆင်း အေးအေးဆေးဆေး နားနေဖို့ လိုအပ်ပါတယ်ဆိုတာကို ဆရာဝန်ထောက်ခံစာပါရင် ဒီအိမ်ကြီးမှာ နားနိုင်ပါတယ်၊ နလံထအနားယူစခန်းဆိုပါတော့''

ကျွန်မသည် ကျယ်ဝန်းလှသော ပန်းခြံကြီးကအစ စိတ်ချမ်းသာအောင် ပြုပြင် ပြင်ဆင်ထားသည်ကို ငေးမျှော်ကြည့်ရင်း ဒေါက်တာမင်းရွှေဇံ ပြောသမျှကို နားထောင်နေမိသည်။

''ခုတော့လဲ တခွေခွေနေတဲ့ ရဲတိုက်ကြီး မဟုတ်တော့ဘူး။ ကျက်သရေမင်္ဂလာရှိလာပါတယ်၊ နောက်ဖက်က ဒေါ်တင်မာလာ ခုန်ချသွားခဲ့တဲ့ ရေတွင်းကို ပြုပြင်ပြီး ရေစုပ်စက်နဲ့ ဒီခြံကို ရေပေးပါတယ်''

''ဟုတ်ကဲ့''

''ဟိုဘက်က ဆက်မိသားစုပိုင် ရွှေတံစဉ်ခြံကြီးကိုတော့



ရှင်မင်းထွေး ဆန္ဒအတိုင်း လခ ၂၀၀ိ အောက်ဝင်ငွေရှိ မိဘများရဲ့ ကလေးများကို ထိန်းကျောင်းပေးတဲ့ နေ့ဘက်ရင်ခွင်ပိုက်ကျောင်းအဖြစ် လုပ်လိုက်ပါတယ်။ သူ့မိခင်ဘက် ဘိုးအေကြီးဦးဆက်ရဲ့ ပန်းကန်ခွက်ယောက်တွေက အစုံအလင်အဆင်သင့်ရှိနေတော့ အားလုံးအဆင်ပြေသွားပါတယ်၊ ကျောင်းအုပ်ကတော့ သူနာပြုဆရာမကြီး ဒေါ်ခရစ္စတီနာပါခင်ဗျာ၊ ရှင်မင်းထွေးနဲ့ တခြားဆရာမလေး လေးယောက်ကတော့ ကလေးများစာသင်ဖို့ ဆေးကုဖို့ တာဝန်ယူရပါတယ်''

''ဟုတ်ကဲ့''

''ကျွန်တော် ပြောချင်တာကတော့ ဆရာမကြီး ဒေါ်ခင်နှင်းယုဟာ စိတ်ပင်ပန်းလို့ပဲဖြစ်ဖြစ်၊ ကိုယ်နွမ်းလို့ပဲ ဖြစ်ဖြစ် အနားယူလိုချင်ရင် အချိန်မရွေး လာခဲ့ပါ။ အေးအေးဆေးဆေး အပန်းဖြေဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်''

''ကျေးဇူး အထူး တင်ပါတယ်ရှင်၊ ကျွန်မ ခင်ပွန်းသည် ဒု–ဗိုလ်မှူးကြီးကျော်သောင်း ကွယ်လွန်ပြီးတဲ့နောက် ကျွန်မ ခံစားခွင့် ပင်စင်က တစ်လ ၃၀၀ိ ဆိုတော့ ဦးမင်းရွှေဇံ ကန့်သတ်ထားတဲ့ စည်းကမ်းထဲမှာ ကျွန်မက မပါဝင်ပြန်ဘူး။ ဒုတိယ ကျွန်မ စိတ်အပန်းဖြေဖို့ သံသရာ ရှုံ့ပုပ်တွေနဲ့ ညစ်နွမ်းနေတဲ့ ကျွန်မနှလုံးသားကို စင်ကြယ်အောင် ဆေးကြောဖို့ တစ်ဖက်ဆည်ကန်ကြီးနဲ့တူတဲ့ သာသနာ့ရိပ်သာဟာ ကျွန်မအိမ် အနားလေးမှာပါပဲ၊ စိတ်ဓာတ်နွမ်း[illegible] တစ်ဖက်ဆည်ကန်က ရေနဲ့ဆေးကြောနေရပြီမို့ ကျွန်[illegible] ပြဿနာ မရှိတော့ပါဘူး။ ကဲ... ရှင်မင်းထွေးကိုလဲ [illegible]

www.burmeseclassic.com



သွားကြောင်း ပြောလိုက်ပါ။ အစစ ကူသိုလ်တွေအတွက် ကျွန်မ သာမုခေါ်ပါတယ်။ ခွင့်ပြုပါဦး''

ကျွန်မသည် ဆရာဝန် မင်းရွှေဇံအား နှုတ်ဆက်ကာ ကား ပေါ်သို့ တက်ခဲ့ပါ၏။

''လမ်းအိုကိုလျှောက်ခါ ပန်းညိုကို ကောက်လိုပါသော ဝတ်လုံတော်ရ ဦးမေအောင်တစ်ယောက် အောက်သူနှင့် မကြင်ရပါသော ဝေဒနာဖြင့် ကျောက်ဖြူကိုများ ပြန်လေသလား။ ''ဘယ်မှာ နေခဲ့ပါ သလဲ'' ဟူသောမေးခွန်းကို မမေးခဲ့မိသည့်အတွက် ချစ်စွာသော ကျွန်မ၏ စာဖတ်ပရိသတ်များသည် ကျွန်မအား ခွင့်လွှတ်စေချင် ပါသည်။

ခင်နှင်းယု

www.burmeseclassic.com